# သံသာဝရမဂ္ဂပါဠိဂုဇဝဝတမျိုး

သရေခေတ္တရာမြို့သစ်

စုက္ခရုတောင် အောင်ဗောဓိရိပ်ငြိမ်

**အသျှင်မဟာထေရတိဿမထေရ်**

စီရင်ရေးသားအပ်သော

# သံသာရမဂ္ဂပါရဂူစာတမ်း

သုဓမ္မဝတီစာပုံနှိပ်တိုက်
တိုက်နံပါတ်–၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။
၁၃၃၀-ခု။

ပုံနှိပ်သူ – ဦးတင်ထူး (၀၀၁၅)
သုမေ္ဓဝတီစာပုံနှိပ်တိုက်၊
နံပါတ် ၅၃၊ စစ်ကဲမောင်ခိုင်လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ – ဦးမာဃိန္ဒ (ကင်းလွတ်ခွင့် အမှတ်–၀၆၄၉)
မဟာသိဒ္ဓိကျောင်း၊ ရတနာပုံရိပ်သာ၊
ဘောင်ဥက္ကလာပမြို့။
ဘာသာရေးဆိုင်ရာ စာပေ ခွင့်ပြုချက်အမှတ်
(၂၅၉၈ နှင့် ၂၅၉၈–က)

၁၃၃၀–ခု နတ်တော်လ။ အုပ်ရေ–၂၀၀၀



ဤကျမ်းဖြင့် စီရင်တော်မူအပ်သော ဆရာတော်ဘုရားကြီးသည်
ကောပဋ္ဌိဝေဓဉာဏ်ဖြင့်
သဥပါဒိသေသခေတ်မြတ်တော်ကြီးသို့
ဆင်ခြင်တော်မူပုံ

# နိဒါန်း

သယမ္ဘူမဟာရာဇ် လောကသင်းကျစ် ဖြစ်တော်မူသော သဗ္ဗညုမြတ်စွာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် သံသရာတည်းဟူသော ဩဃလေးပါးမှ နစ်မြုပ် မျောပါး၍ နေကြကုန်သော သတ္တဝါ အပေါင်းတို့အား ကိုယ်တော်မြတ် ပရိနိဗ္ဗာန် စံဝင်တော်မူ ပြီးသည်နောက် ငါးထောင် သာသနာတော် အတွင်းဝယ် ထင်လင်းစွာ တည်စေဘို့ ရာဟုလာသား အသွင်မခြားဘဲ ဝေနေယျအားသေး သတ္တဝါအနုကလေးတွေကို တဖြေးဖြေးရင့်မာ တအိအိပါလာ၍ ကိုယ်တော်မြတ်စံမြန်းသည့် ပြည်နိဗ္ဗူ ရွှေနန်းသို့ အာရုံညာဏ် ဆိုက်ရောက် စခန်းထောက် ကူးတို့ခံ အဆင့်ဆင့်အကြံနှင့် ဝိမုတ္တိသုခ မဂ္ဂ ဖလ ရကြစေခြင်း အကျိုးငှါ-

ရှေးရှေးသော သူတော်ကောင်းတို့၏ လမ်းကြောင်း ထုံးဟောင်းတန္တိ ပဝေဏီအမှု ဆန္ဒပြည့်စုံ ပီတိလွှမ်းအုပ် အပျော်သုက္ကာ မနေလိုရာ သို့ခြင်းရာကြောင့် ပုထုဇဉ်တွင် တိဟိတ်ညာဏ်ယှဉ်၍ သာသနာ၌ ကြုံကြိုက်ခိုက်မို့ တမဂ်တဖိုလ် အမြန်ခို၍ အားကိုးဘို့ကောင်း အကြောင်းကြောင်းနှင့် စင်ဖြူသော သီလ ပွားများအပ်သော ဘာဝနာ အားထုတ်အပ်သော ကမ္မဋ္ဌာန်း ရှုမြဲဘ်ငဲ့ကွက် အသက်ခန္ဓာ ထောက်ညှာမရှိ ဝီရိယကြိုးကုတ် မဆုတ်မနစ် အားသစ်ဘော်မူလှ၍ သုံးလီသော ပရိယတ် ပဋိပတ်ညာဏ်အရာ ပဋိဝေဓ သာသနာတော်တို့ ၂၄င် နေ လ အရောင် မကပြောင်၍ တိမ်တောင် တိမ်တိုက်မှ ပေါ်ထွက်လာသော နေလုလင်ကဲ့သို့ တိဟိတ်သန္ဓေ စွဲနေသူတို့ သတ္တိဗလ ဗျတ္တိညာပက သူရ ဝိသိဋ္ဌ အင်္ဂါပြည့်တင်း အမင်းမင်းတို့ထက် ပညာမမှိန် ညာဏ်ခရီးရောက် မဂ်ဖိုလ်ပေါက်သို့ သကတ္တ ပရတ္ထ သာသနတ္ထ သမ္မာဆန္ဒ ဝီရိယာရမ္ဘ ပရက္ကမရှေ့သွား အရင်းထား၍မို့ မဂ္ဂါဘိသေက အမတာရွှေပန်း ဆင်မြန်းကြရလေအောင်-

ကန်နီမြို့ ရွှေသိမ်တော်တောရ ဆရာတော် ဘုရားကြီး၏ သဒ္ဓိဝိဟာရိက ဓမ္မန္တေဝါသိက **အသျှင်ထေရတိဿ** မထေရ်သည် ကောင်းစွာ ဖော်ထုတ်၍ စီရင်ရေးသားအပ်သော **သံသာရမဂ္ဂပါရဂူစာတမ်း**ဖြင့် မှတ်သားနာယူ ကြည့်ရှု

ကြိုးကုတ် အားထုတ်လိုကြကုန်သော ယောဂီသူတော်ကောင်း အပေါင်းတို့အား အဿာသ-ပဿာသ အရာ၌ အကြိမ် ၄၅ ကိစ္စအားဖြင့် ဝါရဖြင့် ရေတွက်ခြင်းနှင့် ဒုတိယနည်း တတိယနည်း စတုတ္ထနည်းအတိုင်း သမထလေးနည်းတို့တွင် စတုက္ကနည်းသို့ တိုင်အောင် နောက်ကပြခဲ့သော ဆရာတော်ဘုရားကြီး၏ အာဘောဂအလိုကား—

သတိမြဲစွာ၊ ပဌမာ၊ ဒုမှာ ရှည်တို သိ။
သုံးချက်သိမှာ၊ တတိယာ၊ စမှာ ငြိမ်းစေဘိ။

ဟူရာ၌ အာစရိယစဉ်ဆက် သိဿာနုသိဿတို့မှ ယခု ငါတို့ကျေးဇူးရှင် ဆရာတော် အရှင်သို့ တိုင်အောင် အားထုတ်၍ပြီးပါက သမထလေးနည်းမှ ဝိပဿနာဉာဏ်သို့ ကူးပြောင်းလျက် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်ကြရလေအောင် ဆရာကောင်းတို့ထံ ဆည်းကပ်ကြပါ၍ ကြိုးစား အားထုတ်တော်မူကြစေကုန်ရာသတည်း။

## အထူးသတိပြုရန် မှာတမ်းချက်

ကျမ်းအမည်မတပ် ဤစာတမ်းဖြင့် ဖတ်ရှုအပ်ကြကုန်သော အသင်ယောဂီပညာရှိ အပေါင်း သူတော်ကောင်းတို့သည် ပုဒ်, ပါဌ်, နယတ် လိင်သကတ်နှင့်ဓာတ်အနေ အာချုတ် ဝိသေသ အထပ်ထပ် ကိတ်ပစ္စည်း အရပ်ရပ်တို့ကိုဝေဘန်ပိုင်းခြား၍ အကြင်ပညာရှိ ယော ဂီတို့ကိုယ်တိုင် ဖြည့်စွက်ပြင်ဆင်သုတ်သင်ဖတ်ရှုတော် မူကြပါကုန်၊ ယခုစာတမ်းဖြင့် ရေးသားသော အကျွန်ုပ်သည် ဆယ့်တနှစ်အရွယ် သာမဏေ ငယ်စဉ်အခါနက အစပြု၍ ကောင်းဆိုနှစ်ရပ် စဉ်းစားဉာဏ်မသတ်ဘဲ ယထာရဟာ ဦးနှောက်ဉာဏ် အတွင်းဓာတ်စုဆောင်းခဲ့သမျှ နှုတ်သံတွတ်တွတ် ရွတ်ဆိုခဲ့သမျှသောကျမ်း တွေ့ရှိခဲ့သောဂန် ရှုးသွပ်သော သူဟန်လို တော်တန်ရာထည့် သွင်း ဒေ နအလင်းနှင့် အတွင်းသို့ ဝင်သင့်သည်ကို အချင်းချင်း တိုင်ပင် တိုက်ဆိုင်၍ပြီးကာမှ အချို့ကိုပယ်ချ သွင်းထိုက်သည့် အရာများကိုသာ သိကုံးကာထုံးဖွဲ့၍ ကြိုးစားကာ ရေးသားလိုက်ရပေသတည်း။

အသျှင်ထေရတိဿ
အောင်မေဘဝိရိယင်ြမ
စုက္ခရုတောင်၊ ပြည်မြို့။

# မာတိကာ

| ဦးရေ | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁ | နိဒါန်း | .... | .... | (က) |
| ၂ | ဥပဒေစည်းမျဉ်း | .... | .... | (င) |
| ၃ | အဘိယာစက ပဋိညာကာရ | .... | .... | (ဆ) |
| ၄ | ပဏာမနှင့်ပဋိညာဉ် | .... | .... | ၁ |
| ၅ | ပသံသိတဗ္ဗဂုဏ ကဏ္ဍ | .... | ... | ၃ |
| ၆ | အကြွင်ပညာရှိများ ပန်ကြားချက် | .... | .... | ၅ |
| ၇ | ဒေသနာ အထောက်အထားနှင့် မဂ်ဖိုလ်ရထိုက်ကြောင်း | | .... | ၆ |
| ၈ | ကမ္မဋ္ဌာန်းအပ်ပုံ ၆-ချက် | .... | .... | ၈ |
| ၉ | ကမ္မဋ္ဌာန်း တောင်းဆိုပုံ | .... | .... | ၈ |
| ၁၀ | ကမ္မဋ္ဌာန်း ဆောက်တည်ပုံ | .... | .... | ၈ |
| ၁၁ | အပြစ်ကြီး အပြစ်ငယ်တို့ကို ဝန်ချ ကန်တော့ရန် | | .... | ၉ |
| ၁၂ | သရဏဂုံ ဆောက်တည်ပုံ | .... | .... | ၉ |
| ၁၃ | ပတ္တိဒါန အမျှပေးဝေပုံ | .... | .... | ၉ |
| ၁၄ | သီလခံယူ ဆောက်တည်ပုံ | .... | .... | ၉ |
| ၁၅ | ဝိသုဒ္ဓိမဂ်လာ အာနာပါန ကမ္မဋ္ဌာန်းကို ပြခြင်း | | .... | ၁၀ |
| ၁၆ | အားထုတ်ရန်ဌာန ရှာမှီးခြင်း | .... | .... | ၁၁ |
| ၁၇ | ပဌမနည်း၏ လဒ္ဓဂုဏ် ပြချက် | ... | .... | ၁၃ |
| ၁၈ | ပဌမနည်းကို ပြခြင်း | .... | .... | ၁၄ |
| ၁၉ | ဥပစာရသမာဓိ အပ္ပနာသမာဓိ ခွဲပုံ | .... | .... | ၂၇ |
| ၂၀ | ဒုတိယနည်းကို ပြခြင်း | .... | .... | ၃၂ |
| ၂၁ | တတိယနည်းကို ပြခြင်း | .... | .... | ၃၅ |
| ၂၂ | စတုတ္ထနည်းကို ပြခြင်း | .... | .... | ၃၉ |
| ၂၃ | နာမရူပပရိစ္ဆေဒဉာဏ် ပြချက် | .... | .... | ၅၀ |
| ၂၄ | အဒ္ဓါနပဋိဂ္ဂါဟကဉာဏ် ပြချက် | .... | .... | ၅၆ |
| ၂၅ | ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ် ပြချက် | .... | .... | ၅၈ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၆ | သမ္မသနညာဏ် ပြချက် .... .... | ၆၁ |
| ၂၇ | ဘယညာဏ် ပြချက် .... .... | ၆၉ |
| ၂၈ | မုစ္စိတုကမျတာညာဏ် ပြချက် .... .... | ၇၂ |
| ၂၉ | အနုလောမညာဏ် ပြချက် .... .... | ၇၄ |
| ၃၀ | ဂေါတြဘုညာဏ် ပြချက် .... .... | ၇၈ |
| ၃၁ | မဂ်ကိစ္စကို ပြချက် .... .... | ၈၁ |
| ၃၂ | ဖိုလ်ဇောကို ပြချက် .... .... | ၉၃ |
| ၃၃ | မဂ္ဂ ကဏ္ဍ .... .... | ၁၀၇ |
| ၃၄ | ဖိုလ် ကဏ္ဍ .... .... | ၁၇၉ |
| ၃၅ | ဖလက္ခဏာကို ပြခြင်း .... .... | ၁၈၅ |
| ၃၆ | နိဗ္ဗာန ကဏ္ဍ .... .... | ၁၉၉ |
| ၃၇ | ဖလသမာပတ္တိကဏ္ဍ .... .... | ၂၄၀ |
| ၃၈ | သောတာပတ္တိဖိုလ်ကို ပြခြင်း .... .... | ၂၄၀ |
| ၃၉ | သကဒါဂါမိဖိုလ်ကို ပြခြင်း .... .... | ၂၇၀ |
| ၄၀ | အနာဂါမိဖိုလ်ကို ပြခြင်း .... .... | ၂၉၂ |
| ၄၁ | အရဟတ္တဖိုလ်ကို ပြခြင်း .... .... | ၃၀၂ |
| ၄၂ | အထွေထွေ ကဏ္ဍ-၁ .... .... | ၃၄၇ |
| ၄၃ | အနုဗောဓညာဏ် အလင်းရောင်စာတမ်း .... | ၃၄၇ |
| ၄၄ | အထွေထွေ ကဏ္ဍ-၂ .... .... | ၃၆၃ |
| ၄၅ | ကဏ္ဍတရပ်အနေဖြင့် ဓမ္မချက်မဂ်ဖြတ်တော် .... | ၃၆၃ |
| ၄၆ | အထွေထွေ ကဏ္ဍ-၃ .... .... | ၃၇၁ |
| ၄၇ | အထွေထွေ ကဏ္ဍ-၄ .... .... | ၃၇၄ |
| ၄၈ | အထွေထွေ ကဏ္ဍ-၅ .... .... | ၃၈၁ |
| ၄၉ | အထွေထွေ ကဏ္ဍ-၆ .... .... | ၃၈၇ |
| ၅၀ | အထွေထွေ ကဏ္ဍ-၇ .... .... | ၃၉၃ |
| ၅၁ | နိဂုံး .... .... | ၄၀၃ |

သံသာရမဂ္ဂပါရဂူစာတမ်း ရိုက်နှိပ်ရန် အဖွဲ့ဝင်များ လိုက်နာရန်

# ဥပဒေ စည်းမျဉ်း

၁ ကျေးဇူးရှင် ဆရာတော်ဘုရား၏ ဆိုဆုံးမ ပြသနည်း ဟောပြောနည်း သူ့အဆင့်နှင့်သူ လိမ့်မာစွာ နာယဂုဏ်ဖြင့် ဆောင်နိုင်၍ အင်္ဂတော်ဝါသိက ဓမ္မဒ္ဒေဝါသိက တပည့် သံဃာ ရှင်သာမဏေများ ဖြစ်ရမည်။

၂ သာသနာ့တာဝန်ဆောင် ကော်မီတီများသည် ဆရာတော် ပေးအပ် ညွှန်ကြားပြီးသော သာသနာ့ စည်းကမ်းချက်များ ဆရာတော်၏ ဩဝါဒအတိုင်း နာခံမှတ်သားသူများ ကျင့်ကြံအားထုတ်ပြီး သူများ ဖြစ်ရမည့်အပြင် သာသနဌာနန္တရ ကော်မီတီလူကြီးများ အားလုံးကို အသိအမှတ်ပြုပြီးမှ ရိုက်နှိပ်ရမည်။

၃ ဤသံသာရမဂ္ဂပါရဂူစာတမ်းအား ဆရာတော်၏တပည့် သာသနဌာ နန္တရရှိပုဂ္ဂိုလ် ကော်မီတီများ၏ သာသနာပိုင် ဖြစ်စေမည်။

**မှတ်ချက်** သာသနာပိုင် ဆိုသည်မှာ ထိန်းသိမ်း စောင့်ရှောက်၍ အားထုတ်ဆဲ အားထုတ်လတ္တံ့ ပုဂ္ဂိုလ်များ အကျိုးကိုငဲ့ လျက် ကျမ်းစာအား ပိုင်ဆိုင်ခွင့်ရှိသည်ဟု ဆိုပါသည်။

၄ ဤစာတမ်းအား အဖွဲ့အစည်းအနေနှင့်သော်၎င်း၊ တဦးချင်းအနေနှင့် သော်၎င်း လောကီစီးပွားရေး အဖြစ်ဖြင့် ရိုက်နှိပ်ခြင်း မပြုရ။

၅ တရားအားထုတ်ပြီးသော ယောဂီများသည် မေ့ဒါနအနေဖြင့် ရိုက်နှိပ် လှူဒါန်းလိုသော် သာသနဌာနန္တရ ရရှိတပည့်များ ကော်မီတီများကို အခွင့်ပန်ကြား၍ ခွင့်ပြုမှသာလျှင် ရိုက်နှိပ်ရမည်။

၆ ဤစာတမ်းကို ဆရာတော်၏ ဂုဏ်တော် ဩဝါဒများကို နာခံသော အားဖြင့် ဆောင်ရွက်ပါမည်ဟု ကတိဝန်ခံချက် ပြုပြီးမှသာလျှင် အဖွဲ့ ဝင် ကော်မီတီများအဖြစ် အသိအမှတ်ပြုရမည်။

၇ မိမိ၏ကိုယ်ကျိုး ကိုယ့်စီးပွားအဖြစ် ကျမ်းစာကို ရိုက်နှိပ် ရောင်းစားသူများအား အဖွဲ့ဝင်အဖြစ်မှရှင်း၊ သာသနာ၏အကျိုးကို မငဲ့ကွက်သောကြောင့်ရှင်း ပြင်းထန်စွာ ကန့်ကွက်၍ အဖွဲ့ဝင်အဖြစ်မှ ရပ်စဲရမည်။

၈ ဤစာတမ်းကို အမည်တူသော်ရှင်း၊ စာတမ်း၏ အစိတ်အပိုင်းကလျှကိုသော်ရှင်း တဆင့်ကူးယူ၍ ရိုက်နှိပ်ခြင်း ခွင့်မပြု။ (ဓမ္မဒါနရှင်အား ၅-နံပါတ် ဥပဒေ အရ ခွင့်ပြုရမည်။)

၉ ဆရာတော်၏ကျမ်းစာ ထိန်းသိမ်းနိုင်သော ကော်မိတီများကို အခါကာလအားလျော်စွာ တနှစ်တကြိမ် ဖွဲ့စည်းထားရန် ရည်ရွယ်ချက်ရှိထားကြရမည်။

၁၀ ထိုကော်မိတီများသည် မိမိကိုယ်ရေးကိုယ်တာအလျောက် နှုတ်ထွက်ခွင့်လည်း ရှိစေရမည်။

ဆရာတော်၏ အမိန့်အရ

**တပည့် - မာဃိန္ဒ**

အောင်မောဒိရိပ်ငြိမ်
စုက္ခရုတောင် ခေတ္တရာမြို့သစ်
ပြည်မြို့။

# အဘိယာစက

အားလုံးသော သာသနာရိပ်ငြိမ်၌ မှီတင်း၍ အားထုတ်ကြကုန်ပြီးသော ယောဂီအပေါင်း သူတော်ကောင်းတို့က အလွန်ကိုးစားကာ လျှောက်ထားကြသည်မှာ ဆရာတော်သခင် ကျေးဇူးရှင်ဘုရား -

အထူးလျှောက်ထားကြလိုသည်မှာ ဆရာတော်ဘုရား ဆရာတော်ဘုရား၏ ပြသ သွန်သင် ဆုံးမအပ်သော ကျင့်စဉ်နှင့်တကွ လေ့လာကျိုးကုတ် အားထုတ်ပုံ အားထုတ်နည်းတို့သည် တပည့်တော်တို့ အလွန်နှစ်သိမ့်လှပါ၍ နောင်လာနောက်သားတို့အား သာသနာ့ပဝေဏီ သိဿာနုသိဿ စသည်စဉ်ဆက် မပျက်ကွက်ရာ အနာဂတ်သာသနာ ဆောင်ရွက်ရမည်မှာ သတိနည်းပါး အသိများ မှားကြမည် စိုးပါ၍ ကျမ်းဂန်စာအုပ် ဖွဲ့စည်းချုပ်၍ ရိုက်ထုတ်ပေးသနားတော်မူပါဘုရားဟု လျှောက်ထားကြလေရာ -

သို့ပါသောကြောင့် ပခုက္ကူခရိုင် မြိုင်မြို့အပိုင် ဖောင်းကွဲရွာ ဂါမဦ သီတင်းသုံးပျော်မွေ့ သူတော်ကောင်းတို့၏ ဓလေ့ဖြင့် နေထိုင်လေ့ရှိပေသော ဘုရားဒါယကာ ကျောင်းဒါယကာကြီး ဦးလူကြီး ဒေါ်အေးတို့၏ သားကြီး ရဟန်း အသျှင်ထေရတိဿ ရဟန်းသည် ဟောဖေါ်ညွှန်ပြ ဆုံးမအပ်သော ကျမ်းအစောင်စောင်တို့၏အရ **အဘိယာစက**ဖြင့် တောင်းပန်ကြသော ယောဂီအပေါင်းတို့အား ကရုဏာရှေ့သွား တအုပ်စီမှန်းထား၍ ဤ**သံသာရမဂ္ဂပါရဂူစာတမ်း**ဖြင့် ဓမ္မဒါနအနေမှန်းပြီး ကမ်းလှမ်းကြစေကုန်သတည်းဟု စေတနာမှန်းချီ ဝသီလေ့မြွက် ဓမ္မစက်ဖြင့် အချက်ကျကျ အားသစ်တော်မူလိုက်ရပေသတည်း။

တောင်းပန်အပ်သော အဘိယာစက ယောဂီ ဒါယကာ ဒါယိကာမ အပေါင်းတို့၏ မြို့နှင့်တကွ အမည်များသည်ကား -

ပြည်မြို့မှ ဦးအုန်းဖေ ဦးကံသိန်း ဦးရို ဦးစံရွှေ ဦးချစ်မောင် ဦးစံမောင် အစရှိသော ယောဂီများ။

ရန်ကုန်မြို့မှ ဦးမောင်မြ ဦးလှရှိန် ဦးကျင်ရွှေ ဦးစံရွှေအစရှိသောယောဂီများ။

မအူပင်မြို့မှ ဦးအုန်းဖေ ဦးကြည် ဦးဘိုကြီး အစရှိသော ယောဂီများ။

ဟင်္သာတမြို့မှ ဦးဘိုးနှစ် ဦးဘိုးရင် ဦးချစ်တင် အစရှိသော ယောဂီများ။

ကျောင်းကုန်းမြို့မှ ဦးမောင်မြ ဦးဘစိန် ဦးမောင်ညွှန့် ဦးအေးမောင် အစရှိသော ယောဂီများ။

မဲဇလီကုန်းမြို့မှ ဦးစံတင် ဦးသိန်းမောင် ဦးသူတော် အစရှိသော ယောဂီများ၊

အောင်ဆန်းမြို့မှ ဦးစံသိန်း ဦးစံလင်း ဦးမောင်ဆင် အစရှိသော ယောဂီများ တို့သည် ဘောင်းပန်အပ်သည်ဖြစ်၍ ပဋိညာဏကာရ အနေအားဖြင့် ဝန်ခံတော်မူလိုက်သည်။

## ပဋိညာဏကာရ

ထိုသို့ ဝန်ခံတော်မူအပ်သော ပဋိညာဉ်တဗ္ဗ၏ ပဋိညာဏကာရကား—

အကျွန်ုပ်သည် ဤကဲ့သို့ တပည့် ဒါယကာ ဒါယိကာမ ယောဂီအပေါင်း တို့က တောင်းပန်လျှောက်ထားကြရာဝယ် လောကီ လောကုတ် မယုတ်စေမူ မြော်မြင်ရှုသော သုတိစ္ဆိတ သုတဝုဍ္ဎိ ကာရဏဏ္ဍာသယ ဖြစ်တော်မူကြသော ပုဂ္ဂိုလ်တို့၏ ယထာရဟ အလွယ်တကူ ကောက်ယူကြည့်ရှု အမှုလိမ်မာ အဖြာဖြာစုံစိ အမှုံရှိ၍ အဘိဓမ္မတ္ထ သဘာဝ-သဒ္ဒတ္ထ ဉာပက အတ္ထ ပဋိဘာန လောက ဟိတ ဝါစဘောပဒေသ ဝါကျဆောက ဖြစ်ကြစေလို၍ ရရာစုံစိ ကောက်ယူဘိ၍ သိဘူးသမျှ ကိုယ့်သုတကို တစမကျန် အမှုန်စုတွဲ ပုံးအခဲပင် သုံးစွဲစေရာ စဉ်လာ ပိုင်းခြား ဝေဘန်ထားလျက် ဖြောင့်သားလှစွာ ဤသည့်စာကို ခပ်သိမ်းသော ကျမ်းပြုဆရာတို့၏ဘွယ်ရာ ဓမ္မတာသဘောအတိုင်း ပြုစီရင်လတ္တံ့သော ကျမ်း ကို မပြုမီ ရှေ့အဘို့၌ အန္တရာယ်ပျောက်ခြင်း ကျမ်းပြီးခြင်း အကျိုးရှိသော ရတနတ္တယ ပဏာမကို ပြုမြဲ တံတွာ ဓမ္မတာဖြစ်၍ အကျွန်ုပ်သည် ရှေးကျမ်းပြု ဆရာတို့၏ နယူပဒေသ နယဂ္ဂါဟ နိဿယာစရိယ လဒ္ဓေါပဒေသ ဟတ္ထမှု၌ နည်းလက်ရှိနှင့် သျော်စွာ အန္တရာယ ဝိသောဓန ပကရဏာ ဘိနိပ္ဖါဒန ခေတ္တဘ္ဗာသယ စသောအကျိုးတို့နှင့် ပြည့်စုံစေလို၍ ရတနတ္တယ ပဏာမ ပုဗ္ဗက ဂန္ထာရမ္ဘကို ရေးသားလိုက်ရပေသတည်း။



# သံသာရမဂ္ဂပါရဂူစာတမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပဏာမ ပဋိညာဉ်

ဂုဏောဟိ ဥတ္တမံ နာထံ၊ ဗုဒ္ဓံ ဓမ္မ မနုတ္တရံ။
သံဃဉ္စ သီလသမ္ပန္နံ၊ သဒါ ဝန္ဒာမိ သိရသာ။

အာစရိယဉ္စ သမ္ပန္နံ၊ ဂရုံ ဝန္ဒာမိ သိရသာ။
သံသာရမဂ္ဂပါရဂုံ၊ တေဟိ ပိ အဘိပေသိတော။

အနက်ကား ဂုဏောဟိ၊ အရဟံ အစ ဘဂဝါ အဆုံးရှိသော ကိုးပါးသော ဂုဏ်တော်တို့ဖြင့်။ ဥတ္တမံ၊ မြတ်လှစွာထသော။ နာထံ၊ လူနတ် ဗြဟ္မာ ပူဇော် အထူးကို ခံတော်မူထိုက်သော။ ဗုဒ္ဓံ၊ သစ္စာသိမြင် ဘုရားရှင်ကို။ အဟံ၊ သာသနာသုံးမည် အလီလီကို အမှန်ရည်၍ ရှာခဲ့ရပါသော အရိယာနွယ်မှန်း အရှင်ထေရတိဿရဟန်းသည်။ သဒါ၊ ဘယ်ခါမပြတ် အခါခပ်သိမ်း။ သိရသာ၊ ဦးဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ အနုတ္တရံ၊ မြတ်လှစွာထသော။ ဓမ္မဉ္စ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဟောဖော် ဆယ်ပါး

သော တရားတော်မြွတ်ကိုလည်း။ အဟံ၊ သာသနာသုံးမည် အလီလီကို အမှန်ရည်၍ ရှာခဲ့ရပါသော ရိယာနွယ်မှန်း အရှင်တေရတိသ ရဟန်းသည်။ သဒါ၊ ဘယ်ခါမပြတ် အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခို ပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ သီလ သမ္ပန္နံ၊ သီလနှင့်ပြည့်စုံသော။ သံဃဥ္စ၊ မဂ္ဂဋ္ဌာန် ဖလဋ္ဌာန် ရှစ်တန်ထင်ပေါ် အရိယာသံဃာတော် မြတ်ကိုလည်း။ သဒါ၊ အခါခပ်သိမ်း။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။

သမ္ပန္နံ၊ လောကီ လောကုတ္တရာ နှစ်ဖြာထပ်တုံ ကျေးဇူးဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော။ ဂရုံ၊ ကျောက်ထီးတန္တု အလေးပြုအပ်သော။ အာစရိယဥ္စ၊ အနန္တဂုဏ်အင် ကျေးဇူးဖြင့်ကြီးလှသော ဆရာရှင် ကိုလည်း။ သိရသာ၊ ဦးဖြင့်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ တေဟိပိ၊ ထိုဆရာတော်တို့သည်လည်း။ အဘိပေသိတော၊ ခိုင်းစေတော်မူအပ်သည်ဖြစ်၍။ သံသာရမဂ္ဂပါရဂုံ၊ သံသရာမှ ကူးခတ်ရာ ကူးခတ်ကြောင်းဖြစ်သော **သံသာရမဂ္ဂပါရဂူစာတမ်း** ကို။ လိခံ-လိက္ခိဿံ၊ ရေးသားရပေတော့အံ့။

**ပဏာမ ပဋိညာဉ် ပြီး၏။**

# ပသံသီတဗ္ဗဂုဏကဏ္ဍ

လောကသင်းကျစ် ဓမ္မရာဇ်ဖြစ်တော်မူသော သမ္မာသမ္ဗုဒ္ဓအရှင် ထွတ်ဘုန်းတင်သည်၊ လောကအတွင်းဝယ် ထင်လင်းရောင်ဆင့် ဘုန်းရောင်ပွင့်လျက် နေမင့်ဗန္ဓု အံသုမာလီသခင် မြတ်ထိပ်တင်သည်၊ သီလ သမာ ပညာက္ခန္ဓ သုံးဝကျေးဇူး ဂုဏ်ဧထူးကို ဆည်းပူးရှာမှီးတော်မူလေ့ရှိသော မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သည် သာသနာ့ဝန်ထမ်း မြတ်ရဟန်းတို့အား ဝိဝေကသန္တိပဒ တရားများကို ငါးထောင်သာသနာ ရှည်ကြာမြားမြောင် တည်တော်မူစေခြင်း အကျိုးငှါ မြင်တော်မူလေသောကြောင့် အပါယာဒိ ခန္ဓာဒိ-စသော လောကကြီး၌ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ် တည်းဟူသော တရားများကို လေးပါးသော ဥပါဒါန်တို့ဖြင့် မစွဲလမ်းစေတော်မူလိုသည်ဖြစ်၍ အေးငြိမ်းချမ်းမြစွာ တည်ရစ်စေလိုရကား ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေက-ဟူ၍ ဝိဝေက ၃-ပါး အပြားရှိ၏၊ ထို ၃-ပါးတို့တွင်—

ကာယဝိဝေက ဟူသည် ဆိတ်ငြိမ်ရာ ကျောင်းသို့ကပ်ခြင်း၊ ထို့ပြင် တောတောင် သစ်ပင် ဥမင် လိုဏ်ဂူ ချောင်ငူ ကမ္ဘား မြောင်ကြား ချောင်ရိုး သူသေမြုပ်နှံ မြေသုသာန်သို့ ကပ်ခြင်း၊ တယောက်ထီးတည်း နေခြင်း ထိုင်ခြင်း ရပ်ခြင်း သွားခြင်း အိပ်ခြင်း စသည်တို့ကို ဆိုလို၏။

စိတ္တဝိဝေက ဟူသည် သမာပတ် ရှစ်တန်နှင့်တကွ အရဟတ္တဖိုလ်သို့တိုင်အောင် အဇ္ဈတ္တကိလေသာဘေးရန် ဗဟိဒ္ဓနိမိတ္တဘေးရန်တို့မှ ကင်းဆိတ်သည်ကို ဆိုလို၏။

ဥပဓိဝိဝေက ဟူသည် ကိလေသာကာမ ခန္ဓာဘိသင်္ခါရတို့ကို ဆိုလို၏။ ဤ၌ ဥပဓိဝိဝေကအရာကား- နိပ္ပရိယာယအားဖြင့် မုချသဘောသည် နိရောဓသစ္စာ နိဗ္ဗာန်သာတည်း၊ သန္တိသုခပဒ ဟူလို၏။ သို့ပါသောကြောင့် မဟာနိဒ္ဒေသ အလိုတော်အားဖြင့် သန္တိသုခပဒ ဟူသောပုဒ်၌—

သန္တီတိဧတေန အာကာရေန သန္တိပဒမ္ပိ တံယေဝ အမတံ နိဗ္ဗာနံ—

ဟူ၍ ဘွင့်ပြတော်မူသောကြောင့် နိဗ္ဗာန်ကိုပင် သန္တိပဒဟု သိကြလေ၊ ဤသို့လျှင် အငယဝစကားကို ထောက်ထားစေလို၍—

မူလံ ဘိက္ခဝေ ပပဉ္စသင်္ခါရာနံ၊ မန္တာ အသ္မိမာနဉ္စ သဗ္ဗမုပရုဒ္ဓေ။
ယာကာစိ တဏှာ အဇ္ဈတ္တံ၊ တာသံ ဝိနယာ သဒါ သတော သိက္ခေ။

အနက်ကား ဘိက္ခဝေ၊ တရားကိုလိုလား အို ချစ်သားတို့။ ပပဉ္စသင်္ခါရာနံ၊ တဏှာ ဒိဋ္ဌိ တည်းဟူသော ပပဉ္စသင်္ခါရ တရားတို့၏။ မူလံ စ၊ မူလဖြစ်သော အဝိဇ္ဇာစသော ကိလေသာတရားကိုရင်း။ အသ္မိမာနဉ္စ၊ အသ္မိမာနတရားကိုရင်း။ ဣတိ ဣဒံ သဗ္ဗံ၊ ဤအလုံးစုံကို။ မန္တာ၊ မဂ်ပညာဖြင့်။ ဥပရုဒ္ဓေ၊ ကင်းချုပ်စေရာ၏။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော။ ယာကာစိ၊ အမှတ်မထား တပါးပါးသော။ တဏှာ၊ တဏှာသည်။ အတ္ထိ၊ ရှိ၏။ တာသံ တဏှာနံ၊ ထိုတဏှာတို့ကို။ ဝိနယာ- ဝိနယာယ၊ ပယ်ဖျောက်ခြင်းငှါ။ သဒါ၊ အခါ ခပ်သိမ်း။ သတော၊ သတိတရားနှင့် ပြည့်စုံသည်ဖြစ်၍။ သိက္ခေ-သိက္ခေယျ၊ ကျင့်ရာ၏။

အဲ.... ဤကဲ့သို့ ဒေသနာကို ထောက်တော်မူကြပါသဖြင့် ဤစာတမ်းကို ရေးသားအပ်သော အရှင်သည်ကား တဏှာ ဒိဋ္ဌိ တည်းဟူသော ပပဉ္စတရားတို့နှင့်တကွ မူလဖြစ်သော အလုံးစုံသော အသ္မိမာန တရားတို့ကို ပညာဖြင့် သိမ်းချုပ်စေ၍ အဇ္ဈတ္တသန္တာန်၌ အမှတ်မထား တပါးပါးသော တဏှာသည် ရှိ၏၊ ထိုတဏှာကို ပယ်ခွါစေခြင်း အကျိုးငှါ အခါခပ်သိမ်း သတိနှင့်ပြည့်စုံစေ၍ သုံးပါးသောသိက္ခာတို့ကို ကျင့်စေရာ၏ဟု ဟတ္ထမုဋ္ဌိနည်းကို ဆောင်တော်မူလျက် နယူပဒေသ နယဂ္ဂါဟ လဒ္ဓေါပဒေသဂုဏ်နှင့် ညီစေလျက် ဤအရာ၌ကား မူလတရားဟု သိတော်မူကြစေလိုကြောင်း သတိဖြင့် ရှိစေလိုလိုက်၏။

အဝိဇ္ဇာ အယောနိသော မနသိကာရ အသ္မိမာန အဟိရိက အနောတ္တပ္ပ ဉဒ္ဒစ္စ-ဤ ၆-ပါးတည်း။

ဤအရာကား ပပဉ္စတရား၏ အခြေမူလဖြစ်၍ အဝိဇ္ဇာစသော အကြောင်းခံ တရားကို မသိမမြင်ကြလေသောကြောင့် "ပုဗ္ဗကောဋိ န ပညာယတိ၊ ပုဗ္ဗကောဋိ န နာယတိ" ဟု ဟောတော်မူလေသောကြောင့် မူလတရားဟု ဆိုရကား ရှေ့အစွန်း နောက်အစွန်းကို မမြင်ကြကုန်သော သတ္တဝါတို့၏ အနုံသယခေတ်ကို

ပင် ဆိုလို၏၊ ဤအရာ၌ကား လိုရင်းမှာတော့ ပပဉ္စတရားများနှင့် ထို၏ အကြောင်း မူလတရားတို့ ချုပ်ငြိမ်းရလေအောင် ဥပါဒါန်ဖြင့် လုံ့လမပြုဘဲ၊ ဝါ-မတွေး မကြံပါဘဲ သတိကြီးစွာဖြင့် သိက္ခာသုံးပါးတို့နှင့် ပြည့်စုံစွာ ကျင့်ကြံကြိုးကုတ် အားထုတ်ပါလျှင် ယခင် ပြဆိုခဲ့ပြီးသော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့သည် အသ္မိမာန ကင်းပြတ်ပြီးလျှင် အာလယ အာသန္န အာဘောဂ မရှိ မရ၍ စွဲလမ်း ကပ်ငြိခြင်း ကင်းလွတ်လျက် အရိယာဖြစ်တော်မူကြကုန်သော တိက္ခပညာရှင် ဇဝနပညာရှင် အပေါင်းတို့သည် မျက်မှောက်ပြုအပ်သော လောကုတ္တရာ အဝတ္ထာ ဘုံရိပ်ကို အာရုံပြုလျက် အရိယဉာဏ ဒဿနဂုဏ်နှင့် ပြည့်စုံတော်မူကြ၍ သန္တိသုခ ဂုဏ်အားလျော်စွာ မဖြစ်အေး မဖြစ်ငြိမ်း ဆိုတဲ့ နိရောဓသစ္စာ အငြိမ်းဓာတ်ကြီးကို အတ္တာဘာဝ အာဝီဘာဝနာ ကာရနည်းကို ဆောင်လျက် သပ္ပုရိသူပနည်းဖြင့် ရကြကုန်သော ယောဂီ အပေါင်း သူတော်ကောင်းတို့အား ပဋိစ္စသမုပ္ပါဒ် ပြတ်ငြိမ်း၍ ဇာတ်သိမ်းတော်မူနိုင်ကြပါစေကုန်သတည်း။

## အကြင်ပညာရှိများ ပန်ကြားချက်

ဤကဲ့သို့ ရေးရခြင်းသည် ထင်ပေါ်စေလိုသော အသ္မိမာန တရားတို့ကို ဖယ်ရှား၍ သွန်သင်ဆုံးမပြီးသော ယောဂီအပေါင်းတို့အား ကရုဏာစိတ်သား ဖြင့် အာစရိယပရမ္ပရ သိဿာနုသိဿတို့ အလျောက် ငါးထောင် သာသနာ တည်ရစ်ကြစေခြင်း အကျိုးငှါ လိင် ဝုစ် ကံ ကတ် ပုဒ် ပါဌ် နယ အတ္ထဗျဉ္ဇန တို့သည် ချို့လွဲခဲ့ပါက အကြင်ပညာရှိတို့ ကိုယ်တိုင် ပြင်ဆင်၍ ဖတ်ရှုတော်မူကြပါကုန်၊ သို့မှသာလျှင် စီကုံး ရေးသားခဲ့မိသော ထေရ်ရှင်၏ ဆရာတဆူ တံခွန်ထူလောက်ပေမူဟု အတိုင်းမသိ အနန္တဂုဏ်အထူး ဆရာအဦးဟု အကြင် ပညာရှိမူးအား တပည့်ရှင် ချီးကျူးလိုက်ပါကြောင်း။

သို့ပါသောကြောင့် "ယောကျ်ားတံခွန် လူရည်ချွန်က ကောင်းကင်တမွတ် ကြယ်ကိုဆွတ်"ဟု အရှင်မဟာရဋ္ဌသာရ မထေရ် ချီးကျူးသည့် စာတမ်းကို ထောက်ပါသဖြင့် သုတ်သီလက္ခန် အဋ္ဌကထာ ကျမ်းအလာမှာ ပညာနှင့်ပြည့်စုံ ကြောင်း ထပ်လောင်း၍ ပြလိုရာဝယ်—

ကေနွပဏ္ဍိတာ ပန ကထံ သုတွာ သုကထိတံ ပသံသန္တိ၊ ဒုက္ကထိတေ ပါဠိပဒအတ္ထဗျဉ္ဇနေသု ယံ ယံ ဝိရုဇ္ဈတိ၊ တံ တံ ဥဇုံ ကတွာ ဒေန္တိ။

ဤကဲ့သို့ လာသည်ကို ယောဇနာရမည်မှာ—

ကေနွပဏ္ဍိတာပန၊ ကေန်မုချ ပညာနှင့် ပြည့်စုံသော သူတော်ကောင်းတို့ မည်သည်ကား။ ကထံ၊ ဆိုအပ်သောစကားကို။ သုတွာ၊ ကြားခဲ့သည် ရှိသော်။ သုကထိတံ၊ ကောင်းမြတ်သောစကားကို။ ပသံသန္တိ၊ ချီးမွမ်းတော်မူကြကုန်၏။ ဒုက္ကထိတေ၊ မကောင်းသောစကားကို ဆိုမိသောအခါ၌။ ပါဠိပဒ အတ္ထဗျဉ္ဇနေသု၊ ပါဠိပုဒ် အနက် ဗျည်းတို့တွင်။ ယံယံ၊ အကြင်အကြင်သို့သော စကားသည်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။ တံတံ၊ ထိုထိုသို့သော စကားကို။ ဥဇုံ၊ ဖြောင့်စွာ။ ကတွာ၊ ပြု၍။ ဒေန္တိ၊ ပေးယူတတ်ကြကုန်၏။

အဲ....ဤကဲ့သို့ ပညာရှိသူတော်ကောင်းတို့၏ အလေ့တော်အတိုင်း အပြစ်တင်ခြင်းမှ ကင်းတော်မူကြ၍ မသိမလိမ်မာ၍ ရေးကူး ထုံးဖွဲ့ခဲ့မိသော တပည့်ရှင်အား ကရုဏာစိတ်ထားဖြင့် အသင် ပညာရှိ သဘောအတိုင်း မှန်ရာကိုသာ ပြင်ဆင်၍ ဖတ်ရှုတော်မူကြစေရန် သီလက္ခန် အဋ္ဌကထာ ကျမ်းလာအရ တောင်းပန်လိုက်ပါကြောင်း အသင် ယောဂီ ပညာရှိအပေါင်းတို့။

### ယခုအခါ ဗုဒ္ဓုပ္ပါဒနဝမခေတ်တော်ကြီးနှင့် ကြုံကြိုက်၍ ဒေသနာ အထောက်အထားနှင့် တကွ မဂ်ဖိုလ်ကို ရထိုက်ကြောင်း

ယခုအခါ ဗုဒ္ဓုပ္ပါဒ နဝမကြုံလာ သာသနာတော်ကြီး၌ ကြုံကြိုက်ကြကုန်သော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် မိမိ မိမိတို့၏ အစိုးမရကြသည်ကို အလွန်ကြောက်ရွံ့ ထင်ရှားကြကုန်၍ မိမိတို့၏ အားကိုးအားထားရာ သပ္ပုရိသဆရာကို ရှာကြ၍ ပဏ္ဏာသပါဠိတော်အလာ ကာယဂတာသတိ သုတ္တန် ဒေသနာတော်အရ အာနာပါန ဣရိယာပထ သတိသမ္ပဇည ဓာတုမနသိကာရ-အစရှိကုန်သော လုပ်ငန်းတို့တွင် ထိုက်သည်အားလျော်စွာ

ဆရာ့ထံ ချဉ်းကပ်ပြီး၍ ကာမာဝစရဘာဝနာ မဟာကုသိုလ်ဇော ဉာဏသမ္ပယုတ်အယှဉ် ဥ စာရသမာဓိမှ အဿာသပဿာသ သင်္ဂြဖြင့် ဆင်ခြင်လျက် ပဘာဝနတရား ၄-ပါးနှင့်ညီစွာ အဿာသပဿာသ တရား၏ အညစ်အကြေးမှ ကင်းလွတ်၍ အပ္ပနာသို့တိုင်အောင် ပဌမစတုက္ကမှ ဆရာ၏ ဟတ္ထမုဋ္ဌိနည်းကို ဆောင်လျက် ထို့ထက်အလွန် အနုလောမဉာဏ်မှ ဂေါတြဘုဟုဆိုအပ်သော ပုထုဇဉ်အနွယ်ကို ဖြတ်တည့်၍ နောင် စိတ္တက္ခဏအလွန် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့တိုင်အောင် ဝိဇ္ဇာဝိမုတ္တိ ဖလသစ္ဆိကိရိယသို့ ရောက်ပြီးလျှင် ခပ်သိမ်းသော ဘုရားရှင်တို့၏ ဓမ္မတာ ကြွရာလမ်းကြောင်း မတိမ်းမစောင်းတော်မူမြဲ ဖြစ်တော်မူကြ၍ ၎င်း အာနာပါနဿတိကိုသာ ဆင်ခြင်တော်မူမြဲဓမ္မတာ ဖြစ်တော်မူကြ၍ သဗ္ဗညု ဖြစ်သို့ ရောက်တော်မူ၍ ဤ အာယုသင်္ခါရ အနုပါဒိသေသ နိဗ္ဗာနဓာတ်တိုင်အောင် နှလုံးတော် သိမ်းပိုက်၍ ကိန်းဆိုက်တော်မူလေသတည်း။

အဲ.... ဤကဲ့သို့သော အာနာပါန ကမ္မဋ္ဌာန်းတော်ကြီးကို ငါတို့၏ထိပ်တင်ထွတ်ဘုန်းရှင်က အခြားသော ကမ္မဋ္ဌာန်းတို့ထက် ထူးကဲလွန်မြတ်သော ဂုဏ်ပုဒ်တို့ဖြင့် ချီးကျူးတော်မူပြီး၍ ခပ်သိမ်းသော အဋ္ဌကထာရှင်ကြီးတို့ကသော်လည်း မဟာပုရိသဘူမိဟု ချီးမွမ်းတော်မူလေရကား လူသာမန် နတ်သာမန်တို့နှင့်မထိုက် သံသရာမှ လွတ်လိုအားသာ တိဟိတ်ပဋိသန် ကမ္မဇဉာဏ် ပညာနှင့် ပြည့်စုံတော်မူကြကုန်သော ရဟန်းရှင် ပညာရှိကြီးတို့သော်မှလည်း ထိုက်တန်သော ကမ္မဋ္ဌာန်း ဖြစ်ပေ၏ဟု ပေါရာဏစကား ရှေးအဋ္ဌကထာမှာ ကြားရ၊ ခေါမ, ခေါမည် ရောမပြည်၏အနီး တက္ကသိုလ်ပြည်ကြီးဝှယ် ထီးနန်းနှင့်တကွ စိုးစံတော်မူသော ပက္ကုသာတိမင်းကြီးတို့ကဲ့သို့ ဝီရိယအားကိုးပြီး ရှာမှီးလိုကြသော ရဟန်း ရှင် လူ ခပ်သိမ်းသူတို့သည် ဗုဒ္ဓုပ္ပါဒဒုလ္လဘ ယခုဘဝမှာ ကြုံကြိုက်ပါ၍ ဩော်.... ငါတို့မှာကား သမ္ပတ္တိခေတ်နှင့် ဆိုက်ကြပြီဟု သဒ္ဓါဇောလျှမ်းတင်ပြီး အာနာပါနကမ္မဋ္ဌာန်း အစဉ်ကို ဒေသနာအလျဉ်နှင့်ပါဠိ အနက် အဓိပ္ပါယ်သွား သခေ်ပအားဖြင့် အကျဉ်းထားလျက် ရေးသားစီစဉ်လိုက်ရပေသတည်း။

## ကမ္မဋ္ဌာန်းပြသောဆရာ၏ ပဂုဏ၀ုဏ်ပုံကို ပြခြင်း

မြန်မာပြည် အထက်ပိုင်း မုံရွာခရိုင် ကန်နီမြို့ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး၏ သဒ္ဒိဝိဟာရိကတပည့် ဓမ္မန္တေဝါသိက မူလဓမ္မာစရိယ အရှင်ထေရတိဿမထေရ်သည် ၎င်းကန်နီမြို့ ရွှေသိမ်တော်တောရ ဆရာဘော်ဘုရားကြီး၏ ထံတော်၌ ဟတ္ထမုဋ္ဌိ နယူပဒေသ လဒ္ဓဂုဏ်တို့နှင့်တကွ လေ့လာ ကြိုးကုတ် နေ့ ရက်များစွာ နည်းအပြာပြာတို့ကို ပုစ္ဆာ ဝိသဇ္ဇနာတို့နှင့်တကွ အန္တေဝါသိက ပစ္စာသမဏအဖြစ်ဖြင့် ချဉ်းကပ်ခဲ့ပါ၍ ၎င်း ဆရာတော်ဘုရားကြီး၏ သွန်သင်ဆုံးမ ပြသရိုးဓမ္မဘာ ဤအာနာပါနနည်း အရာရာတို့ကို သိဿာနုသိဿတို့အား ဆရာတော်ဘုရားကြီး မှာထားရိုး ဓမ္မတာအတိုင်း ငါအရှင်ထေရတိဿလဲဘဲ ပြသမြဲ ဓမ္မတာဖြင့် အာစရိယပရမ္ပရ စသည့်စဉ်ဆက် မပျက်ကွက်ရာ ဤနည်းနယာ ကျမ်းဒေသနာမှာ ဖွေရှာရွေးနုတ် အာဂုံထုတ်လျက် ပြသစီကုံး ဉာဏ်ဖြင့်သုံး၍ ထုံးဟောင်းမပျက် ဆက်ခဲ့လေရာ ဤသည့်စာကို လွယ်လင့်တကူ ဉာဏ်တံချူဖြင့် သိယူထုံးဖွဲ့၍ ရေးသားလိုက်ရပေသတည်း။

## ကမ္မဋ္ဌာန်းအပ်ပုံ ၆-ချက်

### ကမ္မဋ္ဌာန်း တောင်းဆိုပုံ

သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနဿ သစ္ဆိကရဏတ္ထာယ ဇေတံ အာနာပါန ကမ္မဋ္ဌာနံ ယာစာမိ။

(သုံးခေါက် ဆိုပါ)

အလုံးစုံသော သံသရာဝဋ္ဋ်ဆင်းရဲ ဝဲသြဃ ရေအလျဉ်မှ အရဟတ္တဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုပါရခြင်း အကျိုးငှါ သံသရာတည်းဟူသော ဝဋ္ဋ်ဆင်းရဲမှ ထုတ်နုတ်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်သို့ ကယ်တင်တော်မူတတ်သော အာနာပါန ကမ္မဋ္ဌာန်းကို ပေးသနားတော်မူပါဘုရား။

### ကမ္မဋ္ဌာန်း ဆောက်တည်ပုံ

ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော . မောစနတ္ထာယ ဇေတံ အာနာပါန ကမ္မဋ္ဌာနံ သမာဒိယာမိ။

(သုံးခေါက်ဆို)

**အနက်ကား** ဘန္တေ၊ အရှင်ဘုရား။ သံသာရဝဋ္ဋဒုက္ခတော၊ သံသရာတည်းဟူသော ဝဋ္ဋဆင်းရဲမှ။ မောစနတ္ထာယ၊ ထွက်မြောက်ပါရခြင်း အကျိုးငှါ။ တံ အာနာပါနကမ္မဋ္ဌာနံ၊ ဤအာနာပါန ကမ္မဋ္ဌာန်းကို။ သမာဒိယာမိ၊ ဆောက်တည်ပါ၏ အရှင်ဘုရား။

## ပြစ်မှားမိသော အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်တို့ကို မြတ်စွာဘုရားအား ဝန်ချကန်တော့ရန်

ဘုရားတပည့်တော်သည် ဘဝသံသရာက အစပြု၍ မြတ်စွာဘုရားနှင့်တကွ ရတနာသုံးပါးတို့ကိုငင်း၊ မိဘ ဘိုးဘွား ဆရာသမား ဂုဏဝုဍ္ဎိ ဝယဝုဍ္ဎိ အရွယ်အားဖြင့် ကြီးသောသူ, အသက်အားဖြင့် ကြီးသောသူ,ဂုဏ်အားဖြင့် ကြီးသောသူ, ပညာအားဖြင့် ကြီးသောသူတို့ကို ပြစ်မှားခဲ့မိသော အပြစ်ကြီး အပြစ်ငယ် အသွယ်သွယ်တို့ကို ဝန်ချပါ၏၊ တောင်းပန်ပါ၏၊ ကန်တော့ပါ၏ဘုရား။

## သရဏဂုံ ဆောက်ဘည်ပုံ

ဘုရားတပည့်တော်၏ ရုပ် နာမ် ခန္ဓာ အာယတန ဓာတ် သစ္စာတရားတို့ကို မြတ်စွာဘုရားနှင့်တကွ ကမ္မဋ္ဌာန်းပြသော ဆရာတော်အား အပ်နှင်းပါ၏၊ ဆုံးမတော်မူပါဘုရား။

## ပတ္တိဒါန အမျှပေးဝေပုံ

ဘုရားတပည့်တော်သည် အားထုတ်အပ်သော ကမ္မဋ္ဌာန်းကုသိုလ် အဘို့ဘာဂကို မြတ်စွာဘုရားနှင့်တကွ သုံးဆယ့်တဘုံ၌ ရှိကြကုန်သော သတ္တဝါအပေါင်းတို့အား အမျှပေးဝေပါ၏။

## သီလခံယူ ဆောက်တည်ပုံ

အဋ္ဌင်္ဂသီလံ သမာဒိယာမိ။

(သုံးခေါက်ဆို)

**အနက်ကား** အဋ္ဌင်္ဂသီလံ၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော သီလတော်မြတ်ကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ ဆောက်တည်ပါ၏ အရှင်ဘုရား။

## ဝိသုဒ္ဓိမဂ် ဒေသနာတော်အလာ အနုဿတိ နိဒ္ဒေသအရ အာနာပါနကမ္မဋ္ဌာန်းကို ပြခြင်း

အာနာပါနဿတိ ဘိက္ခဝေ ဘာဝိတာ ဗဟုလီကတာ စတ္တာရော သတိပဋ္ဌာနေ ပရိပူရေန္တိ၊ စတ္တာရော သတိပဋ္ဌာနေ ဘာဝိတာ ဗဟုလီကတာ သတ္တ ဗောဇ္ဈင်္ဂါ ပရိပူရေန္တိ၊ သတ္တ ဗောဇ္ဈင်္ဂါ ဘာဝိတာ ဗဟုလီကတာ ဝိဇ္ဇာဝိမုတ္တိံ ပရိပူရေန္တိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား ဘိက္ခဝေ၊ တို့။ အာနာပါနဿတိ၊ အာနာပါနဿတိ ကမ္မဋ္ဌာန်းကို။ ဘာဝိတာ၊ ပွားများအပ်သည်ရှိသော်။ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ ပွားများအပ်သည်ရှိသော်။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန် တရားတို့ကို။ ပရိပူရေန္တိ၊ ပြည့်စုံကုန်၏။ စတ္တာရော၊ လေးပါးကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန်တရားတို့ကို။ ဘာဝိတာ၊ ပွားများအပ်သည်ရှိသော်၊ ဗဟုလီကတာ၊ ကြိမ်ဖန်များစွာ ပွားများအပ်သည်ရှိသော်။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဗောဇ္ဈင်္ဂါ၊ တို့ကို။ ပရိပူရေန္တိ၊ ကုန်၏။ သတ္တ၊ ကုန်သော။ ဗောဇ္ဈင်္ဂါ၊ တို့ကို။ ဘာဝိတာ၊ သော်။ ဗဟုလီကတာ၊ သော်။ ဝိဇ္ဇာ ဝိမုတ္တိံ၊ ဝိဇ္ဇာ ဝိမုတ္တိလေးပါးကို။ ပရိပူရေန္တိ၊ ကုန်၏။

အဲ...ဤကဲ့သို့ဤအရာဝယ် ကိုယ်တော်မြတ်သည် လေးဆယ်သောကမ္မဋ္ဌာန်းတို့တွင် အာနာပါနဿတိ ကမ္မဋ္ဌာန်းကို နေ့ရက်များစွာ ပွားများ အားထုတ်ကြပါမူ ၃၇-ပါးသော ဗောဓိပက္ခိယတရားနှင့်တကွ လေးပါးသော ဝိဇ္ဇာဝိမုတ္တိတို့နှင့် ပြည့်စုံကြောင်းကို အလိုတော်ပြီးမြောက်၍ အကြံတော် ပေါက်ခဲ့ကြောင်းကို စာသိ ငါသိ နှစ်ဌာနရှိ၊ စာသိကား ဗဟိဒ္ဓ ပရိယတ္တိနယ်- ငါသိကား အဇ္ဈတ္တ ပဋိပတ္တိနယ် ဤနေရာ၌ လောကီနှင့် လောကုတ္တရာအကြား မဇ္ဈိမ ပဋိပဒါထားမှသာ သတိဖြင့် ဆင်ခြင်လျက် ရှေ့ကိုယ်တော် ဟောတော်မူခဲ့ကြောင်း။

ဤနေရာ၌ အပြစ်တင်ကင်းကြစေလို၍ ဓမ္မန္တရာယ်ဖြစ်ကြမည်၊ သတိရှိတော်မူကြပါ၊ ယောဂီအပေါင်းတို့ မယုံလျှင် တနေ့တည်း တထိုင်တည်းနှင့်ပင် ပြည့်စုံနိုင်ကြောင်း မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာမှာ ကြည့်တော်မူကြပါလေ၊

စဉ်းစားပါ၊ မပျင်းပါနှင့် ရှေ့နားသို့ ဆက်ဖတ်ပါ၊ အားကိုးစရာ တွေ့ပါလိမ့်မည်၊ ၎င်းစာဆုံးအောင် ဖတ်ပါလေ၊ ဒေသနာ ထုတ်၍ပြလိုက်မည်။ (သတိ)

ဣဓ ဘိက္ခု အာနာပါနဿတိံ အနုယုတ္တော ကောသနေ နိသိန္နောဝ သဗ္ဗာသဝေ ခေပေတွာ အရဟတ္တံ ပါပုဏာတိ။

မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ။

**အနက်ကား** ဘိက္ခု၊ အရိယာနွယ်မှန်း ရှင်ရဟန်း။ ဣဓ ဣမသ္မိံ သာသနေ၊ ဤအံ့ဘွယ်ရှစ်ပြာ သာသနာတော်ကြီး၌။ အာနာပါနဿတိံ၊အာနာပါနဿတိကမ္မဋ္ဌာန်းကို။ အနုယုတ္တော၊ ကောင်းစွာ ယှဉ်သည်ရှိသော်။ ကောသနေ၊ တနေရာတည်း၌။ ဝါ-၊ တထိုင်တည်း၌။ နိသိန္နောဝ၊နေလျက်ပင်လျှင်။ သဗ္ဗာသဝေ၊ အလုံးစုံသော အာသဝေါ တရားလေးပါးတို့ကို။ ခေပေတွာ၊ ကုန်စေ၍။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပုဏာတိ၊ ရောက်နိုင်၏။

ဤအရာ၌ သတိရှိတော်မူကြ၍ အားလုံးသော စာဖတ် ပရိသတ် ယောဂီအပေါင်းတို့သည် မုချအားဖြင့် ဒေသနာထင်လင်းစွာ ရှိကြောင်း၊၎င်းဒေသနာနှင့်ညီစွာ အားထုတ်ပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ အမှန်ရရှိနိုင်ကြောင်း သပ္ပုရိသံသထံ ဆည်းကပ်တော်မူကြပါကုန်လောဟု မုချတထိုင်တည်း တနေရာတည်း၌ ရနိုင်ကြောင်းကို ၎င်းကျမ်းစာဖြင့် ရေးထုတ်လိုက်သောဆရာတော်သည်ပင်လျှင် ဝန်ခံတော်မူလို၍ အတိတ်တဘဝက ပါတော်မူခဲ့သော သတ္တမဇောရှင် ယောဂီအပေါင်းတို့အား ဤကဲ့သို့ ဝိမုတ္တိယုဂခေတ်တော်ကြီးသို့ သာသနာ့မဟာမဏ္ဍလ အတွင်းဝယ် တွေ့ဘူးကြလေပြီ၊ အယုံအကြည် ကင်းမဲ့စွာ မရှိကြလေလင့်၊ ဖလသမာပတ်တော်နှင့်တကွ မဂ်အထပ် ဖိုလ်အစဉ်တိုင်အောင် ဝင်စားနိုင်သူများ ရှိကြ၏၊များလှပေပြီ၊ ရှာတော်မူကြစေကုန်လော့၊ နားရှိမှ ကြားကြမည်၊ မျက်စိရှိမှ မြင်ကြမည် ဟူလိုသော်၊ ၎င်းကျမ်း ရေးသားသော ဆရာတော်သည်ပင်လျှင် တိုက်တွန်းလိုက်၏။

## အားထုတ်ရန်ဌာန ရှာမှီးခြင်း

အို ယောဂီအပေါင်းတို့ ကလျာဏမိတ္တကို တွေ့အောင် ရှာကြလေကုန်လော့၊ သို့သော် အားထုတ်လိုသော ယောဂီအပေါင်းတို့ကိုသာ တိုက်တွန်းလိုပါသည်၊

သပ္ပုရိသံသထံသို့ ဆည်းကပ်၍ ရရာအရပ်ကို စုံစမ်းပြီးလျှင် ဥတုသပ္ပါယ, အာဝါသသပ္ပါယ, ဘောဇနသပ္ပါယ, ပုဂ္ဂလသပ္ပါယ ဤသို့သော သပ္ပါယနှင့် ပြည့်စုံစွာ လျှော်ကန်လှလေသောကြောင့် လောက၏အလိုက် ညီညွတ်ပင် ညီညွတ်ပါငြားသော်လည်း ရှေးသူတော်ကောင်းတို့၏ နိဂ္ဂဟာဂုဏ်မှ လွတ်-မလွတ်, ပဂ္ဂဟာဂုဏ်နှင့် ညီ-မညီ ဒေသနာတော်၏ အလိုအားဖြင့် ကြည့်ရှုလိုက်သော် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သဘောအားဖြင့် သိလိုသူ ယောဂီတို့သည် သတိ ရှိကြစေ ရန်ကား—

ဣမေ ဘိက္ခဝေ ဘိက္ခု အရညဂတော ဝါ ရုက္ခမူလဂတော ဝါ သုညာဂါရ ဂတော ဝါ နိသီဒတိ ပလ္လင်္ကံ အာဘုဇိတွာ၊ ဥဇုံကာယံ ပဏိဓာယ ပရိမုခံ သတိံ ဥပဋ္ဌပေတွာ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

အနက်ကား ဘိက္ခဝေ၊ တို့။ ဣမေ-ဣမသ္မိံ သာသနေ၊ ဤအံ့ဘွယ်ရှစ်ဖြာ မြတ်စွာဘုရား သာသနာတော်ကြီး၌။ ဘိက္ခု၊ သံသရာဘေး လေးသောဝန်ကို ရှုလေ့ရှိသသူသည်။ အရညဂတော ဝါ၊ လူသူမနီး တောမြိုင်ကြီးသို့ ကပ်သည် ဖြစ်၍ငင်း။ ရုက္ခမူလဂတော ဝါ၊ သစ်ပင်ရင်းသို့ ကပ်သည်ဖြစ်၍ငင်း။သုညာဂါ ရဂတော ဝါ၊ ဆိတ်ငြိမ်ဘိတောင်း တောရကျောင်းသို့ ကပ်သည်ဖြစ်၍ငင်း။ ပလ္လင်္ကံ၊ ထက်ဝယ် တင်ပလ္လင်ကို။ အာဘုဇိတွာ၊ ခွေ၍။ ဥဇုံ၊ ဖြောင့်စွာ။ ကာယံ၊ကိုယ်ကို။ ပဏိဓာယ၊ ထား၍။ပရိမုခံ၊ ရှေ့သို့ ရှေးရှု။သတိံ၊ သတိကို။ ဥပဋ္ဌပေတွာ၊ ဖြစ်စေ၍။ နိသီဒတိ၊ ထိုင်နေ၏။

ဤကဲ့သို့ ဤအရာ၌ အဋ္ဌကထာ မိန့်တော်မူသည်ကို ထောက်ပါသဖြင့် ဩြော်....ယနေ့လို ခေတ်အလိုက်အားဖြင့် လျော်လျောက်ပတ်ပေပြီဟူ၍ ဌာနာ ဌာနကောသလ္လ အရာဟု ဆရာရှိရာကို ပြဋ္ဌာန်းလိုရင်း အဓိကဖြစ်ပေ၏ ဟု ဆုံးဖြတ်ပြီး အားထုတ်ကြကုန်ရာသတည်း။

အဲ-ဤကဲ့သို့ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ နိဒ္ဒေသ ဘွင့်ပြတော် မူသည့်အတိုင်း ဟတ္ထမုဋ္ဌိ နည်းလက်ရှိနှင့် ပြည့်စုံသော သွန်သင်ဆုံးမတတ်သော သပ္ပုရိသံသထံ၌ ချဉ်းကပ်လျက် ၎င်းဆရာက နည်းနာနယ ကျနစွာဖြင့် မိမိရခဲ့သော လဒ္ဓေါ

ပဒေသ နည်းလက်ရှိအားလျော်စွာ လျော်ရာဌာနၶ ညီညွတ်ဖြောင့်မတ်စွာ မိမိရရှိတော်မူခဲ့သည့်အတိုင်း "ဥဇုံကာယံကတွာ"နှင့် ညီစေ၍ ထက်ဝယ်ဖွဲ့ခွေ နေစေလျက် ကမ္မဋ္ဌာန်းသို့ရှေ့ရှု သတိကို ဖြစ်စေရမည် ဟူလိုသော်။

သို့မှသာလျှင် ပဘာဝနတရား လေးပါးနှင့် ညီစေလိုရကား မညီခဲ့ပါသော် အဿာသ ပဿာသ၏ သန္တမန ဝိဏာမန ပဏာမန စသော အဿာသ ပဿာသ၏ အဖြစ်အကြေးရှစ်ပါး နှောက်ရှက်ပါက အပ္ပနာသို့ တက်နိုင်ခြင်းငှါ ခဲစွ၊ ကာမာဝစရ ကုသိုလ်မျှဖြင့်သာ အဆက်မပြတ် စပ်၍သာ လှည့်လည် ကျက်စား တတ်၏ ဟူလို။

## ပဌမနည်း၏ လဒ္ဓဂုဏ် ပြချက်

ပဌမဝါရကို ပြတော်မူလိုရင်း အကြောင်းကား ငါတို့ကျေးဇူးရှင် ကန္နီမြို့ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီးသည် ဝိပဿနာသို့ မရောက်မီ အာနာပါနပဗ္ဗ သမထ ၄-ပါး၌ ပြတော်မူလိုရင်း အာဘောဂ အရှင်တော် ကား အာစရိယအလိုက်အားဖြင့် ယခု သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသား သော အရှင် ထေရတိဿသည်ပင်လျှင် ကျေးဇူးတော်ရှင် ဆရာတော်ဘုရား ကြီး၏ အာဘောဂအလိုက် အလိုတော်သိမ်းပိုက်လျက်—

သတိမြဲစွာ၊ ပဌမာ၊ ဒုမှာ ရှည် တို သိ။
သုံးချက်သိမှာ၊ တတိယာ၊ စ-မှာ ငြိမ်းစေဘိ။

ဟူ၍သာ ဆိုးမတော်မူခဲ့သည့်အတိုင်း ငါ အရှင် ထေရတိဿမထေရ် သည်ပင်လဲဘဲ သိဿာနုသိဿ ဖြစ်ကြကုန်သော ရဟန်း ရှင် လူ ခပ်သိမ်း သူတို့အား ကျေးဇူးရှင် ဆရာတော်ဘုရားကြီး ဆိုးမတော်မူခဲ့သည့်အတိုင်း သာသနာ ငါးထောင်အတွင်းဝယ် ထင်လင်းစွာ တည်စေတော်မူလို၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာကျမ်းအရ မှချအားဖြင့် ဖွင့်ပြတော်မူသည်မှာ -

သော သတောဝ အဿသတိ၊ သတောဝ ပဿသတိ—

ဟု ပဌမနည်းကို ပြတော်မူလိုရင်းကား ထင်ရှားတော်မူလှပေ၏၊ သတိ ဖြင့် မူကြစေလို၏။

အနက်ကား သော၊ ထိုတရားကို အားထုတ်လိုသော ယောဂီသူမြတ်သည်။ သဘော၀၊ သတိပြု၍သာလျှင်။ အဿသတိ၊ ထွက်သက်ကို ဖြစ်စေ၏။ သတော၀၊ သတိပြု၍သာလျှင်။ ပဿသတိ၊ ဝင်သက်ကို ဖြစ်စေ၏။

အဲ ဤကဲ့သို့ ရှူခြင်း ရှိုက်ခြင်းကိုပင်လျှင် အလေ့အကျင့်ကို ဖြစ်စေ၍ အထက်က ပြခဲ့သော "သတိမြဲစွာ ပဌမာ" အရ "ဝါရ" ကို ရေတွက်စေရာ သတည်း။

ဝါရ-ဆိုသည်ကား တခုက အစပြု၍ ရှစ်ခုသို့ထိအောင် ရေတွက်ရခြင်းကို ဝါရ-ဟု ခေါ်ဆိုအပ်သည်၊ လိုရင်းမှာ "အကြိမ်-အကြိမ်" ကို ဆိုလိုသည်၊ ဤကဲ့သို့ လကျာ်ဘက်၏ လက်ဝဲသို့ တပုံ နှစ်ပုံ စသည်ဖြင့် ပတ်လျက် ပုံထားခြင်းကိုပင်လျှင် ငါတို့ကျေးဇူးရှင် ကန္နီမြို့ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီးသည် လုံ့လပြုခြင်း ရေတွက်ခြင်းကိုပင်လျှင် 'ဝါရ' ဟု ခေါ်ဆိုသမုတ်ဆုံးမတော်မူလိုက်၍ ငါတို့လဲဘဲ အစဉ်တလျှောက် 'ဝါရ'ဟုပင်သာ ဆုံးမတော်မူမြဲ ဓမ္မတာပင်တည်း။

### ပဌနည်းကို ပြခြင်း

ထွက်သည် ဝင်သည် တစ်၊
ထွက်သည် ဝင်သည် နှစ်၊
ထွက်သည် ဝင်သည် သုံး၊
ထွက်သည် ဝင်သည် လေး၊
ထွက်သည် ဝင်သည် ငါး၊
ထွက်သည် ဝင်သည် ခြောက်၊
ထွက်သည် ဝင်သည် ခုနစ်၊
ထွက်သည် ဝင်သည် ရှစ်၊

လကျာ်ဘက် လက်ဖမိုးပေါ်ကို ပုံထားပါ၊ ထပ်၍ ရှစ်ခုရှိအောင် ရေပါ၊ ရှစ်ခုပြည့်ပြန်လျှင် လကျာ်တတောင်ဆစ်ပေါ်မှာ ပုံထားပါ။ ထပ်၍ ရှစ်ခုရှိအောင် ရေပါ၊ ရှစ်ခုရှိပြန်လျှင် လကျာ်ပခုံးပေါ်မှာ ပုံထားပါ။ ထပ်၍ ရှစ်ခုရှိအောင် ရေပါ၊ ရှစ်ခုရှိပြန်လျှင် လကျာ်နားရွက်ပေါ်မှာ ပုံထားပါ။ ထပ်၍

ရှစ်ခုရှိအောင် ရေပါ၊ ရှစ်ခုရှိပြန်လျှင် လကျာ်ခေါင်းစောင်းမှာ ပုံထားပါ။ ထပ်၍ ရှစ်ခုရှိအောင်ရေပါ၊ ရှစ်ခုရှိပြန်လျှင် လက်ဝဲခေါင်းစောင်းမှာ ပုံထားပါ။ ထပ်၍ ရှစ်ခုရှိအောင်ရေပါ၊ ရှစ်ခုရှိပြန်လျှင် လက်ဝဲ နားရွက်ပေါ်မှာ ပုံထားပါ။ ထပ်၍ ရှစ်ခုရှိအောင်ရေပါ၊ ရှစ်ခုရှိပြန်လျှင် လက်ဝဲပခုံးပေါ်မှာ ပုံထားပါ။ ထပ်၍ ရှစ်ခုရှိအောင်ရေပါ၊ ရှစ်ခုရှိပြန်လျှင် လက်ဝဲတံတောင်ဆစ်ပေါ်မှာ ပုံထားပါ။ ထပ်၍ ရှစ်ခုရှိအောင်ရေပါ၊ ရှစ်ခုရှိပြန်လျှင် လက်ဝဲလက်ဖမိုးပေါ်မှာ ပုံထားပါ။

ဤနည်းအတိုင်း ထပ်ခါ ထပ်ခါ လကျာ်ဘက်ကစ၍ လကျာ်ရစ်ပတ်လျက် လက်ဝဲလက်သို့ ဆုံးသည့်တိုင်အောင် ထပ်၍ ထပ်၍ ပတ်နိုင်သမျှ ရေတွက်၍ပတ်ပါ၊ ဆရာက မမေးသမျှကာလပတ်လုံး မရပ်မနားရ မလျော့ရ၊ မည်ကဲ့သို့ အချိန် မည်ကဲ့သို့ နာရီ မပိုင်းမခြားပါနှင့်၊ မလုပ်လျှင် တသည့်တာဝန်၊ ခိုင်းသလိုလုပ်ပါလျက်နှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မရပါလျှင် ဆရာ့တာဝန်၊ ကြိုးစားကြလေတော့၊ အားရှိသင့် ထိုက်တန်လှပေ၏၊ အားကိုးထိုက်လှပေ၏၊တိုက်တွန်း ဝန်ခံသောသူသည် ပါရမီနှင့် လာခဲ့သော သူတို့ကိုသာ ဝန်ခံပေ၏ ဟူလို။

ဤအရာ၌ နောက်ပြခဲ့ပြီးသော ရှစ်ခု အစုအပုံတို့သည် ရှစ်ခုပြည့်မှ ပုံရပါမည်လားဟု တွေးတောထိုက်လှပေ၏၊ သို့သော် ငါးခုလည်း ပုံနိုင်ပါ၏၊ ဆယ်ခုလည်း ပုံနိုင်ပါသေး၏၊ ပုံခဲ့သော် ငါးခုတော့ အလွန်နည်းလွန်းလှ၏၊ ဆယ်ခုတော့ အလွန်များလွန်းလှ၏၊ အလယ်အလတ်ဖြစ်သော ရှစ်ခုကို ရေတွက်ရခြင်းသည် ငါတို့၏ ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ နည်း နိဿယ ဆိုဆုံးမတော်မူခဲ့သည့်အတိုင်း ငါတို့လဲဘဲ ဆရာတော်ဘုရားကြီး၏ အာဘောဂ ဝါဒတော်အတိုင်း သွန်သင်ဆုံးမ ပြသတော်မူမြဲတံထွာ ဓမ္မတာပင်တည်း ဟူ၍သာ မေးမြန်းဘွယ် ကင်းလေစွ ဟူလို။

ဤကဲ့သို့ အားထုတ်ခြင်းသည် အဘယ်ကိုထောက်၍ ခိုင်းသည်ကို သိလိုကြပါလျှင် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အလိုအားဖြင့် ရေတွက်ခြင်း ပုံထားခြင်း ဖွဲ့စည်းခြင်း စသည်ဖြင့် သိစေလိုလှလျက် ၎င်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ လာသောနည်း

ဖြင့် ဂဏန အနုပဗ္ဗန ဖုသန ဌပန သလ္လက္ခဏ ဝိဝဋ္ဋန ပါရိသုဒ္ဓိ ဟူသော ၇-ပါး သော နည်းဖြင့် ပြတော်မူ၏။

ဤကဲ့သို့ တခု နှစ်ခု စသည်ဖြင့် ဂဏနနည်းအားဖြင့် ရေတွက်ခြင်း,အနုပဗ္ဗန နည်းအားဖြင့် အစဉ်အတိုင်း ရှစ်ခုကို ဖွဲ့စည်းခြင်း, ဖုသနနည်းအားဖြင့် တွေ့ထိ ခြင်းကို သိခြင်း, ဌပနနည်းအရ အပြားအားဖြင့် ပုံထားခြင်း, သလ္လက္ခဏနည်း အားဖြင့် ကောင်းစွာမှတ်ခြင်းကို သိခြင်း,ဝိဝဋ္ဋနနည်းအားဖြင့် ဆိုအပ်ခဲ့ပြီးသော အကြောင်းနှင့် ပြည့်စုံခြင်း, ပါရိသုဒ္ဓိနည်းအားဖြင့် စင်ကြယ်ခြင်း အကျိုးနှင့် ပြည့်စုံလျက် ဤကဲ့သို့ အားထုတ်၍ ပြည့်စုံခြင်းရှိသော ပုဂ္ဂိုလ်သည် ယထာဘူတ ဟတ္ထမုဋ္ဌိနည်းကို ကိုယ်တွေ့ဒိဋ္ဌဖြစ်၍ အာနာပါန၏ ပဘာဝနတရားလေးပါးနှင့် ပြည့်စုံကြောင်းကို အတ္တဘာဝ အာဝိဘဝနာကာရဂုဏ်နှင့် တိုက်မိ၍ ရှူ-မရှူ သဘောကား ရှူရလေသည် ဟူ၍ငင်း, မရှူရလေသည် ဟူ၍ငင်း၊ ခြေဉ်.... ငါသည်ကား အဘယ်ကဲ့သို့ ဖြစ်ပုံကို အိပ်မက်တွင် မက်သောသူကဲ့သို့ ပြန်မပြော တတ်ပုံကို ဖြစ်ချေရကား ချုပ်ပုံကိုငင်း၊မချုပ်ပုံကိုငင်း ဆင်ခြင်၍ ငင်း ယောဂီ ၏ဖြစ်ပုံ အလိုကို ငင်း အဋ္ဌကထာရှင် အလိုအရ -

ဗဟိဝိသဋ္ဌဝိတက္က ဝိစ္ဆေဒံ ကတွာ အဿာသ ပဿာသာရမ္မဏေ သတိ သဏ္ဌပနတ္ထံ ယေဝ ဟိ ဂဏနာ ဟောတိ—

ဟု လာလေသောကြောင့် ကိုးစား အားထားရာ အထောက်အထား ဝိသေသ ခိုင်လုံလှ၍ အားထုတ်ကြကုန်သော ယောဂီအပေါင်းတို့အား များစွာ ရှိခဲ့လေကြောင်း ကြားဘူးခဲ့ရလှလေပြီ၊ မြင်လည်း မြင်ဘူးခဲ့ရလှလေပြီ၊ တွေ့ လည်း တွေ့ဘူးခဲ့ရလှလေပြီ၊ ကြိုးစားလိုလတ်က ကြိုးစားကြလေကုန်၊အားထုတ် လိုလတ်က အားထုတ်ကြလေကုန်၊ယောဂီအပေါင်းတို့ သတိရှိကြစေ။ ဤနေရာ ၌ မေတ္တာရှေ့ထား၍ ရေးသားခဲ့ရလေ၏၊ ရေးရသည်မှာကား "လမ်းဆုံစာရေး နှုတ်ခမ်းမွေးမီး" ဆိုသည့်စကားလို ပြောရမည်ဆိုပါက သိလိုကြပေလိမ့်မည်၊ လမ်းဆုံစာရေး နှုတ်ခမ်းမွေးမီး ဆိုသည်ကား—

လမ်းဆုံမှာ စာရေးထားသည်တဲ့"နှုတ်ခမ်းမွေးနှင့်လူ ဆေးလိပ်မသောက်ရ" သို့သော် နှုတ်ခမ်းမွေးနဲ့ လမ်းလာသော လူတယောက်က ထိုစာကို မော့ကြည့်ပြီး

အောင်မယ် ငါ့ဆေးလိပ်ငါသောက် ဘာပြုတုန်း ဆိုတဲ့ပြီး မီးခြစ်ကိုခြစ်ထည့်၍ ဆေးလိပ်ကို မီးညှိလေရာ ဆေးလိပ်ကိုမငြိ နှုတ်ခမ်းမွေးမီးထိ၍ ညှိကာမှ မီးတောက်ကြီး ဟုန်းဟုန်းတောက် မျက်နှာကို လောင်မြိုက်ပါကမှ အောင်မယ် ဟုတ်သဟေ့ ကိုယ်တွေ့ဟု ပါးစပ်က ရွတ်ဆိုလျက် စာကိုသာ ဆက်၍ ရေးခဲ့ပြန်သတဲ့၊ ဤကဲ့သို့ ဤနေရာမှာလည်း ဤဒေသနာအရ တကယ် အားထုတ်လိုကြကုန်သော ယောဂီအပေါင်းတို့အား ဟုတ်သဟေ့ ကိုယ်တွေ့လို့သာ "ဗဟိဝိသဋ္ဌဝိတက္က ဝိစ္ဆေဒံ"အရ အနက်ဖြင့် သမ္ဘန်ခဲ့မည်မှာ -

ဂဏနာ၊ ရေတွက်ရခြင်းမည်သည်။ ဗဟိ၊ အပ၌။ ဝိသဋ္ဌဝိတက္က ဝိစ္ဆေဒံ၊ ပြေးသွား၍လာသော စိတ်ဝိတက်အစဉ်၏ ဖြတ်ခြင်းကို။ ကတွာ၊ ပြတ်သည်ကို ပြု၍။အဿာသ ပဿာသာရမ္မဏေ၊ ထွက်သက် ဝင်သက် အာရုံ၌။ သတိသဏ္ဌာပနတ္ထံယေဝ၊ သတိကိုကောင်းစွာ ထားနိုင်စေခြင်းအကျိုးငှါ သာလျှင်။ ဂဏနာ၊ ရေတွက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အဲ ဤကဲ့သို့ အပ၌ စိတ် ဝိတက်အစဉ် ပြတ်ကြောင်းကို ၎င်းအဋ္ဌကထာ၌ လာသော ဒေသနာကို ထောက်သောအားဖြင့် စိတ် ဝိတက်ပြတ်ကြောင်းနှင့်တကွ ချုပ်ပုံကို မိမိကိုယ်တိုင် သန္ဒိဋ္ဌ သမ္ပတ္တဖြင့် တွေ့ကြုံကြကုန်သော ယောဂီအပေါင်းတို့သည်ကား ပါရမီ အားလျော်စွာ အလွန်များလှပေပြီဟု အားကိုးအားထား ဟတ္ထမုဋ္ဌိ နည်းရကြ၍ ဤသာသနာတော်ကြီးဝယ် ထင်ရှားစွာ ပေါ်ပေါက်ကြပါ၍ ဤစာတမ်းဖြင့် ဖတ်ရှု၍ သုတမယဉာဏ်ဖြင့် ရကြကုန်သော အကြင်ပါရမီ ယောဂီရှင်တို့မှာကား ငါတို့လဲဘဲ အတုမြင်၍ အတုခိုး အမြင်ခိုးဖြင့် နှလုံး နှစ်သိမ့်တော်မူကြ၍ ပြည့်စုံရတော့မည် အမှန်ပေဟု ယခု စာတမ်းဖြင့် ဖတ်ရှုသည်၏အဆုံး၌ ကလျာဏမိတ္တကို ရှာမှီး၍ ပြသတတ်သော ဆရာသို့ ချဉ်းကပ်လျက် အားထုတ်ပါက ရကြရတော့မည် မလွဲသာတော့ပေ။

အဲ့ ဤကဲ့သို့ အကြောင်း အကျိုး အမျိုးမျိုးတို့ကို ဆက်စပ်၍ ကြိုးစားပါက ဂဏန အစဉ်နှင့်တကွ အားထုတ်ကြပါက တချိန်သော ကာလ၌ပင်လျှင် စိတ် ဝိတက် အစဉ်ပြတ်ပြီး ဩော်....ငါကား အဘယ်လိုဖြစ်ပါလိမ့်မည်နည်းဟု ရှုရှိုက်ခြင်းမှ ကင်းပြီး တွေးတော ဒွိဟဖြစ်လျက် (သတိ) အသင်ယောဂီ တရားသို့မရောက်သေးပါ၊ကာမနယ်အလွန် သမာဓိချုပ်ကာမျှသာ ရှိသေးသည်၊

မမြှော်ပါနှင့်၊ ဘုရားတရား မရောက်သေးပါ၊ ဆရာ့စကား နားထောင်ပါ၊ ဤနေရာ၌ ပြသသော ဆရာတို့သည် တာဝန်ကြီးစွာဖြင့် ဂရုစိုက်ပါ၊ အချို့အားထုတ်သော ယောဂီရှင်တို့သည် စိတ်အထင် ကြီးတတ်သည်၊ ဒေသနာအလိုအားဖြင့် ပဘာဝနတရား လေးပါးနှင့် ပြည့်စုံရှိသာ ရှိသေးသည်၊ ဝိသုဒ္ဓိမဂ်အလိုမှာ တိုက်ရိုက်ပြပါ၏၊ ကြည့်တော်မူကြပါလေ၊ ၎င်းမဟာဋီကာအလိုကို ခိုင်လုံစွာ ဘွင့်ပြလိုက်မည်၊ အကြင်ပါရမီရှင် ယောဂီအပေါင်းတို့ မပျင်းကြပါနှင့်၊ ဆုံးအောင် ရှေ့နားမှာ ကြည့်ကြပါလေ။

ပဘာဝနာဟောတီတိ ယဒိပိ ဩဠာရိကာ ကာယသင်္ခါရာ ပဋိပဿမ္ဘယန္တိ၊ သုခုမာ ပန အတ္တေဝါတိ အနုက္ကမေန ပရမသုခုမဘာဝပ္ပတ္တာ ဝသေန နိမိတ္တုပ္ပတ္တိယာ အာနာပါနဿတိယာ အာနာပါနဿတိသမာဓိဿ စ ဘာဝနာ ဣဇ္ဈတေဝါတိ အဓိပ္ပါယော။

ဝိသုဒ္ဓိမဂ် မဟာဋီကာ၊

အနက်ကား ပဘာဝနာဟောတီတိ၊ ပဘာဝနာဟောတိ ဟူသည်ကား။ ဩဠာရိကာ၊ ရုန့်ရင်းကြမ်းတန်းကုန်သော။ ကာယသင်္ခါရာ၊ ကာယသင်္ခါရတရားတို့သည်။ ယဒိပိ ပဋိပဿမ္ဘယန္တိ၊ အကယ်၍ ငြိမ်းကုန်သည်ဖြစ်အံ့။သုခုမာ ပန၊ ဝိစေတဗ္ဗ ဖြစ်သော ထွက်သက်ဝင်သက်တို့သည်ကား။ အတ္တေဝ-အတ္ထိဧဝ၊ ရှိတော့သည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ပရမသုခုမဘာဝပ္ပတ္တာ၊ အလွန်နူးညံ့သိမ်မွေ့လှစွာသော ထွက်သက်ဝင်သက်၏။ ဝသေန၊အစွမ်းအားဖြင့်။ နိမိတ္တုပ္ပတ္တိယာ စ၊ နိမိတ်ဖြစ်ခြင်း၏ရင်း။ အာနာပါနဿတိယာ စ၊ အာနာပါနသတိ၏ရင်း။ အာနာပါနဿတိသမာဓိဿ စ၊ အာနာပါနသတိသမာဓိ၏ရင်း။ ဘာဝနာ၊ ပြည့်စုံခြင်းတည်းဟူသော ဘာဝနာသည်။ ဣဇ္ဈဘေဝ၊ ပြီးတော့သည်သာလျှင်တည်း။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ ပဌမ စတုက္က ဝါရ၏ အဓိပ္ပါယ်တည်း။

အဲ· ဤကဲ့သို့ "ဝါတုပလဒ္ဓပဘာဝနာ၊ အဿာသပဿာသပဘာဝနာ၊ အာနာပါနဿတိပဘာဝနာ၊ အာနာပါနသမာဓိပဘာဝနာ"ဟု ဆိုအပ်သော ၄-ပါးသော ပဘာဝနာတရားနှင့် ပြည့်စုံသော ယောဂီပုဂ္ဂိုလ်သည် ခန္ဓာကိုယ်

အလုံး၌ ဖလ်တုံး, မြသား, ပုလဲသွယ်, ဖလ်တိုင်ကြီးကဲ့သို့ ပဋိဘာဂနိမိတ်ထင်မြဲတံထွာ ဓမ္မတာဖြစ်၍ အသင်ယောဂီ၏ ပါရမီသည် မုချ တိဟိတ်ပဋိသန်ကမ္မဇဉာဏ်ပညာရှင်နှင့် ပြည့်စုံသောသူဟူ၍ မဟာဝိပါက် ဉာဏသမ္ပယုတ် ပဋိသန္ဓေ နေလင့်သသူ ဖြစ်ရကား ရှေးရှေးသော ဆရာတော်ကြီးတို့၏ အဆုံးအမစကားတော်ကို နာခံ မှတ်သား ကြားနာဘူးခဲ့ရလျက် ထိုမှတပါးလည်း ပဏ္ဍိတဝေဒနီယဆရာတော် သေက္ချတောင် ဦးတိလောက ရေးသားသော ၄၅၉-နံပါတ် အဆုံးအဖြတ် တွေ့ရလေသောကြောင့်ရင်း၊ ယခုစာတမ်းဖြင့် ရေးသားအပ်သော ငါ ထေရတိဿ အရှင်လဲဘဲ ပဋိဘာဂနိမိတ်နှင့် ပြည့်စုံ၍ ဥပစာရစခန်းသို့ ရောက်ခဲ့လျှင် တိဟိတ်ပဋိသန် ကမ္မဇဉာဏ် ပညာရှင်ဟူ၍ သဘောကျခဲ့လေသောကြောင့် အဘယ်ကြောင့် ဆိုရချေသော် ပဋိဘာဂနိမိတ် ပြည့်စုံပုံကို ပြလို၍—

ပဋိဘာဂနိမိတ္တံ ထဝိကတော နီဟတာဒါသမဏ္ဍလံ ဝိယ သုဓောတ သင်္ခထာလံ ဝိယ ငဋ္ဌာဟကန္တရာ နိက္ခန္တစန္ဒမဏ္ဍလံ ဝိယ မေဃမုခေ ဗကာဝိယ ဥဂ္ဂဟနိမိတ္တံ ပဒါလေတွာ နိက္ခန္တမိဝ တတော သတဂုဏံ သဟဿဂုဏံ သုပရိသုဒ္ဓံ ဟုတွာ ဥပဋ္ဌာတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** ပဋိဘာဂနိမိတ္တံ၊ပဋိဘာဂနိမိတ်သည်။ ထဝိကတော၊အအိမ်မှ။ နီဟတာဒါသမဏ္ဍလံဝိယ၊ ထုတ်၍ ပြအပ်သော ကြေးမုံ မှန်ဝိုင်းကဲ့သို့ရင်း။ သုဓောတသင်္ခထာလံဝိယ၊ ပွတ်သစ်သောခရုသင်းကဲ့သို့ရင်း။ ဝဋ္ဌာဟကန္တရာ၊ တိမ်တိုက်ကြားမှ။ နိက္ခန္တစန္ဒမဏ္ဍလံဝိယ၊ ပေါ်ထွက်၍လာသော လပြည့်ဝန်းကဲ့သို့ရင်း။ မေဃမုခေ၊ မိုဃ်းတိမ်ညိုဝ၌။ ဗကာဝိယ၊ ဗျိုင်းဖြူပျံသန်းသကဲ့သို့ရင်း။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်ကို။ ပဒါလေတွာ၊ ဖောက်ခွဲ၍။ နိက္ခန္တမိဝ၊ ပေါ်ထွက်၍လာသကဲ့သို့။ တတော၊ထို့ထက်အလွန်။ သတဂုဏံ၊အရာများစွာ။ သဟဿဂုဏံ၊ အထောင်များစွာ။ သုပရိသုဒ္ဓံ၊ ထက်ဝန်းကျင်မှစင်ကြယ်သည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်လာ၏။

အဲ ဤကဲ့သို့ ဤနေရာ၌ အရိယာဖြစ်မည့် ပုဂ္ဂိုလ်လောင်းလျာ တို့သည် နိမိတ်ထင်မြဲတံထွာ ဓမ္မတာတို့ကို အကဲခပ်၍ တိဟိတ်ပုဂ္ဂိုလ် ဟုတ်မဟုတ်ဖြင့်

ရင်းအဋ္ဌကထာဆရာ အလိုတော်နှင့် ယခုစာတမ်းဖြင့် ရေးသားပြသသော ကမ္မဋ္ဌာနာစရိယ ဆရာတော်တို့၏ သတိမူလိုရခြင်းသည် ဤနေရာ၌ပင် ရင်းစာတမ်းဖြင့် ဖတ်ရှုအပ်သော စာဖတ်ပရိသတ်တို့၏ အလိုအားဖြင့် အကဲခပ် ကြစေလိုကြောင်း အမြင်ဉာဏ်ဖြင့် နက်နဲတော်မူကြပါကုန်။

ဤအရာ၌ ဤယောဂီသည် ပဋိဘာဂနိမိတ်ဖြင့် ပြည့်စုံ၍ သပ္ပုရိသူပ ဆရာ လိမ်မာပါက မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ရောက်၍ သံသရာက လွတ်တော့မည်၊ ကြိုးစားပါ၊အသင်ယောဂီ သူတော်ကောင်းတို့ ကပ်လျက်နေပေပြီ၊ ရွှေသို့ မဝေး တော့ပါ၊ ယခု စာရေးသော ထေရ်အရှင်သည် အားအဆင့် ပေးလိုက်ပါ၏၊ မလျှော့ပါနှင့်၊ ဤမျှလောက်နှင့် ဘုရားရှင်၏ အလိုတော် မရောက်သေးပါ၊ ကာမာဝစရနယ် လွတ်ကာမျှ နိဝရဏတရားငြိမ်းကာမျှသာ ရှိသေး၏၊ ကြိုးစား ပါလေ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်နှင့် အဝေးကြီးရှိသေးသည်၊ အစကောင်း အနှောင်း သေချာ - ဟူသောစကားကဲ့သို့ အားထားနိုင်ပါ၍ အရိယာလောင်း အမှန်ဖြစ် ကြောင်းဖြင့် မုချဆုံးဖြတ်လျက် နေယျပုဂ္ဂိုလ်တို့အရာ ဝီရိယကိုဘဲ အားကိုးရ မှာဘဲလို့ ဘုရားကိုယ်တော်မြတ် အားပေးတော်မူခဲ့တဲ့ ဥဒါန်းဒေသနာတော် တရပ်ကို ထောက်ရသော်--

ကာမံ တစော စ နှာရု စ အဋ္ဌိ စ ဥပဿတု အဝသုဿတု မေ သရီရေ မံသလောဟိတံ ယံ တံ ပုရိသထာမေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ၊ န တံ အပတွာန ဝီရိယဿ သဏ္ဌာနံ ဘဝိဿတိ။

**အနက်ကား** မေ၊ ငါ၏။ သရီရေ၊ ကိုယ်၌။ မံသလောဟိတံ၊ သွေးသား ဟူသမျှသည်။ အဝသုဿတု၊ ခြောက်မူလည်း ခြောက်ခန်းပလေစေ။ ကာမံ၊ စင်စစ်သော်ကား။ တစော စ၊ အရေသည်၎င်း။ နှာရု စ၊ အကြောသည်၎င်း။ အဋ္ဌိ စ၊ အရိုးသည်၎င်း။ ဥပဿတု၊ ကွဲမူလည်း ကွဲပလေစေ။ ယံ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ ပုရိသထာမေန၊ ယောကျ်ားတို့၏ အားအစွမ်းဖြင့်၎င်း။ ပုရိသ ပရက္ကမေန၊ ယောကျ်ားတို့၏ အားလုံ့လဖြင့်၎င်း။ ပတ္တဗ္ဗံ၊ ရောက်အပ်၏။ တံ၊ ထိုနိဗ္ဗာန်ကို။ အပတွာန၊ မရောက်ခဲ့သည်ရှိသော်။ ဝီရိယဿ၊ ဝီရိယ၏။ သဏ္ဌာနံ၊ ဆုတ်နစ်ခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်ရလတ့်။

အဲ-ဤကဲ့သို့ မိမိကိုယ်ကို မိမိအားပေးပြီး ကိုယ်တော်မြတ်၏ ရွှေမျက်နှာတော်ကို ထောက်သောအားဖြင့် ဤဗုဒ္ဓုပ္ပါဒ နဝမခေတ်တော်ကြီးမှာ မနုဿတ္တဘာဝ ဒုလ္လဘ ကြုံကြိုက်ကြရပါ၍ နေယျပုဂ္ဂိုလ်တို့အရာမှာ ဝီရိယကိုသာ အားကိုးပါမှ မဂ်အဖြစ် ဖိုလ်အမှန် ရကြစေရန် အသင်စာဖတ်ပရိသတ် ယောဂီအပေါင်းတို့အား ဤနေရာက တိုက်တွန်းလိုက်ရသည့်အကြောင်း ပရိကမ္မနိမိတ်နှင့် ပြည့်စုံပြီးဖြစ်ပါလျက် သုံးတတ်လျှင် ရောက်တော့မည်သာ အသင်ယောဂီရှင်တို့။

အဲ-ဤကဲ့သို့ ဆရာ၏အားပေးမှုကို ဝီရိယတင်းပြီး ကြိုးစားပါက သူ့သဘောနှင့်သူ ချိုက်ခနဲ စိတ်ဝိတက်အစဥ် ပြတ်သွားပြီး လေးပါးသော ပဘာဝနှင့် ပြည့်စုံလျက် ဝိစေတဗ္ဗဂုဏ်နှင့် ညီစွာ မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ၊ ဤသည်လျှင် နောက်ကပြခဲ့သော ဗဟိဝိသဋ္ဌဝိတက္က ဝိစ္ဆေဒံ ကတွာ စသော အဋ္ဌကထာလာသည်နှင့်အညီ မုချအားဖြင့် မှန်ပေစွ ဟု ဤကား စိတ်ဝိတက် အစဥ်ပြတ်၍ ကာမာဝစရ ဥပစာရသမာဓိမျှသာ ရှိသေး၏၊ မဂ်သို့ မရောက်တတ်သေးပါ၊ နီးတော့နီးပေပြီ၊ဆရာကောင်းမှ ရောက်မည်၊ ဤနေရာတွင် တန့်ရပ်ပြီး အဓိမာနဖြစ်၍ နေသော ယောဂီများ တွေ့ဘူးလှလေပြီ၊ ပဌမစတုက္ကနှင့်သာ အချိန်ကုန်၍ နေတော့၏၊ ဤနေရာလောက် ပြတတ်ကာမျှဖြင့် ဆရာအကိုးကွယ်မှားမိလျှင် ကပိလဆရာကို ကိုးကွယ်မှားသော ရှေးပေါရာဏ လူအများကဲ့သို့ ဖြစ်တတ်သည်၊ ဆရာကောင်းကို ရှာကြစေကုန်လော၊ ဆရာမမှန်လျှင် ဘဝတသက် ရှုံးတတ်လှလေ၏၊ဤကဲ့သို့ အရာဝယ် ရှေးဆရာတော်ကြီးတို့ စပ်ဆိုတော်မူခဲ့သည်မှာ--

ဘဝတသက်၊ရှုံးရချက်လည်း၊မြုပ်မြဲမျော၊မြဲ၊တလဲလဲ၊မလွဲခုတိုင် ရှိကြသော်-ဟူ၍ဂုဏ်း။

ဟောတိုင်း ပြောတိုင်း၊ ချင့်စာနှိုင်း၊ ရေးတိုင်း မယုံနှင့်- ဟူ၍ဂုဏ်း သတိပေးရေးခဲ့လေသည်၊ သို့ပါ၍ သတိရှိကြစေ ယောဂီတို့။

သမာဓိချုပ်ပုံနှင့် မဂ်ဉာဏ်ချုပ်ပုံကို ကွဲပြားကြစေ၊ လိုရင်းမှာကား လောကီချုပ်နှင့် လောကုတ္တရာချုပ်သာ ထူး၏၊ "မသိလျှင်မေး မစင်လျှင်ဆေး" ဟူသည့်

စကားလို ဤနေရာ၌ ကာမာဝစရ သမာဓိဖြစ်၍ ကာမာဝစရ ဘာဝနာအလုပ်သည် နိဝရဏငြိမ်းတည့်ပြီး လှစ်ခနဲ ဥပစာရသမာဓိပေါ်သို့ ရောက်လျက် ပဌမဝါရ၏ စတုက္ကနည်း ဟူလိုသည်။

ဘာကြောင့် သိရမည်နည်းဆိုသော် ပဌမစတုက္က ဥပစာရသမာဓိတို့ မည်သည်မှာ ဈာန်ဇောကိစ္စဖြစ်၍ ထိုဈာန်ဇောစိတ်သည် ယခုအခါ၌ သုက္ခဝိပဿကခေတ်ကိုင်၍ ခန္ဓာအားကို မဆောင်နိုင်တော့ပါ၊ ထိုခန္ဓာအားကို မဆောင်နိုင်လေသောကြောင့် ခန္ဓာအားနည်းသော ပုဂ္ဂိုလ်တို့မှာကား မြေသို့ လိမ့်လည်းတတ်၏၊ ဥပမာဆောင်၍ ပြဦးအံ့။

အလွန်ငယ်လှစွာသော သတ္တိုသားလေးကို မိဘ ဘိုးဘွားတို့က ချစ်စနိုးစွာဖြင့် "ရပ်နိုင်ရပ်နိုင်"ဟူ၍ငင်း၊"တောင့်နိုင်တောင့်နိုင်"ဟူ၍ငင်း လက်ပေါ်သို့တင်ထားလျက် ထောင်ထားအပ်သည်ရှိသော် ငင်းသတ္တိုသားငယ်လေးသည် အားပေးသော လက်အရှိန်ရှိခိုက်တွင် ထောင်၍ တည်၍ နေနိုင်ပေ၏၊ လက်ရှိန်အားမရှိသည့် အခါမှာ ထိုသတ္တိုသားငယ်ကလေးသည် မြေသို့ လိမ့်လည်း၍ကျသကဲ့သို့ ဤနေရာ၌ စောင့်ရှောက်သူ မလိမ်မာပါက ထိုသတ္တိုသားငယ်သည် မြေသို့ ကျတော့မည်မှာ မလွဲသာပေ။

ထိုဥပမာမူ အလားတူ ဥပစာရသမာဓိနှင့် ပဌမစတုက္ကနည်းနှင့် ပြည့်စုံသော ယောဂီတို့သည် ကာမာဝစရအလွန် အပ္ပနာသို့ အဆိုက် ကာမာဝစရဇေါတြဘူအဖြတ်လိုင်းတွင် ချိုက်ကနဲ ဉာဏ်မနိုင်လိုက်ပါက ဥပမာယူ သတ္တိုသာမူကဲ့သို့ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ နိဒ္ဒေသအလာအရ—

ယထာနာမ ဒဟရော ကုမာရကော ဥက္ခိပိတွာ ထပိယမာနော ပုနပ္ပုနံ ဘူမိယံ ပတတိ၊ ဧဝမေဝ ဥပစာရေ ဥပ္ပန္နေ စိတ္တံ နိမိတ္တမာရမ္မဏံ ကရောတိ။

ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ လာတော်မူလေသောကြောင့် နောက်ကပြခဲ့သော သတ္တိုသားမူ အလားတူ ခန္ဓာအားကို မဆောင်နိုင်ပါ၍ မြေသို့ကျလိုရကား၊ ဝါ သက်လိုရကား အတွေ့အမြနေအားဖြင့် ယောဇနာရမည်မှာ—

ယထာနာမ၊ ဥပမာမည်သည်ကား။ ဒဟရော၊ ငယ်လှစွာသော။ ကုမာရကော၊ သတို့သားလေးသည်။ ဥက္ခိပိတွာ၊ ထူမ၍။ ထပိယမာနော၊ ထားအပ်သည်ရှိသော်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဘူမိယံ၊ မြေ၌။ ပတတိ၊ လည်းကျ၏။ ဧဝ-မေဝ- ဧဝံတထာ၊ ဤအတူသာလျှင်။ ဥပစာရေ၊ ဥပစာရသမာဓိသည်။ ဥပ္ပန္နေ၊ ရောက်လတ်သည်ရှိသော်။ စိတ္တံ၊ စိတ်သည်။ ကာလေန၊ ရံခါ။ နိမိတ္တမာရမ္မဏံ၊ နိမိတ်ဟု ဆိုအပ်သော သဘာဝ အာရုံကို။ ကရောတိ၊ ပြုတတ်၏။

အဲ ဤကဲ့သို့ ရင်းအဋ္ဌကထာအရ ကိုယ်တွေ့ မျက်မြင် ဥပစာရသမာဓိ ထင်ရှားစွာဖြစ်ပုံ ဓမ္မာဓိဋ္ဌာန်ကို ထားဘိဦးတော့ ပုဂ္ဂလာဓိဋ္ဌာန်မှာပင် ထင်ရှားတော်မူလှ၍ မကျင့်ကြံ မကြိုးကုတ် အားမထုတ် ကြကုန်သေးသော သူတို့အားမှာကား အားကျစေခြင်းအကျိုးငှါ ဥပစာရသမာဓိ ဖြစ်ခဲ့လို့ရှိလျှင် အပ္ပနာသမာဓိ ဖြစ်ကြောင်းသိလို၍ ရင်း အဋ္ဌကထာက နိဒ္ဒါရဏ ဂုဏ်လဒ္ဓအရ ပြတော်မူရမည်မှာ ဥပစာရသမာဓိနောင် အပ္ပနာသမာဓိဖြစ်ကြောင်း အခါကာလ ဝီထိစိတ် မပြောင်း ဆက်၍သာ တဒနုဝတ္တကဝီထိဖြစ်ကြောင်း ခိုင်လုံစွာဖြင့် ခန္ဓာကိုယ်တောင့်တင်း၍ တနေ့လုံး တညဉ့်လုံး ရပ်တည်၍ နေနိုင်ကြောင်း ဌာနူပစာရအားဖြင့် ရင်း အဋ္ဌကထာ ဘွင့်ပြတော်မူခဲ့ကြောင်းကို–

ယထာနာမ ဗလဝါ ပုရိသော အာသနာ ဝုဋ္ဌာယ ဒိဝသမ္ပိ တိဋ္ဌေယျ၊ ဧဝမေဝ အပ္ပနာသမာဓိမှိ ဥပ္ပန္နေ စိတ္တံ သကိံ ဘဝင်္ဂဝါရံ ဆိန္ဒိတွာ ကေဝလမ္ပိ ရတ္တိံ ကေဝလမ္ပိ ဒိဝသံ တိဋ္ဌတိ။

**အနက်ကား** ယထာနာမ၊ ဥပမာမည်သည်ကား။ ဗလဝါ၊ အားရှိသော။ ပုရိသော၊ ယောကျ်ားသည်။ အာသနာ၊ နေရာမှ။ ဝုဋ္ဌာယ၊ ထတည့်၍။ ဒိဝသမ္ပိ၊ တနေ့လုံးသော်လည်း။ တိဋ္ဌေယျ၊ ရပ်တည်နိုင်ရာ၏။ ဧဝမေဝ၊ ဤအားရှိသောမူ ယောကျ်ား အတူသာလျှင်။ အပ္ပနာသမာဓိမှိ၊ အပ္ပနာသမာဓိသည်။ ဥပ္ပန္နေ၊ ရောက်လတ်သည်ရှိသော်။ စိတ္တံ၊ စိတ်သည်။ သကိံ၊ တကြိမ်။ ဘဝင်္ဂ-ဝါရံ၊ ဘဝင်၏အလျင်ကို။ ဆိန္ဒိတွာ၊ ဖြတ်တည့်၍။ ကေဝလံ၊ သက်သက်။ ရတ္တိမ္ပိ၊ တညဉ့်လုံး၌ရင်း။ ကေဝလံ၊ သက်သက်။ ဒိဝသမ္ပိ၊ တနေ့လုံး၌ရင်း။ တိဋ္ဌတိ၊ ရပ်တည်နိုင်တော့၏။

အဲ ဤကဲ့သို့ အပ္ပနာနှင့်ပြည့်စုံ၍ ထင်ရှားစွာ အားထုတ်ခဲ့လို့ရှိလျှင် ဖြစ်နိုင်ကြောင်း မျက်မြင်ဒိဋ္ဌ အားထုတ်၍ ရဘူးသူ ရှိကြ၏-ဟု ယခု သာသနာတော်၌ ယခုစာတမ်းဖြင့် ရေးသားသော ဆရာတော်တွင်မက လူတရာလျှင် ငါးဆယ် ရနိုင်ကြောင်း ရေးစဉ်လာ မာန်လည်ဆရာတော် ဘုရားကြီးတို့မှသော်လည်း တာဝန်ခံစာတမ်း ရေးထုတ်၍ ထားသည်ကို တွေ့ဘူးခဲ့ရသည်မှာ တွေ့ပုံစာတမ်း ကလေးကား -

လမ်းမှန် ဉဿာဟ၊ လုပ်က မဖြစ်၊ ခေတ်ဟိတ်ဆရာချ၊ ဤစာအရ ဤနေရာ၌ ခေတ်ဟိတ်နှင့် ပြည့်စုံပါက မဖြစ်လျှင် ဆရာတာဝန်သာ ချရမည်မှာ မလွဲသာ ပြန်၍ ရေးသားလိုက်ပါဦးအံ့။

လမ်းမှန် ဉဿာဟ၊ လုပ်က မဖြစ်၊ ခေတ်ဟိတ်ဆရာချ၊ ပဟိတတ္တ၊ လောကစုံလင်၊ ရာလျှင် ငါးဆယ်၊ ဖြစ်ဘွယ် သေချာ၊ မဟာသီဝ၊ သုံးဆယ်မှရ-ဟု စပ်ဆိုတော်မူခဲ့သည် ကို ထောက်တော်မူကြပါသဖြင့် မဖြစ်လျှင် ဆရာ၏ တာဝန်လို့ ဆိုရပေမည်၊ ၎င်း ဆရာ က ပြည့်စုံလျှင် တပည့်၏ ဟိတ် ပညာ မပြည့်စုံဟု ဆိုရပေမည်၊ မည်သူ့ကိုမှ အပြစ်တင် မစောကြပေနှင့်တော့၊ ရှေးဉာဏ်တော်ရှင် သော်မှလည်း—

"န သက္ကာတိ ဒုဒ္ဒသံ" ဟူ၍ ဟောတော်မူသည်ကို သတိရှိကြစေလို၏၊ သို့ပါမူ၍ ၎င်းအဋ္ဌကထာက ဥပမာထား၍ အားရှိလှစွာသော ယောကျ်ားသည် နေရာမှထပြီး၍ တနေ့လုံး ရပ်တည်နိုင်ကြောင်း ခိုင်လုံလှစွာဖြင့် လက်သန်း အဋ္ဌကထာ အရှင်အနုရုဒ္ဓါက မှန်ပေစွ ဟု ချီးကျူးအပ်သော စကားဖြင့် အားလုံးသော ယောဂီအပေါင်းတို့ အပြစ်တင်ကင်းကြစေရန် အပ္ပနာဇောတို့ မည်သည်မှာ ဂ္ဂရိယာပုထ် ခိုင်မာစေကြောင်းဖြင့် ဆင့်လောင်းတော်မူသည်မှာ—

အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ -

ဟု အတ္ထဖြင့် ယောဇနာလိုက်သည်မှာ -

အပ္ပနာဇဝနံ၊ အပ္ပနာဇောဆဝ္ဗိသသည်။ ဣရိယာပထမ္ပိ၊ ဣရိယာပုထ် ကိုလည်း။ သန္နာမေတိ၊ ညွတ်စေ၏။ ဝါ-ခိုင်စေ၏လည်းဟူ။

အဲ ဤကဲ့သို့ အပ္ပနာနှင့် ပြည့်စုံကြပါလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ကူးပြောင်းနိုင်တော့၏ဟု ယုံကြည်တော်မူကြစေရန် တိုက်တွန်းလိုက်ရပေသတည်း၊ သတိရှိကြစေလိုကြောင်း ဤနေရာ၌ အဘယ်လို သိနိုင်၍ တာဝန်ခံသည်ကို သိချင်ကြပေလိမ့်မည်၊ လိုရင်းမှာတော့ မဟာကုသိုလ်ဇောနှင့် တကွ ဥပစာရ အပ္ပနာဇောဖြစ်ပုံ ထင်ရှားစေလိုရကား လက်သန်း အဋ္ဌကထာဆရာ ဋီကာဟောင်းအလိုအရ ပြလိုက်ရမည်မှာ—

ဥပစာရကမ္မဋ္ဌာနေ အပ္ပနာကမ္မဋ္ဌာနေ စ ဝိပဿနာ ဘာဝပ္ပတ္တော ကာမာဝစရ သမာဓိသခ်ါတော ဥပစာရသမာဓိ ရူပါရူပဈာနသခ်ါတော အပ္ပနာသမာဓိ စာတိ ဒုဝိဓောပိ သမာဓိ ဝိမောက္ခ သမ္ဘာရဘူတတ္တာ စိတ္တဝိသုဒ္ဓိ နာမ။

**အနက်ကား** ဥပစာရကမ္မဋ္ဌာနေ စ၊ ဥပစာရကမ္မဋ္ဌာန်း၌ရင်း။ အပ္ပနာကမ္မဋ္ဌာနေ စ၊ အပ္ပနာကမ္မဋ္ဌာန်း၌ရင်း။ ဝိပဿနာဘာဝပ္ပတ္တော၊ ဝိပဿနာဉာဏ်သို့ ရောက်ကြောင်းဖြစ်သော။ ကာမာဝစရသမာဓိသခ်ါတော၊ ကာမာဝစရသမာဓိဟု ဆိုအပ်သော။ ဥပစာရသမာဓိ စ၊ ဥပစာရသမာဓိရင်း။ ရူပါရူပဈာနသခ်ါတော၊ ရူပဈာန် အရူပဈာန်ဟု ဆိုအပ်သော။ အပ္ပနာသမာဓိ စ၊ အပ္ပနာသမာဓိရင်း။ ဣတိဣမိနာပဘေဒေန၊ ဤသို့သော အပြားအားဖြင့်။ ဒုဝိဓောပိ၊ နှစ်ပါးအပြားရှိသည်လည်း ဖြစ်သော။ သမာဓိ၊ သမာဓိသည်။ ဝိမောက္ခသမ္ဘာရဘူတတ္တာ၊ မဂ်ဉာဏ်သို့ ရောက်ကြောင်း အဆောက်အဦဖြစ်သည်၏ အဖြစ်ကြောင့်။ စိတ္တဝိသုဒ္ဓိနာမ၊ စိတ္တဝိသုဒ္ဓိမည်သည်။ ဟောတိ၊ ဖြစ်၏။

ဤနေရာတွင် နောက်ကပြခဲ့သော မဟာကုသိုလ်ဇောနှင့်တကွ ရူပါရူပအစ ရှိသော ဥပစာရ အပ္ပနာ နှစ်ရပ်ဖြစ်ပြီး စိတ္တဝိသုဒ္ဓိ ဖြစ်ပေပြီဟု တာဝန်ခံ၍ ထိုအရှင်သည် ရေးသားလိုက်ရသော အကြောင်းပေတည်း ဟု သတိရှိကြစေလို၍ အားလုံးသော ယောဂီအပေါင်းတို့ သို့ပါမူ၍ "လိုရစေ-ကြိုးနဲ့ခွေ့,ကိုယ်မသုံးလျှင်-လွတ်မပစ်နဲ့" ဆိုသော စကားကဲ့သို့ ပေါရာဏစဉ်လာ စကားအရ ဉာဏ်ဖြင့်သက်ဝင်၍ အရဆောင်ထားကြစေကုန်သတည်း။

ဤကဲ့သို့ အဋ္ဌကထာ ဆရာကြီးတို့သည် နောင် သာသနာ သိဿာနုသိဿ တို့အား မှာထားတော်မူလိုရကား လေးဆယ်သော ကမ္မဋ္ဌာန်းတို့တွင် ရအပ် ရသင့် ရထိုက်သော စရိုက်နှင့်လျော်သော ကမ္မဋ္ဌာန်းများကို ပွားများအားထုတ် ကြပါလျှင် မကြာမြင့်မီ ပဋိဘာဂစသော နိမိတ်များ ရနိုင်ကြောင်းဖြင့် အားပေးတော်မူလိုရကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒေသနာတော်က ဒဋ္ဌီပုဒ် ထုတ်ပြတော်မူသည်မှာ–

ဣဒံ ကမ္မဋ္ဌာနံ မနသိကရောတော ကဿစိ န စိရေနေဝ နိမိတ္တာဥ ဥပ္ပဇ္ဇတိ။

အနက်ကား ဣဒံ၊ ဤကမ္မဋ္ဌာန်းကို။ (စရိုက်ကိုင့်) မနသိကရောတော၊ အာရုံပြုသော သူအား။ န စိရေနေဝ၊ မကြာမြင့်မီသာလျှင်။ ကဿစိ၊ တစုံ တခုသော။ နိမိတ္တာဥ၊ နိမိတ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အဲ ဤကဲ့သို့ မုချအားဖြင့် ပြဆိုခဲ့လေသောကြောင့် ဤဝိမုတ္တိယုဂခေတ် တော်ကြီးဝယ် ထင်ရှားစွာ အမှန်ကို သိလိုကြပါက သပ္ပုရိသံသ ကလျာဏမိတ္တ ရှာတော်မူကြပါကုန်လော ဟု–

"ပိယော ဂရု ဘာဝနီယော ဝတ္တာ စ ဝစနက္ခမော" ဟု ကလျာဏမိတ္တ ရှာကြရမည်မှာ အလွယ်နှင့် ရှာပါက မရခဲ့သော် ဤဒေသနာစာတမ်းအရ ထောက်လှမ်း၍ အမေးအမြန်း စုံစုံစမ်းစမ်း ရှိပါက သဒ္ဓိဋ္ဌ သမ္ပတ္တဂုဏ်နှင့် ပြည့်စုံ၍ မိမိ၏ ပဋိသန္ဓေ ကမ္မဇဉာဏ်ပညာနှင့် တိုက်ဆိုင်မိပါက ဓမ္မာဓိဋ္ဌာန်အရ ပုဂ္ဂလဝေနေယျဖြစ်ပါက ရကြမည်ဟု မုချမှတ်တော်မူကြပါကုန်လော၊ ယခု စာတမ်းဖြင့် ရေးသားအပ်သော ဆရာတော်သည်ပင်လျှင် ဤကဲ့သို့ ရှာမှီးတော် မူခဲ့၍ ခဲယဉ်းစွာဖြင့် ဖွေရှာတော်မူခဲ့သည်မှာ ဤနေရာက ဟတ္ထမုဋ္ဌိနည်းဖြင့် ဆောင်တော်မူလျက် အမှန်လိုလားကြကုန်သော စရဏယောဂီရှင် အပေါင်းတို့ အား အားပေး၍ တိုက်တွန်းတော်မူလိုက်ရကြောင်း။

ဤသည်တွင် ပဌမနည်း ပြီးပြီ။

## ဥပစာရသမာဓိ အပ္ပနာသမာဓိ ခွဲပုံ

ဥပစာရသမာဓိနှင့် အပ္ပနာသမာဓိ ဖြစ်ပုံတို့ကား ဥပစာရသမာဓိဖြစ်ပုံသည် အခြားမဟုတ်၊ နီဝရဏကင်းပြီး အဇ္ဈတ္တ ဗဟိဒ္ဓအရာ၌ အရေအတွက်ကို ရှစ်ခု ရှစ်ခု ပုံခိုက် ထားခိုက်၌ ထွက်သက် ဝင်သက် ချုပ်ပြတ် ရပ်သွားတာကို ဆိုလို၏၊ လိုရင်းမှာ ဝါတုပလဒ္ဓပဘာဝနာ အခိုက်၌ ဆိုလို၏၊ အဲ့ဤကဲ့သို့ ဖြစ်ပုံသည် အချိန်ကိုပြောရမည်ဆိုလျှင် အပ္ပနာမဖြစ်မီ ရှေးအဘို့ကို ကာမာဝစရနှင့် ရူပါဝစရ နယ်အကြား ကာမ ဂေါတြဘု အခိုက်တွင် သင်္ဂဟ အဋ္ဌကထာကို ထောက်သော်–

ကာမာဝစရ ဇဝနာန မဇ္ဈန္ဟ အညတရသ္မိံ ပရိကမ္မော ပစာရာ နုလောမ ဂေါတြဘုနာမေန။

ဟု နေယျတ္ထနည်းဖြင့် မှချအားဖြင့် ရ၏၊ သတိဖြင့် စီစစ်တော်မူကြပါ အရှင်ပညာရှိအပေါင်းတို့။ ထောက်လှမ်းရန် တရပ် လဒ္ဓဂုဏ်ဖြင့် ပြအပ်သည်မှာ ဥပစာနှင့် အပ္ပနာနှစ်ရပ် တဒနုဝတ္တကဝီထိ ဝိဘူတာရုံအစဉ် ဉာဏ်နှင့်ယှဉ်ပါက အာဒိကမ္မိကတကြိမ်ကို ပြရသော် ဝိသုဒ္ဓိမဂ် အဋ္ဌကထာအရ–

ဒုဝိဓောဟေဝ သ္မာယံ လာဘ အဓိပ္ပေတော ဥပစာရသမာဓိစေဝ အပ္ပနာသမာဓိစ၊တတ္ထ ဒသသု ကမ္မဋ္ဌာနေသု အပ္ပနာ ပုဗ္ဗဘာဂစိတ္တေသုစ ဧကဂ္ဂတာ ဥပစာရသမာဓိ၊အဝသေသကမ္မဋ္ဌာနေသု စိတ္တေကဂ္ဂတာ အပ္ပနာသမာဓိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** ဥပစာရသမာဓိစေဝ၊ ဥပစာရသမာဓိရင်း။ အပ္ပနာသမာဓိစ၊ အပ္ပနာသမာဓိရင်း။ လာတိ၊ ဤသို့။ ဒုဝိဓောဟေဝ၊ နှစ်ပါးအပြားရှိသည်သာ လျှင်ဖြစ်သော။ သ္မာယံ သောအယံ သမာဓိ၊ ထိုသမာဓိကို။ လာဘ၊ ဤဝိပဿနာအရာ၌။ အဓိပ္ပေတော၊ အလိုရှိအပ်၏။ တတ္ထ၊ ထိုနှစ်ပါးသော သမာဓိတို့တွင်။ ဒသသု၊ ဗုဒ္ဓါနုဿတိ အစရှိသော ဆယ်ပါး အပြားရှိကုန်သော။ ကမ္မဋ္ဌာနေသု၊ ကမ္မဋ္ဌာန်းတို့တွင်။ အပ္ပနာပုဗ္ဗဘာဂစိတ္တေသု စ၊ အပ္ပနာမဖြစ်မီ ရှစ်ပါးသော စျာန်တို့၏ ရှေ့အဘို့၌ ဖြစ်သော စိတ္တုပ္ပါဒ်တို့၌ရင်း။ ဧကဂ္ဂတာ၊

ကေဂ္ဂတာ စေသိတသိက်သည်။ ဥပစာရသမာဓိ၊ ဥပစာရသမာဓိမည်၏။ အဝသေသကမ္မဋ္ဌာနေသု၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော သုံးဆယ်သော ကမ္မဋ္ဌာန်းတို့၌။ စိတ္တေကဂ္ဂတာ၊ စိတ္တေကဂ္ဂတာ စေတသိက်သည်။ အပ္ပနာ-သမာဓိ၊ အပ္ပနာသမာဓိမည်၏။

အဲ-ဤကဲ့သို့ အပ္ပနာမဖြစ်မီ ရှေးအဘို့၌ ဥပစာရသမာဓိဖြစ်ကြောင်း ဒေသနာနှင့် တိုက်ဆိုင်၍ ရှင်းတည့်ပြီး ထင်ရှားစွာ ဖြစ်ကြောင်းကို စိတ် ဝိတက် အစဉ်နှင့်တကွ ပြတ်ပုံ ချုပ်ပုံ အလုံးစုံတို့ကို အားလုံးသော ယောဂီအပေါင်း တို့အား အနုဗောဓဉာဏ်ဖြင့် တိုးတက်ကြစေခြင်းငှါ ဂဏနနည်းအားဖြင့် ရေတွက်သည့်အချိန်က အစပြု၍ အားထုတ်စဉ်၏ ဘဝတလျှောက်လုံး၌ လာခဲ့ သော လမ်းစဉ်ကို သိကြစေခြင်းငှါ ဤစာတမ်းဖြင့် ဖတ်ရှုစဉ် ဉာဏ်တိုးတက် သည်ကို ဆောင်၍ ပြလိုက်ရမည်မှာ၊ ဝါ-ပြတော်မူလိုက်ရမည်မှာ—

ကဿစိ ပန ဂဏနဝသေနေဝ မနသိကာရကာလတော ပဘုတိ အနုက္ကမတော သြဠာရိကံ အဿာသ ပဿာသ နိရောဓဝသေန ကာယဒရထေ ဝူပသန္တေ ကာယောပိ စိတ္တမ္ပိ လဟုကံ ဟောတိ၊ သရီရံ အာကာသေ လင်္ဃနာကာရပ္ပတ္တံ ဝိယ ဟောတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား ကဿစိပန၊ အချို့သော ရဟန်း ရှင် လူ ခပ်သိမ်းသူအား ကား။ ဂဏနဝသေနေဝ၊ ရေတွက်ခြင်း၏ အစွမ်းအားဖြင့်သာလျှင်။ မနသိကာရ ကာလတော၊ နှလုံးသွင်းသော အခါကာလမှ။ ပဘုတိ အစပြု၍။ အနုက္ကမတော၊ အစဉ်အားဖြင့်။ သြဠာရိကံ၊ ရုန့်ရင်းကြမ်းတန်းသော။ အဿာသ ပဿာသ-နိရောဓဝသေန၊ ရေတွက်အပ်သော ထွက်သက် ဝင်သက် ချုပ်သည်၏ အစွမ်း အားဖြင့်။ ကာယဒရထေ၊ ကိုယ်၏ ပူပန်ခြင်းသည်။ ဝူပသန္တေ၊ ငြိမ်းလတ် သည်ရှိသော်။ ကာယောပိ၊ ကိုယ်သည်လည်းကောင်း။ စိတ္တမ္ပိ၊ စိတ်သည်လည်း ကောင်း။ လဟုကံ၊ ပေါ့သည်။ ဟောတိ၊ ဖြစ်၏။ သရီရံ၊ ခန္ဓာကိုယ်ကြီး သည်။ အာကာသေ၊ ကောင်းကင်၌။ လင်္ဃနာကာရပ္ပတ္တံ ဝိယ၊ အထက်သို့ ပျံတက်သကဲ့သို့။ ဟောတိ၊ ဖြစ်တတ်၏။

အဲ့ဤကဲ့သို့ အချို့သော ပါရမီရှင်တို့မှာ ထင်ရှားစွာ မဟာကုသိုလ်ဇောနှင့်တကွ ဥပစာရသမာဓိနှောင် အပ္ပနာသမာဓိနှင့် ပြည့်စုံ၍ ရေတွက်ခြင်းငှာပင်လျှင် ထင်ရှားစွာ ဖြစ်ပုံကို ကိုယ်တွေ့ဒိဋ္ဌ ရကြပါကုန်လျက် ၎င်း ဥပစာရသမာဓိ အပ္ပနာသမာဓိနှစ်ရပ် ထင်ရှားကြောင်းကို ရဲပေစွ၊ လူသာမန်နတ်သာမန်တို့အားကား ခဲစွ။ အထူးတရပ် ပြအပ်သည်ကား—

ယဿ ပန ဉာမေ တယော ဓမ္မာ အတ္ထိ တဿေဝ ကမ္မဋ္ဌာနံ ဥပစာရဋ္ဌ အပ္ပနဋ္ဌ ပါပုဏာတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား ပန၊ ဖြစ်ပုံအထူး ဖေါ်ပြဦးအံ့။ ယဿ၊ အကြင်စရဏ ယောဂီရှင်အား။ ဉာမေတယော ဓမ္မာ၊ ဤအဿာသပဿာသ နိမိတ်သုံးပါး တရားတို့သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တဿေဝ၊ ထိုစရဏယောဂီရှင်အားသာလျှင်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းသည်။ ဥပစာရဋ္ဌ၊ ဥပစာရသို့၎င်း။ အပ္ပနဋ္ဌ၊ အပ္ပနာသို့၎င်း။ ပါပုဏာတိ၊ ရောက်၏။

အဲ့ဤကဲ့သို့ အဿာသ ပဿာသ နိမိတ်သုံးပါးနှင့် ပြည့်စုံသော ယောဂီရှင်တို့သည် ဥပစာရအပ္ပနာသို့ ဆိုက်ရောက်ကြောင်း ထင်ရှားလှပါ၍ နောက်ကာလ ပြခဲ့လှလေပြီ၊ (ပေပြီ) သို့ပါမူ၍ ထင်ရှားခဲ့လေသောကြောင့် ယခု သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားအပ်သော ငါအသျှင်သည်ကား ဟတ္ထမုဋ္ဌိ နယနည်းနာ အဖြာဖြာတို့ကို ပါဠိတော် အဋ္ဌကထာတို့နှင့် တိုက်ဆိုင်၍ သံသရာ၌ လွတ်ရာလွတ်ကြောင်းကို မြော်မှန်း၍ ရှာလိုကြကုန်သော ရဟန်း ရှင် လူ ခပ်သိမ်းသော သူတော်ကောင်း အပေါင်းတို့အား လွယ်လင့်တကူ ဉာဏ်တံချူဖြင့် ရရှိတော်မူနိုင်စေခြင်း အကျိုးငှါ ဤသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် မပျင်းမရိ အပြီးတိုင်ဖတ်ရှု၍ ပြီးပါက ဤနည်းနာနိဿယပေးတတ်သော ဆရာတို့ထံ၌ ချဉ်းကပ်၍ မိမိ၏ ပလိဗောဓများကို သိမ်းဆည်းလျက် သံသရာနယ်မှ မိမိခန္ဓာကိုယ်ကို ထုတ်ဆောင်နိုင်စေခြင်း အကျိုးငှါ ရှေ့ကိုယ်တော် မိန့်မြွက်သံစကား နားထည်းမှာ ထားကြ၍ သဝန၏ သဒ္ဒအသံကြားရသည်မှာ—

အတ္တာနံ ဓာရေန္တေ စတုသု အပါယေသု ဝဋ္ဋဒုက္ခေသု စ အပတမာနေ ကတွာ ဓာရေတီတိ ဓမ္မော။

ဟု ဝိဂ္ဂဟဝါကျအသံကို ကြားရပါက အတ္ထဖြင့် ယောဇနာရသည်မှာ—

အတ္တာနံ၊ မိမိကိုယ်ကို။ ဓာရေန္တေ၊ ဆောင်သောသူတို့ကို။ စတုသု၊ လေးပါးကုန်သော။ အပါယေသု စ၊ အပါယ်ဘုံတို့၌၎င်း။ ဝဋ္ဋဒုက္ခေသု စ၊ ဝဋ်ဆင်းရဲတို့၌၎င်း။ အပတမာနေ၊ မကျစေသည်တို့ကို။ ကတွာ၊ ပြု၍။ ဓာရေတိ၊ ဆောင်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဓမ္မော၊ ဓမ္မမည်၏။

အဲ-သို့ပါ၍ ဓမ္မဖြင့် ဆောင်မှသာလျှင် ဆရာကောင်းထံ၌ အမြန်ဆိုက်ရောက်ကြစေနိုင်ကြောင်း သတိရှိကြ၍ အဲ-ဤကဲ့သို့ ဆရာကောင်းထံသို့ ဆိုက်ရောက်မှသာလျှင် နောက်က ပြဆိုအပ်ခဲ့ပြီးသော အရဟဉာဏ သမ္ပယုတ္တ ဓမ္မ အားလျော်စွာ ပဌမ ဝါရ၏ သဘော သဘာဝတ္ထအတိုင်း ယခင်က ပြခဲ့ပြီးသော—

"သော သတော ဝ အဿသတိ သော သတော ဝ ပဿသတိ" ဤနည်းအရ ခုနစ်ပါးသော နည်းတို့နှင့် ပြည့်စုံ၍ ခြိုက်ကနဲ အငိုက်တွင် နိဝရဏတွေကင်းခိုက် မဟာကုသိုလ် ဇောအဆိုက် ဥပစာရ သမာဓိအလိုက် မဟဂ္ဂုတ် အပ္ပနာသို့ အတိုက် ပဌမ စတုက္ကဟု ယူထိုက်ပြီ၊ ဤကဲ့သို့ သပ္ပုရိသံသနည်းကို -

"သတိမြဲစွာ ပဌမာ"အရ သတော ဝ အဿသတိ နည်း အဌကထာမှာ ရှိ၍မို့ မည်သူမှ ရသေ့ ရှင်သောင်းတို့၏ လောကီကျမ်းမှာ ရှာဖွေခွင့်မရ၊ ရှင်တော်မြတ် ဘုရား၏ ဓမ္မဥပဒေ ဓမ္မသတ်အရ ဝေမတိကအပြစ် မဖြစ်ကြရမည်မှာ ဂန္ထန္တရ အရာ မိမိမန္တသည့်စာကို ရှေးပေါရာဏဆရာ ရေးခဲ့သည့်ဂစနာမှာ သတိမူကြပါက မူရမည့်ပုံကား -

တကျမ်းတတ်ရုံ၊ ကျမ်းမစုံ၊ အာဂုံမလင်းနှင့်။
အာဂုံလည်းရှိ၊ ကျမ်းလည်းညှိ၊ ထိအောင်သူသိဘိ။

ဟု ရေးစပ်ခဲ့လေသောကြောင့် အာဂုံလည်းရှိပါ၊ ကျမ်းလည်းညှိပါ၊ ထိအောင်လည်းသိပါ၊ စရဏလည်းရှိပါ၊ သို့မှသာလျှင် ဝေမတိဖြင့် ကင်းကြမည်မှာ မလွဲသာပေ၊ အဲဤကဲ့သို့ သတိဖြင့် ထောက်တော်မူကြ၍ ဤကဲ့သို့ အာဝယဝ

စကားများကို ရှောင်ရှားစေလိုလျက် စိတ္တသင်္ခါရ ပြုပြင်ခြင်း ကင်းပါက ကာယသင်္ခါရ ပြုပြင်ခြင်း ကင်းကြမည်ကို သံသယ မရှိကြစေခြင်းငှါ ဋ္ဌကထာရှင်က -

စိတ္တသင်္ခါရံ ပဿမ္ဘယန္တိ ဩဠာရိကာ စိတ္တသင်္ခါရာ ပဿမ္ဘယန္တော နိရောဓေန္တောတိ အတ္ထော၊ သော ကာယသင်္ခါရေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား စိတ္တသင်္ခါရံ ပဿမ္ဘယန္တိ၊ ဟူသည်ကား။ ဩဠာရိကာ၊ ရုန့်ရင်း ကြမ်းတန်းကုန်သော။ စိတ္တသင်္ခါရာ၊ စိတ္တသင်္ခါရတရားတို့သည်။ ပဿမ္ဘယန္တော၊ သာယာငြေးညှင်းစွာ။ နိရောဓေန္တော၊ချုပ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ-အယံ၊ ဤသည်ကား။ အတ္ထော၊ လိုရင်းအနက်ပေတည်း။ သော၊ ထိုစိတ္တသင်္ခါရကို။ ကာယသင်္ခါရေ၊ ကာယသင်္ခါရတရား၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းဖြင့် သာလျှင်။ ဝေဒိတဗ္ဗော၊သိအပ်၏။

အဲ ဤကဲ့သို့ ဒေသနာတော်၏ နည်းအမျိုးမျိုးတို့နှင့် အာဂမယုတ္တိ ဒေသနာယုတ္တိ ကျမ်းခိုင်ကျမ်းမြတ်တို့နှင့် ပြည့်စုံပါ၍ ဟတ္ထမုဒ္ဒိ လဒ္ဒေါပဒေသ နည်း အားလျော်စွာ ပြသခဲ့ပြီး၍ သန္နိဋ္ဌ သမ္ပတ္တ ပစ္စက္ခသိဒ္ဓိဉာဏ်သို့ ရောက်တော် မူကြပါလျက် အပြစ်တင် ကင်းကြစေခြင်းငှါ သာသနာတော်၏ ပရိမဏ္ဍလ အပြင်ဝယ် သပ္ပုရိသံသ အရှင်ကို တကယ်မြင်ကြရလေအောင် ရှေးပေါရာဏ ဆရာရှင်တို့က သတိပေး ရေးထားခဲ့သည်မှာ လမ်းမှန်စွာ အားထုတ်နိုင်ပါက တရာလျှင် ငါးဆယ်ခန့် အရိယာဖြစ်ထိုက်ကြောင်းကို တွေ့ဘူးသော စာတမ်း ကလေးကား နောက်က ရေးပြခဲ့သည့်အတိုင်း—

လမ်းမှန်ဥဿာဟ၊ လုပ်ကမဖြစ်၊ ခေတ်ဟိတ်ဆရာချ၊ ကာယမပါ၊ နှုတ် သာပါ၍၊ နေယျဝီရိ၊ ဝေမတိတည်း၊ ပဟိတတ္တ၊ လောက်စုံလင်၊ ရာလျှင် ငါးဆယ်၊ ဖြစ်ဘွယ်သေချာ၊ မဟာသိဝ၊ သုံးဆယ်မှုရ၊ မချို့မေဓာ၊ လာဘ် နောက်ပါ၍၊ ပညာလက်ဖွဲ၊ နစ်ခဲ့စုပ်စုပ်၊ အားထုတ်သော်ကား၊ ပါယ်လေး ပါးမှ၊ လွတ်ငြားမသိ၊ ဒုက္ခိမခံ၊ လွန်ငြင်းသံကာ၊ ဘယ်တော့မှာရ။

အဲ ဤကဲ့သို့ စာတမ်းကို ထောက်ပါသဖြင့် သတိဖြင့်ကြီးစွာ ဆင်ခြင်တော်မူကြ၍ ယခု ရေးသားသော အရှင်သည်ကား ရနိုင်မည့်အကြောင်း များကို များများကြီးထောက်ခံလျက် ကြိုးစား၍ အားထုတ်ပါက အတိတ်တဘဝက ပါခဲ့သော သတ္တမဇော အရှင်များသည် ရကြမည် ဧကန်ဟူ၍ မှချနည်းဖြင့် ပြဋ္ဌာန်းလိုက်ရလေတော့သတည်း။

ဥပစာနှင့် အပ္ပနာ နှစ်ရပ် ရှင်း၍ ပြီးပါပြီ။

---

## ဒုတိယနည်းကို ပြခြင်း

ပဌမဝါရဖြင့် ရေတွက်ခြင်းကို ပြပြီး၍ ဒုတိယနည်းကို ပြလိုရကား—

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿသာမီတိ ပဇာနာတိ၊ ဒီဃံ ဝါ ပဿသန္တော ဒီဃံ ပဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ အဿသန္တော ရဿံ အဿသာမီတိ ပဇာနာတိ၊ ရဿံ ဝါ ပဿသန္တော ရဿံ ပဿသာမီတိ ပဇာနာတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား ဒီဃံဝါ၊ ရှည်သည်လည်း။ အဿသန္တော၊ ထွက်သည်ရှိသော်။ (ရှူသည်လည်းဟူလိုင့်) ဒီဃံ၊ ရှည်စွာ။ အဿသာမီတိ၊ ထွက်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ဒီဃံဝါ၊ ရှည်သည်လည်း။ ပဿသန္တော၊ ဝင်သည်ရှိသော်။ (ရှိုက်၏ဟူလိုင့်) ဒီဃံ၊ ရှည်စွာ။ ပဿသာမီတိ၊ ဝင်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံဝါ၊ တိုသည်လည်း။ အဿသန္တော၊ ထွက်သည်ရှိသော်။ ရဿံ၊ တိုစွာ၊ အဿသာမီတိ၊ ထွက်၏ဟူ၍။ ပဇာနာတိ၊ သိ၏။ ရဿံ ဝါ၊ တိုသည်လည်း။ ပဿသန္တော၊ ဝင်သည်ရှိသော်။ ရဿံ၊ တိုစွာ၊ ပဿသာမီတိ၊ ဝင်၏ဟူ၍။ ပဇာနာတိ၊ သိ၏။

ဤသို့ ထင်ရှားစွာ အားထုတ်ပုံ အားထုတ်နည်းတို့ကို ၎င်းအဋ္ဌကထာက ပြတော်မူခဲ့သည်ဖြစ်၍ ရှည်စွာထွက်လျှင် ရှည်စွာပြန်ဝင်ပေစေ, တိုစွာထွက်လျှင် တိုစွာ ပြန်ဝင်ပေစေဟု ပြတော်မူခဲ့ပေ၏။ အလုပ်ကို နားမလည်ကြ၍ မလုပ်တတ်ကြသေးသော အားလုံးသော ယောဂီတို့၏ အဘို့မှာကား ဆရာထံ နည်းကျနစွာဖြင့် ၎င်းအဋ္ဌကထာနည်းအရ ဒုတိယနည်းမှာ -

"ဒုမှာရှည်တိုသိ" ဟူသော သဲလွန်စက ပြခဲ့သော ပဋိညာဉ်ကာရအနေအား ဖြင့် ရှေးရှေးသော ဆရာတော်ကြီးတို့ ရေးထားခဲ့ပေသော ဂုဏ်အဋ္ဌကထာနည်း နှင့်လျော်စွာ ငါတို့ကျေးဇူးရှင် ကန္နီမြို့ ရွှေသိမ်တော် တောရ ဆရာတော်ကြီး သည် ပင်လျှင် အာနာပါနပဗ္ဗ သမထအရာမှာ နည်းလေးပါးဖြင့် ခွဲပြတော် မူခဲ့ပါ၍—

သတိမြဲစွာ၊ ပဌမာ၊ ဒု-မှာ ရှည် တိုသိ။
သုံးချက်သိမှာ၊ တတိယာ၊ စ-မှာ ငြိမ်းစေဘိ။

ဟု စပ်ဆိုတော်မူခဲ့ရာဝယ် ဤကဲ့သို့ သဒ္ဓိဝိဟာရိက ဖြစ်သော ငါအသျှင် သည်ပင်လျှင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ သွားရာလမ်းစဉ်နည်း အတိုင်းပင်လျှင် ဒုတိယနည်းမှာ ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော ဈာန်အင်္ဂါ ၄-ပါးနှင့်တကွ ဒုတိယ စတုက္ကနည်းကို ပြသလေတော့၏။

အဲ-ဤကဲ့သို့ ဒုတိယနည်းသည် ပဌမနည်းထက် ပိုမို၍ အရေးကြီးလှပေ၏၊ မိမိ၏ စိတ်ကို နိုင်နင်းစွာဖြင့် ပဌမနည်းက ခိုင်လုံလှစွာသော သတိဖြင့် မြဲခဲ့မှသာ လျှင် "သတိမြဲစွာ ပဌမာ" အရ ဆရာတော်ကြီး ဆုံးမတော်မူခဲ့သည့်အတိုင်း ညီညွတ်မှသာလျှင် ဒုတိယနည်းသို့ ပြောင်းလိုက်ပါက လွယ်လွယ်ကလေးနှင့် သာ ဖြောင့်တန်းလှစွာသော ရေအလျဉ်ဝယ် လှေငယ်ပင် ပမာထင်သကဲ့သို့ ပဌမနည်းကို နိုင်နင်းအောင် လေ့လာပါက လွယ်လှစွာသော နွားရိုင်း ဥပမာ အားဖြင့် ပြရသော် ဆိုဆုံးမ၍ မရနိုင်သော အလွန်ရိုင်းပြလှစွာသော နွား ကလေးကို ဥပမာထား၍ ဆုံးမသည့် အရာဝယ် သတိတည်းဟူသော ကြိုးလွန်နှင့် ဖွဲ့စည်းပုံကို ပြရမည်ဆိုသော်—

ယထာ ထမ္ဘေ နိဗန္ဓေယျ၊ ဝစ္ဆံ ဒမံ နရော ဣဓ။
ဗန္ဓေယျေဝံ သကံစိတ္တံ၊ သတိယာရမ္မဏေ ဒဠှံ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** ဣဓလောကေ၊ ဤလောက၌။ ဒမံ-ဒမိတဗ္ဗံ၊ဆုံးမအပ် ဆုံးမသင့် ဆုံးမထိုက်သော။ ဝစ္ဆံ၊ နွားဆိုးနွားကြမ်းနွားသိုးဖျန်းကလေးကို။ ဒမံ-ဒမန္တော၊ ဆုံးမလိုသော။ နရော၊ လိမ်မာလှစွာသော နွားကျောင်းသားသည်။ ဒမံ-ဒမိတဗ္ဗံ၊

ဆုံးမအပ် ဆုံးမသင့် ဆုံးမထိုက်သော။ ဝစ္ဆံ၊ နွားဆိုးနွားကြမ်းနွားသိုးဖျန်းကလေးကို။ ထမ္ဘေ၊ သည်တိုင်ကြီး၌။ နိဗန္ဓေယျ ယထာ၊ ဖွဲ့ချည်ရာဘိသကဲ့သို့။ ဧဝံ-တထာ၊ ပမာဆိုမူ ထို့အတူသာလျှင်။ ဣဓ-ဣမသ္မိံ သာသနေ၊ ဤအံ့ဘွယ်ရှစ်ဖြာ သာသနာတော်မြတ်ကြီး၌။ ဒမ္မံ-ဒမ္မိတဗ္ဗံ၊ ဆုံးမအပ် ဆုံးမသင့် ဆုံးမထိုက်သော။ သကံစိတ္တံ၊ မိမိစိတ်ကို။ ဒမံ-ဒမေန္တော၊ ဆုံးမလိုသော။ နရော၊ လိမ်မာလှစွာသော ယောဂါဝစရ ရဟန်းသည်။ ဒမ္မံ-ဒမ္မိတဗ္ဗံ၊ ဆုံးမအပ် ဆုံးမသင့် ဆုံးမထိုက်သော။ သကံစိတ္တံ၊ မိမိစိတ်ကို။ သတိယာ၊ သတိတည်းဟူသော ကြိုးလွန်ဖြင့်။ အာရမ္မဏေ၊ ကမ္မဋ္ဌာန်းတည်းဟူသော အာရုံ၌။ ဒဠှံ၊ မြဲစွာ။ ဗန္ဓေယျ၊ ဖွဲ့ချည်ရာ၏။

အဲ ဤကဲ့သို့ ပဌမနည်းက မိမိ၏စိတ်ကို နိုင်နင်းခဲ့ပါကမှ ဒုတိယနည်းမှာ ရှည်စွာတိုစွာ အဝင်အထွက်တို့ကို မိမိ၏သဘောအတိုင်း ဒုတိယနည်း၏ နိမိတ်ကို ထားလိုသရွေ့ ထားနိုင်ခြင်း ယူလိုသရွေ့ ယူနိုင်ခြင်း ငင်ချင်သရွေ့ငင် ဆွဲလိုသရွေ့ဆွဲ သို့မှသာလျှင် ဥဂ္ဂဟနိမိတ်ကို ရလေတော့၏။

အဲ ဤကဲ့သို့ ပရိကမ္မနိမိတ်နှင့် ဥဂ္ဂဟနိမိတ်တို့သည် ပြည့်စုံပါကမှ ဒုတိယနည်း၏ ဘာဝနာကိစ္စ ပြီးဆုံးနိုင်လေတော့၏။ ဤနေရာ၌ ဥဂ္ဂဟနိမိတ်ရပုံ ဒုတိယနည်း၌ ဖြစ်ပုံကို ပြလို၍ သင်္ဂဟအဋ္ဌကထာ၌ လာတော်မူသည်မှာ—

> ယဒါ ပန တံ နိမိတ္တံ စိတ္တေန သမုဂ္ဂဟိတံ ဟောတိ စက္ခုနာ ပဿန္တဿေဝ မနောဒွါရဿ အာပါထမာဂတံ တဒါ တမေဝါရမ္မဏံ ဥဂ္ဂဟနိမိတ္တံ နာမ၊ သာ စ ဘာဝနာ သမာဓိယတိ။

အနက်ကား ပန၊ ဥဂ္ဂဟနိမိတ်ဖြစ်ပုံကို ပြဦးအံ့။ ယဒါ၊ အကြင်အခါ၌။ တံ နိမိတ္တံ၊ ထိုနိမိတ်အာရုံကို။ စိတ္တေန၊ မနောဒွါရအာရုံစိတ်ဖြင့်။ သမုဂ္ဂဟိတံ၊ ကောင်းစွာ ယူအပ်သည်။ ဟောတိ၊ ဖြစ်၏။ စက္ခုနာ၊ စက္ခုဝိညာဉ်ဖြင့်။ ပဿန္တဿေဝ၊ မြင်သကဲ့သို့သာလျှင်။ မနောဒွါရဿ၊ မနောဒွါရအား။ အာပါထံ၊ ထင်ခြင်းသို့။ အာဂတံ၊ ရောက်သော။ တဒါ၊ ထိုမနောဒွါရသို့ရောက်သောအခါ၌။ တမေဝ အာရမ္မဏံ၊ ထိုမနောဒွါရသို့ရောက်သော အာရုံသည်ပင်လျှင်။ ဥဂ္ဂဟ နိမိတ္တံ နာမ၊ ဥဂ္ဂဟ နိမိတ်မည်၏။ သာ စ ဘာဝနာ၊ ထိုဘာဝနာသည်လည်း။ သမာဓိယတိ၊ တည်ကြည်၏။

ဤဒုတိယနည်း၏ အကြောင်းအရာတို့မှာ ယခုပြဆိုခဲ့သည်နှင့်မခြား ဤကဲ့သို့ တည်ကြည်စွာ ဥဂ္ဂဟနိမိတ်ကို ရွှေ့ပြောင်းယူငင်၍ ရမှသာလျှင် ဤဒုတိယနည်း၏ ပရိကမ္မဘာဝနာနှင့် တကွ ဥပစာရဘာဝနာနှစ်ပါး ပြည့်စုံကြမည်၊ ဤကဲ့သို့ ပြည့်စုံမှသာလျှင် ရှေ့သို့ နာမရူပပရိဂ္ဂဟဉာဏ်သို့ တက်နိုင်ကြပေမည်၊ ကြိုးစား၍ ဆရာပြတော်မူသည့် နည်းအတိုင်း အားထုတ်တော်မူကြပါက မိမိ၏ နိမိတ်သည် အာနာပါန အားရှိလတ်၍ ထွက်လေ ဝင်လေတို့သည် လွတ်လိုက်တိုင်း လွတ်လိုက်တိုင်း နှာခေါင်းမှ တန်းလျက် ရေပြွန်ချောင်းကဲ့သို့ ၎င်း၊ ကြည်လင်လှစွာသော အခိုးတံ အခိုးချောင်းကဲ့သို့၎င်း ထင်မြင်၍ လာပေ၏။

အချို့သောသူတို့၏ ဥဂ္ဂဟနိမိတ်သည်ကား သောကြာကြယ်ပြောင်ကြီးကဲ့သို့၎င်း၊ ပတ္တမြားရွဲလုံးကြီးကဲ့သို့၎င်း၊ အခိုးတိမ်တိုက်ကဲ့သို့ တန်းလျက်နေသော နေရောင်ခြည်ကဲ့သို့၎င်း၊ အခါခပ်သိမ်း ပြည့်စုံကြပေ၏၊ အချို့မှာမူကား မပြည့်စုံကြပေ၊ ဤကဲ့သို့ ယူငင်၍ နိုင်နင်းစွာ ဆောင်နိုင်သောသူတို့သည် ပါရမီ အထောက်အပံ့ အားကြီးပါလျက် ရောင်ခြည်တထောင် ဆောင်နိုင်သသူ ဘဝဂ် ပါရဂူမြောက်သောသူဟု ဟောသူတယောက် လက်ညှိုးဖြင့် ထောက်လောက်ပေပြီဟု အံ့ချီးဘွယ်ကောင်းပေစွ၊ အလွန်ခဲယဉ်းစွတကား။

ဤသည်လျှင် ဒုတိယ စတုက္က ပရိကမ္မဘာဝနာ "ဒုမှာရှည်တိုသိ" အရ စခန်း တရပ် ကဏ္ဍ သတ်လိုက်ရပေတော့သတည်း။

ဒုတိယနည်း ပြီးပြီ။

## တတိယနည်းကို ပြခြင်း

"သုံးချက်သိမှာ တတိယာ" ဟု နောက်က ပြခဲ့သည်အတိုင်း ဆရာတော် ဘုရားကြီး ဆုံးမတော်မူခဲ့လေရာ တတိယနည်းကို ပြပေတော့အံ့။

ဤတတိယနည်းသည် မိမိ၏ အတ္တနောမတိ အလိုအားဖြင့် ပြသည်မဟုတ်၊ ၎င်း ဝိသုဒ္ဓိမဂ် အဋ္ဌကထာ အလိုတော်အားဖြင့် ဆရာစဉ်ဆက် မပျက်ကွက်ရာ ရှေးအတိတ်ကာလမှ လာခဲ့လေရာ ယခုစာတမ်းဖြင့် ရေးသားသော ထေရ်အရှင်

၏ လက်ထက်တော်သို့အထိ နယဂ္ဂါဟ နယူပဒေသ ဟတ္ထမုဋ္ဌိ နည်းအရ ဂန္ထန္တရ အနေအားဖြင့် ပြလိုရကား -

သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ၊ သဗ္ဗကာယပဋိသံဝေဒီ ပဿသိဿာမီတိ သိက္ခတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံ အစ-အလယ်-အဆုံး သုံးပါးလုံးကို သိစေလျက်။ အဿသိဿာမီတိ၊ ထွက်သက်ကို ဝင်အံ့-ဟူ၍။ သိက္ခတိ၊ ကျင့်အပ်၏။ သဗ္ဗကာယပဋိသံဝေဒီ၊ အလုံးစုံ အစ-အလယ်-အဆုံး သုံးပါးလုံးကို သိစေလျက်။ ပဿသိဿာမီတိ၊ ဝင်သက်ကို ထွက်အံ့ ဟူ၍။ သိက္ခတိ၊ ကျင့်အပ်၏။

အဲ ဤကဲ့သို့ အဋ္ဌကထာ၌ လာလေသောကြောင့် ဆရာထံက ရခဲ့သော လဒ္ဓိဥပဒေသနည်းဖြင့် ပြရပေအံ့။

ဤနေရာ၌ ဒေသနာအလိုအားဖြင့် လုပ်နိုင်ခြင်းငှါ ခဲယဉ်းစွ၊ ပြောဆိုဆုံးမသော ဆရာ၏ အာဘောဂ အမိန့်သံကို ကြားရမှသာလျှင် စိတ်နေစိတ်ထား အလွန်အယုတ် အတိုးအဆုတ် မှချနည်းကို ထိန်းသိမ်းတတ်မှသာ ဖြစ်နိုင်ပေ၏။ ဆရာ၏ ပြောဆို ဆုံးမမှု မရှိပါက အပို-အလိုကို သိနိုင်ခြင်းငှါ ခဲယဉ်းပေစွ၊ သို့သော် ဤနေရာ၌ စာကြောရှည်လိုက်ထဟူ၍ အပြစ်တင် ကင်းကြစေလို၏။

စရဏယောဂီရှင်အပေါင်းတို့သည် ဤကဲ့သို့ ရင်းအဋ္ဌကထာ လာတော်မူသည့်အတိုင်း အစ-အလယ်-အဆုံး သုံးပါးလုံးတို့မှာ မသိခဲ့ မထင်မြင်ခဲ့ပါလျှင် ပဌမဝါရ ဒုတိယနည်းက ကောင်းစွာ ပရိကမ္မဘာဝနာ ဥပစာရဘာဝနာနှင့် မပြည့်စုံခဲ့၍သာ မှတ်ကြလေတော့၊ စိတ်နုံ့ခြင်း သဒ္ဓါ ဝီရိယ အားပြော့ခြင်း ဖြစ်၍ ကမ္မဋ္ဌာန်းခွင်၌ ညံ့သောသူဟူ၍ပင် ဆိုရပေမည်။

ဤကဲ့သို့ နှာသီးမှအစ ရင်ချိုင့်အလယ် ချက်မှာအဆုံး တက်လိုက်ကျလိုက် အစ-အလယ်-အဆုံး သုံးပါးလုံးကိုမှ အဇ္ဈတ္တသို့ ဉာဏ်မရောက်ခဲ့ပါလျှင် နေ့-ရက် ကာလကို ပိုင်းခြား၍ နောက်က စ၍ ပြန်၍ ပြရမည်။

နှသသိ (၀) အစသာ သိ၍ အလယ်သို့ ရောက်အောင် မသိသောပုဂ္ဂိုလ်ကို အာဒိလဒ္ဓပုဂ္ဂိုလ်ဟု ခေါ်ရမည်၊ အလယ်သာသိ၍ အဆုံးကိုမသိသော ပုဂ္ဂိုလ်ကို မဇ္ဈေလဒ္ဓပုဂ္ဂိုလ်ဟု ခေါ်ရမည်၊ အဆုံးသာသိ၍ အစ-အလယ် မသိသော ပုဂ္ဂိုလ်ကို အန္တေလဒ္ဓပုဂ္ဂိုလ်ဟု ခေါ်ရမည်၊ အစ-အလယ်-အဆုံး သုံးပါးလုံးကိုသိသော ပုဂ္ဂိုလ်ကို တယောလဒ္ဓ ပုဂ္ဂိုလ်ဟု ခေါ်ရမည်။

တနည်းအားဖြင့် ငုတ်တုတ်တိုင်, နောက်ဆုတ်ထိုင်, ရှေ့သို့တိုး၍ထိုင် ဟူ၍ ၎င်း၊သုခုမတရ သုခုမတမ အတိသုခုမတရ ဟူ၍၎င်း ဤပုဂ္ဂိုလ်တို့တွင် အာဒိလဒ္ဓ ပုဂ္ဂိုလ် နောက်ဆုတ်ထိုင်သောပုဂ္ဂိုလ် သုခုမတရပုဂ္ဂိုလ် သဒိသူပစာရနည်းအား ဖြင့် တူသည်သာတည်း၊ မဇ္ဈေလဒ္ဓပုဂ္ဂိုလ် ငုတ်တုတ်ထိုင်သောပုဂ္ဂိုလ် သုခုမတမ ပုဂ္ဂိုလ် သဒိသူနည်း၊ အန္တေလဒ္ဓပုဂ္ဂိုလ် ရှေ့တိုးထိုင်သောပုဂ္ဂိုလ် အတိသုခုမ တရပုဂ္ဂိုလ် သဒိသူသာတည်း။

အဲ ဤကဲ့သို့ ပုဂ္ဂိုလ်အပေါင်းတို့တွင် တယောလဒ္ဓ ပုဂ္ဂိုလ်ကိုသာလျှင် ဘဝဂ် ပါရဂူ မြောက်သောသူဟူ၍ အံ့ချီးစလောက် လက်ညှိုးဖြင့် ထောက်လောက်ပေ သည်ဟု ၎င်းအဋ္ဌကထာ၌ ပြဆိုတော်မူလိုက်သည်မှာ -

ယော စ သဗ္ဗမ္ပိ ပါကဋံ ဟောတိ၊ သော သဗ္ဗမ္ပိ ပရိဂ္ဂဟေတုံ သက္ကောတိ၊ န ကဿစိ ကိလမတိ တာ သဒိသေန ဘဝိတဗ္ဗန္တိ ဒဿေန္တော အာဟ သဗ္ဗကာယပဋိသံဝေဒီ။လ။ သိက္ခတီတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** ယော၊ တပါးသောယောဂါဝစရပုဂ္ဂိုလ်အား။ သဗ္ဗမ္ပိ၊အလုံး စုံသော အစ-အလယ်-အဆုံး သုံးပါးလုံးတို့၌လည်း။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ သဗ္ဗမ္ပိ၊ အလုံးစုံသော အစ-အလယ်- အဆုံး သုံးပါးလုံးတို့၌လည်း။ပရိဂ္ဂဟေတုံ၊ သိမ်းဆည်းခြင်းငှါ။သက္ကောတိ၊ စွမ်း နိုင်တော့၏။ (သို့မှသာ သတိ) ကဿစိ၊ အမှတ်မထားတပါးပါးသောအခါ၌။ န ကိလမတိ၊ မပင်ပန်းချေ။ တာ သဒိသေန၊ ထိုကဲ့သို့တူသော သဘောရှိသော တယောလဒ္ဓပုဂ္ဂိုလ်နှင့်တူစွာ။ ဘဝိတဗ္ဗံ၊ဖြစ်အပ်၏။ဣတိ၊ ဤသို့။ ဒဿေန္တော၊ မှုချအားဖြင့်ပြတော်မူလိုသည်ဖြစ်၍။ သဗ္ဗကာယပဋိသံဝေဒီ ။လ။ သိက္ခတီ တိ၊ ဟူ၍။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ အာဟ၊ ဟောတော်မူပြီ။

အဲ ဤကဲ့သို့ ၎င်းအဋ္ဌကထာ ပြတော်မူသော တယောလဒ္ဓပုဂ္ဂိုလ်မှသာလျှင် တတိယ စတုက္ကနည်းအတိုင်း ပြည့်စုံ၍ အဇ္ဈတ္တိကကာယသို့ ရောက်နိုင်ပေမည်၊ သို့မှသာလျှင် လက်သန်း အဋ္ဌကထာ၌ ဝဏ္ဏနာဂါမိနိဉာဏ်ရှင် ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်ဖြင့် အမည်တွင်လျက် မေ့ဒါယာဒအထူး ချီးကျူးတော်မူလိုရကား –

ယာ သိခါပတ္တာ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနိ ဝိပဿနာတိ စ ပဝုစ္စတိ။

ဟု လာတော်မူ၏။

**အနက်ကား** ယာ၊ အကြင်သင်္ခါရတို့၌ လျစ်လျူရှုသောဉာဏ်သည်။ သိခါ ပတ္တာ၊ ဝိပဿနာ၏အထွဋ်အထိပ်သို့ရောက်၏။ သာနုလောမာ၊ ထိုသစ္စာနုလောမ ဉာဏ်နှင့်တကွဖြစ်သော။ သာ သင်္ခါရုပေက္ခာ၊ ထိုသင်္ခါရုပေက္ခာဉာဏ်ကို။ ဝုဋ္ဌာန ဂါမိနိဝိပဿနာတိစ၊ ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်ဟူ၍၎င်း။ ဝါ-အပါယ်စသည် မှ၎င်း။ ဝါ- သင်္ခါရနိမိတ်မှ၎င်း ထခြင်းဟုဆိုအပ်သော မဂ်သို့ရောက်ကြောင်း ဖြစ်သော ဝိပဿနာဟူ၍၎င်း။ ပဝုစ္စတိ၊ ဆိုအပ်၏။

အဲ ဤကဲ့သို့ အဋ္ဌကထာ၌ ချီးကျူးတော်မူရခြင်းသည်ကား အဇ္ဈတ္တိကကာယ နှင့်ပြည့်စုံမှသာလျှင် နာမရူပပဋိဂ္ဂါဟကဖြစ်တော်မူ၍ သမ္မသနဉာဏ်အစ အနု လောမဉာဏ်အဆုံး ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်သို့ အဆုံးတိုင် ရှန်းနိုင်ကြပေမည် ဟု ဤနေရာ၌ သီးကုံးထုံးဖွဲ့လိုက်ရလေသတည်း။ ထိုကဲ့သို့ ကြိုးစားသောပုဂ္ဂိုလ် တို့တွင်လည်း ဒုတိယနည်းက ပြခဲ့သော ပဋိဘာဂနိမိတ်ကို ယူဆောင်တော်မူခဲ့ ၍ ၎င်းနိမိတ်မှ သိမ်းဆည်း၍ ရအပ်သော ယောဂီပုဂ္ဂိုလ်သည် တတိယနည်း၌ လွယ်လင့်စွာ ပြည့်စုံလတ်၍ နှာသီးမှ အစ ရင်ချိုင့်သို့အလယ် ချက်သို့အဆုံး အောက်က အထက်သို့, အထက်က အောက်သို့ သက်တုံတက်တုံကို ကောင်းစွာ နိုင်နင်းခဲ့သော် –

ဥပမာအားဖြင့် အလွန်ကြည်လင်လှစွာသော ဖလ်ရုပ်ကဲ့သို့ လူ့သဏ္ဌာန်ရှိ၏၊ ထိုဖလ်ရုပ်၏အလယ်၌ ကြည်လင်လှစွာသော ရေကို နှာသီးမှ လောင်းလိုက် သော် စက္ခုအမြင်နှင့် ပြည့်စုံသော လုလင်ယောကျ်ားသည် အနီး၌ကပ်လျက် ကြည့်သတဲ့၊အဲထိုလုလင်ယောကျ်ား၏ အမြင်သည် နှာသီးမှ ရင်သို့ ရင်မှ ချက်သို့

ချက်ကအစ ပြန်၍တက်သော် ရင်သို့, ရင်မှ နှာသီးသို့ တက်လိုက်ကျလိုက် အပြန်အလှန် ကြည်လင်လှစွာသော ဖလ်ချောင်း၏အတွင်းသို့ ရေထည့်၍ပြွသကဲ့သို့ မိမိ၏အဇ္ဈတ္တကိုယ်တွင်းငယ်နိုင်နင်းစွာ ထင်မြင်ခဲ့ပါလျှင် ၎င်းတတိယနည်း၏ ပြည့်စုံခြင်းကိစ္စ ပြီးလေတော့၏၊ ဤနေရာ၌ကား ဩဓိ ဟူ၍ပင် သိကြလေ။

တနည်း အန္တောဓိကိုပြလို၍ ရင်မှ အထက်သို့ ၁၂-တောင် ရောက်အောင် ရင်မှ အောက်သို့ ၁၂-တောင် ရောက်အောင် သက်တုံ တက်တုံဖြင့် နိုင်နင်းပါမူ အန္တောဓိ မည်၏။

တနည်း အနန္တောဓိကား ရင်မှအထက်သို့ ဘဝဂ်တိုင်အောင် ရင်မှအောက်သို့ ဘဝဂ်တိုင်အောင် သက်တုံတက်တုံ နိုင်နင်းပါမူ အနန္တောဓိ မည်၏၊ ဤကား တတိယနည်းအရ ပြည့်စုံပါ၍ ရှေ့သို့ ကူးနိုင်ခြင်းကြောင့် အကျဉ်းအားဖြင့် သခေ်ပလောက်နှင့်သာ စခန်းတရပ် သတ်လိုက်ရပေတော့သတည်း။

ဤကား တတိယနည်း ပြီး၏။

---

## စတုတ္ထနည်းကို ပြခြင်း

တတိယနည်းကိုပြပြီး၍ စတုတ္ထနည်းကို ပြပေအံ့၊ ငါတို့ကျေးဇူးရှင် ကန္နီမြို့ ဆရာတော်ဘုရားကြီးသည် သမထ ၄-နည်းကို ပြလို၍ ရေးခဲ့သော စာတမ်း ကလေးကား –

သတိမြဲစွာ၊ ပဌမာ၊ ဒု-မှာ ရှည် တိုသိ။
သုံးချက်သိမှာ၊ တတိယာ၊ စ-မှာငြိမ်းစေဘိ။

**အရကား** ပဌမနည်းမှာ သတိမြဲအောင် ရေတွက်ရမည်၊ ဒုတိယနည်းမှာ အရှည် အတိုသိအောင် အားထုတ်ရမည်၊ တတိယနည်းမှာ နှာသီး ရင်ချိုင့် ချက် ဟု သုံးချက်သိအောင် အားထုတ်ရမည်၊ စတုတ္ထနည်းမှာ ရှူလေရှိုက်လေ ငြိမ်းအောင် အားထုတ်ရမည်။

ဤစတုတ္ထနည်းမှ ငြိမ်းအောင် အားမထုတ်နိုင်လျှင် ရှေ့သို့ မတက်ပါနှင့်၊ နောက်ကပြန်၍ နည်းအဆင့်ဆင့်ဖြင့် ရက်, လ ကြာအောင် ပြပါလေ၊ ရှူလေ ရှိုက်လေ ငြိမ်းပါမှ ရှေ့သို့တက်ရမည်၊ ရှူလေ ရှိုက်လေ မငြိမ်းပါဘဲနှင့် ရှေ့သို့

တက်ပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မရောက်နိုင်ပါ၊ အဘယ်ကိုထောက်၍ သိရပါ အံ့နည်း ဟူရာ၌ ပဏ္ဏာသ အဋ္ဌကထာ အလိုတော်အားဖြင့် ပြတော်မူရာဝယ်–

အာနာပါနဿတိံ ဟိ အဿာသ ပဿာသေ ပရိဂ္ဂဟေတွာ အရဟတ္တံ ဂဏှာတီတိ ဒဿေတိ။

ဟု လာတော်မူသည်ကို ထောက်ရသော်–

**အနက်ကား** အာနာပါနဿတိံ ဟိ၊ ဟူသည်ကား။ အဿာသ ပဿာသေ၊ ထွက်သက် ဝင်သက်တို့ကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းခဲ့သည်ရှိသော်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ဂဏှာတိ၊ ၏။ ဣတိ၊ သို့။ ဒဿေတိ၊ ၏။

အဲ-ဤဒေသနာတော်အရ ထွက်သက် ဝင်သက်ကိုမှ မသိမ်းနိုင်ခဲ့ပါမူ အရဟတ္တဖိုလ်ကို ဝေးစွ။ သောတာပန်အားမှာကား အဘယ်မှာမူအံ့နည်း၊ အဘယ့်ကြောင့်ဆိုသော် မဟာဂ္ဂုတ်အပ္ပနာဇော မပြတ်ဟု ဆိုရပေမည်၊မဟာဂ္ဂုတ် အပ္ပနာဇောမှ မပြတ်ခဲ့လျှင် ထိုပုဂ္ဂိုလ်သည် နာမရူပ ပရိဂ္ဂဟိကဉာဏ်သို့ မရောက်နိုင်ပါ၊ အဲ-ဤကဲ့သို့ နာမရူပ ပရိဂ္ဂဟိကဉာဏ်ကို ပိုင်နိုင်စွာ မပြည့်စုံ ခြင်းကြောင့် ထိုပုဂ္ဂိုလ်သည် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မကူးနိုင်တော့ပေ၊အဘယ်ကို ထောက်၍ သိရပါအံ့နည်း၊ ပရိညာစခန်းက မပြည့်စုံခြင်းကြောင့် ဟူလိုသော်။

ဤနေရာ၌ "စ-မှာ ငြိမ်းစေဘိ" ဆိုရာဝယ် စတုတ္ထနည်းမှ ငြိမ်းရမည်မဟုတ်၊ သပ္ပုရိသံသ ဆရာက အလိမ်မာကြီးခဲ့ပါလျှင် ပဌမဝါရ စတုက္ကနည်းက ငြိမ်းရမည်၊ (ဝါတုပလဒ္ဓပဘာဝနာကိုင့်) အဘယ့်ကြောင့် ပဌမဝါရက ငြိမ်းရမည် ဆိုသော် ပဌမနည်းက ပြခဲ့သည့်အတိုင်း။

"ဩဠာရိကာ အဿာသ ပဿာသ နိရောဓဂဏနဝသေန"ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဆိုခြင်းကြောင့် ဟူ၏။

ဤ ပဌမနည်းက မနိုင်နင်းခဲ့သော် ဒုတိယနည်းမှာ နိုင်နင်းစေရမည်၊ ပြသ သော ဆရာကပင်လျှင် တပည့်၏ အဇ္ဈာသယကိုလည်း စူးစမ်း ထောက်ချင့် နိုင်သော ဌာနာဌာနကောသလ္လဉာဏ်ကို ဓမ္မပရိယာယ်နှင့် ပုဂ္ဂိုလ်အမျိုးမျိုး ပြလေ့ပြစ်ရှိပါကမှ ဆရာ့ထံမှ လဒ္ဓေါပဒေသနှင့်တကွ အဋ္ဌောဝါသိက ပစ္စာ- သမဏ ဟတ္ထမုဋ္ဌိ နည်းလက်ရှိ ရခဲ့ဘူးပါကမှ ရိပ်မိကြမည်။

ဤ ဒုတိယနည်းမှ မနိုင်နင်းခဲ့သော် ရှေးသို့ကျလျှင် အဘယ်မှာ နိုင်နင်းနိုင်ပါအံ့နည်း၊ နည်းအစဉ်နှင့် နိုင်နင်းခဲ့ပါကမှ တတိယနည်းကို ပိုင်နိုင်စွာ နိုင်နိုင်မည်၊ ဤနည်းများသည် စတုက္ကနည်းချည်းသာတည်း၊ ထိုစတုက္ကနည်းသည် မှချနိုင်နင်းပါက နောက်က ဒေသနာ အမျိုးမျိုးကိုလည်း ပြခဲ့လှလေပြီ၊ သို့သော် ပြသည့်ဆရာကလည်း စိတ်ရှည်စွာဖြင့် ဖြေးဖြေးပြပါ၊ အလျင်မလို ပါလေနှင့်၊ ထိုတတိယနည်း သုံးချက်ကို နိုင်နင်းပါကမှ ဩဓိ အန္တောဓိ အနန္တောဓိကို နိုင်နင်းစွာ ပြီးမြောက်နိုင်လေပြီ။

ဩဓိ အန္တောဓိ အနန္တောဓိကို နိုင်နင်းပါကမှ၊ ဝါ-နိုင်နင်းခဲ့ပါလျှင် ရှေ့သို့ စတုတ္ထနည်းသို့ တက်ပြီးလျှင် သိမ်မွေ့စွာနှင့် ဆရာက ဂရုစိုက်၍ အရေးကြီးစွာနှင့် ပြရလိမ့်မည်၊ ဆရာကျနစွာဖြင့် ဤနေရာ၌ ရောက်လျှင် ရှုလေရှိုက်လေ မငြိမ်းမဖြစ်တော့ပြီ၊ ငြိမ်းရတော့မည်သာတည်း၊ ဤစတုတ္ထနည်းမှ မငြိမ်းခဲ့သော် အပ္ပနာဈာန် ပြတ်ခြင်းငှါ မပိုင်တော့ပါ၊ အပ္ပနာဈာန်မှ မပိုင်ခဲ့လျှင် လောကုတ္တရာအပ္ပနာနှင့် စပ်ခြင်းငှါ ခဲလေတော့၏။

သို့ပါမူ၍ စရဏယောဂီအား ဝီရိယဂုဏ်ဖြင့် တိုးတက်၍ ရက်လညောင်းပါကမှ စတုတ္ထနည်းကို ငြိမ်းအောင်ပြရမည်၊ အဘယ်ကဲ့သို့ ငြိမ်းအောင် ပြရပါအံ့နည်း၊ ငါသည် သက်တုံ တက်တုံနှင့်တကွ ဤကဲ့သို့ နှာသီးမှ ရင်သို့ရင်း, ရင်မှ ချက်သို့ရင်း တက်လိုက် ကျလိုက်နှင့် ရှုရှိုက်၍ နေရပါမူကား ဩြော်.... လွန်စွာ ဆင်းရဲလေစွတကား၊ ရှုခြင်း ရှိုက်ခြင်းမှ ငြိမ်း၍ မရှုဘဲ မရှိုက်ဘဲ နေရပါမူကား ဩြော်.... အလွန်ချမ်းသာပါပေစွတကားဟု အောက်မေ့ဆောက်တည်ဆဲလျက်နှင့်ပင် ဖြေးဖြေးကလေး ရှုလိုက်, ရှိုက်လိုက် ဖြေးဖြေးကလေး တက်လိုက် ကျလိုက်နှင့် ဆင်ခြင်၍ နေဆဲအခိုက်တွင် တဖြေးဖြေးဆင်ခြင်ရင်း အရှု အရှိုက် နဲ့နဲ့သွားပြီးတော့ (နည်း၂) ရပ်လျက် ရင်သို့ခြိုက်ကနဲ အငိုက်တွင် ချုပ်ပြတ်၍ သွားလိမ့်မည်၊ ဝါ-ရပ်မည်၊ မချုပ် မရပ်သေးပါလျှင် ဆရာက ပြင်ပြီး ပြောပြပါ။

အဲ ဤကဲ့သို့ ဆရာ၏ ဩဇာရိပ် ဓမ္မရှိန်ကြောင့် တပည့်သည် မိမိ၏ကမ္မဋ္ဌာန်းအာရုံကလေးကို ဖြေးညှင်းစွာနှင့် နှလုံးသွင်းရင်းပင်လျှင် ချုပ်ငြိမ်း၍

သွားလိမ့်မည်၊ အဘယ့်ကြောင့်ဆိုသော် အပဥ္စဖြစ်သော အာရုံသို့ မပျံ့လွင့်ဘဲ စိတ်ကလေးသည် အဇ္ဈတ္တသို့ ဝူပသန္တ သဘော၌ ဖြစ်လျက် တည်ကြည်ပြီး သိမ်းဆည်းခြင်းသို့ ရောက်လျက် ချုပ်ငြိမ်းလေတော့၏၊ ထို့ကြောင့် ဤနေရာ၌ မဟာဋီကာအလိုအားဖြင့် ဝူပသန္တ ဗဟိဒ္ဓဝိက္ခေပ ကေဂ္ဂပရိဂ္ဂဟအဖြစ်ဖြင့် ဘွင့်ပြတော်မူလို၍—

သန္တာ ဟောန္တီတိ စိတ္တံ တာဝ ဗဟိဒ္ဓါ ဝိက္ခေပါဘာဝေန ကေဂ္ဂံ ဟုတွာ ကမ္မဋ္ဌာနံ ပရိဂ္ဂဟေတွာ ပဝတ္တမာနံ သန္တံ ဟောတိ ဝူပသန္တံ။

မဟာဋီကာ။

**အနက်ကား** သန္တာ ဟောန္တီတိ၊ ဟူသည်ကား။ စိတ္တံ၊ စိတ်သည်။ တာဝ၊ ရှေးဦးစွာ။ ဗဟိဒ္ဓါ၊ အပအာရုံ၌။ ဝိက္ခေပါဘာဝေန၊ ပျံ့လွင့်ခြင်း မရှိသည်၏ အဖြစ်ကြောင့်။ ကေဂ္ဂံ၊ တည်ကြည်ခြင်းသည်။ ဟုတွာ၊ ဖြစ်၍။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းလျက်။ ပဝတ္တမာနံ၊ ဖြစ်သည်ရှိသော်။ သန္တံ၊ ငြိမ်သက်သည်။ ဝူပသန္တံ၊ အထူးသဖြင့် ငြိမ်သက်သည်။ ဟောတိ၊ ၏။

ဤကဲ့သို့ မိမိ၏ ကံ စိတ် ဥတု အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့်ဖြစ်သော ဥတုဇ ဝိပါက် ကဋတ္တာ ကရဇကာယ ရုပ်တို့သည် နူးညံ့နိုင်သရွေ့ နူးညံ့ပြီး စိတ်၌ဖြစ်သော အဿာသ ပဿာသမှ သိမ်မွေ့လျက် ခြိုက်ခနဲ ချုပ်ငြိမ်း၍ သွားလေတော့၏။

ဤသည်ပင်လျှင် ဤနေရာ၌ကား စတုတ္ထနည်း၏ အာရုပ္ပသဘောကား "စ-မှာ ငြိမ်းစေတိ" အရ အမှန် မုချ တွေ့ရသည်နှင့် အညီ အပ္ပနာစခန်းသို့ ရောက်ကြောင်း ကိုယ့်စိတ်ကို သိမ်းဆည်းနိုင်ပါ၍ ထင်ရှားစွာ ပြလိုရကား ဝိစေတဗ္ဗတရားတို့ကို ယောဂီတို့ကိုယ်တိုင် သတိရှိကြစေလို၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကမ္မဋ္ဌာနနိဒ္ဒေသ ပြတော်မူရာဝယ်—

တေသု ဝူပသန္တေသု အဿာသ ပဿာသာ သုခုမာ ဟုတွာ ပဝတ္တန္တိ၊ အတ္ထိ နု ခေါ နတ္ထီတိ ဝိစေတဗ္ဗတာကာရပ္ပတ္တာ ဟောန္တိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** တေသု၊ ထိုစိတ်တို့သည်။ ဝူပသန္တေသု၊ ငြိမ်းကုန်သည်ရှိသော်။ အဿာသ ပဿာသာ၊ ထွက်သက် ဝင်သက်တို့သည်။ သုခုမာ၊ နူးညံ့ သိမ်မွေ့ ကုန်လျက်။ ဟုတွာ၊ ဖြစ်၍။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ မေ၊ ငါ၏။ အဿာသ ပဿာသာ၊ ထွက်သက် ဝင်သက်တို့သည်။ (ထည့်) အတ္ထိနုခေါ၊ ရှိလေသလော။ နတ္ထိနုခေါ၊ မရှိလေသလော။ ဣတိ၊ ဤသို့။ ဝိစေတဗ္ဗတာကာရပ္ပတ္တာ၊ စူးစမ်း ဆင်ခြင်ခြင်းသို့ ရောက်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

အဲ ဤကဲ့သို့ ဝိစေတဗ္ဗဂုဏ်နှင့်ညီစွာ ရှူခြင်း ရှိုက်ခြင်းမှ ငြိမ်းလျက် ရှူရလေသလော မရှူရလေသလောဟု ဝါတုပလဒ္ဓ ပဘာဝနသဘောအရ သုခ ကောဂ္ဂတာ သဘောသို့ ရောက်လျက် စတုတ္ထာရုပ္ပဇောဖြင့် ချုပ်ငြိမ်းရမည်မှာ မလွဲသာ တည်း၊ ချုပ်ဆိုသည်ကား အဿာသ သဘောသို့သက်ပြီး ရင်ချိုင့်သို့ ရပ်သွား သည် ဟူလိုတော့၏၊ ထိုရပ်သွားသည်ကိုပင်လျှင် သုခ ကောဂ္ဂတာ ဟုဆိုအပ်သော စတုတ္ထနည်း ပြီးစီးသည် ဟူ၏၊ ဤသည်ကား ဒေသနာနည်းတည်း။

**သတိရှိရန်မှာ** အထူးအားဖြင့် အလုပ်နှင့်တကွ ဟတ္ထမုဋ္ဌိနည်းကို လိုလား သော သူတို့သည် သပ္ပုရိသံသထံမှ ပလိဗောဓကို ဖြတ်တောက်လျက် အလုပ် ခွင်သို့ဝင်၍ ပါရမီရှင်များမှသာ ရကြမည်၊ အလုပ် လုပ်တတ်ခြင်းငှါ ခဲယဉ်း လေစွ၊ စိတ္တဝိသုဒ္ဓိ ဥပစာ အပ္ပနာ နှစ်ရပ် ပြတ်မှ ဝိပဿနာ၏တည်ရာ သဉပ စာရ ဖြစ်ကြမည်၊သို့ပါသောကြောင့် မဟာဋီကာအရ—

> ဥပစာရသမာဓိပိ အပ္ပနာသမာဓိ ဝိယ ဝိပဿနာယ အဓိဋ္ဌာနဘာဝ-
> တော စိတ္တဝိသုဒ္ဓိယေဝါတိ အာဟ သဉပစာရာတိ။
>
> မဟာဋီကာ။

**အနက်ကား** ဥပစာရသမာဓိပိ၊ ဥပစာရသမာဓိသည်လည်း။ အပ္ပနာသမာ ဓိဝိယ၊ အပ္ပနာသမာဓိကဲ့သို့။ ဝိပဿနာယ၊ ဝိပဿနာ၏။ အဓိဋ္ဌာနဘာဝတော၊ တည်ရာ ဖြစ်သည်၏ အဖြစ်ကြောင့်။ စိတ္တဝိသုဒ္ဓိယေဝ၊ စိတ္တဝိသုဒ္ဓိမည်သည်သာ လျှင်တည်း။ ဣတိ၊ ဤသို့။ သဉပစာရာတိ၊ ဟူ၍။ အာဟ၊ ပြီ။

ဤနေရာ၌ကား ဥပစာရသမာဓိသည် အပ္ပနာသမာဓိကဲ့သို့ ဝိပဿနာအရာ၌ စိတ်ကို တည်စေနိုင်ခြင်းကြောင့် စိတ္တဝိသုဒ္ဓိအဖြစ်သို့ ရောက်၏၊ထိုအပ္ပနာသမာဓိ

သည် ဥပစာရသမာဓိ၌ အန္တောဂဓ ဝင်ခြင်းကြောင့် မဟာဋီကာ ဆရာက ဤနေရာ၌ သဥပစာရဟူ၍ ဘွင့်ပြတော်မူ၏။ ထိုသို့ မဟာဋီကာအလိုအားဖြင့် စိတ္တဝိသုဒ္ဓိ ဤအရာ၌ ဤကဲ့သို့ ဖြစ်လေခြင်းကြောင့် ထိုယောဂါဝစရပုဂ္ဂိုလ်သည် နာမရူပပရိစ္ဆေဒ ဉာဏ်စခန်းသို့ တက်နိုင်သသူ ယောကျ်ားပါရဂူ မြောက်ပေမူ ဟု သပ္ပုရိသံသ ဟတ္ထမုဋ္ဌိ ဆရာက ဓမ္မရင်ငွေဖြင့် သိမ်းပိုက်ကာ လွှမ်းခြုံကြ၍ အရေးယူတော်မူကြစေလိုကြောင်း တိုက်တွန်းနှိုးဆော်၍ ရေးလိုက်ရပေသတည်း။

ဤကား စတုတ္ထ မဟာဂ္ဂုတ် အပ္ပနာစခန်း ဒေသနာနည်းဖြင့် ဝေဘန်၍ ပြီးကာမှ ပရိယတ္တိနှင့် ပဋိပတ်နှစ်ရပ် ထပ်၍ ပြအပ်သော နည်းတည်း။

စတုတ္ထနည်း ပြီးပြီ။

---

## သမထ ၄-နည်း အကြောင်း

ထိုကဲ့သို့ သမထ ၄-နည်းတို့၏ အကြောင်းကို ခွဲခြမ်း၍ ပြရခြင်းသည်ကား ငါတို့၏ ကျေးဇူးရှင် ကန္နီမြို့ ရွှေသိမ်တော် တောရ ဆရာတော်ဘုရားကြီး၏ အလိုတော်မှာ—

သတိမြဲစွာ၊ ပဌမာ၊ ဒု မှာ ရှည်တိုသိ၊
သုံးချက်သိမှာ၊တတိယာ၊ စ-မှာ ငြိမ်းစေဘိ။

ဟု သီကုံး ထုံးဖွဲ့ခဲ့လေ၏။

ပဌမနည်းမှာ သတိကို မြဲအောင် အားထုတ်ရပါမည်၊
ဒုတိယနည်းမှာ အရှည်အတို သိအောင် အားထုတ်ရပါမည်။

တတိယနည်းမှာ နှာသီး ရင်ချိုင့် ချက် သုံးချက်လုံး သိအောင် အားထုတ်ရပါမည်။

စတုတ္ထနည်းမှာ ရှူလေ ရှိုက်လေ ရင်ချိုင့်မှာ ရပ်သွားအောင် ငြိမ်းသွားအောင် အားထုတ်ရပါမည်။

မုံရွာမြို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ အလိုတော်ကား အာနာပါနဒီပနီမှာ—

သတိမြဲစွာ၊ ပဌမာ၊ ဒု မှာရှည်တိုသိ။
လုံးစုံလင်းရော၊ တဒ္ဒလာ၊ စ-မှာငြိမ်းစေဘိ။

ဟု ရေးစပ်တော်မူခဲ့ပေ၏၊ ထိုကဲ့သို့ သဘောမှာကား ပဌမည်းမှာ သတိမြဲမှု, ဒုတိယနည်းမှာ ရှည် တို သိမှု သဘောချင်း တူညီ၏။

တတိယနည်းမှာကား ခန္ဓာကိုယ် တကိုယ်လုံး လင်းအောင် အားထုတ်ရမည်ဟု ဆိုပေ၏၊ လင်းသူလဲ ရှိတတ်ပေ၏၊ သို့သော် လင်းမှသာ မဟုတ် သုံးချက်လုံး သိပါက ပြီးနိုင်တော့သည်သာတည်းဟု ဝါဒရှိခဲ့ကြ၏။

ဤနေရာ၌ ဤကျေးဇူးရှင် ဆရာတော်ဘုရားကြီး နှစ်ပါးတို့၏ အယူတော်သည် တူမျှ ကိုက်ညီပေသည်ဟု ယခု သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားသော အရှင်သည်ပင်လျှင် ယုံကြည်ကိုးစား အားထားခဲ့မိပေကြောင်း၊အဘယ့်ကြောင့်ဆိုသော် ယခု စာရေးသော ဆရာတော်သည် ပြသခဲ့ပြီးသော ရဟန်းရှင် လူ ခပ်သိမ်းသူတို့သည် လက်တွေ့အားဖြင့် သုံးချက်ကို သိသူလဲ ရှိခဲ့ပေ၏၊ ခန္ဓာကိုယ် တကိုယ်လုံး လင်းသူလဲ ရှိခဲ့ပေ၏၊ ထိုစာတမ်းဖြင့် ရေးသားသော ဆရာတော်သည်ပင်လျှင် လိုလားပါက စူးစမ်းခဲ့သော် ဘယ်ခါမဆို ဖြစ်နိုင်သေး၏၊ သို့သော် ပါရမီအားလျော်စွာ ဖြစ်ကြပေမည်ဟု ယူဆလျက် ရှိပေ၏။

ထို့ကြောင့် ဤကျေးဇူးရှင် ဆရာတော်ကြီးနှစ်ပါး၏ အယူတော်သည် ဖြောင့်မှန် တူမျှ၏၊ ကိုက်ညီပါပေ၏ဟု ယခုစာတမ်းဖြင့် ရေးသားသော ဆရာတော်သည် ချီးကျူး၍ မကုန်နိုင်အောင် ထိုဆရာတော်ကြီး နှစ်ပါးအား ကြည်ညိုလေးစားစွာဖြင့် ဤအရာ၌ ဝန္ဒာမိ-အမျိုးမျိုး ဂစ္ဆာမိ-အထပ်ထပ် ဤနေရာ၌ စခန်းတရပ် သတ်လိုက်ရပေတော့သတည်း။

စတုတ္ထနည်းမှာကား ရှူလေ ရှိုက်လေ ရင်ချိုင့်မှာ ငြိမ်းသွားအောင် ရပ်သွားအောင် အားထုတ်ရမည်၊ ဤကဲ့သို့ သမထ ၄-နည်း၏ ဖြေရှင်းချက် သဘောကို ရေးလိုရကား ဤအတိုင်းပင် သာတည်း၊ ထို ၄-နည်းတို့တွင် အလုပ်၏ ဝေါဟာရ၌ ရုပ်ဥပစာရ နာမ်ဥပစာရ ဟူ၍လည်း နှစ်ပါးပြားပြန်၏။

ပြားပုံကား—

ရုပ်ဥပစာရ ဆိုက်ပုံသည် ထိုစတုတ္ထနည်းကို သိမ်းလိုက်သောအခါက ငြိမ်းသည်ထက် ငြိမ်းအောင် ၎င်းထက် ငြိမ်းသည်ထက် ငြိမ်းအောင် ၎င်းထက် သာသည်ထက်သာအောင် ဖြစ်လတ်သောအခါ မိမိခန္ဓာကိုယ်ကြီးသည် လေဖြင့်ပြည့်သော သားရေအိမ်ကြီးကဲ့သို့ စည်ပေါင်းအိမ်ကြီးကဲ့သို့ ဖေါင်းကြွ ပြည့်ဖြိုးတိုးတက်၍ မြောက်ပင့်ချီပံ့လျက် မိုးသံးကောင်းကင်ထက်ဝယ် လေအိမ် ဖေါ့အိမ်ကြီးကဲ့သို့၎င်း တက်ဝံလျက် ထိုကဲ့သို့ နိမိတ်ဖြစ်လျှင် ရုပ်ဥပစာရ ဖြစ်၏ဟူလို။

ထိုကဲ့သို့ စတုတ္ထနည်းကို သိမ်းဆည်းလိုက်သောအခါ မိမိ၏ ခန္ဓာ ကိုယ်ကောင်ကြီးသည် တလံမျှလောက်သော မဏ္ဍလအတွင်းဝယ် လွန်မင်းစွာ ကြည်လင် သန့်ရှင်းလှသည်ဖြစ်၍ ဖလ်အိမ်ကြီးကဲ့သို့၎င်း, အကြည်ဝန်းကြီးကဲ့သို့၎င်း ခန္ဓာကိုယ်ကို ဝန်းရံငုံအုပ်လျက် ပတ်ဝန်းကျင်ဝယ် ဝန်းဝိုင်းသော ပရိမဏ္ဍလ အဿာသ ပဿာသ ပဋိဘာဂနိမိတ်ကို မြင်လိုက်ရ၏၊ ထိုသို့ ဖြစ်ခြင်းသည် နာမ်ဥပစာရ ဆိုက်သည်ဟု ခေါ်ဆို၏ ဟူလို၊ သတိရှိကြစေ ဆရာမလိမ်မာပါက ဤနေရာ၌ မဂ် မှတ်တတ်၏၊ အချို့သော ယောဂီများသည် တရားရပြီ ဟူ၍ ပြောတတ်ကြ၏၊ သို့သော် ဤကဲ့သို့ ဖြစ်ခြင်းကား အလွန်ခဲယဉ်းပေစွ။

အာလောကသညာကို ထင်ခြင်း၊
ပညိန္ဒြေ ပွင့်ခြင်း၊
ပဋိဘာဂနိမိတ်ကို မြင်ခြင်း၊
သြဘာသနှင့် ပြည့်စုံခြင်း၊
ဗလဝ ဆိုက်ခြင်း၊
ဣန္ဒြေ၏ နိုးချပ်ခြင်း၊

ဤသည်ကား မဂ်မှတ်တတ်ကြ၏၊ မဂ်မှားသာတည်း၊ ဤအရာ၌ တဆယ့်နှစ်တောင့်ထွာ ဟတ္ထပါသ်၌ ကြည့်လိုက်တိုင်း မြင်ခြင်းသည် သေးနုပ်သော နံ့ရံပေါက်ငယ် စသည်ဖြင့်၎င်း သေးနုပ်လှစွာသော အပ်ငယ်ဖြင့် ပဋိဘာဂနိမိတ်ကြောင့် မြင်ခြင်းသည် အာလောကသညာကို မြင်ခြင်း မည်၏။

အသင်ယောဂီသည် သမာဓိ အားကြီးသည်ဖြစ်၍ လွန်စွာငြိမ်သက်လ လျက် ညဉ့်အခါတို့၌ ပိုးစုန်းကြူး တောက်သကဲ့သို့ရင်း, ပိုးပြိတ္တာ ကွန့်မြူးသကဲ့သို့ရင်း, မီးပွားမီးလျှံကို မြင်သကဲ့သို့ရင်း စသည်ဖြင့် မြင်ခြင်းသည် ပညိန္ဒြေ ပွင့်ခြင်း မည်၏။

အကြင်ယောဂီသည် သမာဓိဂုဏ်ကြောင့် ဥဂ္ဂဟနိမိတ်ကို လွှမ်းမိုးလျက် စိန်တုံး မြသား ကျောက်မျက်ရွဲ ပုလဲသွယ် စသည်တို့ကဲ့သို့ မြင်ခြင်းသည် ပဋိဘာဂနိမိတ်ကို မြင်ခြင်း မည်၏။

အကြင်ယောဂီသည် သမာဓိရင့်လှသည်ဖြစ်၍ ကမ္မဋ္ဌာန်းကို နှလုံးသွင်းစဉ် ဟတ္ထပါသ်ကို လွန်၍ တဂါဝုတ် နှစ်ဂါဝုတ် စသည်ဖြင့် ဉာဏ်အာရုံရှိသလောက် စကြဝဠာသို့ ဖေါက်ထွင်း၍ မြင်ခြင်းသည် သြဘာသကို မြင်ခြင်းမည်၏။

အကြင် ယောဂီသည် ဝိပဿနာ၏ အတွင်းငယ် အနီး၌ရင်း အဝေး၌ရင်း မီးတောက်မီးလျှံ အခိုး တိမ်တောင် နဂါးပတ် လျှပ်စစ်နွယ်ရောင် စသည်ဖြင့် မြင်ခြင်းသည် ဗလဝဆိုက်သည် မည်၏။

အကြင်ယောဂီ၏ သမာဓိသည် တည်ကြည် ခိုင်ခံ့ မြဲမြံလှသည်ဖြစ်၍ ဝိပဿနာဉာဏ်အရာဝယ် မျက်နှာမူရာဌာန၌ တဝင်းဝင်း တပြောင်ပြောင် အရောင်တလျှပ်လျှပ်နှင့် အနီးသောသူအား မေးရသည့် စကားအထိ မြင်ခြင်း သည် ဣန္ဒြေ၏ နိုးချုပ်ခြင်း မည်၏။

ဤကဲ့သို့သော ၆-ပါးသော မြင်ခြင်းတို့တွင် တပါးပါးကို မြင်သော ယောဂီ သည် နှစ်ပါးသို့ စသည်ဖြင့် မြင်သော ယောဂီအားရင်း—

အာကာရ။ ဘာဝ။ လက္ခဏ။
သတ္တိ။ လဟု။ ဒဿန။

ဤ ၆-ပါးတို့နှင့် မပြည့်စုံခြင်းကြောင့် နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက် ပြုသည် မမည်နိုင်ပေ၊ မဂ်မဟုတ် ဟူလို။

မဂ်ဟုတ်သည်ကို ပြပေအံ့။

အကြင်ယောဂီသည် ဆိုအပ်ခဲ့ပြီးသော မဂ်ဂုဏ်ရောင် ၆-ပါးကို ဆောင် လျက် အလွန်သန့်ရှင်း စင်ကြယ်လှစွာသော တခဲနက် တောက်ပသော ကိလေ

သာတို့မှ ကင်းစင်သောရုပ်နာမ်နှစ်ပါးတို့မှ ချုပ်ငြိမ်းဟန် အရောင်အလင်းကြီးကို ဟာကနဲ ဟင်းကနဲ ငြိမ့်ကနဲ သိမ့်ကနဲ ကုန်ဆုံးဟန်ကို ခန္ဓာကိုယ်နှင့်စပ်သဖြင့် မြင်လိုက်ရ၏၊ ထိုသို့ မြင်လိုက်ရသည်ရှိသော် အခြင်းအရာ၏ သဘောလက္ခဏာ သတ္တိကို လျင်စွာမြင်ခြင်းနှင့်တကွ မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိရောဓသစ္စာ နိဗ္ဗာန်ဟုဆိုအပ်သော အာရုံတော်ကြီးကို မဂ္ဂသစ္စာဖြင့် ကေန် မျက်မှောက်ပြု လိုက်ရ၏ဟု မဂ်ဖြစ်ကြောင်း ကေန် တာဝန်ခံလို၍ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ဘွင့်ပြတော်မူသည်မှာ—

သော ဧဝံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

အနက်ကား သော၊ ထိုမဂ္ဂသမင်္ဂီ ပုဂ္ဂိုလ်သည်။ ကမ္မံ၊ မဂ်နှင့်စပ်သော အမှုကို။ ကရောန္တော၊ အာရုံပြုသည်ရှိသော်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ သစ္စာတရားတို့ကို။ ဧကေန၊ တပေါင်းတည်း။ ပဋိဝေဓေန၊ ထိုးထွင်း၍ သိသဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။

အဲ ဤကဲ့သို့ လေးပါးသော သစ္စာကို တပြိုင်နက် တကိစ္စတည်း တချက်တည်း ထိုးထွင်း၍ သိခဲ့ပါလျှင် ၎င်းအဋ္ဌကထာရှင်က မဂ်အမှန်ဖြစ်ကြောင်းကို မှချ ပြဆိုတော်မူခြင်းကြောင့် ဤနေရာ၌ သစ္စာလေးပါးကို တကယ် တပြိုင်တည်းပြိုင်၍ မြင်ခဲ့ပါမူ မဂ်မှန်၏ဟု ဆိုရပေမည်၊ ဤစာတမ်းဖြင့် ရေးသားသော အရှင်သည်ပင်လျှင် ဤဒေသနာကို ထောက်သောအားဖြင့် ရှာဖွေတော်မူခဲ့သော ဟတ္ထမုဋ္ဌိနည်းကို ဆောင်တော်မူလျက် ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် ဆုံးဖြတ်အပ် လိုရကား ခိုင်လုံလှပေ၏။

ဤသို့သော သဘောအရကား ခဲယဉ်းလေစွ၊ ထိုကဲ့သို့ ခဲယဉ်းခဲ့လေသော ကြောင့် အချို့သော ရဟန်း ရှင် လူ ခပ်သိမ်းသူတို့သည်—

အာလောကသညာကိုထင်ခြင်း၊ ပညတ်ရွေ့ပွင့်ခြင်း၊ ပဋိဘာဂနိမိတ်ထင်ခြင်း၊ ဩဘာသကိုမြင်ခြင်း၊ ဗလဝဆိုက်ခြင်း၊ ဣန္ဒြေနိုးချုပ်ခြင်း တို့ကို မဂ်ဟုထင်၍

နေကြပေ၏ မဂ်မဟုတ်သေးပါ၊ မဂ်မှားသာတည်း၊ သို့သော်ဖြစ်ခြင်း၄ါ ခဲယဉ်းစွ။ လူ့သာမန် နတ်သာမန်တို့ ထိုက်တန်သော အရာမဟုတ်ပေ၊ ပဘဿရခေတ် ထူး ခေတ်မြတ်တော်ကြီးပင်တည်း။

ထိုပဘဿရ ခေတ်ထူး ခေတ်မြတ်တော်ကြီးကိုပင်လျှင် မြင်ခြင်း၄ါ ခဲယဉ်း၏၊ ကျင့်ကြံအားထုတ်သော ယောဂီအပေါင်းတို့၏ ဉာဏ်ဝဋ္ဋ ပရမတ္ထတရားတို့ သည် ဝိသုဒ္ဓိဖြစ်ခိုက်၌သာ ပဘဿရခေတ် ဆိုက်ရောက်ကြပေ၏။

လူ့သာမန် နတ်သာမန်တို့၏ အရာကား မဟုတ်ပေ၊ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟု ဆိုအပ်သော သင်္ခါရတရားတို့၏ ချုပ်ငြိမ်း ဖြစ်ပျက်ဟန်ကို အတန်တန် အမှန်မြင်လိုက်ရလေခြင်းကြောင့် ရှင်တော်မြတ်ဘုရားသည် သံယုတ် ဒေသနာတော်၌ -

> ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ သင်္ခါရပရိက္ခေပေန နိဗ္ဗာနံ ဒဿိတံ။

ဟု ဘွင့်ပြတော်မူခဲ့လေရကား -

**အနက်ကား** ဝိညာဏံ၊ ဝိပဿနာဉာဏ်မျက်စိဖြင့်သာမြင်အပ်၏။ (မနော ဝိညာဉ်သို့င့်) အနိဒဿနံ၊ မျက်စိနှင့် မြင်ကောင်းသော အရာမဟုတ်။ အနန္တံ၊ အဆုံးအပိုင်းအခြားမရှိ။ သဗ္ဗတောပဘံ၊ အချင်းခပ်သိမ်း အရောင်အဆင်းနှင့် ပြည့်စုံ၏။ သင်္ခါရပရိက္ခေပေန၊ သင်္ခါရတရားတို့သည် ပြုပြင်ပြောင်းလွဲချုပ်ငြိမ်း ဟန်ကို အမှန် မြင်လိုက်ရလေခြင်းကြောင့်။ နိဗ္ဗာနံ၊ နိရောဓသစ္စာနိဗ္ဗာန်ကို။ ဒဿိတံ၊ မြင်လိုက်ရ၏။

အဲ ဤကဲ့သို့ ဤနေရာ၌ နိရောဓသစ္စာ အမှန်ထိုက်မှသာ နိဗ္ဗာန်အမှန် ဖြစ်ပေတော့၏၊ ယင်းသို့ မဟုတ်ခဲ့ပါလျှင် ပဘဿရ ခေတ်ထူး ခေတ်မြတ်တော် နှင့်သာ ကာလကြာ၍ နေကြရကုန်တော့၏၊ အဘာဝသာတည်း၊ ပညတ်နှင့် မလွတ်သေးပေ၊ အဘယ်ကြောင့်ဆိုသော် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မဖြစ်ဟူလို။ သို့ပါ၍ မဂ်မှားနှင့် မဂ်မှန်ကို ရှင်းလင်း၍ ပြရပေ၏၊ ဤကဲ့သို့ ခွဲ၍ပြမှသာလျှင် မဂ်မှားနှင့် မဂ်မှန်ကို သတိ ထားနိုင်ကြပေမည်။

သုစမ္မတော် (က—၁၀၁) ၇

သို့ပါမူ၍ -

အာကာသ။ ဘာဝ။ လက္ခဏ။
သတ္တိ။ လဟု။ ဒဿန။

ဟု ဆိုအပ်သော မဂ်ဂုဏ်ရောင် ၆ ပါးနှင့် ပြည့်စုံမှသာလျှင် မဂ်မှန်ကြောင်းကို အကြင်ပညာရှိ ယောဂီတို့ကိုယ်တိုင် ဆင်ခြင်စဉ်းစား၍ မှန်ရာကိုသာ ယူတော်မူကြပါကုန်လော့ဟု သတိရှိစွာဖြင့် တခဏ်းတရပ် အစသတ်လိုက်ရပေကြောင်း။

ဤတွင် သမထ ၄-နည်းအကြောင်း ပြီးပြီ။

## နာမရူပ ပရိစ္ဆေဒဉာဏ် ပြချက်

ဤနေရာ၌ သမထကို ပြပြီး၍ နာမရူပပရိစ္ဆေဒဉာဏ်ကို ပြလိုရကား—

နာမရူပ ပရိစ္ဆေဒ ဉာဏ်ဆိုသည်ကား ရုပ်နာမ်ကို ပိုင်းဖြတ်၍ မြင်သောဉာဏ်ကို ဆိုလို၏၊ ရုပ်နာမ်ကို အဘယ်ကဲ့သို့ ပိုင်းဖြတ်၍ မြင်နိုင်ပါအံ့နည်း၊ ဝိသုဒ္ဓိမဂ် အလိုတော်အားဖြင့် မြင်အောင်ပြရမည်မှာ ဥပမာ ၅-ပါးသာတည်း။ ဥပမာ ၅-ပါးဟူသော်ကား—

သူရိယုဂ္ဂမနေ ဥဿာဝဗိန္ဒုဝိယ ဥဒကပုပ္ဖုဠဝိယ ဥဒကေ ဒဏ္ဍရာဇိဝိယ အာရဂ္ဂေ သာသပေါဝိယ ဝိဇ္ဇုပ္ပါဒေါဝိယ စ ပရိတ္တဋ္ဌာယိနော။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား သူရိယုဂ္ဂမနေ၊ နေအရုဏ်တက်သောအခါ၌။ ဥဿာဝဗိန္ဒုဝိယ စ၊ ကြွေကျသောဆီးနှင်း ပေါက်ကဲ့သို့ရင်း။ ဥဒကပုပ္ဖုဠဝိယ စ၊ တပြွက်ပြွက် ပြွက်၍နေသောရေကဲ့သို့ရင်း။ ဥဒကေ၊ ရေ၏အပြင်၌။ ဒဏ္ဍရာဇိဝိယ၊ တုတ်တံကျင်တောင်ဝှေးဖြင့် ရေးခြစ်သော အရေးကဲ့သို့ရင်း။ အာရဂ္ဂေ၊ ပွတ်ဆောက်ဖျား၌။ သာသပေါဝိယ စ၊ မုံညင်းစေ့ကဲ့သို့ရင်း။ ဝိဇ္ဇုပ္ပါဒေါဝိယ စ၊ လျှပ်စစ်နွယ်ရောင်ပြက်သကဲ့သို့ရင်း။ ပရိတ္တဋ္ဌာယိနော' တိုသောတည်ရ ရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌဟန္တိ၊ တည်ကုန်၏။ (ရှေ့သို့မြော်၍စပ်)

ဤကဲ့သို့ ဝိသုဒ္ဓိမဂ်အလိုတော်အားဖြင့် ဥပမာ ၅-ပါးဖြင့် ပြတော်မူရာဝယ် အားလုံးသော ယောဂီအပေါင်းတို့သည် ဤဥပမာ ၅-ပါးကို ဆောင်လျက် သမထနယ်အတွင်းက တတိယနည်းဖြင့် အဇ္ဈတ္တိကာယဩဒိမှ စတုတ္ထနည်းသို့ တိုင်အောင် ပိုင်နိုင်စွာ သိမ်းဆည်းခဲ့ပါလျက် ကာယဝိဝေက စိတ္တဝိဝေကဘို့ကို ငြိမ်းပြီးပါ၍ ဟတ္ထမုဋ္ဌိနည်းကို ဆရာဖြစ်သူက သဒ္ဓါစိတ်ဖြင့် ဆောင်လျက် ဥပမာ ၅-ပါးတို့တွင် တပါးပါးသော ဥပမာကို မြင်မြဲတံထွာ ဓမ္မတာဖြစ်၍ ဆရာနှင့်တူစွာ ဉာဏ်အမြင်ရပါက (ဤနေရာ၌ ဆရာအလိမ်မာရှိပါက) ထိုယောဂီသည် သမထနယ်မှ ပရိကမ္မဘာဝနာနှင့် စတုက္ကနည်းဖြင့် အပ္ပနာသို့ မဟဂ္ဂုတ်နယ်မှ လွတ်အောင် တပည့်၏ ဝေနေယျဇ္ဈာသယဉာဏ်ဖြင့် လိမ်မာလှစွာ ကမ္မဋ္ဌာနာ စရိယဆရာက သွန်သင်ဆုံးမ ဌာနာဌာန ကောသလ္လအရာနှင့် ပြည့်စုံပါက ထိုစရဏယောဂီရှင်သည် တပါးပါးသော ဥပမာဖြင့် မုချမှန်စွာ မြင်ခြင်းငှါ ထိုက်တန်ပေတော့၏၊ ဤနေရာ၌ ဆရာကအသိဉာဏ်နှင့် မပြည့်စုံပါက ခဲယဉ်းစွ၊ ကမ္မဋ္ဌာနာစရိယဆရာများသည် ကြပ်ကြပ်ကြီး သတိရှိကြစေ၊ ကပိလအရှင်ထက် ဆိုးကြမည် ဟူလို။

သို့ပါမူ၍ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီးက ရေးစပ်တော်မူခဲ့သည်မှာ—

> ဆိုပိမ့်မှတ်ရာ စေ့စေ့နာလော့ သဒ္ဒါပရမတ် မနူးနပ်ဘဲ လူတတ်တဆူ ငါကောဟူ၍ အယူထွေဆန်း မရဲလွန်းနှင့် ကျမ်းတဲ့ဂန်တဲ့ မရွေ့စသား လေးမြတ်ပါမှ ပညာတိုးပွား အကျိုးများလိမ့် လေးပါးပင်လယ် နက်ဝှမ်းကျယ်ကို ယုံငယ်သေးကွေး မလောက်လေးမူ သေဘေးမနှောင်း မြဲစတောင်းတည်း ဗုဒ္ဓုပ္ပါဒ နဝမတဲ့ ဘဝအခိုက် ကြိုက်စသာ ကြိုက်ခဲ့ပါလည်း သမ္မာမဝင် မိစ္ဆာယှဉ်က လူတွင်လုံးလုံး အဖြစ်ရှုံး၏ ထုံးဟောင်းတန္တိ ကျမ်းအညီနှင့် ဂမ္ဘီရဓာတ် ပရမတ်ကို အတပ်တွေးတော မပြောဟောနှင့် သဘောသကံ မိမိဉာဏ်နှင့် မတန်မရာ နက်နဲစွာကို အရာမသိ မရိပ်မိဘဲ ဟုတ်လိနိုးနိုး ဆင်ကန်းကျားတိုးသို့ ကြိုးကြိုးပမ်းပမ်း ဗရမ်းဗတာ စိတ်သညာဖြင့် ထင်ယောင်ထင်မိ မှားခေါင်ထိ၍ ဒိဋ္ဌိမြစ် စုံးစုံးနစ်သည် လူဖြစ်ဤတွင် ရှုံးသည်တည်း။

ဟု ရေးစပ် ဆိုဆုံးမတော်မူ၍ ကမ္မဋ္ဌာနာစရိယ နည်းမရပါက တရားပြခြင်း ၄ါ ဝန်လေးစွ၊ မဂ်လမ်း ဖိုလ်လမ်းအစဉ်နှင့်တကွ ပြသော်လည်း ပြတတ်ပါကမှ ဟောခဲ့သော်လည်း ဟောတတ်ပါကမှ ဓမ္မပဋိဂ္ဂါဟက ဓမ္မဿဝန ပုဂ္ဂိုလ်များသည် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ပစ္စက္ခသိဒ္ဓိဉာဏ် ပေါက်၍ အမှန်ရောက်ကြပေမည်၊ ဆရာက အမှန်ရောက်ပါက တပည့်လည်း အမှန်ရောက်ပေမည်၊ သို့ပါ၍ မိမိမရ မရှိ မသိသေးပါက မုချနည်းဖြင့် မယူမဆ မပြကြလေလင့်ဟု သတိရှိတော်မူကြစေခြင်း၄ါ ဒေသနာနည်းဖြင့် ရေးပြလိုက်ရလေတော့၏။

**အမှာစကားရပ်** ဤနေရာ၌ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ ကေပိုဒ်လင်္ကာနှင့်ပင် အဓိပ္ပါယ်ပေါ်လွင်လှလေပြီ၊အဲ-ဤသို့ ဝိသုဒ္ဓိမဂ်အလိုတော် အရကား ဆရာဖြစ်သူက ၅-ပါးသော ဥပမာတို့တွင် တပည့်ယောဂီကို တပါးပါးသော ဥပမာကို မြင်အောင် ပြရမည်။

အသို့ နှစ်ပါးမှအစပြု၍ သော်ငြင်း၊ ၅-ပါး ဟူသော်ကား–

၁ နေအရဏ်တက်သောအခါ ကြေကျသော ဆီးနှင်းပေါက်ကဲ့သို့ငြင်း။
၂ ရေပွက် ရေမြှုပ်ကဲ့သို့ငြင်း။
၃ ရေပြင်၌ ဒုတ် တံကျင် တောင်ဝှေးဖြင့် ရေးခြစ်သော အရေးကဲ့သို့ငြင်း။
၄ ပွတ်ဆောက်ဖျား၌ မုံညင်းစေ့ကလေး တင်ထားသကဲ့သို့ငြင်း။
၅ မိုးကောင်းကင်၌ လျှပ်စစ်နွယ်ရောင် ပြက်သကဲ့သို့ငြင်း။

ဤငါးပါးသော ဥပမာတို့တွင် တပါးပါးသော ဥပမာဖြင့် အရိယာလောင်းလျာတို့မှာကား မြင်မြဲတံထွာ ဓမ္မတာ ဟူလို။

အားထုတ်သော ယောဂီသည် နောက်ကပြခဲ့သော အရာရာသော အကြောင်းနှင့်တကွ ပြည့်စုံခဲ့ပါလျှင် မြင်နိုင်ပေတော့၏၊ တပည့်၏ ပါရမီ ပြည့်စုံပါလျက်နှင့် မြင်အောင်မပြနိုင်လျှင် ဆရာ၏ တာဝန် ဖြစ်ချေ၏ဟူလို။

ပြသသော ဆရာများသည် သတိရှိကြစေလို၏၊ တနည်းအားဖြင့် တရားတို့သည် ဖြစ်ပုံကိုငြင်း မြင်ပုံကိုငြင်း ဥပမာဆောင်၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ပြတော်မူသည်မှာ—

သော ယထာနာမ စက္ခုမာ ပုရိသော ပေါက္ခရဏီတီရေ ဝါ နဒီတီရေ ဝါ ဌိတော ထူလဖုသိတကေ ဒေဝေ ဝဿန္တေ ဥဒကပိဋ္ဌေ မဟန္တမဟန္တာနိ ဥဒကပုပ္ဖုဠကာနိ ဥပ္ပဇ္ဇိတွာ ဥပ္ပဇ္ဇိတွာ သီဃံ သီဃံ ဘိဇ္ဇမာနာနိ ပဿေယျ၊ ဧဝမေဝ သဗ္ဗေ သင်္ခါရာ ဘိဇ္ဇန္တိ ဘိဇ္ဇန္တီတိ ပဿတိ၊ ဧဝရူပဉ္ဟိ ယောဂါဝစရံ သန္ဓာယ ဝုတ္တံ ဘဂဝတာတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား ယထာနာမ၊ ဥပမာမည်သည်ကား။ စက္ခုမာ၊ မျက်စိအမြင်ရှိသော။ သောပုရိသော၊ ထိုယောကျ်ားသည်။ ပေါက္ခရဏီတီရေ ဝါ၊ အင်းအိုင်ကမ်းနားဌ်ရင်း။ နဒီတီရေ ဝါ၊ မြစ်အနားဌ်ရင်း။ ဌိတော၊ ရပ်လျက်။ ထူလဖုသိတကေ၊ စိုစွတ်လောက်သော။ ဒေဝေ၊ မိုးသည်။ ဝဿန္တေ၊ ရွာသည်ရှိသော်။ ဥဒကပိဋ္ဌေ၊ ရေ၏အပြင်၌။ မဟန္တမဟန္တာနိ၊ ကြီးစွာကြီးစွာကုန်သော။ ဥဒကပုပ္ဖုဠကာနိ၊ ရေပွက်တို့သည်။ ဥပ္ပဇ္ဇိတွာ ဥပ္ပဇ္ဇိတွာ၊ ဖြစ်ကြကုန် ဖြစ်ကြကုန်ပြီး၍။ သီဃံ သီဃံ၊ လျင်စွာ လျင်စွာ။ ဘိဇ္ဇမာနာနိ၊ ပျက်သည်တို့ကို။ ပဿေယျ၊ မြင်ရာ၏။ ဧဝမေဝ ဧဝံတထာ၊ ပမာဆိုမူ ထိုအတူသာလျှင်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊ တေဘူမကသင်္ခါရ တရားတို့သည်။ ဘိဇ္ဇန္တိ ဘိဇ္ဇန္တိ၊ ပျက်ကုန် ပျက်ကုန်၏ (ဟူ၍)။ ဣတိ၊ ဤသို့။ ပဿတိ၊ မြင်၏။ ဟိ၊ အဟုတ်အမှန် ထုတ်ပြန်၍ ပြဦးအံ့။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ယောဂါဝစရံ၊ ကျင့်ကြံကြိုးကုတ် အားထုတ်သော ယောဂါဝစရပုဂ္ဂိုလ်ကို။ သန္ဓာယ၊ ရည်၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပြီ။

အဲ-ဤကဲ့သို့ ဤနေရာ၌ ဤဒေသနာတော်အရ မျက်စိအမြင်နှင့် ပြည့်စုံသော ယောကျ်ားသည် လေးထောင့်ကန်နားဌ်ရင်း၊ မြစ်၏ ကန္နားဌ်သော်ရင်း စိုစွတ်လောက်သော မိုးသည် ရွာသွန်းခဲ့သည်ရှိသော် ရေ၏အပြင်ဝယ် မိုးရေပေါက်တွေ ကျခဲ့သည်ရှိသော် ကျနာကျရာ အရပ်၌ ကြီးငယ်မဟူ အထိုက်အလျောက် ရေပွက်တို့သည် မထပ်မနား ဖြစ်ချည်ပျက်ချည်ဆိုသလို မြင်သည့် ဥပမာကဲ့သို့ ဤကဲ့သို့ ပုံနှင့်မခြား အလားတူ အားလုံးသော လောက၌ သင်္ခါရ တရားတို့ ပြုပြင်မှုသည် ဤကဲ့သို့သော ဥပမာဆောင်၍ သတိဖြင့် ဆင်ခြင်ဘိ

သော် အားလုံးသော ယောဂီတို့၏ ပါရမီအစဉ်အားလျော်စွာ ရှုဆင်ခြင်မြဲ တံထွာ ဓမ္မဘာ ဖြစ်ပေရကား သတိရှိကြစေလို၍ အမှန်ကို ပြရမည်ဆိုပါက ၎င်းအဋ္ဌကထာ အလိုတော်အားဖြင့် ညွှန်ပြတော်မူရာဝယ် ရှင်တော်မြတ်ဘုရား ကိုယ်တိုင် တကယ်ကြိုးစားအားထုတ်သော ပုဂ္ဂိုလ်ကို ရည်၍ ဟောကြားတော် မူခဲ့ကြောင်း ထင်ရှားစွာ ရှိခဲ့တုံသေး၏။

ဤကဲ့သို့ မိမိခန္ဓာ အဇ္ဈတ္တသန္တာန်၌ အရှိန်မစဲ တသဲသဲ ဖြစ်ပျက်ဟန်ကို ဖြစ်တာကရုပ် သိတာကနာမ် ဟု သင်္ခါရနိမိတ်စဉ်ကို တွေ့မြင်ပါကလားလို့ ဆိုမှုဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ် မြတ်နိဗ္ဗာန်ကို မချကောန် အမှန်ရောက်ရမည်ကို ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် အမှန်ဖြစ်ကြောင်း ထပ်လောင်း၍ပြသည်မှာ သင်္ဂဟအဋ္ဌကထာ၌—

ယာ သိခါပတ္တာ၊ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာ တိ စ ပဝုစ္စတိ။

သင်္ဂဟအဋ္ဌကထာ။

အနက်ကား နောက်တတိယနည်းကပြခဲ့လေပြီ။ ဤတွင်ကား ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် ဖြစ်ပေတော့ပြီ။ ဒေသနာနည်း အာဂုံ ယုတ္တိနည်းနှင့်လည်း ပြည့်စုံပေပြီ၊ အားထုတ်၍ ကြိုးစားကြပါက ယောဂီအပေါင်းတို့အား အတိတ် ဒုတိယတဘဝက သတ္တမဇောအရ ဘုရားဆိုထိုတို့၏ ရွှေမျက်နှာတော်အောက် ရောက်ခဲ့သူ ဖြစ်ပါမူ မုချ ဤသာသနာတော်၌ ရကြမည်မှာ မလွဲသာ။ သို့သော် ဆရာဖြစ်သူက သပ္ပုရိသ်သ ဉာဏ်အရှင်လဲဖြစ်ပါမှ ဤအရာ၌ကား ရုပ်နာမ်ကို အမှန်မြင်အောင် ဥပမာ ၅-ပါးတို့တွင် တပါးပါးသော ဥပမာကို ဆောင်လျက် ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် တကယ်မြင်ပါက ၎င်းယောဂီရှင်သည် မဂ် ဉာဏ်ဖိုလ်ဉာဏ်သို့ အမှန်ရောက်တော့၏ ဟူလို။

ဤနေရာ၌ကား ယောဂီဉာဏ်ဝမှာ အမှန်မြင်လျှင် ဆရာ့တာဝန် ကုန်လေ တော့၏၊ သို့သော် ဆရာ့တာဝန် ကုန်ပါလျက်နှင့် မဂ်ဉာဏ်သို့ ရောက်ချိန် တော်တန်လို့မှ မရောက်ခဲ့သော် ယောဂီ၏ပါရမီကို စစ်တမ်းထုတ်ပါ၊ ဤနေရာ ၌ သဗ္ဗညုတ ဉာဏ်ရှင် တွေ့တတ်လတံ့၊ တွေ့လည်းတွေ့ခဲ့ဘူးပြီ၊ သဗ္ဗညုတဉာဏ်ရှင်

ဖြစ်ပါက အနုလောမဉာဏ်သို့သာ ကပ်၍ တည်တတ်၏၊ အဘယ့်ကြောင့် ဆိုသော် အဋ္ဌကထာ တနေရာ၌ တွေ့ဘူးခဲ့သည်မှာ -

ဗုဒ္ဓဿ ပုရတောယေဝ နိယတဗျာဒိ° ပိဋ္ဌန္တိတွာ သမဏဓမ္မံ ကရောန္တဿ ဝိပဿနာယ ကမ္မံ ကတွာ အနုလောမဉာဏေန အာဟစ္စ တိဋ္ဌတိ၊ မဂ္ဂဖလ ဉာဏံ ဝါယမန္တေန န ကရောတိ။

မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာ။

**အနက်ကား** ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ ပုရတောယေဝ၊ ရှေ့တော်မျက်မှောက်၌ပင်လျှင်။ နိယတဗျာဒိ°၊ ရွေနူတ်တော်အထွက်ကို။ ပိဋ္ဌန္တိတွာ၊ ပန်ဆင်ခဲ့၍။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တဿ၊ ပြုသောပုဂ္ဂိုလ်အား။ ဝိပဿနာယကမ္မံ၊ ဝိပဿနာအမှုကို။ ကတွာ၊ ပြု၍။ အနုလောမဉာဏေန၊ အနုလောမဉာဏ်ဖြင့်။ အာဟစ္စ၊ ကပ်၍။ တိဋ္ဌတိ၊ တည်၏။ မဂ္ဂဖလဉာဏံ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို။ ဝါယမန္တေန၊ လုံ့လပြုခြင်းဖြင့်။ န ကရောတိ၊ မပြု။

ဤနေရာ၌ သွန်သင်ဆုံးမ ပြအပ်သောဆရာသည် တပည့်၏ဉာဏ်ကို ချိန်ဆ၍ ဝိသဇ္ဇနာ ပရိဟာရအရာတို့ကို ထောက်ချင့်၍ ပုဂ္ဂလဝေနေယျ ဓမ္မဝေနေယျ ဗုဒ္ဓဝေနေယျ ဟူ၍ ဝေနေယျဇ္ဈာသယ သုံးပါးတို့တွင် ကောသလ္လအရာ အမြင်ဉာဏ်လိမ်မာပါကမှ ကာလဖြင့် မကြာခြောင်းစေဘဲ ဤယောဂီသည် ဤနေရာ၌ ကိန်းဆိုက်၍ ငြိမ်း မငြိမ်း စီစစ်ရန်အကြောင်းတရပ် လိုတိုး ပိုလျော့ ဆိုတာလို ဉာဏ်ယှဉ်ကြစေကုန်ရာ၏၊ နက်နဲလေစွ။

ဤနေရာ၌ကား ငါတို့၏ ကျေးဇူးရှင် ကန္နီမြို့ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီးသည် ဤအကြောင်းအရာကား ပဓာန နန်းထိုင်ဟူ၍ သမုတ်အပ်၏၊ ပဓာနနန်းထိုင်တော့ပေပြီ၊ ဤနေရာ၌ ဆရာ့တာဝန် ကုန်ပေတော့၏၊ တပည့်၏ ကမ္မဗလအားလျော်စွာ ဖြစ်တော့၏။

အားထုတ်သော ယောဂီသည် အားရှိသလောက် ကြိုးစားကြလေတော့၊ သမာဓိအားကောင်းစွာနှင့် ဝီရိယဖြင့် ကြိုးစားပါ က ရုပ်နာမ်ကို အမှန်မြင်ခဲ့သည်ရှိသော် နာမရူပ ပရိစ္ဆေဒဉာဏ် ပိုင်သဖြင့် နာမရူပ ပဋိဂ္ဂါဟက ဉာဏ်သို့

ရောက်ပေပြီ၊ ဤကား သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိဟု ဆိုအပ်သော ဉာတပရိညာစခန်းသို့ ဆိုက်ရောက်ပါ၍ တီရဏပရိညာကို ပိုင်ပြီဟူ၍ မှတ်ကြလေ။

ဤတွင် နာမရူပ ပရိစ္ဆေဒဉာဏ် ပြီး၏။

## အဒ္ဓါနပစ္စဝိက္ခဏဉာဏ် ပြချက်

အဒ္ဓါနပစ္စဝိက္ခဏ ဉာဏ်ဆိုသည်ကား အခြားမဟုတ်ပါ၊ အဓွန့်ကို သိမ်းဆည်းသော ဉာဏ်ကို ဆိုလို၏၊ လိုရင်းမှာကား ကာလသုံးပါးသာတည်း၊ ပစ္စုပ္ပန်ဘဝ၌ မိမိ၏ ဓာတ်ပစ္စသန် ကမ္မဇဉာဏ်ပညာနှင့် ပါရမီအားလျော်စွာ ပြည့်စုံပါ၍ သပ္ပုရိသံသထံ ပစ္စုဝေက္ခဏသမုပ္ပါဒ် စက်ရဟတ်မှ တကယ်ထွက်လိုပါလျှင် အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဉ်ဟုဆိုအပ်သော ရုပ်နာမ်တရားတို့၏ ချုပ်ငြိမ်းဖြစ်ပျက်ဟန် အတန်တန်ကို တကယ်မြင်ပါက နာမရူပ ပရိစ္ဆေဒဉာဏ်ကို ပိုင်ပြီဟူ၍ မှတ်ကြလေတော့။

ရုပ်နာမ်မှအပ ပုဂ္ဂိုလ် သတ္တဝါဆိုတာ အဘယ်မှာ ရှိပါအံ့နည်း၊ တကယ် ပုဂ္ဂိုလ် သတ္တဝါ မရှိတာကို တကယ်မြင်ခဲ့လို့ရှိလျှင် ဟယ်....ငါမရှိပါကလားလို့ စိတ်မှာဖြစ်လျက် ဟင်.. ယုံမှားခြင်းတည်းဟူသော ဝိစိကိစ္ဆာနှင့်တကွ သက္ကာယ ဒိဋ္ဌိတို့သည် ကင်းကွာ၍ သွားပေတော့၏၊ ထိတ်လန့်ခြင်းတည်းဟူသော ပရိတဿနာ၊ ပြန်လည်စွဲလမ်းခြင်းတည်းဟူသော ဥပါဒါနတို့ မဖြစ်တော့ပြီ၊ ရုပ်တရား နာမ်တရားတို့သည် သက်သက်သော အကျိုးနှင့် အကြောင်းကြောင့်သာ ဖြစ်ပျက်၍နေသော တရားတွေပါကလားလို့ ပြင်းပြလှစွာသော စိုးရိမ်ပူပန်ခြင်းတို့မှ ကင်းသည်ဖြစ်၍ သုဒ္ဓဓာတု သုဒ္ဓသင်္ခါရမမ္မ သုဒ္ဓဒုက္ခပုဉ္ဇနအနေနှင့်သာ ဖြစ်ပျက်၍ တည်လေတော့၏။

အဲ ဤကဲ့သို့ ပစ္စုပ္ပန်၌ဖြစ်သော ရုပ်နာမ်တရားတို့ကို မြင်ပါသဖြင့် အတိတ်၌ ဖြစ်သော ရုပ်နာမ်တို့ကိုရင်း၊ အနာဂတ်၌ဖြစ်သော ရုပ်နာမ်တို့ကိုရင်းထင်ရှားစွာ သိမြင်ကြရလေခြင်းကြောင့် အဇ္ဈတ္တ ဗဟိဒ္ဓဖြစ်သော ရုပ်နာမ်တရားတို့သည်

ဓမ္မန္တယတရားအားလျော်စွာ အကုန်လုံး ဖြစ်ပျက်၍ တည်နေသည်ကို မြင်လေ တော့၏။

အဲ ဤကဲ့သို့ ကာလသုံးပါးတို့၌ အလုံးစုံ ထင်ခဲ့သည်ရှိသော် ရုပ်နာမ်အရာ၌ ယေဘုယျအားဖြင့် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာနှင့်တကွ အမှန်ကင်းရှင်း၍ နေသော ပုဂ္ဂိုလ်ကို ဒေသနာတော်အလာအားဖြင့် -

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ဓမ္မပဒ။

**အနက်ကား** ဘိက္ခဝေါတို့။ ယော၊ အကြင်ရဟန်း ရှင် လူ ခပ်သိမ်းသူသည်။ ဥဒယဗ္ဗယံ၊ ဖြစ်တတ် ပျက်တတ်သော ရုပ်နာမ်တရားကို။ အပဿံ အပဿ န္တော၊ မရှုမမြင် မဆင်ခြင်နိုင်ခဲ့သည်ရှိသော်။ ဝဿသတံ၊ အနှစ်တရာ ကာလ ပတ်လုံး၊ ဇီဝေ၊ အသက်ရှည်၍ပင် နေရငြားပါသော်လည်း။ န သေယျော၊ မမြတ်သေးပါကလား။ ဘိက္ခဝေ၊ တို့။ ယော၊ သည်။ ဥဒယဗ္ဗယံ၊ တို့ကို။ ပဿန္တော၊ ရှုဆင်ခြင် မြင်နိုင်ခဲ့သည်ရှိသော်။ ဧကာဟံ၊ တရက်မျှ။ ဇီဝေ၊ အသက်ရှည်၍နေရပါမူကား။ သေယျော၊ မြတ်လှပါပေ၏တကား။

ဟု ဒေသနာတော်၌ လာရှိလေသောကြောင့် ထိုကဲ့သို့သော ပုဂ္ဂိုလ်တို့ကို ပစ္စုပ္ပန် အတိတ် အနာဂတ် ကာလသုံးပါးဟု ဆိုအပ်သော သုံးပါးသော ကာလ တို့၌ မျက်မှောက်ထင်ထင် ရှုမြင်အပ်သည်ဖြစ်ပါ၍ ပိုင်နိုင်စွာ အာရုံဖြင့် ညာဏ် သက်ရောက်ရလေခြင်းကြောင့် ပရိညာကိစ္စ ပြီးပိုင်စွာ ရောက်ရှိပေတော့၏။

ထို့ကြောင့် ပစ္စက္ခ၌ဖြစ်သော ရုပ်နာမ်တို့ကိုရင်း၊ အတိတ်၌ဖြစ်သော ရုပ် နာမ်တို့ကိုရင်း၊ အနာဂတ်၌ဖြစ်သော ရုပ်နာမ်တို့ကိုရင်း အကြောင်းသုံးပါးကို သိမ်းဆည်းနိုင်လေခြင်းကြောင့် ထိုယောဂီပုဂ္ဂိုလ်သည် အဒ္ဓါနပဋိဂ္ဂါဟာကညာဏ် ဖြင့် ပိုင်သောပုဂ္ဂိုလ်ဟူ၍ပင်တည်း ဆိုထိုက်လေစွ။

အဒ္ဓါနပဋိဂ္ဂါဟာညာဏ် ပြီး၏။

## ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ် ပြချက်

ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ် ဆိုသည်ကား အခြားမဟုတ်၊

ယုံမှား သံသယကို ပယ်ဖျောက်ခြင်းကို ဆိုလို၏။ အဘယ်ကဲ့သို့ ပယ်ဖျောက်ရပါအံ့နည်း ဟူတုံငြားအံ့၊ ပုဂ္ဂိုလ် သတ္တဝါ အမှန်မရှိသည်ကို မုချအားဖြင့် မြင်ခြင်းကြောင့် ယုံမှား သံသယ ကင်းခြင်းကို ဆိုလို၏ ဟူလို။ ယုံမှားသံသယ ကင်းခြင်းသည် အဘယ့်ကြောင့်နည်း ဟူငြားအံ့၊ ရုပ်နာမ်ကို အမှန်မြင်ခြင်းကြောင့် ရုပ်နာမ်မှအပ ပုဂ္ဂိုလ် သတ္တဝါတွေသည် ဩော်....အဘယ်မှာမှ မရှိပါ ကလားလို့ အမှန်ကိုသာ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် မြင်လိုက်ရခြင်းသည် ပညာဉာဏ်သိ အမှန်မြင်ရခြင်းသည်ပင်လျှင် ပေါရာဏဝါစာ ရှေးဆရာတော်တို့ ရေးစပ်ခဲ့သည်မှာ—

လိုရင်းမှာတော့ ပညာဉာဏ်သိ အရိယာသစ္စာ ဝိဇ္ဇာဉာဏ် ပေါက်ရောက်သောသူမှာ ပရိညာ ပဟာန သစ္ဆိကိရိယ ဘာဝနာကိစ္စ ပရမတ်ဓမ္မ လေးဌာနနှင့် ချ၍ကြည့်က မရှိမရ သက်သက်မျှ မဆိုင်မစပ်သော ပညတ်မျှသာ စိတ်သညာအသိ မျက်လှည့်ပမာ လူ့ချမ်းသာ နတ်ချမ်းသာမှာ သစ္စာမမည် အချည်းနှီးတွေပါကလားလို့ ရုပ်တို့၏ဖေါက်ပြန်ပုံ၊ နာမ်တရားတို့၏ ဖေါက်ပြန်ပုံ ဇာတိဖြင့် ဆင်ခြင်၍ အပြစ်ကို ရှုရသော—

"ရုပ္ပတီတိ ရူပံ၊ နမတီတိ နာမံ" ဟု ရုပ်ဖေါက်ပြန်မှု၊ နာမ်တရားတို့၏ ညွတ်မှုတို့ကို သိခဲ့သော် ၎င်းတရားနှစ်ပါး ပေါင်းဆုံ၍ ၁ မွယုတ္တဓမ္မ ဖြစ်ခဲ့သော် ဝီထိစိတ်အစဉ်နှင့်တကွ သမ္မာဒိဋ္ဌိဉာဏ်ဖြင့် အမြင်ပေါက်ကြကုန်၍—

ဒုက္ခမေဝ အတ္ထိ နေဝ ဒုက္ခီ ကိရိယာဝ န ကာရကော။

မိန့်မဟာဒေသနာ ရှိသော်သာ သို့ အမြင်နှစ်ပါး ပုဂ္ဂိုလ် သတ္တဝါ မရှိပါက အမှန်ဆုံးဖြတ် ယုံမှားဖြင့် ကင်းလတ်၍ နူးညံ့သိမ် မွေ့လှစွာ ပရမတ် ရုပ်နာမ် တရားတို့၏ အသိဉာဏ် အမှန်ကို မုချအားဖြင့် သိမြင်ရလေခြင်းကြောင့် လူသာမန် နတ်သာမန်တို့သည် မြင်နိုင်ခြင်းငှါ ခဲယဉ်းလှပါ၍ မံသစက္ခုတို့ဖြင့် အကြောင်းမတိုက် ဥပမာ ဆိုက်ရသော်—

အလွန်သေးနုံ့လှစွာသော သားမြီးဖျားလေးကို လိမ်မာလှစွာသော လေးသမားသည် မှန်အောင်ပစ်နိုင်ဘိသကဲ့သို့ ဥပမာထားရသော်—

သုခုမံ ပဋိဝိဇ္ဈန္တိ၊ ဝါဠဂ္ဂံ ဥသုနာ ယထာ။
ယေ ပဉ္စက္ခန္ဓေ ပဿန္တိ၊ ပရတော နော စ အတ္တတော။

ထေရာပဒါန်ပါဠိတော်။

**အနက်ကား** ယေ၊ အကြင်ပညာဉာဏ်ဖျင်း အမြင်ကင်းသော ပုဂ္ဂိုလ်တို့သည်။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို။ ပဿန္တေ၊ ရှုဆင်ခြင်ခဲ့သည်ရှိသော်။ (ထည့်) ပရတော၊ လွန်စင်ပြင်ပ ရုပ်အတ္တကို။ ပဿန္တိ၊ ရှုကြကုန်၏။ အတ္တတော၊ အတွင်းမှန်လှ ရုပ်အတ္တကို။ နော စ ပဿန္တိ၊ မရှုကြကုန်။ သုခုမံ၊ နူးညံ့သိမ်မွေ့လှစွာသော။ ဝါဠဂ္ဂံ၊ သားမြီးဖျားကလေးကို။ ဥသုနာ၊ လေးဖြင့်။ ပဋိဝိဇ္ဈန္တိယထာ၊ မှန်အောင်ပစ်နိုင်ဘိသကဲ့သို့။ ဧဝမေဝ ဧဝံတထာ၊ ဤအတူသာလျှင်။ ယေ၊ အကြင်အတွင်းဉာဏ်စင် ပညာရှင်တို့သည်။ ပဉ္စက္ခန္ဓေ၊ ခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို။ ပဿန္တေ၊ ရှုဆင်ခြင်ခဲ့သည်ရှိသော်။ အတ္တတော၊ အတွင်းမှန်လှရုပ်နာမ်ဓမ္မတို့ကို။ ပဿန္တိ၊ ရှုကြကုန်၏။ ပရတော၊ လွန်စဉ်ပြင်ပ ရုပ်အတ္တကို။ နော စ ပဿန္တိ၊ မရှုကြကုန်။

အဲ-ဤကဲ့သို့ ဒေသနာတော် လာတော်မူသည်နှင့်အညီ အဓိပ္ပါယ်သဘောသွား ဉာဏ်ပညာ ပိုင်းခြားနိုင်ကြပါသဖြင့် မိမိ၏ အဇ္ဈတ္တသန္တာန်၌ ရုပ်နာမ်မှ အပ ပုဂ္ဂိုလ် သတ္တဝါ ရွေးဆံချည်မျှ မရှိမရပါက ဉာဏ်အမှန်မြင်သည်ကို တကယ်ဆုံးဖြတ်လျက် အရေ ဒြဗ် အဖတ် ပုံဟန် သဏ္ဌာန် နိမိတ် အရိပ် အယောင် အကောင် အထည် အတို အရှည် အဖို အမ တတိုတစမှ ရှာမရ၍ သင်္ကာယဒိဋ္ဌိအရင်းမရှိ အငြိမခံရဘဲ ဖြစ်ပျက်ခြင်းမှ ပညတ်ကင်းလျက် ယုံမှားသံသယ ရှင်းခဲ့လို့ရှိလျှင် အာကာသတခွင်မှာ လင်းပြီး ပုံမရတဲ့ သုညသို့ ဆိုက်ကြပါလျှင် ဤကဲ့သို့ အနတ္တအလိုက် မရဏာရှင်သေမင်း လက်ပုံက်လျက် မာရ်မင်းနိုင်ငံမှ မတပ်လိုက်နိုင် လွတ်ကြောင်းကို အနိုင်ယူလို့၍ အဋ္ဌကထာ ပြတော်မူရာဝယ်—

သုညတော အဝေက္ခဿု၊ မောဃရာဇ သဒါ သတော။
အတ္တာနုဒိဋ္ဌိံ ဦဟစ္စ၊ ဧဝံ မစ္စုတရော သိယာ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား မောဃရာဇ၊ မဂ်ဖိုလ်မရ ကိစ္စမပြီး အချည်းနှီးဖြစ်သော ယောကျာ်း။ တွံ၊ သင်သည်။ (ထည့်) သဒါ၊ အခါခပ်သိမ်း။ သတော၊ သတိနှင့်ပြည့်စုံသည်ဖြစ်၍။ အတ္တာနုဒိဋ္ဌိံ၊ အတ္တတည်းဟူသော အယူစွဲကို။ ဥဟစ္စ၊ ပယ်စွန့်၍။ လောကံ၊ လောကကြီးကို။ သုညတော၊ သုဉ်းဆိတ်ရလေ အောင်။ အဝေက္ခဿု၊ ရှုစမ်းလိုက်လေ့ ပယ်စွန့်လိုက်လေလေ့။ ဧဝံ၊ ဤသို့ ရှုဆင်ခြင်နိုင်ခဲ့သည်ရှိသော်။ မစ္စုတရော၊ ရှင်သေမင်းနိုင်ငံမှလွတ်မြောက်တော့ သည်။ သိယာ၊ ဖြစ်ရာ၏။

အဲ-ဤကဲ့သို့ ဒေသနာတော်ကို ထောက်တော်မူကြပါသဖြင့် ဒေသနာ တော်နှင့်ညီစွာ မိမိခန္ဓာကိုယ် ပျောက်ငြိမ်းပါ၍ သုဉ်းဆိတ်၍သွားခဲ့လို့ရှိလျှင် မာရ်မင်းရန်ကို အောင်တော်မူလျက် ဩြော်....ငါသည်ကား လို့ဆိုလျှင် ပုဂ္ဂိုလ် သတ္တဝါ အမှန်မရှိသည်ကို မြင်လျက် ယုံမှားခြင်းမှ ကင်း၍ ချမ်းသာလေစွ တကားဟု အောက်မေ့လျက် မြတ်စွာဘုရား တရားတော်ကို သဒ္ဓါခေတ်ဖြင့် လွှမ်းမိုးပြီး ယုံကြည်ခြင်းစေတနာဖြင့် ကြည်စေလျက် ဝိစိကိစ္ဆာမှ ရှင်းတဲ့၍ ယုံမှားခြင်းမှ ပယ်ဖျောက်သောဉာဏ်သည် ကင်္ခါဝိတရဏာဝိသုဒ္ဓိဉာဏ် မည်၏ ဟူလို။ သတိရှိကြစေ၊ ဉာဏ်ခရီးရောက်သော ယောဂီတို့ ဤနေရာ၌ နာမရူပ ပရိစ္ဆေဒဉာဏ် အဒ္ဓါနပစ္စဂ္ဂါဟဉာဏ် ကင်္ခါဝိတရဏာဝိသုဒ္ဓိဉာဏ်အားဖြင့် ဉာဏ် သုံးပါးပိုင်ပါသဖြင့် တီရဏပရိညာ ပိုင်ပြီဟူ၍ မှတ်ကြလေ။

ပရိယတ်စာတွေမို့လို့ ရေးနေရတာ ကြာသေး၏၊ ပဋိပတ်အလိုအားဖြင့် ရုပ်နာမ်ကို မြင်ပြီလို့ဆိုမှုဖြင့် ယောဂီပုဂ္ဂိုလ်တို့မှာ ပြီးစီး၍ နေဟော့၏၊ ရောက် သွားပြီ၊ စာစကားပြောရတာ အင်မတန်ပျင်းသည်တဲ့၊ ပရိယတ်အလိုအားဖြင့် စာတွေကိုသာ လျှောက်၍ ပြောနေမည်ဆိုလျှင်၊ ဝါ-ပြောဆို၍နေပါက ကြားသူ နှင့် ပြောသူတို့သည် မဂ်ဉာဏ်နှင့် အဝေးကြီး လိုလှသေးပေ၏၊ သို့သော် မပြောမပြီး မတီးမမြည် ဆိုတာလို ပညတ်နယ် ဝေါဟာရမှာတော့ ဝစနာ စကားအလိုက် စာများကိုတော့ နှစ်ခြိုက်ကြပေလိမ့်မည်၊ အပြစ်ကိုတော့ မဆိုသာပေ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ရောက်စေလို၍သာ စာနှင့်ရေးပြမှသာ သိကြမှာမို့ ရေး၍ ပြရသည် ဟူ၏။

သို့ပါ၍ ရှေးဆရာတော်တို့၏ စကားအလာသည် ကြားဘူးခဲ့သည်မှာကား အရိယာပုဂ္ဂိုလ်များဟာ စာစကားပြောရတာ အင်မတန် ပျင်းစရာပါကလားဟု ငြီးတွားသံ စကားဆိုရိုး ရှိကြဘူး၏။ ဤစာတမ်းကို ရေးသားသော ဆရာတော်သည် ကြားယောင်မိသည်မှာ ဟူခဲ့၏။

အဲ-သို့ပါသောကြောင့် ရွှေစိတ်တော် ဤအရာဝယ် ဝိစိကိစ္ဆာတရား လွန်ဖြစ်ပွား၍ ဝိစာရဓမ္မ အဓိမောက္ခ အခြေခံ ဝေဘန်ပိုင်းခြား ကေဂ္ဂတာထား လိုက်သော် ပုဂ္ဂိုလ် သတ္တဝါဟာ ဘယ်ရပ် ဘယ်ရွာ ဘယ်နေရာမှာ ဘယ်မှာမှ မရှိ မရပါကလားလို့ စိတ်မှာရှင်းပြီးတော့ ယုံမှားခြင်းကို ပယ်ဖျောက်လိုက်သော ဉာဏ်သည် ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ် ပိုင်နိုင်တော့လေသတည်း။

ဤတွင် ဤကား သီလဝိသုဒ္ဓိ စိတ္တဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် တကွ အနုဗောဓဉာဏ်ဖြင့် စဉ်လျက် တီရဏပရိညာဟု ဆိုအပ်သော ဉာတပရိညာစခန်း ပြီးပြတ်လေတော့၏။

## သမ္မသနဉာဏ် ပြချက်

သမ္မသနဉာဏ်ဆိုသည်ကား ရုပ်နာမ်ကို သုံးသပ်ဆင်ခြင်သော ဉာဏ်ကို ဆိုလို၏၊ အဘယ်ကဲ့သို့ သုံးသပ်ဆင်ခြင်ရပါအံ့နည်း ဟူရာ၌ နာမရူပပရိစ္ဆေဒဉာဏ်ကို ရစဉ်အခါကတည်းက ရုပ်နာမ်ကို ပိုင်းဖြတ်၍ မြင်သော သဘောကို မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဥပမာ ၅-ပါးတို့တွင် တပါးပါးကို မြင်ပါသဖြင့် (နှစ်ပါးမှစ၍လည်း ဟူလို) ဤသည်ကား ရုပ်, ဤသည်ကား နာမ် ဆင်ခြင်သုံးသပ်ခဲ့ပါမူ တရိပ်ရိပ် တရှိန်ရှိန် ဖြစ်ပျက်ဟန် နိမိတ်စဉ်ကို မြင်ခဲ့သည်ရှိသော် သိန်း, သန်း, သင်္ချေ ကုဋေ ကုဋာ မရေမသာအောင် မြင်ရသည်ရှိသော် ခြေဘ်.... ခြေဖျားမှ ဆံဖျားအထိ, ဆံဖျားမှ ခြေဖျားအထိ ထက်အောက် စပ်လျက် ရုပ်နာမ်မှအပ ဘာကမှ မရှိပါကလားလို့ ရှုဆင်ခြင် သုံးသပ်လျက် အလွန်တိုလျှစွာသော ခဏ၌ အခိုက်အတန့်ဝယ် ဖြုတ်ကနဲဖြစ်, လှစ်ခနဲချုပ်, ဖြတ်ကနဲပျက် လျင်မြန်စွာ ချုပ်ပျက်ဖြစ်ဟန်ကို ခဏိကဇာတိ ခဏိကဇရာ ခဏိကမရဏ အနိစ္စ ဒုက္ခ အနတ္တဟု ဆိုအပ်သော လက္ခဏာယဉ်တင်လျက် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ မုချအမှန် ထင်မြင်ခဲ့ပါသော် ဤကဲ့သို့ သုံးသပ်ဆင်ခြင်နိုင်သော ဉာဏ်သည် သမ္မသနဉာဏ်ဟု ခေါ်ထိုက်ပါပေစွ။

ဤသမ္မာသနဉာဏ်သည် ဝိပဿနာဉာဏ် ဆယ်တန်တို့တွင် ပဌမ အစစ္စာဖြစ်သော ဉာဏ်ပင်တည်း ဟူလို။

အဲ-ဤအစစ္စာဖြစ်သော သမ္မာသနဉာဏ်ဖြင့် ရုပ်နာမ်ကို ဆင်ခြင်လျက် သုံးသပ်သော ခဏဌ်ပင်လျှင် ဖြစ်ပျက်ဟန် အတန်တန်တို့သည် အဘယ်လောက်များ ပါသလဲလို့ မေးလျှင်၊ ဝါ-မေးခဲ့သော် ဖြေနိုင်ခြင်းငှါ ခဲယဉ်းစွ၊ သဗ္ဗညုရှေဉာဏ်တော်တို့၏ အရာတော်ပေတည်းဟု အဲ-ဤကဲ့သို့သာ ဖြေရပေလိမ့်မည်၊ ယခု သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားသော ငါအရှင်သည်ပင်လျှင် ဖြေခြင်းငှါ မဝံ့ပေ။

လူသာမန် နတ်သာမန်တို့၏ အရာကား ထိုက်ခြင်းငှါခဲစွ၊သို့သော် ဒေသနာနည်းအားဖြင့် ပေါ်ရာဏကျမ်းအလာ ရေးသား၍ ဖြေရမည်မှာ သတိရှိကြတော်မူရမည်ကား မိလိန္ဒမင်းကြီးနှင့် အရှင်နာဂသေန မထေရ်မြတ်တို့ ဖြေကြားတော်မူရာဝယ် အထောက်အထားဖြင့် ထားရသော် မိလိန္ဒပဉှာပါဠိတော်၌ တွေ့ဘူးခဲ့သော အရာကား အဘယ်လိုနည်းဟု သိချင်ကြမည့် အရာဝယ် လှည်းအစီးတရာ၌ ပါသော စပါးတို့ကိုရင်း၊ ၇-အမ္မဏသော စပါးတို့ကိုရင်း၊ ၂-တုမ္ဗသော စပါးတို့ကိုရင်း လက်ဖျစ်တတွက် ကာလ၌ ဖြစ်ပျက်သော ရုပ်နာမ်တို့၏ အရေအတွက်ကို ပြလို၍ –

> ဝါဟသတံ ခေါ မဟာရာဇ ဝီဟီနံ အစုဍ္ဎစူဠ ဝါဟာ ဝီဟိသတ္တမ္မဏာနိ ဒွေ စ တုမ္ဗာနိ ဧကစ္ဆရက္ခဏေ ပဝတ္တစိတ္တဿ တေ္တကာ ဝီဟိ လက္ခံ ဌပိယမာနာ ပရိက္ခယံ ပရိယာဒါနံ ဂစ္ဆေယျုံ။
>
> မိလိန္ဒပဉှာပါဠိတော်။

အနက်ကား မဟာရာဇ၊ မြတ်သော မင်းကြီး။ ဝါ-မင်းမြတ်။ ဝီဟီနံ၊ စပါးတို့၏။ ဝါဟသတံ ခေါ၊ လှည်းတရာရင်း။ ဝါဟာ၊ လှည်းတရာမှ။ အစုဍ္ဎစူဠ၊ အနည်းငယ်လျော့သော စပါးလည်းကောင်း။ ဝီဟိသတ္တမ္မဏာနိ၊ ခုနစ်အမ္မဏသော စပါးတို့လည်းကောင်း။ ဒွေစတုမ္ဗာနိ၊ နှစ်တုမ္ဗသော စပါးတို့လည်းကောင်း။ ဣတိ၊ ဤသို့။ တေ္တကာ ဝီဟိ၊ ဤမျှသော စပါးတို့သည်။

ကေစ္ဆရက္ခဏော၊ လက်ဖျစ်တတွက် ခဏသော ကာလ၌။ ပဝတ္တ စိတ္တဿ၊ ဖြစ်သောစိတ်၏။ လက္ခံ၊ မှတ်ကြောင်း စပါးကို။ ကတွာ၊ ပြု၍။ (ထည့်) ဌပိယ မာနာ၊ ရေတွက်၍ ထားအပ်သည်ရှိသော်။ ပရိက္ခယံ၊ ကုန်ခြင်းသို့။ ပရိယာဒါနံ၊ သိမ်းကြုံး၍ ယူငင်ခြင်းသို့။ ဂစ္ဆေယျ၊ ရောက်ကုန်ရာ၏။

အဲ ဤကဲ့သို့ ဤအရာဝယ် ဤလိုဘဲ မိလိန္ဒမင်းကြီးက မေးလျှောက်ပါ၍ အရှင်နာဂသေနထေရ် ဖြေကြားတော်မူသည်ကို ထောက်လိုရဘိသော် လက်ဖျစ်တတွက် လျှပ်တပြက်အတွင်း၌ သမ္မာသနုညာဏ်ဖြင့် သုံးသပ်၍ ရှုဆင်ခြင်အပ်သော ရုပ်နာမ်တို့၏ ဖြစ်ပျက်ဟန် သင်္ခါရ နိမိတ်စဉ်တို့၏ အရေအတွက်ကား ဤမျှသော စပါးလုံးတို့၏ အရေအတွက်ကဲ့သို့ ရှိကြောင်းကို သတိရှိတော်မူကြစေလို၍ အကြင်ပညာရှိ အရိယာနွယ်ဝင် ယောဂီ သူတော်စင်အပေါင်းတို့အား ဤနေရာ၌ စပါးလုံးတို့၏ အရေအတွက်သည်ကား မနေ့ာဖြင့် သိမ်းပိုက်၍ မေး ဖြေ နှစ်ပါးတို့၏ အရာဝယ် ဤစာဖြင့် တွေ့ပါက ညာဏ်စိတ်ဖြင့် နှုတ်ပိတ်၍ စကားဖြင့် ဆိတ်ကြရာဝယ် အာစရိယပရမ္ပရ သိဿာနု သိဿတို့ သိစေကြရဘို့လို့ ဝါဒရခဲ့ဘူးသည်ကို ရေးပြရမည်ဆိုလျှင် -

ဟို....စစ်ကိုင်းတောင်ရိုးက အရညာဝါသီ မဟာထေရ် ဗုဒ္ဓါနုဿတိ ရေးသားခဲ့ဘူးသော အရှင်ရာဇိန္ဒတေရ်သည် မိန့်တော်မူခဲ့ရာဝယ် ဤမိလိန္ဒပဥှာ ပါဠိတော်အရ လှည်းတရာတို့တွင် ယခုခေတ်သုံး လှည်းကိုဘဲ ယူလိုလျှင် ယူကြ၊ ရှေးယခင် မဇ္ဈိမဒေသ ကပိလဝတ်နေပြည်တော်က လှည်းကိုဘဲ ယူလိုလျှင်ယူကြ၊ ၎င်း လှည်းတရာတို့တွင် အနည်းငယ် ၀-လက်ဆုပ် ယုတ်သောစပါးဖြင့် နှုတ်လျက် ၎င်း လှည်းတို့တွင် ပါသော စပါးလုံးရေကို၎င်း၊ ၇-အမ္ဗဏဆိုသည်ကား လယ်ပါယ်ကြီး ၇-ပါယ်ကို မိန့်ဆိုခဲ့ဘူးပေ၏။ ၇-ပါယ်ဆိုသည်ကား ယခုကာလ၌ လယ်ပွဲကြီး ၇ ပွဲဆိုလို၏၊ ဝါ-၇-ယှဉ်တည်း၊ ၎င်းလယ်ပွဲကြီး၌ တနှစ် တမိုးမှ ထွက်သော စပါးလုံးရေကို၎င်း၊ နှစ်တုမ္ဗ ဆိုသည်ကား ၎င်းလယ်ပွဲကြီး ၇-ပွဲမှ ထွက်သော စပါးလုံးတို့ကို ကြီးကျယ်လှစွာသော ယနေ့ကာလခေါ် တိုက်ဂိုဒေါင်နှစ်လုံးဖြင့် ထည့်သွင်းရမည့် စပါးတိုက်ကြီး စပါးကျီကြီး စပါးကျကြီး စပါးဂိုဒေါင်ကြီးလို့လဲ ခေါ်ကြသည်။ အဲ ဤကဲ့သို့ လယ်ပွဲကြီး ၇-ပွဲမှ ထွက်သော စပါးတို့ကို ကြီးလှစွာသော ကျီကြီး ကျကြီး တိုက်ကြီးနှစ်လုံးသို့ စပါးတွေ

အပြည့်ထည့်၊ ၎င်းစပါးတို့ကို နှစ်တုမှုဟု ခေါ်ကြ၏။ အဲ-ဤနှစ်ကုမှုသော စပါးလုံးတို့ကို၎င်း၊ လက်ဖျစ်တတွက် လျှပ်တပြက်၌ ဖြစ်ပျက်သော ရုပ်နာမ်တရားတို့၏ အရေအတွက်ကို ဤမျှလောက်ပင်တည်း ဟု စစ်ကိုင်းတောင်ရိုး ဗုဒ္ဓါနုဿတိကျမ်းဖြင့် စီရင်ရေးသားအပ်သော အရှင်ရာဇိန္ဒမထေရ် ဟောပြောဆုံးမဘူးသည်ကို သန္နိဋ္ဌ သမ္ပတ္တ ယခု သံသာရမဂ္ဂပါရဂူစာတမ်းကို ရေးသားအပ်သော အရှင်သည်ပင်လျှင် ကြားနာရခဲ့ဘူးကြောင်း သိကြစေကုန်၍—

သို့သော် ကြိုက်နှစ်သက်သလို ယူတော်မူကြပါကုန် အရှင်ပညာရှိအပေါင်းတို့၊ ယခု ရေးသားသော အရှင်၏ အလိုတော်ကား သမာနသံဝါသ အယူဖြင့် တူမျှကြပါ၍ ယခုကဲ့သို့ ရှေးဆရာတော်ကြီးတို့၏ ယူဆပုံကို ကြားနာခဲ့ဘူးသော အရှင်ကဲ့သို့ ရှေးဆရာတော်ကြီးတို့၏ ဟောပြောပုံကို၊ ဝါ-ဖွင့်ဟပုံကို ကြားနာကြရပါစေသော ဟူ၍ တဆင့်စကား ရေးသား၍ ပြခဲ့ရပေသတည်း။ သို့ပါ၍ ဤကဲ့သို့ လျင်မြန်လှစွာသော ရုပ်နာမ်တရားတို့၏ ဖြစ်ပျက်ပုံ ဥပါဒ်၊ ဌီ၊ ဘင် အစဉ်အလာ သခ်ါရတို့၏ လျင်မြန်ခြင်းသဘောကား လူသာမန် နတ်သာမန် တို့သည် မြင်နိုင်ခြင်းငှါ ခဲယဉ်းလေစွ။ အဘယ်ကဲ့သို့လောက် ခဲယဉ်းပါသနည်းဟူမူ မမြင်နိုင်လောက်အောင်သော လျင်မြန်ပုံကို ဥပမာအားဖြင့် ပြရခဲ့သော် အလွန်ပြေးခြင်းဖြင့် လျင်မြန်လှစွာသော နတ်လုလင်ပျို တယောက်သည် သင်ခုန်းစက်ကို ပြင်းထန်စွာလည်စေလျက် ထိုလည်စေသော သင်ခုန်းစက်၏ ထက်လှစွာသော အကန့်အကွက် ဒါးသွားတို့၏ အကြား၌ ဦးခေါင်းမှ ခြေဖျားတိုင်အောင် လျှို၍ လျှို၍ သွားနိုင်သော နတ်လုလင်ပျို၏ လျင်မြန်သည်ထက် ရုပ်တရားနာမ်တရားတို့၏ လျင်မြန်ခြင်းသည်ကား မဟာဋီကာဆရာ သိစေလိုသည်မှာ—

> တထာ ဟိ ဂမနဿာဒါနံ ဒေဝပုတ္တာနံ ဟေဋ္ဌုပရိယာယေန ပရိမုခံ ဓာဝန္တာနံ သိရသာပါဒေ စ ဗန္ဓခုရဓာရာ သန္နိပါတောပိ သီဃတရော ရူပဓမ္မာနံ နိရောဓော ဟောတိ။
>
> မဟာဋီကာ။

**အနက်ကား** တထာဟိ-တတောဝေ၊ ထို့ကြောင့်သာလျှင်။ ပရိမုခံ၊ ရှေ့သို့ ရှေးရှု။ ဟေဋ္ဌုပရိယာယေန၊ အောက်အဘို့အားဖြင့်။ ဓာဝန္တာနံ၊ ပြေးသွား

ကုန်သော။ ဂမနဿာဒါနံ၊ အသွားအလာ၌ သာယာကုန်သော။ ဒေဝပုတ္တာနံ၊ နတ်လုလင်ပျိုတို့၏။ သိရသာ စ၊ ဦးခေါင်း၌ရင်း။ပါဒေ စ၊ ခြေ၌ရင်း။ ဗန္ဓုရခါရာ၊ ဖွဲ့ယှက်အပ်သော သင်မုန်းစက်တို့သည်။ သန္ဓိပါတော၀ိ၊ ဟပ်၍ဟပ်၍ တစပ်တည်းစပ်သည်ထက်လည်း။သိဃတရော၊ လျင်မြန်လျက်။ ရူပဓမ္မာနံ၊ ရုပ်တရားတို့၏။ နိရောဓော၊ ချုပ်ခြင်းသည်။ ဟောတိ၊၏။

အဲ ဤလောက်မက နတ်လုလင်ယောကျ်ား ပြေးသွား လျင်မြန်သည်ထက် ပင် ရုပ်တရား နာမ်တရားတို့၏ ချုပ်ပုံ ပျက်ပုံကို သိတော်မူကြလေကုန်။

အဲ ဤကဲ့သို့ အရှိန်မစဲ တသဲသဲ ဖြစ်ပျက်ဟန်ကို နာမရူပပရိစ္ဆေဒညာဏ်က ရခဲ့သည့်အတိုင်း ဖြစ်ပျက်ပုံ အခြင်းအရာတို့ကို ရှုဆင်ခြင်သုံးသပ်သောညာဏ်ကို သမ္မသနညာဏ်ဟု ခေါ်ဆိုရပေ၏ ဟူလို။

သမ္မသနညာဏ် ဆိုသည်ကား ရုပ်နာမ်ကို သုံးသပ်ဆင်ခြင်သော ညာဏ်ကို ဆိုလိုသည်၊ အဘယ်လို သုံးသပ်ရပါမည်နည်း၊ ဖြစ်ထာပျက်ထာကို သုံးသပ်ရသည်၊ ဘာတွေ ဖြစ်ထာပျက်ထာ ဘာလဲလို့ဆိုလျှင် ရုပ်နာမ်တရားတွေ ဖြစ်ထာပျက်ထာ၊ သို့ပါ၍ ဖြစ်ထာပျက်ထာက ရုပ်တရား,ဖြစ်ထာပျက်ထာကို သိတာက နာမ်တရား၊ အဲ-ဤရုပ်နာမ်တရားကို ဆင်ခြင်၍ ဆရာပြသ သွန်သင် ဆုံးမသည့်အတိုင်း ရှုဆင်ခြင် သုံးသပ်ပါလေ၊ သုံးသပ်၍နေစဉ် အဖြစ်အပျက်ကို မြင်တော့ ဥဒယဗ္ဗယညာဏ် ပေါ်တော့၏။

ထိုအဖြစ်အပျက်ကို မြင်ပြန်တော့ ဩော်....အားလုံးသော သတ္တဝါအပေါင်းတို့သည် ပျက်ထာကို မနှစ်သက်ကြပေ၊ ဖြစ်ထာကိုသာ တောင့်တကြ၏၊ အရိယာ သူတော်ကောင်းတို့မှာကား ပျက်ထာကို ဆင်ခြင်သော် ဖြစ်ထာရှိလို့သာ ပျက်မှန်းကို သိရ၍ ထိုပျက်ခြင်းကို မြင်လေသော် ဘင်ညာဏ်ကို ကောင်းစွာ ထင်လေတော့၏။

ထိုကဲ့သို့ သမ္မသနညာဏ်ကို ရှုဆင်ခြင်တတ်သော် ဥဒယဗ္ဗယညာဏ်နှင့် ဘင်ညာဏ်သည် အလိုလို ပေါ်မြဲသာတည်း၊ 'သမ္မသနညာဏ်က ရှုညာဏ်, ဘင်ညာဏ်နှင့် ဘယညာဏ်က ပေါ်ညာဏ်'ဤနေရာ၌ ညာဏ်တပါးပေါ်လျှင် ညာဏ်သုံးပါး ပြီးစီးတော့၏၊ ဤနေရာ၌ ပရိကံဇောဟု သိကြလေ၊ နောက်က ပြခဲ့ပြီးသော သမထနယ်က

အာနာပါန၏ ပဘာဝနတရား ၄-ပါးနှင့် ပြည့်စုံခဲ့လျှင် သပ္ပုရိသံသာ ဆရာ ကောင်းပါက မင်္ဂလာ ဖိုလ်ညာဏ်သို့ရင်း အာရဒ္ဓယောဂီပုဂ္ဂိုလ်အရာ၌ ပြီးစီး နိုင်လေတော့၏၊ ထို့ကြောင့် ရှေးကျမ်းဂန်ရှင် ဆရာတို့သည် နိဗ္ဗိန္ဒစခန်းဖြင့် ဖြန့်ချီ၍ ကျူးရင့်ခဲ့သည်မှာ စာစောင်ငယ်ကလေးများ၌ တွေ့ဘူးခဲ့၏၊ တွေ့ပုံကား—

ဥဒယဗ္ဗယသင်္ခါရေ၊ နိဗ္ဗိန္ဒိတွာန ပဏ္ဍိတော။
သကိစ္စံ မနုယုဉ္ဇေယျ၊ မောဃကာလံ န ခေပယေ။
ဥဒါနသံယုတ်။

အနက်ကား ဘိက္ခဝေ၊ တို့။ဥဒယဗ္ဗယသင်္ခါရေ၊ ဖြစ်လျှင်မှုချ ချုပ်ပျောက် ရသည့် မြင်မြင်သမျှဝတ္ထု သင်္ခါရတရားအစုတို့ကို။ နိဗ္ဗိန္ဒိတွာန၊ ငြီးငွေ့ဆင်ခြင် ယောဂီညာဏ်မှာမြင်၍။ ပဏ္ဍိတော၊ ကျိုးကြောင်း နှစ်ဖြာ လိမ်မာမြင်သိ ယောဂီ ညာဏ်ပညာရှိသည်။ သကိစ္စံ၊ သံသရာလမ်းထုတ် နောင်ထမ်းကုတ်ဘို့ မယုတ်စေရ ကိုယ့်အမှု ကိုယ့်ကိစ္စကိုသာ။ အနုယုဉ္ဇေယျ၊ ဆင်ခြင်အောက်မေ့ နှလုံးသွင်းရာ ၏။ မောဃကာလံ၊ လူကျင့် လူကြံ လူမှန်သူများ ကျင့်တရားကို အားပါး မထုတ် မှုမဟုတ်သည့် အချည်းနှီး တရားယုတ်တို့နှင့်။ န ခေပယေ၊ တသံသရာ လုံး အချိန်ဖြုန်း၍ မကုန်မခန်း မကျွမ်းစေရာသာတည်း။

အဲ ဤလို အဖြစ်အပျက်ကို ရှုဆင်ခြင်ဆိုသည်မှာ အဘယ်ကို ကြည့်၍ အဘယ်ကို နှလုံးသွင်း၍ ရှုဆင်ခြင်ရပါအံ့နည်း၊ ဟဒယဝတ္ထုရုပ်ကို ကြည့်၍ ရှုဆင်ခြင်ကြလေ၊ ဘာပြုလို့လဲဆိုတော့ ရုပ်တရားဆိုတာ ဟဒယဝတ္ထုရုပ်ကို အမှီပြု၍ ဖြစ်လေသောကြောင့်၊ ဝါ-အစပြု၍ ဖြစ်လေသောကြောင့် ဟူလို။ အဘယ်ကို ထောက်ရသော်—

"ရူပံ ဟဒယ ဝတ္ထုမေဝ နိဿာယ ဇာတန္တိ ပဝတ္တန္တိ" ဟူ၍လာ၏။ ထို့ကြောင့် ဟဒယဝတ္ထုရုပ်ကို ရှုရလေသည်။

အနက်ကား ရူပံ၊ ရုပ်တရားသည်။ဟဒယဝတ္ထုမေဝ၊ ဟဒယဝတ္ထုရုပ်ကိုသာ လျှင်။ နိဿာယ၊ အမှီပြု၍။ ဇာတန္တိ ပဝတ္တန္တိ၊ ဖြစ်တတ်ကုန်၏။ ထို့ကြောင့် ဟဒယဝတ္ထုရုပ်ကို ရှုရလေတော့၏။

ထိုဟဒယဝတ္ထုရုပ်ကို ထင်စွာပြဦးအံ့—

နှလုံးသီးပွတ် အိမ်အတွင်းဝယ် တလက်ဖက်ခွဲမျှလောက်သော သွေးအိုင်ငယ်ကလေးရှိသတဲ့၊ ထိုသွေးအိုင်ငယ်ကလေးကို ပူစေဇာတ်သော ဥသ္မာတေဇောခေါ် ကိုယ်စောင့်ဓာတ်မီး၊ အစာကို ကျေစေတတ်သော ပါစကတေဇောဓာတ်မီး ထိုမီးနှစ်ပါး အပူရှိန်ကြောင့် ထိုသွေးငယ်ကလေးသည် ပြွက်ပြွက်ပြွက်ပြွက်နှင့် ရေနွေးအိုးဆူသကဲ့သို့ ဗလုံစီလေးတွေလို များစွာ ဆူ၍ ဆူ၍ တက်လာလိမ့်မည်၊ ထိုရေပြွက် ကလေးတွေကဲ့သို့ငင်း၊ ခြစ်ခြစ်ပူသော ဒယ်အိုးပူထည်း၌ နှမ်းစေ့ကို ပစ်ချလိုက်သော် ထိုနှမ်းစေ့တို့သည် ဖျတ်ဖျတ် ဖျတ်ဖျတ်နှင့် ပျံခုန်ဘိသကဲ့သို့ငင်း၊ မြောက်မြားစွာ ခုန်ထွက်သည်ကို တွေ့ရဘိသကဲ့သို့ငင်း ထိုကဲ့သို့ ရုပ်နာမ်တရားတို့သည် ဖြစ်ခြင်း ပျက်ခြင်းနှင့် တူစွာမခြား ဥပမာထားရသော် မနောဝိညာဏ်စိတ် အမြင်ဖြင့် ရုပ်တို့၏ ဖေါက်ပြန်ပုံကို သိလို၍—

"ရုပ္ပတီတိ ရူပံ" ဟု ဝိဂြိုဟ် ဝစနတ္ထ ပြုပုံကို ထောက်ရသော်–

**အနက်ကား** ယံဓမ္မဇာတံ၊ အကြင် တရားသဘောသည်။ ရုပ္ပတိ၊ ဖေါက်ပြန်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ တံ ဓမ္မဇာတံ၊ ထိုတရားသဘောသည်။ ရူပံ၊ ရုပ်မည်၏။

အဲ ဤကဲ့သို့ ဖြစ်တာ ပျက်တာတွေကို မြင်ပါ၍ ဖေါက်ပြန်ပုံကို ထင်ရှားလျက် မနောဝိညာဏ်စိတ်ဖြင့် ဖြစ်ပုံ အခြင်းအရာကို ပြရသော်–

မနဉ္စ ပဋိစ္စ ဓမ္မေစ ဥပ္ပဇ္ဇတိ မနောဝိညာဏံ၊ တိဏ္ဏံ သင်္ဂတိ ဖဿော။

ဆဆက္ကသုတ္တန် သံယုတ္တနိကာယ်။

**အနက်ကား** မနဥ္စ၊ မနဓာတ်ကိုလည်းကောင်း။ ဓမ္မေစ၊ ဓမ္မဓာတ်တို့ကိုလည်းကောင်း၊ ပဋိစ္စ၊ စွဲ၍။ မနောဝိညာဏံ၊ မနောဝိညာဏ်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ တိဏ္ဏံ၊ ဓာတ်သုံးပါးတို့၏။ သင်္ဂတိ၊ ပေါင်းဆုံမိသည်ရှိသော်။ ဖဿော၊ ဖဿသည်။ သမ္ဘဝတိ၊ ဖြစ်၏။

အဲ ဤကဲ့သို့ အဲ ဤနေရာ၌ မနောဝိညာဏ်စိတ်တို့၏ ဖြစ်ရပုံမှာကား မနဓာတ် ဓမ္မဓာတ် မနောဝိညာဏဓာတ် ဤဓာတ်သုံးပါး တိုက်ဆိုင်မိမှသာ မနော

ဝိညာဏ်စိတ် ဖြစ်ပေါ်၍ လာရလေတော့၏၊ ဤကဲ့သို့ မနောဝိညာဏ်စိတ် ဖြစ်ပေါ်မှသာလျှင် စိတ္တက္ခဏ အစဉ်အတိုင်း ဉာဏ်ကုန်အောင် လျှောက်၍ ဉာဏ်အဆင့် အားပေးလျက် နောက်ကပြခဲ့သော ပရိကံဇောမှ ဥပစာဇော ဉာဏ်အဟုန်သည် လောကီ၏အဆုံး အနုလောမဉာဏ် မဂ်၏အနီးသို့ ရောက် ပါက နောက်ထပ် ဂေါတြဘု စိတ္တက္ခဏအကျတွင် လောကုတ္တရာဘုံသို့ ပြေးဝင် နိုင်သော ဉာဏ်အားဖြင့် ပိုင်လျက် ပြေးဝင်တော်မူကြရာဝယ် လောကီ၏ အပြစ် ဒေါသ သင်္ခါရတို့ကို ညစ်ညူးလျက် လောကုတ္တရာဘုံသို့ ပြေးဝင်လိုသောစိတ်ဖြင့် နိဗ္ဗာန် ပေါက ပဗ္ဗာရ ညွတ်ကိုင်းရှိုင်းသောစိတ်ဖြင့် ပြေးဝင်သည်ကို သိစေလို ရကား -

သင်္ခတဒေါသ ဒဿနေန စ တပ္ပဋိပက္ခတော နိဗ္ဗာနေ တန္နိန္နတာယ ပက္ခန္ဒတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

အနက်ကား သင်္ခတဒေါသ ဒဿနေနစ၊ ဖြစ်တတ် ပျက်တတ်သော သင်္ခတ ဒေါသတို့၏ အပြစ်ကို မြင်သဖြင့်လည်း။ တပ္ပဋိပက္ခတော၊ ထိုဖြစ်တတ် ပျက်တတ် သော သဘောလက္ခဏာမှပြန်သော မဖြစ်မပျက်ဘဲ အမြဲတည်နေသော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ တန္နိန္နတာယ၊ ညွတ်လေတတ်သည်၏ အဖြစ်ကြောင့်။ ပက္ခန္ဒတိ၊ ဉာဏ်ဖြင့် ပြေးဝင်၏။

အဲ ဤကဲ့သို့ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်သည် လောကီ၏အပြစ်ကို မြင်ပါ သဖြင့် လောကုတ္တရာဘုံသို့ ပြေးဝင်ခြင်းငှါ စွမ်းနိုင်အောင် ဤကဲ့သို့သော သမ္မသနဉာဏ်ဖြင့် အစပြု၍ အားထုတ်နိုင်ပါကမှ နောက်ကပါခဲ့သော ပါရမီ အစဉ် အားလျော်စွာ ယထာဘူတ သဘောအနေအားဖြင့် ဖြစ်ခြင်း ပျက်ခြင်း တည်းဟူသော ရုပ်နာမ်တရားတို့ကို တွေ့မြင်ခြင်းငှါ စွမ်းနိုင်တော့၏။ ထိုအဖြစ် အပျက်ကို ရှုဆင်ခြင်နိုင်မှသာ မဖြစ်မပျက်သော သဘော လက္ခဏာရှိသော နိဗ္ဗာန်သို့ ရောက်နိုင်ကြပေမည်။ ဤကား ရုပ်နာမ်ကို အစပြု၍ ထူထောင် သော သမ္မသနဉာဏ်ကိုပင်လျှင် ရင့်ကျက်စေအောင် အစစ္စာ အားထုတ်ရလေ ခြင်းကြောင်း ပရိကံဇော ဟူ၍ ဆိုလို၏။

ထိုသမ္မသနဉာဏ်သည် ရှုဉာဏ် အားထုတ်သောဉာဏ် ထိုသမ္မသနဉာဏ်ကို ရှုခဲ့သည်ရှိသော် ဥဒယဗ္ဗယဉာဏ်နှင့် ဘင်္ဂဉာဏ်သည် ပေါ်ဉာဏ် အန္တောဂမ တရားတို့သာတည်း၊ ဤကား အဝုတ္တသိဒ္ဓိနည်းတည်း၊ ဉာဏ်တပါးရှုပါက ဉာဏ်သုံးပါး ပြီးလေတော့၏၊ စာမှိုလို ရေးနေရသည် ဖတ်နေရသည်၊ ဉာဏ် ရောက်သော ပုဂ္ဂိုလ်တို့မှာ ဖြတ်ကနဲဖြစ် လှစ်ကနဲချုပ် ဖြုတ်ကနဲ ပြီးသွား လေပြီ၊ အဲ-သို့ပါသောကြောင့် ရှေးအရိယာ သူတော်ကောင်းတို့သည် စာစကား ပြောရမှာ စာလိုရေးနေရမှာကို လွန်စွာ ပျင်းမုန်းသတဲ့ဟု ပေါရာဏစကား ကြားဘူးခဲ့၏။

**ကြားဘူးပုံကား** ကျမ်းလျှောက်လျှင်မဆုံး၊ ကျမ်းပေါက်လျှင်တလုံး။
ဝိနည်းတော်ကိုခြုံးလျှင် သီလတလုံး၊ သုတ္တန်ခြုံးလျှင် သမာဓိတလုံး၊ အဘိ
ဓမ္မာခြုံးလျှင် ပညာတလုံး။ သုတ် ဝိနည်း အဘိဓမ္မာ အကုန်ခြုံးလျှင်
ဓမ္မရသ တလုံး။ သေက္ခအား ဓမ္မရသ၊ အသေက္ခအား ဝိမုတ္တိရသ ဟူ၏။

ဤကား သမ္မသနဉာဏ်အချက်ဖြင့် ရှု၍ ရင့်ကျက်စေခြင်းငှါ ပရိကံဇော၏ အဆုံး၌ ဥဒယဗ္ဗယဉာဏ် ဘင်္ဂဉာဏ် နှစ်ပါးကား ပေါ်လျက်ဖြင့် သိဒ္ဓိဂုဏ်သို့ ရောက်ပါ၍ ဤကား ဥပစာဇောဆိုက်လေတော့၏၊ ဝိပဿနာဉာဏ် ဆယ်တန် တို့တွင် ဉာဏ်သုံးပါး ပြီးမြောက်ပါ၍ သမ္မသနဉာဏ်ချက် ဤတွင် ပြီးပေ တော့၏။

## ဘယဉာဏ်ကို ပြချက်

ဘယဉာဏ်ကိုပြပေအံ့၊ ဘယဉာဏ်ဆိုသည်ကား သံသရာ၏ အပြစ်ဘေးကို ဆိုလို၏၊ ၎င်းသံသရာ၏ အပြစ်ဘေးဆိုသည်မှာ အဘယ်နည်း၊ သံသရာ၌ ရုပ်နာမ် တရား နှစ်ပါးတို့၏ ဖြစ်ပေါ်မှုလက္ခဏာရှိသော သင်္ခါရတို့၏ ပြုပြင်မှုကို ဆိုလို သည်၊ ထိုရုပ်နာမ်တရား နှစ်ပါးတို့၏ သင်္ခါရပြုပြင်မှုတို့ကို အားလုံးသော သတ္တဝါတို့သည် အလွန်သာယာတတ်လှ၏၊ အပြစ်ဘေးဟု အလွန်ထင်နိုင်ခဲစွ၊ အဘယ်ကို ထောက်၍ အပြစ်ဘေး ထင်နိုင်ပါအံ့နည်း၊ ထိုစကားမှန်၏၊ သံသ ရာ၌ ဝေဒယိတသုခတရားနှင့် အလွန်ပျော်မြူးတတ်၏၊ အပြစ်ကို ထင်နိုင်ခဲစွ။

သံသရာ၌ ညစ်ညူး ပျင်းမုန်း လောကဒဏ်နာပါမှ ဓမ္မသံဝေဂဖြစ်သော ပုဂ္ဂိုလ်တို့မှသာ သံသရာ၏အပြစ်ဘေးကို မြင်လေ့ရှိ၏၊ အဘယ်လို ပုဂ္ဂိုလ်များမှသာလျှင် မြင်နိုင်ပါအံ့နည်း ဟူရာ၊ သံသရာ၌ ဒဏ်နာလှခဲ့သော အရိယာဉာဏ်ရင့်သော ပုဂ္ဂိုလ်များမှသာလျှင် ဒဏ်နာတတ်လှ၏၊ သံသရာ၌ ဒဏ်နာပုံကို အဘယ်လို ပုဂ္ဂိုလ်ကို မြင်မှ သိရပါအံ့နည်း၊ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌ ဒုက္ခသစ္စာ၏ အနက်လေးချက်ကို အထောက်အထား ပြုရသော် လောက၌ ဒုက္ခဒဏ်ချက် ပြင်းထန်စွာ ခံခဲ့ရသော ပုဂ္ဂိုလ်ကို ဆိုလိုသည်၊ ပြဦးအံ့—

ဒုက္ခဿ ပီဠနဋ္ဌော၊ သင်္ခတဋ္ဌော၊ သန္တာပဋ္ဌော၊ ဝိပရိဏာမဋ္ဌော။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

**အနက်ကား** ဒုက္ခဿ၊ ဒုက္ခ၏။ ပီဠနဋ္ဌော၊ နှိပ်စက်ခြင်းအနက်ရင်း။ သင်္ခတဋ္ဌော၊ ပြုပြင်စီရင်ခြင်း အနက်ရင်း။ သန္တာပဋ္ဌော၊ ပူပန်ခြင်းအနက်ရင်း။ ဝိပရိဏာမဋ္ဌော၊ ဖေါက်ပြန်ပျက်စီးခြင်းအနက်ရင်း။ ဤလေးချက်သော အနက်ဝယ် သင်္ခတသဘောအားဖြင့် ဘယ့်ကလောက်ပင် ကြီးထွားအောင် ပြုပြင်ပင် ပြုပြင်ငြားပါသော်လည်း နှိပ်စက်နိုင်သရွေ့ နှိပ်စက်ပါက ပီဠနဂုဏ် အောက်သို့ ကျရောက်၍ သာယာမှု ကင်းမဲ့၍ ပူပန်စွာ သန္တာပဒဏ်ချက်သို့သာ ဖေါက်ပြန် ပျက်စီးရသော ဝိပရိဏာမသဘောသို့ ကျရောက်ရလေတော့၏။

အဲ ဤကဲ့သို့ သံသရာ၌ ဒဏ်နာပုံတို့သည် ဒုက္ခသစ္စာ၏ ဒဏ်ချက်ကြောင့် ပီဠနဂုဏ် နှိပ်စက် ပူပန် ဖေါက်ပြန် ပြုပြင်ခြင်းတို့ဖြင့် သတ္တဝါတို့၏ သန္တာန်၌ လောက၏အပြစ်ကို မြင်ပါ၍ ဓမ္မသံဝေဂဉာဏ်ဖြင့် ဆင်ခြင်နိုင်ခဲ့သည်ရှိသော် ဖြူစင် သန့်ရှင်းလှစွာသော သီလ သမာဓိ ပညာ တည်းဟူသော သိက္ခာသုံးရပ်တို့ကို မဂ္ဂင်တရားကိုယ်ဖြင့် ဆင်ခြင်အောက်မေ့စေလျက် သံသရာ၌ ညစ်ညူး၍ ဖြူစင်လှစွာသော သီလတို့၏ အကျင့်ကို ကျင့်ဆောင်၍ သပ္ပုရိ-သံသထံ၌ နယနည်းနာ အဖြာဖြာသော ဝတ္တရားတို့ဖြင့် ချဉ်းကပ်၍ အတိတ်ကပါလာခဲ့သော ပါရမီဆုတော်ဖြင့် သီလတို့၏ အကျင့်တို့ကို အထက်ပစ္ဆိမဘာဝသို့တိုင်အောင် ကျင့်ရာ၏ဟု စိတ်မှာဖြတ်လျက် သီလတို့၏ ဖြူစင်ပုံအကြောင်းကား ဒေသနာနည်းအလာဖြင့် ပြဆိုအပ်ရာဝယ်—

အပိစ္ဆတာ သန္တုဋ္ဌိတာ၊ သလ္လေခတာတိ အာဒိနံ။
ဥပ္ပတ္တိယာ ပျခဏ္ဍာနိ၊ ဝေါဒါနန္တိ ပဝုစ္စတိ။
သုတ္တန္တအဋ္ဌကထာ။

**အနက်ကား** ဘိက္ခဝေ၊ တို့။ အပိစ္ဆတာ၊ နည်းသော အလိုရှိခြင်းငှင်း။ သန္တုဋ္ဌိတာ၊ ရှိသမျှနှင့် ရောင့်ရဲနိုင်ခြင်းငှင်း။ သလ္လေခတာ၊ ခေါင်းပါးစွာကျင့်နိုင်ခြင်းငှင်း။ ဣတိ အာဒိနံ၊ ဤသို့ အစရှိသည်တို့ကို။ ဥပ္ပတ္တိယာ၊ ပြည့်စုံခဲ့သည်ရှိသော်။ အခဏ္ဍာနိပိ၊ ကျိုးပေါက် ပြတ်ကွဲခြင်းမရှိသည်ဖြစ်၍လည်း။ ဝေါဒါ-နန္တိ၊ ဖြူစင်သော သီလရှိကုန်၏ ဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် ဆိုအပ်၏။

အဲ-ဤကဲ့သို့သော ဒေသနာကို အာဂုံကိုး၍ ထောက်ကြပါသဖြင့် ဤကဲ့သို့ ကျင့်ကြံ ကြိုးကုတ် အားထုတ်သော ပုဂ္ဂိုလ်သည် ယထာရဟ ယထာသန္တောသ ဂုဏ်နှင့် ကိုက်ညီပါ၍ သီလနှင့်ပြည့်စုံသော ဖြူစင်သော သီလရှိသော ပုဂ္ဂိုလ်ဟု ဆိုရပေမည်။

ဤကဲ့သို့ သီလဝိသုဒ္ဓိ ဖြစ်လို့ရှိလျှင် ယခင် ပြဆိုခဲ့ပြီးသော ဒုက္ခအမျိုးမျိုး တို့ကို မြင်၍ သံသရာ၌ ဒဏ်နာလှ လေတော့၏၊ ဤကဲ့သို့ သံသရာ၌ ဒဏ်နာပါ ကမှ ဖြစ်ခြင်း ပျက်ခြင်းတို့ကို မြင်၍ သံသရာ၏ဘေးကို မြင်လေတော့၏။

အဘယ်ကဲ့သို့ မြင်လေသနည်းဟူငြားအံ့၊ပျက်ခြင်းသည် ဖြစ်လို့သာ ပျက်ရ သည်၊ မဖြစ်လျှင် မပျက်ရပေ၊လိုရင်းမှာကား ပါကဋအားဖြင့် ဩော်.... ဇာတိ ပါလားလို့ အပြစ်ကို မြင်လေတော့၏၊ သို့ပါမူ၍ ဟယ်.... ဇာတိ- အသင်ဇာတိ သည် နှိပ်စက်အပ်သော ပိဋ္ဌနတ္ထ တရားသည်ကား သန္တာပအားဖြင့် ပူပန်ရလေ တကား၊ သင်၏ ဖြစ်ခြင်းတည်းဟူသော ဇာတိဘေးမှ လွန်မြောက်ခြင်းသို့ ရောက်မှသာလျှင် မဖြစ်မပျက်ဘဲ အမြဲတည်နေသော သန္တိသုခဂုဏ်နှင့် ပြည့်စုံ သော မဖြစ်အေး မဖြစ်ငြိမ်းဟု ဆိုရာ အမတရွှေဘုံ ဇေယျဂုံဟုခေါ်ရာ အမတ နန်းထိုက် အံ့မခန်းသို့ ဆိုက်ရောက်ကြပေလိမ့်မည်။

အဲ-ဤကဲ့သို့ သံသရာ၌ ဒဏ်နာပုံ သံသရာ၌ စိတ်နာပုံကို ညာဏ်ရိပ်မိသော ပုဂ္ဂိုလ်များမှသာလျှင် သံသရာ၌ အပြစ်ကို မြင်လေတော့သည်၊ သံသရာ၏ အပြစ် ကို မြင်မှသာလျှင် ဘေးကို မြင်လေတော့၏။

ဤသည်ကား ဘယဉာဏ် ဖြစ်တော့၏၊ ဘယဉာဏ် ရှုဉာဏ် အာဒီနဝဉာဏ်နှင့် နိဗ္ဗိန္ဒဉာဏ်သည် ပေါ်ဉာဏ်၊ ဉာဏ်တပါးကို အားထုတ်လျှင် ဉာဏ်သုံးပါး ပြီးစီးလေတော့၏၊ ထိုဉာဏ်သုံးပါး ပြီးပုံကား စာအားဖြင့် ရေးရသော် ကြွံကြာလှ၏၊ စိတ္တက္ခဏအစဉ်နှင့်တကွ ဉာဏ်ရောက်သော ပုဂ္ဂိုလ်အားကား ပြီးတော့၏၊ အလွန်လျင်မြန်လှတော့ပေ၏၊ ဤသည်ကား ဥပစာဇောချည်း သာတည်း။

ဤဉာဏ်သုံးပါးအရာ၌ သံသရာ၌ အလွန်ဒဏ်နာလှ၍ စိတ်ဖြင့် ထိခိုက်၍ နာလှလေသောကြောင့် ဓမ္မသံဝေဂဖြစ်ကြသော ရှေးယခင် သူတော်ကောင်းတို့၏ ငြီးတွားသံကို ကြားစေလိုရကား ပြပါဦးအံ့—

သည်ရုပ်ကယ် သည်နာမ်၊ သည်သင်္ခါရနှင့်၊ သည်ဟန်သည်မူ၊ သည်အယူလဲ၊ မဖြူသေးလို့၊ မြူကြေးတွေပိုလွန်းလို့၊ တကိုယ်ကောင်းတန်၊ တစောင်းနေ၍ ကြုံလိုက်ရ၊ နောက်ဆံထွေးရှက်၊ အရေးငယ်ခက်ပါဘိ၊ မသက်သာလေ၊ ထောင်တမျိုးဟာမို့၊ နှောင်ကြိုးတွေ ပွေလွန်းလို့၊ ခေပါဘိကံငယ်၊ စနစ်စုံမှန်သဘောကို၊ ပြောလို့ မသင့်·ဟု ငြီးတွားကြလေသောကြောင့် ဤကဲ့သို့နှင့်ပင် လ, နေ့, ရက် ကြာခဲ့သော် မရှုန်းနိုင် လက်မှိုင်ချ၍ မိမိ၏သံသရာ၌ ဖြစ်ပုံကို ဆင်ခြင်ခဲ့သည် ရှိသော် ပြေဒ်.... သံသရာ့အလယ်၌ ရုန်းကန်၍ မရပါကလား ဟူ၍ ဇာတိ၏ အပြစ်ဘေးကို မြင်လေတော့၏။

ဤသည်တွင် ဉာဏ်သုံးပါး ပြီးစီးလေတော့၏။

## မုဉ္စိတုကမျတာဉာဏ်ပြချက်

မုဉ္စိတုကမျတာဉာဏ် ဆိုသည်ကား သံသရာ၏အတွင်း၌ အရောက်မှား၍ ငြီးငွေ့ပြင်းမုန်းလျက် ထွက်လိုသောစိတ် ရှိသည်ဖြစ်၍ မနေလိုသောစိတ်ဖြစ်လျက် မိမိ၏ ရုပ်နာမ်ကို ဆင်ခြင်ခဲ့သော် ဖြစ်ပျက်ခြင်းမှ မလွတ်ကုန်ပါ၍ တံငါပိုက်ကွန်၌မိသော ငါး, အလမ္ပာယ်လက်၌ရောက်သောမြွေ, သားရဲအောင်းသော လျှိုကဲ့သို့ မနေလိုသော်လည်း နေရပါကုန်လျက် ထွက်လိုသောစိတ်၌သာ ရှေးရှုပင် ရှေးရှုငြားပါသော်လည်း ငြီးငွေ့ပျင်းမုန်းပါ၍ ခြင်းမှောက်၍ ထားအပ်သော ကြက်သူငယ်ကဲ့သို့ တိုးဝှေ့လျက်နှင့်သာ နေရရှာပါ၍ ရုပ်နာမ်တို့၏ ဖြစ်စဉ်တို့ကို အမြဲမပြတ် ဆင်ခြင်လျက် သင်္ခါရတို့၏အစဉ်ကို အစဉ်

အားဖြင့် ဆင်ခြင်လိုက်သော် ဉာဏ်စဉ်အတိုင်း လျစ်လျူရှု၍ စိတ်ဝိညာဏ်ဖြင့် ဆင်ခြင်လိုက်ခြင်းသည် မုဉ္စိတုကမျတာဉာဏ် မည်၏၊ ဤကား မုဉ္စိတုကမျတာ ဉာဏ်ကို ရှုလျှင် ပဋိသင်္ခါဉာဏ်နှင့် သင်္ခါရုပေက္ခာ ဉာဏ်တို့သည် အန္တောဂဓ ဝင်၍ အဝုတ္တသိဒ္ဓိနည်းဖြင့် အလိုလို ပြီးစီးလေတော့၏။

မုဉ္စိတုကမျတာဉာဏ်သည်ကား ရှုဉာဏ်၊ ပဋိသင်္ခါဉာဏ်နှင့် သင်္ခါရုပေက္ခာ ဉာဏ်သည်ကား ပေါ်ဉာဏ်၊ ဉာဏ်တပါး ကို သုံးသပ်လျှင် ဉာဏ်သုံးပါး ပြီးစီး လေတော့၏၊ ဤကား ဥပစာဇောချည်း သာတည်း၊ မဂ်ဉာဏ်နှင့် ဝေးလှချေ သေး၏၊ ဤနေရာ၌ ဆရာကောင်းလိုပေ၏၊ ဆရာကောင်းနှင့်တွေ့ပါမှ လိုရင်း ခရီးသို့ ရောက်နိုင်ပေမည်၊ ကြိုးစားကြပါလေ၊ ဝီရိယမဂ္ဂင်နှင့် ပြည့်စုံက မုချ ရတော့မည်မှာ မလွဲသာတည်း။

ဝီရိယ အားပေးပုံကား အင်္ဂုတ္တရအဋ္ဌကထာ၌ ဘုရားပြတော်မူရာဝယ်—

ယံ နိမ္ဗာနံ ပုရိသထာမေန ပုရိသပရက္ကမေန ပါတဗ္ဗံ၊ န တံ အပတွာန ဝီရိယဿ သဏ္ဌာနံ ဘဝိဿတိ။

ဟု အဋ္ဌကထာစကား ဘုရားပြတော်မူရာဝယ် ရှေးဆရာတော်ကြီးတို့ အားပေး တိုက်တွန်းတော်မူခဲ့သော ပါဠိ ပါဠိအရ ဝီရိယမဂ္ဂင်ကို ဖြည့်စွက်၍ လဒ္ဓေါ ပဒေသ ရရှိခဲ့ဘူးရကား—

**အနက်ကား** ယံနိဗ္ဗာနံ၊ သို့။ ပုရိသထာမေန၊ ယောကျ်ားတို့၏ အားအစွမ်း ဖြင့်ရင်း။ ပုရိသပရက္ကမေန၊ ယောကျ်ားတို့၏ အားလုံ့လဖြင့်ရင်း။ ပါတဗ္ဗံ၊ ရောက်အပ်၏။ တံနိဗ္ဗာနံ၊ ကို။ အပတွာန၊ သော်။ မေ၏။ (ထည့်)ဝီရိယဿ၊ ကို။ သဏ္ဌာနံ၊ ဆုတ်နစ်ခြင်းသည်။ န ဘဝိဿတိ၊ လတ္တံ့။

အဲ ဤဒေသနာအရ မိမိကိုယ်ကို မိမိတိုက်တွန်း၍ ကြိုးစားခဲ့သည်ရှိသော် ရောက်တော့မည်မှာ မလွဲသာတည်းဟု အားမလျှော့ကြလေနှင့် ယောဂီ အပေါင်းတို့။

ဤသည်တွင် မုဉ္စိတုကမျတာဉာဏ် ပဋိသင်္ခါဉာဏ် သင်္ခါရုပေက္ခာဉာဏ် ဟု ဆိုအပ်သော ဉာဏ်သုံးပါး ပြီးစီးလေတော့၏၊ ဤအရာကား မဟာကုသိုလ်ဇော အရှိန်နှင့်တကွ မဟာဂ္ဂုတ် အပ္ပနာအားကို ဆောင်လျက် တီရဏပရိညာမှ ဉာတ

ပရိညာဖြင့် မြင့်တင်အပ်သော ဝိပဿနာဉာဏ် ၉-တန်တို့တွင် အနုလောမဉာဏ်သို့ ကပ်လျက် ဉပစာဇော၏ စိတ္တက္ခဏ၌သာ ချုပ်ပြတ်၍ ဘင်္ဂက္ခယသို့ ကုန်ဆုံးလေဘော၏၊ ဤကား ဝိပဿနာဉာဏ် ၉ တန် တည်း။

မုဥ္စိတုကမျတာဉာဏ် ပြီး၏။

---

## အနုလောမဉာဏ် ပြချက်

အနုလောမဉာဏ်ဆိုသည်ကား စရဏယောဂီပုဂ္ဂိုလ်တို့၏ ဝိပဿနာဉာဏ် ဆယ်တန်တို့တွင် အဆုံးသို့ရောက်လျက် အထွတ်အထိပ်ဖြစ်သော သံသရာ၏ ဆိပ်ကမ်းအငူဝယ် မဂ်ဉာဏ်နှင့် နီးကပ်လျက် ဖြစ်လေသောကြောင့် ရာဂ အစရှိသော ကိလေသာတို့သည် သစ္စာကို ဖုံးလွှမ်းတတ်သော ပဋိစ္ဆာဒက အမှိုက်သရိုက်တို့ကို သုမ်ႇ င် ရှင်းလင်းစေသည်ဖြစ်၍ ထိုအနုလောမဉာဏ်သည် ဂေါတြဘုတည်းဟူသော ရှေ့စိတ္တက္ခဏ နောက်မဟာဂ္ဂုတ် အပ္ပနာအ းဟုန်ဖြင့် အာရုံသို့ ရှေးရှုဆောင်လျက် စိတ္တက္ခဏ တချက်ထက်တချက် မဂ်ဉာဏ်၏ အနီးသို့ ရောက်လေသည် ဖြစ်သောကြောင့် အနုလုံဇောဟု ခေါ် ဆိုရပေ၏။

ဤအနုလုံဇောသည် လာလတ္တံ့သော အာရုံကို ဆောင်စေတတ်, မိမိ၏ ရောက်ဆဲဖြစ်သော အာရုံကို သုမ်သင် ရှင်းလင်းစေတတ်, မောဟတည်းဟူသော ပဋိစ္ဆာဒကကို စင်ကြယ်စေလိုရကား မိမိ၏ သဘာဝအာ ရုံ ဉာဏ်၌မြဲ၍ လဒ္ဓဂုဏ်ကို သိစေလိုရကား နောက်နောင်က ပရိစယပြုခဲ့ ဆည်းပူးခဲ့လှသော သမာဓိအားနှင့် ဇောအဟုန်တို့သည် ဉာဏ်ဖြင့် ရှေးရှုထင်လျက် ခရီ ညွှန်ကေ င်းသော ရှေ့ဆောင်သူမြတ်တို့ကဲ့သို့ လိမ်မာလှစွာသော ယောဂီ သူမွန်သည် မွေးမြူ စောင့်ရှောက်၍ လာခဲ့သော သမာဓိနှင့်တကွ ဆရာပြလိုက်သော ဟတ္ထမုဋ္ဌိနည်းကို ဆောင်လျက် ကာကာဒိသကျိ ငှက် ဉပမာကဲ့သို့ ဤနေရာ၌ ဉာဏ်ရှိန်နူးညံ့အား သေးပါက တခုသော လှေသင်္ဘော၏ လင်္ကယဉ်တိုင်၌ နားနေသော ကျီးငယ်သည် လှေသင်္ဘောသွားရာအရပ်သို့ လိုက်ပါ၍ ကာလဖြင့် ကြာခဲ့သော် သင်္ဘောမှ ရုန်းကန်၍ ကမ်းထိပ်သို့ လှည့်လည် ပျံဝဲပါသော်လည်း တောင်ဟုန်အာ ဖြင့် ကမ်းသို့ရောက်ခြင်းငှါ အားကုန်ဘိရကား လှေသင်္ဘော လင်္ကယဉ်တိုင်သို့သာ ပျံ၍နားရဘိသကဲ့သို့ ထိုအတူ သံသရာ၏ အထွတ်အထိပ်သို့ ရောက်သော ယောဂီ

သူမွန်သည် အနုလောမဉာဏ်သို့ ရောက်ပင် ရောက်ပါသော်လည်း နောက်က ပါရမီအားဖြင့် ပါလာခဲ့သော ဉာဏ်အဟုန် နှံ့နှံ့ရှဲ ကျီးငှက်ငယ်သည် လင်းယဉ် တိုင်သို့ ပျံ၍ နားရဘိသကဲ့သို့ ထိုနှင့်တူစွာ အထွတ်အထိပ်မှနေ၍ ထိုယောဂီအား သမ္မသနဉာဏ်မှ နောက်ကပြန်၍သာ သုံးသပ်ရပေတော့မည်၊ အနုသန္ဓေဖြင့် ပြန်၍စပ်ရသော် ထိုကျီးငှက်ငယ်သည် ကာလအားဖြင့် တော်တန်လောက် အောင် ခြားပါက ထိုလင်းယဉ်တိုင်မှ ရုန်းကန်၍ စိမ်းညိုသော တော တောင် တန်းသို့ အားအဟုန်ဖြင့် ထိုးပျံလေသော် လိုလားရာခရီး အပြီးတိုင် ပေါက် ရောက်ပါက လင်းယဉ်တိုင်သို့ ပျံခြင်းငှါ အာရုံကင်းဘိရကား ဤပုံကို ထောက်၍ လိမ်မာလှစွာသော သင်္ဘောမာလိန်မှူးသည် ကျီးပျံရာအရပ်သို့ ရှုဆင်ခြင်၍ သင်္ဘောဦးတည်လျက် ခုတ်မောင်းလေသော် သာယာစွာ လျင်တခုတ်နှင့်သာ ရောက်လေတော့၏။

ဤကဲ့သို့ ဥပမာကိုဆောင်၍ နှုံးညှိ အားသေးလှစွာသော ယောဂီသည် သမ္မသနခါတ်မှ ဝိပဿနာဉာဏ်ဖြင့် ပက္ခန္ဒနခါတ်သို့တိုင်အောင် သြက္ကမခါတ် ဖြင့် သက်ခဲ့သော် ခါတ်သုံးပါးဖြင့် ဆောင်လျက် ပညာဉာဏ်ဖြင့် တိုးတက်သော အမြင်ဉာဏ် လိမ်မာပါ၍ ပရိစယပြုခဲ့သော အနန္တရပစ္စည်း အထောက်အပံ့ ရပါ၍ အနုလောမဉာဏ်၏ အထွတ်အထိပ်သို့ ရောက်လျက် ဝိပဿနာဉာဏ်တည်း ဟူသော သမာဓိဉာဏ်ရှိန်ဖြင့် ကောင်းစွာမြင်လျက် နောင်လာလတ္တံ့သော ဂေါတြဘုစိတ္တက္ခဏသို့ နိဗ္ဗာန် ပေါဏာ ပဗ္ဘာရဟုဆိုအပ်သော သဘောဖြင့် ညွှတ် ကိုင်းရှိုင်းစေလျက် သစ္စာကို ဖုံးလွှမ်းစေတတ်သော ကိလေသာတည်းဟူသော မောဟကို ပယ်တည့်၍ အနုလောမဉာဏ်သည် နိဗ္ဗာန်ကို အာရုံပြုခြင်းငှါ မတတ်နိုင်။

တတ္ထ အနုလောမဉာဏံ သစ္စပဋိစ္ဆာဒကံ ကိလေသတမံ ဝိနောဒေတုံ သက္ကောတိ၊ နိဗ္ဗာနမာရမ္မဏံ ကာတုံ န သက္ကောတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** တတ္ထ အနုလောမဉာဏံ၊ ထိုအနုလောမဉာဏ်သည်။ သစ္စပဋိစ္ဆာဒကံ၊ သစ္စာကိုဖုံးလွှမ်းတတ်သော။ ကိလေသတမံ၊ ကိလေသာတည်းဟူ သောအညစ်အကြေးကို။ ဝါ-ကိလေသာတည်းဟူသော အမိုက်တိုက်ကို။ ဝိနော

ဒေတုံ၊ ပယ်ဖျောက်ခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်၏။ နိဗ္ဗာနမာရမ္မဏံ ကာတုံ၊ နိဗ္ဗာန်ကိုအာရုံပြုခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။

အဲ-ဤဒေသနာတော်ကို ထောက်ပါသဖြင့် ဘုရားရှင်၏အလိုတော် ဗုဒ္ဓမတညူအရာဖြင့် ထိုက်ခြင်းငှါခံ့သော အရှင်မဟာ ဗုဒ္ဓဃောသမှ သိဿာနုသိဿ အဆက်ဆက် သာသနာ ၂၅၀၀-ကျော် ယခု ဝိမုတ္တိယုဂ ခေတ်တော်အထိ နည်းမပျက်ဆက်ခဲ့လေရာ အနုလောမဉာဏ် ဝိပဿနာဉာဏ် ဆယ်တန်၏ အထွတ်အထိပ်သို့ လဒ္ဓေါပဒေသ မဟာကုသိုလ်ဇောနှင့်တကွ ဟတ္ထမုဒ္ဒိနည်းကို လေ့လာ၍ ပရိစယ ပြုခဲ့ရပုံသည်ကား—

ကုသလဇဝနပဋိပါဋိဝသေနေဝ ပဝတ္တတိ၊တတ္ထ ယဒေတံ ဥပစာရသမာဓိနာ သဒ္ဓိံ ပဋိဘာဂနိမိတ္တံ ဥပ္ပန္နံ ဟောတိ၊တဿ ဥပ္ပါဒနံနာမ အတိဒုက္ကရံ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

ဤနေရာ၌ ခဲယဉ်းလှသည်ကို ပြလို၍ မဟာကုသိုလ်ဇော ဖြစ်ဘို့ရာ ပညိန္ဒြေနှင့် ယှဉ်စေခြင်းအကြောင်း ဆရာကောင်းထုံးနည်း နိဿယည်းဖြင့် ကောင်းစွာပန်ဆင်နိုင်မှ ရနိုင်ကြပေမည်၊ အနက်ဖြင့် သမ္ဗန်လိုရကား -

ကုသလဇဝနပဋိပါဋိဝသေနေဝ။ ကုသိုလ်ဇော အစဉ်၏ အစွမ်းဖြင့်သာလျှင်။ ပဝတ္တတိ၊ ၏။ တတြ တသ္မိံသမယေ၊ ထိုအခါ၌။ ယဒေတံ ယံ ဧတံ ဥပစာရသမာဓိနာ၊ ထိုဥပစာရသမာဓိနှင့်။ သဒ္ဓိံ၊ တကွ။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ ဥပ္ပန္နံ၊ သည်။ ဟောတိ။ ၏။ တဿဥပ္ပါဒနံနာမ၊ ထိုသို့ဖြစ်ခြင်းသည်။ အတိဒုက္ကရံ၊ အလွန်ခဲယဉ်း၏ စွ။

ဤနေရာ၌ အနုလောမဉာဏ်ဖြစ်ပုံ အခြင်းအရာကို အလွန်ခဲယဉ်းစွာလှသော ဝိပဿနာဉာဏ် ဆယ်တန်၏ အထွတ်အထိပ်သို့ရောက်ကြောင်း ပါရမီသည် ပုညိဒ္ဓိ ပဋိသန္ဓေက အစ မဟာကုသိုလ် ဉာဏသမ္ပယုတ်၌ ပညိန္ဒြေနှင့် ယှဉ်လျက် သပ္ပုရိသူပထံ နည်းမှန်စွာ လဒ္ဓေါပဒေသ ရခဲ့ပါကမှ ထိုမဟာကုသိုလ်ဇောနှင့် တကွ ဥပစာရ ပဋိဘာဂနိမိတ်နှင့် သမ္ပယုတ္တဓမ္မ အညမည ခဲယဉ်းစွာ ပေါင်းဆုံမိပါက သတ္တလောက၏အဆုံး သံသရာ၏ကမ်းအငူဝယ် နောက်နောင်ကအစ ယခု ပစ္စက္ခဘဝ တွေ့ကြုံခဲ့သမျှ အကုသိုလ်အထွေထွေကို ဖြေရှင်းပြီး ထိုအကုသိုလ်

ဇောတွေ အိုင်ဖွဲ့၍ နေသောနေရာကို ဘဝသံသရာကရခဲ့ ယခုဘဝမှ အစပြုလျက် လက်ရှိရပြီးသော ကုသိုလ်ဇောအဟုန်တွေက တွန်းကန် မှုတ်လွင့် ကျိတ်ချေ ဖျက်ဆီးတဲ့၍ ရုပ်နာမ်တို့၏ အရှိန်မစဲ တဖွဲဖွဲ ဖြစ်ပျက်ဟန်ကို သမ္မသနဉာဏ်က အစ ရှုဆင်ခြင်ခဲ့ပြီး၍ ဥဒယဗ္ဗယဉာဏ်မှ သင်္ခါရုပေက္ခာဉာဏ်အလွန် မဂ်၏အနီးသို့ ရောက်လျက်ရှိသော အနုလောမ ဉာဏ်ဖြင့် အမည်ပေးလျက် ဥပါဒ် ဌီ ဘင်နှင့်တကွ စိတ္တက္ခဏတချက် ဖြစ်ပေါ်၍ ချုပ်၏၊ ထိုသို့ချုပ်သော စိတ္တက္ခဏသည်ပင်လျှင် အနုလောမ ဉာဏ်ဟု ခေါ်လေတော့၏။

ထိုအနုလောမဉာဏ်သည် နောက်ကပြခဲ့သော မဟာဂ္ဂုတ် အပ္ပနာမှ သမာဓိ အားနည်းခဲ့သော် ရှေ့သို့ မတိုးတက်နိုင်ပါပေသေး၊ ဇနက္ကအလောင်းတော် သင်္ဘောပျက်သည့်ပမာလို လောကီရတနာအလုံး သိမ်းကြုံး၍ ပျက်ပြုံးတည်းရ သကဲ့သို့ နောက်က ပြခဲ့ပြီးသော ကာကာဒိသ ငှက်ကျီးပမာလို အားကုန်၍ လင်းယဉ်တိုင်သို့ ပျံနားရဘိသကဲ့သို့ မဟာဝိပဿနာဟုဆိုအပ်သော သမ္မသန ဉာဏ်ခါတ်မှ အစပြု၍ တိုးပွားဆင်ခြင်အပ်ပြန်သော် ဝုဋ္ဌာနဂါမိနီ ဝိပဿနာ ဉာဏ်ကို ဖြစ်စေ၍ ဉာဏ်ဆယ်တန်၏ အဆုံး သမာဓိ အပ္ပနာနှစ်ရပ် အားကုန် အောင် ကြုံးလိုက်ပါက လောကီဉာဏ်၏ အဆုံးတွင် အနုလောမဉာဏ်ဟုန် ဖြင့် ပစ်လွှင့်အပ်သော လောကီအာရုံ တိမ်တိုက်မှုတို့ဖြင့် လွှင့်စင်လျက် နောက်ထပ် ကိလေသာတို့ဖြင့် စင်ကြယ်စေတတ်သော နိဗ္ဗာန်ကို မြင်နိုင်သော ဥပါဒ် ဌီ ဘင်နှင့် ပြည့်စုံသော ပုထုဇဉ်တို့၏ အနွယ်ကို ဖြတ်တောက်စေတတ် သော ဂေါတြဘုဟူသော အမည်ဖြင့် ရအပ်သော စိတ္တက္ခဏတချက် နောက် ထပ် ဆင့်၍ ကျလေတော့၏။

ထိုနောက်ထပ်၍ ကျလေသော စိတ္တက္ခဏသည် ဂေါတြဘုကိစ္စဟု ခေါ်လေ တော့၏၊ ထိုဂေါတြဘုကိစ္စသည် ၃၁-ဘုံကို လွန်မြောက်၍ အနုလောမဉာဏ် အလွန် မဂ်ဉာဏ်သို့ မရောက်မီ ပုထုဇဉ်တို့နှင့် အရိယာတို့၏ နယ်ခြားဖြစ်လေ သည်၊ သိလိုလှသော အသင် ပညာရှိအပေါင်းတို့အား မဂ်ဝီထိချ၍ ပြရ လေသော်—

| နာ | မ | ပ | ဥ | နု | ဂေါ | မဂ် | ဖိုလ် | ဖိုလ် | ဘင် |
|---|---|---|---|---|---|---|---|---|---|
| ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ | ၀၀၀ |

ဤကဲ့သို့ တိက္ခ မန္ဒအားလျော်စွာ ဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ်အရာ၌ အနုလောမဉာဏ်မှ မဂ်ဉာဏ်အလွန်တွင် ဂေါတြဘုစိတ္တက္ခဏဖြင့် သိစေခဲ့ပါ၍ သံသရာတည်းဟူသော အနုလောမဉာဏ်ဖြင့် အဆုံးသတ်ပါ၍ မဂ်ဝီထိကျပုံကို ရေးသား၍ ဖေါ်ထုတ်လိုက်ရလေသတည်း။

အနုလောမဉာဏ် ပြီး၏။

---

## ဂေါတြဘုဉာဏ် ပြချက်

ဂေါတြဘုကိစ္စကို ပြပေအံ့၊ ဂေါတြဘုကိစ္စ ဆိုသည်မှာကား အလုံးစုံသော နိမိတ် အာရုံ ဗလိဗောဓတို့ကို သိမ်းဆည်း၍ တည်ငြိမ်လျက် အနုလောမဉာဏ်၏ အာသေဝနပစ္စည်းဆက်၍ –

အနိမိတ္တံ အပ္ပဝတ္တံ အသင်္ခါရံ နိရောဓံ နိဗ္ဗာနံ အာရမ္မဏံ ကုရုမာနံ
ပုထုဇ္ဇနဂေါတ္တံ ပုထုဇ္ဇနသင်္ခံ ပုထုဇ္ဇနဘူမိံ အတိက္ကမမာနံ –

ဟူ၍ ရှင်တော်ဘုရား ဟောတော်မူခဲ့လေသောကြောင့် ပုထုဇဉ်တို့၏ အနွယ်ကို ဖြတ်တောက်လျက် နိဗ္ဗ နှ်ရွှေဘုံတော်ကြီးကို မြင်နိုင်တော်မူလေသောကြောင့် ပဌမာဘောဂ ပဌမာသန္နာဟာရ ဖြစ်တော်မူလှ၍ မဂ္ဂပစ္စယ အနန္တရ-ပစ္စယ သဟဇာတ အစရှိသော အညမညနှင့်တကွ ၆ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပါ၍ ပြီးစေလျက် ဝိပဿနာ၏ အထွတ်အထိပ်သို့ ရောက်တော်မူသည်ကို ပြလို၍ ဝိသုဒ္ဓိမဂ်ဒေသနာတော်ဝယ် “အနုပါယာသံ နိရောဓံ နိဗ္ဗာနံ ပက္ခန္ဒတီတိ ဂေါတြဘု”ဟု ဝိဂ္ဂိုဟ်ဝစနတ္ထ ပြုတော်မူလေသောကြောင့် ထောက်ဘိရသော် ပုထုဇဉ်တို့၏ အနွယ်ကို ဖြတ်တောက်၍ စိုးရိမ်ပူပန်ခြင်းတို့မှ ကင်းတော်မူလျက် ရုပ်နာမ်တရားတို့ဖြင့် ချုပ်ငြိမ်းခဲ့သော် နိဗ္ဗာန်တည်းဟူသော ရွှေဘုံတော်ကြီးသို့ ပြေးဝင်လေဘိရကား ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ရှင်မဟာဗုဒ္ဓဃောသ၏ အရာ သိဿာနုသိဿတို့ စဉ်လာမှာ အထောက်အထား ပြလိုရကား—

အနက်ကား အနုပါယာသံ၊ စိုးရိမ်ပူပန်ခြင်းမရှိသော။ နိရောဓံ၊ ရုပ်နာမ် သင်္ခါရတရားတို့၏ ချုပ်ငြိမ်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ဣတိ တသ္မာ၊ ကြောင့်။ ဂေါတြဘု၊ မည်၏။

ဤနေရာ၌ ဖြတ်တောက်ရာ ဖြတ်တောက်ကြောင်း ငြိမ်းရာငြိမ်းကြောင်းဟု ဆိုအပ်သော လောကီဝတ္ထု အစုစုတို့ကို လွှမ်းမိုးနှိပ်စက်၍ သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာတည်းဟူသော အမိုက်တိုက်ကို ပယ်ခြင်းငှါ မစွမ်းနိုင်လို့ ရကား နိဗ္ဗာန်ကို မြင်ခြင်းငှါသာ၊ ဝါ-ပြေးဝင်ခြင်းကိုသာ စွမ်းနိုင်၏-တဲ့လို့ ၎င်းဂေါတြဘုကိစ္စ၏ ဂုဏ်ကျေးဇူးကို ပြလိုရကား—

ဂေါတြဘုညာဏံ သစ္စပဋိစ္ဆာဒကံ ကိလေသတမံ န သက္ကောတိ၊ နိဗ္ဗာန မာရမ္မဏံ ကာတုံ သက္ကောတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

**အနက်ကား** ဂေါတြဘုညာဏံ၊ ဂေါတြဘုညာဏ်သည်။ သစ္စပဋိစ္ဆာဒကံ၊ သစ္စာကို ဖုံးလွှမ်းတတ်သော။ ကိလေသတမံ၊ ကိလေသာတည်းဟူသော အမိုက်တိုက်ကို။ ဝိနောဒေတုံ၊ ပယ်ဖျောက်ခြင်းငှါ။ (ထည့်) န သက္ကောတိ၊ မတတ်နိုင်။ နိဗ္ဗာနမာရမ္မဏံကာတုံ၊ နိဗ္ဗာန်ကို အာရုံပြုခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်၏။

အဲ ဤကဲ့သို့ ဂေါတြဘုညာဏ်သည် သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာတည်းဟူသော အမိုက်တိုက်ကို ပယ်ခြင်းငှါ မတတ်နိုင်၊ နိဗ္ဗာန်ကို မြင်ခြင်းငှါသာ တတ်နိုင်တော်မူသည်ကို ထင်ရှားစေလို၍ မဂ်သို့မရောက်မီ အနုလောမညာဏ် အလှန်တွင် ပုထုဇဉ်တို့၏ အနွယ်ကို ဖြတ်တောက်လတ္တံ့သော အားအစွမ်းကို ဆောင်လျက် ဘဝသံသရာကအစ ယခု အကျိုးပေးသော ဘဝတိုင်အောင် ဒါန သီလ သမာဓိ အရှိန်ဖြင့် သုံးသပ်ဆင်ခြင်လိုသော အကြောင်းကို ပြလိုရကား လေးသမားသည် စွန့်ပစ်အပ်သော မြားတို့ကို ကောက်ယူခြင်းငှါ အလိုရှိသကဲ့သို့ ဒါန သီလ ဘာဝနာ သမာဓိ ကုသိုလ်ရှိန်တို့ကို သုံးသပ်ခြင်းငှါ ခံ့သော လေးသမားမူ အလားတူစွာ "ခိပိတဗ္ဗဥဿုယာနံ ဂဟဏေ အတ္ထိကော ဣဿာသောဝိယ" ဟု ပေါရာဏဋီကာ လာတော်မူသည်ကို ထောက်ပါသဖြင့် အနက်မြန်မာ ပြန်ဆိုပြန်သော်—

ခိပိတဗ္ဗဥဿုယာနံ၊ စွန့်ပစ်အပ်လတ္တံ့သော မြားတို့ကို။ ဂဟဏေ၊ ကောက်ယူခြင်းငှါ။ အတ္ထိကော၊ အလိုရှိသော။ ဣဿာသောဝိယ၊ လေးသမားကဲ့သို့ တည်း။

ဤကဲ့သို့ ဒါန သီလ ဘာဝနာ ဇောရှိန်တို့သည် ပြန်လည်သုံးသပ်ခြင်းငှါ အကျိုးပေးခြင်းငှါ ခံ့သော လေးသမား မြှားအတူ ဤဂေါတြဘု စိတ္တက္ခဏ၏ ဥပါဒ် ဌီ ဘင် စိတ်လုံးထည်းတွင် နိဗ္ဗာန်ကို မြင်စေတတ်သော အကြောင်းတို့ဖြင့် တိုက်ဆိုင်လျက် ပြုပြင်စီရင်တတ်သော လောကီသင်္ခါရနယ်၏ အပြစ်ကို ကောင်းစွာမြင်ပါသဖြင့် မဖြစ်မပျက်ဘဲ အမြဲတည်နေသော နိဗ္ဗာန်ရွှေဘုံတော်ကြီးသို့ ဒါန သီလ ဘာဝနာ တည်းဟူသော ညာဏ်ဖြင့် ပြေးဝင်ပုံကို ဇောအရှိန်ဖြင့် နိဗ္ဗာန်ကို မြင်နိုင်သော ဂေါတြဘုစိတ္တက္ခဏ၏ အတွင်းသို့ ရောက်လျက် ထိုဂေါတြဘုက အမှတ်ပေးပုံကို အပ္ပနာနှစ်ရပ် စပ်၍ပြရသော် အဝုတ္တသိဒ္ဓိနည်း အရာ အရှင်အဋ္ဌကထာက –

သင်္ခတဒေါသ ဒဿနေနစ တဗ္ဗိပရိတေ နိဗ္ဗာနေ တန္နိန္နတာယ ပက္ခန္ဒတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား သင်္ခတဒေါသ ဒဿနေန စ၊ ပြုပြင်စီရင်ခြင်း တည်းဟူသော အပြစ်ကိုမြင်သဖြင့်လည်း။ တဗ္ဗိပရိတေ၊ မဖြစ်မပျက်သော သဘောလက္ခဏာ ရှိသော ပြုပြင်စီရင်ခြင်းမှကင်းသော မဖြစ်မပျက်ဘဲ အမြဲတည်နေသော ပြန်သောအားဖြင့်။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ တန္နိန္နတာယ၊ ညွတ်လေတတ်သည်၏ အဖြစ်ကြောင့်။ ပက္ခန္ဒတိ၊ ညာဏ်ဖြင့် ပြေးဝင်၏။

အဲ ဤကဲ့သို့ ဂေါတြဘုညာဏ်သည် ရုပ်နာမ် သင်္ခါရတို့၏ အပြစ်ကို မြင်တော်မူ၍ မဖြစ်မပျက်ရာ နိဗ္ဗာန်ရွှေဘုံတော်ကြီးသို့ ပြေးငင်နိုင်ကြောင်း ခိုင်လုံစွာဖြင့် ပြတော်မူသည်ကို သိစေလို၍ အကြင်ပညာရှိ ယောဂီသူမွန်တို့၏ သိင်္ဂီရွှေခွက်နှင့် တူသော နားသောတ ဓာတ်မြတ်အပြင်ဝယ် တောသုံးတောင်ပိုင် ဦးခိုင်ချုပ်ခြာ ကေသရာဇာခြင်္သေ့မင်း၏ အဆီနှင့်တူသော ဓမ္မဓာတ်မြတ်တော်ကြီး သဒ္ဒဆီနှင့် ဃဋ္ဋနဖြင့် ထိခိုက်လိုက်ပါက စိမ့်အေး ချိုမြိန်သော ဓမ္မရသ သောတနားဝယ် ဒိဋ္ဌဓမ္မဝေဒနိယအကျိုးဖြင့် ကိုယ်တိုင်သိ သက်သေခံ ယုံကြည်အားထားနိုင်ကြသော ယောဂီအပေါင်းတို့အား ဤတွင် ဂေါတြဘုကိစ္စ ဖြစ်ကြောင်း ထပ်လောင်း၍ ပြလိုက်ရပေတော့သတည်း။

ဂေါတြဘုညာဏ် ပြီး၏။

## မဂ်ကိစ္စကို ပြချက်

မဂ်ဆိုသည်မှာ ဗုဒ္ဓဘာသာ အမည်ခံကြကုန်သော ယောဂီအပေါင်းတို့သည် လွန်စွာ တောင့်တကြကုန်၏၊ ထိုကဲ့သို့ တောင့်တကြကုန်သော ယောဂီသူမွန်တို့ သိစေရန် ဖြေရှင်း၍ ပြခဲ့မည်၊ မှတ်လင့်ကြကုန်လော့။

"ကိလေသေ မာရေန္တော ဂစ္ဆတီတိ မဂ္ဂေါ" ဤကဲ့သို့ ဝိဂ္ဂဟ်ကို ထောက်ပါသဖြင့် ကိလေသာတို့ကို သတ်လျက် နိဗ္ဗာန်သို့ သွားတတ်လေသောကြောင့် မဂ်မည်၏ဟု မိန့်ဆိုတော်မူလေသောကြောင့် မဂ်ဟု ခေါ်ဆိုကြရလေကုန်၏။

ကိလေသေ၊ ကိလေသာတို့ကို။မာရေန္တော၊ သတ်လျက်။နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ (ထည့်) ဂစ္ဆတိ၊ ၏။ ဣတိ၊ ကြောင့်။ မဂ္ဂေါ၊ ၏။ ဤကဲ့သို့ သမွန်တော်မူသည်မှာ လိုရင်းမှာတော့ အမှန်ကို ပြောရမည်ဆိုလျှင် နောက်နောင် ဘဝသံသရာက အစ ယခုအထိ အပါယ်ကျမည့် အကုသိုလ် ကံကြွေးတွေကို ဖြတ်တောက်လျက်၊ ဝါ သိမ်းဆည်းလျက် နိဗ္ဗာန်သို့ သွားရောက်တတ်သောကြောင့် မဂ်ဟု ခေါ်ရပေ၏။ ထိုမဂ်ရသောပုဂ္ဂိုလ်သည် အပါယ်ငြိမ်းပေတော့၏။

ဩဝါဒ ငါသည် ဘယ်တော့အခါမှ အပါယ်ကျရမည်ဟူ၍ မအောက်မေ့အပ်ပေ၊ လိုရင်းမှာကား အမှန်ကိုဆိုရလျှင် သမ္မာဒိဋ္ဌိဉာဏ်နှင့် ပြည့်စုံ၍ ဘဝသံသရာက မှားခဲ့သော မိစ္ဆာဒိဋ္ဌိ ကင်းပျောက်ခြင်း, တွေးတောဒွိဟ ဝိစိကိစ္ဆာသံသယ မရှိခြင်းပင်လျှင်တည်း၊ အသို့ မဂ်ဖြစ်လိုက်ပုံကို အဘယ်ကို သိလိုက်လိုသော် ထိုယောဂီပုဂ္ဂိုလ်၏ သန္တာန်၌ ကျရောက်လတ္တံ့သော ဥပါဒ် ဌီ ဘင်နှင့် ပြည့်စုံသော မဂ်စိတ္တက္ခဏ ထိုမဂ်စိတ္တက္ခဏ၏ စိတ်လုံးထဲ၌ရှိသော ဘဝသံသရာက ပါလာခဲ့သော အပါယ်ကျမည့် ဝဋ်ကြွေးတွေကို သင်္ချေသင်္ချာ ကမ္ဘာဘာက ဒါန သီလ အစရှိသော ကုသိုလ်ဇော အရှိန်တို့သည် ယခုဘဝသို့ ကျရောက်သောအချိန်အထိ မဟာကုသိုလ်ဇောအဖြစ် သပ္ပုရိသံသထံ နည်းကောင်းဖြင့် ပန်ဆင်ခဲ့၍ ဉာဏသမ္ပယုတ် ပဌမဇော၌ ပညိန္ဒြေယှဉ်ပြီး၍ သဒ္ဓါကလည်းဖြူစွာ ဝတ္ထုကလည်းဖွယ်ရာ အလှူခံကလည်း မြင့်မြတ်ပေရာ ဤအင်္ဂါသုံးရပ်နှင့်လည်း ပြည့်စုံခိုက် မဂ်ကုသိုလ်ဇော သမ္ပယုတ္တဓမ္မနှင့် တိုက်လိုက်က ခြိုက်ကနဲ အငိုက်တွင် မဂ်ဖြစ်လိုက်ပုံကား ဒေသနာတော်မှာ ဘွင့်ရှာ၍ပြရမည်ဆိုသော်—

သုခမ္မတော် (က–၁၇၁) ၁၁

မဂ္ဂက္ခဏေ ပန ဣမေသု တီသု ဌာနေသု ဥပ္ပန္နသ္မာ အကုသလသင်္ကပ္ပသ္မာ ပစ္စွေဒတော အနုပ္ပတ္တိသာဓနဝသေန မဂ္ဂင်္ဂံ ပူရယမာနော ဧကောဝ ကုသလသင်္ကပ္ပော ဥပ္ပဇ္ဇတိ။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

အနက်ကား ပန၊ ပြဆိုရမည်မှာကား။ မဂ္ဂက္ခဏေ၊ မဂ်စိတ်ခဏ၌။ ဣမေသု တီသု ဌာနေသု၊ ဤဥပါဒ် ဌီ ဘင်ဟု ဆိုအပ်သော သုံးပါးသော ဌာနတို့တွင်။ ဥပ္ပန္နသ္မာ၊ ဖြစ်ခဲ့ပြီးသော။ အကုသလသင်္ကပ္ပသ္မာ၊ အကုသိုလ်၏ အကြံအစည်ကို။ ပစ္စွေဒတော၊ ဖြတ်တောက်လျက်။ အနုပ္ပတ္တိသာဓနဝသေန၊ မဖြစ်အပ်သေးသော အစီအစဉ်ကို သုခ်သင်ရှင်းလင်းသည်၏ အစွမ်းဖြင့်။ မဂ္ဂင်္ဂံ၊ မဂ်၏အင်္ဂါကို။ ပူရယမာနော၊ ပြည့်စုံစေလျက်။ ဧကောဝ၊ တပါးသာလျှင် ဖြစ်သော။ ကုသလသင်္ကပ္ပော၊ ကုသိုလ်ကိုကြံစည်အပ်သော သဘောအား။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤကဲ့သို့ ဥပါဒ် ဌီ ဘင် ဟူသော မဂ္ဂက္ခဏဝယ် မဂ်စိတ်လုံးထဲ၌ ပါလာသော အပါယ်ကျမည့် အကုသိုလ်ကံကြွေးတွေကို မဂ်ကုသိုလ်ဇောနှင့် တိုက်လိုက်ပါက ခြိုက်ကနဲအငိုက်တွင် လိုရင်းမှာ ကုသိုလ်နှင့် အကုသိုလ် လဲလှယ်လိုက်ထာ၊ ဝါ- အတိုးအဆုတ်ပါဘဲ ရုပ်နာမ်ကို ရှုဆင်ခြင်ခိုက်တွင် ဟင်း ဟာကနဲဆို ခန္ဓာကိုယ် ကောင်ကြီးဟာ အာကာသ ကျသွားတော့တာပါဘဲ၊ အာကာသဆိုတာ ဘာမှမရှိတာကို ဆိုလို၏၊ ပျောက်ကွယ်သွားတာပါဘဲ၊ ဤနေရာ၌ အာကာသ ဟူသာ မြဲမြံစွာမှတ်၍ ထ:းကြလေဦးတော့၊ အသင်ယောဂီတို့ သတိကြီး စွာရှိပါ မဂ်မဟုတ်သေးဘူး၊ မဂ်ကို ပြောပြတော့မည်၊ မြော်ပါ၊ ဉာဏ်ရှိပါ လျှင် ကပ်လျက်ပါဘဲ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မဖြစ်သေးလို့သာ၊ မဂ္ဂါ မဂ္ဂဉာဏဒဿနဝိသုဒ္ဓိဆိုတာ တွေးတောဒွိဟ သံသယကင်းသည်ကို ဆိုတာပါ၊ မဂ်ဉာဏ်ဆိုသည်မှာ တွေးတောဒွိဟ သံသယကင်းပုံကို ပြောပြမည်။

“တဇ္ဇဉာဏံ န အနုမာနိတံ သံသယာဘာဝတော” ဟု မဟာဋီကာဆရာ ဘွင့်ပြတော်မူ၏။

အနက်ကား တဉ္စဉာဏံ၊ ထိုဉာဏ်သည်လည်း။ န အနုမာနိတံ၊ အနုမာန ဉာဏ်မဟုတ်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ သံသယာဘာဝတော၊ သံသ ယမရှိသည်၏ အဖြစ်ကြောင့်တည်း။ ဝါ-ဟုတ်လေ မဟုတ်လေသလောဟု တွေးတောမှန်းဆ ဒွေဋ္ဌက မရှိလေခြင်းကြောင့်တည်း။

အဲ ဤနေရာ၌ ငါသည် ဤကဲ့သို့ ဆရာ့ထံ နည်းကောင်းဖြင့် ပန်ဆင် ကျင့်ဆဲခဏ၌ ကိုယ်တွေ့ဒိဋ္ဌ သမ္မတ္တကာလဝယ် အခါမလင့် အကာလိက ဂုဏ်တော်နှင့် ကိုက်ညီလျက် "အဗ္ဘုတံဝတ၊ သုလဒ္ဓံဝေ" ဟု နောက်နောင်က မဖြစ်ဘူးမြဲ ဖြစ်ရ၍ အရတော်သည်ကိုပင်လျှင် ဤကဲ့သို့ ဂုဏ်တော်ကို ယုံကြည်တော်မူကြ၍ တွေးတောမှန်းဆ၍ နေကြသော စိတ်သည် ဒွိဟတွေ ကင်းတည့်ပြီး ဤကဲ့သို့ သပ္ပုရိသံသထံ "နည်းမှန် ကံမရွေး" ဆိုတာလို မဂ်စိတ္တက္ခဏ၌ပင်လျှင် မြန်သောဂုဏ်ဖြင့် တွေ့ကြုံကြရ၍ -

တနေ့ထည်း တထိုင်ထည်းနှင့်သာ သသီလ၊ သပညာ ကမ္မဇ နိပကဂုဏ် တို့နှင့် ပြည့်စုံပါက မဂ်ဉာဏ်ကို ရလိုကြကုန်သော ယောဂီအပေါင်းတို့အား ကျမ်းအသွားဖြင့် ပြပေမည်။

ဣဓ ဘိက္ခု အာနာပါနဿတိံ အနုယုတ္တော ကောသနေ နိသိန္နောဝ သဗ္ဗာသဝေ ခေပေတွာ အရဟတ္တံ ပါပုဏာတိ။

မဇ္ဈိမပဏ္ဏာသ။

အနက်ကား ဣဓ ဣမသ္မိံ သာသနေ၊ ၌။ ဘိက္ခု၊ သံသရာဘေး လေး သောဝန်ကို ရှုလေ့ရှိသောသူသည်။ အာနာပါနဿတိံ၊ အာနာပါနဿတိကို။ အနုယုတ္တော၊ ယှဉ်သည်ရှိသော်။ (သတောကာရီသို့ငဲ့) ကောသနေ၊ တနေ ရာထည်း၌။ (တထိုင်တည်းဟူလို) နိသိန္နောဝ၊ နေလျက်ပင်လျှင်။ သဗ္ဗာသဝေ၊ အလုံးစုံသောကိလေသာတို့ကို။ ခေပေတွာ၊ ကုန်စေ၍။ အရဟတ္တံ၊ သို့။ ပါပုဏာတိ၊ ၏။

အဲ-ဤကဲ့သို့ ဤဒေသနာတော် ပြဆိုတော်မူရာဝယ် ၎င်းကျမ်းဂန်အရ ၎င်းကျမ်းနှင့် ကိုက်ညီအောင် ပြသသော ဆရာ့ထံသို့ သွားရောက်ပါ၍ ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြပါက မုချကေန် တနေ့ထည်း တထိုင်ထည်း၌ အထက်က

ပြခဲ့သော အင်္ဂါရပ်တို့နှင့် ကိုက်ညီခဲ့ပါလျှင် မင်ဉာဏ်ဖိုလ်ဉာဏ်ကို ရကြသူများ ယခုအခါမှာ ထင်လျှားစွာ ရှိကြပါကလားလို့ အဲ-ဤကဲ့သို့ အားထုတ်ကြကုန်သော ငါတို့သည် မုချမသွေ ကိုယ်တွေ့ ကိုယ်ကြုံ ရပေကုန်ပေပြီ ဟု စိတ်ဖြင့် ဟိန်းချလျက် ဟာ အဲ-သို့ပါသောကြောင့် သုတ္တန္တ ဒေသနာတော် ပြဆိုတော်မူရာဝယ်—

တိက္ခပညာ ပန သန္တာယ ပါတော၀ အနုသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ၊ သာယံ့ အနုသိဋ္ဌော ပါတော၀ ဝိသေသံ အဓိဂမိဿတိ။

သုတ်မဟာဝါ အဋ္ဌကထာ။

**အနက်ကား** ပန၊ သိစေရမည်မှာကား။ တိက္ခပညာ၊ ထက်မြက်သောဉာဏ်ရှိသော ပုဂ္ဂိုလ်အား။ သန္တာယ၊ ရည်၍။ ပါတော၀၊ နံနက်ကပင်လျှင်။ အနုသိဋ္ဌော၊ ဆိုဆုံးမအပ်သည်ရှိသော်။ သာယံ၊ ညနေချမ်းအခါ၌။ ဝိသေသံ၊ မင်ဖိုလ်ကျေးဇူးတရားထူးသည်။ အဓိဂမိဿတိ၊ ရလိမ့်လတ့ံ။ သာယံ၊ ညနေချမ်းအခါ၌။ အနုသိဋ္ဌော။ ဆိုဆုံးမအပ်သည်ရှိသော်။ ပါတော၀၊ နံနက်သို့ကျလျှင်ပင်။ ဝိသေသံ၊ မင်ဖိုလ်ကျေးဇူးတရားထူးသည်။ အဓိဂမိဿတိ၊ ရလိမ့်လတ္တံ့။

အဲ-ဤကဲ့သို့ ဒေသနာ ပြတော်မူသည်ကို ထင်ရှားရှိပါလျက်နှင့် ယခု ဗုဒ္ဓုပ္ပါဒနဝမ ခေတ်တော်ကြီးဝယ် အမှန်အားဖြင့် ကြုံကြိုက်၍ နေကြရကုန်သော သူတော်ကောင်း အပေါင်းတို့အား မတွေ့မကြုံ မယုံရှိပါက ဘဝတသက် ရှုံးရချက်နှင့် ဓမ္မကဂ်တိ ဖြစ်ကြဘိ၍ နိယတဗျာဒိတ် ပန်ဆင်၍ ရခဲ့ပြီးသော မဟာခေ သူဌေးသားသည်ပင်လျှင် ဘုရားအဆူ ရာ-ထောင် ပွင့်သော်ငြားပါကလည်း ကျွတ်လွတ်ခွင့် မရသည်ကို ထောက်ကြပါသဖြင့် ယခုအခါ အနိယတမျိုး ဖြစ်ကြကုန်သော ဗုဒ္ဓဘာသာအယူနှင့် အယောင်ဆောင်ကြလျက် ပြည်တွင်းလျှင် ဇာတိမျိုးပါကြသော်လည်း ကျင့်ကြံကြိုးကုတ် အားထုတ်မှု မရှိကြပါ၍ နာမရူပပရိစ္ဆေဒဉာဏ်ဖြင့် မရကြပါဘဲလျက် ပရိယတ်ကျမ်းဝယ် အနည်းပါးဝယ် မှီငြမ်းပြီး ဟိုစာ-သည်စာလိုလိုနှင့် ကြည့်ရှုကြ၍ "ဟောတိုင်း ပြောတိုင်း ချင့်စာနိုင်း ရေးတိုင်းမယုံနှင့်" ဆိုတာလို အနုမာနစခန်းနှင့် မှန်း

ဆပြီး နေကြကုန်သော ပုထုဇဉ်အပေါင်းတို့သည် ထင်မိသောအယူဖြင့် ဖွဲ့ချည်ကြ၍ ဤဒိဋ္ဌိ မပြေသရွေ့ ကာလပတ်လုံး မဂ် ဖိုလ် နိဗ္ဗာန်နှင့် ဝေးပြီးတော့ အပါယ်သို့သာ ကျရောက်ကြပုံကို ဒေသနာစာအကိုးနှင့် ပြလိုရာဝယ် -

ဒိဋ္ဌိဗန္ဓနဗန္ဓာ တေ၊ တဏှာသောတေန ဝုယှရေ။
တဏှာသောတေန ဝုယှန္တာ၊ န တေ ဒုက္ခာ ပမုစ္စရေ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား ယေ နရာ၊ အကြင်သူတို့သည်။ ဒိဋ္ဌိဗန္ဓနဗန္ဓာ၊ ငါတဲ့ သူတဲ့ ပုဂ္ဂိုလ်စွဲဖြင့် ဒိဋ္ဌိအယူဖြင့် ဖွဲ့ချည်၍နေကြကုန်၏။ တေ နရာ၊ ထိုသူတို့သည်။ တဏှာသောတေန၊ တဏှာတည်းဟူသော အလျင်သို့။ ဝုယှရေ၊ မျောပါ၍ နေကြလေကုန်၏။ တဏှာသောတေန၊ တဏှာတည်းဟူသော အလျင်ဖြင့်။ ဝုယှန္တာ၊ မျောပါ၍ နေကြကုန်သော။ တေ နရာ၊ ထိုသူတို့သည်။ ဒုက္ခာ၊ ဆင်းရဲလှစွာသော အပါယ်ဘုံမှ။ န ပမုစ္စရေ၊ လွတ်နိုင်ဘွယ်ရာ မရှိကုန်သေး။

အဲ-ဤဒေသနာတော်ကို ထောက်တော်မူကြပါသဖြင့် မည်သူမဆို မိမိတို့သည် ဗုဒ္ဓဘာသာယောင် အထင်ကြီး ထင်မှတ်ကြ၍ အနိယတမျိုးတို့မှာ အဘယ်မှာ အားကိုးစရာ ရှိပါတော့အံ့နည်း၊ မိမိကိုယ်ကို မိမိအထင်ကြီး၍ နေကြကုန်သော အနိယတမျိုးတို့မှာ မိမိထင်တဲ့အယူသည် အသယံဝသီ အယူမျှသာ ဖြစ်ချေ၏၊ (ကိုယ်ထင်တာ ကိုယ်ယူသာကို ဆိုလို၏၊ ရှင်တော်မြတ်ဘုရား၏ အယူ မဟုတ်ပေ) ဤကဲ့သို့ ထင်မိထင်ရာ မိမိဟာ မိမိ သဘောအတိုင်း ယူသော အယူသည် လွန်သည်ကိုလဲ မစဉ်းစား, လျော့သည်ကိုလဲ မစဉ်းစား မှန်မှားကိုလဲ မသိ နားလည်သော ပညာရှိတို့၏ အယူကိုလဲ နားမထောင် ဤအသယံဝသီနိဝါသီ အယူမျိုးတို့သည်ဒေသနာတော်အလိုအားဖြင့် ပြရလျှင် -

အနာဂတေပိ သံသာရေ၊ အပဝတ္တံ န ဒိဿတိ။
တေမတ္တံ အနညာယ၊ တိတ္ထိယာ အသယံဝသီ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား အနာဂတေ၊ ဟုတ်သည် မှန်သည်ဟု အမှန်မရှိကြသေးသော။ သံသာရေပိ၊ လာလတ္တံ့ သံသရာကြီး၌လည်း။ အပဝတ္တံ၊ ကျိုးကြောင်း

ဟုတ်သည် မဟုတ်သည်ကို။ န ဒိဿတိ၊ မထင်။ တေမတ္တံ၊ ဤကျိုးကြောင်း ဟုတ်သည် မဟုတ်သည်ကို။ အနညာယ၊ အမှန်မုချ မသိရလေသောကြောင့်။ တိတ္ထိယာ၊ မိစ္ဆာမဟူ အမှားယူတိုသည်။ အသယံဝသိ၊ ယူမိယူရာ ယူကြသော အယူတို့သာ ဖြစ်ချေ၏။

ဤဒေသနာတော်၏ အနက် အဓိပ္ပါယ်ကို အမှန်မုချဖြင့် တောက်ချေသော် မိမိသဘောအတိုင်းနှင့် နေ၍ လာကြကုန်သော သူတို့သည် ကာလအားလျော်စွာ စိတ်အယူကို ပြောင်းပါ၍ ကြားယောင်မိရာကို ကြားခဲ့, ထင်ယောင်မိရာကို ထင်ခဲ့, တစ္ဆန်းဘစနှင့် တွေ့မိတွေ့ရာစာကို ဖတ်ခဲ့မိရာ ဖတ်ခဲ့, ဒေသနာပုဒ်ကျနှင့် ကျမ်းရင်း ကျမ်းခိုင်တို့ကိုလည်း နားမလည်ခဲ့၊ သဒ္ဒါ အနက်သွားကိုလည်း မရိပ်မိခဲ့ကြ၍ သစ္စာတရားကို သံသယဖြစ်ခဲ့မိ၍ မမ္မကာံတိ မဖြစ်ကြစေရန် သပ္ပုရိသံသ ဆရာကောင်းထံ နည်းကောင်းဖြင့် ပန်ဆင်၍ ကျင့်ကြံ ကြိုးကုတ် အားထုတ်မှသာလျှင် နောက်ကပြခဲ့သော သမာဓိလမ်းစဉ်နှင့်တကွ စတုတ္ထာရုပ္ပဇောအလွန် နာမရူပပရိစ္ဆေဒဉာဏ်မှ ရခဲ့သော အဒ္ဓါနပရိဂ္ဂါဟဉာဏ် ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ် အလွန်တွင် တီရဏ·ပရိညာဉ်စခန်းသို့တိုင်အောင် ရုပ်နာမ်တရားတို့၏ ချုပ်ငြိမ်း ဖြစ်ပျက်ဟန် အတန်တန်ကို သုံးသပ် ရှုဆင်ခြင်ဆဲအခိုက် ဝိပဿနာဉာဏ် ဆယ်တန်မှအလွန် နောက်ကပြခဲ့သော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဉာဏ် ဖြစ်ပြီးတည့်၍ ကုသိုလ်နှင့်အကုသိုလ် အလဲအလိုက် ရုပ်နာမ်သင်္ခါရတို့ကလည်း ချုပ်ငြိမ်းခိုက် ဤကဲ့သို့ အတိုက် ဆဋ္ဌန အခိုက်တွင် ခြိုက်ကနဲ ခန္ဓာအငြိမ်းလိုက် အတ္တတည်းဟူသော အာကာသဆိုက်လိုက်၍ လေးပါးတည်းဟူသော သစ္စာတို့ကို ထိုးထွင်း၍ သိမြင်လိုက်ပုံကို သမ္မောဟအဋ္ဌကထာ ရှေ့ကျမ်းတော်မဟာက တောင်းကြရာတရား သစ္စာလေးပါး အမှန်ပါကလားလို့ ညွှန်ပြအပ်သော မဂ်တရားကား ယောဂီဉာဏ် ရှေ့နားသို့ သဝနစကား ကြားရတော့မည်မှာ—

သော ဧဝံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

**အနက်ကား** သော၊ ထိုအရိယာပုဂ္ဂိုလ်သည်။ ဝေ၊ ဤသို့။ ကမ္မံ၊ မဂ်နှင့် စပ်သော အမှုကို။ ကရောန္တော၊ အာရုံပြုသည်ရှိသော်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ သစ္စာတရားတို့ကို။ ဧကေန၊ တပေါင်းတည်း။ ဝါ-တပြိုင်နက်။ ပဋိဝေဓေန၊ ထိုးထွင်း၍သိသဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။

အဲ-ဤကဲ့သို့ သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ မဂ်တရားတို့မည်သည်မှာ သစ္စာလေးပါးတို့ တပြိုင်နက် တချက်ထည်း ထိုးထွင်း၍ သိမြင်လိုက်ထာကိုပင် လျှင် မဂ်တရားပါဘဲလို့ အဋ္ဌကထာရှင်၏ အလိုတော်ကို မှတ်တမ်းပြုကြစေကုန် ရာသတည်းဟု အသင် ယောဂီအပေါင်းတို့ သတိရှိကြစေ၊ အဲ-သို့ပါသောကြောင့် တရားကို အားထုတ်ကြကုန်သော သူတို့သည် မဂ်မဟုတ်ထာကိုလဲ မဂ်ဟု ထင်တတ်ကြ၏၊ မဂ်ဟုတ်ထာတော့လဲ မဂ်မဟုတ်ဟု ထင်တတ်ကြ၏၊ သို့ပါ၍ ထင်မိထင်ရာ မထင်ကြပါနှင့်၊ ထင်မိထင်ရာ မြင်မိမြင်ရာနှင့်ဘဲ အဓိမာနဖြစ်၍ နေတတ်၏၊ မဂ်လဲဟုတ်ပါမှ မဂ်ဟုတ်သည်ကိုလည်း သိပါမှ ဒါမှ မဂ်မှန်၏၊ အဘယ့်ကြောင့်ဆိုသော် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ပါမှ မဂ်ဟုဆိုရ၏၊ စဉ်းစားကြရန်မှာကား—

တဿေဝံ အယံ မဂ္ဂေါ အယံ န မဂ္ဂေါတိ မဂ္ဂဉ္စ အမဂ္ဂဉ္စ ဉတွာ ဌိတံ ဉာဏံ မဂ္ဂါမဂ္ဂ ဉာဏဒဿနဝိသုဒ္ဓီတိ ဝေဒိတဗ္ဗံ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** ဧဝံ၊ ဤသို့။ တဿ၊ ထိုအရိယာ ဖြစ်လို၍ ဝိပဿနာဉာဏ်တိုင်အောင် အားထုတ်သော ယောဂီပုဂ္ဂိုလ်အား။ အယံ၊ ဤသို့ သစ္စာလေးပါးနှင့်တကွ ရုပ်နာမ်သင်္ခါရတို့၏ ငြိမ်းခြင်းကိုမြင်သည်ကား။ မဂ္ဂေါ၊ မဂ်တည်း။ အယံ၊ ဤသို့ သစ္စာမမြင် ရုပ်နာမ်သင်္ခါရ မထင်ခြင်းသည်ကား။ န မဂ္ဂေါ၊ မဂ်မဟုတ်။ ဣတိ၊ ဤသို့။ မဂ္ဂဉ္စ၊ မဂ်ဟုတ်၏ ဟူ၍၎င်း။ အ မဂ္ဂဉ္စ၊ မဂ်မဟုတ်၏ ဟူ၍၎င်း။ ဉတွာ၊ သိ၍။ ဌိတံ၊ တည်သော။ ဉာဏံ၊ ဉာဏ်သည်။ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓီတိ၊ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အဲ ဤနေရာ၌ အသင်ယောဂီတို့ တရားကို အားထုတ်ပင် အားထုတ်ငြားပါသော်လည်း မဂ်မဟုတ်သည်ကို မဂ်ဟုထင်မှားတတ်ခြင်း မဂ်ဟုတ်သည်ကို မဂ်မဟုတ်ဟုလည်း ထင်မှားတတ်ခြင်း သို့ပါ၍ မဂ်လည်းဟုတ် မဂ်ဟုတ်သည်လို့လဲ သိမှသာလျှင် အဲတာမှ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်လေသောကြောင့် အဋ္ဌကထာ ရှေးဉာဏ်ရှင်က မဂ်ဟု ညွှန်ပြသည်ကို ထောက်တော်မူကြပါသဖြင့် မဂ်ဟု မှတ်တော်မူကြပါကုန်လော၊ အကြင်ပညာရှိ ယောဂီအပေါင်းတို့၊ သို့ပါ၍ မဂ်ကို လိုလားတောင့်တကြကုန်သော သူတော်ကောင်း အပေါင်းအား သခင်ပအနေအားဖြင့် မှတ်သားလွယ်စေခြင်းငှါ ဝါစာသီလင်္ကာစာတမ်းဖြင့် နာယူဘိစေရကား -

မဂ်နှင့်သစ္စာ၊ အမည်သာကွာ၊ အခေါ်သာကွဲ အရမလွဲ၊
တောင်းကြမလွဲသာ၊ မဂ်ကိုရှာ၊ သစ္စာကိုဘဲ မဂ်ဟုစွဲ။

ဟူ၍ ရေးသားခဲ့သော စာတမ်းဖြင့် ကောက်တော် မူတတ်ကြစေခြင်းငှါ မဂ်တရားဆိုသည်မှာ သစ္စာလေးပါးကို ဆိုတာဟု စိတ်ထဲ၌ စွဲထားကြလေ။ သို့ပါ၍ "သိဘယ်ဆိုက်ပွား၊ လေးပါးကိစ္စ အပိုင်ရ"ဟု ပေါရာဏ ဆိုရိုးစကား ရှိကြပေကုန်၏ ဟူ၍၎င်း၊ "သစ္စာလေးချက်၊တပြိုင်နက်၊ မဂ်၏ကိစ္စသာ" ဟူ၍၎င်း ဆိုခဲ့လေသောကြောင့် သိကြလေ၊ နက်နဲလှ၏၊ ခဲစွ။

သို့ပါ၍ မဂ်တရားဆိုတာ သစ္စာလေးချက် တပြိုင်နက် တကိစ္စအကျမှာ တချက်ထည်း တပြိုင်ထည်း ဆိုသည့်အရာဝယ် ကျမ်းအဋ္ဌကထာမှာ ရှိပင်ရှိပါ လျက်သားနှင့် နက်နဲပါ၍ ဥပမာနှင့် ဥပမေယျဟပ်၍ ယုတ္တိတန်စေခြင်းငှါ-

ဝဋ္ဋံ ဈာပေတိ အန္ဓကာရံ ဝိဓမတိ အာလောကံ ပရိဝိဓံသတိ သိနေဟံ ပရိယာဒိယတိ၊ ဧဝမေဝ မဂ္ဂဉာဏံ အပုဗ္ဗအစရိမံ ကေက္ခဏေ စတ္တာရိ သစ္စာနိ အဘိသမေတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** ဝဋ္ဋံ၊ မီးစာကို။ ဈာပေတိ၊ လောင်ကျွမ်း၍နေဆဲ။ အန္ဓကာရံ၊ အမိုက်တိုက်ကို။ ဝိဓမတိ၊ ပယ်၍နေဆဲ။ အာလောကံ၊ အရောင်အလင်းကို။

ပရိဝိဓံသတိ၊ ဖြစ်၍နေဆဲ။ သိနေဟံ၊ ဆိုကို။ ပရိယာဒိယတိ၊ ကုန်ခန်း၍နေဆဲ။ ဧဝမေဝ၊ ဤနှယ်သာလျှင်။ မဂ္ဂဉာဏံ၊ မဂ်ဉာဏ်သည်။ ဧကက္ခဏေ၊ တခုသော စိတ္တက္ခဏ၌။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ သစ္စာတရားတို့ကို။ အပုဗ္ဗ အစရိမံ၊ မရှေးမနှောင်း။ ဝါ-တပြိုင်နက်။ အဘိသမေတိ၊ ထိုးထွင်း၍ သိ၏။

အဲ ဤကဲ့သို့ မဂ်တရားတို့မည်သည်မှာ လေးပါးသော သစ္စာတို့ကို တပြိုင်နက် တချက်ထည်း အပုဗ္ဗအစရိမ မရှေးမနှောင်းဘဲ တခိုက်ထည်း တကွနက် ပရိညာ ပဟာန သစ္ဆိကရဏ ဘာဝနာ ကိစ္စတို့ကို ထိုးထွင်း၍ လေးပါးတကိစ္စကို တပြိုင်ထည်း သိမြင်လိုက်ရခြင်းကိုပင်လျှင် မဂ်ဟု ခေါ်ဆိုရပေ၏ ဟူလို။

ထိုကဲ့သို့ မဂ်တရားကို ရခြင်း၏အကြောင်းကား အလွန်လျှင် ခဲယဉ်းလှပေ၏၊ ငါတို့၏ လူနတ်ဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက်သော သဗ္ဗညုရွှေဉာဏ်တော် အရှင်ကြီးသော်မှလည်း သင်္ချေ သင်္ချာ ကမ္ဘာဘာက ပါရမီတော်တို့ကို ဖြည့်ကျင့်ခဲ့တော်မူပြီးပါကမှ အောင်ဗောဓိညောင်နန်းသို့ ရွှေဉာဏ်တော်တည်း ဟူသော အရဟတ္တမဂ် သစ္စာပန်း ဆင်မြန်းတော်မူသည်ကို ထောက်ပါသဖြင့် ငါတို့လဲဘဲ သစ္စာလေးပါးတည်းဟူသော ပန်းကို ပန်ဆင်လိုရာဝယ် သာသနာ တော်ထက်ဝက် ဝိမုတ္တိယုဂ ခေတ်အကြုံဝယ် ဝီရိယဖြင့် ခိုလှုံပါ၍ နေယျတို့အရာ ဆရာကိုရှာပါကမှ ရကြရပေမည်မှာ မိမိတို့ကိုယ်ကိုသာ မငဲ့ညှာဘဲ ဝီရိယနှင့်သာ အားခဲတော်မူမည်ဟု ခိပ္ပ ဒန္ဓတို့ကို ဝိသေသထားလျက် သုတ္တန္တကျမ်းအလာ သံယုတ်မှာ ဖွေရှာပါက ပြလိုက်သည့်အရာ အင်္ဂုတ္တိုရ်အလာမှာ—

ကာမံ တစော စ နှာရု စ အဋ္ဌိ စ ဥပသုဿတု အဝသုဿတု မေ သရီရေ မံသ လောဟိတံ ယံ တံ ပုရိသထာမေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ၊ န တံ အပတွာန ဝီရိယဿ သဏ္ဌာနံ ဘဝိဿတိ။

သုတ္တန္တ အင်္ဂုတ္တိုရ်။

**အနက်ကား** မေ၊ ငါ၏။ သရီရေ၊ ခန္ဓာကိုယ်၌။ မံသလောဟိတံ၊ အသား အသွေးတို့သည်။ အဝသုဿတု၊ ခန်းခြောက်ပါလေစေ။ ကာမံ၊ စင်စစ်သော် ကား။ တစော စ၊ အရေသည်၎င်း။ နှာရု စ၊ အကြောသည်၎င်း။ အဋ္ဌိ စ၊

အရိုးသည်ငင်း။ ဥပဿတု၊ ကပ်ပြတ်ပါလေစေ။ ယံ၊ အကြင်သို့သော။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ ပုရိသထာမေန၊ ယောကျ်ားတို့၏ အားအစွမ်းဖြင့်ငင်း။ ပုရိသပရက္ကမေန၊ ယောကျ်ားတို့၏အား လုံ့လဖြင့်ငင်း။ ပတ္တဗ္ဗံ၊ ရောက်အပ်၏။ တံ၊ ထိုနိဗ္ဗာန်ကို။ အပတွာန၊ မရောက်ခဲ့သည်ရှိသော်။ မေ၊ ငါ၏။ ဝီရိယဿ၊ ဝီရိယကို။ သဏ္ဌာနံ၊ ဆုတ်နစ်ခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်ရတော့လတ္တံ့။

အဲ ဤကဲ့သို့ ဘုရားရှင် အရိယာ သူတော်စဉ်တို့၏ သွားရာလမ်းကြောင်းကို မြွက်မှန်းပြီး ဤဒေသနာတော် လာသည့်အတိုင်း ဩော်....ငါတို့သည် ဆရာကောင်းထံ နည်းမှန်စွာ ရကြ၍ ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြကုန်သော ယောဂီအပေါင်းတို့သည် သမ္မာဉာဏ်မြင် သတိဖြင့် ဆင်ခြင်ကြပါ၍ နောက်နောင်က ငါတို့သည်ကား ဘဝသံသရာက အစ အထင်မှား အမှတ်မှား သဿတ ဥစ္ဆေဒအယူ အစရှိသော ငါစွဲ ရှာစွဲ ဆရာစွဲတို့ကို ဖယ်ရှားပြီး ဘုရား အရိယာ သူတော်စဉ်တို့၏ သွားရာလမ်းကြောင်း အစဉ်ကို ကောင်းကောင်းကြီးမှန်းပြီး သွားပါတော့အံ့ဟု ပါလာခဲ့သော အယူတွေကို စွန့်လွှတ်တည့်ပြီး၍ ရုပ်နာမ် ခန္ဓာ ခုတ် သစ္စာတို့ကို မဂ္ဂင်တရားကိုယ်နှင့် ကိုက်ညီ၍ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါက သမ္မသနဉာဏ်ကို သုံးသပ် ရှုဆင်ခြင်ပြီးသည်၏အဆုံး၌ ရုပ်နာမ်သင်္ခါရတို့၏ ချုပ်ငြိမ်းဖြစ်ပျက်ဟန် အတန်တန်ဟုဆိုအပ်သော ဥဒယဗ္ဗယဉာဏ်မှ ဝိပဿနာဉာဏ် ဆယ်တန်ဟုဆိုအပ်သော အနုလောမဉာဏ် အလွန်တွင် နောက်ကပြခဲ့သော ဂေါတြဘုစိတ္တက္ခဏ တချက်နောင် သစ္စာလေးပါးနှင့် ပြည့်စုံသော မဂ်စိတ္တက္ခဏ၌ လောကုတ္တရာအာရုံ မဂ်ဇောအခိုက် အာကာသဆိုက်လိုက်ပုံကို လေးသစ္စာ တိုက်လိုက်၍ ခန္ဓာကိုယ်ချုပ်ငြိမ်းလိုက်နိရောဓသစ္စာအခိုက် ဤသည်လျှင် မဂ်ဟု ခေါ်ထိုက်ပေစွဟု မှတ်တမ်းပြုလျက် ယောဂီအပေါင်းတို့အား ထိုကဲ့သို့သော အရေး မဂ်ကို မေးလိုကြသည်မှာ အဘယ်ကိုထောက်ပါက နောက်နောင်က ပြခဲ့ရာဝယ်—

သော ဧဝံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။

ဟု သမ္မောဟ ဝိနောဒနီ လာသည်ကို ထောက်ပါသော်—

**အနက်ကား** သော၊ ထိုမဂ္ဂသမင်္ဂီပုဂ္ဂိုလ်သည်။ ဝါ-မဂ်လက်ဝ္ဘ်ရှိသောပုဂ္ဂိုလ်သည်။ ဇဝံ၊ ဤသို့။ ကမ္မံ၊ မဂ်နှင့်စပ်သောအမှုကို။ ကရောန္တော၊ အာရုံပြုသည်ရှိသော်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ သစ္စာတရားတို့ကို။ ဧကေန၊ တပေါင်းတည်း။ ဝါ-တပြိုင်နက်။ ပဋိဝေဓေန၊ ထိုးထွင်း၍သိသဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။

ဤဒေသနာအရ ဆိုပါက မဂ်ဟုဆိုရပေကုန်၏ ဟူရာဝယ် အဲဤလို သစ္စာလေးပါးကို တချက်ထည်း တပြိုင်ထည်း ထိုးထွင်း၍ သိရပါကလားလို့ ဆိုမှုဖြင့် "ချစ်သားတို့ ချစ်သားတို့"လို့ ဘုရားရှင်က သောတာပတ္တိမဂ်ဉာဏ်ကို ရကြကုန်ပြီဟူ၍ အမိန့်တော်သံကို သုဏန္တ သုဒေသိတ ပုဒ်အရ သောတာပတ္တိမဂ်ဉာဏ်ဆိုတာ ဤအရာဝယ် အစစ္စသော ပဋမနိဗ္ဗာန်ကို မြင်ပါသဖြင့် ဆိုလိုရင်းမှာတော့ သမ္မာဒိဋ္ဌိကို ဆိုရပေ၏၊ ထိုသမ္မာဒိဋ္ဌိသည်ကား အမှန်ကို မြင်ခြင်းပင်တည်း၊ စင်စစ်မှာတော့ မိစ္ဆာဒိဋ္ဌိ အမှားမြင်ကို ဝိစိကိစ္ဆာ ရှင်းလင်းကွယ်ပျောက်သွားတာကို မြင်လိုက်ထာပါဘဲ၊ မုချအားဖြင့် ပြရမည်ဆိုလျှင် ဒိဋ္ဌိကိလေသာ ဝိစိကိစ္ဆာကိလေသာ နှစ်ပါးတို့ကို သစ္စာလေးပါးနှင့် တိုက်ချလိုက်ထာပါဘဲတဲ့၊ မှတ်ကြလေကုန်တော့။

အဲဒါကြောင့် မဂ်တရားဆိုတာ သစ္စာလေးပါးကို ခေါ်ဆိုကြပေကုန်၏၊ လိုရင်းမှာတော့ သစ္စာလေးပါးကိုဘဲ မဂ်ဟု မှတ်ကြပေကုန်လော၊ အဲဒီ သစ္စာလေးပါးကို ထိုးထွင်း၍ သိကြပလားလို့ဆိုမှုဖြင့် ချစ်သားတို့ အပါယ်လေးပါးကို အဘယ်တော့အခါမှ ကျရလိမ့်ဦးမည်ဟု မမှတ်ထင်ကြနှင့်တော့၊ ဤသစ္စာလေးပါးကို မသိမမြင်နိုင်ကြ၍ ငါဘုရားနှင့်တကွ သင်ချစ်သားတို့သည် သံသရာထည်းမှာ မရပ်မနား ကျင်လည်ပြေးသွားခဲ့ကြရပါ၍ ဘဝမဆုံး လမ်းမတုံးဘဲ နေခဲ့ကြရတာ ကြာလှလေကုန်ပြီ။

ငါဘုရားနှင့်တကွ သင်ချစ်သားတို့သည် သစ္စာလေးပါး တည်းဟူသော သျှောင်စကြာကြီးကို ထိုးထွင်း၍ သိမြင်ကြပါလားလို့ ဆိုမှုဖြင့် လေးပါးသော အပါယ်ဘုံတွင် အဘယ်အခါမှ မဆင်းကြရဘဲ တခါတည်း အပါယ်ဝဋ်ကြွေးတွေ ကင်းကြပေကုန်ပြီဟု ပြလို၍ -

စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အဒဿနာ အပ္ပဋိဝေဓာ အနနုဗောဓာ ဣဒံ မမဉ္စေဝ တုမှာကဉ္စ။

သံယုတ် အဋ္ဌကထာ။

အနက်ကား ဘိက္ခဝေ၊ တို့။ စတုန္နံ၊ လေးပါးကုန်သော။ အရိယသစ္စာနံ၊ အရိယသစ္စာတရားတို့ကို။ အဒဿနာ၊ ထိုးထွင်း၍မမြင်ရခြင်းကြောင့်။ အပ္ပဋိဝေဓာ၊ လျှော်လျောက်ပတ်စွာ မသိခဲ့ရလေခြင်းကြောင့်။ အနနုဗောဓာ၊ ထိုးထွင်း၍ မသိခဲ့ရလေခြင်းကြောင့်။ မမဉ္စ၊ ငါဘုရားအားလည်းကောင်း။ တုမှာကဉ္စ၊ သင်ချစ်သားတို့အားလည်းကောင်း။ဣဒံ ဒီဃမဒ္ဓါနံ၊ ဤရှည်လှစွာသော အဓွန့်ပတ်လုံး။ သန္ဓာဝိတံ· သံသရိတံ၊ ပြေးသွားခဲ့ရလေကုန်ပြီ။

အဲ ဤကဲ့သို့ သစ္စာလေးပါးကို ထိုးထွင်း၍ သိမှသာလျှင် ချစ်သားတို့သည်ကား ငါဘုရားနှင့်တကွ သင်တို့သည် အပါယ်လေးပါးမှ လွတ်ကြောင်းကို ပြတော်မူသည်ကို ထောက်ပါသဖြင့် အားလုံးသော သစ္စာလေးပါးနှင့်တကွ မဂ်ဉာဏ်ကို ရကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ငါတို့မှာကား သပ္ပုရိသံသေဝ နည်းကောင်းဖြင့် ပန်ဆင်ကြရ၍ အပါယ်တည်းဟူသော ဆင်းရဲမှ လွတ်ကြရပေကုန်ပြီဟု ဝမ်းမြောက်ကြရပေကုန်သတည်း။

ဤသည်လျှင် ဝိပဿနာ၏ ညစ်ညူးကြောင်းဖြစ်သော ဝိပဿနုပက္ကိလေသ ဆယ်ပါးမှ လွတ်သော အာကာသ အစရှိသော မဂ်မှားမှ ကင်းသော အဇ္ဈတ္တသန္တာန်နှင့်စပ်သော လောကုတ္တရာမဂ်နှင့် ယှဉ်လျက် မုချအားဖြင့် မဂ္ဂသမင်္ဂီပုဂ္ဂိုလ် ဆိုထိုက်လှသည်ကို ပြလို၍—

တသေ့ဝံ သမ္မသတော အဇ္ဈတ္တံ သမ္မသနကာလေ ဝိပဿနာ မဂ္ဂေန သဒ္ဓိံ ဃဋ္ဋိယတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား ဧဝံ၊ သို့။ သမ္မသတော၊ ဝိပဿနာကို ဆင်ခြင်လေ့ရှိသော။ တဿ၊ ထိုမဂ်ကိုလိုလားသော ပုဂ္ဂိုလ်အား။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ရုပ်နာမ်တရားကို။ သမ္မသနကာလေ၊ ဆင်ခြင်ခဲ့သည်ရှိသော်။ ဝိပဿနာ မဂ္ဂေန၊ လောကုတ္တရာနှင့်စပ်သော ဝိပဿနာမဂ်နှင့်။ သဒ္ဓိံ၊ တကွ။ ဃဋ္ဋိယတိ၊ စပ်၏။

ဤကဲ့သို့ မဂ်ဉာဏ်ကို ရသည့်ပုဂ္ဂိုလ်တို့မည်သည်မှာ ဗဟိဒ္ဓ၌ဖြစ်သော ပညတ်တရားတို့ကို မဆင်ခြင် မဝေဘန်ပါမူ၍ မိမိ၏ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ရုပ်နာမ်ဓမ္မ သင်္ခါရနှင့်စပ်မှသာလျှင် မဂ်အမှန်ဖြစ်သည်ကို သတိရှိတော်မူကြပါသဖြင့် မဂ်မှား မဂ်မှန်ကို အမှန်ဆုံးဖြတ်၍ တွေ့သိရသော ဓမ္မသတ်တော်အမှန်ကို နာခံမှတ်သားမိပြီး၍ သတိရှိတော်မူကြစေခြင်းငှါ ရေးသား၍ လေးပါးသော သစ္စာဉာဏ်ကို တပိုင်တည်း တချက်ထည်း ထိုးထွင်း၍ သိမှသာလျှင် မဂ်အမှန်ဖြင်ကြောင်းကို ဆုံးဖြတ်အပ်သော ဓမ္မထုံး ဓမ္မသတ်ကို ယောဂီအပေါင်းတို့အား သိမ်းကြုံး၍ ဥဒါန်းတော် တွင်ကြစေကုန်ရာသတည်း။

မဂ်ကိစ္စ ပြီး၏။

## ဖိုလ်ဇောကို ပြချက်

ဖိုလ်ဇောကို ပြပေအံ့၊ ရှေးထုံးစဉ်လာ ဓမ္မတာ နိယာမအားဖြင့် တောင်းမြဲတံထွာ မဂ်အရာတည်းဟူသော အကြောင်းကို ပြပြီး၍ အကျိုးဖြစ်သော ဖိုလ်ကို ပြရပေတော့အံ့၊ ဖိုလ်တရားတို့မည်သည်မှာ အကျိုးတရားသာ ဖြစ်ပေ၏၊ အရိယာမှန်သမျှတို့ မည်သည်မှာ အကျိုးတရားကို ခံစံမြဲတံထွာ ဓမ္မတာပင်တည်း၊ လောကုတ္တရာတရားတို့ မည်သည်မှာ အကျိုးသာရှိပေ၏၊ကိရိယာရယ်လို့ မဆိုပေ၊ ဝိဘာဝနီ၌ တိုက်ရိုက် ဘွင့်ပြတော်မူ၏၊ သတိရှိကြစေလို၏။

အရိယာပုဂ္ဂိုလ်တို့အားကား အကျိုးကို ခံစားလို၏၊ သို့ပါသောကြောင့် ဖလသမာပတ် ဝင်စားရသည်ကိုသာ အားထားတော်မူကြ၏၊ ဖိုလ်လက်၌ ရှိသော ဖလသမင်္ဂီပုဂ္ဂိုလ်တို့သည် လောကုတ္တရာဘုံသားဖြစ်၍ လောကုတ္တရာစိတ်၌ ကိရိယာမရှိပါ၍ ဒိဋ္ဌဓမ္မ သုခဝိဟာရ အကျိုးကို ခံစားလိုရကား—

ဒိဋ္ဌဓမ္မသုခဝိဟာရတ္ထဉ္စ ဖလသမာပတ္တိယာ ဝေ နိဗ္ဗာနာရမ္မဏဝသေန
ပဝတ္တနတော န ကဒါစိ၊ သေက္ခာနံ အသေက္ခာနံ ဝါ ဥပ္ပဇ္ဇတိ၊ တသ္မာ နတ္ထိ
သဗ္ဗထာပိ လောကုတ္တရကြိယာစိတ္တန္တိ။

ဝိဘာဝနီဋီကာ။

**အနက်ကား** ဒိဋ္ဌဓမ္မသုခဝိဟာရတ္ထဉ္စ၊ ပစ္စက္ခ အတ္တဘော၌ ချမ်းသာစွာ နေခြင်း အကျိုးငှါလည်း။ ဖလသမာပတ္တိယာစေဝ၊ ဖလသမာပတ်၏သာလျှင်။ နိဗ္ဗာနာရမ္မဏဝသေန၊ နိဗ္ဗာန်ကိုအာရုံပြုသည်၏ အစွမ်းဖြင့်။ ပဝတ္တနတော၊ ကြောင့်။ ကဒါစိ၊ ရံခါ။ သေက္ခာနံဝါ၊ သေက္ခပုဂ္ဂိုလ်တို့အားရင်း။ အသေက္ခာနံဝါ၊ အသေက္ခပုဂ္ဂိုလ်တို့အားရင်း။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ တသ္မာ၊ ထို့ကြောင့်။ လောကုတ္တရကြိယာစိတ္တန္တိ၊ လောကုတ္တရာကြိယာစိတ် ဟူ၍။ သဗ္ဗထာပိ၊ အချင်းခပ်သိမ်းလည်း။ နတ္ထိ၊ မရှိပြီ။

အဲ-ဤကဲ့သို့ ဒေသနာတော်အလာ မုချအားဖြင့် ထင်ရှားသည်ကို ထောက် တော်မူကြပါသဖြင့် ယခု ဗုဒ္ဓုပ္ပါဒ နဝမခေတ်တော်ကြီးဝယ် လောကုတ္တရာ ဘုံသား ဖြစ်ကြသော အရိယာပုဂ္ဂိုလ်တို့မည်သည် လောကုတ္တရာကြိယာစိတ် ရံခါမတ္တမျှ မမိန့်မြွက် မဟောကြားတော်မူသည်ကို ရွှေဉာဏ်တော်မြတ်ကို ကြည်ညိုလေးစားတော်မူကြကုန်သော ရဟန်း ရှင် လူ ခပ်သိမ်းသူ အပေါင်းတို့ သည် ယခုခေတ်အခါ၌ အရိယာဖြစ်တော်မူကြ၍ မတ္တမျှသော အရာဝယ် ယထာရဟ ဖလသမာပတ်အကျိုး ကြိယာမရ ဖိုလ်ဝင်စားနိုင်ကြ၍ ဤနေ ရာ၌ ခိုင်လုံလှစွာဖြင့် ယုံကြည်တော်မူကြစေလိုကြောင်း ဖေါ်ထုတ်၍ ရေးလိုက် ရပေသတည်း။

ရင်းအကျိုးဖြစ်သော ဖိုလ်တရားမှအပ အခြားကြိယာကို မဟောခဲ့ပေ၊ သို့ပါသောကြောင့် ကြိယာစိတ် မရှိလေသည်ဖြစ်ရကား ဒိဋ္ဌဓမ္မ သုခဝိဟာရ အကျိုးငှါသာ ဖလသမာပတ်ကို ဝင်စားရလေတော့၏၊ ရင်းဖိုလ်တို့မည်သည် မှာကား မဂ်ဇောနောင် ဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ် ကျမြဲတံထွာ ဓမ္မတာ ပင်တည်း၊ မန္ဒပုဂ္ဂိုလ်မှာ နှစ်ကြိမ် တိက္ခပုဂ္ဂိုလ်မှာ သုံးကြိမ် ကျမြဲပင်တည်း။ ထိုတိက္ခ မန္ဒပုဂ္ဂိုလ်တို့၏ နှစ်ကြိမ် သုံးကြိမ် ကျပုံဖြင့် ဘွင့်ထုတ်ရဘိသော်။

ဒွေတီဏိဖလစိတ္တာနိ ပဝတ္တိတွာတိ မဂ္ဂုပ္ပတ္တိယာ အနန္တရပတော ဒွေ ဝါ တီဏိ ဝါ ဖလစိတ္တာနိ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။

ဝိဘာဝနီဋီကာ။

**အနက်ကား** ဒွေတိဏိဖလစိတ္တာနိ ပဝတ္တိတ္ဝာတိ၊ ဟူသည်ကား။ မဂ္ဂုပ္ပတ္တိယာ၊ မဂ်အားလျော်စွာ။ အနန္တရူပတော၊ အစဉ်အားဖြင့်။ ဒွေဝါ၊ နှစ်ကြိမ်သော်ငှင်း။ တီဏိ ဝါ၊ သုံးကြိမ်သော်ငှင်း။ ဖလစိတ္တာနိ၊ ဖိုလ်စိတ်တို့သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍၊ နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။

အဲ-ဤဒေသနာတော်အရ နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်ချုပ်ပုံကို ထောက်ပါသဖြင့် အကြင်အရိယာ ပညာရှင်အပေါင်းတို့သည် ရှေး၌တွေ့ကြုံခဲ့ဘူးသော လေးပါးသော သစ္စာတို့ကို တပြိုင်ထည်း တချက်ထည်း ထိုးထွင်း၍ သိမြင်ခဲ့ရသော မဂ်ကိစ္စ မှန်ခဲ့လေသောကြောင့် ထိုကဲ့သို့သော နှစ်ကြိမ် သုံးကြိမ် ဖိုလ်ဇောဖြင့် ငြီးငြွောက်သည်ဟု မှချသိရ၍ ဆုံးဖြတ်နိုင်ပေ၏၊ ထိုဖိုလ်ကိစ္စတို့မည်သည်ကား ဖလသမာပတ်ပုဂ္ဂိုလ်၏ သန္တာန်၌ ပဿဒ္ဓိဂုဏ် မုစ္စနဂုဏ် သစ္စိကိရိယဂုဏ်တို့ဖြင့် ကိုက်ညီ၍ လွတ်ခြင်း၊ ငြိမ်းခြင်း နိဗ္ဗာန်ရွှေဘုံတော်ကြီးကို မျက်မှောက်ပြုခြင်း ဤကဲ့သို့အားဖြင့် ပစ္စက္ခသိဒ္ဓိဉာဏ်အားလျော်စွာ ခံစားရပေတော့၏၊ သို့ပါလေသောကြောင့် မဂ်အားလျော်စွာ အစဉ်အားဖြင့် ဖိုလ်စိတ်ချုပ်ပုံကို ပြလိုသောအချက်တည်း။

ထိုအရိယာ ဖလသမာပတ်ပုဂ္ဂိုလ်၏ မဂ်မှန်သည် မမှန်သည်ကို သိလိုရခြင်းသည်ကား မဂ်မှန်လျှင် ဖိုလ်နှင့်စစ်ဆေးပါလေ၊ စစ်ဆေးဆိုသည်ကား ထပ်၍ဝင်စားခိုင်းရမည်ဟူလို၊ မဂ်မမှန်လျှင် ဖိုလ်မဝင်စားနိုင်ပါ၊ လိုရင်းမှာ အားထုတ်လို့ မဖြစ်ထာပါဘဲ၊ ပုထုဇဉ်တို့ မည်သည်မှာ အဘယ်မှာလျှင် ဖိုလ်ဝင်စားနိုင်ပါအံ့နည်း၊ အရိယာဖြစ်မှသာလျှင် ဖိုလ်ဝင်စားနိုင်ကြောင်း ထင်ရှားစေလိုရကား-

ကေန သမာပဇ္ဇန္တီတိ သဗ္ဗေပိ ပုထုဇ္ဇနာ န သမာပဇ္ဇန္တိ၊ ကသ္မာ အနဓိဂတတ္တာ၊ အရိယာ ပန သဗ္ဗေပိ သမာပဇ္ဇန္တိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** ကေနသမာပဇ္ဇန္တီတိ၊ ဟူသည်ကား။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇဉ် အပေါင်းတို့သည်။ န သမာပဇ္ဇန္တိ၊ သမာပတ်မဝင်စားနိုင်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ အနဓိဂတတ္တာ၊ မဂ်မရ

သည်အဖြစ်ကြောင့်တည်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ အရိယာ ပန၊ အရိယာပုဂ္ဂိုလ်တို့သည်ကား။ သမာပဇ္ဇန္တိ၊ သမာပတ်ဝင်စားနိုင်ကုန်၏။

ဤဒေသနာတော်အရကား မျက်မှောက်သော ကိုယ်၏အဖြစ်၌ ကိုယ်တွေ့ ဒိဋ္ဌ သာသနာတော်ကြီးမှာ ထင်ရှားစွာ အကျိုးဖြစ်သော ဖလသမာပတ် ဝင်စားနိုင်သော အရိယာပုဂ္ဂိုလ် အရှင်မြတ်များကို အမြင်နှင့်အကြား သန္ဒိဋ္ဌ သမ္ပတ္တ တွေ့ရှိသူ များကြပေကုန်၏၊ ထိုသော် ဖလသမာပတ်ဝင်စား၍ နေကြသူ အရိယာ ပုဂ္ဂိုလ်များကို တွေ့မြင်ငြားပါသော်လည်း အဘယ်ကို အာရုံပြု၍ အဘယ်လို စိတ်ထားရှိသည်မှာ အသိအလိမ်မာ နည်းကြလေသူများအား သိကြမည် မဟုတ်သာတည်း။

စိန်တုံး မြသား ပတ္တမြားကို ကောက်၍ ရပါငြားသော်လည်း မတွေ့မမြင် ဘူးပါက အဘယ်သို့သော ပစ္စည်းများပါလဲဟု မသိသည့်အလား တော၌ နေသူ သမင်များကဲ့သို့ ရှောင်ကွင်းလျက် မြက်ကိုသာ စားပြီး သွားသည့်အလား ကဲ့သို့ သုတ္တန္တရွှေကျမ်းစကား ဤနေရာ၌ ပြထားခဲ့သည်မှာ -

မဏိံ မိဂေါ ပဿန္တောပိ၊ တိဏံ ခါဒံ ဂစ္ဆတိ။
လဒ္ဓကာလောပိ ဒုပ္ပညော၊ ကာမံ ဘုဉ္ဇံ ဂစ္ဆတိ။

နှဲဘြီးဆရာရေး-ဝဋ္ဋဒီပနီ။

အနက်ကား မိဂေါ၊အဟိတ်နွယ်ဝင်တောသမင်သည်။ မဏိံ၊ ကျက်စားရာ တောအရပ်ဝယ် ဇောတရည်ပတ္တမြားကြီးကို။ ပဿန္တောပိ၊ ရှေ့တွင်မျက်မှောက် မြင်လာပင် မြင်လာရောက်ငြားပါသော်လည်း။ တိဏံ-တိဏံဝ၊ အဘိုးမထိုက် မြက်အမှိုက်ကိုသာလျှင်။ ခါဒံ-ခါဒန္တော၊နှစ်ခြိုက်လိုလား ဝအောင်စားလျက် သာလျှင်။ ဂစ္ဆတိ ဣဝ၊ ပတ္တမြားကိုကျော်နင်း၍ ဟိမဝန္တာတောတန်းသို့ သွားကြလေကုန်တော့၏ကဲ့သို့။ ဧဝ မေဝ၊ ဤနည်းမခြား အလားတူသာလျှင်။ ဒုပ္ပညော၊ ပညာပေတုံး အဖြုံးစစ်စစ် လူ့အန္ဓ လူ့သမင်တို့သည်။ လဒ္ဓကာ-လောပိ၊ မနုဿတ္တဒုလ္လဘကို ကြုံကြိုက်သောအား ရ''ငြားလျက်လည်း။ ကာမံ၊ ဘဝတိုင်းဘဝတိုင်းက ရနေကျအာရုံ ကာမဂုဏ်ညစ်ပေ အပြစ်တွေကို။

ဘုဥ္ဇ-ဘုဥ္ဇန္တော၊ နှစ်ခြိုက်လိုလား ပျော်ခံစားလျက်။ ဂစ္ဆတိက္ခဝ၊ သာသနာတော်ကိုရှောင်ကွင်း၍ ကာမဂုဏ်မှောင်အတွင်းသို့ ဇွတ်အတင်းသွားကြလေကုန်တော့သတည်း။

ဤနေရာ၌ ဥပမာဖြင့် တင်ပြအပ်သော ဝဋ္ဋဘေဒနီ ဒေသနာအရတော၌နေငြား သား-သမင်များကဲ့သို့ ပတ္တမြား စိန်တုံးကို ရှော်တွင်မျက်မှောက် တွေ့ရောက်ပင် တွေ့ပါငြားသော်လည်း အဘိုးမထိုက် မြက်အမှိုက်ကိုသာ စားကြပြီး ဟိမဝန္တာ တောတောင်တန်းသို့ ထွက်ခွါရှောင်ရှားသွားလေဘိငြားကဲ့သို့ ထိုနည်းမခြား ဒုဿီလ လူ့ဗာလ အန္ဓအယူ ဤကဲ့သို့သောသူများမှာလဲ သာသနာတော်၌ လူဖြစ်ခိုက်အခါ သပ္ပုရိသံသရှင် အရိယာသခင်များနှင့် အခါခါ အထပ်ထပ် တွေ့ပင် တွေ့ပါငြားသော်လည်း ဖလသမာပတ် ဝင်စားသည်များကို အဘယ်မှာလျှင် သိနိုင်ပါအံ့နည်း။

ယခုခေတ် နောက်ကာလ ယုတ်စွအဆုံး သုက္ခဝိပဿကခေတ် ဝိမုတ္တိကာလငယ် ဥဂ္ဃဋိတညူပုဂ္ဂိုလ်ကို ဝေဘန်ပိုင်းခြား ကျမ်းဒေသနာ အသာထားလျက် ဝီရိယကြိုးကုတ် နေယျပုဂ္ဂိုလ်တို့၏ အလုပ်ကို မဆိုထားဘိဦးတော့ ရှေးပကတူး သာသနာ့အဦးကသော်မှလည်း မိဂဒါဝုန် ရှေ့ဉာဏ်တော်အထူး ဓမ္မိဿရအမှူး ကြွမြန်း၍ လာတော်မူသည်ကို သော်မှလည်း ဝဂ္ဂီ ၅-ဦး သစ္စာတည်းဟူသော ရောင်ခြည်တော် ကွန့်မြူးမှသာ သိကြတော်မူသည်ကို ထောက်ပါသဖြင့် ယခုအခါ ခေတ်ကာလ သာသနာအရမှာ ဖလသမာပတ်ဝင်စားသည့် ဓမ္မတာအထူး အဘယ်သို့ ဥဒါန်းကျူးသော်လည်း အသိထူး မရှိကြလေရာ၊ သို့ပါ၍ ဖလသမာပတ်ဝင်စားပုံကို. သိလိုရေးနှင့် မေးကြသည်များ ဤနေရာ၌ ရေးသား၍ ပြေတော့မည်။

ဝင်စားပုံအခြင်းအရာ ဤသို့လာ၏။

ရုပ်နာမ် သခ်ါရတရားတို့သည် ဖြစ်ပျက်ခြင်းဟန် အတန်တန်တည်းဟူသော အာရုံ၌ ငြီးငွေ့ဆင်ခြင် မျက်မြင်ကိုယ်တွေ့ စိတ် စေတသိက်တို့၏ ချုပ်ငြိမ်းရာ, ထိုချုပ်ငြိမ်းခြင်း တည်းဟူသော စိတ်ပရမတ် နာမ်ပရမတ်တို့သည် နိရောဓသစ္စာ နိဗ္ဗာန်သို့ နိန္န ပေါဏ ပဗ္ဘာရတည်းဟူသော ညွတ်ကိုင်းရှိုင်းဝှမ်းစေလျက်

ချမ်းသာစွာ နိဗ္ဗာန်သို့ ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် သဘောအားဖြင့် ရောက်ခြင်းသည်၊ ဝါ-နေခြင်းသည် (ရောက်သဘောကိုငဲ့) ဖလသမာပတ် ဝင်စားသည်ဟု ခေါ်ဆိုရပေ၏။

ထိုအမေးကို ဖြေဆိုရာ ဒဋ္ဌိပုဒ် ထုတ်သည့်အနေ ပြလို၍—

ကသ္မာ သမာပဇ္ဇန္တီတိ သင်္ခါရာနံ ပဝတ္တိဘေဒေ ဥက္ကဏ္ဌိတွာ ဒိဋ္ဌေဝဓမ္မေ အစိတ္တကာ ဟုတွာ နိရောဓံ နိဗ္ဗာနံ ပတွာ သုခံ ဝိဟရိဿာမာတိ သမာပဇ္ဇန္တိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား ကသ္မာ သမာပဇ္ဇန္တီတိ၊ ဟူသည်ကား။ သင်္ခါရာနံ၊ ပြုပြင်စီရင်ခြင်းတည်းဟူသော သင်္ခါရတရားတို့၏။ ပဝတ္တိဘေဒေ၊ ဖြစ်ခြင်းပျက်ခြင်းတည်းဟူသော အာရုံ၌။ ဥက္ကဏ္ဌိတွာ၊ လန့်ကြောက်ငြီးငွေ့၍။ ဝါ-ထိတ်လန့်၍။ ဒိဋ္ဌေဝဓမ္မေ၊ ပစ္စက္ခအတ္တဘော၌။ အစိတ္တကာ ဟုတွာ၊ စိတ်မရှိသည်ဖြစ်၍။ နိရောဓံ၊ ချုပ်ခြင်းတည်းဟူသော စိတ်အာရုံသည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ပတွာ၊ ရောက်၍။ သုခံ၊ စွာ။ ဝိဟရိဿာမ၊ နေနိုင်တော့လတံ့။ ဣတိ၊ ဤသို့ကား။ သမာပဇ္ဇန္တိ၊ ကုန်၏။

အဲ-ဤကဲ့သို့ ဒေသနာ လာတော်မူသည်ကို ထောက်ပါသဖြင့် ယခု သာသနာတော်ကြီးမှာ ဖလသမာပတ်နှင့် ပြည့်စုံတော်မူကြကုန်သော အရိယာပုဂ္ဂိုလ် မဆိတ်ကြောင်းကို အားလုံးသော ဤစာတမ်းဖြင့် ဖတ်ရှုကြကုန်သော စာဖတ်ပရိသတ် ယောဂီအပေါင်းတို့သည် အထင်အမြင် မသေးကြစေလိုကြောင်း ဆရာကောင်း ရှာကြစေလိုကြောင်းဖြင့် တိုက်တွန်းစကား ရေးသားလိုက်ရပေ၏။ သိလိုရင်းမှာ မဂ်-ဖိုလ်တို့-ည်သည်ကား အကျိုးနှင့် အကြောင်းတရားကို ဆိုလို၏၊ ၎င်းမဂ်၏ အကြောင်းကြောင့် အကျိုးဖြစ်သော ဖိုလ်ကို ဝင်စားမြဲတံထွာ မမှားဖြစ်သောကြောင့် မိမိ၏ မဂ်အကြောင်းဖြင့် မိမိ၏ဖိုလ်ကို ပြလိုရကား—

အတ္တနော အတ္တနောယေဝ ပန ဖလံ သမာပဇ္ဇန္တိ ဣဒမေတ္ထ သန္နိဋ္ဌာနံ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** ပန၊ မှန်သည်ကိုပြပါအံ့။ ဧတ္တကေန အတ္တကေနယေဝ၊ မိမိမိမိ၏ရောက်ဆဲသာလျှင်ဖြစ်သော။ ဖလံ ဖိုလ်ကို။ သမာပဇ္ဇန္တိ၊ ဝင်စားနိုင်၏။ ဣတိ၊ ဤသို့။ ဣဒံ၊ ဤဆိုအပ်လတ့်သည်ကား။ ဧတ္ထ၊ ဤဖလသမာပတ်ဧရာ၌။ သန္နိဋ္ဌာနံ၊ ဆုံးဖြတ်ခြင်းဘည်း။

ဤအရာ၌ ဤကဲ့သို့သော သံဂါယနာ အဆင့်ဆင့်ဖြင့် ယခုအထိ ဗုဒ္ဓုပ္ပါဒနဝမ သာသနာတော်ကြီး၏ မပျောက်မပျက် အရိယာအဆက်ဆက်ကခမ္မသတ်ဆုံးဖြတ်ချက်ဖြင့် ယထာဘူတ ဟတ္ထမုဋ္ဌိ နည်းလက်ရှိဖြင့် ပြည့်စုံကြကုန်သော သံဃဂုဏ် ၉-တန် အရိယာ အမှန်နှင့် တကွ ကျမ်းဂန်အစဉ် သုပ္ပဋိပန္နတာ စသော ဂုဏ်အင်နှင့် ပြည့်စုံပါလျက် အဘယဂိရိတိုင်းသား အခမ္မဝါဒီ ကေစိဆရာတို့၏ အယူကို ဖယ်ရှားကြ၍ ဗုဒ္ဓဝါဒီ သမာနသံဝါသ ယထာရဟ အယူသီလ တူမျှတော်ညီ၂ါမှ ယခုသာသနာတော်ဝယ် သာကီဝင်မင်းအဆက်ဆက်အယူသီလ တူမျှတို့သာ နှစ်သက်စေခြင်းအကျိုးငှါ ယုံကြည်စေတော်မူလှ၍ ကေစိအယူ သမာနသံဝါသ မတူမျှသည်ကို ပြလို၍--

တသ္မာ န ကိဉ္စိ ဧတံ ပါဠိဝသေနေဝ စ ပဋိက္ခိတ္တန္တိပိ န ဂဟေတဗ္ဗံ ဣဒမေဝ ပန ဂဟေတဗ္ဗံ။

**အနက်ကား** တသ္မာ၊ ထိုသို့အဘယဂိရိဝါဒီ ကေဇိဆရာတို့၏အယူကို ပယ်လိုခြင်းကြောင့်။ ကိဉ္စိ၊ မိမိဖိုလ်မှတပါး ခြားသောအကျိုးသည်။ န စ အတ္ထိ၊ ရှိလည်း မရှိ။ ဧတံ၊ ဤအဘယဂိရိ ကေစိဆရာတို့၏အယူကို။ ပါဠိဝသေနေဝ၊ ဒသ ဂေါတြဘုဓမ္မာ ဝိပဿနာ ဥပ္ပဇ္ဇန္တိ- ဟူသောပါဠိတော်၏ အစွမ်းအားဖြင့်သာလျှင်။ ပဋိက္ခိတ္တံ၊ ပယ်အပ်၏။ ဣတိပိ၊ ဤကေစိဆရာတို့၏အယူကိုလည်း။ န ဂဟေတဗ္ဗံ၊ မယူအပ်။ ပန၊ ကေစိဝါဒမှတပါး သမာနဝါဒကို ဆိုအံ့။ ဣဒမေဝ၊ ဤဗုဒ္ဓဝါဒီသမာနမည်တွင် ထေရ်အရှင်တို့၏ အယူကိုသာလျှင်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

ဤကဲ့သို့ ဤဒေသနာတော်အရ ဤစာဘမ်းဖြင့် ရေးသားအပ်သော ထေရ်အရှင်အားကား အပြစ်တင်ခြင်းမှ ကင်းကြစေလို၍ ဉာဏ်မှိုပါက လိုလားသောပုဂ္ဂိုလ်အရ တွေ့နိုင်ရစေခြင်းငှါ မလိုလားအပ်သည်ကို ပယ်ထားလျက်

ဤဓမ္မချက်သို့ လိုက်ခဲ့ပြောပါက မှချရကြောင်းကို ဤစာတမ်းဖြင့် ရေးသား၍ လမ်းကြောင်းလျှောက် လုံးဟောင်းစဉ်ဆက် မပျက်စေခြင်းငှါ "စာတွေနှင့် ငါတွေ သရာကိုထပ်၍ ပြောပါ၍ အရိယာအပေါင်း နောက်ထပ်၍ ဝေါဒါနကိစ္စတပ် ကြောင်း ဤဒေသနာဖြင့် ထပ်လောင်းခဲ့မည်၊ သို့ပါ၍-

အရိယာပုဂ္ဂိုလ်တို့၏ ရှေးဝိပဿနာ အစဉ်ဟောင်းဖြင့် သင်္ခါရလျှင် အာရုံ ရှိကြောင်း ဝေါဒါန်ဟုဆိုအပ်သော ဂေါတြဘုဉာဏ်၏ အခြားမဲ့၌ ဖလသမာ ပတ်၏ အစွမ်းအားဖြင့် ချုပ်ငြိမ်း၍ မဂ်အပ္ပနာမှ ဖိုလ်အပ္ပနာသို့ ဆိုက်သည်ကို သတိရှိစေလို၍

တဿ ပဝတ္တာနုပုဗ္ဗဝိပဿနာယ သင်္ခါရာရမ္မဏဂေါတြဘုဉာဏာနန္တရာ ဖလသမာပတ္တိဝသေန နိရောဓေ စိတ္တံ အပ္ပေတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား တဿ၊ ထိုဖလသမာပတ်ပုဂ္ဂိုလ်ဟုဆိုအပ်သော။ ပဝတ္တာနုပုဗ္ဗ ဝိပဿနာယ၊ ရှေးဦးဖြစ်ခဲ့ဘူးသော ဉာဏ်အစဉ်၏။ သင်္ခါရာရမ္မဏဂေါတြဘုဉာ ဏာနန္တရာ၊ သင်္ခါရလျှင်အာရုံရှိသော ဝေါဒါန်ဟုအမည်ဖြင့် ရအပ်သော ဂေါတြ ဘုဉာဏ်၏အခြားမဲ့၌။ ဖလသမာပတ္တိဝသေန၊ ဖလသမာပတ်၏အစွမ်းဖြင့်။ နိရောဓေ၊ နိရောဓသစ္စာနိဗ္ဗာန်၌။ စိတ္တံ၊ စိတ်သည်။ အပ္ပေတိ အပ္ပနာဝသေန ဥပ္ပဇ္ဇတိ၊ အပ္ပနာ၏အစွမ်းဖြင့်ဖြစ်၏။

ဤနေရာ၌ကား ဤဒေသနာအရ ရှင်ဥပဒ် ထုတ်ရမည်မှာ အချို့သော အယူမှားတူ သီလမျှ အဘယ်ရှိ ကေဝိဆရာတို့က သာကီဝင်မင်းသား အရိယာ သူတော်ကောင်းတို့အား သူနှင့်ငါမူ မြင်သူမခြား အယူမပြား မဂ်စကား တရား ရကြသည် ဟူငြားက သဒ္ဒိသူပမာ တူငြားက ရှင်ဥသညာစကား နားငမှာမထား ကြပါ၍ ဂေါတြဘုအရာ ပြောဆိုကြရာဝယ် စနာလင်္ကာရ ငမေတိကသဘော အရ သဘောပဒိသပုစ္ဆာက ရေးစပ်ခဲ့သည်မှာကား

ဥပစာ မာ ါဘဲရယ်နှင့်နှလုံးလဲ ဘော်မကူ၊ ဂေါတြဘုငဲ့သာချည်း။ အရိ
ယာ၊ မြတ်ဘုန်းမို ဗိုလ်မဟာတို့၊ မဂ်သာတာ အောင်မြေနင်းကြတယ်
သင်းဘယ်ကနည်း။

ဟု ရေးစပ်သည့်အရကား ဝိသဇ္ဇနာအရာ ဖြေကြားရမည်မှာ ဝေါဒါနိဟု အမည်သာရလျက် ပရိကမ္မ အနုလုံဖြင့် လွန်မြောက်ခဲ့သော အရိယာအရှင်မြတ်တို့မှာကား ဝေါဒါနိဟု ကိစ္စဖြစ်သော သီလနှင့်ပြည့်စုံကြပါ၍ ဂေါတြဘုဟု မဆိုသာမူ၍ သခ်ါရလျှင် အာရုံရှိသော ဂေါတြဘုအမည်ကိုပင်လျှင် ဖျောက်၍ ဝေါဒါနိဟု အမည်သာတွင်လျက်—

ဖလသမာပတ္တိ နိန္နတာယ နိရောဓေ စိတ္တံ အပ္ပေတိ" ဟု ဖလသမင်္ဂီအရာဝယ် ဝေါဒါနိဟု ခေါ်အပ်သော ပညိန္ဒြေတော်သည် နိဗ္ဗာန်တည်းဟူသော စိတ်တော်ဖြင့် ညွတ်ကိုင်းရှိုင်းဝှမ်းစေ၍ အပ္ပနာသို့ ရောက်ကြောင်းဖြင့် ဝိသဇ္ဇနာပြုတော်မူလိုက်ကြောင်း။ သို့ပါမူ၍ နောက်ကပြခဲ့သော ဒေသနာတော်ဝယ် အရိယာအရှင်မြတ်တို့၏ ဉာဏ်တော်သည်ကား ရှေး၌ဖြစ်ခဲ့ဘူးသော ဉာဏ်အစဉ်၏ ဝေါဒါနိကိစ္စဖြင့်သာ ဖလသမာပတ်၏အရာ၌ နိဗ္ဗာန်သို့ အပ္ပနာဆိုက်တော်မူကြပါသဖြင့် ခိုင်လုံစွာ မုချနည်းကို ယခု ဝိမုတ္တိယုဂသာသနာမှာ ထင်ရှားရှိ၏ ဟူလိုရကား သို့ပါသောကြောင့် မဂ္ဂဏ္ဍရာယ် ဓမ္မန္တရာယ်တို့ကို မှောက်တိမပြစ်ကြလေလိုပါ၍ ယခုဘာ အခိုက် ကြိုးကြိုက်ကြကုန်သော ဒေနေယျ သူတော်ကောင်း လောင်းလျာတို့အား ဤနေ့ ဤရက် ဤလက အစပြုလျက် ကိုယ် နှုတ် နှလုံးတို့ဖြင့် စောင့်စည်းကြစေခြင်းငှါ ဤသံသာရမဂ္ဂါရုဂ္ဂ စာတမ်းအနေအထား အသွားအလာတို့ဖြင့် ဖတ်ရှုလျက် ဆင်ခြင်ပုံ ဆင်ခြင်နည်း သွားပုံ သွားနည်း အားထုတ်ပုံ အားထုတ်နည်းတို့ဖြင့် လိုလားကြပါကုန်သော် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ရောက်ကြရ ကြပါကုန်လျက် ဖလသမာပတ်တော်ကို မုချအားဖြင့် ပြည့်စုံကြစေနိုင်ကြောင်း နည်းနာနိဿယကောင်းသော ဆရာကောင်းကိုရှာကြစေလို၍ ဖလသမာပတ်တော်ကို ညွှန်ပြရာ ညွှန်ပြကြောင်းဖြစ်သော ဝိသုဒ္ဓိမဂ် အဋ္ဌကထာတော်ဝယ်—

ဖလသမာပတ္တိ နိန္နတာယ စ ဇော သေက္ခဿာပိ ဖလမေဝ ဥပ္ပဇ္ဇတိ။

ဟုလာ၏။

**အနက်ကား** ဇော၊ ဤအရိယာအရာ၌။ ဖလသမာပတ္တိနိန္နတာယစ၊ ဖလသမာပတ်ကို ညွတ်လေ့ရှိသည်၏ အဖြစ်ကြောင့်လည်း။ သေက္ခဿာပိ၊ သေက္ခပုဂ္ဂိုလ်အားလည်း။ ဖလမေဝ၊ ဖိုလ်သည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤနေရာ၌ ခိုင်လုံစွာဖြင့် ရေးထုတ်လိုက်ရသော ၎င်းကျမ်းနှင့်တကွ အာဘော်ကျကို ကောက်နုတ်သိုပါက ပရိယတ္တိနှင့် ပဋိပတ်ကျင့်စဉ်တို့သည် သုတမယဉာဏ်နှင့် စိန္တာမယဉာဏ် နှစ်ရပ် ထပ်၍ ဖြတ်သည်ကို သဒိသူပစာ အားဖြင့် မုချမှန်ကြောင်းကား သေက္ခပုဂ္ဂိုလ်တို့၏ ဖလသမာပတ် ညွတ်နိုင်ကြောင်း အားသစ်၍ လောင်းတော်မူကြပါမည်ကို ဤနေရာက ၎င်းစာတမ်းဖြင့် ရေးသောထေရ်က တိုက်တွန်းလိုက်ရပေသတည်း။

၎င်းစာ အနေအထား အာဘော်ကျ အရာများကို ဝေမတိကအယူတို့ ပယ်ကြစေလို၍ နောက်ကပြခဲ့သော အဘယဂိရိအယူတို့ကို နှစ်စေလို၍—

"တသ္မာ န ကိဉ္စိ တေံ ပါဠိပသေနေဝ စ ပဋိက္ခိတ္တန္တိပိ န ဂဟေတဗ္ဗံ"ဟု သီလမဟူ အယူမတူအပ်သည်ကို ပယ်ခတော်မူခဲ့ပေ၏၊ အဲ ဤကဲ့သို့ နောက်ကပြခဲ့သော အကြောင်းကြောင်းတို့ကို ထောက်ပါသဖြင့် အရိယာပုဂ္ဂိုလ်တို့မည်သည် မှာ မိမိရအပ်ပြီးသော ဖိုလ်မှအပ အခြားသောအလုပ်ကို အားထုတ်၍ လုပ်သည် လည်းမရှိ၊ ဖလသမာပတ် ဝင်စားသည်ကိုသာ အားကိုး၍ ဝသီဘော် ၅-တန်နှင့် တကွ ဝင်စားတိုင်း ဝင်စားတိုင်း နိရောဓသစ္စာ နိဗ္ဗာန်ကို အခါခပ်သိမ်း မျက်မှောက်ပြုပါ၍ ငါကဲ့သို့သော ဘဝထူး ဘဝမြတ်တော်ကြီးကို ချီးကျူး အံ့ဩ ထောမနာခတော်မူကြ၍"သုလဒ္ဓံဝတ"ဩဘ် အရခတော်ပါပေစွတကားဟု ဝမ်းသာတော်မူကြ၍ "အဟောသုခံ, အဟောသုခံ" ဟု အမြဲတမ်း ပရိစယဖြင့် ဆင်ခြင်၍ မင်းတို့မည်သည်မှာကား မင်း၏ စည်းစိမ်ချမ်းသာကို ခံစားဘိအလား နတ်တို့မည်သည်မှာ နတ်၏စည်းစိမ်ကို ခံစားသည်ပုံ အလုံးစုံသော ကာလကို ပိုင်းခြား၍ အလိုရှိတိုင်း အလိုရှိတိုင်းသော ခဏခဏ၌ လောကုတ္တရာသုခကို ခံစားကြပေကုန်၏။

သို့ပါ၍ ပြလိုသော မုချအရိယာ ဤအခါဝယ်—

ကသ္မာ သမာပဇ္ဇန္တီတိ ဒိဋ္ဌဓမ္မသုခဝိဟာရတ္ထံ၊ ယထာ ဟိ ရာဇာ ရဇ္ဇသုခံ ဒေဝတာ ဒိဗ္ဗသုခံ အနုဘဝန္တိ၊ ဧဝံ အရိယာ အရိယံ လောကုတ္တရသုခံ အနုဘဝိဿန္တိ၊ အဒ္ဓါန ပရိစ္ဆေဒံ ကတွာ ဣစ္ဆိတိစ္ဆိတက္ခဏေ ဖလသမာပတ္တိံ သမာပဇ္ဇန္တိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

အနက်ကား ကသ္မာ သမာပဇ္ဇန္တီတိ၊ ဟူသည်ကား။ ဒိဋ္ဌဓမ္မသုခဝိဟာရတ္ထံ၊ ပစ္စက္ခအတ္တဘော၌ ချမ်းသာစွာ နေခြင်းအကျိုးငှါ။ ရာဇာ၊ မင်းအပေါင်းတို့သည်။ ရဇ္ဇသုခံ၊ မင်း၏ စည်းစိမ်ချမ်းသာကို။ အနုဘဝန္တိယထာ၊ ခံစားကုန်ဘိသကဲ့သို့ရင်း။ ဒေဝတာ၊ နတ် ဗြဟ္မာအပေါင်းတို့သည်။ ဒိဗ္ဗသုခံ၊ နတ်တို့၏ စည်းစိမ်ချမ်းသာကို။ အနုဘဝန္တိယထာ၊ ခံစားကုန်ဘိသကဲ့သို့ရင်း။ ဧဝံ၊ ဤသို့။ အရိယာ၊ တို့သည်။ အရိယံ၊ ဖြူစင်သော။ ဝါ-ကိလေသာတည်းဟူသော အညစ်အကြေးမှကင်းသော။ လောကုတ္တရသုခံ၊ လောကုတ္တရာချမ်းသာကို။ အနုဘဝိဿန္တိ၊ ခံစားကုန်လတ္တံ့။ ဣတိ၊ သို့။ အဒ္ဓါနပရိစ္ဆေဒံ၊ အခွန့်ကို ပိုင်းခြားခြင်းကို။ ကတွာ၊ ပြု၍။ ဣစ္ဆိတိစ္ဆိတက္ခဏေ၊ အလိုရှိတိုင်း အလိုရှိတိုင်း သောခဏ၌။ ဖလံ၊ ဖိုလ်ကို။ သမာပဇ္ဇန္တိ၊ ဝင်စားကြကုန်၏။

အဲ ဤကဲ့သို့ ပရိယတ် ပဋိပတ် နှစ်ရပ်သော သာသနာတော်ဝယ် မုချထင်ရှားတော်မူလို၍ အဘိဓမ္မာတရားတော်တို့၏ စရဏ အကျင့်လမ်းစဉ်ဝယ် မကွယ်မပျောက် မတိမ်မကောစေခြင်းငှါ ဤသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးထုတ်လိုက်ရခြင်းသည် ယခု ရောက်ဆဲဖြစ်သော ကာလဝယ် အရိယာမဆိတ်ကြောင်း သာသနာတော်ကြီး၏ ဝုဒ္ဓိ ဝိရူဠှက ဂုဏ်တုံ့ဖြင့် တန်ဆာဆင်လျက် ပရိယတ် ပဋိပတ်၌ သာသနာနှစ်ရပ် ထပ်၍ ရေးသားရခြင်းဟု ဆိုအပ်သော သိထိုက်လှစွာသော ငါထေရတိဿအရှင်သည် မုချအား ဖြင့် ဟတ္ထမုဋ္ဌိနည်း ပစ္စက္ခသိဒ္ဓိနည်း နယူပဒေသနည်းတို့ဖြင့် လင်္ကာဂုဏ်ကို ဆောင်လျက် သာသနာတော်ကြီး၏ မဟာမဏ္ဍလအပြင်ဝယ် ငွါးငွါးစွင့်စွင့် ပွင့်ထွန်းပေါ်ပေါက်ခြင်းသို့ ရောက်သော ပန်းကြာငုံ မဟာရွှေပဒုံ့ကဲ့သို့ သာသနာ့ပဒေဿ အာစရိယပရံပရ သိဿာနုသိဿတို့ စဉ်လာ မပျက် ဤဓမ္မချက်ဖြင့် ကျင့်ကြံ၍ဆက်ခဲ့သော် ဖလသမာပတ်အဆက် ၅၀၀၀ သို့ အမှီတက်နိုင်ကြရအောင် ဤသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားခဲ့သော ထေရ်အရှင်၏ လက်ထက်မှ နောင်အဆက် မပျက်ကြစေလိုကြောင်းဖြင့် အသင်ယောဂီအပေါင်းတို့သည် လွယ်လင့်တကူ ဉာဏ်တံချူဖြင့် ယုံကြည်တော်မူကြပါစည့်အကြောင်း မဟာဋီကာက ထပ်လောင်း၍ စာအနေဖြင့် အမည်ပြောင်းပြီး ဝဋ္ဋဉ္စန ဖိုလ်ဝင်စားနိုင်ကြောင်း အမိန့်ထပ်၍လောင်းလိုက်

သည်ကို သောတတည်းဟူသော ရွှေနားသို့ အခံခါတ်ပြောင်းပြီး ဤမြှသတ် အကြောင်း ဉာဏ်မျက်စောင်း ပြောင်းကြစေလို၍—

သေက္ခသ အတ္တနော ဖလသမာပတ္တိ ဝဠဉ္စနတ္ထာယ ဥဒယဗ္ဗယာဒိဝသေန သင်္ခါရေ သမ္မသန္တဿ ဝိပဿနာ ဉာဏာနုပုဗ္ဗိယာ ဖလမေဝ ဥပ္ပဇ္ဇတိ။

မဟာဋီကာ။

အနက်ကား သေက္ခဿ၊ သေက္ခပုဂ္ဂိုလ်အား။ အတ္တနော၊ မိမိ၏။ ဖလသမာပတ္တိဝဠဉ္စနတ္ထာယ၊ ဖလသမာပတ်ကို ကာလပိုင်းခြား၍ ဝင်စားခြင်း အကျိုးငှါ။ ဥဒယဗ္ဗယာဒိဝသေန၊ ဥဒယဗ္ဗယစသည်တို့၏ အစွမ်းအားဖြင့်။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ သမ္မသန္တဿ၊ သုံးသပ်ဆင်ခြင်သော ပဋိဂ္ဂါဟက ပုဂ္ဂိုလ်အား။ ဝိပဿနာဉာဏာနုပုဗ္ဗိယာ၊ ရှေး၌ဖြစ်ခဲ့ဘူးသော ဝိပဿနာဉာဏ် အစဉ်အားလျော်စွာ။ ဖလမေဝ၊ ဖိုလ်သည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အဲ ဤကဲ့သို့ အရိယာပုဂ္ဂိုလ်တို့မည်သည်မှာ မဂ်ဉာဏ်နှင့် တကယ်ပြည့်စုံပါက ကာလအချိန်အခါတို့ကို ကျော်လွန်၍ နေ့, ရက်, လ ကွာခြား၍ပင် နေပါငြားသော်လည်း ဝဠဉ္စနဖိုလ်ကို ဝင်စားနိုင်ကြောင်း၊ ဤမဟာဋီကာအကြောင်းကို ကောင်းကောင်းကြီးထောက်မိပါက ဤသာသနာ့ေတာ်၏ ဝေမတိက သံသယ ရှိမှုတို့ကို ရှင်းပြီး ဘဝဉာဏ် လင်းကြပေလိမ့်မည်၊ ဤကဲ့သို့ ဘဝဉာဏ် မလင်း မရှင်းပါက သာသနာ့အတွင်း ကမ္ဘာကိုငြင်းပါက အဘယ်မှာ သင့်အရင်းရှိပါ တော့အံ့နည်း။

ဤကဲ့သို့ အရင်းကို အားမထား အသင်၏ ခရီးအသွားသည် လမ်းဘယ် မှာထားသည်ဟု သတိနှင့်စဉ်းစားပါက ယခုကား သင်မထင်၊ ထင်ကြသည့် ခရီးစဉ် သဿတ အယူနှင့်ပင်၊ သို့ပါ၍ တခြားအမရာနှင့်သာ မှားပြီး အသယံဝသီ နိဝါသီအယူနှင့်သာ သွားကြလေသည် ဟု ကျမ်းစကား မိန့်သည် များကို အနာဂတံသဉာဏ်ဖြင့် မပြီးပါက သင့်ခရီး ဘယ်မှာမှ မကျသည် များကို ရှေးဉာဏ်တော်အလိုအရ ဘွင့်ပြတော်မူရမည်မှာ –

အနာဂတေပိ သံသာရေ၊ အပဝတ္တံ န ဒိဿတိ။
တေမတ္ထံ အနညာယ၊ တိတ္ထိယာ အသယံဝသီ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား အနာဂတေ၊ နောင်လာလတ္တံ့သော ကာလဟု ဆိုအပ်သော။ သံသာရေပိ၊ သံသရာကြီး၌လည်း။ အပဝတ္တံ၊ ကြောင်းကျိုးဟုတ်သည် မဟုတ်သည်ကို။ န ဒိဿတိ၊ ထင်ခြင်းငှါမအံ့။ တေမတ္ထံ၊ ဤသို့ ကြောင်းကျိုးဟုတ်သည် မဟုတ်သည်ကို။ အနညာယ၊ အမှန်မုချ မသိခဲ့ရလေခြင်းကြောင့်။ တိတ္ထိယာ၊ မိစ္ဆာအမူ အမှားယူတို့သည်။ အသယံဝသီ၊ ယူမိယူရာ အယူမျှသာ ဖြစ်ချေ၏။

အဲ-ဤဒေသနာတော်အရ မိမိတို့၏ ခရီးလမ်းအစဉ်နှင့် မှန်မှားကို မြင်ခဲ့ပါသော် မှန်သည်ကိုသာ ပြင်ဆင်၍ သွားရာလမ်းစဉ် အနာဂတ်ကို အမှန်မြင်ပါလျှင် အကျင့်နှင့် ပညာတို့သာ ယှဉ်ကြလျက် ဟတ္ထမုဋ္ဌိ မဂ်လက်၌ရှိပါမှ မဂ်သည်အကြောင်း,ဖိုလ်သည် အကျိုးဟုဆိုအပ်သော ဖလသမာပတ်အချက်ဖြင့် မိမိ၏ ဓမ္မချက်ပြရသော် "မဂ်သိလို ဖိုလ်နဲ့မေး" ဟု ဆိုအပ်သောစကားကဲ့သို့—

"အတ္တနော အတ္တနော ဖလံ သမာပဇ္ဇန္တိတိ ဝိညာယတိ" ဟု ဝိသုဒ္ဓိမဂ်လာတော်မူသည့်အတိုင်း သူ့မဂ်နှင့် သူ့ဖိုလ် အကြောင်းအကျိုးဖြင့် ပြီးပါ၍ ဤသည်ကား ဖလသမာပတ် ဝင်စားနိုင်သော ပုဂ္ဂိုလ်များသည် အနာဂတလမ်းအစဉ် မှန်တော်မူကြပါကုန်၍—

ဤသည်ကား ဖလသမာပတ် အရာတော်ဖြင့် ကဏ္ဍတရပ် သတ်လိုက်ရပေတော့သတည်း။

ဤသည်ကား ရန်ကုန်မြို့ ဂွတ္တလစ်မှာ နေဆဲအခိုက်တွင် ရေးသား စီစဉ်ခဲ့သော ဟောစဉ်အရကား ဤနေရာတွင် ကဏ္ဍတရပ် သတ်လိုက်သတည်း။

ဖိုလ်ဇော ပြီး၏။

၁၃၂၉ - ခု ဝါခေါင်လဆုတ် ၅ - ရက် သောကြာနေ့ ရန်ကုန်မှ ဟောစဉ် တရားတို့ကို ဘွင့်ထုတ်လျက် သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားခဲ့သည်ကို သံသယရှိမှုတို့ဖြင့် ငံ့လျက် ကြောင့်ကြမ့်နေခဲ့လေရာ သဒ္ဓိဝိဟာရိက အန္တေဝါသိက အစရှိသော ရဟန်း ရှင် လူ ဒါယကာ ဒါယိကာမ အပေါင်းတို့က နောက်ထပ်၍ တောင်းပန်ကြရာဝယ်—

အပေါ်သုက္က ကြောင့်ကြမ့် မနေသာပါ၍ ဒုတိယပိုင်း ဖြင့် ပဋိညာ ကာရက အစပြု၍ သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ၁၃၂၉ - ခု ဝါခေါင် လဆုတ် ၅ - ရက် သောကြာနေ့ ပြည်မြို့ ခေတ္တရာမြို့သစ် စုက္ခရု တောင်တော်ဦးဝယ် မင်္ဂလာ ရှိသောအချိန်တွင် အေးမမ္မာရုံတော် ကြီး၏ အတွင်း၌ အရှင် ထေရတိဿမထေရ်မြတ်သည် စီရင်ရေးသား အပ်သော ကျမ်းကို တပည့် အရှင်မာဃိန္ဒနှင့် အရှင် ဝိမလတို့ကိုယ်တိုင် သဒ္ဒါ ပုဒ် ပါဠိ ဝါကျ လိင် သကတ်တို့ကို ဝိဘတ် ပစ္စည်း အနည်း နည်းတို့ဖြင့် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ နှုတ်တော်ကဘွင့် ထုတ်အပ်သော အသံတို့ကို လက်ရေးမှုဖြင့် ရေးသား မှတ်တမ်းတင် ထား၍ ရိုက်နှိပ် ထုတ်ဝေအပ်သော သံသာရမဂ္ဂပါရဂူစာတမ်း ဒုတိယ ဝေဘန်ခဏ်း တရပ်တည်း။

အရှင်မာဃိန္ဒ
အရှင်ဝိမလာစာရ

# မဂ္ဂကဏ္ဍ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

သစ္စာလေးပါး မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ဖော်ပြရမည့် အကြောင်းကား—

မဂ်တရား၏ကဏ္ဍ အစစ္စ ဖော်ပြပါအံ့၊ မဂ်ဟူသည်ကား သစ္စာလေးပါး သာတည်း၊ အဘယ့်ကြောင့်ဆိုသော်—

> ယော ဧဝံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

**အနက်ကား** ယော၊ ထိုမဂ်တရားကိုရသော ပုဂ္ဂိုလ်သည်။ ကမ္မံ၊ မဂ်နှင့်စပ်သော အမှုကို။ ကရောန္တော၊ အာရုံပြုသည်ရှိသော်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ သစ္စာတရားတို့ကို။ ဧကေန၊ တပေါင်းတည်း။ ဝါ-တပြိုင်နက်။ ပဋိဝေဓေန၊ ထိုးထွင်း၍ သိသဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။

အဲ သို့ပါသောကြောင့် အကြင်ယောဂီတို့ သစ္စာလေးပါးကို တပြိုင်နက် ထိုးထွင်း၍ သိလိုက်ခြင်းသည် မဂ်မည်၏ ဟူလိုသော်၊ သူတော်ချုပ်ကြစေကုန်၊ သို့ပါမူ၍ မဂ္ဂသစ္စာ၏ အနက် ၁၆-ချက်တို့တွင် ရှင်းပြရသော် သိလိုကြလှ၏၊ ဒုက္ခသစ္စာ၏ အနက်လေးချက် သမုဒယသစ္စာ၏ အနက်လေးချက် နိရောဓသစ္စာ၏ အနက်လေးချက် မဂ္ဂသစ္စာ၏ အနက်လေးချက် ပေါင်းခဲ့ချေသော် ၁၆-ချက် ဖြစ်၏၊ ထိုသစ္စာလေးပါးတို့တွင် မဂ္ဂသစ္စာ၏ အနက်လေးချက်ကို ရှေးဦးစွာ ပြရမည်မှာ–

၁ နိယျာနဋ္ဌော၊ ၂ ဟေတွဋ္ဌော၊
၃ ဒဿနဋ္ဌော၊ ၄ အဓိပတေယျဋ္ဌော–

ဟု လေးပါးပြား၏၊ နိယျာနဋ္ဌောကား- ထုတ်ဆောင်ခြင်းအနက်၊ ဟေတွဋ္ဌောကား- အကြောင်းပြတ်ခြင်းအနက်၊ ဒဿနဋ္ဌောကား- မြင်ခြင်း

အနက်၊ အဓိပတေယျတ္ထောကား- အုပ်စိုး ပိုင်နိုင်ခြင်းအနက်၊ ဤအနက် လေး ချက်တို့တွင် သံသရာ၌ ထုတ်ဆောင်ပုံ သံသရာ၌ အကြောင်းပြတ်ပုံ နိဗ္ဗာန်၌ အမှန်မြင်ပုံ ကျန်သစ္စာတို့ကို အုပ်စိုးပိုင်နိုင်ပုံကို သိထိုက်လှပေ၏၊ ယောဂီတို့။

ထိုကဲ့သို့ ပြဆိုခဲ့ပြီးသော မဂ္ဂသစ္စာ၏ အနက်လေးချက်တို့ကို လဒ္ဓဂုဏ် ဖြင့် ဝိဂ္ဂဟ်ဝစနတ္ထ ထုတ်ဖော်၍ ခိုင်လုံစွာ အထောက်အထား ပြရမည်မှာ "နိဗ္ဗာနံ မဂ္ဂတိ ဂဝေသတီတိ မဂ္ဂေါ" ဟု အဋ္ဌကထာ ဋီကာ၌ လာရှိ၏၊ နိဗ္ဗာန်ကို ရှာမှီးလိုသောကြောင့် မဂ်ဟု ခေါ်ထိုက်၏။

**အနက်ကား** နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ မဂ္ဂတိ ဂဝေသတိ၊ ရှာမှီးတတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏ ဟူလိုသော်။

သို့ပါမူ၍ မဂ်တရားတို့မည်သည်မှာ ယောဂီအပေါင်းတို့သည် ကိလေသာ ကို သတ်ဖြတ်၍ နိဗ္ဗာန်ကို အမှန် ရှာမှီးကြလေ၏၊ ရှာမှီးကြကုန်သော အရိယာ သူတော်စွာ လောင်းလျာတို့သည် "ကိလေသေ မာရေန္တော နိဗ္ဗာနံ ဂစ္ဆတီတိ မဂ္ဂေါ"အမှန်အားဖြင့် ကိလေသာကို သတ်လိုမူ၍ နိဗ္ဗာန်ကို အမှန်သွားတတ် ပေ၏၊ သို့ပါသောကြောင့် အမှန်သွားတတ်တော်မူကြကုန်သော အရိယာ လောင်းလျာတို့သည် မိမိခန္ဓာကိုယ်ကို မငဲ့မညှာ သံသရာမှ တကယ်စွန့်လွှတ် တော်မူကြကုန်၍ မိမိအဇ္ဈတ္တသန္တာန်၌ရှိသော ကိလေသာအပေါင်းကို မဂ်ဖြင့် တကယ်ဖြတ်ခြင်း နိဗ္ဗာန်သို့ တကယ်သွားခြင်းကို ထောက်မြော်ပါလျက်—

"ကိလေသေ မာရေတီတိ မေဝ၊ နိဗ္ဗာနံ ဂစ္ဆတီတိ ဂေါ၊ မေဝ စ သော ဂေါ စာတိ မဂ္ဂေါ"

ဟု ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌ လာတော်မူရကား—

**အနက်ကား** ကိလေသေ၊ ကိလေသာတို့ကို။ မာရေတိ၊ သတ်ဖြတ်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ မေဝ၊ မ,မည်၏။နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ ဂစ္ဆတိ၊ သွားတတ် ၏။ ဣတိတသ္မာ၊ ကြောင့်။ ဂေါ၊ ဂ,မည်၏။ သော၊ ထိုမဂ်တရားသည်။မေဝ စ၊ ကိလေသာတို့ကို သတ်ဖြတ်တတ်သည်လည်း။ ဟောတိ၊ ဟုတ်၏။ ဂေါ စ၊နိဗ္ဗာန် သို့ သွားတတ်သည်လည်း။ ဟောတိ၊ ဟုတ်၏။ ဣတိတသ္မာ၊ ကြောင့်။ မဂ္ဂေါ၊ မဂ်မည်၏။

သို့ပါမူ၍ အရိယာလောင်းလျာတို့သည် ကိလေသာတို့ကို ဖြတ်တတ်သောကြောင့် မ-ဟူ၍၎င်း, နိဗ္ဗာန်သို့ သွားတတ်သောကြောင့် ဂ-ဟူ၍၎င်း မုချအားဖြင့် ရ၏၊ ဤကဲ့သို့ ရကြကုန်သော အရိယာအပေါင်းတို့သည် ရှေးကလေ့ကျက်ဘူးသော ပုညိဒ္ဓိအရှိန်ကို ထောက်ရလျှင် ဗုဒ္ဓမြတ်စွာ ရွှေညာဏ်တော် အရှင်ပင်သော်မှလည်း ရှေးနောင်တော် နောင်တော်ဘုရားတို့၏ ရွှေလက်ထက်တော်မှ ပရိစယပြုခဲ့သော သတ္တမဇော မဟာကုသိုလ် ဉာဏသမ္ပယုတ် ပညိန္ဒြေဟု ဆိုအပ်သော နိယတဗျာဒိတ် ပါလာပါကမှ ရွှေညာဏ်တော်ကွန်ယက်ဖြင့် ဖြန့်ရှုတော်မူသည်ကို မဟာပဓာနဋီကာ ပြတော်မူရာဝယ်—

> တတိယကောဋ္ဌာသေ ပစ္စုဋ္ဌာယ နိသီဒိတွာဝ ပုရိမဗုဒ္ဓါနံ သန္တိကေ ဒါန သီလာဒိဝသေန ကတာဓိကာရ ပုဂ္ဂလဒဿနတ္ထံ ဗုဒ္ဓစက္ခုနာ လောကံ ဩလောကေန္တိ။

ဟု ဋီကာ၌ လာခြင်းကြောင့်—

အနက်ကား တတိယကောဋ္ဌာသေ၊ ညဉ့်၏ သုံးဘို့တဘို့ အထက်ဖြစ်သော နောက်အဘို့၌။ (ပစ္ဆိမကာလဝယ်) ပစ္စုဋ္ဌာယ၊ စောစောစီးစီး ထတော်မူ၍။ နိသီဒိတွာဝ၊ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူပြီး၍သာလျှင်။ ပုရိမဗုဒ္ဓါနံ၊ ရှေးရှေးသော နောင်တော် နောင်တော် ဘုရားရှင်တို့၏။ သန္တိကေ၊ ထံတော်ပါး၌။ (ကာလဝယ်) ဒါနသီလာဒိဝသေန၊ ဒါန သီလ အစရှိသည်တို့၏ အစွမ်းအားဖြင့်။ ကတာဓိကာရပုဂ္ဂလဒဿနတ္ထံ၊ ဖြည့်ဆည်းပူးခဲ့သော အဆောက်အဦ သမ္ဘာရ ပါရမီရှင်အပေါင်းတို့ကို မြင်ခြင်းအကျိုးငှါ။ ဗုဒ္ဓစက္ခုနာ၊ ဘုရားရှင်တို့၏ စက္ခု ညာဏ်တော်အမြင်ဖြင့်။ လောကံ၊ တသောင်းသော စကြဝဠာလောကဓာတ်ကို။ ဩလောကေန္တော၊ ကြည့်ရှုတော်မူလိုက်သည်ရှိသော်။ ဒဿတိ၊ မြင်တော်မူလေ၏။ (ထည့်) ဣတိအာဒိနာ၊ ဤသို့အစရှိသည်ကို။ အာဟ၊ ၏။ (ထည့်)

ဤကဲ့သို့ သဗ္ဗညုတဉာဏ် ရှင်တော်သော်မှလည်း ဝေနေယျသတ္တဝါအပေါင်းတို့၏ အဇ္ဈာသယ အာသယကိန်းဟန် ဣန္ဒြေရင့် မရင့် ထောက်ချင့်တော်မူရကုန်သေး၏၊ ဤကဲ့သို့ ဣန္ဒြေ ရင့် မရင့် အာသယကိန်းဟန်ကို မထောက်ချင့်ပါဘဲနှင့် အင်မတန် ခက်ခဲနက်နဲလှစွာသော မဂ်ဉာဏ်တရားတော်မြတ်ကို ငါဘုရားသော်

မှုလည်း သခင်ျ သချၤာ ကမ္ဘာဘာက ပါရမီတော်တို့ကို ဖြည့်ကျင့်လျက် ခဲယဉ်းစွာ အောင်ဗောဓိညောင်နန်းဖြင့် သဗ္ဗညုတဉာဏ်တော် တည်းဟူသော အရဟတ္တမဂ်ပန်းကို ပန်ဆင်တော်မူခဲ့ရလေ၏၊ သေးနုတ်လှစွာသော သာဝက တို့၏ ပါရမီဉာဏ်နုကလေးတွေမှာ သတ္တမဇောစေတနာဖြင့် အထောက်အထား မရခဲ့ပါသော် ပစ္စက္ခဘဝ၌ ပဌမဇောစေတနာ ဖြစ်နိုင်ခြင်းငှါ ခဲယဉ်းလှပေ၏။

သို့ပါ၍ ဗုဒ္ဓုပ္ပါဒ နဝမခေတ်တော်ကြီးဝယ် မနုဿတ္တဒုလ္လဘကို ရပင်ရငြား ပါသော်လည်း ဘုရား အရိယာ သူတော်စွာတို့နှင့် သာသနာတော်မှာ တိုက်ဆိုင် မိပင် တိုက်ဆိုင်မိငြားပါသော်လည်း ခွင့်ခါမရက အဟောသိကံ ဖြစ်ရသေး၏၊ နက်နဲခက်ခဲပုံကို ပြဆိုရမည်မှာ ဘုရားရှင်သည် သဟံပတိသုတ်တော်၌ ဟော တော်မူသည်ကို ထောက်ရသော်—

ကိစ္ဆေန မေ အဓိဂတံ၊ ဟလံ ဒါနိ ပကာသိတုံ။
ရာဂဒေါသပရေတေဟိ၊ နာယံ ဓမ္မော သုသမ္ဗုဓော။

အနက်ကား ဘိက္ခဝေ၊ တို့။မေ-မယာ၊ ငါဘုရားသည်။ ကိစ္ဆေန၊ ငြိုငြို ငြင်ငြင် ခဲခဲယဉ်းယဉ်းဖြင့်။ အဓိဂတံ၊ ရအပ် ရောက်အပ် ရှာမှီးခဲ့ရလေပြီ။ ရာဂဒေါသပရေတေဟိ၊ ရာဂ,ဒေါသတို့သည် ကပ်ငြိနှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ဝါ- သူတို့သည်။ အယံဓမ္မော၊ ဤမဂ်ဉာဏ်တရား သစ္စာလေးပါးကို။ သုသမ္ဗုဓော၊ ပိုင်ပိုင်မိမိ ကောင်းစွာသိုးကွင်း၍ သိခြင်းငှါ။ ဝါ-သည်။ ဒါနိ ဣဒါနိ၊ ယခုအခါ၌။ ပကာသိတုံ၊ ပိုင်ပိုင်မိမိ ထင်ရှားပြရခြင်းငှါ။ အဟံ၊ ငါဘုရား သည်။ နာလံ-အသမတ္ထာ၊ စွမ်းနိုင်ချေမည်မဟုတ်။ တနည်း-မသင့်ချေ။

သို့ပါမူ၍ အင်မတန် ခဲယဉ်းလှ၍ ငါဘုရားသော်မှလည်း အဆက်စကား တချက်သောနားမှ ပုဗ္ဗေ အနနုဿုတေသု ဟူ၍ မကြားစဘူးလေရာ သစ္စာလေး ပါး မြတ်တရားကား အဘယ်မှာလျှင် သတ္တာဝါတို့ သိနိုင်ပါအံ့နည်း၊ ခဲ့ယဉ်းစွ ဟူ၏။

သို့ပါမူ၍ ရှေးပုညိဒ္ဓိကို ကြည့်ရှုတော်မူ၍ ပါရမီရှင် မဟုတ်ပါက သစ္စာ လေးပါး မဂ်တရားမရနိုင်ကြောင်း ကျမ်းဂန်၏ လဒ္ဓဂုဏ်ကို ပြလိုက်မည်။

ဒုဒ္ဒသန္တိ သဘာဝဂမ္ဘီရတ္တာ အတိသုခုမသန္တသဘာဝတ္တာ စ အနုပစိတ ဉာဏသမ္ဘာရေဟိ ပဿိတုံ န သက္ကာတိ ဒုဒ္ဒသံ။

ဥဒါန အဋ္ဌကထာ။

ဤကဲ့သို့ အဋ္ဌကထာ ပြဆိုတော်မူသည်ကို ထောက်ပါသဖြင့် အဘယ့်ကလောက်ပင် လောက၌ အနုဗောဓဉာဏ် ဝိဝဋ္ဋူပနိဿယသမ္ဘာရသဘောသို့ သက်ရောက်ပင် သက်ရောက်ငြားပါသော်လည်း ရှေးဉာဏ်တော်အရှင် သဗ္ဗညုတဉာဏ်သော်မှုပင် မတတ်နိုင်ကြောင်း လူသာမန် နတ်သာမန်တို့ သတိကြီးစွာ လိုကြ၏၊ အသင်ယောဂီတို့။

အနက်ကား ဒုဒ္ဒသန္တိ. ဟူသည်ကား။ သဘာဝဂမ္ဘီရတ္တာ စ၊ သဘောအားဖြင့် နက်နဲခက်ခဲသည် ဖြစ်၍ရင်း။ အတိသုခုမသန္တသဘာဝတ္တာ စ၊ အလွန်နူးညံ့သိမ်မွေ့သော ပရမတ်ဖြစ်၍ရင်း။ အနုပစိတဉာဏသမ္ဘာရေဟိ၊ ဘယ်ခါကာလဘယ်ဘဝတုံးကမှ ဖြည့်ဆည်းပူးခဲ့သော အဆောက်အဦ သမ္ဘာရမရှိခဲ့ကုန်သေးသော ယခုဘဝမှသာလျှင် ဝိဝဋ္ဋူပနိဿယသမ္ဘာရတို့ကြောင့်ဖြစ်သော ပါရမီဉာဏ်ရှိသော သူတို့သည်။ နိဗ္ဗာနံ၊ နိရောဓသစ္စာ နိဗ္ဗာန်ကို။ ပဿိတုံ၊ မျက်မှောက်ပြုခြင်းငှါ။ န သက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ဤသို့။ ဒုဒ္ဒသန္တိ၊ ဟူ၍။ ဘဂဝါ၊ သည်။ အာဟ၊ ပြီ။

ဤကဲ့သို့ မြတ်စွာဘုရား ကိုယ်တော်မြတ်သည် သုတ္တန်ဓမ္မက္ခန်ဖြင့် ဟောတော်မူကြောင်း သုတ္တန်ဓမ္မက္ခန် ဖြစ်လင့်ကစား ထိုသုတ္တန်ဓမ္မက္ခန်သည် မြတ်စွာဘုရားရှင် ကိုယ်တော်တိုင် သက်တော်ဝိညာဉ် ဇီဝိတိန္ဒြေ တည်စဉ်က အနုမောဒနာ ပြုပြီးသည့်နောက် ဝန်ခံဓမ္မသတ်ဟူ၍ သာသနာတော်၌ ထင်ရှားတော်မူခဲ့ကြောင်း မထေမဲ့မြင် မပြုကြစေကုန်လင့်၊ အသင်သူတော်ကောင်း အပေါင်းတို့။ ဓမ္မန္တရာယ်ဟူ၍ရင်း၊ ကဲ့ရဲ့သည် မည်ကုန်၏ဟူ၍ရင်း အကြောင်းကို ထောက်မြော်သော် –

"ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ အဝဏ္ဏံ ဘာသတိ၊ သံဃဿ အဝဏ္ဏံ ဘာသတိ" ဟု ကင်္ခါဝိတရဏီ အဋ္ဌကထာ၌ ဦးကျောက်ဉာဏ်နှင့် ထည့်သွင်း၍ လေးစားကြလေကုန်ဟူလို။မဂ္ဂန္တရာယ် ဖလန္တရာယ် ဖြစ်မည်စိုးပါ၍ ဘုရား အလို

ရှိတော်မူကြောင်း၊ ဘုရားရှင်၏ နှုတ်တော်တံဆိပ် ခပ်နှိပ်တော်မူကြောင်း ဝေဒလ္လအဋ္ဌကထာ ဘွင့်ပြတော်မူလိုရာဝယ် -

"အဟမ္ပိ ဝေမေဝ ဗျာကရေယျန္တိ ဣမာယ ဇိနဝစန မုဒ္ဒိကာယ လဉ္ဆိတတ္တာ အယံ သုတ္တန္တော အာဟစ္စ ဝစနေန ဇိနဘာသိတောနာမ" ဟုလာ၏။

အကြောင်းကို ပြရသော် ပြည့်ရှင်မင်း၏ လက်အောက်ခံ အရာခံ အပေါင်းတို့သည် ပြည့်ရှင်မင်း၏ ဥပဒေ ဓမ္မသတ်အရ တရားတထုံး ဖြတ်ဆိုလိုက်ပါက ပြည့်ရှင်မင်းထံသို့ တင်ပြက လက်မှတ် အမိန့် ချဘိသကဲ့သို့ တည်စေဟူ၍ရင်း၊ မှန်စေဟူ၍ရင်း ဤကဲ့သို့ လောကဥပမာ နှိုင်းခိုင်း၍ ကြည့်ပါသော် သုတ္တန်ဓမ္မက္ခန်အပေါင်းသည် မြတ်စွာဘုရား အမိန့်မပေးခဲ့ တော်မူပြီဟူ၍ မှတ်ယူရမည့်အကြောင်း။

အနက်ကား အဟမ္ပိ၊ ငါဘုရားသည်လည်း။ ဝေမေဝ၊ ဤအတိုင်းသာလျှင်။ ဗျာကရေယျံ၊ ဖြေကြားရာ၏။ ဣတိ၊ ဤသို့ကား။ တနည်း။ အဟမ္ပိ ဝေမေဝ ဗျာကရေယျန္တိ၊ ဟူသည်ကား။ ဣမာယ ဇိနဝစနမုဒ္ဒိကာယ၊ ဤမြတ်စွာဘုရား၏ စကားတော်တံဆိပ်ဖြင့်။ လဉ္ဆိတတ္တာ၊ ခပ်နှိပ်အပ်သည်၏အဖြစ်ကြောင့်။ အယံ သုတ္တန္တော၊ ဤသုတ္တန်အပေါင်းသည်။ အာဟစ္စ ဝစနေန၊ မြွက်ဟထုတ်ဘော်လိုသည်၏အဖြစ်ဖြင့်။ ဝါ- ကြောင့်။ ဇိနဘာဘိတော နာမ၊ ဇိနဘာသိတမည်သည်။ ဇာတော၊ ဖြစ်၏။ ဝါ- ပေ၏။

ဤအရာဌာန၌ကား ထောက်တည်ရာတရပ်ဖြင့် ဘွင့်ပြရသော် အရှင်မဟာကစ္စာယနမထေရ်သည် တဦးသော ဒါယကာ၏ ပျားရည်ဖြင့် လောင်းသော ဆွမ်းကို အလှူခံ၍ ပရာဘုတ်ရာဝယ် ကတညုတ ကတဝေဒီ ဂုဏ်ကျေးဇူးကို **သိ**တော်မူပါသဖြင့် မင်္ဂလာကို ဟောတော်မူရာဝယ် ထိုဒါယကာသည် ရှေးကလေ့ကျက်ခဲ့ဘူးသော ပရိစယ ပုညိဒ္ဓိအရှိန်ကြောင့် သောတာပတ္တိမဂ်ဖိုလ်သို့ ထိုဆွမ်းစသော အာမိသဒါနကြောင့် ပဋ္ဌမဇောစေတနာ သဟဇာတ ပစ္စယသတ္တိကြောင့် ထိုဒါယကာသည် သောတာပန်ဘဝသို့ ဆိုက်ရောက်သည် ဖြစ်ပါလျက် အချို့အချို့သော ပုထုဇဉ်ရဟန်းတို့က သဗ္ဗညုရှင်တော်၏ ရှေ့မျက်နှာ

တော်ကိုမှ မင့် ဘုရားရှင်ကို ဖယ်ထား၍ တလုပ်သော ဆွမ်းအာဟာရကို ဘိုး အနဂ္ဃထိုက်တန်လှသော မင်ဏိုဏ်ဖိုလ်ဏိုဏ်ကိုဟောရပါမည်လားလို့ ကဲ့ရဲ့သဂြိုဟ် ပြိန်ဖျင်းသော စကားတင်း ဆိုကြရာဝယ် ဘုရားရှင်၏ ထံမှောက်သို့ အကြောင်း ကို လျှောက်ထားကြသော် သံဃာတော်အပေါင်းတို့၏ ရှေ့မှောက်တွင်ပင်လျှင် မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်က ရွှေကြာကုမုဒ် ထုတ်ဖွင့်၍ ဟောတော် မူသည်မှာ—

ပဏ္ဍိတော ဘိက္ခဝေ မဟာကစ္စာယနော၊
မဟာပညော ဘိက္ခဝေ မဟာကစ္စာယနော။

ဟု ပဏ္ဏာသအဋ္ဌကထာ၌ မိန့်ဆိုတော်မူရာဝယ် -

**အနက်ကား** ဘိက္ခဝေ၊ တို့။မဟာကစ္စာယနော၊ ငါ၏ချစ်သားမဟာကစ္စာယ နမထေရ်သည်။ ပဏ္ဍိတော ဝတ၊ ပညာနှင့်ပြည့်စုံပါပေစွ။ ဘိက္ခဝေ၊တို့။မဟာ ကစ္စာယနော၊ ငါ၏ချစ်သား မဟာကစ္စာယနမထေရ်သည်။ မဟာပညော ဝတ၊ ဘုန်းတန်ခိုးရှိပါပေစွ။' (ကြီးသောဘုန်းဟူ)

အဲ ဤကဲ့သို့ အစောင်စောင်သောကျမ်း အထပ်ထပ်သော ဒေသနာ အကြောင်းကြောင်းတို့ကို ထောက်ဆတော်မူကြပါသဖြင့် ရဟန်း ရှင် လူ ယောဂီ ပညာရှိ အပေါင်းတို့သည် ဤနေရာ၌ပင်လျှင် ရွှေကိုယ်တော်မြတ်သည် "အဟမ္ပိ ဧဝ မေဝ ဗျာကရေယျန္တိ၊ လ။ဇိနဘာသိတောနာမ"ဟု ဤအရာဝယ် ဖြေကြား တော်မူကြောင်း ငါဘုရားကိုယ်တော်မြတ်လဲဘဲ ဤအတိုင်းသာ ဝန်ခံရပေမည် မလွှဲသာပေ ဖြေကြားရမည်ဟူ၏၊ ချစ်သားတို့ (နောက်ကယောဇနာခဲ့လေပြီ)

ဤနေရာ၌ ဤဒေသနာအရ ကိုယ်တော်မြတ်သည် မိန့်မြွက်တော်မူပြီး၍ ကျွတ်ထိုက်သော ပါရမီ ယောဂီရှင်အပေါင်းတို့အား ငါဘုရားနှင့်တတွ ငါ ဘုရား၏ သာဝက တပည့်များသည် အရှင်မဟာကစ္စာယနမထေရ်ကဲ့သို့ နောက် နားက ပြုတော်မူခဲ့သည်ကို ထောက်ပါသဖြင့် အရိယမဂ္ဂသို့ သက်သော ပုဂ္ဂိုလ် များသည် အတ္တဘာဝ အာဝီဘဝနာကာရဂုဏ်ကို ဆောင်လျက် အကာလိက ဂုဏ်တော်ဖြင့် ခံယူကြပါ၍ ရှေ့တွင် မျက်မှောက်၌ နည်းနာနိသျ ဆရာ့ထံက ခံယူခဲ့သော လဒ္ဓေါပဒေသ ဟတ္ထမုဋ္ဌိနည်းဖြင့် ပြည့်စုံစွာဆောင်လျက် သုတ္တ နိပါတ်အဋ္ဌကထာ၏အလို ဂုဏ်ကို ဆောင်၍ ပြုလိုရမည်မှာ -

ဗုဒ္ဓါနံ ဗုဒ္ဓသာဝကာနံ ဝါ သမ္မုခါ သုတာယ စတုပ္ပါဒိကာယာပိ ဂါထာယ ပရိယောသာနေ အရဟတ္တံ ပါပေတိ။ ဟု လာတော်မူ၏။

အနက်ကား ဗုဒ္ဓါနံ ဝါ၊ ဘုရားရှင်တို့၏ရင်း။ ဗုဒ္ဓသာဝကာနံ ဝါ၊ ဘုရား၏တပည့်သားသာဝကတို့၏ရင်း။ သမ္မုခါသုတာယ၊ ရှေ့တွင်မျက်မှောက်၌ကောင်းစွာဟောကြားအပ်သော။ ဝါ၊ တရားစကားသံကို။ (ထည့်) စတုပ္ပါဒိကာယ၊ လေးပါဒအစရှိသော။ ဂါထာယပိ၊ ဂါထာ၏လည်း။ပရိယောသာနေ၊ အဆုံး၌။ အရဟတ္တံ၊ ရဟန္တာအဖြစ်သို့။ ပါပေတိ၊ ရောက်၏။

အဲ ဤကဲ့သို့ သမ္မုခါသုတာယ အစရှိသော ဂါထာအားဖြင့် ထောက်ရလိုခဲ့သော် ရှေ့တော်မှောက်၌ ဘုရားနှင့်တကွ သာဝကတို့၏ရှေ့တွင် သန့်သင်ဆုံးမပြသလေ့လာကြကုန်သော ယောဂီသူမွန်တို့အား မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ အမှန်မုချရနိုင်ကြောင်း အထောက်အထားရှိလေ၏၊ အားထားဘွယ်ရာကား ယောဂီတို့ သတိချပ်တော်မူကြစေလို၏။

ဤကဲ့သို့ ဆရာကောင်းကို တွေ့အောင်ရှာကြပါကမှ ဟဗ္ဗမုဒ္ဓိနည်းဖြင့် ရနိုင်ကြကြောင်း၊ ထိုကဲ့သို့ ဆရာကောင်းနှင့် တွေ့ကြုံမှုသည် လိုလားပါက စူးစမ်းရှာဖွေခဲ့သည်ရှိသော် "မေးပါများစကားရ" ဆိုတာလို တစုံတယောက်သော သူ၏စကားကို ကြားဘူးပါကမှ ကြားခဲ့သော် သွား၍လည်း စုံစမ်းဘူးပါမှ, သို့မှသာလျှင် အကြားနှင့်အမြင် အတွေ့နှင့်အကြုံ တွေ့ခဲ့ပါသော်လည်း လိုလားသောသူကလည်း ယုံပါကမှ, ကြားတုန်းကတော့ တမျိုးထင် တွေ့တော့ တမျိုးမြင် အမြင်အကြား ဤကဲ့သို့ အချက် ဝေဘန်မှုစွက်ဘက်က ရူပ နိကာယ် သဒ္ဒနိကာယ် ဝေမတိကအရာဝယ် ကျမ်းရှေ့စာ ဒေသနာ သမ္မောဟ အဋ္ဌကထာ လာသည့် အရာကို သပ္ပုရိသံသ ထောက်ပြရာ သဘာဝ သိကြရမည်မှာ—

ပရတော သုတွာ ပဋိလဘတီတိ ထွေ ကမ္မာယတနာဒီနိ ပရေန ကြိယ မာနာနိ ဝါ ကတာနိ ဝါ ဒိသွာပိ ယဿကဿစိ ကထယမာနဿ ဝစနံ သုတွာပိ အာစရိယဿ သန္တိကေ ဥဂ္ဂဟေတွာပိ ပဋိလဒ္ဓါ။

သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

ဤကဲ့သို့ လာရှိ၏၊ သို့မှသာလျှင် ဟတ္ထမုဋ္ဌိနည်း နယူပဒေသ ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် ပြီးစေနိုင်ချိမ့်မည်၊ ကလျာဏမိတ္တ ဆရာကောင်း ရှာနည်းလည်းဟူ။ (သတိ)

အနက်ကား ပရတော သုတွာ ပဋိလဘတီတိ ဧတ္ထ၊ ဟူ သောဤပါဌ်၌။ ပရေန၊ တပါးသောသူသည်။ ကမ္မာယတနာဒိနိ၊ ပြုလုပ်ကျင့်ကြံအားထုတ်သောကံ အစရှိသည်တို့ကို။ ကြိယမာနာနိ ဝါ၊ ကျင့်ကြံဆဲကာလ၌ရင်း။ (အားထုတ်ဆဲငဲ့) ကတာနိ ဝါ၊ ကျင့်ပြီးသောကာလ၌ရင်း။ ဒိသွာပိ စ၊ မြင်လည်းမြင်ခဲ့၍ရင်း။ ယဿကဿစိ၊ အမှတ်မထား တပါးပါးသောသူ၏။ ကထယမာနဿ၊ ပြောဆိုသောသူ၏၊ ဝေနံ၊ စကားကို။ သုတွာပိ စ၊ ကြားခဲ့၍သော်ရင်း။ အာစရိယဿ၊ သံသရာကိုခြုံး တကယ်ဆုံးအောင် ပြသတတ်သော ဆရာ၏။ (အရိယာ ပုဂ္ဂိုလ်ငဲ့) သန္တိကေ၊ အထံ၌။ ဥဂ္ဂဟေတွာပိ၊ သင်ယူခဲ့၍လည်း။ ပဋိလဒ္ဓါ၊ ရခဲ့၏။

သို့မှသာလျှင် အာစရိယပရံပရ သိဿာနုသိဿ အဆက်ဆက်တို့၌ သာသနာ ၅၀၀၀ - ဆုံးနိုင်ချိမ့်မည်၊ ဆရာကိုလည်း အကဲခတ်တော်မူကြပါ။ ဤနေရာ၌ အရေးကြီးလှ၏ ဆရာမှားပါက ကပိလမထေရ်၏ ပုံနှုန်းမခြားအလားတူသာတည်း၊ ကပိလမထေရ်၏ အကြောင်းကား ဘော်ထုတ်၍ ရေးရမည်ဆိုလျှင် ကျမ်းကျယ်လွန်းလှ၏၊ သိလောက်ကြပေပြီ။

ဆရာများကလည်း အမှန်းပြဆရာလည်း ရှိတန်ရာ၏၊ အစမ်းပြဆရာလည်း ရှိတန်ရာ၏၊ အရမ်းပြ ဆရာကိုတော့ မဆိုသာပေ၊ ဤနေရာ၌ အမှန်ကို လိုလားကြစေလို၍ သတိပေးသော စကားမျှ ဖြစ်ချေ၏၊ ဆရာခရီးမရောက်ပါက တပည့်လည်း ခရီးရောက်မည် မဟုတ်ပေ၊ ဆရာမမှန်ပါက တပည့်လည်း မှန်မည်မဟုတ်ပေ၊ ဆရာမှားပါက တပည့်လည်း မှားရမည်မှာ မလွဲတော့ပေ။ ဤနေရာ၌ ဆရာသည်—

"ယေန မဗ္ဗေန ယေန သတ္တုသာသနေန"

ဤကဲ့သို့ ဗုဒ္ဓအနေအရ ဟတ္ထမုဋ္ဌိနည်း အမှန်ကို ရပါကမှ ရပင်ရပါသော်လည်း ပဋိလဒ္ဓ၏အရကို ပြောရမည်ဆိုလျှင် နိဒ္ဒါရဏအနေ ဒေသနာဖြင့် ဖွေရှာပါက—

"သဗ္ဗပတ္တော သုတ္တာယေဝ, ပဋိလဒ္ဓါတံ ဝေဒိတဗ္ဗာ" ဟု ဋီကာလာရာဝယ် သဗ္ဗပတ္တော၊ အလုံးစုံတို့မှ နောက်။ သုတ္တာယေဝ၊ ကြားခဲ့မှသာလျှင်။ ပဋိလဒ္ဓါတိ၊ ဟူ၍။ ဝေဒိတဗ္ဗာ၊ အပ်၏။

ဤကဲ့သို့ နိဒ္ဒါရဏဖြင့် လေးနက်စွာ သိအပ်ကြောင်း သို့မှသာလျှင် မြတ်စွာဘုရား ကိုယ်တော်မြတ်သည် မဂ်ဉာဏ်ဖိုလ်ဉာဏ်တို့ဖြင့် နက်နဲ ခက်ခဲကြောင်းကို သဟံပတိသုတ်၌ အကြံတော်ဖြင့် လေးလှ၍ ညည်းညူတော်မူလျက်၊ဝါ-ညည်းတွားတော်မူလိုရကား—

သတ္တဝါတို့၏ ဖြစ်ဟန် ပဋိသန္ဓေနေဟန် ပဋိစ္စသမုပ္ပါဒ်တို့၏ ဆက်စပ်ဟန် လေးပါးသော သစ္စာတို့၏ နက်နဲဟန်တို့ကို ခဲယဉ်းကြောင်း သမ္မောဟအဋ္ဌကထာ၌ လာတော်မူသည်ကို ဘွင့်ပြတော်မူသည်မှာ အရှင်ပညာရှိတို့။

သစ္စာသတ္တော ပဋိသန္ဓိ၊ ပစ္စယာကာရမေဝ စ။
ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုဉ္စ သုဒုက္ကရာ။
သမ္မောဟဝိနောဒနီ အဋ္ဌကထာ။

**အနက်ကား** သစ္စာ စ၊ သစ္စာလေးပါး မြတ်တရားကို ထိုးထွင်းသိရန် ခက်ခဲဟန်ဖြင့်ရင်း။ သတ္တော စ၊ သတ္တဝါတို့ ကံ စိတ် ရုပ်နာမ် ပေါင်းဆုံမိရန် သိခြင်းဟန်ဖြင့်ရင်း။ပဋိသန္ဓိ စ၊သဘာဝနှစ်တန် ဇာတိမှန်ကို သိဟန်ခဲခက် ဉာဏ်နဲနက်သည်ဖြစ်၍ရင်း။ ပစ္စယာကာရမေဝ စ၊ ခြင်းရာ နှစ်ဆယ် လေးပါးအလွှာ သုံးပါးအစပ် သမုပ္ပါဒ်ဖြင့်ရင်း။ စတုရောဓမ္မာ၊ သစ္စာ သတ္တဝါ ဇာတိ သမုဋ္ဌာန် လေးပါးဟန်တို့ကို။ ဒုဒ္ဒသာ၊ သိရန်တနဲ မြင်နိုင်ခဲ၏။ သာ၊ ထိုတရားပေါင်းစု ဟောပြောမှုကို။ နရော၊ လူသည်။ (ထည့်) ဒေသေတုဉ္စ၊ ဟောကြားခြင်းငှါလည်း။ သုဒုက္ကရာ၊ အလွန်နက်နဲ ခက်ခဲလှကုန်၏။ ဝါ-မလွယ်။

ဤကဲ့သို့ ခက်ခဲနက်နဲကြောင်းကို လူသာမန် နတ်သာမန် မဆိုထားဘိဦး၊ ဗုဒ္ဓဉာဏ်တော်၏ လက်ျာရံ သားကြီး သြရသ အရှင်သာရိပုတ္တရာ မထေရ်မြတ်၏ လေ်ာင်းလျာ နှစ်ဦးအခါက ဥပတိဿသော်မှလည်း အရှင်အဿဇိထံ နှစ်ပါဒသော ဒေသနာတော် နာကြားရမှသာလျှင် တထောင်သော နည်းဖြင့်

ဒေသနာတော်တို့ကို တန်ဆာဆင်လျက် သာသနာတော်၌ ထင်ရှားတော်မူခဲ့ ကြောင်း ဒေသနာတော်အလာကို ပြရလျှင်–

ထေရောပိ ဒသသတသဟဿာဓိကံ အသင်္ချေယျံ ပါရမိယော ပုရေတွာ၀ အတ္တနော ဓမ္မတာယ အနုမတ္တမ္ပိ ကိလေသဇဋံ ပဇဟိတုံ နာသက္ခိ။
ဝိနယဋီကာ။

**အနက်ကား** ထေရောပိ၊ အရှင်သာရိပုတ္တရာ မထေရ်ကြီးသော်မှလည်း။ ဒသသတသဟဿာဓိကံ၊ ကမ္ဘာတသိန်း အလွန်ရှိကုန်သော။ အသင်္ချေယျံ၊ တသင်္ချေကာလပတ်လုံး။ ပါရမိယော၊ ပါရမီတော်တို့ကို။ ပုရေတွာ၀၊ ဖြည့်ကျင့်တော်မူပြီးမှသာလျှင်။ အတ္တနော၊ မိမိ၏။ ဓမ္မတာယ၊ အလိုအားဖြင့်။ အနုမတ္တမ္ပိ၊ အဏုမြူခန့်မျှဖြင့်လည်း။ ကိလေသဇဋံ၊ ကိလေသာတည်းဟူသော အညစ်အကြေးကို။ပဇဟိတုံ၊ ပယ်ခြင်းငှါ။ နာသက္ခိ၊ မတတ်နိုင်ချေ။

အဲ-ဤဒေသနာတော်ကို ထောက်ပါသဖြင့် လူသာမန် နတ်သာမန်ကို မဆိုထားဘိ ပညာတော်အရာ ဧတဒဂ် အရှင် ဖြစ်တော်မူသော အရှင်သာရိပုတ္တရာ မထေရ်ကြီးသော်မှလည်း တသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်တို့ကို ဖြည့်ကျင့်ရကုန်သေး၏၊ ဤအရာ၀ယ် ပါရမီဖြင့် မပါကြကုန်သော သူတို့သည် ထင်မိထင်ရာ ရောက်မိရောက်ရာ နည်းမှန် လမ်းမှန်ကို မသိကြပါဘဲလျက် လုပ်မိလုပ်ရာ ကြားမိကြားရာ သာမန်ဖြင့် တွေ့ရှိရသော စာဥပလေးနှင့် စိတ်ထင် သလို လုပ်ပါက အဘယ်မှာလျှင် အမှန်မုချ သိနိုင်ပါအံ့နည်း၊ ပါရမီနှင့်လာခဲ့ သော အရှင် သာရိပုတ္တရာ မထေရ်ကြီးသော်မှလည်း ရှင်အဿဇိထေရ်ငယ် ကလေးထံသို့ ကြွမြန်းတော်မူရချေသေး၏။

ကြွမြန်းတော်မူပုံကား ထိုအရှင်သာရိပုတ္တရာ မထေရ် လောင်းလျာသည် သိဉ္စည်း ပရိဗိုဇ်ဆရာကြီးထံ၌ ရောက်၍ နေခဲ့လေရာ တနေ့သောအခါ၀ယ် ထိုသိဉ္စည်း ပရိဗိုဇ်ဆရာကြီး၏ တုံးခုန်မှု မီးလှုံမှု ရေမျှောမှုတို့သည် နိရတ္ထက အချည်းနှီးမျှသာဟု ပါရမီရင်အားလျော်စွာ ဆင်ခြင်ခဲ့သော် အာမိသအရ နိဂမဌာန ခရီးလမ်းမအကျ၀ယ် အရှင်အဿဇိထေရ်ငယ်ကို တွေ့မြင်ကာမတ္တမျှ ဖြင့် ကြည်လင်လှစွာသော ပသာဒဂုဏ်ဖြင့် စိတ်ထားလျက် နောက်တော်မှ

လိုက်၍ ပြုအပ်ပြုသင့် ပြုထိုက်သော သက္ကစ္စဂုဏ်ဖြင့် ဆောင်လျက် ပဋိသန္ထာရ စကားဖြင့် လျှောက်ထားရာဝယ်–

ထိုသို့သောကာလ အဿဇိထေရ်ငယ်က သဗ္ဗညုရွှေဉာဏ်နှင့်တကွ မဟာသာဝက ကြီးများအရာကို ငဲ့ထား၍ ငါသည် ထေရ်ငယ်ဖြစ်ပါ၍ အနည်းငယ်မျှသာ ဖွင့်ဟခဲ့သော် ထိုသို့ ဖွင့်ဟ၍ ပြောပါက ဥပတိဿ ပရိဗ္ဗာဇကရသေ့က အနည်းငယ်မျှသော ဒေသနာတော်ကို တောင်းပန်ပါက နှစ်ပါဒမျှသော ဂါထာဖြင့် ဟောကြားရာဝယ် ဟောကြားတော်မူအပ်သော ဂါထာကား–

ယေ ဓမ္မာ ဟေတုပ္ပဘဝါတိ အာဒိံ အဿဇိထေရဿ ဓမ္မံ သုတွာဝ
အဿ အညာတာရော ဘဝိဿတိ။

ဟု လာသည်ကို ထောက်ပါသဖြင့် -

အနက်ကား အဿဇိထေရဿ၊ အရှင်အဿဇိမထေရ်၏။ သန္တိကာ၊ မှ။ (ထည့်) ယေဓမ္မာဟေတုပ္ပဘဝါဘိအာဒိံ၊ အစရှိသော။ ဓမ္မံ၊ တရားကို။ သုတွာဝ၊ နာကြားရမှသာလျှင်။အဿ၊ ထိုအရှင်သာရိပုတ္တရာမထေရ်ကြီးအား။ အညာတာရော၊ တရားအပေါင်းကို ထိုးထွင်း၍သိသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

အဲ ဤကဲ့သို့ ယောဂီအပေါင်းတို့ သတိဖြင့် ဆင်ခြင်ကြရာဝယ် အရှင်သာရိပုတ္တရာ မထေရ်ကြီး၏ ပါရမီတော်တို့ကို ထောက်ရှုပါသဖြင့် ငါတို့၏ ပါရမီသည်ကား မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရကြရာဝယ် အသင်အမြင့်မှု မသေးကြစေလို၍ ဒီပင်္ကရာ ဘုရားရှင် ကိုယ်တော်မြတ်၏ သာသနာတော်မှ ပြန်၍ရေသည်ရှိသော် သုပြဟ္မဒေဝ မြတ်စွာဘုရား လက်ထက်တော်ကပင် ပေါရာဏဂေါဘမမှ အစပြု၍ သင်္ချေနှစ်ဆယ်ထက်က လာခဲ့လေရာ နှစ်သိန်း, တသောင်း, နှစ်ထောင်, တရာ့, ခုနစ်ဆယ့်ခြောက်ဆူ၊ (တနည်းလည်း ကိုးဆူအထိ) ငါတို့၏ အရှင်ဂေါတမဘုရား သုမေဓာရသေ့၏ နိယတဗျာဒိတ်ပွဲတွင် သူဌေးသမီး သုမိတ္တာနှင့်တကွ မောင်းမပေါင်း လေးသောင်း ခြံရံလျက် ငါတို့ ကပိလဝတ် သာကီနွယ်အဆက်မှ လာခဲ့သော မယ်တော်မျိုး ခမည်းတော်မျိုးတို့တွင် ဒီပင်္ကရာဘုရားရှင်ကပင် ရွှေနှုတ်တော်ကြာကုမုဒ် ထုတ်ဟ၍ဖွင့်သော အတိတ်ဖြင့် နိယတဗျာဒိတ် ခတ်နှိပ်၍ လာခဲ့ကြကုန်သော ငါတို့သည်ကား ဂေါတမရှင်၏ ပရိနိဗ္ဗာန်ပွဲတွင်

မန္ဒနိုင်ကြကုန်၍ ပုဗ္ဗဏှသမယကဏ္ဍ၌ ဉာတတ္ထစရိယဂုဏ်ဖြင့် အာရုံသိမ်းပုံကို မိန့်မြွက်တော်မူခဲ့ပုံကား—

ပဒက္ခိဏာနိ ကတွာန၊ လဒ္ဓတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။
ပုဗ္ဗဏှသုတ်။

အဲ ဤကဲ့သို့ ဒေသနာတော်အရ ယခုထက်တိုင် ထင်ရှားခဲ့လေကြောင်း ကြီးငယ်မဟူ ခပ်သိမ်းသူတို့။

**အနက်ကား** တေ၊ ထိုကပိလဝတ်နေပြည် ရာဇဌာနီ ငါတို့သာကီမျိုးတို့သည်။ ပဒက္ခိဏာနိ၊ မြတ်ကုန်သော မင်္ဂလာ ဖိုလ်ဉာဏ်တရားတို့ကို။ ကတွာန- ကတွာဝ၊ ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်ပြီး၍သာလျှင်။ ပဒက္ခိဏာနိ၊ မြတ်ကုန်သော။အတ္ထေ၊ အကျိုးတို့ကို။လဒ္ဓန္တိ၊ ရရစ်ကြလေကုန်၏။ အတ္ထလဒ္ဓါ၊ ရအပ်ပြီးသော အကျိုးရှိကုန်သော။တေ၊ ထိုကပိလဝတ် နေပြည် ရာဇဌာနီငါတို့ သာကီမျိုးတို့သည်။ သုခိတာ-သုခိတာယ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာရစ်ကြကုန် သည်ဖြစ်၍။ ဗုဒ္ဓသာသနေ၊ ရှင်တော်မြတ်ဘုရား တည်ထားမိန့်မှာ ငါးထောင်သာသနာတော်မြတ်ကြီး၌။ ဝါ-ဘဘကြီးဘုရား တည်ထားမိန့်မှာ ငါးသောင်သာသနာဘော်မြတ်ကြီးကို။ ဝိရုဠှာ ဝိရုဠှာယ၊ ဆထက်လွန်ကြူး အထူးတိုးပွား ရစ်ကြလေကုန်သည်ဖြစ်၍။ သဗ္ဗေဟိ၊ ခပ်သိမ်းကုန်သော။ ဉာတိဘိ၊ ကပိလဝတ် နေပြည် ငါတို့သာကီမျိုးတို့နှင့်။သဟ၊ အမျှအတူ တကွယူ။ အရောဂါ၊ကိုးဆယ့်ခြောက်ဖြာဘေးဘယာ ကင်းရစ်ကြပါစေ။သုခိတာ၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ ရစ်ကြပါစေ။ ဟောထ၊ မုချမသွေ အမှန်ဖြစ်ရစ်ကြပါစေ။ နိဒ္ဒိဋ္ဌာ၊ ခန္ဓာဇာတ် သိမ်း၍ ပြတ်ငြိမ်းရစ်ကြပါစေ။

အဲ ဤဒေသနာတော်ကို ထောက်ပါသဖြင့် ကိုယ်တော်မြတ်သည် "ဗုဒ္ဓတ္ထ- စရိယ ဉာတတ္ထစရိယ လောကတ္ထစရိယ"ဟု စရိယသုံးဖြာ၌ အောင်တော်မူခဲ့ပါ၍ မဟာပရိနိဗ္ဗာန်ပွဲ နွဲသည့်တိုင်အောင် ဟဒယဝတ္ထု ဘဝင်တော်ဖြင့် သိမ်းဆည်း လျက် မဟာကရုဏာ မေတ္တာ ထားတော်မူခဲ့သည်မှာ—

ငါဘုရားဆိုက်ရောက်တော်မူသော မဟာပရိနိဗ္ဗာန ရွှေဘုံသို့ ဝေနေယျ အားသေး သတ္တဝါအနုကလေးတွေကို တဖြည်းဖြည်းရင့်မှာ တအိအိပါလာ၍ စခန်းထောက် ကူးတို့ခံ အဆင့်ဆင့်အကြံနှင့် အံခဲကာ လိုက်ခဲ့ကြသော် ဆိုက် ရောက်ကြသည်ကို မြင်တော်မူ၍ ရင့်ပြီးသော ပဒုမ္မာကြာကဲ့သို့ ပွင့်ချိန်တန် လျှင် ပွင့်လိမ့်မည်ဟူ၍ ရေနှင့်ကြာ နေအရုဏ်သာပါက ပွင့်မည့်ရွှေပဒုမ္မာကို ဆင်ခြင်ကာ မြင်တော်မူပါလျက် ရွှေရွှေသော ဘုရားရှင်တို့၏ ရွှေလက်ထက် ထံတော်က ပါလာခဲ့သော ပါရမီရွှေဗျာဒိတ်ကို ခပ်နှိပ်ခဲ့သည်အမှန်မို့ ဒေသနာ အရ ပြရမည်ဆိုပါက မဟာပဓာနဋီကာ၌ ဘွင့်ပြတော်မူရာဝယ် -

ဘဝိဿန္တိတိ ပုရိမဗုဒ္ဓါနံ သန္တိကေ ဒါနသီလာဒိဝသေန ကတာဓိကာ ရာ ကတပဒုမာနိ ဝိယ သူရိယရသ္မိသမ္ဖဿံ ဓမ္မဒေသနာယ အာကင်္ခမာနာ ဒေသနာပရိယောသာနေ အရိယဘူမိံ ဩက္ကမတိ။

ဟုလာတော်မူသည်ကို ထောက်ပါသဖြင့် အားထားဘွယ်ရာရှိပေစွ၊ အသင် ယောဂီအပေါင်းတို့။

**အနက်ကား** ဘဝိဿန္တိတိ၊ ဟူသည်ကား။ ပုရိမဗုဒ္ဓါနံ၊ ရှေးဘုရားရှင်တို့၏။ သန္တိကေ၊ အထံတော်က။ ဒါနသီလာဒိဝသေန၊ ဒါနသီလစသည်တို့၏အစွမ်း ဖြင့်။ ကတာဓိကာရာ၊ ဖြည့်ဆည်းပူးအပ်ခဲ့သော ပါရမီတို့သည်။ ကတပဒုမာနိ၊ ရင့်ခြင်းသို့ရောက်ပြီးသော ပဒုမ္မာကြာတို့သည်။ သူရိယရသ္မိသမ္ဖဿံ၊ နေတည်း ဟူသောအရောင်နှင့်တွေ့ထိခြင်းကို။ အာကင်္ခမာနာ၊ မြှော်ငံ့၍နေသည့်အလား။ ဧဝမေဝ၊ ဤအတူသာလျှင်။ ဓမ္မဒေသနာယ၊ တရားတော်၏အသံတော်ကို။ အာကင်္ခမာနာ ဝိယ၊ မြှော်လင့်ဆိုင်းငံ့၍ နေဘိသကဲ့သို့။ ဒေသနာပရိယော သာနေ၊ ဒေသနာတော်၏အဆုံး၌။ အရိယဘူမိံ၊ အရိယာဘုံဘဝသို့။ ဩက္က မတိ၊ သက်လေတော့၏။

ဤ၌ကား အားထားဘွယ်ရာကို ထောက်ပါသဖြင့် ဤနေရာက တိုက်တွန်း ခဲ့သည်မှာ အကြင်ပညာရှိအပေါင်းတို့သည် အရာမကသော လောင်းလျာ အထောင်မကသော လောင်းလျာတို့သည် နိယတရွှေဗျာဒိတ်ဖြင့် ဤဋီကာရိပ် အနေဖြင့် ထင်ရှားစွာ ပြလိုက်သည်မှာ မဟာပဓာနဘာဝနာအရ -

န ဧကော န ဒွေဝါ အနေကသတသဟဿာနိ ဓမ္မဿ အညာတာရော ဘဝိဿန္တိ ဣတိ နိဒ္ဒိဋ္ဌော။

ဤသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ထုတ်ဖေါ်အပ်သော ထေရ်အရှင်ကိုယ်တိုင်က ဟတ္ထမုဋ္ဌိနည်းနှင့်တကွ နယူပဒေသဂုဏ်ကို ဆောင်လျက် အားပေးတိုက်တွန်းတော်မူလို၍ -

**အနက်ကား** န ဧကော၊ တယောက်လည်းမက။ န ဒွေဝါ၊ နှစ်ယောက်လည်းမကကုန်သော။ အနေကသတသဟဿာနိ၊ အသောင်းအသိန်းမက များလှစွာကုန်သော သူတို့သည်။ ဓမ္မဿ၊ တရားအပေါင်းကို။ အညာတာရော၊ ထိုးထွင်း၍သိသည်။ ဘဝိဿန္တိ၊ ကုန်လိမ့်လတ့်။ ဣတိ၊ ကား။ နိဒ္ဒိဋ္ဌော၊ အပ်၏။

ဤကဲ့သို့ဗုဒ္ဓမတညု အရာတော်ဖြင့် ရှင်တော်ဘုရား ဟောကြားတော်မူအပ်သည်ကို မည်သူတဦးတယောက်ကမှ အယုံကင်းမဲ့စွာ မရှိလေကြကုန်လင့်၊ ဤအကြောင်းကို ထောက်ဆတော်မူကြပါလျှင် အဘယ်မည်သောသူတို့သည် တတ်နိုင်ပါအံ့နည်း၊ အဘယ်သို့သောသူသည် ထောက်တည်ရာ ရနိုင်ပါအံ့နည်း၊ မဟာပဒေသအလယ်၌ ခိုင်လုံစွာပြုလို၍ ဝေနေယျသတ္တဝါတို့၏ ပစ္ဆိမဘဝိကကို ရှင်တော်မြတ်မှတပါး သိခြင်းငှါ အဘယ်သူမှ မတတ်နိုင်ချေ၊ ပါရမီနှင့်လာခဲ့သော ရှေးပုညိဒ္ဓိရှင် ပစ္ဆိမဘဝိက အသက်အပိုင်းအခြားကို သိလို၍ ဘွင့်ထုတ်တော်မူလိုသော် ရွှေညဏ်တော်ကွန်ယက်ဖြင့် ဖြန့်လို၍ အဓိကာရပုဂ္ဂိုလ်တို့၏ ပါရမီကား လက်ရုံးပေါင်းတထောင်နှင့် ပြည့်စုံသော မာရ်မင်းသော်မှလည်း တားဆီးပိတ်ပင်ခြင်းငှါ မတတ်နိုင်ချေရကား သို့ပါသောကြောင့်—

ကေသံ ဟိ ဝိသယော ဧသ၊ ပတိဋ္ဌံ ကေ လဘိဿရေ။
ဝိနာ ကမ္မသမာဒါန၊ ဉာဏသာမိ မဟေသိနာ။

မဟာပဓာနဋီကာ။

**အနက်ကား** ဘော၊ တို့။ ကမ္မသမာဒါနဉာဏသာမိမဟေသိနာ၊ ကမ္မသမာဒါနဉာဏ်ကို အစိုးရတော်မူသော မြတ်စွာဘုရားသခင်သည်။ ဝိနာ၊ ၍။ ဧသ-ဧသော၊ ဤသာဝကတို့၏ အန္တိမ ပရိစ္ဆေဒကို ပိုင်းခြား၍ သိနိုင်ခြင်းသည်။ ကေသံ၊ အဘယ်အမည်ရှိသောသူတို့၏။ ဝိသယောဒေသော၊

အရာဟုတ်ချေတော့အံ့နည်း။ ထွေ၊ ဤအရာ၌။ ကေ၊ အဘယ်အမည်ရှိသော သူတို့သည်။ ပတိဋ္ဌံ၊ ထောက်တည်ရာကို။ လဘိဿရေ၊ ရနိုင်ပါအံ့နည်း။

ဤဋီကာစကားရပ်ဖြင့် ထောက်ဆတော်မူကြပါသဖြင့် ရှေ့ကိုယ်တော်မြတ်၏ အာဘောဂတော်ဖြင့် ထင်ရှားခဲ့လေသောကြောင့် အပြစ်တင်ကင်းကြစေလိုရကား မဂ်အထပ် ဖိုလ်အစဉ်တို့ကို စိတ္တဝိသုဒ္ဓိဖြင့် ဖြတ်လျက် ယုံမှားသံသယ ရှင်းကြစေခြင်းအလို့ငှါ ကိုယ်တော်မြတ်၏ အနုမောဒနာဉာဏ်ချက်ကို သိတော်မူကြစေလို၍ ဓမ္မသတ်အချက်ဖြင့် ဖြတ်၍ ပြရမည်ကို ဥဒါန်းတော်ဒေသနာ လာသည်နှင့်အညီ ထောက်ပြမူပါသဖြင့် ၎င်းအဋ္ဌကထာ၌ကား–

သတ္ထာရာ ဒေသိတောတိ အနုမောဒိတကာလတော ပဋ္ဌာယ ပန သကလံ သုတ္တံ ဗုဒ္ဓဘာသိတမေဝ နာမ ဇာတံ။

ဟု ဟောတော်မူခဲ့ကြောင်း ခိုင်လုံလေစွ။

အနက်ကား ဘိက္ခဝေ၊ တို့။ သတ္ထာရာ၊ သည်။ ဒေသိတော၊ အပ်၏။ ဣတိအယံ၊ ကား။ အာဟ ၏။ တနည်း။ သတ္ထာရာဒေသိတောတိ၊ ဟူသည်ကား။ အနုမောဒိတကာလတော၊ အနုမောဒနာ ပြုရာကာလမှ။ (ချီးမွမ်းတော်မူသည်သို့ငှဲ) ပဋ္ဌာယ ပန၊ အစပြု၍ကား။ သကလံ၊ ဒ စုံသော။ သုတ္တံ၊ သုတ်အပေါင်းသည်။ ဗုဒ္ဓဘာသိတမေဝနာမံ၊ ဘုရားကိုယ်တော်တိုင်သာလျှင် ဟောတော်မူသည်မည်သည်။ ဇာတံ၊ ဖြစ်၏။

အဲ ဤကဲ့သို့ ဒေသနာအစဉ်များသည် သုတ်အပေါင်းနှင့်တကွ ဗုဒ္ဓဘာသိတ ဟူ၍ပင် အကြင်ပညာရှိအပေါင်းတို့အား အထောက်အထား ခိုင်လုံစွာဖြင့် သံသယ ရှင်းကြစေလိုကြောင်း၊ သို့မှသာလျှင် ၅၀၀၀ - သာသနာတော်ကြီး၏ အတွင်းငယ် စရဏဂုဏ်ဖြင့် ပြည့်စုံလုံလောက်ကြပါကုန်၍ သပ္ပုရိသံသထံ၌ ချဉ်းကပ်၍ နည်းမှန် လမ်းမှန်ကို အမှန်ရှာကြလျက် မိမိ၏ အထင်အတွေးနှင့် ဆရာကင်းပါက မဖြစ်နိုင်ချေ၊ မရနိုင်ဟူ၏။ ငယ်သည် ကြီးသည်ကို မဆိုထား ပါမူ၍ "မဟာနာဂါပဝတ္တိလ၊ ဆရာ ကိုယ့်တပည့်။ ဒါနသ်လာ၊ သံဃ ရာ၊ လည် တာမရှိဘိ။ ကုသိုလ်ပြုရာ၊ ငါကပါ၊ ငါသာလည်တော့၏။"

ဤစာတမ်းကို သတိပြု၍ ကိုယ့်အထင်နှင့်ကိုယ်, ကိုယ့်အတွေးနှင့်ကိုယ် မြတ်စွာဘုရား ကွဲရှဲသော ရဟန်းကဲ့သို့ မဖြစ်ကြစေလိုမှု၍ သို့သော် မြတ်စွာဘုရား ကဲ့ရဲ့တဲ့ရဟန်း ၄-ပါးရှိသတဲ့၊ လေးပါးကို ပြရလျှင် ဓမ္မပဒ အဋ္ဌကထာ ဝယ်—

၁ လမ်းဆုံ လမ်းမ လမ်းလေးခွ၌ အဆောက်အဦပြု၍ အသက်မွေးမှု ပြုသော ရဟန်း။

၂ မီးကိုသာ လုပ်ကျွေး၍ အသက်မွေးမှုပြုသော ရဟန်း။

၃ သူ့အလိုလို ကြွေကျမှ သက်သတ်လွတ် အသက်မွေးမှုပြုသော ရဟန်း။

၄ တောထဲ၌ တကိုယ်တည်းနေ၍ အသက်မွေးမှု ပြုသောရဟန်း။

ဤရဟန်းလေးပါးကား ဘုရားကဲ့ရဲ့၏ ဟူလို။ အဘယ်ကြောင့် ကဲ့ရဲ့ပါ သနည်းဟူရာဝယ် လမ်းဆုံ လမ်းမ လမ်းလေးခွ၌ အဆောက်အဦပြု၍ အလှူခံ ရာဝယ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရမည် မရမည် စဉ်းစားအပ်၏။

မီးလုပ်ကျွေးနေလျှင်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရမည် မရမည် စဉ်းစား အပ်၏၊ ကြွေကျသည့် သစ်သီးဝလံကို သူ့သက်သားမပါဘဲနှင့် စားနေလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရမည် မရမည် စဉ်းစားအပ်၏၊တောထဲ၌ တယောက်ထည်း သွားနေလျှင် ဧကစာအယူဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရမည် မရမည် စဉ်းစား အပ်၏၊ သို့သော် မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပါက အတိုင်းထက်အလွန် ချီးမွမ်း ထိုက်ပါပေ၏၊ ဘုရားကဲ့ရဲ့မှုကို သိလိုရေးဖြင့်သာ ဖေါ်ထုတ်ခဲ့ရပေ၏၊ သို့သော် အကျင့်မှန်နှင့်ပြည့်စုံမှသာ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရမည် ဟူခဲ့၏၊ တောထဲသို့ သွား၍ မနေပင်နေပါငြားသော်လည်း အကျင့်မမှန်က ရမည် မဟုတ်ပေ၊သို့သော် ရှေးဆရာတော်တို့ ရေးစပ်ခဲ့သည်မှာ ဝစနာလင်္ကာရအရာ စာတမ်းကလေးဖြင့် တွေ့ရှိခဲ့ဘူးသည်မှာ—

သစ်တပင်ရင်း၊ ဝါးတပင်အောက်၊ တယောက်တောင်ပေါ်၊ အဖေါ် မတွေ့၊ ရသေ့ ရဟန်း၊ သစ်သီးဆွမ်းနှင့်၊ စောင်း စမ်း ရိပ် မြိုင်၊ တောဂနိုင် ဝယ်၊ တပင်တိုင်စံ၊ လူသံမကြား၊ ပုတီးများကို၊ ဆွဲထားလက်စိပ်၊ တိတ်

တဆိတ်ဖြင့်၊ ဆိတ်ငြိမ်မှီကပ်၊ တရားမြတ်ကို၊ ရမည်ထင်မှတ်၊ စိတ်ထင် လတ်၍၊ ဆရာမမှီး၊ ခန္ဓာနည်း၌၊ လုပ်နည်းမမှန်၊ သိဉာဏ်မစူး၊ ရှေးဦး စကား၊ ပြောသံကြားတိုင်း၊ အယူစိုင်း၍၊ လုပ်တိုင်းမဟုတ်၊ သိပယ်ရှုတ် သည်၊ ဗုဒ္ဓဥပဒေ၊ လွဲချော်တည်း။

အဲ ဒီစာတမ်းလေးကို ထောက်ပါသဖြင့် မိမိ ထင်တိုင်းလည်းမဟုတ်၊ ကြား တိုင်းလည်းမဟုတ်၊ လုပ်မိလုပ်ရာ အထင်နှင့်အတွေးကို အရေးမထားပါဘဲ သပ္ပုရိသံသေဝံ နည်းခံရမည်မှာ ဒေသနာအလာ ကျမ်းဖြင့် ဖော်ရှာရမည်မှာ မည်သူမှ မငြင်းသာ၍ ဖွင့်ပြလေရကား —

ပဌမဇ္ဈာနာဒိသု အညတရံ ဈာနံ သမာပဇ္ဇိတွာ တတော ဝုဋ္ဌာယ ပကိဏ္ဏကသင်္ခါရေ သမ္မသိတွာ မဂ္ဂေါ ဥပ္ပါဒိတော ဟောတိ။

ဝိဘာဝနီဋီကာ။

ဤကဲ့သို့ ရှင်သုမင်္ဂလသာမိ ဋီကာရှင်ပြသည်ကို ထောက်ပါသဖြင့် ပဌမဈာန် ကို ဝင်စား၊ ထိုပဌမဈာန်မှထ၍ ဒုတိယဈာန်မှ ဈာန်အစဉ်တိုင်အောင် ဝင်စား ကာ သုံးသပ်ပါလျက် ဆရာကောင်းပါက စတုတ္ထဈာန်သို့ ထိုစတုတ္ထဈာန်မှ နာမရူပ ပရိစ္ဆေဒဉာဏ်တိုင်အောင် ညွှတ်ပါ၍ အဒ္ဓါနပရိဂ္ဂဟဉာဏ်,ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ် ပရိညာစခန်းသို့ ရောက်ပါ၍ တီရဏပရိညာဉ်ဖြင့် ဉာဏ်သုံးပါး ပိုင်မှသာလျှင် အရှင်ပညာရှိအပေါင်းတို့ သတိမူကြပါကုန်။

ဤနေရာမှ ထိုဂါထာ၏အနက်ကို သမ္ဗန်လိုရကား -

ပဌမဇ္ဈာနာဒိသု၊ ပဌမဈာန် အစရှိသည်တို့တွင်။ အညတရံ ဈာနံ၊ တပါး ပါးသော ဈာန်ကို။ သမာပဇ္ဇိတွာ၊ သုံးသပ်၍။ ဝါ-ဝင်စား၍။ တတော၊ ထိုဈာန်မှ။ ဝုဋ္ဌာယ၊ ထ၍။ ပကိဏ္ဏကသင်္ခါရေ၊ ပြိုးပြွမ်း ဆင်ခြင်အပ်ကုန်သော သင်္ခါရတရားတို့ကို။ သမ္မသိတွာ၊ သုံးသပ်ခဲ့သည်ရှိသော်။ မဂ္ဂေါ၊ မဂ်သည်။ ဥပ္ပါဒိတော၊ ထင်လာသည်။ ဟောတိ၊ ဖြစ်၏။

အဲ ဤကဲ့သို့ အသင်ပညာရှိအပေါင်းတို့ ဤဒေသနာတော်၌ တိုက်ရိုက်လာ သည်ကို ထောက်ဆပါသဖြင့် မဂ်ဉာဏ်ကို အမှန်ရနိုင်ကြကြောင်း ဤနည်း

ကောင်းဖြင့် ဤအကြောင်းကို ဤဒေသနာအရ ဤဆရာ ရှာခဲ့ပေတောင်း ကောင်းသောလမ်း အစဉ်အမှန် မြင်ကြရှမို့ ယခုအချိန်အထိ အခြားနည်းဖြင့် မပြောင်းခဲ့ပေ၊ ထောက်တည်ရာရသူ အပေါင်းတို့ ဆင်ခြင်တော်မူကြနိုင်ပေ၏၊ သို့သော် ရုပ်ကြိုက် နာမ်ကြိုက် နှစ်တန်ကြိုက်မို့ ကံကြိုက်ထွေထွေ ကွဲပြားလေ၏၊ ယထာရဟ အလိုပေ၊။

ဤဒေသနာအရ အကြောင်းကို ဝေဘန်ရသော် ပဥ္စမဈာန်သို့ ဝင်စားရမည်ဦးတဲ့၊ ဝင်စားပုံ ဝင်စားနည်းသည်ကား အဘယ်ကဲ့သို့ ဝင်စားရပါလိမ့်မည်နည်းဟု သိနိုင်ခြင်းငှါ လိုအပ်လှပေကြမည်၊ နည်းမရက ခက်ခဲစွ၊ ဆရာရှိမှ သာလျှင် နားလည်နိုင်ကြပေချိမ့်မည် ဟူ၏။

သို့သော် စိတ်ကိုလဲ ထားတတ်ပါမှ ဆင်ခြင်မှုကိုလဲ သိပါမှ သဘောအသွားအလာကိုလဲ နားလည်ပါမှ လုပ်ပုံလုပ်နည်းကိုလဲ ဟတ္ထမုဋ္ဌိနည်း ရပါမှ သဃ်မိတ္တာဖြစ်သော ကလျာဏဆရာက နည်းမှန်ပါမှ လိုလားသောသူကလဲ သဒ္ဓိဝိဟာရိက ကျင့်ဝတ်နှင့်လဲ ပြည့်စုံပါမှ ဤကဲ့သို့သော အကြောင်းကြောင့် နည်းနယဒေသနာ ယမက ကျမ်းရွှေစာမှာ ပါဠိပါဠ္ဌိ အာဂုံ နှုတ်ငုံဖြင့် ထုတ်ပြလေရာ—

ပဥ္စမဇ္ဈာနံ သမာပန္နာနံ ကာမာဝစရာနံ အဿာသပဿာသာနံဘင်္ဂက္ခဏေ တတော ဝိနာပိ အဿာသပဿာသေဟိ စိတ္တဿ ဥပ္ပါဒက္ခဏေ ရူပါဝစရာနံ ဥပ္ပဇ္ဇတိ။

ဟု လာချေတော်မူရကား အသင်ယောဂီတို့ သတိရှိကြစေပါ၊ ခရီးရောက်သူတို့ အဇ္ဈတ္တဉာဏ်ဝင်ကြစေပါ၊ အကျင့်နှင့် ပြည့်စုံသောသူတို့ လမ်းစဉ်ကို မှီသောသူတို့ သတိရှိကြစေပါ။

သို့ပါမူကား ပဥ္စမဈာန် ဝင်စားလိုသောသူတို့သည် ဝင်စားလိုလတ်က ဝင်စားလိုပါက ကာမာဝစရဘုံ၌ ကျက်စားကြကုန်သော ကာမဘုံသားတို့သည် ၎င်း ယမကဒေသနာတော်အရ ရှုခြင်း ရှိုက်ခြင်းမှ ထွက်သက်ဝင်သက် မကင်းကြပါပေ။ (ဟုတ်စွ)

ထိုထွက်သက်ဝင်သက်တို့သည် ကာမာဝစရနယ်အလွန် ရူပါဝစရနှင့် ကာမာဝစရနယ် အဆက်အကူး အကြားဝယ် ကာမဂေါတြဘုအဖြတ် ဘင်္ဂက္ခယအဆုံး

နောင်စိတ္တက္ခဏ ဥပါဒ်ခဏ၌ ကာမာဝစရ၏ ဘင် ရူပါဝစရ၏ ဥပါဒ် အကြား ကာမဂေါတြဘုအဖြစ် ထွက်သက်ဝင်သက်ကလဲ အရပ် ဤနေရာတွင် စိတ်ထဲမှာ အသာထား၍ ဉာဏ်ထဲမှာ သိထားလိုက်ပါဦး၊ ဒေသနာကို ယောဇနာရန် ရှိသေး၍ ၎င်းဒေသနာအရ ဉာဏ်မျက်စောင်းလေး ရိပ်ပြဦးမည်၊ရပ်ထားခဲ့သည့် နေရာလေးကို သတိထားပါနော်။

အနက်ကား ဘော၊ အိုအချင်းတို့။ပဉ္စမဇ္ဈာနံ၊ ပဉ္စမစျာန်ကို။ သမာပန္နာနံ၊ ဝင်စားခြင်းငှါ အလိုရှိကြကုန်သော သူတို့သည်။ ကာမာဝစရာနံ၊ ကာမာဝစရ ဘုံ၌ဖြစ်ကုန်သော။ ပုဂ္ဂလာနံ၊ တို့တွင်။ (ထည့်) အဿာသ ပဿာသာနံ၊ တို့၏။ ဘင်္ဂက္ခဏေ၊ ၌။ ဥပ္ပန္နေ၊ သော်။ (ထည့်) တတော၊ ထိုဘင်္ဂက္ခဏမှ။ ဝိနာပိ၊ ၍လည်း။ (ဤ၌မဟာကုသိုလ်ဇောမှအပြတ်) အဿာသ ပဿာသေဟိ၊ တို့ကြောင့်။ စိတ္တဿ၊ စိတ်အား။ ဥပ္ပါဒက္ခဏေ၊ ဥပါဒ်လိုက်ခဲ့သည်ရှိသော်။ (ရူပစိတ္တက္ခဏဥပါဒ်သို့ငှဲ) ရူပါဝစရာနံ၊ ရူပါဝစရအပ္ပနာ ဈာန်စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ပေတော့၏။

ဤကား နောက်နားက သတိချပ်ခဲ့သော ကာမနှင့် ရူပအကြား ကာမ ဂေါတြဘု စိတ္တက္ခဏငယ် အဿာသ ပဿာသ ရပ်ခဲ့သည်ကို သတိထားခဲ့သည် ဆိုရာဝယ် ခရီးရောက်ခဲ့သော အသင်ယောဂီအား သိပေတော့စွ၊ ဤနေရာ၌ သဘောမကျဘူးဟူရာ အဘယ်မှာလျှင် ဤဒေသနာ တတ်နိုင်ပါအံ့နည်း၊ ဤစာတမ်းဖြင့် ဖတ်ရှုသူသည် သဘောမကျပါက နောက်ဂျွမ်းသော ထိုးချ လိုက်ပေတော့။ ဤကဲ့သို့ အနက်ကို သမ္ဗန်၍ ဝင်စားပုံကို အလုပ်ကျွမ်းကျင် သော ဆရာ့ထံ၌၎င်း၊ အကျင့် ကျွမ်းကျင်သော ဆရာ့ထံ၌၎င်း ကျင့်နည်း ကြံနည်းကို တောင်းပန်ပါလေ၊ လျှောက်ထားပါလေ၊ လျှောက်ထားပါက အကျင့်ကျွမ်းကျင်သော ဆရာက ဆိုဆုံးမပါလိမ့်မည်။

ဤနေရာ၌ ပရိယတ်ကျွမ်းကျင်သူနှင့် ပဋိပတ် ကျွမ်းကျင်သူတို့ ဝစနာလင်္ကာရ စာ အချိုးကလေးကား—

ပရိယတ်ကျွမ်းကျင်၊ ပေါက်ရောက်လျှင်၊ အထင်ဟောတတ်၏။
ပဋိပတ်ကျွမ်းကျင်၊ ပေါက်ရောက်လျှင်၊ အမြင်ဟောတတ်၏။

လိုရင်းမှာ ဤနေရာကား အနုမာနနည်းနှင့် ပစ္စက္ခသိဒ္ဓိနည်းတည်း၊ ထိုနည်းနှစ်ပါးတို့တွင် အနုမာနနည်းသည် ဥပစာနည်းသာတည်း၊ တင်စား၍ဟော၏။ ပစ္စက္ခသိဒ္ဓိနည်းသည် မုချနည်း ကိုယ်တွေ့နည်းတည်း။

အဲ ဤကဲ့သို့ လိုလား၍ တောင်းပန်ခဲ့သော် ပဋိပတ်ကျမ်းကျင်သူ ဆရာက ဆိုဆုံးမပါလိမ့်မည်။ လိုရင်းမှာကား ကာမာဝစရဘာဝနာ ဖြစ်အောင် လုပ်ရပါမည်၊ လုပ်ဆိုသည်ကား ဒါနဖြင့်သာ အကြောင်းခံ၍၊ ကာယကံမှု ဝစီကံမှု တို့သာတည်း၊ ထိုဒါနသည် နိဗ္ဗာန်သို့ ရောက်နိုင်သည် မှန်၏၊ အဘယ့်ကြောင့် ဆိုသော်—

"တတော နိဗ္ဗာန သုခဥ္စ၊ သဗ္ဗဒါနေန လဗ္ဘတိ"။

ဟုလာသည်ကို ထောက်ရသော်—

အနက်ကား တတော နိဗ္ဗာနသုခဥ္စ၊ ထိုနိဗ္ဗာန်တည်းဟူသော ချမ်းသာသည်လည်း။ သဗ္ဗဒါနေန၊ အလုံးစုံသောဒါနကြောင့်။ လဗ္ဘတိ၊ ရအပ်၏။

အဲ ဤဒါနကိုဘဲ ကာယကံမှု ဝစီကံမှုဖြင့် ကာမာဝစရ ဘာဝနာဖြစ်အောင် ပြဆိုရမှာပါတကား၊ ယခု လှူကြတန်းကြသည့် ဒါနမျိုးတို့မှာ အချို့အချို့သော လှူကြတန်းကြသော ဒါနမျိုးတို့သည် ကာမာဝစရ ဘာဝနာကလဲ မဖြစ်၊ ကာမာဝစရဘာဝနာ မဖြစ်ပါက ပြီးပြီးပျောက်ပျောက်နှင့် အချိန်ကုန်ခဲ့သော် အဘယ်မှာလျှင် မဟာကုသိုလ်ဇော ဖြစ်နိုင်ပါအံ့နည်း။

ဤကဲ့သို့ မဟာကုသိုလ်ဇော မဖြစ်ပါက တိဟိတ်ဥက္ကဋ္ဌ ကုသိုလ် ဉာဏသမ္ပယုတ်ဇော ဖြစ်ဘို့ရာ ဝေးစွ၊ ဩမကကုသိုလ်နှင့်သာ အချိန်ကုန်တတ်ကြ၏၊ လုပ်ရိုးလုပ်စဉ် လှူရိုးလှူစဉ်တော့ လှူကြပါ၏၊ လိုရင်းမှာ ကမ္မဿကတကုသိုလ်မျိုးသာတည်း။

ကမ္မဿကတ ကုသိုလ်မျိုးဆိုသည်မှာ မလှူချင်လျှင် မနေသာမှုမျိုးကို ဆိုလို၏၊ စဉ်းစားကြပါလေ၊ အခါခပ်သိမ်းကိုတော့ မဆိုပါ၊ စေတနာနှင့် သဒ္ဓါ ပြဋ္ဌာန်းမှု မရှိ၊သို့ပါ၍ ဤအကြောင်းရပ်တို့ကို ရှင်မဟာ သီလဝံသ စပ်ဆိုတော်မူခဲ့သည်မှာ–

လူမိုက်အလူ၊ ပေးပါမူကား၊ ရှယ်ချုဖိုလ်မင်၊ မပန်ဆက်၊မှားဘက်ကို သာ၊ ကျင်လည်ရာသည်။

တနည်း ဆီကြည်ရက်တက်၊ကြွမ်ခက်ပေါင်းခံ၊ ပြည်အိုးတန်၊ ပြောင်း ပြန်ဦးစောက်၊သွန်ဘိမှောက်သို့၊ တပေါက်မကြွင်း၊ အောက်ဟင်းသင်းဟု—

အဲ ဤနေရာကိုပင် လယ်တီ ဆရာတော်ဘုရားကြီးက အကြောင်းခံပြီး ဆက်လက်၍ ဆိုဆုံးမခဲ့သည်မှာ -

လူကြစဥ်အခါကပင် သဒ္ဓါဇောလျှမ်းတင်၍ ဝမ်းမြောက်စွာ ကြိုးကြမှ သေခါနီးအချက် အောက်မေ့၍ တက်နိုင်သည်၊ မကြည်လင် ထိုဒါန ဘ:မျှပင် မကယ်နိုင်၊ကယ်နိုင်မည့်အမှုမှာ ဝတ္ထုလည်းဘွယ်ရာ သဒ္ဓါလည်းဖြူစွာ အလှူခံကလည်း မြင့်မြတ်ပေရာ ဤအင်္ဂါသုံးရပ်နှင့် ထုံးသမတ်ညီပါမှ ကြည်လာမည့် အကြောင်း အဲဒါကြောင့် ကိုယ့်အမှု ဘမ်းမလှကု ယမမင်းလူတစုက မြူလောက်မှမခ ယမမင်းလူတတ်က ငါးရပ်သောစစ်ချက်နှင့် သတ္တဝါလူ့ဗာလ ခပ်ချောင်ချောင်နေခဲ့က ယမမင်းမကယ်သာ မျက်နှာကိုလွှဲလိုက်ရာ ကြွက်ငယ်လောင်းတကောင် ကြောင်တထောင်ဆွဲ ငလို အမှုနှင့်လျော်စွာ သုံးဆယ့်နှစ်ပါးသောကံကြမ္မာတို့ဖြင့် ပူကြတော့မှာပါကလား။ (ဤကား ငါးရပ်သောစစ်ချက်သည်ကား ပဥ္စသီ ၅-ပါး၊သုံးဆယ့်နှစ်ပါးသောကံကြမ္မာသည်ကား ကောဋ္ဌာသအပြန်)

ဤကဲ့သို့ ဝစနာလင်္ကာရ စုဏ္ဏိယအလိုကား အနုသန္ဓေပြန်၍ စပ်ရသော် ဒါနအကြောင်းကြောင်းတို့တွင် ဒါနမယ ဘာဝနာ မဖြစ်ပါ၍ မဟာကုသိုလ် ဉာဏသမ္ပယုတ် ပညိန္ဒြေနှင့် ယှဥ်လျက် တိဟိတ်ဥက္ကဋ္ဌကုသိုလ် မဖြစ်ကြပါ၍ ကာမာဝစရ ဘာဝနာအရာဝယ် လုပ်ရိုးလုပ်စဥ် လှူရိုးလှူစဥ်နှင့် အချိန်ကုန်ကြ၍ ကာမာဝစရ ဘာဝနာ ဖြစ်ခြင်းငှါ မဟာကုသိုလ် တိဟိတ်ဥက္ကဋ္ဌ ပညိန္ဒြေအရာ နီဝရဏငြိမ်းနိုင်မှသာလျှင် ဥပစာရသမာဓိ ဖြစ်မည်၊ ဥပစာရသမာဓိ ဖြစ်မှသာလျှင် အပ္ပနာသမာဓိသို့ သက်နိုင်မည်။

အပ္ပနာသမာဓိ ဆိုသည်ကား ဉာဏသမ္ပယုတ်နှင့် ယှဥ်မှ မဟာကုသိုလ် ပဌမဇောနှင့် အကြုံတွင် ပညိန္ဒြေစေတသိက်နှင့် သမ္ပယုတ္တဓမ္မ သဟဇာတပစ္စယသတ္တိအဆိုက် သို့မှသာလျှင် မဟာကုသိုလ် ဖြစ်နိုင်သည်၊ ဖြစ်ခြင်းငှါလည်း

ခဲယဉ်းပါပေစွ၊ အဘယ်ကိုထောက်၍ သိရပါအံ့နည်း၊ နိဒ္ဒေသ အဋ္ဌကထာအရ ဘွင့်ပြရာဝယ်–

ကုသလဇ္ဇဝန ပဋိပါဋိ ဝသေနေဝ ပဝတ္တတိ၊ တတြ ယဒေတံ ဥပစာရ သမာဓိနာ သဒ္ဓိံ ပဋိဘာဂနိမိတ္တံ ဥပ္ပန္နံ ဟောတိ၊ တဿ ဥပ္ပါဒနံနာမ အတိ ဒုက္ကရံ။

**အနက်ကား** ကုသလဇ္ဇဝနပဋိပါဋိဝသေနေဝ၊ ကုသိုလ်ဇော အစဉ်၏ အစွမ်းအားဖြင့်သာလျှင်။ (လှုံဆဲငဲ့) ပဝတ္တတိ၊ ဖြစ်၏။ ဝါ-ထိုက်၏။ တတြ တသ္မိံ ကာလေ၊ ထိုလှုံဆဲအခါကာလ၌။ ယဒေတံ ယံ ဧတံ ဥပစာရသမာဓိနာ၊ အကြင်ဥပစာသမာဓိနှင့်။သဒ္ဓိံ၊ တကွ။ ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ (ထင်သည်သို့ငဲ့) ဥပ္ပန္နံ၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။ တဿ ဥပ္ပါဒနံနာမ၊ ထိုသို့ မဟာကုသိုလ်ဇော ဖြစ်ခြင်းမည်သည်။ အတိဒုက္ကရံ၊ အလွန်ပင်ခဲယဉ်း လှပေ၏။

သို့ပါမူ၍ အသင်ယောဂီအပေါင်းတို့သည် ပေါ့ပေါ့ဆဆနှင့် လှုံတန်းမှုတို သည် ဣန္ဒြေကြီးစွာဖြင့် စိတ်ထား၍ ဂမ္ဘီရဂုဏ် ဘာဝနိယဂုဏ် ဝစနက္ခမဂုဏ် တို့ဖြင့် သတိကြီးစွာ ဆောင်ရွက်ပါ၍ လှုံကြပါစေကုန်လော့၊ ကုန်ကျိုးနပ် ကြပါစေ လှုံကျိုးနပ်ကြပါစေ သမ္ဘာနှင့်စေတနာ ပြဋ္ဌာန်းနိုင်ကြပါစေ၊ အလှုံခံ ပညာရှင် အပေါင်းတို့ကလည်း ခရီးရောက်အောင် ဆိုဆုံးမနိုင်ကြပါစေ၊ သို့မှ သာလျှင် အလှုံပေး အလှုံခံ ဆရာ ဒါယကာ နှစ်ဦးသားတို့သည် ကတညုတ ကတဝေဒီ အကျိုးရှိကြရပေမည်၊ အချည်းနှီး မဖြစ်ကြပါစေကုန်လင့်၊ အချည်းနှီးမဖြစ်မှသာလျှင် မဟာဝေဒလ္လ အဋ္ဌကထာရှင်က ဒေသနာအရ ၅၀၀၀-သာသနာ ရှည်ကြာကြရမည်မှာ–

နိစ္စံ အနုဂ္ဂဟေ ဂိဟီ၊ ပစ္စယေန ဟိ သာသနံ။
ပဗ္ဗဇ္ဇိတော စ ဓမ္မေန၊ ဧဝံ စိရံ ဇလိဿတိ။

မဟာဝေဒလ္လ အဋ္ဌကထာ။

**အနက်ကား** ဂိဟီ၊ လူတို့သည်။ သာသနံ၊ ရှင်တော်ဘုရား တည်ထားမိန့် မှာ ငါးထောင် သာသနာတော်မြတ်ကြီးကို။ ပစ္စယေနဟိ၊ ဆွမ်း-သင်္ကန်း-

ကျောင်း ဆေး, လေးပါးသောပစ္စည်းဖြင့်သာလျှင်။ နိစ္စံ၊ အမြဲ။ အနုဂ္ဂဟေ-အနုဂ္ဂဟေယျ၊ ချီးမြှင့်ထောက်ပံ့ရာ၏။ ပဗ္ဗဇ္ဇိတော စ၊ လောကီအားရုံ တကယ်ကုန်၍ နိဗ္ဗာန်ရည်မှန်း ရှင် ရဟန်းသည်လည်း။ ဝါ- ကလည်း။ ဓမ္မေန၊ ထပ်ခါဆင့်ပွား မဂ်တရားနှင့်။ သာသနံ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ ငါးထောင် သာသနာတော်မြတ်ကြီးကို။ နိစ္စံ၊ အမြဲ။ အနုဂ္ဂဟေ-အနုဂ္ဂဟေယျ၊ ချီးမြှင့်ထောက်ပံ့ရာ၏။ ဧဝံ၊ ဤသို့ ဆရာ ဒါယကာ ၂ နှစ်ဦးသားတို့သည် မိမိတာဝန်ဖြင့် အားသွန် ကြိုးပမ်း အမှုထမ်းကြကုန်သည်ရှိသော်။ သာသနံ၊ ရှင်တော်ဘုရား တည်ထားမိန့်မှာ ငါးထောင်သော သာသနာတော် မြတ်ကြီးသည်။ စိရံ၊အနှစ်မျှားမြောင် ငါးထောင်ကာလပတ်လုံး။ ဇလိဿတိ၊ ခြေဲမွေး မှိန်ညှိုးနွမ်း၍ မသိမ်သေးဘဲ ရှိရချေတော့အံ့နည်း။ ဝါ- နှစ်ရှည်ကာလ အမည်ရ၍မို့ တည်နိုင်သမျှ တည်ကြရလေတော့အံ့သတည်း။ ဝါ-လတ့်။

အဲ ဤနေရာ၌ လိုရင်းမှာတော့ အသင် ယောဂီအပေါင်းတို့ မဟာကုသိုလ်ကိုရည်၍ ပြဆိုလိုက်ရပေ၏၊ ပြဆိုရမည့် အကြောင်းမှာတော့ ကာမာဝစရနယ်၌ ကျင်လည်သော ပုဂ္ဂိုလ်တို့သည် ဒါနပါရမီ ပြုရာ၌ ကာမာဝစရဘာဝနာဖြစ်စေခြင်းအကျိုးငှါ ၄၀-သောကမ္မဋ္ဌာန်းတို့တွင် ဗုဒ္ဓါနုဿတိ အစရှိသော ဆယ်ပါးသော ကမ္မဋ္ဌာန်းတို့၌ အာနာပါနဿတိ ကာယဂတာသတိကို ကြဉ်ထား၍ အာဟာရေပဋိကူလသညာ မေတ္တာစျာန်တရားကို သွတ်သွင်း၍ ကြွင်း ၃၀-သော ကမ္မဋ္ဌာန်းတို့တွင် စရိုက်အားလျော်ရာကို ကာမာဝစရကုသိုလ်ပြုရာ၌ ဘာဝနာဖြစ်စေခြင်းငှါ ပွားများ သရဇ္ဈာယ်လိုကြစေပါ၍ ကာယကံမှု ဝစီကံမှု အလုပ်တို့ဖြင့် ကျင့်စေရာ၏၊ ကာမာဝစရဘာဝနာ ကုသိုလ်တို့မည်သည်မှာ ကာယကံမှု ဝစီကံမှုဖြင့်သာ လုပ်အပ်ရာ၏၊ မနောကံ အလုပ် မဟုတ်ဟူလို။ အဘယ်ကဲ့သို့သော အကြောင်းကို ထောက်မြော်ပါက မဟဂ္ဂုတ် လောကုတ္တရာ ကုသိုလ်မျိုးမဟုတ်။

သို့ပါ၍ သင်္ဂဟအဋ္ဌကထာ လာရာဝယ်—

ရူပါဝစရကုသလံ ပန မနောကမ္မမေဝ တဉ္စ ဘာဝနာမယံ အပ္ပနာပတ္တံ။

ဟု နိတတ္ထနည်းဖြင့် အရှင်မဟာအနုရုဒ္ဓါ ထုတ်ဆောင်တော်မူခဲ့ပေရာ ခိုင်လုံလှပေ၏၊ မှန်ပေစွ။

သို့သော် ဤနေရာ၌ အကြောင်းလုံလောက်ပါ၍ ကာမာဝစရဘာဝနာဖြင့် အနုသန္ဓေ ပြန်၍ စပ်ရသော် ၄၀ - သော ကမ္မဋ္ဌာန်းတို့တွင် ငါတို့၏ ကျေးဇူးရှင် ကန္နီမြို့ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီးသည်ပင်လျှင် မဟာမဏ္ဍလဘူမိ ဟုဆိုအပ်သော အာနာပါနကမ္မဋ္ဌာန်းကိုပင် အရင်းပြု၍ ကာမာဝစရဘာဝနာအရာဝယ် ဆိုဆုံးမ ပြသခဲ့လေကြောင်း။ ယခုလဲဘဲ ဤ သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသား၍ ဖေါ်ထုတ်အပ်သော—

ပြည်မြို့ ခေတ္တရာမြို့သစ် စုက္ခရုတောင်ထိပ် မဟာမဏ္ဍလ မြေအငူဝယ် သိတင်းသုံးပျော်မွေ့ သူတော်ကောင်းတို့အလေ့ဖြင့် ဝိပဿနာယာနိက အရှင်ဖြစ်တော်မူသော အရှင်ထေရတိဿသည်ပင်လျှင် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အာမေဘာဂတော်အတိုင်း နည်းနာနိသျ ဟတ္ထမုဋ္ဌိနည်းကို ဆောင်လျက် ဂဏနနည်း, အာဗန္ဓနနည်း, သလ္လက္ခဏနည်း, ဖုသနနည်း, ဋ္ဌပနနည်း, ပါရိသုဒ္ဓိနည်း, ဝိဝဋ္ဋနည်း ဤကဲ့သို့သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ကျမ်းမြတ်၌ ကမ္မဋ္ဌာနနိဒ္ဒေသအလို—

သတိမြဲစွာ၊ ပဋ္ဌမာ၊ ဒုမှာ ရှည် တိုသိ။
သုံးချက်သိမှာ၊ တတိယာ၊ စမှာ ငြိမ်းစေဘိ။

သို့သော် လယ်တီဆရာတော်ဘုရားကြီး၏ အာနာပါနဒီပနီမှာကား လုံးစုံလင်းရာ ဟုဆိုရာဝယ် "လုံးစုံလင်းရာ၊ တဋ္ဌသာ၊ စမှာငြိမ်းစေဘိ"ဟု တွေ့ရှိခဲ့ဘူး၏၊ ဤကဲ့သို့သော နည်းမျ းအတိုင်း ယခု စာရေးသော ဆရာတော်သည် ရှင်းဆရာတော်ကြီးများ ပြသတော်မူခဲ့သည့်အတိုင်း သွန်သင်ဆုံးမဆဲ ဖြစ်၏။

သို့သော် ဤနည်း၏ အခြေခံကား ဗုဒ္ဓမြတ်စွာ လောင်းလျာများကိုယ်တိုင် ဤအာနပါနကမ္မဋ္ဌာန်းကို လုပ်ရိုးလုပ်စဉ် ကျင့်ရိုးကျင့်စဉ် ပါရမီဖြည့်မြဲတံတွာ ဓမ္မတာဟူ၍ မဟာမဏ္ဍလဘူမိဟု အမျိုးမျိုးသော ဝေနေယျတို့နှင့် လျော်ကန်၏ဟု သာသနာတော်၌ ထင်ရှားခဲ့၏။

သို့ပါမူ၍ ပုဗ္ဗကိစ္စနှင့်တကွ အစပြု၍ အားထုတ်လိုကြသော ယောဂီအပေါင်းများအား ကမ္မဋ္ဌာန်း အပ်တော်မူသည်မှာ ဒေသနာနည်းအရ—

ဥဇုံ ကာယံ ကတွာ အာသနံ ပရိမုခိဘူတံ ပလ္လင်္ကံ အာဘုဇိတွာ သတိံ ဥပဋ္ဌပေတွာ ဝိဟရတိ။

ဟု နိဒ္ဒေသအဋ္ဌကထာ၌ ထင်ရှားစွာရှိ၏၊ ဤကဲ့သို့ အစီအစဉ်အားဖြင့် အဝယဝအနေအားဖြင့် နောက်ကပြခဲ့သော ပဋိညာကာရမှ ဆရာ့ထံသို့ ကမ္မဋ္ဌာန်း တောင်းပါ၍ အလုပ်ခွင်သို့ ဝင်ပါ၍ အားထုတ်ခဲ့သော် ဥဂ္ဂဟနိမိတ်နှင့်တကွ အာနာပါနပဗ္ဗ ဥပစာရသမာဓိမှ အပ္ပနာသို့သက်သည့်တိုင်အောင် လဒ္ဓေါပဒေသ ဟတ္ထမုဋ္ဌိ နည်းလက်ရှိရသော ကမ္မဋ္ဌာနစရိယဆရာက အစဉ်အားဖြင့် သွန်သင်ဆုံးမ ပြသရာ၏၊ ဤနေရာ၌ ဤသို့သောနည်းဖြင့် အမြဲပြသလျက်ရှိကြောင်း ဤနည်းသည် သဲလွန်စ အနေအားဖြင့် ပြန်၍ ပြောရသည်ရှိသော် ၁၂၈၇-ခု ၈၈-ခုက အစပြု၍ တွေ့ရှိခဲ့ရပုံကား—

တိဘက်ပြည်မှ ကြွလာတော်မူသော အိန္ဒိယ သီဟိုဠ် ခရီးအစဉ်မှ ရတနာပုံ မန္တလေး ရွှေမြို့တော် အနောက်ပြင် စကုတိုက် ဒေါ်သင်အုဋ္ဌ်ကျောင်းဝယ် အသွင်အားဖြင့် ရုပ်ကြည် ဣန္ဒြေပြည့်ဖြိုး မြန်မာလူမျိုးမဟုတ် တိဘက်အမျိုးသား သီလတိဿအမည်ရှိ တိဘက်ပြည်ဘွားဇာတိ ဆရာတော်ထံမှ ယခုသံသာရမဂ္ဂပါရဂူ စာတမ်းဖြင့် ရေးသားသော ဆရာတော်သည် အနည်းငယ်မျှသော သဲလွန်စဖြင့် မေးမြန်း၍ ရရှိပါက သမဂ္ဂ သမောဓာနအနေဖြင့် ဘောဇနာပါယ မျှတလျက် နည်းကျအောင် မယူရသော်လည်း အန္တေဝါသိကအဖြစ် ဟူသကဲ့သို့ရင်း၊ ဓမ္မန္တေဝါသိက တစိတ်တဒေသအားဖြင့်ရင်း မှတ်သင့်သည်ကို မှတ်ထား၍ ယူသင့်သည်ကို ယူထား၍ ထိုတိဘက်ဆရာတော်က ယခုစာတမ်းဖြင့် ရေးသားသော ဆရာတော်အား ငါ့သျှင်ဟူ၍ရင်း၊ ငါ့ရှင်ဟူ၍ရင်း ပြုံးရွှင်သော မျက်နှာထားဖြင့် လက်ဆွဲ နှုတ်ဆက်လျက် သမဂ္ဂ သမောဓာနအားဖြင့် သံဃသုဋ္ဌု သံဃဖာသု ဖြစ်ဘူးခဲ့လေရာ–

ဤယခု ပြသသောနည်းသည် သဲလွန်စအနေအားဖြင့် တိဘက်ဆရာတော်ကိုပင်လျှင် ယခု သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားသော ဆရာတော်အား ပဌမ တွေ့ရှိခဲ့ရလေကြောင်း၊ ထိုစဉ်အခါကပင် နည်းနာနိသျ သဲလွန်စဖြင့် ကြားသိခဲ့ရသည် ဟူ၏။

ထိုတိဘက်ဇာတိ အရှင်သီလတိဿ မထေရ်ကို အားလုံးသော ကျောင်းရှိ သံဃာတော်များက အကဲခတ်ကြလေရာ အကဲခတ်သော ပုဂ္ဂိုလ်များကား ယခုစာရေးချိန်အထိ ရှိဆဲဖြစ်လျက် မြသိန်းတန်ဆရာတော် ဦးဉာဏုတ္တရ မေမြို့ဦး ဇီးကုန်းတိုက်ဆရာတော် ဦးသီလ ဦးဇဝန ဦးဝါယမ ဦးနန္ဒဝံသ ယခု တောင် တန်းသာသနာပြု ဆရာတော် ဦးပဏ္ဍိစ္စ, ရွှေမန်းဆရာတော် ဦးကေသရ စကား ပြန်ဖြစ်ကြောင်း၊ ၎င်းဆရာတော်များက ယခု စာရေးသော မှာရာတော်ကို တိဘက်ဇာတိ အရှင်သီလတိဿနှင့် ဆက်ဆံပုံ ပြေလည်လွန်းလှ၍—

မင်းကွာ ရသေ့ကြီးများ အရေးလုပ်လှသည်ဟု ပြောဆိုကြ၏၊ ဘယ်လို ပင် ပြောဆိုကြသော်လည်း ၎င်းစာရေးသော ဆရာတော်အား ယခု စာရေး သည့်အချိန်အထိ အထင်အမြင်မသေးခဲ့ပေ၊ ကျေးဇူးတင်လျက် ရှိကြကြောင်း၊ ထိုစဉ်အခါက ထိုစာရေးသော ဆရာတော်သည် ပြီးဆုံးအောင် မလိုက်နိုင် ခဲ့ပေ၊ နောင် ကာလ အတော်ကြာခဲ့သော် ဓမ္မသံဝေဂဖြစ်လျက် ၎င်း၏ကျင့်စဉ် ဓမ္မဆက်ကို စူးစမ်းရှာဖွေခဲ့ပါက ပခုက္ကူမြို့ ဖေါင်တော်ဦးစေတီတော်မြတ် ကြီးအနီး ဆရာတော် ဦးဘိုးတုတ်ကျောင်း၌ သီတင်းသုံးလျက်ရှိသော တောရ ဘုန်းတော်ကြီး ဦးကံသာထံသို့ လျှောက်ထားခဲ့သော် အားထုတ်ပုံ အားထုတ် နည်း အစအန တစိတ်တဒေသ ပြောပြရာဝယ်—

ဩော် .. ငယ်စဉ်အခါက အရှင်သီလတိဿ ဆရာ့ထံက သဲလွန်စရခဲ့သည်ကို သတိချပ်မိပါ၍ အားထုတ်လိုကြောင်း လျှောက်ခဲ့သော် ၎င်းဆရာတော်ကြီး ဦးကံသာက ဟဲ့ ငါမပြတတ်ဘူးကွဲ့၊ ပခုက္ကူမြို့ စိတ္တသုခတောင်၌ ဆရာခင် တို့ ပြသနေသတဲ့ကွဲ့၊ အားထုတ်လိုပါလျှင် စိတ္တသုခတောင်သို့ သွားလေတော့ ဟု ညွှန်ကြားလိုက်ပေ၏။ ဤကဲ့သို့ ညွှန်ကြားလိုက်သော စကားကို ကြားကာ မျှဖြင့် အင်မတန် ဝမ်းသာလျက် အံ့သြ၍ မဆုံးနိုင်အောင် စိတ်မှာဖြစ်လျက် ထူးကဲမွန်မြတ်လှသော ဘုရား၏အသံတော်ကဲ့သို့ ပီတိသောမနဿ ဖြစ်လျက် သီရိဓမ္မာသောကမင်းကြီး၏ တောင်ညာစံ မဟေသီ ဝေဒေဟီမိဖုယားကြီး သည် ကရဝိက်ကြိုးကြာသံကို ကြားလိုက်ရပါသဖြင့် ဘုရားအသံတော်သည် ကား ဤသို့သော အသံကဲ့သို့ ဓမ္မသံဝေဂရလျက် ပီတိဖြင့်လွှမ်းအုပ် တရားထူး ကို ဆောင်နိုင်ကြောင်း၊

ဤကဲ့သို့ပင် ယခုငါလဲဘဲ ဓမ္မသံဝေဂကို ဆောင်လျက် မအိပ်နိုင် မနေနိုင် ထောက်တည်ရာ မရနိုင်ဘဲ တရားမရလျှင် ခက်လှချည့်ရဲ့ဟူ၍ ငယ်စဉ်အခါက ရဟန်းငယ်ဘဝ လေးဝါ ငါးဝါက အစပြု၍ ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် ဆရာတော်ဘုရားကြီး၏ ခြေတော်ရင်းဝယ်—

သီလေ ပတိဋ္ဌာယ နရော၊ သပညော စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊ ကော ဣမံ ဝိဇဋယေ ဇဋံ။

ဟူသော ဝိသုဒ္ဓိမဂ်ဥဒါန်းတော်ကို ဆောင်ခဲ့လျက် သသီလဂုဏ် သပညာဂုဏ် နိပကဂုဏ်တို့ကို ကျူးရင့်လျက် ပခုက္ကူမြို့တော်မှ မြောက်သို့ စိတ္တာသုခတောင်တော် ရှိရာအရပ်ကို ရှာဖွေ၍ ရောက်လေရာ ရောက်ခဲ့ပါသော် ပဋိသန္ထာရစကားဖြင့် စေ့စပ်ကာ အကြောင်းကိုရှာပါသော် ထိုကာလဝယ် တရားကို အားထုတ်၍ နေသော ကပ္ပိယဒါယကာကြီး အဘိုးအုန်းပင် တွေ့ရှိလေရာ ၎င်း ဒါယကာကြီးအား အကြောင်းကို မေးပါက ကမ္မဋ္ဌာန်းပြသော ဆရာတော်၏ ရှိရာဌာနသို့ ညွှန်ကြားလိုက်ကြောင်း၊ ညွှန်ကြားသောဌာနသို့ ရောက်လေရာ တနေရာသော ဓမ္မာရုံကျောင်းတော်ကြီး၏ အင်္ဂါထောင့်အရပ်၌ ညောင်စောင်းငယ်တခုဖြင့် ဟောင်းနွမ်းသော သင်္ကန်းများကို ကာရံလျက်–

“ဥဇုံကာယံ ကတွာ ပရိမုခံဘူတံ အာသနံ စသည်ကဲ့သို့ အနေအထိုင်ဖြင့် ကိုက်ညီလျက် ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူသော ကန္နီမြို့ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး၏ ကိုယ်စား ဦးရင်ကြီး ဦးခင်အား တွေ့ရှိပါက ဖူးမျှော်ကန်တော့လေရာ တုဏှိဘာဝဖြင့် ဆိတ်ဆိတ်နေတော်မူလျက် ထိုဆရာတော်ကြီးသည် ကမ္မဋ္ဌာန်းခွင်က ထွက်တော်မူ၍ လာပါက–

ဪ-ငါ့အား တရားရတော့မှာပါကလားလို့ ဝမ်းသာစွာဖြင့် စိတ်ဖြစ်လျက် လိုလားအပ်သော တရားတော်ဖြင့် လျှောက်ထားအပ်သော် အတိုင်းထက်အလွန် ဝမ်းသာလျက် ပီတိပါမောဇ္ဇ အားသစ်လှ၍ ထိုကာလဝယ် ထိုဆရာတော်ဘုရားကြီးက ကမ္မဋ္ဌာန်းခွင်က ငါ့အား လှမ်း၍ ကြည့်ရှုတော်မူလိုက်လေရာ သို့စဉ်အခါကျတော့–

ကျေးဇူးရှင် ဆရာတော် အရှင်သူမြတ်ဘုရား တပည့်တော်အား သံသရာထဲ၌ တဝဲလယ်လယ် နေရပါသဖြင့် သံသရာမှ ထွက်မြောက်ရာ ထွက်မြောက်ကြောင်းဖြစ်သော တရားဓမ္မ ဒေသနာအမြိုက်ဆေးတို့ကို တိုက်ကျွေးတော်မူပါဘုရားဟု လျှောက်ထားလေရာ —

သို့စဉ်ကာလ ဟော့-မင်းတို့ကို ငါတရားဟောပြီး မနေနိုင်ဘူး၊ ကိုယ့်အကျိုး ကိုယ့်စီးပွား ကိုယ်ရှာပြီး နေတာကွဲ့၊ ဆရာ့ပါးစပ်ဟာ သစ်သား ဆီဆုံသာဖြင့် ပေါက်ပြီကွဲ့ သူများအတွက်ကို ဟောရ ပြောရတာ ပါးစပ်ကို လက်ညှိုးထိုးပြီး ပါးစပ်ကိုလဲ ဟ, ပြလိုက်သေး၏။

ထိုမှနောက် "မာ စ ပမာဒေါ ကိံ တေ ဘိလိဘိလိကာ ကရိဿတိ" ဟု ရွတ်ဆိုလိုက်ကာ သဘောသွားအလာမှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံယူပြီးသည့်နောက် ညီတော် အရှင်အာနန္ဒာသည် ကိုယ်ကျိုး ကိုယ့်စီးပွား ကိုယ်မရှာပါမူ၍ ဒါယကာ ဒါယိကာမတို့၏ အကျိုးစီးပွားကို ဆောင်ရွက်၍ နေတော်မူ၍ ညှိရက် အညတြနတ်သား၏ သတိပေးချက်အရ ပဌမသင်္ဂါယနာ၏ အချိန်ကာလ နီးကပ်သည်၏အရ အာနန္ဒာမပါလျှင်လဲ သင်္ဂါယနာမဖြစ်၊ အဘယ့်ကြောင့်ဆိုသော် ပဌမသင်္ဂါယနာပွဲတော်သည် ရဟန္တာ ပုဂ္ဂိုလ်ချည်းသာတည်း၊ အချို့သော ရဟန္တာအရှင်မြတ်များက အရှင်အာနန္ဒာ မထေရ်အား အဝိဇ္ဇာနံ့တွေ့ တလှိုင်လှိုင်ဖြင့် ထုံမွှမ်း၍သော အချိန်ကုန် အချည်းအနှီးနေသော ပုဂ္ဂိုလ်ဟု ကဲ့ရဲ့သော အသံကို သာသနာတော်စောင့် နတ်မင်းကြီးများ ကြားသိရ၍ မထင်ရှားသော အကာလ နတ်တဦးက နောက်နားကပြောခဲ့သော စကားသံကို "မာစ ပမာဒေါ" စသော စကားဖြင့် ကဲ့ရဲ့လိုက်၏။

ဤနည်းပုံယူ အလားတူ ဆရာတော်ကြီး ဦးခင်က ငါသည် သူများအတွက်ကို တရားမဟောနိုင်ဘူးဟု ဆိုလေရာ ဆိတ်ဆိတ်သာ နေလေတော့၏။

ထိုအချိန်ကာလက ထိုစကားကို ထိုဆရာတော်၏ စကား ကြားရသော် အင်မတန် ဆင်းရဲခြင်းသို့ ယခု သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားသော ဆရာတော်အား စိတ်မှာ ထိခိုက်၍ သွားလေတော့၏၊ ဆုတ်နစ်သော စိတ်ကို ပြန်၍ ထူထောင်ရသော် ဟယ် ဒီလိုဖြင့် အဘယ်မှာ ဖြစ်နိုင်ပါအံ့နည်း၊

ကိုယ့်ကိုယ်ကို အားတင်းပြီး အားအဆင့်ယူကာ ရိုက်ချင်လျှင်လဲ ရိုက်ပေစေ ပုတ်ချင်လျှင်လဲ ပုတ်ပေစေ ဘယ်လိုဘဲဆိုဆို ဘယ်လိုဘဲကြိမ်းကြိမ်း တရားထူးမှ မရလျှင် ငါမပြန်ဘူးဟူ၍ အရိုးကြေကြေ အရေခြောက်ခြောက်ဟု ငယ်စဉ်ဘဝ ရဟန်းငယ်ကာလက ပရိယတ်လိုက်စားစဉ်အခါက နှုတ်သံတတွတ်တွတ် ရွတ်ဆိုခဲ့သော အင်္ဂုတ္တိုရ်ကျမ်းမြတ်ဝယ် ဥဒါန်းလေးတသွယ်ကို ပြန်၍ နှလုံးသွင်း ပိုက်လိုက်ခဲ့သည်ရှိသော် နှလုံးသွင်းပိုက်သည့်အရာကား–

ကာမံ တစော စ နှာရု စ အဋ္ဌိ စ ဥပသုဿတု အဝသုဿတု မေ သရီရေ မံသလောဟိတံ ယံတံ ပုရိသထာမေန ပုရိသပရက္ကမေန ပတ္တဗ္ဗံ န တံ အပတွာန ဝီရိယဿ သဏ္ဌာနံ ဘဝိဿတိ။

အနက်ကား မေ၊ ငါ၏။ ဝါ-ထေရတိဿ ဓမ္မရည်မှန်း ထေရ်ရဟန်း၏။ (ယခု စာရေးသော အရှင်၏) သရီရေ၊ ကိုယ်၌။ မံသလောဟိတံ၊ အသားအသွေး တို့သည်။ အဝသုဿတု၊ စေ။ ကာမံ၊ ငင်စစ်သော်ကား။ တစော စ၊ အရေပါး သည်၎င်း။ နှာရု စ၊ အကြောသည်၎င်း။ အဋ္ဌိ စ၊ အရိုးသည်၎င်း။ ဥပသုဿတု၊ ကွဲပြတ်၍သွားပါလေစေ။ အဟံ၊ ငါသည်။ (ထည့်) ပုရိသထာမေန၊ ယောကျ်ားတို့၏ အားအစွမ်းဖြင့်၎င်း။ ပုရိသပရက္ကမေန၊ ယောကျ်ားတို့၏အား လုံ့လဖြင့်၎င်း။ ယံ နိဗ္ဗာနံ၊ အကြင်နိဗ္ဗာန်သို့။ ပတ္တဗ္ဗံ၊ ရောက်အပ်၏။ တံ၊ ထိုနိဗ္ဗာန်ကို။ အပတွာန၊ မရောက်ခဲ့သည်ရှိသော်။ မေ၊ ငါ၏။ ဝီရိယဿ၊ ၏။ သဏ္ဌာနံ၊ ဆုတ်နစ်ခြင်းသည်။ န ဘဝိဿတိ၊ မဖြစ်ရလတံ့။

အဲ-ဤအခါကပင် အဲ-ဤကဲ့သို့ ဥဒါန်းတော်ဖြင့် ကြိမ်းဝါးလျက် အတန်တန် နှောက်ထပ်၍ လျှောက်ထားလေသော်–

ဒီတော့မှ ဆရာတော်ဘုရားကြီးက မျက်နှာလေး ချိုသာစွာဖြင့် ကျေးဇူးရှင် ကန်နီမြို့ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး၏ ရွှေတော်သို့ ခေါ်ဆောင်လျက် ကမ္မဋ္ဌာန်းအပ်လေရာ ၎င်း ကျေးဇူးရှင် ဆရာတော်ဘုရားကြီး၏ အမိန့်အရ ငါပြမည့်ကွယ် အားမငယ်ပါနှင့်ဟု ညောင်စောင်းငယ်ပေါ်က လှမ်းတဲ့ပြီး ဖြူဖွေးလှစွာသော သဲတွေကို ဆုပ်ကိုင်လျက် ကောင်းကင်သို့ မြှောက်လွှင့်၍သာ ချ၍ ပြချေတော့၏။

ဟဲ့ တပည့် မင်း အဲဒီလို ရုပ်နာမ်တွေကို မြင်အောင်ပြမည်ကွယ်ဟု ဇမိန့်ရှိလေတော့၏၊ အဲ ဤကဲ့သို့ အခွင့်ကောင်းရပါ၍ အနည်းငယ်သော ကာလခြားလျက် ပုဗ္ဗကိစ္စနှင့်လျော်စွာ ကမ္မဋ္ဌာန်းခွင်သို့ ဝင်ပြီး ပြသလေတော့၏။

ပြသပုံကား ဥဇုံကာယံကတွာ နှင့် အဝန်းညီစွာ သမထ ၄-နည်းဖြင့်နောက်က ပြခဲ့သည့်အတိုင်း ဆရာစဉ်ဆက်မှ လာခဲ့သော ဝိသုဒ္ဓိမဂ်ဒေသနာတော်၏ အလိုတော်အတိုင်း ၎င်း အာနာပါနပဗ္ဗသည် ဖြစ်နိုင်ခဲ၏၊ ခဲယဉ်းပေစွ၊ အကြင်ပညာရှိအပေါင်းတို့ အာနာပါနကမ္မဋ္ဌာန်းသည် အားထုတ်သူလဲ များကြပါ၏၊ အားထုတ်သူများပါသော်လည်း ခရီးရောက်ခဲလှ၏၊ သို့သော် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုရောက်နိုင်သော တရားအမှန်ဖြစ်၏၊ အချို့က ယုံကြည်မှု နည်းကြ၏၊ ယုံကြည်မှုနည်းပါးကြသော သူများသည် ယခု သံသာရမဂ္ဂပါရဂူစာတမ်းရေးသော ဆရာတော်နှင့် စာရေးဆဲ အချိန်အခါမှာတော့ဖြင့် တွေ့နိုင်ကြ၏၊ ယခု စာရေးသော ဆရာတော်ကလည်း တွေ့လိုပေ၏။

အကြောင်းတရပ်ကို ပြောလိုလှသည်ကား အာနာပါနကမ္မဋ္ဌာန်း အားထုတ်သော သူများသည် မည်မျှပင် ကာလကြာပါသော်လည်း ပဘာဝနတရား ၄-ပါးနှင့် မကိုက်ညီပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မရောက်နိုင်သည် မှန်၏၊ ပဘာဝနတရား ၄-ပါးနှင့် ပြည့်စုံခဲ့ပါလျှင် အာနာပါနကမ္မဋ္ဌာန်း၏ ကိစ္စပြီးမြောက်လေတော့၏၊ ၎င်းကိစ္စ မပြီးမြောက်ခဲ့လို့ရှိလျှင် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ မရောက်နိုင်ပါ၊ ပြီးမြောက်သော ပုဂ္ဂိုလ်များသည် အရာမက များစွာရှိပေ၏၊ ပါရမီနှင့်ရှာပါက အများကြီးတွေ့နိုင်၏၊ သို့သော် ဇဆုတ်မနစ်ပါနှင့် မိမိခန္ဓာကိုယ်ကို မငဲ့ပါနှင့် ဆင်းရဲပါစေ အရိုးကျေပါစေ၊ အသွေးအသား ခန်းပါစေ၊သို့သော် ပဘာဝနတရား ၄-ပါးကိုလည်း သိနိုင်ခဲ၏၊ သိလိုကြပါမူ ဝိသုဒ္ဓိမဂ်ဒေသနာတော်အလို အကျဉ်းအားဖြင့်သော်၎င်း မဟာဋီကာအလိုအားဖြင့် အကျယ်ကို ပြလိုက်မည်၊ ဤကျမ်းအရ ထောက်ထားပါလေ၊ မုချအမှန် ရှိပေ၏၊ ရနိုင်ပေ၏၊ ရောက်နိုင်ပေ၏၊ အရိယာဘဝသို့လည်း မုချနည်းဟူ ဘွင့်ပြတော်မူသည်မှာ –

ပဘာဝနာဟောတီတိ ယဒိပိ ဩဠာရိကာ ကာယသင်္ခါရာ ပဋိပဿမ္ဘ- ယန္တိ၊ သုခုမာ ပန အတ္ထေဝါတိ အနုက္ကမေန ပရမသုခုမဘာဝပ္ပတ္တာဿ

ဝေသေန နိမိတ္တုပ္ပတ္တိယာ အာနာပါနဿတိယာ အာနာပါနဿတိ သမာဓိဿ စ ဘာဝနာ ဣစ္ဆိတေပါတိ အဓိပ္ပါယော။

မဟာဋီကာ။

အနက်ကား ပဘာဝနာဟောတီတိ၊ ဟူသည်ကား။ ယဒိပိ၊ အကယ်၍လည်း။ သြဠာရိကာ၊ ရုန့်ရင်းကြမ်းတမ်းကုန်သော။ ကာယသင်္ခါရာ၊ ကာယသင်္ခါရတို့သည်။ပဋိပဿမ္ဘယန္တိ၊ အစဉ်အားဖြင့် ငြိမ်းကုန်၏။ သုခုမာ ပန၊ နူးညံ့သိမ်မွေ့သော ထွက်သက် ဝင်သက်၏ကား။ အတ္ထိ၊ ရှိ၏။ ဣတိ ပါ၊ ဤသို့လည်း။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ပရမသုခုမဘာဝပ္ပတ္တဿဝသေန၊ အလွန်နူးညံ့ သိမ်မွေ့သော သဘော၏ အစွမ်းအားဖြင့်။ နိမိတ္တုပ္ပတ္တိယာ စ၊ နိမိတ်ဖြစ်ခြင်း၏လည်းကောင်း။ အာနာပါနဿတိယာ စ၊ အာနာပါနဿတိ၏ရင်း။ အာနာပါနဿတိ သမာဓိဿ စ၊ အာနာပါနဿတိသမာဓိ၏ရင်း။ ဘာဝနာ၊ အာနာပါနကမ္မဋ္ဌာန်း၏ ပွားအပ်သော ဘာဝနာသည်။ဣစ္ဆိတေဝ၊ ပြည့်စုံတော့သည်သာလျှင်တည်း။ ဣတိအယံ၊ ဤသည်ကား။ အဓိပ္ပါယော၊ အာနာပါနကမ္မဋ္ဌာန်း၏ လိုရင်း အဓိပ္ပါယ်တည်း။

ဤဒေသနာအရ အကြင် ပညာရှိအပေါင်းတို့ သတိဖြင့် ထောက်တော်မူကြပါ၍ အာနာပါနပဗ္ဗ၏ အရာဝယ် လိုလားအားထုတ်ပင် အားထုတ်ကြပါသော်လည်း အညစ်အကြေးနှင့် မကင်းကြလျှင်လဲ ပြည့်စုံကြမည်မဟုတ်၊ ထိုအညစ်အကြေး ရှစ်ပါးသည်ကား· သန္ဓမန ပဏာမန ဝိဏာမန စသည်တို့ဖြင့် ပြားပြန်၏။

လိုရင်းကား လက်ဝဲသို့ ယိမ်းယိုင်ခြင်း, လကျာသို့ ယိမ်းယိုင်ခြင်း, ရှေ့သို့ ညွတ်ခြင်း,နောက်သို့ ညွတ်ခြင်း စသည်တို့ပင်တည်း၊တပါးချို့ယွင်းက အားလုံးကုန် ချို့ယွင်းလေတော့၏၊ တပါးပြည့်စုံပါက အားလုံးကုန် ပြည့်စုံပေတော့၏၊ သို့ပါမူ၍ “ဘာဝနာ ဣစ္ဆိတေပါတိ အဓိပ္ပါယော” ဟူ၍ မဟာဋီကာရှင်နောက်က ပြခဲ့တော်မူ၏၊ ဤအရာဝယ် ပျက်စီးစေတတ်သော အညစ်အကြေးတို့၏ အန္တရာယ်ကို နှောက်ယှက်ခြင်းမှ ကင်းသော အထောက်အပံ့ အားရှိသော ဘာဝနာသည်ကား ပဘာဝနာတည်း။ ထိုပဘာဝနာသည်ကား ဝါတုပလဒ္ဓပဘာဝန အဿာသပဿာသပဘာဝန အာနာပါနဿတိပဘာဝန အာနာပါန

သတိ သမာဓိပဘာဝန် ဟု လေးပါး ပြားပြန်၏၊ ထိုလေးပါးတို့တွင် ကမ္မဋ္ဌာန်းခွင်သို့ အားထုတ်လိုသော ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်သည် အားထုတ်သော ဝီရိယအခိုက်၌ ရှုုရခလသလော မရှုုရလေသလောဟု ဖြစ်တတ်ပေ၏၊ ထိုအခိုက်သည် အဿာသပဿာသ ဝူပသမေတဗ္ဗ အရာသာတည်း။

ထို ဝူပသမေတဗ္ဗအခိုက်၌ အဿာသပဿာသသတိ သမာဓိ သုံးပါးတို့သည် တပြိုင်နက် ဝူပသမေတဗ္ဗအရာသို့ အန္တောဂဓတဝင်၍ အဝုတ္တာသိဒ္ဓိအရာ လေးပါးသော ပဘာဝနာ ပြီးစီးလေတော့၏၊ ဤကား ခိုင်လုံစွာဖြင့် သိနိုင်ကြပေလိမ့်မည်။

ဤကဲ့သို့ ပြည့်စုံကြပါလျှင် ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်အဘို့၌ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ အမှန်သက်နိုင်ကြောင်း သက်ဘူးသူများမှသာ ယုံကြည်ကြနိုင်ပေမည်၊ များသောအားဖြင့်လည်း ယုံကြည်ခြင်းငှါ ခဲယဉ်း၏၊ အချို့ အချို့သော သူများသည် စာတွေ့လို့သော်ငင်း၊ ပြောသံကြား၍သော်ငင်း လုပ်မိလုပ်ရာ လုပ်တတ်ကြ၏၊ လုပ်ခဲ့သော် ဖြစ်မိဖြစ်ရာလဲ ဖြစ်တတ်ကြပါ၏။

သို့သော် ဆရာမရှိ၍ ခရီးမရောက်ကြပေ၊ အင်မတန် ဆရာကောင်း လိုလှပေ၏၊ ဆရာကောင်းကလည်း အင်မတန် ရှားပါးလှ၏၊ ဤနေရာ၌ ဆရာကောင်းကို ရှာရသော် ဆရာကောင်းတို့မည်သည်မှာ လဒ္ဓေါပဒေသ ဟတ္ထမုဋ္ဌိနည်းနှင့်တကွ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အမှန်ရခဲ့သော ဆရာအမှန်ဖြစ်ပါမှ ပရိယတ္တိဓမ္မကိုလဲ လိမ်မာစွာ ဓမ္မသတ်အရ ပဋိပတ်ကျင့်စဉ်နှင့်တကွ ဓမ္မသတ်အရာဝယ် လိမ်မာပါမှ ဤကဲ့သို့သော ဆရာနှင့်တွေ့ပါမှ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ အမှန်ရောက်နိုင်ကြပေမည်၊ ရောက်နိုင်ကြောင်းကို အမှန်ပြလိုအပ်ရာဝယ် မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုသည်ကား ရုပ်အစဉ် နာမ်အစဉ်နှင့်တကွ စိတ် စေတသိက် စိတ္တဇရုပ် ချုပ်မှသာလျှင် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ အမှန်ရောက်နိုင်ကြပေမည်။

လိုရင်းအမှန်ကား အာရဒ္ဓဝီရိယပုဂ္ဂိုလ်၏ ကရဇကာယ၌ရှိသော ကောဋ္ဌာသပင် ဟူလို။ ထိုကောဋ္ဌာသ၌ စပ်သောအရာကား လိုရင်းအချက်ကို ပြရမည်ဆိုသော် ထွက်သက် ဝင်သက်သာတည်း၊ ထွက်သက် ဝင်သက်မှ မငြိမ်းပါက

အဘယ်မှာလျှင် ကောင်းသော ငြိမ်းနိုင်ပါအံ့နည်း၊ သို့ရာငယ် ထွက်သက် ဝင်သက်ကို ငြိမ်းခြင်းငှါ ပြုလို၍ ပဏ္ဏာသ အဋ္ဌကထာ၀ယ်–

အာနာပါနဿတိံ တိ အဿာသပဿာသေ ပရိဂ္ဂဟေတွာ အရဟတ္တံ ဂဏှာတိတိ ဒဿေတိ။

ဟု ဘွင့်ပြတော်မူ၏။

ပဏ္ဏာသ အဋ္ဌကထာ။

**အနက်ကား** အာနာပါနဿတိံ တိ၊ ဟူသည်ကား။ အဿာသပဿာသေ၊ ထွက်သက် ဝင်သက်တို့ကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်းနိုင်ခဲ့သည်ရှိသော်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ဂဏှာတိ၊ ယူနိုင်၏။ ဣတိ၊ သို့။ ဒဿေတိ၊ ၏။

အဲ ဤကဲ့သို့ ဒေသနာမှာ ထင်ရှားစွာ ရှိခဲ့လေခြင်းကြောင့် ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်သည် ပဘာဝနတရားလေးပါးနှင့် ကိုက်ညီစွာ ထွက်သက် ဝင်သက်ကို သိမ်းဆည်းနိုင်ပါမူ အနာဟတ္တမဂ် အရဟတ္တဖိုလ်သို့ ရောက်နိုင်ကြောင်း မုချအားဖြင့် ရသည်ကို ထောက်ပါသဖြင့် အဝုတ္တသိဒ္ဓိနည်းအရာငယ် အောက်အောက်၌ဖြစ်သော မဂ်အထပ် ဖိုလ်အစဉ်တို့မှာကား ယုံမှားဘွယ်ရာ မရှိတော့ချေ။

ဤနေရာ၌ ဤကဲ့သို့ သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားလိုက်သော ဆရာတော်သည်ကား လေ့လာခဲ့ဘူး၍သာ အမှန်ကို ဘွင့်ထုတ်လိုက်ရပေ၏။

အရှင် ပညာရှိအပေါင်းတို့ ဤအရာဝယ် ကျင့်ကြံ ကြိုးကုတ် အားထုတ်လို့ ခရီးရောက်သော သူများကိုတော့ တိုးတိုးတိတ်တိတ် လက်ဆိတ်၍ အဓိမာန အရာကို ညဏ်သိပ်သည်းစွာ ထားလျက် မိမိ၏ လေ့လာအပ်ခဲ့ဘူးသော အတ္တဘာဝ အာဝိဘာဝနာကာရနည်းဖြင့် လဒ္ဓဂုဏ်ကို နှိမ်ချ၍ ဋီကာကျမ်းအလာ ဒေသနာရှာရမည်မှာ--

ကေဿဝ ဉာဏဿ စတုက္ကိစ္စသာဓနံ ပဋိပါဒီနံ ဝဋ္ဋိဒါဟာဒိ စတုက္ကိစ္စ ဒဿနတော ယော ဘိက္ခုဝေ ဒုက္ခံ ပဿတိ တျာဒိ အာဂမတော စ သမ္ပဋိစ္ဆိတဗ္ဗံ။

ဟု ဝန်ခံမှုအနေဖြင့် ထုတ်ပြသည်မှာ အရှင်သူတော်ကောင်းတို့ ဤဒေသနာတော်ကို ဉာဏ်နှစ်စေလိုကြ၍၊ ဉာဏ်ညွတ်ကြစေလိုကြောင်း။

**အနက်ကား** ကေသော၀၊ တပါးသာလျှင်ဖြစ်သော (ကေပဋိဝေဓ၏) ဉာဏသ၊ ပဋိပတ္တိဉာဏ်အား။ စတုကိစ္စသာဓနံ၊ လေးပါးသောကိစ္စကိုပြီးစေတတ်သော။ ပဒီပါဒီနံ၊ ဆီမီးအစရှိသည်တို့ကို။ ဝဋ္ဋဒါဟာဒိစတုကိစ္စဒဿနတော၊ လောင်ကျွမ်းခြင်း အစရှိသောလေးပါး ကိစ္စကိုပြီးစေတတ်သည်၏ အဖြစ်ကြောင့်။ ဘိက္ခဝေ၊ ရဟန်းတို့။ယော စ ဘိက္ခု၊ အကြင်ရဟန်းသည်လည်း။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပဿတိ၊ မြင်၏။ ဣတိ အာဒိ အာဂမတော၊ လာသောကြောင့်။ သမ္ပဋိစ္ဆိတဗ္ဗံ၊ ဝန်ခံအပ်၏။

အဲ ဤကဲ့သို့ ဒေသနာတော်ကို ထောက်တော်မူကြပါသဖြင့် အရှင်ပညာရှိအပေါင်းတို့ ဤကဲ့သို့ ပြည့်စုံသော ပုဂ္ဂိုလ်များအား ဤကဲ့သို့သော ပုဂ္ဂိုလ်က ဝန်ခံရမည်မှာ မလွဲသာတော့ပေ။ သို့ပါမူ၍ ထွက်သက်ဝင်သက် ရပ်ဘူးသော သူများသည် ကာမာဝစရ ဘာဝနာ ဥပစာရသမာဓိအဖြစ် မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇောနှင့်အကြုံ ပစ္စက္ခ ပဋိသန္ဓေက ပါခဲ့သော မဟာဝိပါက် ဉာဏသမ္ပယုတ် ပဋိသန္ဓေကမ္မဇရုပ်နှင့် အညီ သမ္ပယုတ္တဖြစ်ခိုက် နီဝရဏငြိမ်းသည့်အခိုက်တွင် ဥပစာရဘုံသို့ သက်ရောက်လိုက်ပုံကား ပြတော်မူအပ်လို၍–

ဥပစာရဘူမိယံ နီဝရဏပဟာနေန စိတ္တံ သမာဟိတံ ဟောတိ။

ဟု ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒေသနာကို ရှာလိုက်သော်—

**အနက်ကား** ဥပစာရဘူမိယံ၊ ဥပစာရဘုံ၌။ ဝါ-ကာမာဝစရ ဘာဝနာဖြစ်ခိုက်၌။ နီဝရဏ ပဟာနေန၊ နီဝရဏတရားတို့ကိုပယ်ခြင်းကြောင့်။ စိတ္တံ၊ စိတ်သည်။ သမာဟိတံ၊ ကောင်းစွာတည်သည်၊ ဟောတိ၊ ဖြစ်၏။

ဤနေရာ၌ လေ့လာအပ်သော ယောဂီသည် ဥပစာရသမာဓိဖြစ်လျက် စိတ္တသင်္ခါရ ငြိမ်း၍သွားလေတော့၏၊ ဤကဲ့သို့ စိတ္တသင်္ခါရငြိမ်း၍သွားခဲ့သော် ကာယသင်္ခါရဟူသည် အဘယ်မှာ မငြိမ်းဘဲ ရှိရချေတော့အံ့နည်း၊ အဘယ့်ကြောင့်ဆိုသော် နိဒ္ဒေသအဋ္ဌကထာ၌ကား- “ကာယသင်္ခါရေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော”ဟု ဘွင့်ပြတော်မူလိုက်၏။

သို့ပါမူ၍ လိုရင်းမှာကား ကာမဂေါတြဘု ဖြတ်၏ ဟုလိုသည်၊ ယုံနိုင်ခြင်း ငှါလည်း ခဲယဉ်းစွေ၊ ဖြစ်ဘူးသောသူများမှသာလျှင် ယုံနိုင်သည့် ဘဝပါရဂူ မြောက်သောသူ ဟူ၍ ထင်ရှားခဲ့ပေ၏၊ သို့သော် ဂန္ထဂရုဒေါသ မဖြစ်စေခြင်း ငှါ သင်္ဂဟအဋ္ဌကထာ၌ တိုက်ရိုက်လာသည်ကို ထောက်ထားရမည်မှာ–

ကာမာဝစရဇဝနာနမဋ္ဌန္နံ အညတြသ္မိံ ပရိကမ္မောပစာရာနုလောမ ဂေါတြဘုနာမေန စတုက္ခတ္တုံ တိက္ခတ္တုမေဝ ဝါ။

ဟု ထင်ရှားစွာ ဖော်ပြခဲ့လေရာ -

အနက်ကား အဋ္ဌန္နံ၊ ရှစ်ပါးကုန်သော။ ကာမာဝစရဇဝနာနံ၊ ကာမာဝစရ ဇောတို့တွင်။ အညတရသ္မိံ၊ အမှတ်မထား တပါးပါးသော ဇောသည်။ ပရိကမ္မောပစာရာနုလောမဂေါတြဘုနာမေန၊ ပရိကံ ဥပစာ အနုလုံ ဂေါတြဘု ဟူသောအမည်ဖြင့်။ စတုက္ခတ္တုံပါ၊ လေးကြိမ်ရင်း။ တိက္ခတ္တုမေဝ ဝါ၊သုံးကြိမ် သာလျှင်ရင်း။

အဲ ဤကဲ့သို့ အကြောင်းကြောင်းကို ထောက်ပါသဖြင့် ယုံကြည်ထိုက်လှ ပေကြောင်း၊ သို့ပါသောကြောင့် အာနာပါနကမ္မဋ္ဌာန်းဝယ် ပဘာဝနတရား ၄-ပါးနှင့် ပြည့်စုံပါက ထွက်သက် ဝင်သက် ရပ်ကြောင်း ဆရာကောင်းနှဲ့ အား ထုတ်ဘူးသောသူများမှသာ သိနိုင်ချိမ့်မည်၊ သို့ပါမူ၍ ဤနေရာ၌ ဒဋ္ဌိပုဒ်ထုတ်၍ ပြရသည်မှာ–

ဂဗ္ဘာနုဝသေနေဝ မနသိကာရကာလတော ပဘုတိ အနုက္ကမတော ဩဠာရိကာ အဿာသပဿာသ နိရောဓဝသေန ကာယဒရထေ ဝူပသန္တေ ကာယောပိ စိတ္တမ္ပိ လဟုတံ ဟောတိ။

ဤကဲ့သို့ လာတော်မူသည်ကို ထင်ရှားလှပေ၏။

အနက်ကား ဂဗ္ဘာနုဝသေနေဝ၊ ရေတွက်ခြင်း၏ အစွမ်းအားဖြင့်သာလျှင်။ မနသိကာရကာလတော၊ နှလုံးသွင်းသည်မှ။ ပဘုတိ၊ အစပြု၍။အနုက္ကမတော၊ အစဉ်အားဖြင့်။ ဩဠာရိကာ၊ ရုန့်ရင်းကြမ်းတန်းကုန်သော။ အဿာသ ပဿာသနိရောဓဝသေန၊ ထွက်သက်ဝင်သက် ချုပ်သည်၏ အစွမ်းအားဖြင့်။

ကာယဒရထေ၊ ကိုယ်၏ ပူပန်ခြင်းတို့ကို။ ဝူပသမ္ဘေ၊ ငြိမ်းလတ်သည်ရှိသော်။ ကာယောပိ၊ ကိုယ်သည်ရင်း။ စိတ္တမ္ပိ၊ စိတ်သည်ရင်း။ လဟုတံ၊ ပေါ့သည်။ ဟောတိ၊ ဖြစ်၏။

ဤနေရာ၌ ဤဒေသနာအရ ထင်ရှားလှပေရာ အချို့အချို့သော ယောဂီများအား ထွက်သက်ဝင်သက် ချုပ်ငြိမ်း၍ နေပါ၍ ခေါင်ငင်မေးမြန်း၍ မရလေရာ လေပြတ်၍နေပါက အပြင်ကလေနှင့် ဆက်စပ်၍သာ ပေးခဲ့ရဘူးသူ များလှလေ၏၊ အထောက်အထား အနေအားဖြင့် ပုဂ္ဂိုလ်အကိုး ပြရမည်မှာ–

မုံရွာမြို့ လယ်တီဆရာတော်ဘုရားကြီးသည် ဤနေရာ၌ အချို့အားထုတ်သော ပုဂ္ဂိုလ်များကား အထက်သို့ တပေခန့် တထွာခန့်မျှဖြင့် ပျံတက်သည် ဟူ၍ပင် ကြားဘူးသည်ဟု ဒီပနီတနေရာ၌ညွှန်ပြဘူးသည်ကို တွေ့ခဲ့ဘူး၏၊ သို့ပါမူ၍ ယုံကြည်ထိုက်လှပေစွ အဘယ့်ကြောင့်ဆိုသော် အဋ္ဌကထာတနေရာ၌ကား–

"သရီရံ အာကာသေ လင်္ဃနာကာရ ပတ္တံဝိယ" ဟု တိုက်ရိုက် ဘွင့်ပြတော်မူ၏။

အနက်ကား သရီရံ၊ ခန္ဓာကိုယ်ကြီးသည်။ အာကာသေ၊ ကောင်းကင်၌။ လင်္ဃနာကာရပတ္တံဝိယ၊ ပျံတက်သကဲ့သို့။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဤသည်ကို ထောက်ပါသဖြင့် ကိုယ်ပေါ့ခြင်း စိတ်ပေါ့ခြင်း လိုရင်းမှာ စိတ်နှင့် ခန္ဓာကိုယ်တို့သည် အလွန်နူးညံ့သည်ဖြစ်လျက် မုစ္စနသဘော ပဘဿရ ဓာတ်သဘောသာတည်း၊ ယုံထိုက်လှပေစွ၊ ခရီးရောက်သောသူတို့သည် လက်ခံနိုင်၏ ဟူလို။

မုံရွာမြို့ ကျေးဇူးရှင်ဆရာတော်ဘုရားကြီးသည် တပေခန့် တထွာခန့် ပျံတက်သည်ကို ကြားဘူးခဲ့သည် ဟုဆိုရာ ယခုသံသာရမဂ္ဂပါရဂူစာဘမ်း ရေးသားသော ဆရာတော်သည် အထက်သို့ ပျံတက်သော ယောဂီများကို မြင်လဲမြင်ဘူး၏၊ သို့သော် ပုဂ္ဂိုလ်တိုင်းကိုတော့ မဆိုသာပေ၊ ဤကဲ့သို့ ခရီးရောက်သောသူတို့အား ရင်းနှီးစွာလဲ ရှိခဲ့ဘူး၏၊ ပဂါရိတ ပစ္စည်းလေးပါးရှင်များလဲ ဖြစ်ခဲ့ဘူးပေ၏၊ ထိုပုဂ္ဂိုလ်များသည် ယခု စာရေးဆဲအချိန်မှာပင် တည်ဆဲလဲ ရှိပေသေး၏၊ သို့သော် အခါခပ်သိမ်းလဲ မဆိုသာပေ၊ အများသော ယောဂီများလဲ တွေ့ခဲ့ဘူးပေ၏၊ သို့သော် ပုဂ္ဂိုလ်တိုင်းကိုတော့ မဆိုသာပေ။

သို့ပါမူ၍ ဤအရာဝယ် ကျင့်ကြံကြိုးကုတ် အားထုတ်သော သူများသည် ရှေးပုညိဒ္ဓိပါလာခဲ့သော သတ္တမဇောရှင်များသာ ဖြစ်ပေ၏၊ ထိုသတ္တမဇောရှင်တို့၏ ဣန္ဒြေကို ထောက်ချင့်နိုင်သော ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းပြသော ဆရာ၏ အင်္ဂါနှင့် ညီမှသာလျှင် သပ္ပုရိသူပဆရာ ဖြစ်ထိုက်ပေ၏။

သပ္ပုရိသူပဆရာ၏ အင်္ဂါကား သံယုတ်ပါဠိတော် ယမကအရာ၌ လာတော်မူသည်နှင့်အညီ ပရိယတ္တိဓမ္မကိုလဲ ကျွမ်းကျင်ပါကမှ ဂန္ထန္တရဗဟုသုတလဲ ရှိပါမှ,ပရိပုစ္ဆနဂုဏ်နှင့်လဲ ထိုက်သလောက် ကြွယ်ပါမှ, ဒဗ္ဗညုတဉာဏ်ရှင် အဆူဆူတို့၏ အယူနှင့်လဲ ကိုက်ညီပါမှ သို့မှသာလျှင် ကမ္မဋ္ဌာနာစရိယဆရာ၏ အင်္ဂါနှင့် ညီညွတ်ရာ ညီညွတ်ကြောင်း ညွှန်ပြရမည်ဆိုသော်–

အဓိဂမော ပရိယတ္တိ၊ သဝနံပရိပုစ္ဆနံ။
ပုဗ္ဗယောဂေါ ဣမေပဉ္စ၊ တာသံ ဝိသဒကာရဏံ။

ဟု ယမကဝဂ်၌ လာ၏။

**အနက်ကား** အဓိဂမော စ. သံသရာ၌လွတ်ရာလွတ်ကြောင်း တရားကောင်းကိုဆောင်နိုင်သော ဂုဏ်ရှိခြင်းငှါး။ ပရိယတ္တိ စ၊ ပုဒ် ပါဌ် နယတ် လိင်ဝုစ်ခွတ်၌ ဂန္ထတ်ကျမ်းဝယ် အသွယ်သွယ်ဖြင့် လိမ်မာခြင်းငှါး။ သဝနံ စ၊ သာသနာ သုံးရပ် သတိချပ်လျက် ပါဠိ ပါဌ် အရ မိပ္ပါယ်ကျကို နာကြားခြင်းငှါး။ ပရိပုစ္ဆနဉ္စ၊ ဂန္ထန္တရအရာ မေးမြန်းရာဝယ် ကျဉ်းကျယ်မလတ် အထပ်ထပ်၌ နှံ့စပ်ကျွမ်းကျင် သဘောထင်ခြင်းငှါး။ ပုဗ္ဗယောဂေါ စ၊ ရှေးဘုရားရှင်တို့အလာ ယခု သာသနာမှ သစ္စာဉာဏ်စုံ တရားဂုဏ်ကို သင်္ခါရုပေက္ခာဉာဏ်ကုန်အောင်သိနိုင်ခြင်းငှါး။ ဣမေပဉ္စ၊ ဤငါးပါးတို့သည်။ တာသံ၊ ထိုမဂ်ဖိုလ် အကျိုးတရားတို့၏။ ဝိသဒကာရဏံ၊ ရှွံ့ရှားခြင်းကင်း ရဲတင်းသောအင်္ဂါ သေက္ခတရားတို့သာတည်း။

ဤကဲ့သို့ ကမ္မဋ္ဌာန်းဆရာတို့၏ အင်္ဂါကား ယမကဒေသနာ ပြဆိုတော်မူရာဝယ် အဓိဂမဂုဏ် ပရိယတ္တိဂုဏ် သဝနဂုဏ် ပရိပုစ္ဆနဂုဏ် ပုဗ္ဗယောဂဂုဏ် ဤကဲ့သို့သော အင်္ဂါ ၅-တန်နှင့် ပြည့်စုံပါမှ ကျင့်ကြံ အားထုတ်သော ယောဂီပုဂ္ဂိုလ်တို့၏ ဣန္ဒြေ ရင့် မရင့်ကို ထောက်ချင့်နိုင်စွမ်း ရှိပေ၏။

ကမ္မဋ္ဌာနာစရိယ ဆရာတို့မည်သည်မှာ မိမိ၏ ပြသအပ်သော ဝေနေယျ၏ ဉာဏ်အစဉ်အား ဣန္ဒြေရင့်-မရင့်ကို ထောက်ချင့်ပိုင်ပိုင် သိစွမ်းနိုင်သော ဣန္ဒြိယ ဓာတ်ခံ အလိုအာသာ အာသယကိန်းဟန်ကို သိစွမ်းနိုင်သော ဆရာ၏ ဓာတ်ခံ ပြည့်စုံမှသာလျှင် မိမိ၏ပရိစယ လေ့လာဆည်းပူးခဲ့သော ဟာဒယဝတ္ထု မနောဝိညာဏဓာတ်၏ အသိနှင့် တိုက်ဆိုင်၍ နေလုလင်နှင့် ဦးတိုက်လိုက်ရသကဲ့သို့ ဦးထိပ်ရွက် ပန်ဆင်ဘိရကား နောက်ကပြခဲ့သော ပဋိဘာဂနိမိတ် ဥဂ္ဂဟနိမိတ် ဥပစာရသမာဓိ အခိုက်က ပြန်၍ ဆင်ခြင်လေသော် လေ့လာအားထုတ်ဆဲဖြစ်သော ယောဂီ၏ ဣန္ဒြေကို မိမိအသိဉာဏ်ဖြင့် စောင့်စည်း၍ ဓမ္မအရှိန်ဖြင့် တည်စေလျက် ကျင့်ကြံ အားထုတ်ဆဲဖြစ်သော ယောဂီ၏ ဉာဏ်အမြင်တို့ကို ကျမ်းဂန်နှင့် ကိုက်ညီ၍ ပြရမည်မှာကား—

> ပဋိဘာဂနိမိတ္တံ ထဝိကတော နိဟတာ ဒါသမဏ္ဍလံဝိယ သုဓောတသင်္ခထာလံဝိယ ဝဋ္ဋာဟကန္တရာ နိက္ခန္တစန္ဒမဏ္ဍလံဝိယ မေဃမုခေ ဗကာဝိယ ဥဂ္ဂဟနိမိတ္တံ ပဒါလေတွာ နိက္ခန္တမိဝ တတော သတဂုဏံ သဟဿဂုဏံ သုပရိသုဒ္ဓံ ဟုတွာ ဥပဋ္ဌာတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** ပဋိဘာဂနိမိတ္တံ၊ ပဋိဘာဂနိမိတ်သည်။ ထဝိကတော၊ အအိမ်မှ။ နိဟတာဒါသမဏ္ဍလံဝိယ၊ ထုတ်၍ပြအပ်သော ကြေးမုံ မှန်ပြင်ကဲ့သို့ရှင်း။ သုဓောတသင်္ခထာလံဝိယ၊ ပွတ်သစ်သော ခရုသင်းကဲ့သို့ရှင်း။ ဝဋ္ဋာဟကန္တရာ၊ တိမ်တိုက်ကြားမှ။ နိက္ခန္တစန္ဒမဏ္ဍလံဝိယ၊ ပေါ်ထွက်၍လာသော လပြည့်ဝန်းကဲ့သို့ရှင်း။ မေဃမုခေ၊ မိုဃ်းတိမ်ညိုဝ၌။ ဗကာဝိယ၊ ဗျိုင်းဖြူကဲ့သို့ရှင်း။ ဥဂ္ဂဟနိမိတ္တံ၊ ဥဂ္ဂဟနိမိတ်ကို။ ပဒါလေတွာ၊ ဖေါက်ခွဲ၍။ နိက္ခန္တမိဝ၊ ပေါ်ထွက်ဘိသကဲ့သို့။ တတော၊ ထို့ထက်အလွန်။ သတဂုဏံ၊ အရာမျှားစွာ။ သဟဿဂုဏံ၊ အထောင်မျှားစွာ။ သုပရိသုဒ္ဓံ၊ ထက်ဝန်းကျင်မှ စင်ကြယ်သည်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်လာ၏။

ဤကဲ့သို့ ဤဒေသနာအရ ဤကဲ့သို့သော အရာဝယ် ယောဂီပုဂ္ဂိုလ်တို့၏ ပါရမီနိမိတ်ကို စစ်ထုတ်၍ ရှေးက လေ့ကျက်ဘူးခဲ့သော ကတာဓိကာရဂုဏ်နှင့်

လာလတံ့သော အနာဂတံသ မဂ်ဉာဏ် ဖိုလ်ဉာဏ်နှင့် သမဘာဂ စပ်-မစပ် သိအပ်ရာငယ် သပ္ပုရိသံသဆရာ၏ စရဏဂုဏ်ဖြင့် အမှန်တိုက်ဆိုင်၍ သိမှသာလျှင် ကမ္မဋ္ဌာနာစရိယ ဆရာ၏ အင်္ဂါဖြစ်ထိုက်ကြောင်း ဆရာ၏အင်္ဂါကား နက်နဲလှပေ၏။ဤနေရာ၌ "ကုန်ရှုံးတော့တခေါက်" ဆိုသည့်အလားကဲ့သို့ ဆရာဂုဏ်ရှုံးပါက သံသရာတသက် မှောက်မည်မှာ မလွဲသာတည်း၊ စဉ်းစားကြကုန်ရာသည်၊ သို့ပါမူ၍ ယခု ကျင့်ဆဲဖြစ်သော ယောဂီပုဂ္ဂိုလ်၏ ဂဏနအစဉ်သည် ဗဟိဒ္ဓ၌ တားနည်း ပုံနည်း ဖွဲ့စည်းနည်း အစရှိသည်တို့ဖြင့် ဆရာလုပ်သူ၏ အင်္ဂါကလဲ ပြည့်စုံပါမှ ထားပုံ သိုပုံ နေပုံ ထိုင်ပုံ "ဥဇုံကာယံ ကတွာ" နှင့် ကိုက်ညီ၍ ကျမ်းအလာ ဒေသနာကို ဉာဏ်မျက်စေ့အကြောင်းပြု၍ ရိပ်လိုက်ရမည်မှာ—

ဗဟိဝိသဋ္ဌဝိတက္ကဝိစ္ဆေဒံ ကတွာ အဿာသ ပဿာသာရမ္မဏေ သတိ-သဏ္ဌာပနတ္ထာယေဝ ဂဏနာ ဟောတိ။

ဟု နောက်နောက်က ကျင်လည် ပြေးသွားခဲ့ရသော စိတ် ဝိတက်အစဉ်ကို ဖြတ်တောက်လျက် ထွက်သက် ဝင်သက်တို့၏ ကောင်းစွာထားနိုင်စေခြင်း တည်နိုင်စေခြင်းအလို့ငှါ ဉာဏ်မျက်စေ့ အကြောင်းဖြင့် ညွှန်ပြလိုက်ရလေ၏ ဟူလို၊ သို့သော် ဤနေရာ၌ ထွက်သက် ဝင်သက် ချုပ်ငြိမ်းသွားပြီဟူ၍ မှတ်ကြကုန်၏ ဟူလို။

အဘယ်ကဲ့သို့ အဘယ်နေရာမှာ အဘယ်လို ချုပ်ငြိမ် ၍ သွားပါအံ့နည်းဟု ယောဂီအပေါင်းတို့က သိချင်ကြပေလိမ့်မည်၊ ဟဒယဝတ္ထုရုပ် ဟူလို။ ထိုဟဒယဝတ္ထုရုပ်ကား သံယုတ်ဒေသနာအလိုအားဖြင့် ပြရမည်ဆိုသော် ဟဒယ သဒ္ဒါပင်လျှင်တည်း၊ ထိုဟဒယသဒ္ဒါသည်ကား သမ္မန်၍ ပြရမည်မှာ—

ဟဒယံ၊ သားမြတ်နှစ်ခုတို့၏အလယ် ကိုယ်အတွင်း ရင်အချိုင့် အည္ဈုံနှစ်ခုတို့၏ အကြား တွဲရရွဲ ဦးစောက်တည်လျက် ပညာမဲ့အား စဉ်းငယ် ပွင့်သော ပညာရှိအား စုံ့သော အပေါ်ဖတ်ခွါလျက် အပကား သန့်ရှင်း ပြေပြစ် အတွင်း၌ သပ္ပတ်ခါး အူသဘွယ် အလယ်၌ ပုန်းညက်စေ့ခန့် ပမာဏ "နီမြန်းရာဂ ဒေါသမည်းငြား သားဆေးရည်မောဟ တဂ္ဂပဲရည် ဝါသည်သဒ္ဓါ ပညာပြိုးပြက် အရောင်ထွက်သော" မနောဓာတ် မနောဝိညာဏဓာတ်တို့၏

တည်ရာ ဟဒယဝတ္ထုရုပ်ဟု ဆိုအပ်သော တလက်ဘက်ခွဲလောက်မျှသော နှလုံးသား သွေးအပြင်ရင်း။

ဤကဲ့သို့ ဤနေရာဝယ် ပရိယတ္တိ ဓမ္မဖြင့် ပြည့်စုံတော်မူကြကုန်သော သာသနာအဆက်ဆက်မှ လာခဲ့ကြတော်မူသော ရှေးအရိယာ ဆရာရှင်ကြီးတို့ ညွှန်ပြခဲ့ဘူးသည်ကို ထောက်ပါသဖြင့် ဟဒယဝတ္ထုရုပ်ဟူသည် နှလုံးသွေး ဟူလို၏။

ထိုနှလုံးသွေး၏ အလယ်တည့်တည့်၌ အလွန်ထက် အလွန် အင်မတန် ကြည်လင်လှစွာသော ယင်ငယ်မျှ သောက်လောက်ရုံမှ မရမရှိသေးသော ပါရမီ ဉာဏ်အရှင်များမှ မြင်နိုင်သော ဟဒယဝတ္ထုရုပ်၏ အကြည်ဓာတ်ကလေးဟု ခေါ်သော ထိုအကြည်ဓာတ် ကလာပ်ကလေးကို အမှီပြု၍ ဖြစ်သော အဿာသ ပဿာသ လေနှစ်ရပ် နိရောဓချုပ်ခြင်း ငြိမ်းခြင်းသို့ ဆိုက်ရောက်ခြင်း ဟူလို။

ထိုအခါကာလ ခဏ၌ကား နောက်ကပြခဲ့သော ကုသိုလ်ဇောအစဉ်နှင့်တကွ ပဋိဘာဂနိမိတ်အာရုံ၌ သွင်း၍ မဟာကုသိုလ်ဇောအရှိန်နှင့် အတိတ် ဒုတိယ တဘဝက ယခုဘဝ ပစ္စက္ခအရ ပဌမဇောစေတနာနှင့် အကြုံတွင် ကာမာဝစရ ဘာဝနာဟု ဆိုအပ်သော တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဖြစ်လိုက်တော့၏၊ (ရှုရှိုက်လေ ရပ်သော နေရာ၌) ဉာဏ်အရာကား ကာရဏူ ပစာရအားဖြင့် သိအပ်၏၊ လောကီဂုဏ်ပုဒ် ဟူလို။

သို့ပါသောကြောင့် ထိုစရဏယောဂီပုဂ္ဂိုလ်အား ပညာရှိပုဂ္ဂိုလ်တို့၏ ဉာဏ် ညွှန်ရမည်မှာ -

> ဉာဏသမ္ပယုတ္တ စိတ္တေန ကတကုသလကမ္မံ တဿ ပုဂ္ဂလဿ ပဋိရူပ ဒေသဝါသံ သပ္ပုရိသံသံ ပဋ္ဌာပေတိ၊ သော ဧဝ ပုဂ္ဂလော အတ္တာနံ သမာ ဒပေတိ။

သံယုတ် အဋ္ဌကထာ။

ဤကဲ့သို့ သံယုတ်ဒေသနာတော်၌ လာသော စကားကို ထောက်ပါသဖြင့် မဟာကုသိုလ်ဇော သည်ပင်လျှင် ပစ္စက္ခ ပဌမဇောကား အနန္တရပစ္စည်းတပ်

လျက် မဂ်ဉာဏ်ရှင် ဖိုလ်ဉာဏ်ရှင် ဖြစ်တော်မူသော အရိယာပုဂ္ဂိုလ်အပေါင်းတို့နှင့်တကွ တွေ့နိုင်သော ခေတ်ပင်တည်း၊ (တွေ့နိုင်ရမည်တဲ့) ထိုမဟာကုသိုလ်ရှင်သည် အရိယာပုဂ္ဂိုလ်အပေါင်းနှင့် မတွေ့လိုပါက တွေ့ပင်တွေ့ငြားပါသော်လည်း ကြောင့်ကြမဲ့ နေကြပါမူကား နိယတဗျာဒိတ်ရှင်သော်မှလည်း ထိုမဟာကုသိုလ်ဇောသည် အဟောသိကံ ဖြစ်ရသေး၏။

နိယတဗျာဒိတ်မပါသေးသော အနိယတမျိုးတို့မှာ အဘယ်မှာလျှင် အဟောသိကံ မဖြစ်ဘဲရှိပါအံ့နည်း။

နောက်ကပြခဲ့သော ဒေသနာတော်အရ အတ္ထယောဇနာရမည်မှာ—

ဉာဏသမ္ပယုတ္တစိတ္တေန၊ ကြောင့်။ ကတကုသလကမ္မံ၊ ပြုအပ်ခဲ့ပြီးသော ကံသည်။ တဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ပဋိရူပဒေသဝါသံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌။ ဇနေတိ၊ ဖြစ်စေတတ်၏။ (ထည့်) သပ္ပုရိသံသံ၊ ၌။ ပဋ္ဌာပေတိ၊ ၏။ သောဧဝ ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ အတ္တာနံ၊ ကို။ သမာဒပေတိ၊ ၏။

ဤကဲ့သို့ မဟာကုသိုလ် ဇောရှင်များသည် အားရှိနိုင်ဘွယ်ရာ အားထုတ်နိုင်ဘွယ်ရာ မဂ်ပညာ ဖိုလ်ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ်ကို တွေ့နိုင်၏။

တွေ့နိုင်၏ဟူရာဝယ် တွေ့လိုမှသာလျှင် တွေ့နိုင်၏တဲ့၊ ပေလုံးတို့လို ပါရမီခုတုံးလုပ်ပါက အဘယ်မှာ တွေ့နိုင်ပါအံ့နည်း၊ ၎င်းသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသား သီကုံး ထုံးဖွဲ့၍ ထားအပ်သော ဆရာတော်သည်ကား စာတမ်းကလေးတခုဖြင့် ရေးစပ်ခဲ့သည်မှာ သာမန်အနေနှင့် ရေးပြပါဦးအံ့၊ နေ့စဉ်အနေနှင့်အမျှ ဒါန သီလ တံစိုးလက်ဆောင်ဖြင့်ပေး၍ ရှာကြသောသူတို့ကို ရည်မှန်း၍ ရေးစပ်တော်မူလိုက်သည်မှာ သည်လိုတဲ့—

နေ့စဉ်မနေး၊ တံစိုးပေး၍၊ ချိန်ခါမပြတ်၊ ရှာကုန်လတ်၏၊မပြတ်ထပ်ခါ၊ ရှာသောခါဝယ်၊ တနေ့တာလုံး၊ တွေ့မဆုံးတည်း၊ ကြောင်ကြောင်တွေ့ငြား၊ သိပါသားနှင့်၊ အလေးဆောင်ပြည်တိုက်၊ ဈေးဝယ်မိုက်သို့၊ ပါရမီခုတုံး၊ပေလုံးလို၊ ခွင့်ခါကြုံကြိုက်၊ မရထိုက် ဟူရာ—

ဤကား အလေးကိုဆောင် ပြည့်ကိုဆောင်သော ဈေးဝယ်သောသူ သူ့အလေး ကိုယ့်ပြည် အငြင်းဖက်၍ ဈေးဝယ်ပါက ဈေးသည်အား အဘယ်မှာ ရောင်းပါအံ့နည်း၊ ဤအရာ၌ သတိရှိကြစေလို၏၊ အရိယာဓမ္မ ပြသမည့် ပုဂ္ဂိုလ်များက အယုံကင်းမဲ့သော ယောဂီများအား အဘယ်မှာ ပြပါအံ့နည်း။

လောက၌ ဆေးကုရှာစားသော ဆေးဆရာများသော်မှလည်း ကုထိုက်သော သူနာ မကုထိုက်သောသူနာ ရွေးချယ်ဘိအလားကဲ့သို့ ဥပမာတခုကို လက်ကိုင်ပြု၍ ဘာဝပကာလောကီကျမ်းမှာ မှာထားစကားချက် စကားအဆက် ကလေးဖြင့် စီတန်း၍ ရေးဆက်ခဲ့သည်မှာ—

ဘာဝပကာ၊ ကျမ်းမိန့်မှာသည်၊ ဂိလာနမျိုး၊ စိတ်ဆိုးလွယ်ပင်၊ ဆင်ခြင်မပြု၊ ယုံတတ်လှည့်စား၊ ဆရာ့စကား၊ နားမျှမထောင်၊ တတ်ယောင်သူနာ၊ သမားယုံကင်း၊ မရှင်းသံသယ၊ရှောင်ခွါမကုအပ်၊သမားမြတ်တို့၏၊လက္ခဏာတည်း။

ဤအရာဝယ် ငါတို့ကျေးဇူးရှင် ဆရာတော်ဘုရားကြီး မှာထားတော်မူခဲ့သည်မှာ -

ဟဲ့-မောင်ပဥ္စင်းတို့ အစွဲကြီးလေးစွဲကို တရားမဟောနှင့် ဟု တရားမပြနှင့် ဟု အမိန့်တော်ရှိခဲ့လေရာ အားလုံးသော တပည့်အပေါင်းတို့က ထိုအစွဲကြီး ၄-ပါးကို သိလိုကြ၍ လျှောက်ထားရာဝယ် ဆရာတော်ဘုရားကြီးက မိန့်ကြားတော်မူသည်မှာ -

"စာစွဲတဲ့ကွဲ့၊ ရွာစွဲတဲ့ကွဲ့၊ ငါစွဲတဲ့ကွဲ့၊ ဆရာစွဲတဲ့ကွဲ့" အဲဒီ အစွဲကြီး ၄-စွဲကို စွဲမိစွဲရာ စွဲကြ၍ ပြုတ်အောင်ဖြုတ်နိုင်ခဲသည်တဲ့ကွဲ့၊ မိမိစွဲသောအစွဲကို စွဲ၍နေပါက ထိုအစွဲ မပြေသမျှကာလပတ်လုံး မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ အဘယ်မှာ ရောက်နိုင်ပါအံ့နည်း၊ သို့ပါသောကြောင့် တရားကိုလိုလား၍ တောင်းပန်လျှောက်ထားသော ယောဂီများအား သတ်ဖြင့် ဆင်ခြင်၍ နောက်ကပြခဲ့ပြီးသော မဟာကုသိုလ် ကမ္မနိမိတ် ဂတိနိမိတ် ဥဂ္ဂဟနိမိတ်တို့ကို စစ်ထုတ်၍ အပ္ပနာ

နှင့် ကိုက်ညီမှသာလျှင် ပြအပ်ပေစွ၊ မိမိ၏ ရှာဖွေခဲ့ဘူးသော အလေ့အကျင့်နှင့် ထိုက်ဆိုင်၍ ယောဂီ၏ဉာဏ်ဖြင့် စူးစင်စွာ ထောက်လှမ်းလျက် ကြွေပြီး ဖြင့် ရင့်ခဲ့သော် အပ္ပနာဇော၏ အပေါ်သို့ အာဒိကမ္မိကအခိုက် ဉာဏ်ဖြင့် တိုက်မိပါက ဥပစာရသမာဓိအလွန် ကာမာဝစရ မဟာကုသိုလ်ဇောအဟုန်ဖြင့် လွတ်လိုက်သော ဘဝင်္ဂသို့ယအဆုံး၌ အပ္ပနာဇောသည် ခန္ဓာနှင့်တိုက်ဆိုင်လိုက်ပါက ခိုင်ခံ့မှုအားနည်း၍ ဥပမာဖြင့်ပြရမည်မှာ ငယ်လျစွာသော သားငယ်မြေးငယ်တို့ကို ချစ်လှစွာသော မိဘဘိုးဘွားတို့က "ရပ်နိုင်ရပ်နိုင်ချေ၏" ဟူ၍ ၎င်း"တောင့်နိုင်တောင့်နိုင်ချေ၏"ဟူ၍၎င်း ရှင်လန်းစေလျက် ထိုသတို့သားငယ်သည် မိဘဘိုးဘွားတို့က အားပေးသောအသံဖြင့် ဉာဏ်အားထက်သန်စွာ တည်ငြိမ်ခဲ့သော် ခိုင်ခံ့သောကိုယ်အားဖြင့် ရပ်တည်လျက် အနည်းငယ်သောကာလမျှ ဉာဏ်အားကို လျှော့လိုက်လေလျှင် လိမ့်လည်းသော ကိုယ်အမူအရာဖြင့် ယိမ်းယိုင်ခဲ့သော် မိဘဘိုးဘွားတို့က စောင့်ထိန်း၍ ဖေးမသည့်အလားကဲ့သို့ ထို့နည်းတူစွာ ပမာပုံယူ အလားတူ ပထဝီကသိဏနိဒ္ဒေသ အဋ္ဌကထာက အတ္တဘာဝ အာဝီဘဝနာကာရနည်းဖြင့် ပြတော်မူရာဝယ်-

ယထာနာမ ဒဟရော ကုမာရကော ဥက္ခိပိတ္ဝာ ထပိယမာနော ပုနပ္ပုနံ ဘူမိယံ ပတတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

**အနက်ကား** ဘိက္ခဝေ၊ တို့။ ယထာနာမ၊ ဥပမာမည်သည်ကား။ ဒဟရော။ ငယ်လျစွာသော။ ကုမာရကော၊ သတို့သားကလေးသည်။ ဥက္ခိပိတ္ဝာ၊ ချီမ၍။ ထပိယမာနော၊ ထားအပ်သည်ရှိသော်။ ပုနပ္ပုနံ၊ အဖန်တလဲလဲ။ ဘူမိယံ မြေ၌။ ပတတိ၊ ကျရောက်တော့၏။

ဤကဲ့သို့ အရာဝယ် ဒေသနာ လာတော်မူသည့်အတိုင်း အချို့အချို့သော အားထုတ်သော ယောဂီ၏ ခန္ဓာကိုယ်သည် ယိမ်းယိုင်လှုပ်ရှား၍ ခိုင်ခံ့ခြင်းမရှိပါက မြေသို့သာ ကျရောက်သည်များ တွေ့ဘူးလှ၏။ ဤကဲ့သို့ မျက်မြင်ဒိဋ္ဌတွေ့ရှိပါက ဆရာက စောင့်စည်း၍ ကူးပုံဆက်ပုံတို့ကို ဟတ္ထမုဋ္ဌိ နည်းလက်ရှိနှင့် ရခဲ့သည့်အားလျော်စွာ အပ္ပနာဇော၏ ခိုင်ခံ့ပုံတမျိုးကို ကောင်းစွာရှေ့ရှု၍

လမ်းအစဉ်နှင့် အမှန်မြင်လျက် အပ္ပနာမကျမီ၏ ရှေ့အဘို့၌ ကာမာဝစရဇော တို့သည် ခြောက်ကြိမ်ခုနစ်ကြိမ် စောခြင်းငှါ အာဒိကမ္မိကအားအရာ ရှေ့လာ လတ့်သော ဘဝင်၏အာရုံကို နီးကပ်လှ၍ အပ္ပနာဇော၏ ခိုင်ခံ့ပုံ တံခါး တုယင် တိုင်ကြီးနှင့် တူကုန်၏၊ မြစ်ကမ်းပါးကြီး အဝှမ်းနှင့်တူပုံ မဟာကုသိုလ်ဇော အဟုန်ဖြင့် ပြေးဝင်ပုံ ခန္ဓာကိုယ် မနိုင်နင်းပါ၍ လိမ့်လည်းပုံများကို ဋီကာ အလာ တနေရာ၌ ဘွင့်ထုတ်၍ ပြသည်မှာ —

ပပါတာဘိမုခေါ ဓာဝန္တော ဌိတိကာမောပိ န ဥဿယော၊ ဧဝံ ဆဋ္ဌေဝါ သတ္တမေဝါ အပ္ပေတုံ စ န သက္ကတိ ဘဝင်္ဂါသန္နတ္တာ။

ဟုလာ၏။ (မှန်ပေစွ) လေ့လာထိုက်ပါစွ၊ ရှာတော်မူကြပါကုန်၊ စရဏ ဂုဏ်နှင့် ပြည့်စုံတော်မူကြပါက အရှင်ကောင်းတို့အား ဤသည်လျှင် —

**အနက်ကား** ပပါတာဘိမုခေါ၊ ကမ်းပါးပြတ်သို့ရှေ့ရှု့မျက်နှာမူလျက်။ ဓာဝန္တော၊ ပြေးသောသူသည်။ ဌိတိကာမောပိ၊ ရပ်တည်ခြင်းငှါလည်း၊ န ဥဿယော၊ မစွမ်းနိုင်ရာ။ ဧဝံ၊ ဤသို့။ ကာမကုသလာနံ၊ ကာမာဝစရမဟာ ကုသိုလ်ဇောတို့တွင်။ (ထည့်) ဆဋ္ဌေ ဝါ၊ ခြောက်ကြိမ်မြောက်ရင်း။ သတ္တမေ ဝါ၊ ခုနစ်ကြိမ်မြောက်ရင်း။ အပ္ပေတုံ စ၊ အာဒိကမ္မိက အပ္ပနာအရာ၌လည်း။ န သက္ကတိ၊ မဘတ်ကောင်း။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ ဘဝင်္ဂါသန္နတ္တာ၊ ဘဝင်ကျခြင်းငှါ နီးသည်၏ အဖြစ်ကြောင့်တည်း။

အဲ ဤကဲ့သို့ ဤနေရာဝယ် ဉာဏ်မူတော်မူကြပါကုန်၊ အတ္တဘာဝ အာဝီ ဘဝနာကာရ အရာ၌ ထင်ရှားလတ့်၊ သိခြင်းငှါလည်း နက်နဲစွ။ သို့သော် ပုဂ္ဂိုလ်တိုင်းကိုတော့ မဆိုသာပေ၊ ပါရမီရှင်များကိုသာ အရေးပေး၍ ဘော်ပြရ သည် ဟူ၏။

ဤအရာ၌ အာနာပါနကမ္မဋ္ဌာန်း အရှင်တို့၏ ပဘာဝနတရား ၄-ပါးနှင့် ပြည့်စုံပါက အောင်ဘိသိက် အဦးအမှူးဖြစ်နိုင်သည်ကို တခနေ့တရက် တနေရာ၌ ပင်လျှင် ဝိသေသအထူး မဟာဝဂ္ဂသုတ္တန် ဓမ္မက္ခန္ဓာက အထူးသတိပြုလိုက် သည်မှာ —

ဣဓ ဘိက္ခု အာနာပါနဿတိံ အနုယုတ္တော ကောသနေ နိသိန္နော သဗ္ဗာသဝေ ခေပေတွာ အရဟတ္တံ ပါပုဏာတိ။

ပဏ္ဏာသ အဋ္ဌကထာ။

အနက်ကား ဣဓ ဣမသ္မိံ သာသနေ၊ ဤအံ့ဘွယ်ရှစ်ဖြာ သာသနာတော်ကြီး၌။ အာနာပါနဿတိံ၊ အာနာပါနဿတိကမ္မဋ္ဌာန်းကို။ အနုယုတ္တော၊ အစဉ်အားဖြင့် ပဘာဝနတရားနှင့်ယှဉ်သောသူသည်။ ကောသနေ၊ တနေရာတည်း၌။ ဝါ-တဆိုင်တည်း၌။ နိသိန္နော၊ နေလျက်ပင်လျှင်။ သဗ္ဗာသဝေ၊ အလုံးစုံသော အာသဝေါတရားတို့ကို။ ခေပေတွာ၊ ကုန်စေ၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏာတိဝေ၊ ရောက်တော့သည်သာလျှင်တည်း။

ဤသည်ကို ထောက်တော်မူကြပါသဖြင့် အစောင်စောင်သော ကျမ်းခိုင်ကျမ်းမြတ်တို့မှ လာတော်မူသည်ကို ဟတ္ထမုဋ္ဌိနည်းဖြင့် ဆောင်ယူလျက် နိဒ္ဒါရဏ အနေအားဖြင့် မဟာဝဂ္ဂ ဓမ္မက္ခန္ဓာကို ဉာဏ်ညွှန်ရ¬ည်မှာ ပါရမီရှင်တို့အဘို့၌ လျင်မြန်စွာ ဝိသေသထူးကြောင်း။

''ပါဒေတာဝ အန္နသိဋ္ဌော သာယံ ဝိသေသံ အဓိဂမိဿတိ'' ဟု လာတော်မူသည်ကို ထောက်ပါသဖြင့် ခိုင်လုံကြောင်း။

အနက်ကား ဘိက္ခုဝေ၊ ဟတ္ထမုဋ္ဌိနည်းဖြင့် ဆောင်တော်မူကြကုန်သော အရှင်ကောင်းတို့။ပါတောဝ၊ နံနက်၌ပင်လျှင်။ အနုသိဋ္ဌော၊ သွန်သင်ဆုံးမပြသ အပ်သည်ရှိသော်။ သာယံ၊ ညနေချမ်းအခါ၌။ ဝိသေသံ၊ မဂ်ဖိုလ်ကျေးဇူး တရားထူးကို။ အဓိဂမိဿတိ၊ ရတော်မူလိမ့်လတံ့။ ဟူရာဝယ် ယုံကြည်တော်မူကြစေလို၍ ဟတ္ထမုဋ္ဌိနည်းရှင်ကို ရှာတော်မူကြပါကုန်၊ တွေ့ခြင်းငှါလည်း ခဲ၏။ သာသနာတော်အပြင်ဝယ် မတိမ်မကော တည်ဆဲတော်မူလျက် မုချရှိ၏ ဟူလို။

နောက်ပြခဲ့သော ပါရမီကို ခုတုံးလုပ်၍နေသော ပေလုံးတို့လို မဖြစ်ကြပါစေနှင့် ဟု အားသစ်တော်မူကြပါစေကုန်လော။

ဤနေရာ၌ကား ကာမဂေါတြဘုအလွန် နောက်အပ္ပနာ၏ စိတ္တက္ခဏ ဥပါဒ်ဆဲ၌ အပ္ပနာအခိုက်တွင် အာဒိကမ္မိကပုဂ္ဂိုလ်၏ ဉာဏ်အားသည် ဈာန်အားဖြင့်

ထက်သန်လှ၍ နောက်နောင်က လေ့ကျက်ခဲ့ဘူးသော ပါရမီ ဉာဏ်ရှိန်အား လျော်စွာ ဘုမ္မိလဒ္ဓ သမုပ္ပယုတ္တာဓမ္မဖြင့် အပ္ပနာ၏ အားရှိန်ကို ပြရာည်မှာ ကသိဏနိဒ္ဒေသ အင်္ဂကထာဆရာက ဘွင့်ပြတော်မူရာဝယ်–

ယထာနာမ ဗလဝါ ပုရိသော အာသနာ ဝုဋ္ဌာယ ဒိဝသမ္ပိ တိဋ္ဌေယျ၊ ဧဝ မေဝ အပ္ပနာသမာဓိမှိ ဥပ္ပန္နေ စိတ္တံ သကိံ ဘဝင်္ဂဝါရံ ဆိန္ဒိတွာ ကေဝလမ္ပိ ရတ္တိံ ကေဝလမ္ပိ ဒိဝသံ တိဋ္ဌတိ။

ဟု ပြတော်မူသည်ကို ထောက်ပါသဖြင့် အပ္ပနာ၏အားကို ဥပမာဖြင့် ဆောင်ရမည်မှာ ဤရှေ့ဤမျှ ခိုင်ခံ့ကြောင်း ကောင်းသည်ထက်ကောင်းသည်ကို မှန်သည်ထက်မှန်သည်ကို ညွှန်ပြအပ်ပေစွ၊ ယောဇနာပါအံ့။

ယထာနာမ၊ ဥပမာမည်သည်ကား။ ဗလဝါ၊ အားရှိသော။ ပုရိသော၊ သည်။ အာသနာ၊ နေရာမှ။ ဝုဋ္ဌာယ၊ ထ၍။ ဒိဝသမ္ပိ၊ တနေ့လုံးသော်လည်း။ တိဋ္ဌေယျ၊ တည်နိုင်ရာ၏။ ဧဝမေဝ၊ သာလျှင်။ အပ္ပနာသမာဓိမှိ၊အပ္ပနာသမာဓိ အခိုက်၌။ ဥပ္ပန္နေ၊ ရောက်သည်ရှိသော်။ စိတ္တံ၊ စိတ်သည်။ သကိံ၊ တကြိမ်။ ဘဝင်္ဂဝါရံ၊ ဘဝင်အလျင်ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ ကေဝလံ၊ သက်သက်။ ရတ္တိမ္ပိ၊ ညဉ့်လုံး၌ရင်း။ ကေဝလံ၊ သက်သက်။ ဒိဝသမ္ပိ၊နေ့လုံး၌ရင်း။တိဋ္ဌတိ၊တည်၏။

အဲ ဤကဲ့သို့ အပ္ပနာအားသည်ကား အားရှိသော ယောကျ်ားကဲ့သို့ တနေ့လုံးတည်နိုင်သလို တညဉ့်ပုံးတည်နိုင်သလို နေ့အခါ၌ရင်း၊ ညဉ့်အခါ၌ရင်း တည်တံ့နိုင်ရာ၏ ဟု ကုသိုလ်ဇောအစဉ်နှင့်တကွ ပဋိဘာဂနိမိတ် အစွမ်းအားဖြင့် အာဒိကကမ္မိအရာဝယ် အပ္ပနာစိတ္တက္ခဏ တကြိမ်မှ ဘဝင်အလျင်ကို ဖြတ်ထည့်၍ ဥပစာရသမာဓိ အပ္ပနာသမာဓိ နှစ်ရပ် ပြတ်ပုံကို ဟပ်၍ ပြဆိုကြောင်းတည်း၊ ဤနေရာ၌ပင်လျှင် တရားအားထုတ်သော ယောဂီအပေါင်းတို့ ပရိယတ္တိဓမ္မနှင့် ပဋိပတ္တိ ကျင့်သူတို့၏ ဟဒယငတ္ထုရုပ်ဖြင့် အာရုံမှူ၍ ရှုရလေသလော မရှုရလေသလောဟု ပဘာဝနအချက်ကို ပြဆိုမကြောင်းဖြစ်သော နည်းတည်း။

ဤနေရာ၌ နောက်ကပြခဲ့သော အလုပ်အစဉ် ဉာဏ်အစဉ်တို့ကို ဝေဘန်မှု အစဉ်တလျှောက် အားထုတ်သော ယောဂီတို့၏ ဘဝရာထောင်က လာခဲ့သော

အနုဗောဓဉာဏ်အစဉ်ပေတည်း။ အနုဗောဓဉာဏ်ဆိုသည်ကား လောကီဉာဏ် ဟူ၍ ခေါ်ဆိုအပ်၏၊ နိဒ္ဒေသအလိုဖြင့် ထောက်ပြတော်မူသည်မှာ—

"အနုဗောဓဉာဏံ လောကိယံ အနုဿဝါဒိဝသေန မဂ္ဂေ စ နိရောဓေ စ ဥပ္ပဇ္ဇတိ။

ဟု ခိုင်လုံစွာ လာရှိတော်မူ၏။

အနက်ကား အနုဗောဓဉာဏံ၊ အနုဗောဓဉာဏ်သည်။ ဝါ- သတ္တဝါတို့၏ ဘဝအစဉ်ကို သိသော ဉာဏ်သည်။ လောကိယံ၊ လောကီအာရုံ၌သာ ဖြစ်၏။ အနုဿဝါဒိဝသေန၊ နာကြား ဟောပြောသော ပုဂ္ဂိုလ်၏အစွမ်းဖြင့်။ မဂ္ဂေ စ၊ သစ္စာလေးပါး မဂ်တရား၌၎င်း။ နိရောဓေ စ၊ နိရောဓသစ္စာ နိဗ္ဗာန်၌၎င်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤနေရာ၌ကား အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်တော်ဟူ၍၎င်း၊ အဘိညာဉ်ကို ငဲ့၍ဟူ၍၎င်း သတိပေး ရေးလိုက်ရ၏၊ ပစ္စဝေက္ခဏာဇော ဟူလို။

ဤနေရာကား အရိယာဖလသမာပတ် အရှင်တို့၏ တာဝန်မျှသာတည်း၊နက်နဲ ပါစွ၊ ဤကဲ့သို့ ဤနေရာ၌ ဟတ္ထမုဋ္ဌိနည်းဖြင့် ပါရမီရှင်တို့၏ ဉာဏ်ကို ကျမ်းဂန် ဖြင့် ညှိနှိုင်း၍ ပြဆိုအပ်ခဲ့ပြီးသော သဒ္ဒါအစဉ် အနက်အစဉ် နံပါတ်အစဉ် တို့ကို ဣန္ဒြေဖြင့် သတိချုပ်ပါ၍ ဖတ်ရှု ကျက်မှတ်ကြလိုသော သူတို့အား ကာ မာဝစရနှင့် မဟဂ္ဂုတ်အကူး ပဌမဝါရ ပရိစယပြုစဉ်အခါက အဿာသပဿာသ ကာမာဝစရဘာဝနာအရ ပဌမအကြိမ်ရပ်ခြင်း ဘဝသံသရာ အရာရာက ပြန့်လွင့် ပြေးသွား၍ လာခဲ့သော စိတ်ဝိတက်အစဉ်သည် ပြတ်လျက် နောက်ကပြခဲ့ပြီး သော ပဌမဇ္ဈာနာဒီသု အရ ဝိတက် ဝိစာရ ပီတိ သုခ ဧကဂ္ဂတာ တည်းဟူသော ၅-ပါးသော ဈာန်အင်္ဂါနှင့်တကွ ပြည့်စုံပါ၍ ရှုလေ ရှိုက်လေ အဝင်အထွက် လေနှစ်ချက်တို့သည် ဝူပသန္တ သဘောသို့ပင်လျှင် အစအဦး အမှူးဖြစ်သော ပဌမဈာန်ဟု ခေါ်ဝေါ်အပ်ပေ၏။

ဤကား အားထုတ်သောသူများမှသာ သိနိုင်ပေမည်၊ အချို့သောသူတို့ ကား ဤနေရာ၌ တရားထူးရပေစွဟု ထင်မှတ်တတ်ကြ၏၊ ဤကဲ့သို့သူများလဲ တွေ့ဘူးလှ၏၊ အဓိမာနဖြစ်၍ နေတတ်ကြ၏၊ သို့သော် ဤလောကပင် ဖြစ်ခြင်း

ငှါခဲ့စွ၊ မင်ဉာဏ်ဖိုလ်ဉာဏ်နှင့် ဝေးလှသေး၏၊ ဆရာကောင်းထံ ရောက်ပါမှသာလျှင် အမှန်ကို ရနိုင်ကြပေမည်၊ ပြုပြင်ခြင်းငှါလည်း ညီညွတ်ခြင်းငှါလည်း ခဲ့သဉ်းစွ၊ သို့သော် ဆိုးသောသူဟူ၍ မဆိုသာပေ၊ သည့်ထက်မျှမက အထက်ဘဝင်ဘုံသို့ ရောက်ရှိ၍နေသော ဗြဟ္မာကြီးတို့သော်မှလည်း ဒေသနာတော်အရ ထောက်ချင့်ရမည်ဆိုသော်—

ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပဂတိံ ဂတာ။
ဘဝဂ္ဂတမ္ပိ သမ္ပတ္တာ၊ ပုန ဂစ္ဆန္တိ ဒုဂ္ဂတိံ ။
နိကာယ အဋ္ဌကထာ။

ဤဒေသနာတော်အရ ဝေဘန်ရမည်မှာ—

**အနက်ကား** ပုညတေဇေန၊ ကုသိုလ်ရှိန်စော် အာနုဘော်ကြောင့်။ ဥက္ခိတ္တာ၊ မြှင့်တင်အပ်သည်ဖြစ်၍။ ကာမရူပဂတိံ ဂတာ၊ ကာမရူပဟု ဆိုအပ်သော။ ဘဝဂ္ဂတံ၊ ဘဝင်ဘုံသို့။ သမ္ပတ္တာပိ၊ ရောက်၍နေကုန်ငြားသော်လည်း။ ပုန၊ တဖန်။ ဒုဂ္ဂတိံ၊ အပါယ်လေးဘုံသို့။ ဂစ္ဆန္တိ၊ ကျရောက်တတ်ကြကုန်သေး၏။

အဲ ဤဒေသနာတော်အရ သတိရှိတော်မူကြစေလို၏၊ သို့သော် မဟာဂ္ဂုတ်အပ္ပနာစျာန်သို့ သက်ပေစွ၊ နောက်ကပြဆိုခဲ့သည်အတိုင်း “သတိမြဲစွာ၊ ပဋ္ဌမာ” အရ ကိုက်ညီလှပေ၏၊ ဤနည်းသည် မုံရွာမြို့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ အလိုကျနှင့် သော်ငှင်း၊ ဂန္ဓိမြို့ ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး၏ အလိုကျနှင့်သော်ငှင်း ကိုက်ညီ၏ ဟူလို။

ဤအရာဝယ် နောက်ကပြခဲ့ပြီးသော ဟာဒယဝတ္ထုရုပ်၏ ပါသာဒမဇ္ဈုံဝယ် ပဋိသန္ဓေကပါလာခဲ့သော အလွန်သေးငယ်လှသော သွေးငယ်၏ ကလာပ်သတ္တိထူးမျှ၌ ရှုလေရှိုက်လေရပ်သော နေရာကလေးကို ဤနေရာကလေး၌ပင်လျှင် အကျယ်တဝင့် ဝေဘန်ရမည်မှာ ကျယ်ဝန်းလှ၍ အနည်းငယ်အားဖြင့် ဝေဘန်ခဲ့ရလေ၏၊ ရှင်တော်မြတ်ဘုရားသော်မှလည်း—

“ပုဗ္ဗကောဋိ န နာယတိ၊ ပုဗ္ဗကောဋိ န ပညာယတိ”ဟု နိဒ္ဒေသအဋ္ဌကထာ၌ ဘွင့်ပြတော်မူ၏။

ချစ်သားတို့ ရှေ့အစွန်း နောက်အစွန်းကို ငါဘုရား ထင်တော်မမူ၊ ဤကဲ့သို့ ဟောတော်မူသည်ကို အချို့သော ကေစိဆရာတို့က မြတ်စွာဘုရားတို့မည်သည် မှာ ရှေ့အစွန်း နောက်အစွန်းကို ထင်မြင်တော်မမူပါက ကဲ့ရဲ့သင့်ဂိုဟ် စကားတင်း ဆိုကြရာဝယ် ကိုယ်တော်မြတ်သည် ဤကဲ့သို့ အကြောင်းရင်း သိမြင်တော်မူ၍ ဉာဏ်တော်ဖြင့် လင်းတော်မူရသည်မှာ ဓမ္မသင်္ဂဏီ ဒုကပုဒ် အာသဝဒေသနာ ထုတ်ဘွင့်၍ ပြတော်မူရာဝယ်—

"အာသဝါ ဓမ္မာ၊ အနာသဝါ ဓမ္မာ" ဟူ၍ ရှေ့ကြာကုမုဒ် ထုတ်ဘွင့်တော် မူရာဝယ်--

အာသဝါ၊ ယိုစီးတတ်သော သဘောရှိကုန်သော။ ဓမ္မာ နိဿတ္တနိဇ္ဇီဝ သဘာဝါ၊ သတ္တလည်းမဟုတ် ဇီဝလည်းမဟုတ်ကုန်သော သဘောဘရားတို့ သည်။ သံဝိဇ္ဇန္တိ၊ ရှိကုန်၏။

ဤကဲ့သို့ ဟောတော်မူရာဝယ် ချစ်သားတို့ သင်ချစ်သားဘို့သည်ကားလို့ ဆိုလျှင် ရှေ့အစွန်း နောက်အစွန်း ရှိသည်မဟုတ်ပေကုန်၊ အကယ်၍ သင်ချစ် သားတို့၏ ရှေ့အစွန်း နောက်အစွန်းရှိပါမူကား ငါဘုရားကိုယ်တော်မြတ်သည် မြင်တော်မူမည်မှာ မလွဲသာတည်း။

သင်ချစ်သားတို့အားကား အာသဝသာလျှင် ထင်ရှား၏၊ ယိုစီးတတ်သော သဘောကား အမှန်ရှိ၏၊ အာသဝသည်ကား အဝိဇ္ဇာစသည်ကို ဆိုလိုသည်၊ တရားကိုယ်ကား လောဘ ဒိဋ္ဌိ မောဟ စေတသိက် ဟူ၏။

ထို့ကြောင့် သတ္တဝါတို့၏ ပါသာဒမဏ္ဍိုင် ဟဒယဝတ္ထုရုပ်ဝယ် သတ္တဝါတို့၏ အလယ်ဝတ္ထုရုပ်၌ ယင်ငယ်မျှ သောက်လောက်ဘည်မှ အင်မတန် ရာပေါင်း ထောင်ပေါင်းအောက် သေးငယ်လှစွာသော သွေးငယ်ပေါက်ကလေးသည် နှလုံးသည်းပွတ်၏ အလယ်၌ တည်ရှိ၏၊ ထိုသွေးငယ်ပေါက်ကလေးသည် ခုတ် လေးပါး ခုတ်ရှစ်ပါးနှင့်တကွ တည်လျက် မိဘနှစ်ပါးတို့၏ ယိုစီးရာ အဝိဇ္ဇာတို့၏ အကြားဝယ် ပဋိသန္ဓေ နာနက္ခဏိက သတ္တိအဖြစ်ဖြင့် တည်ရှိ၏၊ ထိုနာနက္ခဏိကသတ္တိကို ကလာပ်တစည်းဟု ခေါ်ဆို၏၊ ထိုကလာပ်အစည်း ကလေးသည် ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ် တဒါရုံစိတ် ဝုဋ္ဌောစိတ်ဟု

ပရိယတ္တိအနေအားဖြင့် အခေါ်များရှိ၏၊ ဥပါဒ် ဠီ ဘင်နှင့်တကွ ထိုတည်ဆဲဖြစ်သော ကလာပ်တစည်းမှ နှစ်စည်း သုံးစည်း စသည်ဖြင့် ရာပေါင်း ထောင်ပေါင်း အာဟာရဇ သမုဋ္ဌာန်ကြောင့် ဖြစ်ပွား၍ လာရာ "အာဟာရသမုဒယာ ရူပသမုဒယော" ဟု ကျမ်းအလာနှင့် ကိုက်ညီ၍ ဒေသနာ ထင်ရှားရှိ၏။

သို့ပါမူ၍ ရှင်တော်မြတ်ဘုရားက သင်တို့သည် ရှေ့အစွန်း နောက်အစွန်း မရှိ ယိုစီးတတ်သော သဘောကား ရှိ၏ဟု ဒုကပုဒ် ဒုက်ဌ ဟောတော်မူသည်ကို ထောက်ပါသဖြင့် အားလုံးသော ဝေနေယျအပေါင်းတို့အား ယုံကြည်ခြင်းငှါ သိစေတော်မူ၍ ငါဘုရားသည် ဥပမာဆောင်၍ ပြတော်မူသည်ကား—

တခုသော သဲသောင်ပြင်ဝယ် လျော်လောက်အောင်နက်သော တွင်းငယ်ဖြင့် တူးဖော်စေငြားအံ့၊ ထိုတွင်းငယ်သည် ကြည့်ရှု၍နေခိုက် များမကြာမီ ပင်လျှင် ရေထွက်၍လာသည်ကို မြင်ရလိမ့်လတ့်၊ ထိုရေနှင့်မခြား ပမာထား၍ သင်ချစ်သားတို့သည်ကား မိဘနှစ်ပါးတို့၏ ယိုစီးရာ အဝိဇ္ဇာအကြားဝယ် ကြည်လင်လှစွာသော အရေကြည် ကလာပ်အဖြစ်ဖြင့် ရသင့် ရထိုက်သော သဟဇာတပစ္စည်းနှင့်တကွ ဇီဝိတနဝက ကလာပ်မှ ဝတ္ထုဒသကအဖြစ်သို့ တိုင်အောင် သံယုတ်ဒေသနာ လာသည်ကို ဘွင့်ပြတော်မူရမည်မှာ—

ပဌမံ ကလလံ ဟောတိ၊ကလလာ ဟောတိ အဗ္ဗုဒံ၊ အဗ္ဗုဒါ ဇာယတေ ပေသိ၊ပေသိ နိဗ္ဗတ္တတေ ဃနော၊ဃနာ ပသာခါ ဇာယန္တိ ကေသာ လောမာ နခါပိ စ။

သံယုတ် အဋ္ဌကထာ။

**အနက်ကား** ပဌမံ၊ ရှေးဦးအစ ပဋိသန္ဓေဝယ်၌။ ကလလံ၊ အရေကြည်သည်။ ဟောတိ၊ ဖြစ်၏။ ကလလာ၊ ဒုတိယသတ္တာဟ အရေကြည်မှ။ အဗ္ဗုဒံ၊ အမြှုပ်ခဲသည်။ ဟောတိ၊ ဖြစ်၏။ အဗ္ဗုဒါ၊ တတိယ အမြှုပ်ခဲမှ။ ပေသိ၊ အသားတစ် သွေးခဲသည်။ ဇာယတေ၊ ဖြစ်၏။ ပေသိ၊ စတုတ္ထသားတစ် သွေးခဲမှ။ ဃနော၊ အစိုင်အခဲသည်။ နိဗ္ဗတ္တတေ၊ ဖြစ်၏။ ဃနာ၊ အစိုင်အခဲမှ။ ပသာခါ၊ ခက်မငါးဖြာတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုခြောက်သတ္တာဟမြောက် ခက်မငါးဖြာဘဝသို့ အရောက်၌။ ကေသာ စ၊

းထံပင်တို့သည်ရင်း။ လောမာ စ၊ အမွေးတို့သည်ရင်း။ နခါပိ စ၊ ခြေသည်း လက်သည်းတို့သည်ရင်း။ ဇာယန္တိ၊ ဖြစ်ကုန်ကြ၏ ဟူလို။

အဲ ဤကဲ့သို့ လာတော်မူသည်ကို ဘုရားရှင်သည် ရှေ့အစွန်း နောက်အစွန်း တို့၏ ရှိမရှိ မိန့်တော်မူရာဝယ် အကြောင်းဖြင့် နှိုင်းချိန်ကြပါကုန်၍ ဥပမာ ဖြင့် ဆောင်တော်မူသည်ကို ပေါ်လွင်လျက် အချို့ အချို့သော ကေစိဝါဒီ တို့ အယူကို ပယ်တော်မူလိုရကား အကျိုးအကြောင်းနှင့် ပြည့်စုံတော်မူသော ဒေသနာအရပ်ရပ်ဖြင့် ထုတ်ဘော်တော်မူခဲ့သည်ကို ထင်ရှားပါသဖြင့် ကျင့်ကြံ ကြိုးကုတ် အားထုတ်သော ယောဂီအပေါင်းတို့အား -

“သတော ဝ အဿသတိ၊ သော သတော ဝ ပဿသတိ”

ဟု နောက်ကပြခဲ့သော ကမ္မဋ္ဌာန်နိဒ္ဒေသဝယ် ရှုလေ ရှုက်လေ ရပ်ဘူးသူ များကို သိစေလို၍ ဤနေရာ၌ ငါးပါးသော အင်္ဂါနှင့်တကွ မဟာဂုတ် အပ္ပနာ ချဉ်သို့ ဆိုက်ရောက်ကြောင်း ကဏ္ဍတရပ်ဖြင့် သိမ်းဆည်းလိုက်၏ ဟူလို။

ဤကဲ့သို့သော အရာဝယ် ကဏ္ဍဘရပ် အနေဖြင့် နှလုံးပိုက်ကြကုန်လျက် ပရိယတ္တိအရှင်များနှင့်တကွ အားထုတ်ကြပြီးသော သူတို့၏ ဉာဏ်ဆိုက်ရောက် ပုံကို ဝိပဿနာဉာဏ်အဖြစ်ဖြင့် ရှေ့သို့ ဆင်ခြင်ကြလိုသော် အဘယ်ကဲ့သို့သော အကြောင်းဖြင့် အဘယ်ကဲ့သို့ ဒေသနာတော်ကို ထောက်ပါ၍ ဝိပဿနာဉာဏ် ဖြစ်နိုင်ပါအံ့နည်းဟု ဆိုခဲ့ငြားအံ့၊ ဒေသနာနှင့် ကင်းမဲ့လျှင်ဖြင့် ယုံကြည်ခြင်း ငှါ ခဲယဉ်းကြပေမည်၊ သို့ပါ၍ ဤနေရာဝယ် သင်္ဂဟဋီကာဟောင်းဖြင့် ဘွင့်ပြ တော်မူသည်ကို ဆောင်တော်မူ၍ ဘာဝနာဖြင့် ဆောင်အပ်သော ကာမာဝစရ နယ်တွင် လေ့ကျင့်အပ်သော ဥပစာရကမ္မဋ္ဌာန်း၌ ဉာဏသမ္ပယုတ် ပညိန္ဒြေအရှိန် အာနုဘော်ဖြင့် ရောက်အပ်သော အကြောင်းကို ပြလိုက်မည်မှာ —

ဥပစာရကမ္မဋ္ဌာနေ အပ္ပနာကမ္မဋ္ဌာနေ စ ဝိပဿနာ ဘာဝပ္ပတ္တော ကာမာဝစရသမာဓိ သင်္ခါတော ဥပစာရသမာဓိ ရူပါ ရူပစျာနသင်္ခါတော အပ္ပနာသမာဓိစာတိ ဒုဝိဓောပိ သမာဓိ ဝိမောက္ခ ပမ္ဘာရဘူတတ္တာ စိတ္တ-ဝိသုဒ္ဓိနာမ။

ဟု သင်္ဂဟဋီကာဟောင်း၌ လာ၏။

အနက်ကား ဥပစာရကမ္မဋ္ဌာနေ စ၊ ၌ရင်း။ အပ္ပနာကမ္မဋ္ဌာနေ စ၊ ၌ရင်း။ ဝိပဿနာဘာဝပ္ပတ္တော၊ ရောက်အပ်သော။ ကာမာဝစရ သမာဓိ သခ်ါတော၊ ဟု ဆိုအပ်သော။ဥပစာရသမာဓိ စ၊ လည်းကောင်း။ ရူပါ ရူပစျာနသခ်ါတော၊ အပ်သော။ အပ္ပနာသမာဓိ စ၊ လည်းကောင်း။ ဣတိ ဣမိနာပဘေဒေန၊ ဖြင့်။ ဒုဝိဓော ပိ၊ ဖြစ်သော။ သမာဓိ၊ သည်။ ဝိမောက္ခသမ္ဘာရဘူတတ္တာ၊ မဂ် ဖိုလ် စျာန်သို့ ရောက်ကြောင်းဖြစ် သည်၏ အဖြစ်ကြောင့်။ စိတ္တဝိသုဒ္ဓိနာမ၊ မည်၏။

ဤနေရာ၌ကား ပရိယတ္တိ ဓမ္မရှင်များနှင့်တကွ အားထုတ်သော ယောဂီ အပေါင်းတို့သည် သတိမူကြပါ၍ ကာမဂေါ်ဘြဘုဖြင့် ဖြတ်လျက် အပ္ပနာအစဉ် နှင့်တကွ ရှေးရှုပါ၍ စျာန်အစဉ် အတိုင်း ဆောင်တော်မူလျက် အဿာသ ပဿာ သ ပဋ္ဌမဝါရ၏ ညွှန်ပြအပ်သော ကဏ္ဍတရပ်ဖြင့် သိမ်းဆည်းလိုက်ကြောင်း။

ရှေ့သို့ အသင်ယောဂီတို့-

"သတိမြဲစွာ၊ ပဋ္ဌမာ" အရမှ ဒုမ္မာရှည်တိုသိ ဟူသော လဒ္ဓေါပဒေသအရ ပြဆိုရမည်မှာ နောက်က ဂဏန နည်းကို ဖယ်ရှား စွန့်ထားခဲ့၍ အပြင်သို့ ထွက် အောင် ထုတ်၍ရှုပြ ရှိုက်ပါ၊ လေးတောင်ခန့်သော်ရင်း၊ ငါးတောင်ခန့်သော် ရင်း စသည်ဖြင့်—

ဒီဃံ ဝါ အဿသန္တော ဒီဃံ အဿာသာမီတိ ပဇာနာတိ။

အစရှိသော နိဒ္ဒေသအဋ္ဌကထာ လာတော်မူသည့်အတိုင်း ထွက်လေ ဝင်လေ ကို သိမ်းဆည်းရပါမည်၊ ဤကဲ့သို့ သိမ်းဆည်းနိုင်ခဲ့ပါမူ ဝူပသန္တ အားအဆင့် ရပါ၍ ဝီရိယကြိုးကုတ် အားထုတ်ကြကုန်သော ယောဂီများအဘို့ ဒုတိယ နှစ်ကြိမ်မြောက် အားထုတ်အပ်လေရခြင်းကြောင့် ပဋ္ဌမနည်းက ဝိတက်အစရှိ သော စျာန်အင်္ဂါငါးပါးကို သိမ်းဆည်းခဲ့ပါ၍ ယခုတဖန် ဝိစာရအစရှိသော စျာန်အင်္ဂါလေးပါးကို သိမ်းဆည်းရပြန်၏။

ဤနေရာ၌ နောက်ပဋိညာကာရက နည်းနယတို့ကို ပြည့်စုံခဲ့ပြီးပါ၍ ဤနေ ရာ၌ အကျဉ်းမျှသာ ဝေဘန်အပ်သော သမထ ၄-နည်းတို့တွင် ဒုတိယ ကဏ္ဍ တရပ်တည်း၊ ဤကား ဒုတိယစျာန်၏ အလိုတည်း။

ထို့နောက်တဖန် သုံးကြိမ်မြောက် ဝေဘန်ရာငယ်—

"သဗ္ဗကာယပဋိသံဝေဒီ အဿသိဿာမီတိ သိက္ခတိ" အစရှိသော ဝိသုဒ္ဓိမဂ်ဒေသနာတော် လာသည်ကို သုံးကြိမ်မြောက် အားထုတ်ရလေခြင်းကြောင့် နှာသီးမှအစ ရင်ချိုင့်အလယ် ချက်ဝယ်အဆုံး သုံးချက်လုံး၌ တက်တုံ ကျတုံ တက်လိုက် ဆင်းလိုက် ဤသည်တို့ကို နှလုံးသွင်းလျက် အဇ္ဈတ္တိက ကာယသို့ ဆိုက်ပုံ ဉာဏ်ဝင်ပုံကို "သုံးချက်သိရာ၊ တတိယာ" ဟူသော ဆရာတော်ကြီး၏ ညွှန်ပြတော်မူသည့်အတိုင်း ဒီပနီတနေရာ၌–

"လုံးစုံလင်းရာ၊ တ၌လာ" ဟူသည့်အတိုင်း ပီတိအစရှိသော ဈာန်အင်္ဂါ သုံးပါးနှင့်တကွ သုံးကြိမ်မြောက်၌ အကျဉ်းအားဖြင့် သိမ်းဆည်းလိုက်ပုံကို ပြကြောင်းဖြစ်သောနည်းတည်း။ ဤကား တတိယဈာန်ဟု ခေါ်အပ်ပေစွ။

ဤအရာငယ် သုံးချက်သောနည်းတို့ဖြင့် ပြဆိုအပ်ခဲ့ပြီး၍ ထို့နောက်တဖန် လေးကြိမ်မြောက်အရာဝယ် "စမာငြိမ်းစေဘိ" ဟူရာ၌ "ပဿမ္ဘယံ ကာယသင်္ခါရံ အဿသိဿာမီတိ သိက္ခတိ" အစရှိသည်ဖြင့် ဝိသုဒ္ဓိမဂ်နိဒ္ဒေသလာရာဝယ် ခြောင်...ငါသည် ရှူမှုရှိုက်မှုတို့သည် ပင်ပန်းလေစွတကားဟု သတိ ကိုမူစေလျက် ရှူခြင်းရှိုက်ခြင်းမှ လွတ်ငြိမ်းပါမူကား ခြောင်-ချမ်းသာလေစွတကားဟု စိတ်၌ဖြစ်စေလျက် နှာသီးမှ ရင်ချိုင့် ချက်သို့တိုင်အောင်, ချက်မှ ရင်ချိုင့် နှာသီးသို့တိုင်အောင် တက်ချည် ကျချည်ဖြင့် ဖြေးညှင်းသာယာစွာ ဆရာက ညွှန်ပြ၍ ဖြေးဖြေးကလေး ဆင်းပေစေ, ဖြေးဖြေးကလေး တက်ပေစေ သက်တုံ တက်တုံနှင့် တဖြေးဖြေး အရှူနဲလျက် ဝူပသန္တသဘောသို့ ပြည့်စုံခဲ့သော် ရင် အချိုင့်၌ ရှိသော နှလုံးသီးပွတ်၏ အလယ် ဟဒယဝတ္ထုရုပ်၏ အတွင်းဝယ် သတ္တဝါတို့၏ ပါသာဒ မဏ္ဍိုင် ပရိမဏ္ဍလ၏အလယ်၌ ပဋိသန္ဓေက အစစွာပါ လာခဲ့သော ကြည်လင်လှသော သွေးငယ်ပေါက်တည်ရာဌာန၌ ဝူပသန္တဆိုက်လျက် အတွင်းရင်အချိုင့်၌ ရပ်တည်လေတော့၏။

ဤကား သုခ ဧကဂ္ဂတာ တည်းဟူသော လေးကြိမ်မြောက် ရပ်ခြင်းကြောင့် စတုတ္ထဈာန်ဟူသော အရာ မည်ပေတော့၏။

ဤကဲ့သို့ ရှုလေ ရှုက်လေ ငြိမ်းသော ပုဂ္ဂိုလ်သည် ၇-မျိုးရှိ၏၊ ရှုလေ ရှိုက်လေ ရပ်သည် ဟူလို။

၇-မျိုကား—

၁ စတုတ္ထဈာန်ဝင်စားနေသော ပုဂ္ဂိုလ်။

၂ နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ်။

၃ သေသော ပုဂ္ဂိုလ်။

၃ ရေ၌ကိန်းသော ပုဂ္ဂိုလ်။

၅ အမိဝမ်းတိုက်၌ ကိန်းသော ပုဂ္ဂိုလ်။

၆ အသညသတ် ပုဂ္ဂိုလ်။

၇ အရူပဘုံ၌ ကိန်းသော ပုဂ္ဂိုလ်။

ဤနေရာ၌ကား ယောဂီအပေါင်းတို့သည် သမထအရာ၌ နည်း ၄- ပါးဖြင့် သိမ်းဆည်း၍ နောက်ဆုံး စတုတ္ထအကြိမ်၌ ရှုလေရှိုက်လေသည် ဟဒယဝတ္ထု ရပ်၌ ရပ်တည်လေတော့၏။

ထိုရပ်သော နေရာကလေး၌ အာရုံမူ (ပြု)၍ ဆရာက ညွှန်ကြားပြသတော်မူသည်မှာ တရိပ်ရိပ် တရှိန်ရှိန် သင်္ခါရနိမိတ်စဉ် ဖြစ်-ပျက်ရိပ် ရုပ်နာမ်အစဉ်တို့ကို -

ဥပမာ ၅-အင်နှင့် ဆောင်လျက်—

၁ ဒီပဇာလာဝိယ ဟူ၍ရင်း။

၂ အာကာသေ ဝိဇ္ဇုပ္ပါဒေါဝ ဟူ၍ရင်း။

၃ နဒီသောတောဝိယ ဟူ၍ရင်း။

၄ ပုပ္ဖုဠုပမာဝိယ ဟူ၍ရင်း။

၅ ဒေဝေ ဝဿန္တေ ဟူ၍ရင်း။

ဤကဲ့သို့သော ဥပမာ ငါးစုံ၊ဝါ-ငါးမျိုး ဤကဲ့သို့ အကြောင်းကို ဆရာက ညွှန်ပြပါက ယောဂီတို့၏ဉာဏ်၌ လောင်းလျှာ ပါရမီမှန်ပါက ထင်မြဲတံထွာ ဓမ္မတာတို့ပင်တည်း။ သို့ပါ၍ ဒေသနာတော်ဝယ်—

"ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတော ပဘံ" အစရှိသော ကျမ်းဂန်ကို ထောက်ပါသဖြင့် ရုပ်တို့၏ ဖြစ်ပျက်ဟန် နာမ်တို့၏ ညွတ်ပြောင်းဟန် ထင်ရှား တော်မူလှ၍ ဖြစ်ထပျက်ထက ရုပ်၊ ဖြစ်ထပျက်ထကို သိတာက နာမ်, ရုပ်နှင့်နာမ်ကို ပိုင်းခြား၍ သိလေခြင်းကြောင့် ဤသည်တွင် နာမရူပ ပရိစ္ဆေဒ ဉာဏ်ကို ရပေတော့၏၊ နာမရူပ ပရိစ္ဆေဒဉာဏ်ကို ရပါက အဒ္ဒါနပရိဂ္ဂဟဉာဏ် ကင်္ခါဝိတရဏဝိသုဒ္ဓိဉာဏ်တိုင်အောင် တီရဏ ပရိညာဥ်စခန်းသို့ ဆိုက်ရောက်ပေ တော့၏။

ဤသည်ကား နောက်က အကျယ် ပြဆိုခဲ့ပြီး၍ ဤသည်ပင်လျှင် ဉာတ- ပရိညာဥ်စခန်းဖြင့် သိမ်းဆည်းလိုက်လေတော့၏၊ ဤအရာဝယ် ဤနေရာက စ၍ ဝိပဿနာဉာဏ် ဆယ်တန်မှ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့တိုင်အောင် ယောဂီ အပေါင်းတို့ သိမ်းဆည်းရမည်မှာ ပလိဗောဓဆယ်ပါးနှင့်တကွ ဝိပဿနာ၏ ညစ်ညူးကြောင်းတရားတို့ကို သိမ်းဆည်းရမည်မှာ-

အာဝါသော စ ကုလံ လာဘော၊ ဂဏော ကမ္မဉ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော ဣဒ္ဓိတိ တေ ဒသာတိ။

ဟု နိဒ္ဒေသ အဋ္ဌကထာ၌ လာတော်မူသည်ကို ထောက်ပါသဖြင့် မိမိ၏ အဆောက်အဦ သင်္ကာရ ကုလ လာဘ အပေါင်းအဖော် ရောဂါခပ်သိမ်းတို့ ၏ ကင်းငြိမ်းသည်ကို သိမ်းဆည်းလျက် ဆယ်ပါးသော ပလိဗောဓကို ဖြတ် တောက်ခြင်း၊ သြဘာသော ပီတိ ပဿဒ္ဓိ အစရှိသော သင်္ဂဟ အဋ္ဌကထာ ကမ္မဋ္ဌာနအရာ၌ လာသော ဝိပဿနာ၏ ညစ်ညူးကြောင်းတရားများကို သိမ်း ဆည်းလျက် မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်သော ရုပ် နာမ် သင်္ခါရတို့၏ ပြုပြင် စီရင်မှုတို့ကို သုံးသပ်ဆင်ခြင်ခဲ့သော် ဗဟိဒ္ဓသို့ အာရုံမရောက်ပါမူ၍ နောက်က သိမ်းဆည်းခဲ့သော ပရိညာစခန်းသို့ တိုင်အောင် ယခုအချိန်အထိ နှလုံးသွင်း လျက် လောကုတ္တရာနှင့်စပ်သော ဝိပဿနာမဂ်ဖြင့် ထောက်မြှော်လျက် ပရိယတ္တိ ဓမ္မအရှင်တို့၏ ဝိရောဓေဒါသတို့ကို ကြောင့်ကြမဲ့ကင်းစေရာ အဋ္ဌကထာဖြင့် ဘွင့်ပြတော်မူသည်မှာ—

တဿေဝံ သမ္မသတော အဇ္ဈတ္တံ သမ္မသနကာလေ ဝိပဿနာမဂ္ဂေန သဒ္ဓိံ ဃဋ္ဋိယတိ။

ဟူ နိဒ္ဒေသ အဋ္ဌကထာအရာ၌ လောကုတ္တရာမဂ် ဖြစ်ကြောင်း ညွှန်ပြရာ အခွင့်သည်ကား ယောဇနာတော်မူလိုက်သည်မှာ—

ဝေါ၊ ဤသို့။ တဿ၊ ထိုမဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အလိုရှိသော ယောဂီ ပုဂ္ဂိုလ်အား။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ရုပ် နာမ် တရားကို။ ဝါ-သင်္ခါရကို။ သမ္မသနကာလေ၊ သုံးသပ် ဆင်ခြင်ခဲ့သည်ရှိသော်။ ဝိပဿနာ မဂ္ဂေန၊ လောကုတ္တရာနှင့်စပ်သော ဝိပဿနာမဂ်နှင့်။ သဒ္ဓိံ၊ တကွ။ ဃဋ္ဋိယတိ၊ စပ်၏။

ဤဒေသနာတော်အရဝယ် လောကုတ္တရာ၌ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လိုလားကြကုန်သော အမျိုးကောင်းသား ယောဂီများတို့သည် မိမိ၏ အဇ္ဈတ္တ သန္တာန်၌ဖြစ်သော ရုပ် နာမ် သင်္ခါရတရားတို့၏ ပြုပြင် စီရင် ပြောင်းလဲအပ် သော ဖြစ်ခြင်း ပျက်ခြင်းတို့ကို ရှုဆင်ခြင်လျက် ဗဟိဒ္ဓသို့ ဉာဏ်အာရုံရောက်ပါ မူ၍ အချို့မှာကား ဗဟိဒ္ဓသို့ ဉာဏ်အာရုံ ရောက်လျက် လောကုတ္တရာနှင့် စပ်သော မဂ် မဖြစ်ခဲ့သူများကိုလည်း တွေ့ဘူးလှ၏။

ဤနေရာ၌ လောကီကို အာရုံမူပါ၍ အဓိမာန အနေအားဖြင့် ပညာလွန် တတ်လှသည်၊ လောကီကို သာယာသော အားကြီးလတ်၍ ထင်ရှောင် ထင်မှား ဖြင့် ထိုမှ ဤမှသော အယူကို စွဲလမ်းလျက် ပြုပြင်ပြောင်းလဲခြင်းငှါ စွန့်နိုင်ခဲ၏၊ တွေ့ဘူးသူ များလှလေပြီ၊ ယောဂီတို့ အဇ္ဈတ္တသို့ ဉာဏ်မူပါမှ သို့မှသာလျှင် မိမိ၏ အဇ္ဈတ္တသန္တာန်၌ဖြစ်သော ရုပ် နာမ်တရားတို့၏ အဖြစ်အပျက်ကို ရှုဆင်ခြင်ဆဲ၌ ပရိကံ ဇော ဟု ဆိုအပ်သော သမ္မသနဉာဏ်ဖြင့် သမုတ်ထိုက်အပ်၏၊ ထိုသမ္မသန ဉာဏ်မှ ဝိပဿနာဉာဏ် ၉-တန်တိုင်အောင် သင်္ခါရုပေက္ခာဉာဏ်သို့ ဥပစာဇော အဖြစ်မှ ရောက်လေတော့၏။

ထို ဥပစာဇောမှ နောက် စိတ္တက္ခဏတချက်ဝယ် အနုလုံဇောဟု ဆိုအပ် သော မဂ်၏အနီးသို့ ချဉ်းကပ်လျက် လောကီ၏ ဝိပဿနာ ဉာဏ်အဆုံးသို့ အနုလောမဉာဏ်ဟု ဆိုအပ်သော လောကီဖြင့် သုံးသပ်လျက် ပုထုဇဉ်တို့၏ အယူ

အားဖြင့်“ငါမဟုတ် သူမဟုတ် မြင်တာ နာမ်နှင့်ရုပ်”ဟူ၍ စူဠသောတာပန်စခန်းသို့ အပြောသန်လျက် ဤကဲ့သို့ သူများသည် အဓိမာနအနေဖြင့် ကျမ်းဂန်များကို အကိုးပြုလျက် ဒေသနာစကား ပြောကြသူများမှာ ထင်ရှားစွာ ရှိပေစွ၊ ရှိကြောင်းကား—

ဣမိနာ ပန ဉာဏေန သမန္နာဂတော ဝိပဿကော ဗုဒ္ဓသာသနေ လဒ္ဓဿာသော လဒ္ဓပတိဋ္ဌော နိယတဂတိကော စူဠသောတာပန္နောနာမ ဟောတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား ပန၊ နေယျတ္ထမှတပါး နီတတ္ထကို ပြဦးအံ့။ ဗုဒ္ဓသာသနေ၊ မြတ်စွာဘုရား၏ သာသနာတော်၌။ ဝိပဿကော၊ ဝိပဿနာကို အားထုတ်လေ့ရှိသော ဝိပဿကပုဂ္ဂိုလ်သည်။ ဣမိနာဉာဏေန၊ ဤလောကီဝိပဿနာဉာဏ်နှင့်။ သမန္နာဂတော၊ ကောင်းစွာရောက်ခဲ့သည်ရှိသော်။ လဒ္ဓဿာသော၊ ရအပ်သော သက်သာရာရှိသည်ဖြစ်၍ရင်း။ လဒ္ဓပတိဋ္ဌော၊ ရအပ်သော ထောက်တည်ရာရှိသည်ဖြစ်၍ရင်း။ နိယတဂတိကော၊ မြဲသော ဂတိရှိသည်ဖြစ်၍ရင်း။ တဿ-ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ (ထည့်) စူဠသောတာပန္နောနာမ၊ စူဠသောတာပန်မည်သည်။ ဟောတိ၊ ဖြစ်၏။ မှန်၏ ဟူလို။

ဤနေရာ၌ ဤဂါထာ၏ အရဝယ် ရုပ် နာမ်တရားတို့၏ အဖြစ်အပျက်နှင့်တကွ ဝိပဿနာဉာဏ်ကို အမှန်မြင်ကြကုန်သော ပုဂ္ဂိုလ်တို့သည် ဟုတ်၏၊ ယုံကြည်ထိုက်ပေစွ၊ ထုတ်ဘွင့်၍ ပြအပ်သော ကျမ်းဂန်နှင့်လည်း ညီပါပေစွ။

သို့သော် မဂ်ဉာဏ်သို့ မရောက်သေးပါမူ၍ အဓိမာနအရာ၌သာ တည်ပေ၏၊ လောကီဝိပဿနာဉာဏ်မျှသာတည်း။ မဂ္ဂင် တရားကိုယ် ရှစ်ပါးသည်ကား ဟုတ်၏၊ သို့သော် မိစ္ဆာဒိဋ္ဌိစသော လောကီမဂ္ဂင်တရားကိုယ်သာဘည်း၊ ပုထုဇဉ်တို့၏ အနွယ်မပြတ်သေးပါ။

အဘယ့်ကြောင့်ဆိုသော် ဂေါတြဘုစိတ္တက္ခဏ မဖြတ်သေးဟူလို။ ဤနေရာ၌ လောကီမဂ္ဂင်နှင့် လောကီသမ္မာဒိဋ္ဌိကို အမှန်ပြည့်စုံပေစွ၊ လောကီသမ္မာဒိဋ္ဌိတို့

မည်သည်မှာ သဿတ ဥစ္ဆေဒအယူ မလွတ်သေးပါ၊ တရားကိုယ်ချင်းတော့ တူမျှပါ၏၊ ကွာခြားပုံသည်ကား အဇ္ဈတ္တ ဗဟိဒ္ဓသာတည်း၊ ယုံကြည်တော်မူကြ စေခြင်းငှါ ကျမ်းဂန်ဖြင့် အထောက်အထားပြလို၍ သံယုတ်အဋ္ဌကထာ၌ လာတော်မူသည်ကား -

ဝိပဿနာသမ္မာဒိဋ္ဌိ စ တေဘူမကသင်္ခါရေ အနိစ္စလက္ခဏာဒိဝသေန ပရိဝိဒ္ဓံသေတိ။

သံယုတ် အဋ္ဌကထာ။

အနက်ကား ဝိပဿနာသမ္မာဒိဋ္ဌိ စ၊ လောကီမဂ္ဂင်၌ ဖြစ်သော သမ္မာဒိဋ္ဌိ သည်လည်း။ တေဘူမကသင်္ခါရေ၊ ဘုံသုံးပါး၌ဖြစ်သော သင်္ခါရတရားတို့ကို။ အနိစ္စလက္ခဏာဒိဝသေန၊ အနိစ္စအစရှိသော လက္ခဏာတို့၏ အစွမ်းအားဖြင့်။ ပရိဝိဒ္ဓံသေတိ၊ ပျက်စီး ချုပ်ပြတ်စေတတ်၏။

ဤ ဒေသနာတော် အရာဝယ် လောကီမဂ္ဂင်နှင့် လောကုတ္တရာမဂ္ဂင်ကို ထောက်ထားအပ်ပါသဖြင့် လောကီဝိပဿနာ ဉာဏ်သည် လောကီ မဂ္ဂင်တရား ကိုယ်နှင့်တကွ သမုတိသစ္စာ မှန်၏၊ ပရမတ္ထသစ္စာ မမည်သေး၊ အချို့အရာဝယ် လောကုတ္တရာမဂ္ဂင်ဟု ထင်မှတ်တတ်၏၊ သို့သော် အဓိမာန အရာသာတည်း၊ အမှားနှင့် အမှန်ကို အမှန်ကျစေလို၍ ဝေဘန်အပ်သော အရာတည်း။ မိမိလိုအပ်သော သဘောနှင့် တူမျှပါမှ လက်ခံမည်ဆိုပါက သဘောတော်တို့၏ အရာသာ တည်း။ သို့သော် ထိုယောဂီရှင်များသည် ပါရမီဉာဏ်အားဖြင့် မနုံ့နှေးလှပေ၊ သပ္ပုရိသံသထံ အမှန်မတိုက်ဆိုင်သေး၍သာ မိမိကိုယ်ကို မိမိ သပ္ပုရိသံသဆရာဟု အဓိမာနဖြစ်လျက် နေတတ်ကြလှ၏၊ အဘယ့်ကြောင့်ဆိုသော် ဂေါတြဘုကိစ္စ အဘယ်အချိန် အဘယ်ကာလက ရကြသည်ဟူ၍ အချိန်မပေးတတ်ချေ၊ ဥပမာ ထုံးဖြင့် နှုန်းဖွဲ့ရမည်ဆိုသော် အရှင်မဟာကုဋ္ဌလမထေရ်ကဲ့သို့ရင်း၊ အရှင်မဟာ နာဂမထေရ်ကဲ့သို့ရင်း၊ လောကမ်နှင့် တွေ့ကြုံပါက ဩြော် ငါသည် သ၁၂သာ ကလေးနှင့်သာ အယူပြောင်း၍ သွားသည်ကို ထောက်တော်မူကြပါသဖြင့် ဤအကြောင်းကို ပုံပမာထား၍ ယူပါက ဥပစာရသမာဓိမျှနှင့်ပင် သံသရာ၌ အရေးကြီးလှပါ၍ ဝိပဿနာဉာဏ်တည်းဟူသော လောကုတ္တရာဉာဏ်သို့ ကူးကြ

လိုသူများ တွေ့ဘူးလှ၏၊ ထိုပုဂ္ဂိုလ်များ၏ ပါရမီများကိုတော့ ကွဲရှဲခြင်းငှါ မဝံ့ပေ၊ ဒေသနာကလဲ တိုက်ရိုက် ထင်ရှား ရှိပေ၏။

သို့သော် ဤသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားသော ဆရာတော်သည် ဥပစာရသမာဓိအားဖြင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ဆောင်စွမ်းနိုင်သော ပုဂ္ဂိုလ်များ မတွေ့ဘူးခဲ့ချေ၊ တွေ့ရှိအပ်သော ဒေသနာတော်ကိုကား အပြစ်တင်ခြင်းငှါ မဝံ့ပေ၊ ထုတ်ဘွင့်၍ ပြပါအံ့။

> တဿ ဟိ ဒုလ္လဘတာယ အပ္ပနာခိဂမံ အနာဂမယမာနော ပဝေဝ တု ယောပုဂ္ဂလော ဥပစာရသမာဓိမှိယော ဌတွာ ဝိပဿနံ ယ ကမ္မံ ကရောတိ သီဃံ သံသာရဒုက္ခံ သမတိက္ကမိဿာမီတိ။
>
> မဟာဋီကာ။

ဤကဲ့သို့သော အရာ၌ ဒေသနာကို ထောက်ထားပါသဖြင့် အရေးကြီးစွာဖြင့် ဝိပဿနာဉာဏ်သို့ ကူးကြသော သူများသည် များစွာ ရှိကြပေ၏၊ ထိုကဲ့သို့ ကူးရာ၌ ပုဂ္ဂိုလ်အနေအားဖြင့် ခရီးရောက်သောသူများ မတွေ့ခဲ့ဘူးပေ၊ လောကီဝိပဿနာဉာဏ်သာ ဖြစ်ခဲ့ပါ၍ ဂေါတြဘူကိစ္စ မကျခဲ့ဘူးသည်မှာ အကြောင်းတရပ်ဖြင့် ထောက်ထားဘွယ်ရာရှိ၏။

ဤနေရာ၌ သုပ္ပဋိပန္နတာ အစရှိသော ၉-တန်သော ဂုဏ်တော်နှင့် ပြည့်စုံကြကုန်သော အရိယာပုဂ္ဂိုလ်တို့ကို -

နိဂ္ဂဟဂုဏ်, ပဂ္ဂဟဂုဏ် ဤနှစ်တန်သော ဂုဏ်ဘို့ဖြင့် လိုဘိုး, ပိုလျှော့ ဆိုတာလို ပေဘန်ရမည်မှာ ထိုက်လှပေစွ၊ ဤနေရာ၌ ယောဇနာအံ့သည်မှာကား -

ဟိ၊ ဒေသနာအရ ဝေဘန်ပါဦးအံ့။ တဿ၊ ထိုမဂ်ဉာဏ်ဖိုလ်ဉာဏ်ကိုအလိုရှိသော ယောဂီပုဂ္ဂိုလ်အား။ ဒုလ္လဘတာယ၊ ဗုဒ္ဓုပ္ပါဒ နဝမခေတ်တော်ကြီးကို ကြုံကြိုက်ခဲသည်၏ အဖြစ်ကြောင့်။ အပ္ပနာခိဂမံ၊ အပ္ပနာကိုရခြင်းငှါ။ အနာဂမယမာနော၊ ဆိုင်းငံ့၍မနေနိုင်ဘဲ။ ပဝေဝတု၊ မဆွကပင်လျှင်။ ဝါ- ဆောစွာပင်လျှင်။ ယောပုဂ္ဂလော၊ အကြင်ပုဂ္ဂိုလ်သည်။ ဥပစာရသမာဓိမှိယော၊ ဥပစာရသမာဓိ၌ပင်လျှင်။ ဌတွာ၊ တန့်ရပ်၍။ သံသာရဒုက္ခံ၊ သံသရာတည်းဟူသော

ဆင်းရဲကို။သီဃံ၊ ဆောစွာ။ ဝါ-လျင်စွာ။ သမတိက္ကမိဿာမ၊ လွန်မြောက်စေ တော့အံ့။ ဣတိ၊ ဤသို့။ မနသိကတွာ၊ နှလုံးပြု၍။ဝိပဿနာယကမ္မံ၊ ဝိပဿ နာအမှုကို။ ကရောတိ၊ ပြု၏။

ဤဒေသနာအရ ဤကဲ့သို့ ဇာမိမာနဖြစ်သော ပညာရှင်များအား အလွန့် အလွန်ပင် အားအဆင့်ဖြင့် အားသစ်ကြွငြားပါသော်လည်း သံသရာထဲ၌ တဝဲဝဲလယ်လယ်ဖြင့် အပြောနှင့်အဟော အမိမာနသဘောဖြင့် မျော၍သနေ ကြသူများကို သာသနာ့အပြင်၌ တည်လျက် ရှိတော်မူကြကုန်သော အထက် အထက်ဖြစ်သော အရိယာပုဂ္ဂိုလ်များက အောက်အောက်၌ဖြစ်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် မရကြကုန်သေးသော ပုဂ္ဂိုလ်များကို မြင်လျက်နှင့်ပင် မနေ့ တော်သိမ်းပိုက်၍ ဣန္ဒြေတော်ကို ထိန်းသိမ်းလျက် နေတော်မူကြလေကုန်၏ ဟူလို။

ဤနေရာ၌ ဤအချက်တို့ကို စေ့ငုအောင် ဝေဘန်ပိုင်းခြား၍ နောက်ကပြ ခဲ့သော လောကီသံသရာနယ်၏ အဆုံး အနုလောမဉာဏ်ဖြင့် ပြန်၍သုံးရသည်မှာ ဝိသုဒ္ဓိမဂ်ဒေသနာအရ မသုံးပါက သုံးပါမှတော်မည့်အရာမို့ ဘွင့်ပြရမည်မှာ—

အနုလောမဉာဏံ သစ္စပဋိစ္ဆာဒကံ ကိလေသတမံ ဝိနောဒေတုံ သက္ကောတိ။

ဟု ပြတော်မူရာဝယ် ထိုအနုလောမဉာဏ်သည် မဂ်၏အနီးအနားသို့ ရောက် ပါ၍ သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာတည်းဟူသော အမိုက်တိုက်တို့ကို ပယ်ခြင်းငှါ တိုက်သည်ကို ပြလို၍ ယောဇနာအံ့သောငှါ-

အနုလောမဉာဏံ၊ အနုလောမဉာဏ်သည်။ သစ္စပဋိစ္ဆာဒကံ၊ သစ္စာကို ဖုံးလွှမ်းတတ်သော။ ကိလေသတမံ၊ ကိလေသာတည်းဟူသော အမိုက်တိုက်ကို။ ဝိနောဒေတုံ၊ ပယ်ခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်၏။

အဲ ဤကဲ့သို့ အနုလောမဉာဏ်အချက်ကား သစ္စာကို ဖုံးလွှမ်းတတ်သော ကိလေသာကိုသာ ပယ်နိုင်၏၊ နိဗ္ဗာန်ကို အာရုံမပြုနိုင်သေးပေ၊ ထိုအနုလောမ ဉာဏ်သည် နောက်ကပါလာခဲ့သော ပါရမီဉာဏ်အစဉ်ဖြင့် မဟာကုသိုလ်ဉာဏ

သမ္မယုတ်နှင့်တကွ အပ္ပနာဇော အားနည်းပါမူကား သစ္စာကိုဖုံးလွှမ်းတတ်သော ကိလေသာကို မပယ်နိုင်သေးချေ၊ မပယ်နိုင်ပါက နောက်ကိုသာ ပြန်လျှော၍ ကာကဒိသ အင်္ဂုတ္တရ ကျီးငှက်ပမာလို ဥပမာဆောင်ရမည်ဆိုသော်-

တကောင်သော ကျီးငှက်သည် သမုဒ္ဒရာ၏ ကမ်းထိပ်၌ရှိသော သင်္ဘော၏ လင်းယဉ်တိုင်၌ နားလျက် သင်္ဘောထွက်ခွါ၍ သွားလေသော် အလွန်ဝေးကွာလှသော ကာလသို့ ခရီးရောက်လျက် ခေါင်းပါးသော အစာဖြင့် မှီတင်းကာ စားသောက်ရ၍ မလိုက်လိုသော စိတ်အဖြစ်ဖြင့် ကမ်းထိပ်သို့ ပျံလေသော် မိမိ၏ တောင်ဟုန်ဖြင့် မရောက်ဘဲ ရှိလေရကား ထိုသင်္ဘော၏ လင်းယဉ်တိုင်သို့သာ ပြန်၍ နားရဘိသကဲ့သို့—

ထိုပုံနှင့်မခြား ပါရမီ အပ္ပနာအားသေးသော ယောဂီများသည် သံသရာ၏ ကမ်းအစွန်ဆုံးဖြစ်သော အနုလောမဉာဏ်သို့သာ နောက်သို့ပြန်၍ လည်ဘိသကဲ့သို့—

သို့ပါမူ၍ ဤကဲ့သို့သော ယောဂီများသည် သတ်သမ္ဘဇဉ်တရားဖြင့် ဆင်ခြင်၍နိဗ္ဗိဒါဓာတ် ပက္ခန္ဒနဓာတ် ဩက္ကမဓာတ် ဤကဲ့သို့သော မဟာဝိပဿနာဉာဏ်ဓာတ်ဖြင့် ဆောင်လျက် အလွန်လိမ်မာလှစွာသော သင်္ဘောမာလိန်မှူးသည် တနေ့သောအခါ လင်းယဉ်တိုင်၌ ပါလာသော ကျီးငှက်ကလေးကို အစဉ်မပြတ် အာရုံပြုခိုက်၌ ထိုကျီးငှက်ကလေးသည် လင်းယဉ်တိုင်ပေါ်ကနေ၍ စိမ်းညိုသော တောင်တန်းကို မြင်လေရာ ထိုတောင်တန်းကို ဦးစိုက်လျက် ကျီးငှက်ပျံသွားသည်ကို နောက်ထပ်တဖန် လင်းယဉ်ဘိုင်သို့ ပြန်မလာပါက ထိုကျီးငှက် ပျံသွားရာဆီသို့ ဦးတည်လျက် သင်္ဘောဖြင့် ခုတ်မောင်းလေရာ မျှားမကြာမီပင် ကမ်းဆီသို့ ရောက်သည့်ပုံနှင့်မခြား ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သော လိမ်မာလှစွာသော ယောဂီသည် သင်္ဘောမာလိန်မှူးကို အတုယူလျက် ဩဒ်- ငါသည် ဩက္ကမဓာတ်ဟုဆိုအပ်သော မဟာဝိပဿနာ ဓာတ်သုံးပါးဖြင့် ဆောင်လျက် အနုလောမဉာဏ်မှ ဦးတည်တဲ့၍ နောင်စိတ္တက္ခဏ တချက်အကျတွင် ဂေါတြဘုဟုဆိုအပ်သော ပုထုဇဉ်အနွယ်ကို ဖြတ်တောက်လျက် သံသရာ၌ ဖြစ်ခြင်း ပျက်ခြင်း တည်းဟူသော အပြစ်ကို မြင်ပါသဖြင့် မဖြစ်မပျက်သော သဘော

လက္ခဏာရှိသော ဂေါတြဘုစိတ္တက္ခဏ က အမှတ်ပေး၍ ညွှန်ပြလိုက်သော နိရောဓသစ္စာ နိဗ္ဗာန်ကို မြင်ပါသဖြင့် ဒေသနာအရ ပြရမည်ဆိုပါက နိဒ္ဒေသ အဋ္ဌကထာ လာရာဝယ်—

သင်္ခတဒေါသဒဿနေန စ တပ္ပိပရိတော နိဗ္ဗာနေ တန္နိန္နတာယ ပက္ခန္ဒတိ။
နိဒ္ဒေသ အဋ္ဌကထာ။

**အနက်ကား** သင်္ခတဒေါသဒဿနေန စ၊ ဖြစ်ခြင်းပျက်ခြင်း တည်းဟူသော သင်္ခတဒေါသတို့၏ အပြစ်ကို မြင်သဖြင့်လည်း။ တပ္ပိပရိတော၊ မဖြစ်မပျက်သော သဘောလက္ခဏာရှိသော သင်္ခတဒေါသမှပြန်သော ။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ တန္နိန္နတာယ၊ ကြောင့်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။

အဲ ဤဒေသနာကို ထောက်ပါသဖြင့် ဤဂေါတြဘု စိတ္တက္ခဏသည် ဥပါဒ် ဌီ ဘင်နှင့် ပြည့်စုံ၍ လောကီနှင့် လောကုတ္တရာအကြား ဘဝသံသရာက အပါယဂမနီယ အမျိုးမျိုးတို့ကို ဖြတ်တည့်၍ ဤနေရာ ဤစိတ္တက္ခဏ ဌီကာလမှ ဘင်ကာလသို့တိုင်အောင် ဘဝသံသရာက ပါလာခဲ့သော ခန္ဓာမျိုးတို့ကို နောက်ထပ် ကရဇကာယ ဝိပါက် ကဋတ္တာ ရုပ်ဟောင်းကို ပယ်တည့်၍ ဂေါတြဘု စိတ္တက္ခဏ၏ ဂုဏ်ပုဒ် ဝိဂ္ဂိုဟ်ဝစနတ္ထ ထုတ်ပြရမည်မှာ ဉာဏဒဿန နိဒ္ဒေသ မဟာအရ—

ဥပ္ပါဒံ အဘိဘုယျိတ္ဗာ အနုပ္ပါဒံ ပက္ခန္ဒတီတိ ဂေါတြဘု။
မဟာနိဒ္ဒေသ။

**အနက်ကား** ဥပ္ပါဒံ၊ ဖြစ်ခြင်းပျက်ခြင်းတည်းဟူသော ပုထုဇဉ်တို့၏ သန္တာန် ၌ရှိသော သံခါရတရားကို။ အဘိဘုယျိတွာ၊ လွှမ်းမိုးနှိပ်စက်၍။ ဝါ-ကြိတ်-ချေဖျက်ဆီး၍။ အနုပ္ပါဒံ၊ မဖြစ်မပျက်သော သဘောလက္ခဏာ ရှိသော သံခါရတရားမှကင်းသော နိဗ္ဗာန်သို့။ ပက္ခန္ဒတိ၊ ပြေးဝင်၏။ ဣတိတသ္မာ၊ ကြောင့်။ ဂေါတြဘု၊ ဂေါတြဘုမည်၏။

ဤကဲ့သို့ ကမ္မသာခနေကိတ်ပုဒ် ဝိဂ္ဂိုဟ်ထုတ် ပြဆိုသည်ကို ထောက်တော်မူကြပါသဖြင့် ပုထုဇဉ်တို့၏ သန္တာန်၌ဖြစ်သော ဘဝကို ပယ်လျက် နိဗ္ဗာန်သို့

အာရုံညွတ်လိုက်သည်ကို ပက္ခန္ဒနစေတ်ကို ဆောင်လျက် ဩက္ကမစေတ်ဖြင့် သက်သည်ကို နိဗ္ဗာန်သို့ ရှေးရှုခြင်းငှါ ထင်ရှားစေလို၍—

ဂေါတြဘု နိဗ္ဗာနမေဝ အာရမ္မဏံ ကာတုံ သက္ကောတိ၊ န သစ္စပ္ပဋိစ္ဆာဒကံ တမံ ဝိနောဒေတုံ၊ တတြာယံ ဥပမာ။

နိဗ္ဗေဓသ အဋ္ဌကထာ။

**အနက်ကား** ဂေါတြဘု၊ ဂေါတြဘုစိတ်သည်။ နိဗ္ဗာနမေဝ၊ နိဗ္ဗာန်ကို သာလျှင်။ အာရမ္မဏံ၊ အာရုံသည်။ ဝါ ကို။ ကာတုံ၊ ပြုခြင်းငှါ။ သက္ကောတိ၊ တတ်နိုင်၏။ သစ္စပ္ပဋိစ္ဆာဒကံ၊ သစ္စာကိုဖုံးလွှမ်းတတ်သော။ တမံ၊ ကိလေသာ တည်းဟူသော အမိုက်တိုက်ကို။ န ဝိနောဒေတုံ၊ ပယ်ခြင်းငှါမထိုက်။ တတြ တသ္မိံ ဝိဘာဂေ၊ ထိုသို့ဝေဘန်ရာ၌။ အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ ဥပမာ၊ ဥပမာတည်း။

ဤကဲ့သို့ ဂေါတြဘုဉာဏ်မှ နောက်နောက်က ပါလာခဲ့သော ဝိပဿနာ ဉာဏ်ဟုန်ဖြင့် ပက္ကမစေတ်ဖြင့် ဆောင်လျက် ဩက္ကမစေတ်သို့ သက်ရောက်အပ် သော နိဗ္ဗာန ပေါဏ ပဗ္ဘာရ ဟု ညွတ်ကိုင်းရှိုင်းဝှမ်းတည့်၍ ဥပါဒ် ဌီ ဘင်နှင့် ပြည့်စုံသော မဂ်စိတ္တက္ခဏအကျတွင် ဖြစ်ခြင်းပျက်ခြင်းတည်းဟူသော ရုပ်နာမ် သင်္ခါရ အတ္တဘောဖြင့် ပြတ်ငြိမ်းတည့်၍ ဤမဂ်စိတ္တက္ခဏ ဌီကာလ၌ပင်လျှင် အကုသိုလ်ဇောအမြိုက် ကုသိုလ်ဇောနှင့်တိုက်လိုက်က ခြိုက်ခနဲအခိုက် အကု သိုလ်နှင့် မဂ်ကုသိုလ် လဲလှယ်သည့်အခိုက် ခန္ဓာငြိမ်းဆိုက်၍ ယောဂီ၏ နိရောဓ သစ္စာဆိုက်လိုက်ပုံကို ထင်ရှားစေလို၍ ဤသည်ကား သမ္မောဟဝိနောဒနီ ဘွင့် ပြတော်မူသည်မှာ—

မဂ္ဂက္ခဏေ ပန ဣမေသု တီသု ဌာနေသု ဥပ္ပန္နာ အကုသလာ သင်္ကပ္ပါ ပစ္ဆေဒတော အနုပ္ပတ္တိသာဓနဝသေန မဂ္ဂင်္ဂံ ပူရယမာနော ဧကောဝ ကုသလသင်္ကပ္ပေါ ဥပ္ပဇ္ဇတိ။

**အနက်ကား** ပန၊ ဂေါတြဘုခဏမှတပါး မဂ်ခဏကိုဆိုဦးအံ့။ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ ဣမေသုတီသုဌာနေသု၊ ဥပါဒ် ဌီ ဘင်ဟု ဆိုအပ်သော ဤသုံးပါးသော ဌာနတို့တွင်။ ဥပ္ပန္နာ၊ ရောက်ဆဲဖြစ်သော။ အကုသလ-

သက်ပ္ပဿ၊ အကုသိုလ်ဖြင့် ကြံစည်အပ်သည်ကို။ ပဇ္ဇေဒတော၊ ဖြတ်တောက်လျက်။ အနုပ္ပတ္တိသာဓနဝသေန၊ မရောက်အပ်သေးသည်ကို သုခ်သင်ရှင်းလင်းသည်၏ အစွမ်းအားဖြင့်။ မဂ္ဂံ၊ မဂ်၏အင်္ဂါကို။ ပူရယမာနော၊ ပြည့်စေလျက်။ ဧကော၀၊ တပါးသာလျှင်ဖြစ်သော။ ကုသလသက်ပ္ပေါ၊ ကုသိုလ်၏ အကြံအစည်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤနေရာ၌ ကုသိုလ်နှင့် အကုသိုလ် အလဲအလှယ်အခိုက် သမ္မာသင်္ကပ္ပမဂ္ဂင်ဖြင့် ပြည့်စုံပါ၍ ဤမဂ္ဂက္ခဏ၌ပင်လျှင် လေးပါးသော သစ္စာတို့ကို တပြိုင်နက် တချက်တည်း တကိစ္စတည်းတွင် ထိုးထွင်း၍ သိလိုက်ပုံကိုကား အားထုတ်ဆဲဖြစ်သော ယောဂီခန္ဓာကိုယ်ကြီးသည် အတ္တဘောဖြင့် ကွယ်ပျောက် ချုပ်ငြိမ်းလျက် နိရောဓသစ္စာ အနတ္တာဖြစ်ဟန်ကို ဆရာဖြစ်သူကဆုံးမ ဟောပြောသော တရားတော်ကို နာကြားရမှသာလျှင် ထိုမဂ်ခဏအခိုက်အတန့်၌ ခန္ဓာကိုယ်ကြီး ပြတ်ငြိမ်း၍ အာကာသဆိုက်၍ နေသည်ကိုပင်လျှင် နိရောဓသစ္စာ ချုပ်ငြိမ်းဆဲ၊ သမုဒယသစ္စာ ကိလေသာကို ပယ်ဆဲ၊ ခန္ဓာတည်းဟူသော ဒုက္ခသစ္စာကို ပိုင်းခြားသိဆဲ၊ မဂ္ဂသစ္စာကိုပွားများ၍ မျက်မှောက်ပြုဆဲ၊ ဤသည်ပင်လျှင် သစ္စာလေးချက် တပြိုင်နက် ထိုးထွင်း၍ သိဟန်ကို မဂ်ဘရားဟူ၍ ဆရာက ဆုံးဖြတ်၍ ဟောပါမှသာလျှင် မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ ဖြစ်ကြောင်း သိရပေတော့၏၊ သို့မှသာလျှင် ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြကုန်သော ယောဂီအပေါင်းတို့သည် ဝိသုဒ္ဓိ ၇-တန်ဖြင့် မဂ်ဉာဏ်ကို အမှန်ရကြောင်း ဆုံးဖြတ်နိုင်ကြပေမည်။

ဤနေရာ၌ အချို့ အချို့သော ယောဂီများသည် ဝေမတိကဖြစ်တတ်ကြ၏၊ မဂ်မဟုတ်သည်ကို မဂ်ဟု ထင်တတ်ကြ၏၊ မဂ်ဟုတ်သည်ကို မဂ်မဟုတ်ဟုလဲ ထင်တတ်ကြ၏၊ သို့ပါမူ၍ မဂ်လည်းဟုတ်ပါမှ မဂ်ဟုတ်သည် ဟူ၍လည်း သိပါမှ သို့မှသာလျှင် မဂ်မှန်ဖြစ်၏၊ မဂ်မှန်ဖြစ်ကြောင်းကို နောက်ကပြခဲ့သော အဋ္ဌကထာအရ ဘုရားပြတော်မူသည်မှာ သော ဇဝံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ ဟု လာတော်မူ၏၊ အနက်ကား နောက်က သမ္မန်ခဲ့လေပြီ ဤဒေသနာအရ သစ္စာလေးပါးကို တပြိုင်နက် တချက်တည်း တကိစ္စတည်း၌ ညီမှသာ မဂ်တရားဟု သိအပ်ပေစွ။

သို့ပါ၍ မဂ်တရားဆိုသည်မှာ သစ္စာလေးပါးကို ခေါ်၏ ဟူလို၊ သစ္စာလေးပါးကို သိတဲ့ဉာဏ်ကို မဂ်ဉာဏ်ဟု ခေါ်၏၊ ဤအရာဝယ် မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို လိုလားပါ၍ တောင်းဆုပတ္ထနာ ချွေကြကုန်သော သူတို့သည် "မဂ်တရားကား သစ္စာလေးပါး၊ သစ္စာလေးပါး သိတဲ့ဉာဏ်က မဂ်ဉာဏ်" ဤအရာဝယ် ဥပမာအားဖြင့် သစ္စာလေးပါးကို တပြိုင်နက် ပြိုင်သည်ကို ပြရလျှင် နိဒ္ဒေသအဋ္ဌကထာကျမ်း၌ လာသည်ကို ထောက်ပါသဖြင့် –

ဝဋ္ဋိ ဗျာပေတိ အန္ဓကာရံ ဝိဓမတိ အာလောကံ ပရိဝိဓံသေတိ သိနေဟံ ပရိယာဒိယတိ၊ ဧဝမေဝ မဂ္ဂဉာဏံ အပုဗ္ဗံ အစရိမံ ဧကက္ခဏေန စတ္တာရိ သစ္စာနိ အဘိသမေတိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

အနက်ကား ဝဋ္ဋိ၊ မီးစာကို။ ဗျာပေတိ၊ လောင်ကျွမ်းဆဲ။ အန္ဓကာရံ၊ အမိုက်တိုက်ကို။ ဝိဓမတိ၊ ဖျောက်ဆဲ။ အာလောကံ၊ အရောင်အလင်းကို။ ပရိဝိဓံ-သေတိ၊ ဖြစ်ဆဲ။ သိနေဟံ၊ ဆီကို။ ပရိယာဒိယတိ၊ ကုန်ခန်းဆဲ။ ဧဝမေဝ၊ ပြဆိုခဲ့မှု ဤအတူသာလျှင်။ မဂ္ဂဉာဏံ၊ မဂ်ဉာဏ်သည်။ ဧကက္ခဏေန၊ တခုတည်းသော စိတ္တက္ခဏဖြင့်။ အပုဗ္ဗံအစရိမံ၊ မရှေးမနှောင်း တပြိုင်နက်မှု အလားတူ။ စတ္တာရိသစ္စာနိ၊ လေးပါးသော သစ္စာတရားတို့ကို။ အဘိသမေတိ၊ ထိုးထွင်း၍ သိ၏။

ဤသို့ သစ္စာလေးပါးတို့ကို မရှေးမနှောင်း တပြိုင်နက် "မီးစာ လောင်ကျွမ်းဆဲ၊ အမှောင်ပျောက်ဆဲ၊ အလင်းရောက်ဆဲ၊ ဆီခန်းဆဲ" အနက် ၄-ချက်ထိုးထွင်း၍ သိပုံကို ပြလိုက်ရ၏၊ သတိစိုက်တော်မူကြပါ အရှင်ပညာရှိတို့၊ ဤဒေသနာအရ ဤကဲ့သို့ ဆုံးဖြတ်ရာဝယ် ဉာဏ်ရောက်သော သူတို့မှသာ တင့်တယ်ပါ၍ ဉာဏ်မရောက်ပါက လက်ခံခြင်းငှါ ခဲပါစွ၊ ဤနေရာဝယ် ဉာဏ်ရောက်သောသူတို့မှာ သစ္စာလေးပါးကို တပြိုင်နက် ထိုးထွင်း၍ သိခိုက်ခန္ဓာပြတ်ငြိမ်း၍ ဆိုက်လိုက်ပုံကို မဂ်ဖြတ်၍သာ ပြတ်၏ဟု မှတ်သင့်စွ ဟူ၏။

ဤကဲ့သို့ မဂ်ဖြတ်၍ ပြတ်ခဲ့သော် ဉာဏ်နုသောယောဂီများသည် မဂ်ဖြတ်၍ ပြတ်မှန်း မသိဘဲ နေတတ်ကြ၏၊ မဂ်ဟူ၍လည်း မယူဆတတ်ကြပေ၊ အကျိုး

နှစ်ပါး အကြောင်း နှစ်ပါးနှင့် ပြည့်စုံမှ ဆရာ၏ တရားတော်သံကိုလည်း နာကြားရပါမှ မိမိကလည်း ရုပ်နာမ်နှစ်ပါးကို ရှုဆင်ခြင်၍ ခန္ဓာ အာလယ ပြတ်ငြိမ်း၍ ဟင်း·ဟာ နိရောဓသစ္စာဆိုက်ဘူးပါမှ သို့မှသာလျှင် မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ ဖြစ်ကြောင်း ဝေရဉ္ဇကဏ္ဍအလာ ထုတ်ပြရမည်မှာ—

ဒုဝေ ဟေတူ ဒုဝေ ပစ္စယာ သာဝကဿ သမ္မာဒိဋ္ဌိယာ ဥပ္ပါဒါယ၊ ပရ တော စ ဃောသော သစ္စာနုသန္ဓိအဇ္ဈတ္တဉ္စ ယောနိသော မနသိကာရောတိ။ ဟု လာရှိ၏။

အနက်ကား သာဝကဿ ရှေရှင်တော်နှစ်သားတော်အစစ်အား။ သမ္မာဒိဋ္ဌိယာ၊ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို မြင်ခြင်း၏။ ဥပ္ပါဒါယ၊ ဖြစ်ခြင်းငှါ။ ဒုဝေဟေတူ၊ အကြောင်းနှစ်ပါးတည်း။ ကိံ ဟေတု၊ အသို့နည်း။ ဝါ· အဘယ်အကြောင်း နည်း။ သစ္စာနုသန္ဓိ၊ သစ္စာနှင့်စပ်သော။ ပရတော စ ဃောသော၊ တပါးသော အခါ၌တရားတော်သံကိုနာကြားရခြင်းငှင်း။ အဇ္ဈတ္တဉ္စ၊ အဇ္ဈတ္တသန္တာန်၌လည်း။ ယောနိသော၊ မဇ္ဈိမပဋိပဒါအားဖြင့်။ မနသိကာရော၊ နှလုံးသွင်းခြင်းငှင်း။ ဣတိ၊ ဤသို့။ ဒုဝေပစ္စယာ၊ အကျိုးနှစ်ပါးတည်း။

ဤကဲ့သို့အရာဝယ် အထောက်အထားအားဖြင့် အကျိုးနှစ်ပါး အကြောင်း နှစ်ပါးနှင့် ပြည့်စုံမှသာလျှင် မဂ်ဉာဏ်သို့ရောက်နိုင်ကြောင်း၊ ဤကဲ့သို့ အကျိုး နှစ်ပါး အကြောင်းနှစ်ပါးနှင့် မပြည့်စုံခဲ့ပါမူ အားထုတ်သောယောဂီများသည် မဂ်မှန်းမသိကြရပေ။

သို့သော် မဂ်မှန်းမသိကြရသော်ငြားလည်း မဂ်ရောင်ကိုတော့ မြင်လိုက်ရပါ သတဲ့၊ မဂ်မှန်းမသိ သစ္စာမှန်းမသိ နေတတ်ချေ၏တကား၊ များစွာတွေ့ဘူး၏၊ မဂ်ရောင်မြင်လိုက်ရပုံကို မြင်ဘူးသော ယောဂီများမှသာ သိချေမည်၊သိဆိုသော် လည်း ပြောမှသာ သိချေမည် မပြောလျှင် မသိပါ။ သို့ပါမူ၍ သံယုတ်အဋ္ဌ ကထာ ဒေသနာဂုဏ်ပုဒ်ဖြင့် ထုတ်တော်မူသည်မှာ—

ခရီးသွားသောသူများသည် မျက်စိလည် လမ်းမှားလျက် လကွယ်နေ့သန်း ခေါင်အခါ မိုးသည်းမှောင်ကလဲကျ တောကလည်းနက် ဤကဲ့သို့ လေးချက်သော

အမိုက်တိုက်သို့ ဆိုက်ရောက်လေရာ မိုးသည်းကောင်းကင်လယ်က လျှပ်စစ်နွယ်ရောင် ဖြင့် ပြက်လိုက်ခဲ့သည်ကို မြင်လိုက်ရသည်ရှိသော် ခေတ္တမျှသာ လျှပ်စစ်နွယ် ရောင်၏ အလင်းရောင်အတွင်းဝယ် တော တောင် နံရံ အခံအတား တုံး တိုင် နံရံ မှအစ ထုံး အိုင် လျှိုချောင်တို့ကို မြင်လိုက်ခဲ့ရသည်ရှိသော် လမ်းမှန်ခရီးမှန် ကို အမှန်ရောက်အောင် သွားနိုင်ဘိသကဲ့သို့ ဥပမာအားဖြင့် အာဂုံယုတ္တိ သံယုတ် အဋ္ဌကထာမှာရှိ၍မို့ ထုတ်ဘွင့်၍ ပြတော်မူရမည်မှာ-

ဝိဇ္ဇုယာ နိစ္ဆရိတ္ဝာ အန္ဓကာရသ ဝိဒ္ဓံသိတကာလေဝိယ သောတာ ပတ္တိမဂ္ဂေါဘာသေန ဥပ္ပဇ္ဇိတွာ အန္ဓကာရေ ဝိဂတေ သောတာပတ္တိမဂ္ဂဿ စတုန္နံ သစ္စာနံ ပါကဋ္ဌောယေဝ။

**အနက်ကား** ဝိဇ္ဇုယာ၊ လျှပ်စစ်နွယ်ရောင်သည်။ နိစ္ဆရိတ္ဝာ၊ ပြက်လိုက်ခဲ့ သည်ရှိသော်။ အန္ဓကာရဿ၊ အမိုက်မှောင်၏။ ဝိဒ္ဓံသိတကာလေဝိယ၊ ပျက်စီး သောကာလကဲ့သို့။ သောတာပတ္တိမဂ္ဂေါဘာသေန၊ သောတာပတ္တိမဂ်တည်းဟူ သော အရောင်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်လိုက်ခဲ့သည်ရှိသော်။ အန္ဓကာရေဝိဂတေ၊ အမိုက်မှောင်ကင်းလျက်။ သောတာပတ္တိမဂ္ဂဿ၊ သောတာပတ္တိမဂ်၏။ စတုန္နံ၊ လေးပါးကုန်သော။ သစ္စာနံ၊ သစ္စာတရားတို့ကို။ ပါကဋ္ဌောယေဝ၊ ထင်ရှား တော့သည်သာလျှင်တည်း။

ဤနေရာ၌ တရားအားထုတ်သော ယောဂီအပေါင်းတို့ သောတာပတ္တိမဂ် ရောင်ဖြင့် မြင်လိုက်ရာ လေးပါးသော သစ္စာတို့တွင် တပါးပါးသော သစ္စာဟူ၍ သိခြင်းငှါ ခဲယဉ်း၏၊ မပြောပါက မသိပေ၊ မြင်လိုက်ရသည်ကိုတော့ သိလိုက် ပေ၏၊ အဘယ်ကို မြင်လိုက်သည်ဟု မပြောတတ်ခဲ့ချေ၊ မြင်သည်ကတော့မှန်၏၊ အရောင်ကတော့ အရောင်ပါဘဲ ဟူ၏၊ သို့သော် ခရီးရောက်ပြီးသော အရိယာ ပုဂ္ဂိုလ်များက ပြောမှသာလျှင် မြင်လိုက်ရသော သောတာပတ္တိမဂ်ရောင် အတွင်းဝယ် ချုပ်ငြိမ်းကွယ်ပျောက်သော နိရောဓအဖြစ်ဖြင့် ဆိုက်ရောက်သော နိဗ္ဗာန်ဟုခေါ်ဆိုအပ်သော ရုပ်နာမ်တို့၏ အဆုံး ဘင်္ဂကွယ်သို့ အရောက် အလ ဟာ ဟင်းလင်း အဘာကမှ မရှိသော ချုပ်ငြိမ်းဆဲသော နိရောဓသစ္စာဟူ၍၎င်း၊ ပယ်အပ်သော သမုဒယသစ္စာဟူ၍၎င်း၊ ပိုင်းခြား၍သိအပ်သော ဒုက္ခသစ္စာဟူ၍

ရင်း၊ ပွားများအပ်သော မဂ္ဂသစ္စာဟူ၍ရင်း သစ္စာလေးပါးကို တပြိုင်နက် တချက်ထည်း ထိုးထွင်း၍ တကိစ္စတည်း၌ သိဟန်ကို ဒေသနာပရိယာယ်သာန ကထာ နာရမှသာလျှင် သစ္စာလေးချက်ကို တပြိုင်နက် ထင်ရှားလျက် ဒေသနာ အားကိုး သင်္ဂဟအဋ္ဌကထာအကျိုးကို ဆောင်၍ပြလိုက်ရသော်–

> ဒုက္ခသစ္စံ ပရိဇာနန္တော သမုဒယသစ္စံ ပဇဟန္တော နိရောဓသစ္စံ သစ္ဆိ ကရောန္တော မဂ္ဂသစ္စံ ဘာဝနာဝသေန အပ္ပနာဝီထိံ ဩတရတိ။

ဟု လောကုတ္တရာ အပ္ပနာဆိုက်ကြောင်း အနက်ဖြင့် သမ္ဗန်လိုက်ရာဝယ်—

ဒုက္ခသစ္စံ၊ ကို။ ပရိဇာနန္တော၊ ပိုင်းခြား၍သိခြင်း။ သမုဒယသစ္စံ၊ကို။ ပဇ ဟန္တော၊ ခြင်း။ နိရောဓသစ္စံ၊ ကို။ သစ္ဆိကရောန္တော၊ ခြင်း။ မဂ္ဂသစ္စံ၊ ကို။ ဘာဝနာဝသေန၊ ဖြင့်။ အပ္ပနာဝီထိံ၊ သို့။ ဩတရတိ၊ သက်၏။

ဤကဲ့သို့ သစ္စာလေးချက် တပြိုင်နက်ကို အပုဗ္ဗအစရိမ မရှေးမနှောင်း ပါကုန်မူ၍ ထိုးထွင်း၍ သိလိုက်ပုံကို အတ္တဘာဝ အာဝီဘာဝနာကာရနည်းဖြင့် နောက်ကပြခဲ့သော ဓာတ်သုံးပါးဖြင့် ဆောင်တော်မူလျက် ဆိုက်ရောက်လေ တော့၏။

ထိုကဲ့သို့ ရောက်သောသူများသည် ဆရာနှင့်ကင်းပါက အလွန်ခဲယဉ်းလေစွ၊ ဤကဲ့သို့ သပ္ပုရိသ ဆရာများ ႔ည် အလွန့်အလွန် နက်နဲလှစွာသော ပတ္တမြား တံတင်းဖြင့် ဘွင့်ထုတ်လိုရသော် မည်သူတဦးတယောက်မျှ မတတ်နိုင် ချေရကား အရိယာတို့၏ ပညာဉာဏ်တည်းဟူသော သော့ တံကျဉ်ဖြင့် ဖွင့်မှ သာလျှင် ပွင့်ရဘိသကဲ့သို့ ခရီးညွန်ကင်းသော သူကန်းသည် လမ်းမှန်ကို သွားခြင်းငှါ ထောက်တည်ရာ မရနိုင်ဘိသကဲ့သို့ ဥပမာဆောင်၍ နိရုတ္တိဒေသနာ တော်ထုတ်၍ ပြရမည်မှာ—

> သာသနဿဝရော ဇိနဿမတာ၊ အန္ဓော ဒေသက ဝိကလော။

ဟု ကစ္စာယန နိဒါန ကိတကဏ္ဍ၌ လာသည်ကို ဆောင်၍ ပြလိုသော် အတ္ထဖြင့် ယောဇနာလို၍ –

ဇိနဿ၊ မြတ်စွာဘုရား၏။ သာသနဿဝရော၊ သာသနာတော်ကြီးကို ကောင်းစွာ ဆောင်နိုင်ကုန်သော။မတာ၊ ပညာရှင်တို့သည်။ ဒေသကဝိကလော၊

ခရီးညွန်ကင်းသော။ အဒ္ဓွာ၊ သူကန်းသည်။ နဋ္ဌာနိ ယထာ၊ ပျောက်ပျက်သကဲ့သို့။

ဤကဲ့သို့ ဤအရာ ဤကာလဝယ် မဂ်စိတ္တက္ခဏာ၌ ဘွင့်ထုတ်၍ သစ္စာလေးပါးကို တချက်တည်း တပြိုင်နက် တကိစ္စတည်းကို ပြဆိုအပ်သော ဆရာသည်ကား အလွန်နဲပါးလှသည်ဖြစ်၍ လိုလားအားထုတ်အပ်သော ယောဂီအပေါင်းတို့အား ခရီးညွှန်ကင်းသော သူကန်းသည် လမ်းခရီးပျောက်သကဲ့သို့ သာသနာတော်ကြီးဝယ် အဓိဂမရှေ့သွား ဘွင့်ထုတ်၍ ပြဆိုအပ်သော အရိယာပုဂ္ဂိုလ်များသည်ကား ရှိပင်ရှိငြားပါသော်လည်း အကယ်၍ကား ရှိတော်မူပါက မဂ်ကိစ္စကို သစ္စာလေးချက်နှင့်တကွ အကယ်၍ ဆုံးဖြတ်၍ ပြပါက အလွန့်အလွန် ကျေးဇူးရှာသောင် ဂုဏ်ပေါင်းကို ဆောင်လျက် ကျင့်ကြံကြိုးကုတ်အားထုတ်ကြကုန်သော ယောဂီအပေါင်းများသည် ရှေးပုညိဒ္ဓိ ပါရမီဉာဏ်အရှိန်ဖြင့် ပါလာခဲ့သော အပ္ပနာနှင့်တကွ ဝိပဿနာ၏ အထွတ်အထိပ်သို့ ရောက်လေရအောင် ဆောင်တော်မူခဲ့သူများကို သင်္ဂဟအဋ္ဌကထာ ကမ္မဋ္ဌာန အခန်း၌ ပြဆိုရမည်မှာ—

ယာ သိခါပတ္တာ သာ သာနုလောမာ သင်္ခါရုပေက္ခာ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိ စ ပဝုစ္စတိ။

ဟုလာ၏၊ ယောဇနာ အံ့သောငှါကား—

ယာ၊ အကြင်သင်္ခါရုပေက္ခာဉာဏ်သည်။ သိခါပတ္တာ၊ ဝိပဿနာ၏ အထွတ်အထိပ်သို့ရောက်၏။သာ သာနုလောမာ၊ ထိုအထွဋ်အထိပ်သို့ရောက်သော သစ္စာနုလောမဉာဏ်ကို။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိ စ၊ ဟူ၍ရင်း။ ဝါ- အပါယ်မှ လွတ်သော ဉာဏ်ဟူ၍ရင်း။ ဝါ-မဂ်ဉာဏ်သို့ ရောက်ကြောင်းဉာဏ်ဟူ၍ရင်း။ ပဝုစ္စတိ၊ အပြားဖြင့် မိန့်အပ်၏။

အဲ ဤကဲ့သို့ ဒေသနာလာသည်နှင့်အညီ ပရိယတ် ပဋိပတ် နှစ်ရပ်ဖြတ်၍ အားထုတ်အပ်သော ယောဂီသည် သင်္ခါရဇာတ်သိမ်း၍ အငြိမ်းကြီးငြိမ်းအပ်သော နိရောဓသစ္စာ နိဗ္ဗာန်ရွှေဘုံတော်ကြီးသို့ မျက်မှောက်ပြု၍ ရောက်ကြသည်ကို သိစေနိုင်လင့်တော့လော။

ဤကား ဒုတိယကဏ္ဍ၌ အကျယ်အားဖြင့် ဝေဘန်အပ်ခဲ့ရာဝယ်--

၁ သစ္စာလေးပါး ကဏ္ဍတရပ်၊

၂ မဂ်တရား ကဏ္ဍတရပ်၊

၃ ဖိုလ်တရား ကဏ္ဍတရပ်၊

၄ နိဗ္ဗာန်တရား ကဏ္ဍတရပ်၊

ဤသို့ ကဏ္ဍကြီး ၄-ရပ်ဖြင့် အကျယ် ဝေဘန်ခဲ့သည်ရှိသော် သစ္စကဏ္ဍကို ဝေဘန်မှု အသာထားခဲ့၍ ဤနေရာ၌ မဂ္ဂကဏ္ဍကို ပဋ္ဌညာကာရက အစပြု၍ ဝေဘန်အပ်ခဲ့သော ကဏ္ဍတရပ်တော်ကြီးပင်တည်း။

ဤဓမ္မသတ်တော်သည်ကား ၁၃၂၉-ခု ဝါခေါင်လဆုတ် ၁၄-ရက် တနင်္ဂနွေ နေ့ နံနက် ၈-နာရီအချိန် မင်္ဂလာအပေါင်း ခညောင်းလျက် အနာဂတ်ကာလ အားထုတ်ပြီး အားထုတ်ဆဲ အားထုတ်လတံ့သော ယောဂီသူမွန်တို့၏ အားထား ကြည့်ရှုဘွယ်ရာ မဂ်ဓမ္မသတ် ဖြတ်ထုံးတရပ် အပြီးသတ်လိုက်ရပေတော့ သတည်း။

မဂ္ဂကဏ္ဍ ပြီး၏

# ဖိုလ်ကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဤဖိုလ်ကထာ အရာ၌ ပြအပ်ရာဝယ်—

သို့ပါသောကြောင့် ဤကဲ့သို့ နက်နဲလှစွာ ပြအပ်ခဲ့ပြီးသော မဂ်အရာတော်သည်ကား အလွန့်အလွန် ကျယ်ဝန်းလှပါ၍ ဘဝ ရာ ထောင်က အစပြု၍ ယခုရောက်ဆဲဖြစ်သော ပစ္စက္ခ ဘဝသို့တိုင်အောင် စိတ္တဝိသုဒ္ဓိ သီလဝိသုဒ္ဓိ ဒိဋ္ဌိဝိသုဒ္ဓိ ကင်္ခါဝိတရဏဝိသုဒ္ဓိ အစရှိသော ပရိညာကထာ၌ ဒုတိယတဖန် ထပ်မံ၍ ပြရမည်မှာ—

ဝိပဿနာဉာဏ်ရှင် လောင်းလျာ သူတော်စင်တို့သည် ဓမ္မပရိယာယ် အသွယ်သွယ်သော ကျမ်းအမျိုးမျိုးတို့ဖြင့် ဖေါ်ထုတ်ထည့်သွင်း၍ ကျင့်ကြံကြိုးကုတ်ဟောပုံ ပြောပုံ သုတာန္တ သုဒေသိတ သုတမယဉာဏ်ထား၍ စိန္တာမယဉာဏ်သို့တိုင်အောင် ရှက်ဆောင်ပင် ရှက်ဆောင်ငြားပါသော်လည်း ပါရမီအစဉ်နှင့်လာခဲ့သော မဟာကုသိုလ် ဉာဏသမ္ပယုတ် သတ္တမဇောရှင်တို့သည် ပဌမဇောစေတနာနှင့် အနန္တရပစ္စည်း အစရှိသော ခြောက်ပစ္စယသတ္တိဖြင့် ကျေးဇူးမပြုပါက ရှစ်ပါးသော ကာမာဝစရဇောတို့တွင် တပါးပါးသော ကာမာဝစရဂေါတြဘုသို့တိုင်အောင် မရောက်ပါမူ၍ အပ္ပနာသို့ မသက်ခဲ့ပေ၊ ထိုအပ္ပနာသို့ မသက်ခဲ့လေသောကြောင့် ဝိပဿနာဉာဏ် ဆယ်တန်တို့တွင် ကိုးတန်သော သင်္ခါရုပေက္ခာဉာဏ်မျှသာ ရောက်ပါမူကား မဂ်၏အနီးဖြင့် ကပ်လျက်ရှိသော အနုလောမဉာဏ်သို့ မသက်နိုင်ခဲ့ပေ၊ အနုလောမဉာဏ်ဆိုသည်ကား အပ္ပနာနှင့်စပ်မှသာ အပ္ပနာအားဟုန်ဖြင့် သက်နိုင်ပေ၏၊ ထိုအပ္ပနာအားဟုန်သည် ပညာလွန်သော ပရိယတ်အယူဖြင့်သာ တည်လျက် လက္ခဏာရေး သုံးပါးနှင့်တကွ သင်္ခါရနယ်သို့သာ လှည့်လည်လျက် ရုပ်ဟူ၍ငြင်း၊ နာမ်ဟူ၍ငြင်း၊ဓာတ်ဟူ၍ငြင်း၊ သစ္စာဟူ၍ငြင်း အမျိုးမျိုးသော ဟောပုံနည်း ပြောပုံနည်းနှင့်သာ အချိန်ကုန်လျက် ကျမ်းကိုး၍ပြကြသည်မှာ မှန်ပေ၏၊ ကျမ်းဂန်မှာလည်း ထင်ရှားရှိ၏။ ၎င်းကျမ်းအရ ဒဋ္ဌိဟာရဏပုဒ် ထုတ်ရသည်မှာ—

တိဏ္ဏံ သံယောဇနာနံ ပဟာနာယ ဝါယာမော အဝိနိပါတဓမ္မော နိယ တဂတိကော သောတာပန္နောနာမာ တိ ဝုစ္စတိ။

**အနက်ကား** တိဏ္ဏံ၊ သုံးပါးကုန်သော။ သံယောဇနာနံ၊ သံယောဇဉ်တို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှါ။ ဝါယာမော၊ အားထုတ်သောပုဂ္ဂိုလ်ကို။ အဝိနိပါတ ဓမ္မော၊ အပါယ်မကျသောသဘောရှိသော။ နိယတဂတိကော၊ မြဲသောဂတိရှိသော။ သောတာပန္နောနာမာတိ၊ သောတာပန်မည်၏ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤဒေသနာအရာဝယ် မှန်ပေစွ၊ သို့သော် ထိုမျှနှင့် အချိန်ကုန်၍သာ နေတတ်ကြပေ၏၊ ဆရာကောင်း မရှာကြတော့ပေ၊ ဤမျှနှင့်သာ တင်းတိမ်၍ နေတတ်ကြ၏၊ မိမိကိုယ်ကို မိမိပင် ဆရာဟူ၍သာ အထင်ရောက်တတ်ကြ၏၊ သို့သော် မရောက်ကြသင့်ပေ၊ မည်သည့်ပုဂ္ဂိုလ်ကိုမှ အလျှော့မပေးတတ်ကြချေ၊ တလုံးပို နှင့်လုံးပိုနှင့်သာ ပြောတတ်ကြ၏၊ ထိုပုဂ္ဂိုလ်များသည် မိမိမှာဖြင့် ပယ်စဉ်က ဘာမျှမရှိကြသေး၊ ဤကဲ့သို့ ဆင်ခြေဖြင့်များသူ လေကန်နေသူ ပေါတတ်လှ၏၊ ထိုသူများနှင့် တွေ့ပါက အရိယဓမ္မနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များသည် ရှောင်ကွင်း၍သာ ဆိတ်ဆိတ် နေလေ့ရှိ၏။

ယခု သာသနာတော်ကြီး၌ ဗုဒ္ဓုပ္ပါဒ နဝမခေတ်နှင့် ကြုံခိုက်တွင် အရိယာ များ ပေါများကြပေ၏၊ ဉာဏ်အမြင် ထက်သန်သော ပါရမီရှင်များသည် ထိုအရိယာပုဂ္ဂိုလ်များနှင့် တွေ့ဘူးကြလှ၏၊ ထိုအရိယာပုဂ္ဂိုလ်များနှင့် တွေ့ကြ သော သူများသည် ရဟန်း ရှင် လူ ခပ်သိမ်းသူ အပေါင်းတို့အား အရိယာဘုံသို့ ရောက်သူများကြ၏၊ မှန်ပေစွ။

ထိုအရိယာရှင်များကလည်း ငါသည် အရိယာဟူ၍လည်း အဘယ်အခါမှ မပြောခဲ့ကြပေ၊ ဝန်လည်းမခံကြ၊ ဝန်ခံပုဂ္ဂိုလ်များကိုလည်း ရှာဘူးသူ ရှိကြ၏၊ ဝန်ခံပုဂ္ဂိုလ်များလည်း ရှိကြ၏၊ ဝန်ခံထိုက်သောသူကိုသာ ဝန်ခံပေမည် ဟူလို။

သို့ပါသောကြောင့် ဝန်ခံပုဂ္ဂိုလ်ကို ရှာလေသော် နောက် ၁၉၅၆ ခု- မတ်လ ၂၉-ရက် နေ့ည ၈-နာရီအချိန် ဖ-ဆ-ပ-လ-ခေတ် အတွင်းဝယ် သာသနာ့ ညွှန် ကြားရေးဝန် ဗန္ဓုလ ဦးစိန်က ဘွင့်ထုတ်၍ ကျေညာခဲ့သည်မှာ—

သာသနာတွင်း၌ ရှိကြကုန်သော သံဃာတော် အရှင်မြတ်များ ဘုရား၊ ဘုရားတပည့်တော်တို့သည် ကမ္ဘာအေးကုန်းမြေ၌ မဟာပါသာဏလိုဏ်ဂူ ဆင့်မှုဖြင့် သင်္ဂါယနာတင်ခဲ့လေရာ ၁၉၅၆-ခုနှစ် မတ်လ ၂၉-ရက်နေ့တွင် သင်္ဂါယနာတင် ပွဲတော်ကြီး ပြီးမြောက်၍ သွားပါပြီ အရှင်ဘုရားတို့၊ သို့ပါမူ၍ ဘုရားတပည့်တော်တို့ ဒါယကာ ဒါယိကာမများ၏ သာသနာ့ကြေးကဖြင့် ဆပ်၍ကျေပါပြီဘုရား၊ (ဒါယကာ ဒါယိကာမများ၏ သာသနာ့ ကြွေးကျေပြီတဲ့) သံဃာတော် အရှင်မြတ်တို့၏ သာသနာဝင့်ကြွေးကတော့ မကျေသေးပါဘုရား—

ဟု တိုင်းပြည်ကို ကျေညာခဲ့လေရာ ထိုစဉ်အခါက ယခု သံသာရမဂ္ဂပါရဂူ စာတမ်း ရေးသားသော ဆရာတော်သည် ဗန္ဓုလဦးစိန် ကျေညာသော အသံကို ကျောင်းအနီးရှိ ရေဒီယိုဓာတ်ခွက်မှ နားဆတ်ဆတ်ဖြင့် ကြားသိလိုက်ရပေ၏၊ ထိုကဲ့သို့ ကျေညာသော အသံသည်ကား အဓိကထား၍ ကျေညာလိုက်သည်မှာ -

သံဃာတော်အရှင်မြတ်တို့ဘုရား ပေါက္ကံပြည် ခေတ်အခါတုံးကဝယ် အရှင်အရဟံ ရဟန္တာပုဂ္ဂိုလ်သည် သာသနာ့ကြွေး ဆပ်ခဲ့ပါ၍ သာသနာ့ကြွေး ကျေသည်များကိုတော့ သုတအနေအားဖြင့် ဘုရားတပည့်တော်တို့ သိခဲ့ရပါပြီဘုရား၊ ယခုအခါဝယ် လက်ရှိသံဃာတော်များ၏ သာသနာ့ဝင့်ကြွေးသည်ကား မကျေသေးပါဘုရား -

ဟု လျှောက်ထားခဲ့လေရာ အဘယ့်ကြောင့်နည်းဟု မေးဘွယ်ရာရှိ၏၊ ဗန္ဓုလဦးစိန်၏ လျှောက်ထားသည့် အချက်ကား ဝန်ခံပုဂ္ဂိုလ်မပေါ်သေးဟု ကျေညာခဲ့လေ၏၊ ထိုကျေညာစဉ်အခါက ယခု သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားသော ဆရာတော်သည် ဗန္ဓုလဦးစိန် ကျေညာသော အခါ၌ပင် ယခုစာတမ်းဖြင့် ရေးသည့်အချိန်အထိ ဝန်ခံမည် ဟူသောစိတ်ဖြင့် အမြဲတမ်း ရှိခဲ့ပေ၏၊ သို့သော် အကြောင်းဖြင့် မတိုက်ဆိုင်ခဲ့ပေ၊ ဝန်ခံလိုသောစိတ်ဖြင့်သာ အချိန်ကုန်ခဲ့ရပေ၏။

အဘယ့်ကြောင့် ဝန်ခံလိုပါသနည်းဟု မေးဘွယ်ရာရှိ၏၊ ဤကဲ့သို့ အံ့ဘွယ်ရှစ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ သာသနာတော်ကြီးငယ် ထိုကဲ့သို့သော ဝန်ခံပုဂ္ဂိုလ်မရှိရကား ဗန္ဓုလဦးစိန်နှင့်တကွ အားလုံးသော ကမ္ဘာသူ ကမ္ဘာသားတို့သည် ဗုဒ္ဓဘာသာ သာသနာတော်ကြီးကို အထင်သေးကြမှာ မလွဲသာတည်း။

ဤကဲ့သို့သော သာသနာ့ညွှန်ကြားရေးဝန် ဗန္ဓုလဦးစိန်၏ ကျေညာရာတွင် အလွန့်အလွန် အဘိုးတန်လှသော ကျေညာချက်ဟူ၍သာ ယခုစာရေးသော ဆရာတော်သည် သာသနာ၏ မင်္ဂလာစကားဟူ၍ ယခုအချိန်အထိ အနုမောဒနာပြုဆဲ ဖြစ်ပေ၏။

ဤကဲ့သို့ ဝန်ခံပုဂ္ဂိုလ်၏ ဝန်ခံလိုသောစိတ် ဖြစ်ခဲ့သည်မှာ အကြောင်းတရပ်ဖြင့် ပြအပ်ပေ၏၊ သာသနာ့အပြင်ငယ် မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားများကို တောင်းမြဲတံထွာ ဓမ္မတာဖြစ်ခဲ့သော်သည်း ရောက်သည် ရသည်ဟူ၍ မည်သူမှ မရှိခဲ့ပေ၊ ဗန္ဓုလဦးစိန်၏ ကျေညာချက်ကား မှန်၏။

သို့ပါ၍ သာသနာတော်၌ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရသောသူ ပျောက်ကွယ်၍ သွားမည်ကို အလွန်အရေးကြီးပါ၍ ယခု သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားသော ဆရာတော်သည်ကား ဝန်ခံလိုသောစိတ် အမြဲတမ်းရှိခဲ့ပေရာ၊ သို့သော် ဝန်ခံရမည့်ပုဂ္ဂိုလ်နှင့် မကိုက်ညီသောသူများကို ဝန်ခံရမည်မှာကား ခဲယဉ်းလှပေစွ၊ ဝန်ခံပုဂ္ဂိုလ်နှင့် ကိုက်ညီသောအင်္ဂါနှင့် ပြည့်စုံမှသာလျှင် ဝန်ခံရမည်မှာကား ဘုရားအလိုတော်ကျ ဖြစ်ပေ၏၊ ဘုရားအလိုတော် မကျသော ပုဂ္ဂိုလ်များကို အဘယ်အခါမှ ဝန်ခံမည်မဟုတ်၊ ဝန်ခံရမည်မှာလည်း ရှင်တော်မြတ်ဘုရား ဝိညာဉ်တော်တည်စဉ်အခါကပင် ခွင့်ပြုခဲ့ဘူးပေ၏၊ ပုဂ္ဂိုလ်မြင်သမျှကိုလည်း ဝန်ခံပါဟု မြွက်တော်မမူခဲ့ပေ။

ဘုရားရှင် မြွက်တော်မူခဲ့သော ဝန်ခံရမည့်ပုဂ္ဂိုလ်၏ ဒင်္ဂုဏ်ပုဒ် ထုတ်၍ပြရမည်မှာ –

ကေသော ဉာဏသာ စတုက္ကိစ္စသာဓနံ ပဒီပါဒီနံ ဝဋ္ဋဒါဟာဒိစတုကိစ္စ-ဒဿနတော ယော ဘိက္ခဝေ ဒုက္ခံ ပဿတိတျာဒိအာဂမတော စ သမ္ပဋိစ္ဆိတဗ္ဗံ။

ဟု ဝန်ခံပုဒ်အရ ဝိဘာဝနီ၌ ယောဇနာအပ်ခဲ့သည်မှာ–

အနက်ကား ဧကံသေဝ၊ တပါးသာလျှင်ဖြစ်သော။ ဉာဏသာ၊ သစ္စာလေးချက် အနက်ထွက်သောဉာဏ်အား။ စတုကိစ္စသာဓနံ၊ လေးပါးသော ကိစ္စကိုပြီးစေတတ်သော။ ပဒီပါဒီနံ၊ ဆီမီးအစရှိသည်တို့ကို။ ဝဋ္ဋိဒါဟာဒိစတုကိစ္စ-ဒဿနတော၊ လောင်ကျွမ်းခြင်း အစရှိသော လေးပါးသော ကိစ္စကို ပြီးစေတတ်သည်၏ အဖြစ်ကြောင့်။ ဘိက္ခဝေ၊ ရဟန်းတို့။ ယော ဘိက္ခု၊ အကြင်ရဟန်းသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာကို။ ပဿတိ၊ မြင်၏။ ဣတိ အာဒိ အာဂမတော စ၊ ဤသို့စသည်ဖြင့် လာသောကြောင့်လည်း။ တဿ၊ ထိုပုဂ္ဂိုလ်အား။ သမ္ပဋိစ္ဆိတဗ္ဗံ၊ ဝန်ခံအပ်၏။ ဝါ-ဝန်ခံပါမည် ဟူလို။

ဤကား နေယျတ္ထပုဂ္ဂိုလ်နှင့် နီတတ္ထပုဂ္ဂိုလ်ဟူ၍ အဝယဝတ္ထဖြင့် သမ္ဗန္ဓတ္ထအရာဝယ် ဖွင့်ပြအပ်သောနည်းတည်း။ ဤကဲ့သို့သော အင်္ဂါနှင့် ကိုက်ညီသော ပုဂ္ဂိုလ်မှသာလျှင် ဘုရားရှင်၏ အလိုတော်ကျ ဝန်ခံရမည်မှာ မလွဲပေ။

ယခုစာရေးသော ဆရာတော်သည်ကား ဝန်ခံလိုသောစိတ်လည်း ရှိခဲ့ပေ၏၊ တနေ့သောကာလဝယ် ဝန်လည်းခံပေလိမ့်မည်၊ ထိုစာရေးသော ပုဂ္ဂိုလ်သည် ယခုလဲ ဝန်မခံသေးပေ၊ နောက်ကလည်း ဝန်မခံခဲ့ပါ၊ ရှေ့ကိုလည်း ဝန်ခံမည် မဟုတ်ပါ၊ ဝန်ခံဆိုက်သောပုဂ္ဂိုလ်နှင့် တွေ့ပါက ဝန်ခံလိမ့်မည်ဟူ၍သာ ဒါယကာကြီး ဦးစိန်ရေ ခေတ္တရာမြို့သစ် စုက္ခရုတောင် အောင်ဗောဓိရိပ်သာမှာတဲ့ ဟူ၍ အကြောင်းပြုကာဖြင့် ဝန်ခံလိမ့်လတ္တံ့။

ယခု ဤသံသာရမဂ္ဂပါရဂူစာတမ်းကို ရေး၍ ပြီးသည့်အထိ ယောဂီအပေါင်းတို့ ဖတ်ရှု၍ ပြီးသည့်တိုင်အောင် ကာလအတွင်းဝယ် ဝန်မခံခဲ့သေးပေ၊ သို့သော် သိသူတွေလဲ သိကြပါပြီ၊ မြင်သူတွေလဲ မြင်ကြပါပြီ၊ တွေ့သူတွေလဲ တွေ့ကြပါပြီ၊ ရောက်သူတွေလဲ ရောက်ကြပ်ပြီ၊ ရကြသူတွေလဲ ရကြပါပြီ ဟူ၏။

ဤနေရာက ဝန်ခံရမည့်ပုဂ္ဂိုလ်ကို အမြဲတမ်း မြှော်လျက် ယခု စာရေးသော ဆရာတော်သည် မပြတ်မြှော်လင့်ဆဲ ဟူလို၊ သာသနာတော်၏ မျက်နှာတော်ကို အမြဲမပြတ်ငဲ့လျက် ဆန့်ကျင်ဘက် မဖြစ်ရလေအောင် စတုပါရိသုဒ္ဓိသီလဖြင့်

သိမ်းဆည်းလျက် ဣန္ဒြေတော်ဖြင့် စောင့်စည်းပါ၍ ယောနိသောမနသိကာရ အလိုက် ယခု သံသာရမဂ္ဂပါရဂူဇာတမ်းဖြင့် ဖတ်ရှုကြသော စာဖတ်ပရိသတ်တို့၏ ရှေ့မှောက်ဝယ် တုဏှီဘာဝဖြင့် လောကာဒ္ဓ ပဏ္ဏတ္တိဒ္ဓ ရုပ်ဇီဝိတိန္ဒြေ နာမ်ဇီဝိတိန္ဒြေ မဆိတ်သုံးသမျှ တည်ဆဲကာလ၌ပင်လျှင် သင်္ခါရနယ်အတွင်းဝယ် သိက္ခာသုံးရပ်ဖြင့် စောင့်စည်းလျက် တည်ရှာတော်မူကြောင်း။

သို့ပါသောကြောင့် အားလုံးသော ယောဂီအပေါင်း သူတော်ကောင်းတို့သည် ဤနေရာ၌ကား စေ့ငုအောင် စဉ်းစားပါက သင်တို့၏ ပါရမီဆုတောင်း မပျက်ခဲ့သည့် အကြောင်းများနှင့် စပ်လျဉ်း၍ သဗ္ဗသင်္ခါရနိမိတ်ကို သိမ်းဆည်းသည်အထိ ရုပ် နာမ် သင်္ခါရနှင့်တကွ မိမိ၏ သင်္ခါရနိမိတ်စဉ်ကို ဟဒယဝတ္ထုရုပ်ဖြင့် အမှီပြုလျက်–

သောတာပတ္တိမဂ္ဂံ ဟဒယံ နိဿာယေဝ ပဝတ္တန္တိ။

ဟု ဝိဘာဝနီဋီကာ အလိုတော်နှင့် ကိုက်ညီ၍ ရုပ်တရား နာမ်တရားတို့ ဖြစ်ခြင်း ပျက်ခြင်း တည်းဟူသော အဖြစ်အပျက်ကို ရှုလျက် ဆင်ခြင်ဆဲ၌ပင်လျှင် ယောနိသော မနသိကာရအရ မဇ္ဈိမပဋိပဒါ ခဏအရ ခြိုက်ခနဲအနေ အနုလောမ ဉာဏ်အလွန်တွင် ဂေါတြဘုစိတ္တက္ခဏ အဖြတ်လိုက် နောက် ဥပါဒ်အခိုက်တွင် သစ္စာလေးပါးကို တပြိုင်နက် ထိုးထွင်း၍ အသိလိုက် ခန္ဓာကြီးအပြတ် အလဟာ အခိုက်၌ နိရောဓသစ္စာဆိုက်လိုက်ပုံကို သစ္ဆိကာတဗ္ဗဂုဏ်ဖြင့် ဆောင်လျက် အရိယာ နယ်မြေသို့ သောတာပန် ဖြစ်လိုက်ပုံကို တတြာယမာဒိ–တတြအယံအာဒိ အစရှိသည်ဖြင့် ကစ္စာယနပုဒ်အလာ ပဉ္စမ သောတာပတ္တိမဂ်အရာဝယ် "သောတံ အာဒိတော ပဇ္ဇိံသု ပါပုဏိံသုတိ သောတာပန္နော"ဟူ၍ အဘိဓမ္မာအဋ္ဌကထာ၌ ဝိဂ္ဂြိုဟ် ဝစနမှုသည်ကို ထောက်ပါသဖြင့် သံသရာတည်းဟူသော အလျဉ်သို့ ဆန်တက်လျက် အစစ္စာ ရောက်သည့်ကိုပင်လျှင် သောတာပန်မည်ကြောင်း။

အာဒိတော၊ အစစ္စာ။ သောတံ၊ သံသရာတည်းဟူသော အလျဉ်သို့။ ပဇ္ဇိံသု ပါပုဏိံသု၊ ရောက်ကြကုန်ပြီ။ ဣတိ၊ ထို့ကြောင့်။ သောတာပန္နော၊ မည်၏ ဟူငြားအံ့။ ဤနေရာ၌ပင်လျှင် ယောဂီအပေါင်းတို့ မိမိ၏ ခန္ဓာကိုယ်ကြီးကို မဂ်ကဖြတ်လိုက်လို့ ပြတ်ရလေခြင်းကြောင့် ပုထုဇဉ်နှင့် အရိယာတို့၏

အကြား အပြတ်ဖြတ်၍ ဖြတ်အပ်သော အပြတ်ကား သစ္စာလေးပါး ဖြတ်၍ ပြတ်ပေစွ၊ သို့ပါ၍ ထိုသစ္စာလေးပါးကိုပင်လျှင် မဂ်တရားဟူ၍ မှတ်ကြဘွယ် ရာ၏၊ ဤကား သစ္စာလေးပါးကိုပင်လျှင် မဂ်တရားဟူ၍ အမည်တွင်ခဲ့ပေ၏။ သို့ရာငယ် မြတ်စွာဘုရား ကိုယ်တော်တိုင်သည်ပင်လျှင် မဟာဗောဓိမဏ္ဍိုင်မှ ရခဲ့သောတရားကား ဤသစ္စာလေးပါးသာတည်း။

သဗ္ဗညုတဉာဏ်တည်းဟူသော ရွှေဉာဏ်တော်သည် အလွန်ထက်မြက်လှလေ သောကြောင့် ထား သန်လျက်နှင့် ခိုင်းနှိုင်းကြရာဝယ် အရဟတ္တမဂ်ဟု ဆိုအပ် သော သစ္စာလေးပါးသာတည်း၊ လိုရင်းမှာကား ဤသစ္စာလေးပါးပင် ဟူ၏။ သစ္စာလေးပါးကား နှစ်မျိုးမရှိ တမျိုးတည်းသာတည်း၊ရှင်တော်မြတ်၏ သစ္စာ လေးပါးဟူသည်ကား ပရိယတ်အနေဖြင့် မဆုံးနိုင် မဆနိုင်အောင် ချီးကျူးကြ ရာဝယ် အရဟတ္တမဂ် ထားသန်လျက်ဖြင့် ပယ်ဖြတ်ခုတ်ထွင် သုတ်သင်ရှင်းလင်း တော်မူပါက ဤသစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူသော ဉာဏ်သည်ကား သဗ္ဗညုတဉာဏ်ဟူ၍ ချီးမွမ်းအံ့သြ မဆုံးနိုင်သည်ကား တည်တော်မူလျက် သဗ္ဗညုတဂုဏ်ဖြင့် ပြောင်မြောက်တော်မူနိုင်စွတကား။

ဤသည်ကား သဗ္ဗညုတဉာဏ်တော်ဖြင့် ရတော်မူခဲ့ကြောင်းကို ပညတ်နှင့် ပရမတ်ခွဲကြ၍ ပါရမီဖြင့် အရယူခဲ့သော ဒါန သီလ ဘာဝနာ အဖြာဖြာတို့ သည် ကမ္ဘာရာထောင်မှ ခေါ်ဝေါ်သမုတ်အပ်သော ပညတ်, ထိုပညတ်မှ တင်စား၍ အသီးထုတ်အပ်သော မုချဆတ်ဆတ် ပရမတ် သစ္စာလေးပါး တရားကိုသာလျှင် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် သံသရာမှ ထုတ်ဆောင်ခဲ့ ကြောင်းကို အမှန်အားဖြင့် ယောဂီအပေါင်းတို့အား ပရမတ်အစစ် မာတ် အနှစ် ဖွင့်လှစ်၍ ထုတ်ပြအံ့သောငှါ-

သော ဇဝံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။

အနက်ကား နောက်က ယောဇနာခဲ့လေပြီ။ ဤကဏ္ဍဖြင့် ဝေဘန်အပ်သော အကြောင်းသည်ကား သစ္စာလေးပါးမဂ်၌ အကြောင်းမူ၍ အကျိုးဖြစ်သော ဖိုလ်ကို အာရုံ၌ ဉာဏ်မျက်စေင်းအကြောင်းရိပ်၍ နိဒ္ဒါရဏအနေဖြင့် နှစ်ကြိမ်

မြောက် မဂ်ကဏ္ဍတရပ်ဖြင့်သာ ဉာဏ်နက်နဲ ကျယ်ဝန်းစေခြင်းငှါ ဉာဏ်ကစားရာ ဌာနဟု သမုတ်အပ်သော မဂ်စိတ္တုပ္ပါဒ်အရာဖြင့် ကဏ္ဍတရပ် စခန်းသတ်လိုက်လေရသတည်း။

၁၃၂၉-ခု တော်သလင်းလဆန်း ၁-ရက် တနင်းလာနေ့ မဂ်လာရှိသော ဂ-နာရီဝယ် ဘွင့်ထုတ် ဝေဘန်အပ်သော အခါတော်တည်း။

---

## ဖလကမ္မာကို ပြခြင်း

ဤအရာဝယ် သစ္စာလေးပါး မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားဟု ကဏ္ဍကြီး ၄-ရပ်ဖြင့် ပြခဲ့လေရာ မဂ်အရာ၌ ပဌမကဏ္ဍကို ထား၍ ယခုအခါ၌ ဒုတိယကဏ္ဍ ဖလကမ္မာကို ပြပေအံ့။

ဤဒုတိယကဏ္ဍသည်ကား ဖိုလ်တရားသာတည်း၊ ဖိုလ်တရားတို့မည်သည်မှာ ဖလသမင်္ဂီပုဂ္ဂိုလ်၏ ဖိုလ်လက်၌ရှိသော အရိယာများ၏ ဖိုလ်ဝင်စားခိုက်၌၊ ဝါ-ဖလသမာပတ် ဝင်စားခိုက်၌ နိဗ္ဗာန်ကို အာရုံပြု၍ နေသော အကျိုးတရားတို့သာတည်း။

ထိုဖလသမင်္ဂီပုဂ္ဂိုလ်တို့၏ အာရုံတော်သည်ကား မဂ်တရားကို မရပါဘဲနှင့် ဖလသမာပတ်ကို မဝင်စားနိုင်ချေ၊ ဖလသမာပတ်ကို ဝင်စားနိုင်သော အရိယာများသည် မဂ်ဉာဏ်ကို ရပင်ရငြားပါသော်လည်း မဂ်အရာ၌ သစ္စာလေးပါးတို့ကို တပြိုင်နက် ထိုးထွင်း၍ သိလျက် ပညာပွင့်မှုသာလျှင်၊ ဝါ-ပညိန္ဒြေရင့်မှုသာလျှင်၊ ဝါ-ဝသီဘော် ငါးတန်နှင့် လေ့လာဖန်များပါမှ သို့မှသာလျှင် ဖလသမာပတ်ကို ဝင်စားနိုင်၏၊ ပုထုဇဉ်များသည် ပရိယတ္တိဉာဏ် ဘယ်လိုပင် ကျွမ်းကျင်ငြားပါသော်လည်း ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံမပြုနိုင်ချေ၊ အဘယ့်ကြောင့် ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် နိဗ္ဗာန်ကို အာရုံမပြုနိုင်ပါသနည်းဟု မေးခဲ့ငြားအံ့၊ ထိုအမေးကို ဖြေအံ့သောငှါ မဂ်မရသည်၏ အဖြစ်ကြောင့်တည်းဟု ဖြေလို၍ နိမ္မဒ္ဒသအဋ္ဌကထာရှင်က ဘွင့်ပြတော်မူသည်မှာ-

ကေန သမာပဇ္ဇန္တီတိ သဗ္ဗေပိ ပုထုဇ္ဇနာ န သမာပဇ္ဇန္တိ၊ကသ္မာ အနဓိဂတတ္တာ အရိယာ ပန သဗ္ဗေပိ သမာပဇ္ဇန္တိ။

သုဓမ္မဝတီ (က—၁၀၁) ၂၇

**အနက်ကား** ကေနသမာပဇ္ဇန္တိတိ၊ ဟူသည်ကား။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ န သမာပဇ္ဇန္တိ၊ သမာပတ် မဝင်စားနိုင်ကုန်။ ကသ္မာ၊ အဘယ့်ကြောင့်နည်း။ အနဓိဂတတ္တာ၊ မဂ်မရဘူး သည်၏ အဖြစ်ကြောင့်တည်း။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ အရိယာ ပန၊ အရိယာပုဂ္ဂိုလ်တို့သည်သာ။ သမာပဇ္ဇန္တိ၊ သမာပတ်ဝင်စားနိုင်ကုန်၏။

ဤကဲ့သို့ အရိယာပုဂ္ဂိုလ်များမှသာလျှင် ဖလသမာပတ် ဝင်စားနိုင်ကြောင်း နိဗ္ဗာန်ကို ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် မျက်မှောက်ပြုနိုင်၏ ဟူလို၊ ပုထုဇဉ်ပုဂ္ဂိုလ်များ သည်ကား ဘယ်သောအခါမှ ဖလသမာပတ် မဝင်စားနိုင်ကုန်ချေ၊ နိဗ္ဗ န်ကို အနုမာနဉာဏ်ဖြင့်သာ မှန်းဆ၍ ညွှတ်ကြလေကုန်၏၊ ချမ်းသာလေ့ရှိ၏ ဟူ၍ ၎င်း၊ သခါရဇာတ်သိမ်း၏ ဟူ၍၎င်း၊ ရုပ်နာမ်ဓမ္မ ချုပ်ငြိမ်း၏ ဟူ၍၎င်း၊ ရာဂ အစရှိသော ကိလေသာဆယ်ပါး ကုန်၏ ဟူ၍၎င်း၊ သန္တိသုခဂုဏ်နှင့် ပြည့်စုံ၏ ဟူ၍၎င်း နိရောဓသစ္စာ နိဗ္ဗာန်ဟူ၍၎င်း ဤကဲ့သို့သော အနုမာနဉာဏ်ဖြင့်သာ ပြောဟောခြင်းငှါ မြှော်လင့်လျက် အာရုံပြု၍သာ အချိန်ကုန်ကြရပေတော့၏။

မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရပြီးသော အရိယာပုဂ္ဂိုလ်တို့ မည်သည်မှာ နိဗ္ဗာန် ကို မျက်မှောက်ပြုရာ၌ ဖလသမာပတ် ဝင်စားတိုင်း ဝင်စားတိုင်း သစ္ဆိကာတဗ္ဗ ဂုဏ်ဖြင့် ကိုက်ညီပါ၍ ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် ပြည့်စုံပါလျက်–

> စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ ပုဂ္ဂလဿ တံနိဗ္ဗာနံ ပစ္စက္ခ-
> သိဒ္ဓိတံ ဒဿေတိ။

**အနက်ကား** စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ ဣမိနာ၊ ဟူသောဤပါဌ် ဖြင့်။ ပုဂ္ဂလဿ၊ အရိယာ ပုဂ္ဂိုလ်အား။ တံ နိဗ္ဗာနံ၊ ထိုနိဗ္ဗာန်ကို။ ပစ္စက္ခသိဒ္ဓိတံ၊ မျက်မှောက်ထင်ထင် ရှုမြင်အပ်သည့်အဖြစ်ကို။ ဒဿေတိ၊ ပြတော်မူ၏။

ဤကဲ့သို့ ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် ပြတော်မူခဲ့သည်ကို အရိယာပုဂ္ဂိုလ်များမှ သာလျှင် မုချနည်းဖြင့် မျက်မှောက်ပြုနိုင်ကြောင်း၊ သို့ပါ၍ ပုထုဇဉ်ပုဂ္ဂိုလ်များ နှင့် အရိယာပုဂ္ဂိုလ်များတို့သည် နိဗ္ဗာန်ကို အာရုံပြုရာ၌ ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ ကား အနုမာနဉာဏ်ဖြင့် ပြီး၏၊ ဥပစာနည်းသာတည်း။

အရိယာပုဂ္ဂိုလ်များမှာကား ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် ပြီး၏၊ မှချနည်းသာတည်း၊ လောက၌ ဥပမာဆောင်၍ ဝစနာလင်္ကာရ ရှေးသူမြတ်တို့ ရေးစပ်ခဲ့သည်မှာ—

အပြောအလုပ်- ဟောထုတ်ဓမ္မကွန်၊ ခန္ဓာကိုယ်တွင်း- လိုရင်းအမှန်။
မျက်စိအိမ်ထဲ- ပုစ္ဆဲတောက်လောင်၊ ငါမမြင်ဘဲ- ငါ့ဘဲမြင်ယောင်။
ဟုတ်ဟုတ်ငြားငြား- မြင်ငြားသူယောင်၊ နိဗ္ဗာန်ပွဲ-လွဲမဲ့ ဒီမောင်မောင်။

ဟူ၍ ဤစာတမ်းအရ ကောက်ချက်ကို အမှန်ထုတ်၍ ပြရသော် ပရိယတ္တိ ဓမ္မနှင့် ပဋိပတ္တိဓမ္မပါဘဲ ဟူ၍ ဆိုးဖြစ်ရ၏။

ဤကဲ့သို့ အကြောင်းစုံနိမိတ်ဖြင့် ရှင်းပြခဲ့သည်ကို ထောက်တော်မူကြပါသဖြင့် အရိယာပုဂ္ဂိုလ်တို့၏ ပစ္စက္ခသိဒ္ဓိဉာဏ် အရာသည်ကား ဒဋ္ဌိပုဒ် အမှန်ထုတ်ရသည်မှာ -

တဉ္စ ဉာဏံ န အနုမာနိတံ၊ သံသယာဘာဝတော။

ဟု လာတော်မူ၏။

**အနက်ကား** တဉ္စဉာဏံ၊ ထိုအရိယာဉာဏ်သည်။ န အနုမာနိတံ၊ အနုမာနဉာဏ်မဟုတ်။ ဝါ-ပစ္စက္ခသိဒ္ဓိဉာဏ်တည်း။ သံသယာဘာဝတော၊ ဝိစိကိစ္ဆာတည်းဟူသော သံသယ ယုံမှားခြင်း ကင်းသည်၏ အဖြစ်ကြောင့်တည်း။

သို့ပါ၍ မဂ်ဉာဏ်ကို ရပြီးသော အရိယာပုဂ္ဂိုလ်တို့သည် ဖလသမာပတ်ဝင်စားနိုင်ကြောင်း ဤကဲ့သို့သော ဖလသမာပတ် ဝင်စားရသည်မှာ အကြောင်းအားဖြင့် ထောက်ခဲ့သည်ရှိသော် ထောက်အပ်သော အကြောင်းရှိပေမူ၍ကား အရိယာပုဂ္ဂိုလ်တို့၏ ခန္ဓာ၌ ပယ်အပ်ပြီးသော ကိလေသာတို့၏ တည်ရာမှ အပူကို ငြိမ်းစေလို၍ နှစ်ကြိမ် သုံးကြိမ်သော ဖိုလ်စိတ်တို့၏ နောက်၌ ဥပမာပြရသော် မီးရှိသော နေရာ၌ မီးငြိမ်း၍ ပြီးသည်၏ နောက်အဘို့ကာလဝယ် အေးလှစွာသောရေဖြင့် လောင်းသွင်းမှုသာလျှင် ထိုမီး၏တည်ရာ၌ အပူဓာတ်၏ အေးငြိမ်းဘိသကဲ့သို့ အဘိဓမ္မတ္ထ ဝိဘာဝနိဋီကာ၌ မိန့်မြွက်တော်မူခဲ့သည်မှာ—

ဒွေ့တိဏိ ဖလစိတ္တာနိ ပဝတ္တိတွာတိ မဂ္ဂပ္ပတ္တိယာ အနန္တရုပတော ဒွေ ဝါ တီဏိ ဝါ ဖလစိတ္တာနိ အပနီတဂ္ဂိမှိ ဌာနေ ဥဏှတ္တနိဗ္ဗာပနတ္ထာယ ဿဒ္ဓေဟိ အဘိသိဥ္စမာနမုဒကံ ဝိယ။

ဟု လာတော်မူသည်ကို ထောက်ရသော် ယောဇနာအံ့သောငှါ—

ဒွေတီဏိဖလစိတ္တာနိ ပဝတ္တိတွာတိ၊ ဟူသည်ကား။ မဂ္ဂုပ္ပတ္တိယာ၊ မဂ်ဉာဏ်ကို ဆောင်သော ပဋိဝိဂ္ဂါဟကပုဂ္ဂိုလ်၏ သဘောအားဖြင့်။ အနန္တရုပတော၊ မဂ်အားလျော်စွာ။ ဒွေ ဝါ၊ နှစ်ကြိမ်သော်ရင်း။ တီဏိ ဝါ၊ သုံးကြိမ်သော်ရင်း။ ဖလစိတ္တာနိ၊ ဖိုလ်စိတ်တို့သည်။ အပနီတဂ္ဂိမှိ၊ ငြိမ်းလေပြီးသော မီးရှိသော။ ဌာနေ၊ တည်ရာ၌။ ဉဏှတ္တနိဗ္ဗာပနတ္ထာယ၊ အပူကို ငြိမ်းစေခြင်း အကျိုးငှါ။ ဃဋေဟိ၊ အိုးတို့ဖြင့်။ အတိသိဥ္စမာနံ၊ သွန်းလောင်းအပ်သော။ ဥဒကံ ဝိယ၊ ရေကဲ့သို့သော ဟူ၏။

သို့ပါမူ၍ ဤနေရာ၌ ဋီကာရှင်သည် ငြိမ်းလေပြီးသော မီးရှိသော နေရာကို အေးစေလိုရကား ရေဖြင့် သွန်းလောင်းအပ်သော အိုးဖြင့် ပြရာ ဥပမာကဲ့သို့ အရိယာပုဂ္ဂိုလ်တို့ မည်သည်မှာကား ဖလသမာပတ် ဝင်စားမြဲတံထွာ ဓမ္မတာ လာရှိချေသည်ကို ဘုရား၏ အလိုတော်ဖြင့် သိတော်မူကြကုန်သော ဗုဒ္ဓမတည အရာဖြင့် ခန့်သော အရိယာပုဂ္ဂိုလ်တို့သည် အားထုတ်ခြင်းမှ သိဒ္ဓိဂုဏ်ဖြင့်ဆောင်လျက် ဤဒေသနာအရ ဉာဏ်စူးစိုက်၍ ဆင်ခြင်တော်မူအပ်သော အရာတော်ပေတည်း။

သို့ပါမူ၍ အကြောင်းကိုပြရသော် လောက၌ ပြည့်ရှင်မင်းတို့မည်သည်မှာ မင်း၏စည်းစိမ်ကို ခံစားမြဲတံထွာ ဓမ္မတာအားဖြင့်ရင်း၊ နတ် ဗြဟ္မာအပေါင်းတို့ မည်သည်မှာလည်း နတ်တို့၏စည်းစိမ်ကို ခံစားမြဲတံတွာ ဓမ္မတာဖြစ်ကြပါ၍ လောက ပစ္စက္ခ၌ပင်လျှင် ကိုယ်တွေ့ဒိဋ္ဌ ပညတ်နယ်အနေအားဖြင့် ရှောင်ကွင်း၍ မရနိုင်ခဲ့သော ကိုယ့်အတွေ့ ကိုယ့်အကျိုးများကို ပုထုဇဉ်တို့၏ သဘာဝအလျောက် အားဖြင့်ရင်း၊ အရိယာပုဂ္ဂိုလ်တို့၏ ဓမ္မတာအားဖြင့်ရင်း သို့ပါမူ၍ ရှင်တော်မြတ်ဘုရား၏ အာရုံတော်ဖြင့် ဉာဏ်မူတော်မူခဲ့သည်မှာ ဥပမာဆောင်၍ ပြရမည်ကား—

ယထာဟိ ရာဇာ ရဇ္ဇသုခံ ဒေဝတာ ဒိဗ္ဗသုခံ အနုဘဝန္တိ၊ ဧဝံ အရိယာ အရိယံ လောကုတ္တရသုခံ အနုဘဝိဿာမာတိ အဒ္ဓါနပရိစ္ဆေဒံ ကတွာ ဣစ္ဆိတိစ္ဆိတက္ခဏေ ဖလသမာပတ္တိံ သမာပဇ္ဇန္တိ။

ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

ဟု ဗုဒ္ဓမတညအရာ ဤနေရာမှ ဘွင့်ပြတော်မူသည်မှာ ထောက်ချေရသော် ယောဇနာမည်လို့ရှိ—

ယထာဟိ၊ ဥပမာမည်သည်ကား။ ရာဇာ၊ မင်းအပေါင်းတို့သည်။ ရဇ္ဇသုခံ၊ မင်း၏စည်းစိမ်ချမ်းသာကို။ အနုဘဝန္တိ ယထာ၊ခံစားကုန်ဘိသကဲ့သို့ငင်း။ ဒေဝတာ၊နတ် ပြဟ္မာအပေါင်းတို့သည်။ ဒိဗ္ဗသုခံ၊ နတ်တို့၏စည်းစိမ်ချမ်းသာကို။အနုဘဝန္တိယထာ၊ ခံစားကုန်ဘိသကဲ့သို့ငင်း ။ ဧဝံ တထာ၊ပမာဆိုမူ ထို့အတူ။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ အရိယံ၊ မြူစင်သော။ ဝါ-ကိလေသာတည်းဟူသောအညစ်အကြေးမှ လွတ်သော။ လောကုတ္တရသုခံ၊ လောကုတ္တရာချမ်းသာကို။ အနုဘဝိဿာမ၊ ခံစားကြပေကုန်အံ့။ ဣတိ၊ ဤသို့။ အဒ္ဓါနပရိစ္ဆေဒံ၊ ကာလဖြင့်ပိုင်းခြားခြင်းကို။ ကတွာ၊ ပြု၍။ ဣစ္ဆိတိစ္ဆိတက္ခဏေ၊ အလိုရှိတိုင်း အလိုရှိတိုင်းသောကာလ၌။ ဖလသမာပတ္တိံ၊ ဖလသမာပတ်ကို။ သမာပဇ္ဇန္တိ၊ ဝင်စားကြလေကုန်၏။

အဲ ဤကဲ့သို့ ဒေသနာတော်အရ သမ္ဗန်ခဲ့ရသည်မှာ အရိယာပုဂ္ဂိုလ်တို့၏ အလုပ်သည်ကား မိမိ မိမိတို့၏ ရအပ်သော ဖိုလ်ချမ်းသာကိုသာ ခံစားမြဲတံထွာ ဓမ္မတာဖြစ်ရလေခြင်းကြောင့် ဖလသမာပတ်ကိစ္စမှတပါး အခြားကိစ္စမရှိသည်များကို လောက၌ ဝစနာလင်္ကာရအရာ ပေါရာဏစာဖြင့် စပ်ဆိုခဲ့သည်မှာ—

အရိယာကွဲ့-နေတဲ့သူဟာ၊ ဘယ်လိုပင်များ-နေငြားမူယာ၊<br>
လောဘ ဒေါသ မောဟသုံးဖြာ၊ နေ့စဉ်ဖြတ်- သတ်၍ သူနေရှာ။

(ဤကား အရိယာအရာ)

ပုထုဇဉ်ကွဲ့-နေတဲ့သူဟာ၊ ဘယ်လိုပင်များ-နေငြားမူယာ။<br>
လောဘ ဒေါသ-မောဟသုံးဖြာ၊ နေ့စဉ်ဘဲ-အားခဲ သူနေရှာ။

(ဤကား ပုထုဇဉ်အရာ)

အဲ ဤနေရာ၌ ပုထုဇဉ်တို့နှင့် အရိယာတို့ ခွဲခြား၍ ပြအပ်ရာဝယ် ပုထုဇဉ်တို့မှာကား ရှာသူတို့၏ လိုလားအပ်သော တာဝန်မျိုးတို့နှင့် သာ နေ့ရှည်လများ ကာလအားလျော်စွာ အချိန်ကုန်ကြရမည်မှာ မလွဲသာတည်း။

အရိယာပုဂ္ဂိုလ်တို့ မည်သည်မှာတော့ မိမိ မိမိတို့၏ ရအပ်ခဲ့ပြီးသော မဂ္ဂက္ခဏာ၌ ရာဂအစရှိသော ဆယ်ပါးသော ကိလေသာတို့သည် အကြွင်းမဲ့ ဖြတ်ခဲ့ကုန်ပြီးပါ၍ အဘယ်မှာလျှင် လောဘတည်းဟူသော ငြိတွယ်ခြင်းဖြင့် အတ္တဂါဟဖြင့် အာလယ ရှိနိုင်ပါအံ့နည်း။

မိမိ၏ ခန္ဓာတာဝန်ကို မျှတရုံဖြင့်သာ ထောက်တည်ရာ ရနိုင်လောက်သော ဘဝက ပစ်ချလိုက် ကာမျှဖြင့် ကံအဟုန် မကုန်သေးသမျှ ကာလပတ်လုံး "သဗ္ဗေသတ္တာ အာဟာရဋ္ဌိတိကာ"ဟု သတ္တဝါတို့မည်သည်မှာ အာဟာရစောင့်မှသာလျှင် ရှင်တော်မြတ်ဘုရား၏ အလိုတော်ကျ သာသနာတော်တွင်းဝယ် အရိယာတို့၏ ဓမ္မတာလမ်းစဉ်ကို မကွယ်မထောက် ဖြောင့်ဖြောင့်ကြီး စောင့်ရှောက်သော အနေအားဖြင့် တည်တံ့နိုင်စေလိုရကား လောက၌ ဥပမာ တင်၍ ရှင်းပြရသည်မှာ—

ပြည့်ရှင်မင်းတို့သည် သွားရာလမ်းခရီး ရထားအိုကြီးဖြင့် ဖြန့်ချီခဲ့သော် ထိုရထား၏ မချောင်မကြပ်ရလေအောင် ဆီဖြင့်သွန်းသောင်း၍ ထည့်ဘိသကဲ့သို့ ဤနှင့်ပုံယူ အလားတူ အရိယာတို့၏ ခန္ဓာသည် ကံသစ်မကူ ကံဟောင်းမူက ယထာရဟ သန္တာသဖြင့် ရရသမျှ အာဟာရနှင့်သာ စောင့်စည်းလျက် မိမိအတွက် မငဲ့ပါဘဲ အလောဘစေတနာဖြင့်သာ ဦးစီးလျက် မှီတင်းရသည်ကို သာသနာ့အလိုဖြင့် ပြလို၍ ဝေဒလ္လကဏ္ဍ၌ ပြအပ်ရာဝယ် -

ဇိဏ္ဏရထ မဘေဒါယ၊ ဒါတဗ္ဗံ သေနဟောဒကံ။
စတုစက္က မဘေဒါယ၊ ဘောဇ္ဇံ ဒတွာန ပေါသိတံ။

ဤကဲ့သို့ ဒေသနာအလာ ဝေဘန်ရမည်မှာ -

**အနက်ကား** ဇိဏ္ဏရထံ ဆွေးမြေ့အိုလျက်ရထားပျက်ကြီးကို။ အဘေဒါယ၊ မပြိုမကွဲ မယိုင်လဲစေခြင်းငှါ။ သေနဟောဒကံ၊ မချောင်မကြပ်ဆီရေဖတ်ကို။ ဒါတဗ္ဗံ ယထာ၊ တစက်တလေ အချက်အနေဖြင့် ပေးအပ်ထည့်ရာသကဲ့သို့။ ဧဝမေဝ ဧဝံတထာ၊ ပမာဆိုမူ ထို့အတူသာလျှင်။ စတုစက္ကံ လေးပါးဓာတ်စက်ဆောင် ခန္ဓာကိုယ်ကောင်ကြီးကို။ အဘေဒါယ၊ မယိုင်မလဲမပြိုကွဲစေခြင်းငှါ။

ဘောဇ္ဇံ၊ ယထာရဟသန္တောသနှင့် ရရလေရာ စားအစာကို။ ဒတွာန-ဒတွာဝေ၊ ပေးပြီး၍သာလျှင်။ပေါသိတံ၊ မလှ လှရေး မဝ-ဝရေး ရှာဖွေကာကျွေးမွေးခဲ့ရလေတော့၏။

အဲ ဤကဲ့သို့ ဒေသနာတော်ကို ထောက်ပါသဖြင့် အရိယာပုဂ္ဂိုလ်တို့မည်သည်မှာ တနေ့စာ တထပ်စာ တဝစာ တနေရာစာနှင့် တရားဓမ္မနှင့်သာ အချိန်တွေကုန်ခဲ့၍ လောကဥ္စနေသူ ရှာသူလူများကဲ့သို့ လောဘမဘက် အလောဘနှင့်သာ အချိန်ကုန်ခဲ့၍ ကိုယ်တော်မြတ်သည် သံသရာဥ္စ ကျွတ်လွတ်ခြင်းငှါ လိုလားတော်မူခဲ့သော နမတော် ဇနပဒကလျာဏီကို ပုံထား၍ ရွတ်ဆိုတော်မူခဲ့သော ဥဒါန်းတော်သည်ကား—

ကေစာရံ ကေသေယျံ ကေဘတ္တံ အဿာမိကံ။
အနာလယံ ဌမ်ိတာပ-သဝတ္တံ၊ အဟောသုခံ။

ဟု ဟောတော်မူခဲ့ရာဝယ် ယောဇနာလို၍ -

ကေစာရံ၊တယောက်ထည်းသာ ကျင့်လေ့ရှိပါပေ၏။ကေသေယျံ၊ တယောက်ထည်းသာအိပ်လေ့ရှိပါပေ၏။ ကေဘတ္တံ၊ တထပ်ထည်းသာ စားလေ့ရှိပါပေ၏။ အဿာမိကံ၊ စိုးသူ ပိုင်သူ နိုင်သူလည်း မရှိထသော။ အနာလယံ၊ ယုယုယယ ဘယ်ဟာကလေးတခုမှ မပူရလေသော။ ဌမ်ိတာပသဝတ္တံ၊ ဤရသေ့ ရဟန်းတို့၏ အဝတ်သက်န်းကို။ ဝသိတုံ ဝတ်ရုံ၍နေရပါမူကား။ (ထည့်) အဟောသုခံ၊ ခြေဩ်-ချမ်းသာလှပါပေစွ။

အဲ ဤကဲ့သို့ အရိယာတို့မည်သည်မှာ ဒေသနာအရ အကြောင်းကို ရှာပါက ကေစာစခန်းဖြင့် မြန်းလျက်နှင့်သာ အလောဘဓမ္မသတ် အချိန်ကုန်ဖြတ်ခဲ့ပါက အနုဂါဒိသေသ နိဗ္ဗာနဓာတ်မြတ်ဝယ် အာရုံတော်ဉာဏ်လွှမ်း၍ နိဗ္ဗိန္ဒစခန်းဆိုက်ခတော်မူသည်ကို ပြလို၍ -

ကသ္မာ သမာပဇ္ဇန္တီတိ သန်ါရာနံ ပဝတ္တိဘေဒေ ဥက္ကဏ္ဌိတွာ ဒိဋ္ဌေဝဓမ္မေ အစိတ္တကာ ဟုတွာ နိရောဓံ နိဗ္ဗာနံ ပတွာ သုခံ ဝိဟရိဿာမာတိ သမာပဇ္ဇန္တိ။
ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

ဟု သမာပတ်အရာ၌ နိဒ္ဒေသအဋ္ဌကထာ ပြတော်မူခဲ့သည်မှာ ယောဇနာ မှုလို၍—

ကသ္မာသမာပဇ္ဇန္တီတိ၊ ဟူသည်ကား။ သင်္ခါရာနံ၊ ရုပ်နာမ် သင်္ခါရတရားတို့ကို။ ပဝတ္တိဘေဒေ၊ ဖြစ်ခြင်း ပျက်ခြင်းတည်းဟူသော အာရုံ၌။ ဥက္ကဏ္ဌိတွာ၊ ငြီးငွေ့ဆင်ခြင် မပျော်ရွှင်၍။ ဒိဋ္ဌေဝဓမ္မေ၊ ယခုလောက ပစ္စက္ခ အတ္တဘော၌။ အစိတ္တကာ၊ စိတ်ဖြင့်ကုန်ခန်းသည်။ ဟုတွာ၊ ဖြစ်၍။ နိရောဓံ၊ ကုန်ခန်းသော စိတ်သည်၊ ဝါ-ချုပ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်သို့။ပတွာ၊ ရောက်၍။ သုခံ၊ ချမ်းသာစွာ။ ဝိဟရိဿာမ၊ နေနိုင်ကုန်အံ့။ ဣတိ အယံ၊ ဤသည်ကား။ သမာပဇ္ဇန္တိ၊ သမာပတ် ဝင်စားကြကုန်၏။

အဲ ဤကဲ့သို့ အရိယာပုဂ္ဂိုလ်တို့မည်သည်မှာ ဖလသမာပတ် ဝင်စားမြဲတံထွာ ဓမ္မတာအရာကို ပြအပ်သော နည်းတည်း၊ ဤကဲ့သို့ ဖလသမာပတ် ဝင်စား ပါမှ ရုပ်နာမ်နှစ်ပါး ချုပ်ငြိမ်း၍ နိဗ္ဗာန်သို့ အာရုံပြုခိုက်တွင် လောကုတ္တရာ အပ္ပနာဇော များစွာစောနိုင်ကြောင်း ပြအပ်သော ကဏ္ဍတည်း။

သို့ပါသောကြောင့် လောကုတ္တရာ အပ္ပနာအခိုက်တွင် အရိယာဉာဏ် ချင်းချင်း တူသော ပုဂ္ဂိုလ်များမှသာ သဒ္ဓါထောက်ကူ၍ ယုံကြည်မှု တူကြပေကုန်၏၊ သမဂ္ဂ သမောခာနအရာဝယ် သံဃသုဋ္ဌု သံဃဖာသု ဖြစ်တော်မူကြ၍ ကပိလဝတ်နေပြည်တော်မှ ဆင်းသက်၍ လာတော်မူခဲ့သော သာကီဝင် မင်းသားတို့၏ ဂေါတ္တအနွယ် သာသနာ့အလယ်၌ တင့်တယ်တော်မူကြပေ ကြောင်း။

ဤအရာဝယ် လောက၌နေသူ လူအများတို့သည် ယုံကြည်နိုင်ခြင်းငှါ ခဲယဉ်းပေကုန်၏၊ အဘယ်အခါမှ လက်ခံလိမ့်မည် မဟုတ်ပေကုန်။ ထိုအပ္ပနာ အခိုက်တွင် ယုံကြည်အပ်လှသော အထောက်အကူကို ပြရမည်ဆိုပါက ဒေသနာ ထင်ရှား ကျမ်းဂန်နှင့် ညီသည်များကို—

အရိယာ ဖလသာ နိရောဓေ အပ္ပေတီတိ အရိယသာ ဖလစျာနသာ နိဗ္ဗာနေ အာရမ္မဏဘူတေ အပ္ပနာကာရေန ပဝတ္တတိ။

အရှင်မဟာဗုဒ္ဓဃောသ ဘုရားပြတော်မူခဲ့သည်မှာ အတ္ထယောဇနာမူလို၍—

အရိယဖလဿ နိရောဓေ အပ္ပေတီတိ၊ ဟူသည်ကား။ အရိယဿ၊ အရိယာ ပုဂ္ဂိုလ်၌ ဖြစ်သော။ ဖလဇ္ဈာနဿ၊ ဖိုလ်စျာန်အား၊ ဝါ-ဇောအား။ နိဗ္ဗာနေ၊ နိရောဓသင်္ခါတနိဗ္ဗာန်၌။ အာရမ္မဏဘူတေ၊ အာရုံဖြင့်ပြုသည်ရှိသော်၊ ဝါ-ရောက်သည်ရှိသော်။ အပ္ပနာကာရေန၊ အပ္ပနာ၏ အခြင်းအရာအားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။

အဲ ဤကဲ့သို့ အကြောင်းဆိုက်သည်တို့တွင် အပ္ပနာအခိုက်၌ နိဗ္ဗာန်သို့ ဖိုလ်ဇောစော၍ နေသည်တွင် လူသာမန် နတ်သာမန်တို့အား တွေ့မြင်ပင် တွေ့မြင်ပြားပါသော်သည်း ဥပမာဖြင့် ပြောရမည်ဆိုပါက အသူတရာ နက်လှစွာသော မဟာသမုဒ္ဒရာ၏ ရေအပြင်ဝယ် ယုန်သူငယ် ထောက်တည်ရာ မရနိုင်ဘိသကဲ့သို့ ထို့တူမခြား လူသာမန် နတ်သာမန်တို့မှာကား အဘယ်မှာလျှင် အရာဟုတ်ချေ တော့အံ့နည်း၊ သိခြင်းငှါ ခဲယဉ်းစွ၊ နက်နဲလှပါပေ၏ ဟူလို။

ဤကဲ့သို့ အရိယာပုဂ္ဂိုလ်များသည် ဖလသမာပတ်မှ ထခဲ့သည်ရှိသော် လောကီခန္ဓာ၏ သွားမှု လာမှု ဓမ္မတာမှုတို့ကို ဖြစ်ချအပ်သော ကံဟောင်း မကုန်သေးသမျှ ကာလပတ်လုံး သာသနာ့အလယ်၌ ခန္ဓာကို စောင့်စည်း သိမ်းပိုက်ခြင်းငှါ ကာလကျန်သေးသည်၏အဖြစ်ကြောင့် ထိုအချိန်အခိုက်တွင် ရှာ၌နေသူ လောကီလူအများတို့နှင့် ဆက်ဆံမှု တွေ့ကြုံမှု မကင်းရလေခြင်း ကြောင့် လောကီသူ လူအများကလည်း သူနှင့်ငါမှု ငါကသာ သာသည်ဟု ထင်မြင်မှု မှားတတ်ကြပေ၏။

အဘယ့်ကြောင့်ဆိုသော် အမြင်အားဖြင့်ကား အရိယာပုဂ္ဂိုလ်တို့မည်သည် မှာ ဓမ္မတာ ခန္ဓာ၏ဘဝ၌ ဗောဓိပက္ခိယ ၃၇ ဖြာ အရာရာ သိမ်းဆည်းခြင်းငှါ မတတ်နိုင်သေးပါမူ၍ လိုက်လျောညီစွာ ပုဂ္ဂိုလ်ယောင် သတ္တဝါယောင် ဆောင် ကာဖြင့် လောက၏ သဘောအရာမှာကား သမ္မုတိဓာန်လေးပါးကိုသာ ချန်လှပ် ၍ သုံးဆယ့်သုံးဖြာ သိမ်းဆည်းတဲ့အရာကို ပြလို၍ ဒဋ္ဌပုဒ် ထုတ်ရမည်မှာ—

ဖလက္ခဏေ ထပေတွာ စတ္တာရော သမ္မုတိဓာနေ အဝသေသာ တေတ္တိံသ ဓမ္မာ လဗ္ဘန္တိ။

သုခမ္ဘဝတီ (က-၁၈၁) ၂၄

ဤကဲ့သို့ ဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသအဋ္ဌကထာ လာသည်ကို သမ္မန်ရမည်မှာ—

ဖလက္ခဏေ၊ ဖိုလ်ခဏ၌၊ ဝါ-ဖလသမင်္ဂီအရာ၌။ စတ္တာရော၊ လေးပါးကုန်သော။ သမ္မပ္ပဓာနေ၊ သမ္မပ္ပဓာန်တရားတို့ကို။ ထပေတွာ၊ချန်ထား၍။ အဝသေသာ၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော။ တေတ္တိံသ ဓမ္မာ၊ သုံးဆယ့်သုံးပါးကုန်သော ဗောဓိပက္ခိယ တရားတို့ကို။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

အဲ ဤကဲ့သို့ အရိယာပုဂ္ဂိုလ်တို့ကို လောကီ၌နေသူ လူအများတို့နှင့် ဆက်ဆံမှု မကင်းပါက အမြင်အားဖြင့် အထင်မမှားကြစေခြင်းငှါ အကျိုးနှင့်အကြောင်း ဆက်ဆံမှု ပြေလည်ကြောင်းကို ဆင်ခြင်လျက် အပြောနှင့်အရော အနေနှင့် အစား အရာရာ သည်းခံစကားဖြင့် အမြဲတမ်း နှလုံးဖြင့် ဆင်ခြင်ကြပါ၍ မိမိတို့၏ အကျိုးဖြစ်သော ဝင်စားအပ်သော ဖိုလ်တို့သည် သဗ္ဗသင်္ခါရ နိမိတ်အစဉ်တို့ဖြင့် အခါခါ သိမ်းဆည်းလျက် အလုံးစုံသော သမ္မယုတ္တဓမ္မတို့မှ တပေါင်းတည်းပြု၍ မနသိကာရဘောဖြင့် ယထာရဟအားလျော်စွာ ဖိုလ်ဇောသို့တိုင်အောင် ကလဟ ဝိဝါဒ ငြင်းခုံမှုအပြု အမှုအရာကင်းလျက် သဘောတော် သိမ်းပိုက်၍ မနောဖြင့် ငြိမ်းစေရာကား ပုဂ္ဂိုလ်၏ ကမ္မဗလ အာရုံအားလျော်စွာ ဘဝင်ဖြစ်ထိုက်သဖြေ ဖြစ်ပြီး၍ ဖလသမာပတ်တော်မှ ထပ်ခါ ထပ်ခါ ထတော်မူစေလိုရကား သုံးလူ့ရှင်၏ ရွှေကြာကုမုဒ် အာလုပ်ပုဒ်ဖြင့် ဘွင့်ပြတော်မူသည်မှာ—

> သဗ္ဗေသံ သင်္ခါရနိမိတ္တာနံ ဧကတော မနသိကာရဘာဝတော ယသ္မာ ဘဝင်္ဂစိတ္တေ ဥပ္ပန္နေ ဖလသမာပတ္တိတော ဝုဋ္ဌိတော နာမ ဟောတိ။
>
> ဝိသုဒ္ဓိမဂ် မဟာဋီကာ။

ဤကဲ့သို့ မယိမ်းမယိုင် ကျောက်စာတိုင်ကဲ့သို့ ထုတ်ပြတော်မူသည်ကို သမ္မန်လို၍ ယောဇနာအံ့သောငှါ-

သဗ္ဗေသံ၊ ခပ်သိမ်းကုန်သော။ သင်္ခါရနိမိတ္တာနံ၊ သင်္ခါရနိမိတ်တို့ကို။ ဧကတော၊ တပေါင်းတည်းပြု၍။ မနသိကာရဘာဝတော၊ နှလုံးသွင်းရာကာလမှ။ ပဘုတိ၊ အစပြု၍။ (ထည့်) ယသ္မာ ဘဝင်္ဂစိတ္တေ၊ အကြင် ဘဝင်စိတ်

သည်။ ဥပ္ပန္နေ၊ ရောက်လတ်သည်ရှိသော်။ တတော၊ ထိုအခါမှ။ (ထည့်) ဖလသမာပတ္တိတော၊ ဖလသမာပတ်မှ။ ဝုဋ္ဌိတော နာမ၊ ထသည်မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤနေရာဝယ် မှချအားဖြင့် ပြအပ်ခဲ့သော် အလုံးစုံသော သင်္ခါရနိမိတ်မှ ငြိမ်းလျက် အခါခပ်သိမ်း ဖိုလ်ဇောဖြင့် နိဗ္ဗာန်ဒွက်နိန်းသည်ကို ယုံကြည်ထိုက်လှပါ၍ အရိယာနယ်မြေသို့ သက်ကြကုန်သော အရိယာထောင်ပေါင်း ယောဂီအပေါင်းတို့သည် သာသနာတော်အတွင်း၌ ခရီးဆိုက်တိုက် ကြုံကြိုက်ကြ၍ အခါကာလဖြင့် အကြောင်းမဲ့နေကြကုန်သော အဘယဂိရိတိုင်းသား ကေစိငါဒီမဟာထေရ်တို့သည် တမဂ်တဖိုလ် ရရုံကာမျှနှင့် ဝိသာခါ အနာထပိဏ်တို့ကဲ့သို့ ထင်ပေါ်ကျော်စော ရွှေနှုတ်တော် ဟောဘော်ခဲ့ပါသော်လည်း ဖလသမာပတ်ဝင်စားနိုင်သည်ဆိုသည် မည်သည့်အခါမှ အဘယ်မှာမှုနိုင်ပါအံ့နည်း။

ဤကဲ့သို့ နှုတ်မြွက်၍ အကြား ဘုတ်အဆက်ဆက်စကားဖြင့် သဥ္စယဗာလနာဋ္ဌပုတ္တာ ကေသကမ္ဗလ ကေစိဝါဒီများသည် နားမှမဝင် တံကျင်ဖြင့် ဆန့်ကျင်ဘိသကဲ့သို့ ငါတို့လိုဒ်ရာ ဗုဒ္ဓဃောသဆရာက ဝိသုဒ္ဓိဒေသနာ ထားသည်ကို ဘယ်ကဲ့သို့ပါလားဟု အမှန်သမုတ် နိဂုံးဖြင့်ထုတ်၍ ပြတော်မူသည်မှာ သမာနဝါဒီ မဟာထေရ်တို့၏ အယူ၌ လာသည်မှာ-

> သောတာပန္န သကဒါဂါမိနောပိ အာဒိနာ ပန စတ္တာရိ ဖလာနိ ကေသဒိသတ္တာ ဒေသနာယ အာဂတတ္တာ သောတာပန္န သကဒါဂါမိနောပိ အတ္တနော ဖလံ သမာပဇ္ဇန္တီတိ ဝိညာယတိ။

ဟု နိပ္ပရိယာယပုဒ်ဖြင့် ထုတ်၍ပြတော်မူသည်မှာ ယောဇနာလိုက်ပါဦးအံ့။

ပန၊ အပရေဝါဒမှတပါး သမာနဝါဒကိုဆိုအံ့။ သောတာပန္နသကဒါဂါမိနောပိ အာဒိနာ၊ သောတာပန္န သကဒါဂါမိ ဤသို့အစရှိသောပါဌ်၌။ စတ္တာရိ၊ လေးပါးကုန်သော။ ဖလာနိ၊ ဖိုလ်တို့သည်။ ကေသဒိသတ္တာ၊ တပါးပါးနှင့်တူသည်၏အဖြစ်ကြောင့်။ ဒေသနာယ၊ ဟောတော်မူအပ်ခဲ့သော ဒေသနာတော်၏။ အာဂတတ္တာ၊ လာတော်မူသည်ဖြစ်၍။ သောတာပန္နသကဒါဂါမိနောပိ၊

သောတာပန် သကဒါဂါမ် တို့သည်လည်း။ အတ္တနော၊ မိမိ၏။ ဖလံ၊ဖိုလ်ကို။ သမာပဇ္ဇန္တိ၊ဝင်စားနိုင်ကုန်၏။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။

ဤဋ္ဌ ဒေသနာတော်၏အလိုကား ထင်ရှားတော်မူလှ၍ မိမိဌ ရအပ်ပြီးသော ဖလသမာပတ်အရာဝယ် မှချအားဖြင့် ထင်ရှားစေလို၍ အထက်အထက်ဖြစ်သော ဖိုလ်တို့ကို အစဉ်အားဖြင့် မြှောင့်လျက် မိမိဌ ရအပ်ပြီးသော အောက် အောက် ဌဖြစ်သော ဖိုလ်တို့ကို ဝင်စားမြဲတံထွာ ဓမ္မတာ အလေ့အလာ မရှိပါက လက်ရှိဌ ရအပ်ပြီးသော ဖိုလ်ဖြင့်သာ လဒ္ဓဂုဏ်ဖြင့် ဆောင်လျက် အခါခပ်သိမ်း ရုပ်နာမ်နှစ်ပါးမှ ငြိမ်းတည့်၍ ဖလသမာပတ်တော်ကို ညွတ်လျက် နောက်ကပြဆို အပ်ခဲ့ပြီးသော မဂ်ဂုဏ်ရောင် ၆· ပါးဖြင့် ပြည့်စုံတော်မူခဲ့ပါ၍ သခ်ါရလျှင် အာရုံရှိသော ဝေါဒါန်ဟူသောအမည်ဖြင့် ရအပ်သော ဂေါတြဘုဉာဏ်၏ အခြားမဲ့ဌ နိဗ္ဗာန်ဖြင့် အပ္ပနာဝီထိ လောကုတ္တရာဇောကျပုံကို အသိဉာဏ် နက်နဲခက်ခဲလှပါ၍ ဖလက္ခဏာဌ အယူမတူ ဉာဏ်မမူကြသော သူတို့သည် ဝစနာစာတမ်း လင်္ကာပါဌ်တမ်းဖြင့် စီကုံးရေးဖွဲ့ နိဂ္ဂဟဉာဏ်ညွန့် စာကွန့်၍ တွန့်ခဲ့သည်မှာ အနည်းငယ် ဖေါ်ပြလိုပါ၍ သိကြစေခြင်းငှါ–

ဥပစာမပါဘဲငယ်နှင့်၊ နုလုံလဲဘော်မကူ၊ ဂေါတြဘုငဲ့သာချည်း။ ဒဲ ရိ ယာ၊ မြတ်ဘုန်းမို ဗိုလ်မဟာတို့၊ မဂ်သောတာ-အောင်မြေနင်းကြတယ်၊ သင်း ဘယ်ကနည်း။

ဟု ဤကဲ့သို့ သဘာပဒိကပုစ္ဆာရှင် ဝိစိကိစ္ဆာရှင်ဋ္ဌတင်ပါ၍ ပညာဘာဝနာ နိဒ္ဒေသ ဗုဒ္ဓဃောသအရှင်က ဝိသဇ္ဇနာတင်၍ ဒဋ္ဌဝုမ္ဂ် ဝေမတိကအရှုပ် နိပ္ပရိယာယပုဒ် ထုတ်၍ပြတော်မူသည်မှာ ဖလသမာပတ်အရာဝယ် ဟတ္ထမုဋ္ဌ နည်းလက်ရှိနှင့် ပြီးသည်ကို ပြအပ်ပါ၍–

တဿ ပဝတ္တာနုပုဗ္ဗဝိပဿနာယ သင်္ခါရာရမ္မဏ ဂေါတြဘုဉာဏန္တရာ ဖလသမာပတ္တိဝသေန နိရောဓေ စိတ္တံ အပ္ပေတိ။

ဟု ယောဇနာအံ့သောငှါ–

တဿ၊ ထိုဖလသမာပတ်ပုဂ္ဂိုလ်အား။ ပဝတ္တာနုပုဗ္ဗဝိပဿနာယ၊ ရှေး၌ဖြစ်ခဲ့ဘူးသော ဝိပဿနာဉာဏ်အစဉ်၏။ သင်္ခါရာရမ္မဏဂေါတြဘုဉာဏန္တရာ၊ သင်္ခါရ

လျှင်အာရုံရှိသော ဝေါဒါန်ဟူသောအမည်ဖြင့် ရအပ်သော ဂေါတြဘုဉာဏ်၏ အခြားမဲ့၌။ ဖလသမာပတ္တိဝသေန၊ ဖလသမာပတ်၏ အစွမ်းအားဖြင့်။ နိရောဓေ၊ နိရောဓသစ္စာနိဗ္ဗာန်၌ ။စိတ္တံ၊ စိတ်သည်။ အပ္ပေတိ အပ္ပနာဝသေန ဥပ္ပဇ္ဇတိ၊ အပ္ပနာ၏အစွမ်းအားဖြင့်ဖြစ်၏။

ဤကဲ့သို့သောအရာ၌ကား မဂ္ဂက္ခဏအရာ၌ အလွန်တိုလျှသော ကာလ၌ ဖြစ်ပါ၍ လူသာမန် နတ်သာမန်တို့သည် သိခြင်းငှါ ခဲယဉ်းစွ၊မဂ်ပုဂ္ဂိုလ်တို့၏ ပါရမီဖြင့် ဖြည့်ဆဲ အားထုတ်ရာကာလ၀ယ် ကရဇကာယ ဝိပါက်ကဋတ္တာရုပ်သည် ထင်ရှားရှိ၏။ ထိုဝိပါက်ကဋတ္တာရုပ်တော်ကို မဂ်ဖြတ်သောကာလ စိတ္တက္ခဏ၏ အတွင်း၀ယ် ရွှေဉာဏ်ရှင်နှင့် ပဋိဂ္ဂါဟကပုဂ္ဂိုလ်မှတပါး အခြားသောသူသည် သိခြင်းငှါ ခဲယဉ်းပါပေစွ၊ ပဋိသမ္ဘိဒါရှင်ကြီးတို့သော်မှလည်း သိခြင်းငှါ သိထိုက်ပါက အခိုက်အတန့်ဖြင့် ဉာဏ်ယှဉ်ခဲ့သော် သိလိုလျှင်လည်း သိတော်မူနိုင်လိမ့်လတံ့။ ဤနေရာ၀ယ် ပဋိဂ္ဂါဟက ပုဂ္ဂိုလ်မှအပ လူသာမန် နတ်သာမန်တို့သည်ဂေါတြဘုစိတ္တက္ခဏအရာ၀ယ် အဘယ်သောအခါက ဖြတ်ခဲ့သည်ကို ဖလသမင်္ဂီပုဂ္ဂိုလ်ကို တွေ့ပါက ဝစီကံမှု မနောကံမှုအနေကို ထောက်ချင့်သော် သာမန်သောသူတို့က သဒ္ဒ၏အသံကို နားဖြင့်မဆံ့ပါက ပရိကံအရာ ဥပစာဖြင့် ဉာဏ်မလွှာပါ၍ အနုလုံ ပြုကြုံမှု သာမန်တွေ့၍ နားသောတအမှု၌ ကူထောက်မှုမရှိ ဝေမတိကစိတ်အရှိနှင့် ဝစနာလင်္ကာရအမှု ပေါင်းစု၍ပြုမိသည်ကို ဝိသဇ္ဇနာတခုဖြင့် ဤနေရာ၌ အမေးပုဒ် ရေးထုတ်၍ ဘွင့်လိုက်ရလေသတည်း။

ဤကဲ့သို့ သတပဒိကပုစ္ဆာ အရာရာသော သူများ၏ ကြောင့်ကြမဲ့ သံသယဖြင့် ရှင်းပြလေရာ ဖလသမင်္ဂီအရာ ပရိကံမပါ ဂေါတြဘူ ဘော်မကူပါ၍ ဝေါဒါန်ဖြင့်သာ အမည်တွင်လျက် ကရဇကာယ၏ ဖြတ်အပ်သော အရာ၀ယ် ပြတ်တော့ဖြင့် ပြတ်သည်မှာ ဂေါတြဘုနှင့်မဖြတ် ဝေါဒါန်နှင့် ပြတ်အပ်လေသောကြောင့် ဂေါတြဘုငဲ့သာချည်းဟူသော အမေး၌ အလွန်မေးအပ်လှသည်ကို သာဓု သာဓု·သာဓုဟု ခေါ်၍ ဤနေရာက ဝေါဒါန်ဖြင့် ပြတ်ကြောင်း ဝစနာလင်္ကာရဆရာ၏ အမေးကို ချီးကျူး၍ ရေးဖြေလိုက်ရကြောင်း။

သို့ပါ၍ စိတ်မှာမပြေ စာအနေ အထွေထွေရှာပါက မဟာဋီကာ ဖြေပြသည်မှာ—

သင်္ခါရာရမ္မဏာ ဂေါတြဘုဉာဏံ တရန္တိ သင်္ခါရာရမ္မဏာသာ ဝေါဒါနန္တိ လဒ္ဓနာမသာ ဂေါတြဘုဉာဏာသာ အနန္တရံ။

ဟု ဒဋ္ဌိပုဒ် ထုတ်ပြတော်မူသဖြင့် ဤကဲ့သို့ သေက္ခအရာ ဖလသမာပတ်ရောက် သောနေရာက ဂေါတြဘုမပါဘဲ ဝေါဒါန်ဟူသောအမည်ဖြင့် မှတ်စွဲကြကုန်၍ သောတာပန်ဖိုလ်မဟာတို့၏ အမေးကို ဖြေကြား၍ သိလင့်ကြကုန်လော့၊ သို့သော်“တကျမ်းတတ်ရုံ ကျမ်းမစုံ အာဂုံမလင်းနှင့်။အာဂုံလည်းရှိ ကျမ်းလည်း ညှိ ထိအောင်သူသိဘိ” ဟု ဝစနာလင်္ကာရအရာဝယ် ကျမ်းအရှိ ညှိ၍ယူကြစေလို ပါ၍ အကြင်ပညာရှိအပေါင်းတို့။

ဤကဲ့သို့ ဤနေရာဝယ် နောက်ကပြခဲ့သော ရုပ်နာမ်နှစ်ပါး ချုပ်ငြိမ်း၍ အရိယာပုဂ္ဂိုလ်များသည် နိဗ္ဗာန်၌ ဉာဏ်ကိန်းပြီး အဝတ္ထာဘုံ အပ္ပနာစျာန် ခိုလှုံ၍နေကြောင်းကို ခန္ဓာတော်ဇာဂ်သိမ်းလျက် မြင်လည်းမြင်လိုက်စေ မမြင် လည်း မမြင်စေနှင့် သိလည်း သိလိုက်စေ ဟူ၍ ခန္ဓာလောက၏ သမုဒယတာဝန် အေးငြိမ်းပြီး ချမ်းသာလျက် သဘောကိုပင်လျှင် ဖိုလ်တရားဖြစ်၏ ဟူလို။ ထိုဖိုလ်တရားကို သိသောဉာဏ်ကို ဖိုလ်ဉာဏ်ဟု ခေါ်၏ ဟူလို။

သို့ပါ၍ နောက်အနားက ကပ်လျက်ပြခဲ့သော မုစ္စနဂုဏ် ပဿဒ္ဓိဂုဏ် သင္ခိ-ကိရိယဂုဏ် ဤကဲ့သို့ အင်္ဂါသုံးရပ်နှင့် ပြည့်စုံပါ၍ လက်ရှိရသော အကျိုးတရား တို့သည် ဖိုလ်တရားဟူ၍ ဒုတိယကဏ္ဍအဖြစ်ဖြင့် ဤနေရာ၌ပင် ရပ်ဆိုင်းလိုက်ရ ကြောင်း သတိမူစေလိုကြကုန်၏ ဟူလို၊ ဤစာ၌ ဖတ်ရှုအပ်သော စာဖတ် ပရိသတ် ယောဂီအပေါင်းတို့သည် နက်နက်နဲနဲ ဆင်ခြင်တော်မူကြစေကုန် လော့။

ဖိုလ်တရား အခန်းကဏ္ဍကြီး ပြီး၏။

# နိဗ္ဗာနကထာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဤနေရာ၌ ပရိညာစခန်းဖြင့် ဝေဘန်ပိုင်းခြားအပ်သော အနုဗောဓဉာဏ်ဖြင့် ပဋိညာကာရက အစပြု၍ ကဏ္ဍကြီး ၄-ရပ်ဖြင့် ခွဲခြား၍ ပြအပ်ခဲ့သည်မှာ— မဂ်တရား၏ အချက်၌ရင်း၊ ဖိုလ်တရား၏ အချက်၌ရင်း ပြီးဆုံးခဲ့ပါ၍ ယခု အခါ၌ သုံးကြိမ်မြောက် နိဗ္ဗာန်တရားဖြင့် ဝေဘန်ပိုင်းခြား၍ ဘွင့်ထုတ်ရမည်မှာ ကျင့်ကြံ ကြိုးကုတ် အားထုတ်ကြကုန်ပြီးသော နိဗ္ဗာန်အချက်ကို ဤနေရာ၌ ဝေဘန်လိုက်ရမည်မှာ ဉာဏ်ရှင်းကြစေလို၍ အသင်ယောဂီအပေါင်းတို့အား ပကာရာနန္တရ သီဟိုဠ်သင်္ဂဟအဋ္ဌကထာ၌ လာသည်ကို ပြဆိုလိုက်ရမည်မှာ–

ဝါနသင်္ခါတာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။

ဟူ၍ ဘွင့်ပြတော်မူခဲ့လေ၏၊ ယောဇနာရမည်မှာ–

ဝါနသင်္ခါတာယ၊ သတ္တဝါတို့ကို သံသရာ၏ အတွင်း၌ ချုပ်တတ် ဖွဲ့တတ် သိမ်းအုပ်တတ်သည်၏ အဖြစ်ကြောင့် ဝါနဟု ဆိုအပ်သော။ တဏှာယ၊ တပ်တတ်သော တဏှာမှ။ နိက္ခန္တတ္တာ၊ ထွက်မြောက်တတ်သည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနန္တိ၊ ဟူ၍။ ပဝုစ္စတိ၊ ၏။

ဤကဲ့သို့ နိဗ္ဗာန်ဟူသည်မှာ ရုပ် နာမ် သင်္ခါရတရားတို့၏ ချုပ်ငြိမ်း၍ ဘင်္ဂက္ခယ၏ အဆုံး၌ ပဘဿရဟု ဆိုအပ်သော အလဟာ ဟင်းလင်းကြီးကိုပင်လျှင် နိရောဓသစ္စာ ထိုက်တော့၏၊ ဤနေရာ၌ပင်လျှင် ဓမ္မစကြာ ဒေသနာတော်ဝယ် "အာလောကော ဥဒပါဒိ"ဟု ဘွင့်ထုတ်တော်မူခဲ့၏၊ ဤဒေသနာတော်၏ အရကား- ထိုနိရောဓသစ္စာကိုပင်လျှင် နိဗ္ဗာန်ဟူ၍ အရိယာပုဂ္ဂိုလ်များ အဘို့မှသာ သိနိုင်ကြပေမည်၊ သိနိုင်ကြသည်ဟု ဆိုပါသော်လည်း ဆရာကောင်းတို့၏ထံ၌ ဆုံးဖြတ်၍ ဟောကြားတော်မူအပ်သော ဒေသနာပရိယောသာနကထာ တရားစကားကို နာကြားပြီးသည်၏ အဆုံး၌သာ သိနိုင်ကြပေမည်၊ ဒေသနာပရိယောသာနကထာသို့ မသက်ခဲ့ပါလျှင် သိခြင်းငှါ ခဲယဉ်းပေစွ၊ ပဋ္ဌန္တရာဇ်တိုင်း

ဇနပုဒ်ရွာ၌နေသူ လူအများတို့မှာကား ပဋိရူပဒေသဝါသ စက်လေးပါးနှင့် မပြည့်စုံပါက အဝတ္ထာရွှေဘုံ နိဗ္ဗာန်၏ဂုဏ်ကို အဘယ်မှာလျှင် သိခြင်းငှါ တတ်နိုင်ပါအံ့နည်း။

သက္ကပဥှာ သုတ္တန္တ ဒေသနာတော် အလာတွင် အဝိတက္ကအဝိစာရမဂ် သဝိတက္ကသဝိစာရမဂ်-ဟု ရွေးနှုတ်တော် ဘွင့်ထုတ်ခဲ့သည်ကို ထောက်ပါသဖြင့် သဝိတက္ကသဝိစာရမဂ်ကိုရသော အရိယာများထက် အဝိတက္ကအဝိစာရ မဂ်ကို ရသော အရိယာများမှသာလျှင် သိခြင်းငှါ တတ်နိုင်၏တဲ့၊ သိလိုရေးဖြင့် မေးသည်များကို ဖြေဆိုရမည်မှာ—

တာဝတိံသာနတ်ပြည်၌ နတ်တို့သေဌ်နင်း ခြောက်ရွာရှင် သိကြားမင်း သော်မှလည်း ဒေသနာပရိယောသာနကထာ အဆုံး၌သာလျှင် အဝိတက္က အဝိစာရ အရိယာ ဖြစ်နိုင်၏တဲ့ဟု ဘွင့်ပြတော်မူရမည်မှာ -

> သဝိတက္ကသဝိစာရ ဖလသမာပတ္တိတောပိ အဝိတက္ကအဝိစာရ ဖလသမာပတ္တိယေဝ ပဏီတတရောတိ ဘဂဝါ ဒေသနံ နိဋ္ဌာပေသိ၊ သက္ကော ပန သောတာပတ္တိဖလံ ပတ္တော ဟုတွာ ဘဂဝတော ပုရတောယေဝ စဝိတွာ တရုဏသက္ကော ဟုတွာ နိဗ္ဗတ္တတိ။
>
> သုတ်မဟာဝါ အဋ္ဌကထာ။

ဤကဲ့သို့ ဝိသဇ္ဇနာအရာများကို ထောက်တော်မူကြပါသဖြင့် ယောဇနာရ မည်မှာ -

သဝိတက္ကသဝိစာရဖလသမာပတ္တိတောပိ၊ သဝိတက္ကသဝိစာရ ဖလသမာပတ် ထက်လည်း။ အဝိတက္ကအဝိစာရ ဖလသမာပတ္တိယေဝ၊ အဝိတက္ကအဝိစာရ ဖလသမာပတ်ကသာလျှင်။ ပဏီတတရော၊ အထူးသဖြင့်မြတ်၏။ ဣတိ၊ သို့။ ဘဂဝါ၊ သည်။ ဒေသနံ၊ ဒေသနာတော်ကို။ နိဋ္ဌာပေသိ၊ ဖြစ်စေ၏။ သက္ကော ပန၊ သိကြားသည်ကား။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပတ္တော၊ ရောက်သည်။ ဟုတွာ၊ ဖြစ်၍။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပုရတောယေဝ၊ ရှေ့တော်မှောက်၌ပင်လျှင်။ စဝိတွာ၊ စုတေခဲ့၍။ တရုဏသက္ကော၊ သိကြားပျို လေးသည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တတိ၊ နေလေတော့၏။

ဤဒေသနာနှင့် ပုံယူ ခိုင်းနှိုင်း မိမိ၏အဖြစ်နှင့် တိုင်းတာ၍ ဉာဏ်ယှဉ်၍ နှိုင်းကြပါကမှ ပုံယူမှုထုတ် အရိယာသဘော ဟုတ်, မဟုတ် သိနိုင်သောအလုပ် နိရောဓသစ္စာ ဟုတ်,မဟုတ် နှိုင်းချိန်ကြပေလိမ့်မည်။ ဤ၌ နိဗ္ဗာန်ဆိုသည်ကား ဒွါရနှင့် အာရုံအကြား မဏ္ဍိမပဋိပဒါထား၍ ယူတတ်ကြပါမှ နိရောဓသစ္စာ နိဗ္ဗာန်ဆိုက်ချေမည်၊ သို့မှသာလျှင် နိရောဓသစ္စာ၏ အချက် အင်္ဂါလေးတန် မျိုးအမှန်ဖြစ်လို၍ သစ္စိကာတဗ္ဗဂုဏ်ဖြင့် အမြင်အကိုး စာထိုး၍ပြခဲ့မည်။

၁ နိဿရဏတ္ထ။ ၂ ဝိဝေကတ္ထ။
၃ အမတတ္ထ။ ၄ အသင်္ခတတ္ထ။

ဟု လေးပါးချိန်ရည် ဉာဏ်အင်္ဂါ ညီနိုင်တော့မည်၊ သိစေရမည်မှာကား နိဿရဏတ္ထ၊ သံသရာမှလွတ်မြောက်ခြင်းအနက်။ ဝိဝေကတ္ထ၊ သံသရာနယ်မှ ကင်းဆိတ်ခြင်းအနက်။ အမတတ္ထ၊ သေရခြင်းမရှိသောအနက်။ အသင်္ခတတ္ထ၊ ပြုပြင်စီရင်ခြင်း ကင်းသောအနက်။

ဤကဲ့သို့ လေးအင်္ဂါနှင့် ညီမှသာလျှင် ပေဋကောပဒေသ အဋ္ဌကထာ ဆရာ ဘွင့်ပြသည်မှာ—

ဥဘယမန္တရေနာတိ ဘေသံ ဒွါရာလမ္ဗဏာနံ အန္တရဝေမဇ္ဈေ ဝီထိစိတ္တုပ္ပါ-
ဒေပိ အတ္တာနံ န ပဿတိ။

ဟု နိပ္ပရိယာယ လာတော်မူသည်ကို ထောက်ပါသဖြင့် သမ္ဗန်လိုက်ရသော်—

ဥဘယမန္တရေနာတိ၊ ဟူသည်ကား။တေသံ ဒွါရာလမ္ဗဏာနံ ထိုဒွါရ, အာရုံ နှစ်ပါးတို့၏။ အန္တရဝေမဇ္ဈေ၊ အကြား၌။ ဝီထိစိတ္တုပ္ပါဒေပိ၊ တခုသောဝီထိ စိတ္တုပ္ပါဒ်၌လည်း။ အတ္တာနံ၊ကိုယ်ကို။ န ပဿတိ၊ မမြင်။ ဣဒံ၊ ဤသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။

ဤနေရာ၌ ပေါ်လွင်စွာ ဘွင့်ပြတော်မူပါသဖြင့် နိဗ္ဗာန်ဟူသည်မှာ ဒွါရမှ အလွန် အာရုံသို့မရောက်မီ မဏ္ဍိမပဋိပဒါအကြား တခုသော ဝီထိစိတ္တုပ္ပါဒ်ထဲ ၌ အတ္တ ကွယ်သုဉ်းဆိတ်၍ အနတ္တ ပရမတ် ထင်ရှားသည်ကိုပင်လျှင် ကိုယ်ကို မမြင် ဟူရကား –

"အနတ္တလက္ခဏော ဒိဋ္ဌေ နိဗ္ဗာနံ နာမ"ဟု အရာရာသော ကျမ်းအလာတို့၌ တွေ့ဘူးခဲ့သူ များကြလေပြီ၊ ဤကဲ့သို့ ကျမ်းအစောင်စောင်၌ ကိုယ်မထင်ခြင်း သည် ပင်လျှင် နိဗ္ဗာန်ဟူ၍ သမုတ်အပ်သည်ကို ပြလို၍ -

ယော အတ္တနော ကာယော န ပတိဋ္ဌိတော၊ တံ အနုပတိဋ္ဌိတကာယံ ဤဒံ နိဗ္ဗာနံ။

ဟု ကုရုန္ဒီအဋ္ဌကထာ ဆယ်ကြောင်းပေ ည-အချပ်၌ လာသည်ကို ရှေးဖွဲ့သူ ဖေါ်ထုတ်ပါက အဟုတ်လို့သမုတ်ခဲ့လေရာ ဤဒေသနာဖြင့်ယောဇနာရမည့်ခရီးချမှာ-

ယော၊ အကြင်သူသည်။အတ္တနော၊ မိမိ၏။ ကာယော၊ကိုယ်သည်။ န ပတိ-ဋ္ဌိတော၊မထင်။ တံ အနုပတိဋ္ဌိတကာယံ၊ ထိုကိုယ်ကိုမထင်ခြင်းသည်။ဤဒံ၊ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။

ဤကဲ့သို့ ပေါတ္ထကပေမူ ဆယ်ကြောင်းတော် ဗုဒ္ဓကိုက အတ္တ ကိုယ်မထင် မှုသည်ကိုပင်လျှင် နိရောဓသစ္စာဟု အမှန်ယူလိုက်ကြောင်း ကျမ်းဖြင့်ညှိ၍ ကြိုက်ရာကို ယူတော်မူကြစေလိုကြောင်း။

အချို့သော ကေစိဝါဒီ ကျမ်းအကိုး မညီသည်များသည် ပုဒ်တိုင်း ပုဒ်တိုင်း ၌ အပြစ်တင်ခြင်းငှါ ကင်းစေလို၍ အဘယဂိရိဝါသီ ပညာဖြင့် မမှီကြကုန်သော အပညာဝါဒ ပေါရာဏခေါ် ဟိုရှေးယခင်က သီလက္ခန်အဋ္ဌကထာအရ ဘော်ပြ ရမည်ဆိုပါက -

ပဏ္ဍိတပတိရူပကာနံ ဟိ သန္တိကေ ကထေတုံ ဒုက္ခံ ဟောတိ၊ တေ ပဒေ ပဒေ အက္ခရက္ခရေ ဒေါသမေဝ ဝဒန္တိ။

ဟု လာတော်မူသည်ကို ယောဇနာပါအံ့။

ဟိ၊ အပြစ်တင်ဘွယ် ပယ်၍ခဲခက် စကားဆက်ကို ဆက်၍ဆိုအံ့။ ပဏ္ဍိတ-ပတိရူပကာနံ၊ ပညာမရှိပါဘဲလျက် ပညာရှိယောင် ဆောင်သောသူတို့၏။ သန္တိကေ၊ အထံ၌။ကထေတုံ၊ စကားဆိုရခြင်းငှါ။ဒုက္ခံ၊ ဆင်းရဲသည်။ ဟောတိ၊ ဖြစ်၏။ တေ၊ ထိုပညာရှိယောင် ဆောင်သောသူတို့သည်။ ပဒေ ပဒေ၊ ပုဒ်တိုင်း ပုဒ်တိုင်း၌ရှင်း။ အက္ခရက္ခရေ၊ အက္ခရာတိုင်း အက္ခရာတိုင်း၌ရှင်း။ ဒေါသမေဝ၊ အပြစ်ကိုသာလျှင်။ ဝဒန္တိ၊ ဆိုတတ်ကြကုန်၏။

ဤနေရာ၌ပင်လျှင် နိရောဓသစ္စာ နိဗ္ဗာန်ကို ကျမ်းအမျိုးမျိုးနှင့် ညှိနှိုင်း၍ ဖေါ်ထုတ်လိုက်အပ်သော နိရောဓသစ္စာ နိဗ္ဗာန်ကိုကား ကျမ်းဂန်နှင့် ကိုက်ညီပင် ကိုက်ညီငြားပါသော်လည်း အယူမတူ ဉာဏ်မမူပါသဖြင့် အရိယာဘုံဘဝသို့ မသက်ရောက်သေးပါက အနုမာနသိဒ္ဓိဖြင့် လောက၌နေသူ ရပ်ရွာသူ လူအများတို့မှာ ဂန္ထန္တရ ဂရု ဒေါသဖြင့် ပယ်စေလိုလှ၍ အပြစ်တင် ကင်းကြစေခြင်း အကျိုးငှါ ဖေါ်ထုတ်လိုက်အပ်သော အရာပေတည်း။

ဤအရာဝယ် ထင်ရှားတော်မူလှ၍ အရိယာပုဂ္ဂိုလ်တို့ မည်သည်မှာ နိဗ္ဗာန်ကို ဟင်းလင်းပွင့်လျက် အမြဲမပြတ် ပစ္စဝေက္ခဏာဉာဏ်ဖြင့် ဝဋ္ဋဒုဇ္ဇအား တောက်လျှောက်ပေါက်လျက် အာဝဇ္ဇနဝသီတော် ဟင်းလင်းတော် ပေါ်သည်ကို အမြဲတမ်းဉာဏ်ဖြင့် မြင်တော်မူသည်ကို ပြလို၍—

သတဉ္စ ဝိဝဋံ ဟောတိ၊ အာလောကော ပဿတာမိဝ။
သန္တိကေ န ဝိဇာနန္တိ၊ မဂါ ဓမ္မဿ အကောဝိဒါ။

ဟု သံယုတ်ကျမ်းဋီကာ လာသည်ကို ထောက်တော်မူကြပါသဖြင့် သမွန်တော်မူအပ်သည်ကား—

သတဉ္စ သတံ ပန၊ ဘုရားအရိယာ သူတော်စဉ်တို့သည်ကား။ နိဗ္ဗာနံ၊ နိရောဓသစ္စာနိဗ္ဗာန်ကို။ ဝိဝဋံ၊ ဟင်းလင်းပွင့်သည်။ ဟောတိ၊ ဖြစ်၏။ အာလောကော၊ အရောင်အလင်းသည်။ ပဿတာမိဝ၊ မြင်သကဲ့သို့။ ပဿတိ၊ မြင်တော်မူကြလေ၏။ အကောဝိဒါ၊ သညာထင်မှား ပညာဖြင့် မရှိငြားကြကုန်သော။ မဂါ မဂ-ဘူတာနံ၊ တော၌နေငြား သားသမင်များတို့သည်။ ဓမ္မဿ၊ သစ္စာလေးပါးမဂ်နိဗ္ဗာန်တရားကို။ သန္တိကေ သန္တိကေ ဝေ၊ အနီးအနား၌အား နေပါသားလျက်သာလျှင်။ န ဝိဇာနန္တိ၊ မျက်စိနှင့်နား ကြည့်လိုက်တိုင်းပြေး အလွန်ဝေးသလို မှုချပိုင်ပိုင် မသိ မမြင်နိုင်ကြလေကုန်။

အဲ ဤကဲ့သို့ ဒေသနာတော်ဖြင့် ဘွင့်ဟမိန့်ဆိုသည်ကို ထောက်တော်မူကြပါသဖြင့် လူသာမန် နတ်သာမန်တို့နှင့် ဆက်ဆပ်၍မရ၊ "ဗလဝဆိုက်ခြင်း, အာလောကသညာထင်ခြင်း, ပညိန္ဒြေပွင့်ခြင်း, ဣန္ဒြေ၏ နိုးချပ်ခြင်း" တော

တောင် နံရံ အခံ အတားတို့ကို ဖေါက်ထွင်း၍ မြင်စွမ်းနိုင်သော ပရိကမ္မနိမိတ် သမာဓိတို့ဖြင့် မြင်ယောင်သည်ကိုပင်လျှင် နိဗ္ဗာန်ဟု မမှတ်ထင်ကြလေလင့်။

ကိလေသာကုန်တာလဲ မဂ်မဟုတ်၊ မဂ်မဟုတ်ပါဘဲနှင့် အဘယ်မှာလျှင် နိဗ္ဗာန်လည်း ဟုတ်ချေတော့အံ့နည်း၊ သင်္ခါရဇာတ်သိမ်း၍ ရုပ် နာမ်နှစ်ပါး ချုပ်ငြိမ်းတာလဲ မဂ်မဟုတ်၊ မဂ်မဟုတ်ပါက နိဗ္ဗာန်လည်းမဟုတ်ချေ၊ အဘာဝ သာကည်း၊ ပြော၍ပြစရာ ဘယ်ဟာမှ မရှိပါ၍ နတ္ထိဘောပညတ် ဟူ၍သာ သမုတ်အပ်ထိုက်လေတော့၏။

သို့ပါသော် အင်မတန် ဖြစ်နိုင်ခြင်းငှါ ခဲယဉ်းစွ၊ ပဘဿရ ဓာတ်ထူး ဓာတ် မြတ်တော်ကြီးဟူ၍သာ သမုတ်ထိုက်အပ်လေရကား လူသာမန် နတ်သာမန်တို့ အားလည်း ဖြစ်ခြင်းငှါလည်း အလွန်ပင် ခဲယဉ်းပါပေစွ၊ လူသာမန် နတ်သာမန် နှင့် လားလားမှမထိုက်ပေ။

တရားကို လိုလားကျင့်ကြံကုန်သော ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်တို့သည် စရဏ အခိုက်၌ ပရမတ္ထတရား ဝိသုဒ္ဓိဖြစ်ဆဲကာလဝယ် ပဘဿရ ဓာတ်ထူး ဓာတ်မြတ် နှင့် ဆိုက်တိုက်လတံ့ဟုကား ကြုံကြိုက်တတ်ပါစွ၊ လူသာမန် နတ်သာမန်တို့ သည် ဖြစ်ခြင်းငှါ ခဲယဉ်းစွ၊ သို့သော် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်တို့ ၏ ချုပ်ငြိမ်း ဖြစ်ပျက်ဟန် အဘန်တန်ကို အမှန်မြင်လိုက်ရပေ၏၊ မြင်လိုက်ပင် မြင်လိုက်ရ ငြားပါသော်လည်း ပဘဿရ ဓာတ်ထူးနှင့်သာ ကာလ ကုန်ခဲ့ရ၏။

အဘယ့်ကြောင့်ဆိုသော် ဝိသုဒ္ဓိခုနစ်တန်နှင့် မပြည့်စုံသေးပေ၊ဆရာကောင်း ကို မမြော်ဆဲသာတည်း။

ဤကဲ့သို့ ပုဂ္ဂိုလ်များသည် ပေါများတတ်လှ၏၊ သို့ပါမူ၍ ပါရမီနှင့် ပြည့်စုံကြကုန်သော မဟာဝိပါက် ဉာဏသမ္ပယုတ် တိဟိတ်ပဋိသံ ကမ္မဇဉာဏ် ပညာရှင်တို့သည် ဘုရားထိုထိုတို့၏ ရှေ့မျက်နှာတော်အောက်မှ သတ္တမဇော စေတနာနှင့်တကွ တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောအရှိန်ဖြင့် ကာမဂေါတြဘု လွန်သည်မှအစ ယခု သပ္ပုရိသူပနိဿယစက် အတ္တသမ္မာပဏိဓိ ဂုဏ်တော်ကို ဆောင်လျက် ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟု ဆိုအပ်

သော ချုပ်ငြိမ်းဖြစ်ပျက်ဟန် အတန်တန်၏ ဘင်္ဂက္ခယကို အမှန်မြင်လိုက်ရသည်ကိုပင်လျှင် ယောဂီ၏ဉာဏ်ဝ၌ ထင်မြင်လိုက်ကြောင်း။

ဤကဲ့သို့ အရာဝယ် ရွှေဉာဏ်တော် အရှင်မြတ်သည် သိစေတော်မူအပ်လိုရကား ဘွင့်ထုတ်အပ်သော သံယုတ်အဋ္ဌကထာ ဒေသနာ လာတော်မူသည်မှာ—

ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတောပဘံ့ သင်္ခါရပရိက္ခေပေန နိဗ္ဗာနံ ဒဿိတံ။

ဟု ပြဋ္ဌန်းတော်မူ၏၊ ဤကဲ့သို့ လာတော်မူသည်ကို ယောဇနာရမည်မှာ—

ဘောတို့။ ဝိညာဏံ၊ ဝိပဿနာဉာဏ်မျက်စိဖြင့်သာမြင်အပ်၏။ အနိဒဿနံ၊ ရူပါရုံနှင့် စက္ခုပသာဒရုပ်တို့တိုက်ဆိုင်၍မြင်ခြင်းလည်း မဟုတ်။ အနန္တံ၊ အဆုံးအပိုင်းအခြားလည်းမရှိ။ သဗ္ဗတောပဘံ၊ အချင်းခပ်သိမ်း အရောင်အဆင်းနှင့်လည်းပြည့်စုံ၏။ ဣတိ၊ ဤသို့။ သင်္ခါရပရိက္ခေပေန၊ သင်္ခါရတရားတို့၏ ချုပ်ငြိမ်း ဖြစ်ပျက်ဟန် အတန်တန်ကို အမှန်မြင်လိုက်ရသည်၏ အဖြစ်ကြောင့်။ နိဗ္ဗာနံ၊ နိရောဓသစ္စာဟု ဆိုအပ်သော သန္တိသုခ အငြိမ်းခတ်တော်ကြီးကို။ ဒဿိတံ၊ မျက်မှောက်ပြု၍ မြင်လိုက်ရ၏။

ဤနေရာ၌ ယောဂီအပေါင်းတို့ မြင်လိုက်ရသော သန္တိသုခခတ် နိရောဓသစ္စာမှသာလျှင် နိဗ္ဗာန်မည်၏ဟု မှတ်ကြကုန်လင့်၊ နိရောဓသစ္စာမှန်း မသိရပါက အဘာဝ အသင်္ခတရဏ အဗ္ဗျူတမမ္မ အတုဋ္ဌ ပဘဿရခတ်မျှသာ ဖြစ်၍ ပညတ်မျှသာတည်း။

ပဘဿရခတ်ဟု ဆိုရငြားပါသော်လည်း ထိုပဘဿရခတ် အသင်္ခတရဏ ခတ်တော်ကြီးကို လူသာမန် နတ်သာမန်တို့အား မြင်ခြင်းငှါ ခဲယဉ်းပေစွ၊ ရာဂဖြင့် ကပ်၍ နှိပ်စက်အပ်သော သူတို့သည် အင်မတန် နူးညံ့သိမ်မွေ့လှစွာသော အပွစ္စယ, အသုတဂုဏ်နှင့် ပြည့်စုံသော နိရောဓသစ္စာ နိဗ္ဗာန်ရွှေဘုံတော်ကြီးကို အရိယာဘုံသို့ သက်ရောက်ကြကုန်သော သာဝကအပေါင်းတို့အား ရွှေကိုယ်တော် သိစေလို၍ မိန့်မြွက်တော်မူသည်မှာ ပဋိသမ္ဘိဒါအဋ္ဌကထာ၌ လာတော်မူသည်မှာ—

ပဋိသောတဂါမိံ နိပုဏံ၊ ဂမ္ဘီရံ ဒုဒ္ဒသံ အဏုံ။
ရာဂရတ္တာ န ဒက္ခန္တိ၊ တမောခန္ဓေန အာဝုဋာတိ။

ဤကဲ့သို့ လာတော်မူသည်ကို ယောဇနာရမည်မှာ—

ဘောန္တော၊တို့။ အဏုံ၊ ပရမာနုမြူ အလားတူသာလျှင်ဖြစ်သော။ နိပုဏံ၊ သိမ်မွေ့စွာထသော။ဂမ္ဘီရံ၊ သက်ဝင်နက်နဲ ခက်ခဲစွာထသော။ဒုဒ္ဒသံ၊ အလွန်မြင်နိုင်ခဲစွာထသော။ တမောခန္ဓေန၊ အဝိဇ္ဇာတည်းဟူသောမောဟသည်။ အာဝုဋာ၊ ပိတ်ဖုံးကာကွယ်အပ်သည်ဖြစ်၍။ ပဋိသောတဂါမိံ၊ နိဗ္ဗာန်သို့ရောက်စေတတ်သောတရားကို။ ရာဂရတ္တာ၊ ရာဂဖြင့် တပ်တတ်ကုန်သော သူတို့သည်။ န ဒက္ခန္တိ၊ မမြင်နိုင်ကြလေကုန်။ ဣတိ၊ သို့။ အာဟ၊ ၏။

ဤကဲ့သို့ ဒေသနာတော်ကို ထောက်တော်မူကြပါသဖြင့် ပညာမဲ့ကင်း အဝိဇ္ဇာဖြင့် မရှင်းကြကုန်သော သူတို့သည် အင်မတန် သိမ်မွေ့နက်နဲ ခက်ခဲလှစွာသော နိရောဓသစ္စာ နိဗ္ဗာန်ကို သံသရာ အထွေး အရှုပ် ပညာဉာဏ်ဖြင့် မဖော်ထုတ်နိုင်ပါက အဘယ်မှာလျှင် မဂ္ဂင်တရားကိုယ်ဖြင့် တိုက်ဆိုင်နိုင်ပါအံ့နည်း။

နိဗ္ဗာန်တို့မည်သည်မှာကား မိမိတို့ ထင်တိုင်းလဲ မဟုတ်ပေ၊ အကျိုးအကြောင်း နှစ်ပါးနှင့်လည်း ကင်း၏၊ သဗ္ဗုပမိ နိဿဂ္ဂဂုဏ်နှင့်လည်း ပြည့်စုံ၏၊ ရှိတယ်လို့ ယူဆပါတော့လည်း အလွဲ၊မရှိဘူးလို့ ယူဆပြန်ပါတော့လည်း အမှား၊ အဲဒီတော့ ယောဂီတို့...အလွဲနှင့် အမှားအကြားမှာ သံသယမကင်းပါ၍ ဝေမတိက ဖြစ်ပြန်တော့ အမရာဝိက္ခေပနှင့်ငြား၊ အဲဒီလိုဆိုပြန်တော့ တခါထပ်၍ မှားပြန်၊ယောဂီအပေါင်းတို့ တခါသတိထပ်၍ စဉ်းစားကြပါနော်၊ မဇ္ဈိမပဋိပဒါ လမ်းစဉ်နှင့် မကိုက်ညီပါက အမှားနှင့်သာ ကာလကြာတတ်လေ၏၊ လိုရင်းမှာတော့ သတိဖြင့် ဆင်ခြင်ကြရာဝယ် နိဗ္ဗာန်ဆိုသည်မှာကား သန္တိသုခဂုဏ်နှင့် ပြည့်စုံမှုသာလျှင် ဘုရား အရိယာ သူတော်စွာတို့၏ အာရုံနှင့် တိုက်ဆိုင်ကြပေမည်၊ ဤနေရာ၌ ထောက်တည်ရာ ရကြစေခြင်း အကျိုးငှါ မှတ်သားဘွယ်တခု အကျိုးပြုခဲ့သည် မှာ ထောက်ချင့်နိုင်ကြစေလို၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒေသနာ လာရာဝယ်—

သဗ္ဗူပဓိနိဿဂ္ဂေါ ဝဋ္ဋူပစ္ဆေဒေါ တဏှာက္ခယော ဝိရာဂေါ နိရောဓော တိ တံကိ နိဗ္ဗာနံ။

ယောဇနာရမည်မှာ—

သဗ္ဗူပဓိနိဿဂ္ဂေါ၊ ခပ်သိမ်းသော ဥပဓိတရားတို့၏စွန့်လွှတ်ရာ။ ဤနေရာ၌ အမှာစကားဘရပ်ဖြင့် ဥပဓိကရားတို့ စွန့်လွှတ်ရာ နိဗ္ဗာန်ဟူက ဥပဓိတရားကို သိပါမှ နိဗ္ဗာန်ဟု ခေါ်ဆိုရာဝယ် မျက်မှောက်ပြုဘူးသော သူတို့အား သိစေအပ် လိုလှ၍—

၁ ကာမုပဓိ။ ၂ ခန္ဓူပဓိ။ ၃ ကိလေသုပဓိ။ ၄ အဘိသင်္ခါရုပဓိ ဟူလို။ သို့ပါ၍ ပြန်၍ ယောဇနာလိုက်၏။

သဗ္ဗူပဓိနိဿဂ္ဂေါ၊ ခပ်သိမ်းသော ဥပဓိတရားတို့၏စွန့်လွှတ်ရာ။ ဝဋ္ဋူပစ္ဆေဒေါ၊ ဝဋ်သုံးပါးတို့၏ ပြတ်တောက်ရာ။တဏှာက္ခယော၊ တပ်မက်မှုတဏှာကုန်ရာ။ ဝိရာဂေါ၊ဆာလောင်မှုတဏှာပြယ်ရာ။နိရောဓော၊ ရုပ်နာမ်နှစ်ပါးတို့၏ချုပ်ငြိမ်းရာ။ တံကိ၊ ယာဉ်သုံးပါးတို့၏ ကွယ်ရာ။ ဣတိ၊ ဤသည်ကား။ နိဗ္ဗာနံ၊ နိဗ္ဗာန်တည်း။

ဤနေရာ၌ ယောဂီအပေါင်းတို့ နိဗ္ဗာန်ကို မျက်မှောက်ပြုဘူးသော အရိယာ ပုဂ္ဂိုလ်တို့မှသာလျှင် ယုံကြည်နိုင်ကြပေမည်။

ရှာ၌နေသူ အယူမတူကြကုန်သော ပုထုဇ္ဇနသဘာဝတို့၏ နှယစဉ်လာ သာ မန်သူတို့မှာကား နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှါ အဘယ်မှာလျှင် တတ်အံ့ပါ နည်း။ နိဗ္ဗာန်ဆိုသည်မှာကား သစ္စိကာတဗ္ဗဓာတ်မျိုးသာတည်း၊ သို့ပါမူ၍ လက်သန်းအငုံကထော လာသည်ကို ပြအံ့သောငှါ—

နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ စတုမဂ္ဂဉာဏေန သစ္စိကာတဗ္ဗံ။

ဟု မိန့်မြွက်တော်မူသည်မှာ နိပ္ပရိယာယအားဖြင့် ထင်ရှားစွာ ရှိပေ၏။

**အနက်ကား** ပန၊ နိဗ္ဗာန်ဂုဏ်ပုဒ် အမှန်သရုပ် ထုတ်ဘွင့်ဦးအံ့။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ အာရမ္မဏဘူတံ၊ အာရုံဖြစ်၍ဖြစ်သော။ စတုမဂ္ဂဉာဏေန၊ လေးပါးသောမဂ်ဉာဏ်ဖြင့်။ သစ္စိကာတဗ္ဗံ၊ မျက်မှောက်ပြုအပ်သော။ လောကုတ္တရသင်္ခါတံ၊လောကုတ္တရာဟုဆိုအပ်သော။ နိဗ္ဗာနံ၊နိရောဓသစ္စာနိဗ္ဗာန်ဟူ၍သိလေ။

ဤကဲ့သို့ လာသည်ကို ထင်ရှားလှပါသဖြင့် သာသနာတော်တွင်း၌ ခေါ်ဝေါ်သမုတ်အပ်ကြသည်မှာ အလိုတော်နှင့် ကိုက်ညီအောင် ယူဆတတ်ကြမှသာလျှင် နိဗ္ဗာန်မည်ပေ၏။

သို့ပါ၍ ကိလေသာကုန်လျှင် နိဗ္ဗာန်ဟု ပြောတတ်ကြ၏၊ ရုပ်နာမ်နှစ်ပါးချုပ်ငြိမ်းပြန်လျှင်လဲ နိဗ္ဗာန်ဟု ပြောတတ်ကြ၏၊ မဟုတ်နိုင်သေးပေ၊ ဤလို မယူဆကြနှင့်၊ ယူဆရမည်မှာကား နိရောဓသစ္စာမှသာလျှင် နိဗ္ဗာန်မည်ပေ၏ဟု မှတ်ကြကုန်ရာသည်။

တရားအားထုတ်သော ယောဂီအပေါင်းတို့သည် ကြပ်ကြပ်ကြီး သတိချုပ်စေလိုကြ၏၊ ပညတ်နှင့် ပရမတ် ပညာဉာဏ်ဖြင့် သိမ်းဆည်းတတ်ပါမှ အယူတော်နှင့် ညီမျှကြပေမည်၊ အလိုနှင့် အတိုး၊ အပိုနှင့်အလျော့၊ လျော့လျှင်မိစ္ဆာသာလျှင်ဒိဋ္ဌိ၊ ဝိညာဏ်ပညာ မြင်နှစ်ဖြာမှာ ချိန်ခွင်ပမာဏ ဉာဏ်မြင်အောင်ဘောင်ဝင်မှ မဇ္ဈိမပဋိပဒါ လမ်းအစဉ်နှင့် ညီကြမည်မှာ ယောနိသောမနသိကာရဖြင့် ကိုက်ညီကြမည်မှာ မလွဲသာတည်း။

သို့ပါမူ၍ နိရောဓသစ္စာ နိဗ္ဗာန်မည်သည်မှာကား သုံးဆယ့်တစ်ဘုံမှ လွတ်၍ လောကုတ္တရာအရာဝယ် ဘုရားအရိယာ သူတော်စဉ်တို့ နယ်မှာ အဝတ္တာဘုံနယ်သာတည်း။ ဒါန သီလ အဖြာဖြာ၊ သမထဘာဝနာတို့မည်သည်မှာ သုံးဆယ့်တဘုံအတွင်းမှာသာ ပညတ်နယ်၌သာ တည်လျက် လောကီကုသိုလ်မျှသာတည်း။

ထိုပညတ်မှ အသီးထုတ်၍ ရအပ်ရောက်အပ်သော မုချဆတ်ဆတ် ပရမတ်ဟု သမုတ်အပ်သော နိရောဓသစ္စာ နိဗ္ဗာန်သည် သန္တိသုခဂုဏ်နှင့် ပြည့်စုံစွာ တည်လျက် သစ္စိကာတဗ္ဗ ဓာတ်မျိုးမျှသာတည်း။

လိုရင်းမှာကား တပဂုဏ် ဗြဟ္မစရိယဂုဏ် အရိယသစ္စာနဒဿနဂုဏ် နိဗ္ဗာနသစ္ဆိကိရိယဂုဏ် ဤလေးပါးသော ဂုဏ်တို့ဖြင့် ဆောင်လျက် အင်္ဂုတ္တရ မင်္ဂလသုတ္တန်ပဒ ပြအပ်ရာဝယ်—

တပေါ စ ဗြဟ္မစရိယဉ္စ၊ အရိယသစ္စာန ဒဿနံ။
နိဗ္ဗာန သစ္ဆိကိရိယာ စ—

ဟူ၍ ဖလူပစာရအားဖြင့် ပြတော်မူ၏။

**အနက်ကား** တပေါ စ၊ ခြိုးခြံစွာကျင့်ခြင်းရင်း။ ဗြဟ္မစရိယဥ္စ၊ မြတ်သော အရိယာအကျင့်ရင်း။ အရိယသစ္စာနဒဿနဥ္စ၊ အရိယ သစ္စာတို့ကို မြင်နိုင်ခြင်း ရင်း။ နိဗ္ဗာနသစ္ဆိကိရိယာ စ၊ အရိယာတို့မှ ပစ္စက္ခသိဒ္ဓိဉာဏ်ပေါက် နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ခြင်းရင်း။

ဤကဲ့သို့ အကြောင်းကြောင်းဖြင့် ထောက်တော်မူကြပါသဖြင့် ပကတိ စက်စက် အသစ်အသစ်ဖြင့် သန္တိသုခဓာတ် တည်နေတော်မူသော နိရောဓသစ္စာ နိဗ္ဗာန်ရွှေဘုံတော်ကြီးသည် ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သော ပဋိပ္ပတ္တိ ဟက ယောဂီပုဂ္ဂိုလ် အပေါင်းတို့မှာကား အကျင့်နှင့် လဲလှယ်ဖလှယ်၍ နောက် ကပြခဲ့သော ဒါန သီလ ဘာဝနာတို့၏ အကြောင်းဟိတ် အဆက်ဆက်ဖြင့် ဉာဏ်ဖြင့်ပြေးဝင်၍ ဆိုက်ရောက်သည်ကို ပြတော်မူလို၍ -

အဇရံ ဇရမာနေန၊ တပမာနေန နိဗ္ဗုတိံ။
နိမ္မိယံ ပရမံ သန္တိံ၊ ယောဂက္ခေမံ အနုတ္တရံ။

ဟု စရိယာသုတ် အဋ္ဌကထာ၌ လာတော်မူ၏။

**အနက်ကား** အဇရံ၊ အိုခြင်း နာခြင်း ဆွေးမြေ့ခြင်းလည်း မရှိထသော။ ဇရမာနေန၊ အသစ်စက်စက် ပကတိဖြင့် တည်နေထသော။ ပရမံ၊ ဆထက် လွန်ကြူးအထူးသဖြင့် မြတ်လှစွာထသော။ သန္တိံ၊ ထင်ရှားရှိသော။ ယောဂ က္ခေမံ၊ ဘေးအပေါင်းတို့မှလည်း လွတ်မြောက်ရာလည်း ဖြစ်ထသော။ အနု တ္တရံ၊ အတုမရှိမြတ်သည်ထက်မြတ်သော။ နိဗ္ဗုတိံ၊ မီးဆယ့်တတန်ငြိမ်းရာအမှန် လေးသစ္စာရှုခေါ် နိဗ္ဗာန်ရွှေဘုံတော်ကြီးသည်။ တပမာနေန၊ ကျင့်မျိုးကြံမျိုး ဒါနတန်ခိုးနှင့်။ နိမ္မိယံ-စေတာပေယျံ၊ လဲလှယ်ဖလှယ် ဝယ်ယူမှုရအပ်သော တရားမျိုးတည်း။

ထို့ပါသောကြောင့် စရိယာသုတ္တန္တ ဒေသနာတော် အရဝယ် လေးပါးသော အင်္ဂါနှင့် ပြည့်စုံမှသာလျှင် နိရောဓသစ္စာ နိဗ္ဗာန်သို့ အမှန်ဆိုက်ရောက်နိုင် ကြောင်း သတိရှိကြစေလို၏။

ထို့ပါမူ၍ အင်မတန်ခဲယဉ်းလှစွာသော အဇာတိ အဗျာဓိ အမရဏ အရဇ အနိမိတ္တ အပ္ပဏိဟိတ သုညတဖြင့် ဆိုက်ရောက်အပ်သော အသခ်တဓာတ်မြတ်

နိဗ္ဗာန်ဆိုသည်မှာ မိမိ၏ အယူမပြောင်း ပါရမီဉာဏ်ဖြင့် မသွန်းမလောင်းနိုင် ပါက သစ္စိကာတဗ္ဗဂုဏ်နှင့် မျက်မှောက်ပြုခြင်းငှါ ခဲယဉ်းပေ၏။ ခဲယဉ်း လှသည်ကို ရှေးဆရာတော်တို့ စေနာလင်္ကာရဖြင့် သီကုံး ထုံးဖွဲ့ခဲ့သည်မှာ—

နိဗ္ဗာန်မြင်ခက်၊ အမောင်ခက်တို့၊ ခက်ပေ့စးတောင်း၊ အိုလူပေါင်းတို့၊ အကြောင်းကျနုး၊ ဟောညွန်ပြလည်း၊ နားကမပါ၊ ဉာဏ်မလွှာ၍၊ ပြောပါ ကတဲ၊ လွန်ခက်ခဲ၏၊ မျက်စိကပေ၊ တစွေစွေနှင့်၊ တေလေငတိ၊ သဘောမမိ၊ ပြောမချည့်က၊ ဒိဋ္ဌိအမူ၊ အယူမပြောင်း၊ တစောင်းတစိ၊ ပြောင်းမကြည့်ဘဲ၊ သင်၏အကြောင်း၊ ဘဝနှောင်းသည်၊ နင်၏ဉာဏ်နုံ ကုန်သည်တည်း။

ဤကဲ့သို့ စာတမ်းကို ထောက်ပါခဲ ဖြင့် အယူကိုလည်း ပြောင်းပါမှ ပါရမီ၏ အကြောင်းကိုလည်း ထည့်လောင်းပါမှ အင်မတန်ခက်ခဲ နက်နဲလှသည့် အသင်္ခတ ဓာတ်မြတ်တော်ကြီးသည် ပါရမီရှင်များမှသာ လွယ်လွယ်ကလေးနှင့် ပေါ်လွင် နိုင်၏၊ လွယ်လွယ်ကလေးနှင့်လည်း ခက်၏။ တိမ်တိမ်ကလေးနှင့်လည်း နက်၏၊ ပါရမီ မရှိသော သူများအဘို့မှာ ကျဉ်းကျဉ်းကလေးနှင့်လည်း ကျယ်၏၊ သပ္ပုရိသူပ ဆရာကောင်းနှင့် တွေ့ပါက မည်မျှလောက်ပင် ကျယ်ပင်ကျယ်ပါ သော်လည်း ကျဉ်းကျဉ်းကလေးနှင့် သိနိုင်၏၊ သို့ပါမူ၍ စာတမ်းတရပ်ဖြင့် ရေးထုတ်အပ်သော ဝစနာလင်္ကာရ မူရမည်မှာ -

လွယ်လွယ်မထင်လိုက်နဲ့ အလွန်ခက်သည့်တရား၊ တိမ်တိမ်မထင်လိုက်နဲ့ အလွန်နက်သည့်တရား၊ မယုံလျှင်စမ်းကြဘော့စိတ်ပမ်းလိမ့်မယ်၊ဆရာကိုယ် တိုင်ပြမှ နည်းကျလိမ့်မယ်၊ လွယ်လျက်ခက်တယ် သိနိုင်ဘွယ် ဆရာရှာလေ ဘိ၊ တိမ်လျက်နက်တယ်၊ ကျဉ်းလျက် ကျယ်၊ ကျမ်းမှာသေချာရှိ။

ဤကဲ့သို့ ဝစနာလင်္ကာရအရ ထောက်၍ သိကြမည်မှာ ဆရာကောင်းနှင့် တွေ့ပါမှ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို ရကြမည်မှာ သပ္ပုရိသံသေဝေါ ယောနိသော မနသိကာရော ဓမ္မာနုဓမ္မပဋိပတ္တိ သဒ္ဓမ္မသဝန အတိဒုလ္လဘဟု လေးပါးသော အကြောင်းတို့နှင့် ကိုက်ညီပါမှ အာနာပါနကမ္မဋ္ဌာန အရာဝယ် ပဏ္ဏာသ အဋ္ဌကထာ၌ လာသည်ကို ပြတော်မူလို၍ -

အာနာပါနဿတိံ တိ အဿာသ ပဿာသေ ပရိဂ္ဂဟေတွာ အရဟတ္တံ ဂဏှာတီတိ ဒဿေတိ။

ဟု နောက်က ပြခဲ့သည်များကို အာရုံဖြင့်စိုက်လျက် ထွက်သက်ဝင်သက်ကို အမှန်မှုချ သိမ်းဆည်းနိုင်ခဲ့ပါမူ ပြသအပ်ခဲ့သော အရိယာမဂ္ဂ ဒွယအားလျော်စွာ အရဟတ္တမဂ် ဉာဏ်သို့တိုင်အောင် ရောက်နိုင်ခဲ့သော်ဟုဆိုရာ အောက်မဂ် အောက်ဖိုလ်၏ အရာတော်များ၌ ဗျတိရေကနည်းဖြင့် ပြီးစီးတော်မူကြပုံကို နိပ္ပရိယာယဓမ္မဖြင့် အသင်ပညာရှိအပေါင်းတို့အား ဆုံးဖြတ်တော်မူကြစေလို၍ မိဂပဒဝဋ္ဋဥ္စနဖြင့် အကြောင်းနည်းတရပ်ဖြင့် သိထိုက်တော်မူလှပေ၏။

သို့ပါ၍ အရိယာမဂ္ဂသို့တိုင်အောင် ကျင့်ကြံကြိုးကုတ် အားထုတ်ကြကုန်သော ယောဂီအပေါင်းတို့သည် မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဖြစ်ခြင်း ပျက်ခြင်း တည်းဟူသော ရုပ် နာမ်ဓမ္မတို့ကို ဆင်ခြင်၍ သင်္ခါရတရားတို့၏ ပြုပြင်စီရင်လျက်ရှိသော တရိပ်ရိပ် တရှိန်ရှိန်တို့ဖြင့် သင်္ခါရဇာတ်သိမ်း၍ ဓမ္မဒွယအား လျော်စွာ အငြိမ်းကြီးငြိမ်း၍ ချုပ်ငြိမ်းသည်ကိုပင်လျှင် နိရောဓသစ္စာ နိဗ္ဗာန် ရွှေဘုံတော်ကြီးဟူ၍ သစ္စိကာတဗ္ဗဂုဏ်ဖြင့် မျက်မှောက်ပြုလိုက်ရကြောင်း။

နိဗ္ဗာန်ဆိုသည်ကား သစ္စိကာတဗ္ဗဓာတ်သာ ဟူ၏၊ သတိရှိတော်မူကြစေ အသင် ယောဂီအပေါင်းတို့၊ ဤ၌ပင်လျှင် နိရောဓသစ္စာ နိဗ္ဗာန်၏ ဓမ္မသတ်တခဏ်း တရပ်အနေဖြင့် ကထာသတ်လိုက်ရပေသတည်း။

၁၃၁၈-ခု ရန်ကုန်မြို့ ဂွတ္တလစ် ရတနာပုံရိပ်ငြိမ်၌ သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် အရှင်မဟာ ထေရတိဿဆရာတော်သည် ရဟန်း ရှင် လူ ယောဂီအပေါင်းတို့က အခါခါ ဝပ်တွား တောင်းပန်အပ်ကြွေးပါ၍ ကျင့်ဇဉ်စာအုပ် ဖွဲ့စည်းချုပ်၍ ရိုက်ထုတ် ပေးသနားတော်မူပါဘုရားဟု လျှောက်ထားကြလေရာ ထိုသို့လျှောက်ထားကြရာငယ် စေတနာဗလဝ သဒ္ဓါထက်သန်လှစွာဖြင့် ဓမ္မသံယောဇဉ် ကရုဏာမကင်းပါ၍ အပေါ်သုက္က ကြောင့်ကြမဲ့ မနေလိုသောစိတ်ဖြင့် ပဋိညာကာရဂုဏ်ကို ငဲ့တော်မူသည်ဖြစ်၍ ရေးသားပြုပြင် စီရင်ခဲ့လေပေ ပြီးဆုံးခြင်းသို့ မရောက်ခဲ့ပါမူ၍ ယခု နောက်ထပ်တဖန် အားလုံးသော ယောဂီ

အပေါင်းတို့က အတန်တန် ထပ်မံ၍ လျှောက်ထားကြပြန်ရာဝယ် ပြည်မြို့ ခေတ္တရာမြို့သစ် ပုပ္ဖာဝိဒေဟ ထိပ်ဦးဝယ် စက္ခုရုတောင်တော်၌ မဟာမဏ္ဍလဘုမိ အောင်ဗောဓိအမည်ရှိသော အေးမွေ့ရုံတော်ကြီးအတွင်း၌ ယာပိုတ်လေးဖြာ ဝိပဿနာခမ္မဖြင့် မျှတလျက် သီတင်းသုံးတော်မူ၍ နေသည့်အခါဝယ် ၁၃၂၉-ခု ဝါခေါင်လဆုတ် ၅-ရက်နေ့မှ အစပြု၍ ဒုတိယကဏ္ဍအနေဖြင့် ဝေဘန်ပိုင်းခြား၍ ကဏ္ဍကြီး ၄-ရပ် ဆက်စပ် ဘွင့်ထုတ်တော်မူသည်မှာကား –

သစ္စကဏ္ဍ ဟူ၍ရင်း, မဂ်ကဏ္ဍ ဟူ၍ရင်း, ဖိုလ်ကဏ္ဍ ဟူ၍ရင်း, နိဗ္ဗာန်ကဏ္ဍ ဟူ၍ရင်း ခွဲခြား၍ စီရင်ခဲ့လေရာ ယခုနောက်ဆုံး သစ္စာတည်းဟူသော ကဏ္ဍဖြင့် တော်သလင်းလဆန်း ၁၀-ရက် ဗုဒ္ဓဟူးနေ့ သစ္စကဏ္ဍဖြင့် ဂန္ထန္တရ ဗဟုသုတ အနေဖြင့် ရှာဖွေကောက်နုတ် ရွေးထုတ်တော်မူ၍ သုခ်သင်ရသည်မှာကား သစ္စာလေးပါးသာတည်း။

ထိုသစ္စာလေးပါးသည် တဆယ့်ခြောက်သချေ်နှင့် ကမ္ဘာတသိန်း ကာလ ပတ်လုံး ပါရမီတော်တို့ကို ဖြည့်ကျင့်တော်မူပြီးမှသာ ငါတို့မြတ်စွာဘုရား သခင် ကိုယ်တော်မြတ်သည် ဝီရိယာဓိက ပါရမီတော်အရှင် ဒီပင်္ကရာ မြတ်စွာ ဘုရား၏ ရှေ့တော်မှောက်မှ သုမေဓာ ရှင်ရသေ့အဖြစ်၌ သိဒ္ဓတ္ထကုမာရမင်း အဖြစ်သို့တိုင်အောင် ရမ္မ သုဘ သုရမ္မတည်းဟူသော နန်းမသုံးဆောင်ဝယ် မိဖုယား လေးသောင်း ခြံရံတော်မူလျက် ထီးနန်းကို စိုးစံတော်မူစဉ် ဓမ္မသံဝေဂ ဖြစ်တော်မူသည်မှာကား –

သူအို သူနာ သူသေ ရဟန်း တည်းဟူသော နိမိတ်ကြီးလေးပါးကို မြင်တော် မူ၍ တောထွက်တော်မူပြီးသော် ဒုက္ကရစရိယာ ၆-နှစ် ကျင့်တော်မူပြီးမှသာလျှင် မဟာဗောဓိမဏ္ဍိုင်ဝယ် အပရာဇိတပလ္လင်တော်ထက်၌ ထက်ဝယ်ဖွဲ့ခွေ နေတော် မူပြီး၍ မမှိတ်မသုန်သော မျက်စိတော်ဖြင့် ဆင်ခြင်တော်မူပြီးမှသာလျှင် ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ-ဟု ဆိုအပ်သော လေးပါး သော သစ္စာတရားတို့ကို မဂ်ကိစ္စ ၁၆-ချက်နှင့်တကွ အရဟတ္တမဂ်ဉာဏ် တည်းဟူ သော ထားသန်လျက်ဖြင့် ဖြတ်တော်မူမှသာလျှင် သဗ္ဗညုတရွှေဉာဏ်တော်ဖြင့် မြင်တော်မူပြီး၍ သို့ပါကမှ သဗ္ဗညုဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ကြောင်း။

သို့ပါသောကြောင့် ဘုရားဟူသည်မှာ သဗ္ဗညုတဉာဏ်ကိုသာ ခေါ်ဝေါ်အပ်၏၊ လိုရင်းမှာကား သစ္စာလေးပါးသာတည်း၊ သို့ပါ၍ ဤသစ္စာလေးပါးတရားတော်သည် အင်မတန် နက်နဲလှပေ၏၊ ဤသစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမှသာလျှင် ဘုရားအဖြစ်သို့ ရောက်တော်မူ၏၊ ဘုရားဆိုသည်ကား သစ္စာလေးပါး ဟူလိုသော်။ အရဟတ္တမဂ်အရာ၌သာ တည်တော်မူ၏၊ ဆရာမကူပါဘဲနှင့် သယမ္ဘူဟု ထိုက်တော်မူ၏၊ ဂင်္ဂါဝါဠု သဲစုမက ပွင့်တော်မူကြကုန်သော ဘုရားရှင်တို့သည်ကား ဤသစ္စာလေးပါးချည်းသာတည်း။

အရိယာရှစ်ယောက် ပုဂ္ဂိုလ်တို့မည်သည်မှာ အဆူဆူသော သာသနာတော်၌ ဒေသနက္ကမနည်းဖြင့် ကြားနာရပါ၍ ဤသစ္စာလေးပါးကို ထိုးထွင်း၍ သိခဲ့သည်ဖြစ်သော် ကမ္မဖလအားလျော်စွာ သာဝကအရိယာများသာ ဖြစ်တော်မူကြ၏၊ ဤသစ္စာလေးပါးသာချည်း ဟူလိုသော်။

သို့ပါ၍ သစ္စာလေးပါးကို ထိုးထွင်း၍ သိရာ၌ ဘုရားဖြစ်သည်ဟု ဆိုရာ စကားဝယ် မှန်ပါ၏၊ သို့သော်—

၁ သမ္မာသမ္ဗုဒ္ဓ။ ၂ ပစ္စေကဗုဒ္ဓ။ ၃ သာဝကဗုဒ္ဓ ဟု ဒေသနာ လာတော်မူ၏။ ဖွင့်ထုတ်၍ ပြရမည်ဆိုပါက—

"ဗုဒ္ဓါနုဗုဒ္ဓါ စတုသစ္စသမ္ဗောဓေန ဗုဒ္ဓါနာမ ဟောန္တိ" ဟုလာရာဝယ် သာဝကဗုဒ္ဓအရာ၌ မဂ္ဂဋ္ဌာန်လေးယောက် ဖလဋ္ဌာန်လေးယောက်ဟု ရှစ်ယောက်သော အရိယာပုဂ္ဂိုလ်တို့၏ ပြဋ္ဌာန်းအပ်သောအရာတည်း။

သို့ပါ၍ သစ္စာလေးပါးတို့၏ အံ့မခန်းနိုင်အောင် ပြဋ္ဌာန်းအပ်သည်ကား ထိုသစ္စာလေးပါးကို သိတော်မူမှသာလျှင် ငါတို့၏ထိပ်တင် ဂေါတမအရှင်သည် ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့ပေ၏၊ သို့ပါ၍ သစ္စာလေးပါးကား ဘုရား၊ သစ္စာလေးပါးကို သိသောဉာဏ်သည် သဗ္ဗညုတဉာဏ်ဟု သတိရှိကြစေလို၏၊ သစ္စာလေးပါးမှ မသိခဲ့ပါလျှင် ဘုရားဖြစ်တော်မမူ၊ သို့ပါသောကြောင့် ဧရိယအဋ္ဌကထာ၌ လာတော်မူသည်ကို နောက်ထပ်တဖန် ထောက်ပြန်ရသော်—

ဗုဒ္ဓါနုဗုဒ္ဓါ စတုသစ္စသမ္ဗောဓေန ဗုဒ္ဓါနာမ ဟောန္တိ။

ဟု ယောဇနာအံ့ငှါကား-

ဗုဒ္ဓါနန္တိ၊ ဟူသည်ကား။ စတုသစ္စသမ္ဗောဓေနေ၊ လေးပါးသော သစ္စာကို ထိုးထွင်း၍ သိခဲ့သည်ရှိသော်။ ဗုဒ္ဓါ နာမ၊ မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။

ဤကား မဂဓ တိုင်းသူတိုင်းသားတို့၏ ခေါ်ဝေါ်သမုတ်အပ်သော အမည်သည် ဗုဒ္ဓဟုခေါ်၏၊ ယခုသာသနာတော်အတွင်း၌ မြန်မာတိုင်းပြည် ဗုဒ္ဓဘာသာ လူမျိုးတို့သည် ဘုရားဟုခေါ်ကြ၏၊ ဘုရားနှင့် ဗုဒ္ဓ၊ သို့မဟုတ် ဗုဒ္ဓနှင့် ဘုရား မခြား တသားတည်း အတူသာတည်း။

ဗုဒ္ဓမည်သည်မှာ မာဂဓဘာသာ အသုံးသာတည်း၊ မြန်မာ တိုင်းပြည်မှာ ဘုရားဟု ခေါ်သတည်း။

ထိုသို့ခေါ်ရာ သုံးမျိုး သုံးစားရှိ၏၊ သမ္မာသမ္ဗုဒ္ဓ ဟူ၍၎င်း၊ ပစ္စေကဗုဒ္ဓဟူ၍၎င်း၊ သာဝကဗုဒ္ဓဟူ၍၎င်း ခေါ်ဝေါ်သမုတ်ကြ၏။ အဘယ့်ကြောင့်ဆိုသော် သစ္စာ လေးပါးကို တပြိုင်နက် ထိုးထွင်း၍ သိခြင်းကြောင့်သာ ဗုဒ္ဓမည်၏ ဟူလို။ ထိုကဲ့သို့ သစ္စာလေးပါးကို တပြိုင်နက် ထိုးထွင်း၍ သိပါက ယခု အားထုတ်ကြ ကုန်သော ရဟန်း ရှင် လူ ခပ်သိမ်းသူတို့သည် ဗုဒ္ဓမည်ပေ၏၊ ဗုဒ္ဓဟုဆိုရသော် သာဝကဗုဒ္ဓသာဘည်း၊ အဘယ့်ကြောင့် သာဝကဗုဒ္ဓဟု မေးလိုကြငြားအံ့၊ ထို အမေးကို ဖြေအံ့သောငှါ တဆူသော ဘုရားသခင်၏ သာသနာတော်ကို အမှီပြု ၍ ကျင့်ကြံကြိုးကုတ် အားထုတ်ရလေသောကြောင့် တပည့်သားအဖြစ်နှင့် သစ္စာ လေးပါးကို ထိုးထွင်း၍ သိရသည်၏ အဖြစ်ကြောင့် သာဝက ဗုဒ္ဓမည်ပေတော့၏၊ သတိပြုကြလေကုန်၊ အရိယာပုဂ္ဂိုလ်ဟူ၍ ခေါ်ဆိုသမုတ်အပ်၏၊ သုပ္ပဋိပန္နတာ အစရှိသော ကိုးပါးသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူလေသောကြောင့် ပရ မတ္ထသံဃာတော် ဖြစ်၏ဟူလို။

ဤနေရာ၌ပင်လျှင် သမ္မုတိသံဃာတော်နှင့် ပရမတ္ထသံဃာတော်ကို ခွဲခြား၍ သိကြလေ။ သမ္မုတိသံဃာတော်သည် လေးပါးမှအစ ရာ ထောင်များစွာ ရှိသော်လည်း ပုထုဇဉ်သံဃာမျှသာတည်း။ သို့ပါမူ၍ ၎င်းပုထုဇဉ် သံဃာတော် များလည်း တပါးမှာပုဂ္ဂိုလ် နှစ်ပါးမှာဂိုဏ်း သုံးပါးမှာသည်းဂိုဏ်း လေးပါးရှိမှ သမ္မုတိသံဃာထိုက်၏။ သို့ပါမူ၍ ဒါနပြုကြရာဝယ် သမ္မုတိသံဃာတော်ကို လှူရ သည်ထက် အရိယာဖြစ်တော်မူကြသော ပရမတ္ထသံဃာတော်များကို လှူရခြင်း

ညည် ဆထက်လွန်ကြူး ထူးမြတ်၏၊ သဗ္ဗညုတဉာဏ်တော်ရှင်ဆိုပါက အတိုင်းထက်အလွန် တံခွန်နှင့်တူရားပေ၏။

သို့ပါမူ၍ ပေါရာဏ စကားအလာ ဖော်ပြရမည်မှာ -

ညောင်ပင်ကြီးလောက်လှူလျှင် ညောင်စေ့လောက်ရပါသည်တဲ့၊ ညောင်စေ့လောက်လှူလျှင် ညောင်ပင်ကြီးလောက် ရသည်ဟူရာ ဝေဘန်ရမည်ဆိုပါက ပုထုဇဉ်သံဃာတော်များကို သဒ္ဓါထက်သန်စွာ အသပြာမြောက်မြားစွာဖြင့် ညောင်ပင်ကြီးလောက်ရှိအောင် လှူပါငြားသော်လည်း အရိယာသံဃာတော်များကို ညောင်စေ့လောက်ပင် ဖြစ်စေ လှူရပါက အတိုင်းထက်အလွန် မြတ်ကြောင်းကို ဝိသုဒ္ဓိမဂ် နိဒ္ဒေသအဋ္ဌကထာအရ လာတော်မူသည်မှာ -

> အပ္ပကာပိ ကတာကာရာ၊ သီလဝန္တေ မဟပ္ဖလာ။
> ဟောန္တီတိ သီလဝါ ဟောတိ၊ ပူဇာသက္ကာရဘာဇနံ။

ဟု ဘွင့်ပြတော်မူ၏။

**အနက်ကား** သီလဝန္တေ၊ သီလရှိသော ပုဂ္ဂိုလ်တို့ကို။ကတာကာရာ၊ ပြုလုပ်လှူဒါန်း ကြကုန်သောသူတို့သည်။ အပ္ပကာပိ၊ အနည်းငယ်မျှပင်လှူရငြားပါသော်လည်း။ မဟပ္ဖလာ၊ များစွာဖွင့်ဖြိုး ကောင်းကျိုးကြီးစွာပေးနိုင်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ သီလဝါ၊ သီလနှင့်ပြည့်စုံသောသူတို့သည်။ ပူဇာသက္ကာရဘာဇနံ၊ ပူဇော်အထူးကိုခံတော်မူထိုက်သောတည်ရာမည်သည်။ဟောတိ၊ဖြစ်၏။

ဤကဲ့သို့ ဒေသနာဒတော် လာသည်ကို ဝေဘန်ရမည်မှာ သီလနှင့်ပြည့်စုံသောပုဂ္ဂိုလ်များကို လှူရပါက အကျိုးကြီးစွာ ပေးနိုင်ကြောင်းကို သတိရှိတော်မူကြစေလို၏၊ သို့ပါသောကြောင့် ဒါနအမျိုးမျိုး သီလအမျိုးမျိုးတို့သည် ဝီရိယစိုက်ထုတ်၍ လုံ့လဥဿာဟနှင့် ပြုပင်ပြုပါငြားသော်လည်း မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မရောက်ကြသည်ကို ထောက်ဆရသော် အလှူခံပုဂ္ဂိုလ်နှင့် အလှူပေးပုဂ္ဂိုလ်တို့၏ ပါရမီဉာဏ် မတိုက်ဆိုင်၍သာ ဖြစ်ကြပေ၏။

ပါရမီဉာဏ် တိုက်ဆိုင်ရမည်မှာကား အလှူပေးပုဂ္ဂိုလ်ကလည်း နောက်နောင်က ဘဝရာ ထောင်မှ သတ္တမဇော‌ရှင် ဖြစ်ပါမှ ယခုဘဝမှာလည်း ပဋ္ဌမဇော

စေတနာနှင့် တိုက်မိပါက အလှူပေး အလှူခံပုဂ္ဂိုလ်၏ ကာမာဝစရဘာဝနာ အပြိုင်တွင် မဟာကုသိုလ် ဉာဏသမ္ပယုတ်နှင့် ယှဉ်ပါမှ အလှူခံပုဂ္ဂိုလ်ကလည်း ထိုမဟာကုသိုလ်ဇော စိတ်အစဉ်အားလျော်စွာ ကာမဂေါတြဘုဖြတ်အောင် မဂ်နှင့်လျော်သော အလှူကို ခံတတ်ပါမှ သို့မှသာလျှင် သစ္စာလေးပါးကို ထိုးထွင်း၍ သိလျက် ပရိက်ဇောမှအစ အနုလုံတိုင်အောင် လောကုတ္တရာ ဂေါတြဘု ဖြတ်သည်အထိ အလေ့အကျင့်ဖြင့် ဆုံးမ၍ အလှူခံတတ်ပါမှ သို့မှသာ သစ္စာလေးပါးကို တပြိုင်နက်တချက်ထည်း ထိုးထွင်း၍ သိနိုင်ကြပေမည်။

ဤကဲ့သို့ သာသနာတော်၌ သစ္စာလေးပါးကို ထိုးထွင်း၍ သိပါက သာဝက ဗုဒ္ဓ ထိုက်တော်မူပေ၏၊ သမ္မာသမ္ဗုဒ္ဓနှင့် ပစ္စေကဗုဒ္ဓ အရှင်မြတ်တို့မှာကား ဆရာမကူရပါ၍ "ပုဗ္ဗေအနနုဿုတေ" ဟု ရှေးက ကြားသော်မှ မကြားဘူးခဲ့ပါဘဲ မိမိအလိုလို ထိုးထွင်း၍ သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူလေသောကြောင့် သမ္မာသမ္ဗုဒ္ဓဟူ၍၎င်း၊ ပစ္စေကဗုဒ္ဓဟူ၍၎င်း ဤနေရာ၌ပင်လျှင် သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူကြပုံကား ပေါ်လွင်လှလေပြီ၊ သိတော်မူကြလေကုန်အံ့။ ယခု သာသနာတော်တွင် သစ္စာလေးပါးကို ထိုးထွင်းသိပါက သာဝကဗုဒ္ဓ ဖြစ်နိုင်ကြောင်း ခိုင်လုံလှပေ၏။ သုတဗုဒ္ဓ အနုဗုဒ္ဓဟူ၍ ဝေဘန်ရန် ရှိသေး၏။

ထိုသာဝက ဗုဒ္ဓကိုပင်လျှင် တဆင့်စကား ကြားနာရ၍သော်၎င်း၊ ကျင့်ကြံကြိုးကုတ် အားထုတ်ရ၍သော်၎င်း သစ္စာလေးပါးကို ထိုးထွင်း၍ သိရလေသောကြောင့် သုတဗုဒ္ဓ မည်ပေ၏။ ထိုသုတဗုဒ္ဓကိုပင်လျှင် နောက်ဆင့် နောက်ထပ် ဗုဒ္ဓထိုက်ကြောင်းကို ပညာဘ်အပ်သမုတ် အပ်လေသောကြောင့် အနုဗုဒ္ဓမည်ပေ၏။ ထိုကဲ့သို့ အနုဗုဒ္ဓမည်ကြောင်းကို မဟာပဓာနဋီကာအရာ၌ ဘွင့်ပြတော်မူသည်မှာ ·

သာဝကဗုဒ္ဓေါတိ သုတဗုဒ္ဓေါ အနုဗုဒ္ဓေါနာမ ဟောတိ။

ဟု ဤအရာ၌ ခိုင်လုံလှလေပြီ။ သို့ပါမူ၍ သစ္စာလေးပါး မြတ်တရားသည် အား မဂ်မရမှီ ရှေးအဘို့၌ ဒုက္ခသစ္စာ သမုဒယသစ္စာ နှစ်ပါးကို သင်ယူခြင်း မေးမြန်းခြင်း နာကြားခြင်း ဆောင်နှင်းခြင်း သုံးသပ်ခြင်းတို့ဖြင့် ထိုးထွင်း၍

သိနိုင်ကြရမည်၊ ထိုသို့ သိနိုင်ကြမှသာလျှင် မဂ်ဉာဏ်သို့ ဆိုက်ရောက်ကြပါက ကျန်သစ္စာ နှစ်ပါးကို ထိုးထွင်း၍ သိနိုင်ကြပေမည်၊ သို့ပါမူ၍ ယောဂီအပေါင်းတို့သည် မဂ်ဉာဏ်ကို လိုလားပါက ရှေဦးစွာ ပရိစယ ပြုကြရမည်မှာ သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင် မိန့်မြွက်တော်မူခဲ့သည်မှာ−

"ဝေမဿ ပုဗ္ဗဘာဂေ ဒွီသု သစ္စေသု ဥဂ္ဂဟ ပရိပုစ္ဆန သဝဏ ဓာရဏ သမ္မသနပဋိဝေဓော ဟောတိ" ဟု လာတော်မူ၏။

**အနက်ကား** ဝေံ၊ ဤသို့။ အဿ၊ ထိုမဂ်ဉာဏ်ကို အလိုရှိသော ယောဂီ ပုဂ္ဂိုလ်အား။ ပုဗ္ဗဘာဂေ၊ မဂ်သို့မရောက်မီ ရှေးအဘို့၌။ ဒွီသု၊ နှစ်ပါးကုန်သော။ သစ္စေသု၊ ဒုက္ခသစ္စာ-သမုဒယသစ္စာတို့၌။ ဥဂ္ဂဟ ပရိပုစ္ဆန သဝဏ ဓာရဏ သမ္မသနပဋိဝေဓော၊ သင်ယူခြင်း မေးမြန်းခြင်း နာကြားခြင်း ဆောင်နှင်းခြင်း သုံးသပ်ခြင်းတို့ဖြင့် ထိုးထွင်း၍သိသည်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့ ယောဂီအပေါင်းတို့ မဂ်တရားကို တကယ်လိုလားပါက မဂ်မရမီ ရှေးအဘို့၌ ဒုက္ခ-သမုဒယ လောကီသစ္စာ ၂-ပါးကို သင်ခြင်း မေးမြန်းခြင်း နာကြားခြင်း အစရှိသည်တို့ဖြင့် ကျွမ်းကျင်လိမ်မာပါမှသာလျှင် ကျန် လောကုတ္တရာ သစ္စာနှစ်ပါးနှင့် တချက်ထည်း တကိစ္စထည်း တပြိုင်နက် မဂ္ဂက္ခဏ၌ပင်လျှင် ခန္ဓာပြတ်ငြိမ်းသည်ကို ထိုးထွင်း၍ သိနိုင်ကြပေလိမ့်လတ့်တည်း။

ထိုသို့ ခန္ဓာပြတ်ငြိမ်းဘူးမှသာလျှင် ပြတ်ငြိမ်း၍ ပြီးသည်မှ နောက်၌ စဉ်းစားဆင်ခြင်ခဲ့သည်ရှိသော် ဩော်....ငါ၏ ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သော တရားတော်၏ ဒံစဉ်သည်ကား ရုပ်နာမ်တရားတို့၏ သခ်ါရဇာတ်သိမ်း၍ ငြိမ်းဟန် ခန္ဓာ၏ အတ္တဘော ကွယ်ပျောက်၍ သွားသည်များကို အဘာဝ ဘာကမှ မရှိ မရသည်ကို အဘယ်လိုဖြစ်၍ သွားပါလိမ့်မည်နည်းဟု စဉ်းစားကြရသည်မှာကား ရှေးသူဟောင်းတို့သည် ပေါရာဏကထာစကား ဤနေရာ၌ ဥပမာထားရမည်ဆိုသော် တဦးသော ယောကျ်ားသည် အကာလ ညအခါ သုပိနအရိပ် အိပ်မက်မက်သည့်အတိတ် မိုးလင်းသောက်ရိပ်အခါ ကျရောက်ရာဝယ် ဤကဲ့သို့ အခါ စဉ်းစားရမည့် ဥပမာကား ပေါရာဏအဋ္ဌကထာ ကျမ်းရှိအလာမှာ ဘွင့်ထုတ်၍ ပြရမည်ဆိုပါက−

သိနိုင်ကြရမည်၊ ထိုသို့ သိနိုင်ကြမှသာလျှင် မဂ်ဉာဏ်သို့ ဆိုက်ရောက်ကြပါက ကျန်သစ္စာ နှစ်ပါးကို ထိုးထွင်း၍ သိနိုင်ကြပေမည်၊ သို့ပါမူ၍ ယောဂီအပေါင်းတို့သည် မဂ်ဉာဏ်ကို လိုလားပါက ရှေ့ဦးစွာ ပရိစယ ပြုကြရမည်မှာ သမ္မောဟဝိနောဒနီ အဋ္ဌကထာရှင် မိန့်မြွက်တော်မူခဲ့သည်မှာ—

"ဧဝမဿ ပုဗ္ဗဘာဂေ ဒွီသု သစ္စေသု ဥဂ္ဂဟ ပရိပုစ္ဆန သဝဏ ဓာရဏ သမ္မသနပဋိဝေဓော ဟောတိ" ဟု လာတော်မူ၏။

**အနက်ကား** ဧဝံ၊ ဤသို့။ အဿ၊ ထိုမဂ်ဉာဏ်ကို အလိုရှိသော ယောဂီပုဂ္ဂိုလ်အား။ ပုဗ္ဗဘာဂေ၊ မဂ်သို့မရောက်မီ ရှေ့အဘို့၌။ ဒွီသု၊ နှစ်ပါးကုန်သော။ သစ္စေသု၊ ဒုက္ခသစ္စာ-သမုဒယသစ္စာတို့၌။ ဥဂ္ဂဟ ပရိပုစ္ဆန သဝဏ ဓာရဏ သမ္မသနပဋိဝေဓော၊ သင်ယူခြင်း မေးမြန်းခြင်း နာကြားခြင်း ဆောင်နှင်းခြင်း သုံးသပ်ခြင်းတို့ဖြင့် ထိုးထွင်း၍သိသည်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့ ယောဂီအပေါင်းတို့ မဂ်တရားကို တကယ်လိုလားပါက မဂ်မရမီ ရှေ့အဘို့၌ ဒုက္ခ-သမုဒယ လောကီသစ္စာ ၂-ပါးကို သင်ခြင်း မေးမြန်းခြင်း နာကြားခြင်း အစရှိသည်တို့ဖြင့် ကျွမ်းကျင်လိမ်မာပါမှသာလျှင် ကျန် လောကုတ္တရာ သစ္စာနှစ်ပါးနှင့် တချက်ထည်း တကိစ္စထည်း တပြိုင်နက် မဂ္ဂက္ခဏ၌ပင်လျှင် ခန္ဓာပြတ်ငြိမ်းသည်ကို ထိုးထွင်း၍ သိနိုင်ကြပေလိမ့်လတ့်တည်း။

ထိုသို့ ခန္ဓာပြတ်ငြိမ်းဘူးမှသာလျှင် ပြတ်ငြိမ်း၍ ပြီးသည်မှ နောက်၌ စဉ်းစားဆင်ခြင်ခဲ့သည်ရှိသော် ဩော်....ငါ၏ ကျင့်ကြံကြိုးကုတ် အားထုတ်အပ်သော တရားတော်၏ ဒႋစဉ်သည်ကား ရုပ်နာမ်တရားတို့၏ သခ်ါရဇာတ်သိမ်း၍ ငြိမ်းဟန် ခန္ဓာ၏ အတ္တဘော ကွယ်ပျောက်၍ သွားသည်များကို အဘာဝ ဘာကမှ မရှိ မရသည်ကို အဘယ်လိုဖြစ်၍ သွားပါလိမ့်မည်နည်းဟု စဉ်းစားကြရသည်မှာကား ရှေးသူဟောင်းတို့သည် ပေါရာဏကထာစကား ဤနေရာ၌ ဥပမာထားရမည်ဆိုသော် တဦးသော ယောကျ်ားသည် အကာလ ညအခါ သုပိနအရိပ် အိပ်မက်မက်သည့်အတိတ် မိုးလင်းသောက်ရိပ်အခါ ကျရောက်ရာဝယ် ဤကဲ့သို့ အခါ စဉ်းစားရမည့် ဥပမာကား ပေါရာဏအဋ္ဌကထာ ကျမ်းရှိအလာမှာ ဘွင့်ထုတ်၍ ပြရမည်ဆိုပါက—

နိရောဓေ၊ နိရောဓသစ္စာ နိဗ္ဗာန်၌။ ဝါ·ထဲ၌။ အာရမ္မဏ ပဋိဝေဓော၊ အာရုံပြု သောအားဖြင့်။ ဝါ-ဆဲသောအားဖြင့် ထိုးထွင်း၍ သိသည်။ ဟောတိ၊ ဖြစ်၏။

အဲ·ဤကဲ့သို့ သစ္စာအနက် ၁၆- ချက်နှင့်တကွ မဂ္ဂဉာဏ်ပင်လျှင် လေးပါး သောသစ္စာတို့သည် တပြိုင်နက် တချက်ထည်း ပရိညာကိစ္စ ပဟာနကိစ္စ သစ္ဆိကာ တဗ္ဗကိစ္စ ဘာဝနာကိစ္စ တပြိုင်ထည်း တချက်ထည်း သစ္စာလေးရပ် ပြိုင်ဆဲ အခိုက်တွင် သမ္ပယုတ္တဓမ္မ အနွယအားလျော်စွာ ခန္ဓာကြီးချုပ်ငြိမ်း ရုပ်သိမ်း လိုက်ဟန်ကို နိရောဓသစ္စာ နိဗ္ဗာန် အမှန်မြင်လိုက်ရသည် ဖြစ်ပါ၍ အသင်္ခတ ဓာတ်မြတ် ဤသည်ကား နိဗ္ဗာန်ကြီး တရပ်ပင်တည်းဟု သိကြလေကုန်တော့ ဆုံးဖြတ်လိုက်၏၊ သို့သော် ကြိုက်နှစ်သက်ရာကို ယူတော်မူကြစေကုန်သင့်။

သို့ပါသောကြောင့် သင်္ခတဓာတ် အသင်္ခတဓာတ်ဟူ၍ နှစ်ပါး ပြားပြန်၏၊ ပုဂ္ဂိုလ်၏အနေအားဖြင့်ကား အရိယာပုဂ္ဂိုလ်၏ သန္တာန်၌ ရုပ်ဇီဝိတိန္ဒြေ နာမ် ဇီဝိတိန္ဒြေ နှစ်ထွေနှစ်ဝ တည်နေသမျှကာလပတ်လုံး ကရဇကာယ ကံဟောင်း ဘဝ အရာဝယ် သင်္ခတဓာတ် ဟူ၍ ခေါ်ဆိုအပ်၏၊ ထိုသင်္ခတဓာတ်ကိုပင်လျှင် အသင်္ခတဓာတ်အရာ၌ တည်ပေ၏၊ အဘယ့်ကြောင့်ဆိုသော် သိခြင်းငှါ လိုပေ၏။

သင်္ခတဓမ္မေန အသင်္ခတဓမ္မန္တိ၊ ပညပေယျာတိ ဂဟေတဗ္ဗော။

သမ္မော အဋ္ဌကထာ၌ လာတော်မူ၏၊ ဤသည်ကို ထောက်ပါသဖြင့် -

အနက်ကား သင်္ခတဓမ္မေန- သင်္ခတဓမ္မေနဝ၊ သင်္ခတဓမ္မသည်ပင်လျှင်။ အသင်္ခတဓမ္မန္တိ၊ အသင်္ခတဓမ္မဟူ၍။ ပညပေယျ၊ ပညတ်ရာ၏။ ဣတိ၊ ဤသို့။ ဂဟေတဗ္ဗော၊ ယူအပ်၏။

ဤအရာ၌ သင်္ခတဓမ္မသည်ပင်လျှင် အသင်္ခတဓမ္မ ဟူ၍ အဝုတ္တသိဒ္ဓိဂုဏ်ကို ဆောင်လျက် ပြီးစီးလေတော့၏၊ ဤကဲ့သို့ ဘွင့်ထုတ်တော်မူပါ၍ နိတတ္ထနည်း ဖြဲ့သော်ရင်း သင့်မြတ်ပေ၏၊ သို့ပါ၍ သင်္ခတဓမ္မနှင့် အသင်္ခတဓမ္မသည် အရိယာ ခန္ဓာနှင့် ဆက်စပ်လျက် ကရဇကာယကို ငဲ့သောအားဖြင့် ခန္ဓာ၏ကံအဟုန် မကုန်သေးသည်ဖြစ်၍သာ သင်္ခတဓမ္မဟု သမုတ်အပ်သော နိရောဓသစ္စာကို ပင်လျှင် အသင်္ခတဓမ္မဟူ၍ အယူတော် မတိမ်းကြစေခြင်းငှါ ကျမ်းခိုင် ကျမ်း

မြတ်တို့ဖြင့် အစောင်စောင်ညှိနှိုင်း၍ ဘွင့်ပြအပ်သော နိရောဓသစ္စာကိုပင်လျှင် နိဗ္ဗာန်မည်ကြောင်း အသခ်တခေတ်အရာ၌ ထိုက်တော်မူ၏ ဟူလို။

ဤကဲ့သို့ သစ္စာတရား၌ ဝေဘန်ရမည်မှာ လောကီသစ္စာ လောကုတ္တရာ သစ္စာဟု နှစ်မျိုးပြားပြန်၏၊ လောကီသစ္စာကရားသည် ပညတ်အနေအားဖြင့် မှန်၏၊ လောကုတ္တရာ သစ္စာတရားသည် ''ရမတ်အနေအားဖြင့် မှန်၏၊ လောကီ သစ္စာတရားသည်ကား ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ အယူသာတည်း၊ လောကုတ္တရာ သစ္စာတရားသည် အရိယာတို့၏နယ် အဝတ္ထာဘုံအရာ၌ ဘုရားအရိယာ သူတော်စ္စာတို့၏ ဉာဏ်တော်ကိန်းရာတည်း။

ပုထုဇဉ်တို့နှင့် အရိယာတို့သည် ဉာဏ်အာရုံ ကျက်စားရာချင်း မတူကြပေ၊ ပုထုဇဉ်တို့သည် လောကီအာရုံ၌ ကျက်စား၏၊ လောဘ ဒေါသ မောဟ နိုင်ငံသာတည်း၊ အရိယာတို့သည် လောကုတ္တရာနယ် အဝတ္ထာဘုံ၌ ကျက်စား ၏၊ အလောဘ အဒေါသ အမောဟ နိုင်ငံသာတည်း၊ သို့ပါမူ၍ လေးပါးသော သစ္စာတို့နယ်သည် အင်မတန် နက်နဲ ကျယ်ဝန်းလှ၍ မဟာသမုဒ္ဒရာ၏ အလယ်၌ ယုန်သူငယ် ထောက်တည်ရာ မရသည့်အလား ရှေးဆရာတော်မြတ်တို့ ရေးသား သီကုံး ထုံးဖွဲ့ခဲ့သည်မှာ–

လေးပါးပင်လယ်၊ နက်ဝှမ်းကျယ်ကို၊ ယုံငယ်သေးကွေး၊ မလောက် လေးမူ၊ ပေ ၊သဘောမနှောင်း၊ မြဲစတောင်းတည်း၊ ဗုဒ္ဓုပ္ပါဒ၊ နဝမတဲ့၊ ဘဝ အခိုက်၊ မကြိုက်စသာ၊ ကြိုက်ခဲ့ပါလည်း၊ သမ္မာမဝင်၊ မိစ္ဆာယှဉ်က၊ လူတွင် လုံးလုံး၊ အဖြစ်ရှုံး၏၊ ထုံးဟောင်းတန္တိ၊ ကျမ်းအညီနှင့်၊ ဂမ္ဘီရခေတ်၊ ပရမတ်ကို၊ အတပ်တွေးတော၊ မဟောပြောနှင့်၊ သဘောသကန်၊ မိမိဉာဏ် နှင့်၊ မတန်မရာ၊ နက်နဲစွာကို၊ အရာမသိ၊ မရိပ်မိဘဲ။

အဲ ဤကဲ့သို့ စာတမ်းကို ထောက်ချင့်ပါသဖြင့် လောကုတ္တရာသစ္စာ ပရမတ္ထ သစ္စာတို့၏ သဘာဝကို ပုထုဇဉ်များနှင့် မသက်ဆိုင်ပါဘဲ ပရမတ်အစစ် ခေတ် အနှစ်ဖြစ်၍သာ ဤနေရာ၌ သတိရှိလိုက်ရ၏၊ လောကီ၌နေသူ သမ္မုတိသစ္စာ ကား မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မရောက်သေးသောသူ အားလုံးသော ရှာသူအများ

တို့၏ အရာသာတည်း၊ လောကုတ္တရာနယ် ပရမတ္ထ သဘာဝ သစ္စာတရားတို့သည် ဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်၌ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်တော်မြတ်ဖြင့် ကျင့်လျက် အရိယာနယ်သို့ ရောက်သည်ဆိုပါက ထိုဓမ္မပဋိဂ္ဂါဟက ပုဂ္ဂိုလ်နှင့် အပေါ်တကဲ သဟဲပြုလျက် အာရုံ အာရမ္မဏိက သမဘာဂ ထပ်တူထပ်မျှ အတူကျသော မဂ္ဂင်ရှစ်ပါး တရားသာတည်း။

ထိုမဂ္ဂင်ရှစ်ပါး သမ္မာဒိဋ္ဌိ အစရှိသော တရားသည် နိဗ္ဗာန်သို့ရောက်ကြောင်း တရားမဟုတ်သေး၊ ရောက်အောင်ကျင့်သော ပုဂ္ဂိုလ်၏သန္တာန်ကို ဆောင်နှင်းနိုင်သော ခရီးယာဉ်ရထားနှင့် တူ၏ဟု သတိမူကြစေလို၏၊ ခရီးယာဉ်ရထားနှင့် တူကြောင်းကို မဂ္ဂင်ရှေဖေါင် ဟူ၍ရင်း၊မဂ္ဂင်ယာဉ်ရထား ဟူ၍ရင်း ပေါရာဏဝါစာ ပြည်ကြီးသား အင်္ဂါ အရိယာများတို့ ခေါ်ဝေါ် သမုတ်အပ်ကြသည်ကို ထောက်တော်မူကြပါသဖြင့် သမ္မောဟအဋ္ဌကထာ၌ အဋ္ဌင်္ဂိကမဂ် ပဉ္စင်္ဂိကမဂ် ဟူ၍ ဘွင့်ပြတော်မူသည်မှာ–

န ကေဝလံ အဋ္ဌင်္ဂိကော မဂ္ဂေါဝ ပဋိပဒါ၊ ပုဗ္ဗေဝ ခေါ ပန သ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတီတိ ဝစနတော ပန ပုဂ္ဂလဇ္ဈာသယ ဝသေန ပဉ္စင်္ဂိကောပိ မဂ္ဂေါ ပဋိပဒါ ဧဝ။

ဤကဲ့သို့ လာတော်မူသည်ကို ထောက်ပါသဖြင့် ယောဇနာရမည်မှာ—

ကေဝလံ၊ သက်သက်။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော။ မဂ္ဂေါ၊ မဂ်သည်သာလျှင်။ န ပဋိပဒါ၊ နိဗ္ဗာန်သို့ရောက်ကြောင်းတရားမဟုတ်သေး။ ပန၊ တနည်းသော်ကား။ ပုဗ္ဗေဝ ခေါ ပနဿ ကာယကမ္မံ ဝစီကမ္မံ အာဇီဝေါ သုပရိသုဒ္ဓေါ ဟောတီတိ၊ ဟောတိဟူ၍။ ဝစနတော၊ ကြောင့်။ ပုဂ္ဂလဇ္ဈာသယ ဝသေန၊ ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ် အလိုဆန္ဒ အဇ္ဈာသယ၏ အစွမ်းအားဖြင့်။ ပဉ္စင်္ဂိကော၊ ဝိရတီစေတသိက်မှအပပြု၍ သမ္မာဒိဋ္ဌိ အစရှိသော အင်္ဂါငါးပါးနှင့်ပြည့်စုံသော။ မဂ္ဂေါပိ၊ မဂ်သည်လည်း။ န ပဋိပဒါဧဝ၊ ဤသည်လျှင်ကား နိဗ္ဗာန်သို့ရောက်ကြောင်းတရားမဟုတ်သေးရကား အဘော်သဟဲ အကျင့်ယာဉ်ရထားမျှသာတည်း။

ဤကဲ့သို့ နိဗ္ဗာန်သို့ ရောက်လိုသော ပုဂ္ဂိုလ်၏ အကျင့်ဖြစ်သော အဋ္ဌင်္ဂိကမဂ် ပဥ္စင်္ဂိကမဂ်တို့သည်ကား အဘယ့်ကြောင့် နိဗ္ဗာန်ကို မရောက်ပါသနည်းဟု မေးခဲ့သော် စျာန်မထိုက်သည့်အဖြစ်ကို ပြလို၍ –

ဝိရတိယောနာမ စျာနင်္ဂဘာဝေန အဋ္ဌာနတ္တာ။

ဟု ရှေးဆရာတော်မြတ်တို့ ဟိတ်ပါဌ်ဖြင့် မိန့်တော်မူခဲ့သည်မှာ –

ဝိရတိယောနာမ၊ ဝိရတိစေတသိက် တို့မည်သည်ကား။ စျာနင်္ဂဘာဝေန၊ စျာနင်၏အဖြစ်ဖြင့်။ အဋ္ဌာနတ္တာ၊ အရာမဟုတ်သည်၏အဖြစ်ကြောင့်တည်း။

ဤကဲ့သို့ ရှေးဆရာတော်မြတ်တို့၏ သုတမယအာဘော်ဖြင့် ဤနေရာ၌ ဝေဘန်ရမည်ဆိုသော် အဋ္ဌင်္ဂိကမဂ် ပဥ္စင်္ဂိကမဂ်များသည် နိဗ္ဗာန်သို့ ရောက်ကြောင်း မဟုတ်သေး ဟူရာ၌ သမ္မောဟအဋ္ဌကထာ လာတော်မူသည်ကို ဉာဏ်မျက်စောင်းဖြင့် အကြောင်းဟိတ်အရ ဝေဘန်လိုက်ရပါက ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်၏ အကျင့်တရားတော် ဟုတ်ပေစွ၊ ဟုတ်ချေ၏တကား၊နိဗ္ဗာန်ကို အရိယာအဖြစ်နှင့်ရောက်ခဲ့သော် မဂ္ဂင်အကျင့်နှင့် ကိုက်ညီအောင် ကျင့်ကြံကြိုးကုတ် အားထုတ်မှသာလျှင် နိဗ္ဗာန်သို့ ရောက်ခဲ့သော် ထိုဓမ္မပဋိဂ္ဂါဟက အရိယာပုဂ္ဂိုလ်သာတည်း။

မဂ္ဂင်တရားသည် ဌာနူပစာရအားဖြင့် ရ၏၊ ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်သည် ဖလူပစာရအားဖြင့် ရ၏၊ မဂ္ဂင်တရားကိုယ်သည် ကာရဏူပစာရအားဖြင့် ·အကြောင်းတရားတည်း၊ သို့ပါမူ၍ မဂ္ဂင်တရားကိုယ်နှင့် ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်သည် အကျိုးအကြောင်း မကင်းချေ၊ရောက်ကြောင်းတရားအမှန်ကို ဖွင့်ထုတ်ရမည်မှာ အရှင်ပညာရှိအပေါင်းတို့ ကောင်းကောင်းကြီး ဉာဏ်နှိုက်၍ ဤနေရာ၌ စဉ်းစားကြံဆကြပါကုန်၊ စဉ်းစားရန်အချက် နိဗ္ဗာန်သို့ တကယ်ဆိုက်ရောက်တော်မူကြကုန်သော ဓမ္မပဋိဂ္ဂါဟက အရိယာပုဂ္ဂိုလ်ရှင်၏ ဉာဏ်ခတ်ကိန်းရာကို တရားကိုယ်ဖြင့် သမ္ပယုတ္တဓမ္မ ကောလမ္ဗဏ ကေဝဋ္ဋက အဖြစ်ဖြင့် သမ္မောဟအဋ္ဌကထာ၌ ဖွင့်ပြတော်မူရာဝယ် –

သမ္ပယုတ္တာ ပန အတိရေက ပညာသမ္မာပိ ပဋိပဒါ ဝေ။

ဟု လာချေတော်မူသည်ကို ယောဇနာအံ့သော်ကား –

ပန်၊ အဟုတ်သော်ကား။ ဝါ၊ မုချ။ သမ္ပယုတ္တာ၊ မဂ်နှင့်ယှဉ်ကုန်သော။ အတိရေကပညာသမ္မာပိ၊ ဖယအစရှိသော ငါးဆယ်ထက်ပိုလွန်သော နာနာက္ခဏိကသတ္တိဖြင့် ရအပ်သော တရားတို့သည်လည်း။ ပဋိပဒါ ဝေ၊ နိဗ္ဗာန်သို့ရောက်သောတရားတို့သာတည်း။

ဤကဲ့သို့ အကျင့်မြတ်နှင့်ပြည့်စုံသော ဓမ္မပဋိဂ္ဂဟက ပုဂ္ဂိုလ်နှင့်တကွနာနာက္ခဏိက သတ္တိထူးဖြင့် ခန္ဓာ၌ ကိန်းသော ဉာဏ်တော်ကို ထုတ်ဆောင်နိုင်ပါကမှ ပုဂ္ဂိုလ်ထူး ဉာဏ်အဦးဖြင့် သံသာရမဂ္ဂပါရဂူ တည်းဟူသော ကမ်းဖြင့် လွန်မြောက်လျက် ဘဝဂ်ပါရဂူ မြောက်သသူဟု လက်ညှိုးဖြင့်ထောက်လောက် ဟောသသူ တယောက်ဟူ၍ ညွှန်ပြထိုက်ပေကြောင်း၊ သို့သော် အဓိမာနအနေအားဖြင့် ပါရဂူမမြောက် သာသနာအလယ်၌ ရွေးကောက်ရမည်မှာ သမထအား ဝိပဿနာအား အစွမ်းဖြင့် လွန်စွာဆောင်လျက် လောဘ, ဒေါသ, မောဟ, မာန တို့ဖြင့် မပယ်မသတ်ပါဘဲ ပယ်သတ်ယောင်ထင် အဓိမာနရှင်များတွင် သတိမူစေလို၍ ပဏ္ဍာသအဋ္ဌကထာ လာတော်မူသည်မှာ ဘွင့်ထုတ်၍ ပြပါအံ့၊ သတိလည်း ရှိစေလိုကြ၏။

တဿ ဟိ သမထ ဝိက္ခမ္ဘိတာနံ ဝါ ဝိပဿနာဝိက္ခမ္ဘိတာနံ ဝါ ကိလေသာနံ သမုဒါစာရံ အပဿတော သောတာပန္နော အဟံတိ ဝါ သကဒါဂါမိ နောစာတိ အဓိမာနော ဥပ္ပဇ္ဇတိ။

ဟု လာချေတော်မူ၏၊ ဤနေရာ၌ သတိမူစွာဖြင့် သမ္ဘန်ရမည်မှာ—

ဟိ၊ အဓိမာနပုဂ္ဂိုလ် ဖြစ်ရာအထူး ပြဆိုဦးအံ့။ သမထဝိက္ခမ္ဘိတာနံ၊ သမထဖြင့် ထောက်ပံ့ခိုင်မာသော အားရှိသည်ဖြစ်၍ရင်း။ ဝိပဿနာဝိက္ခမ္ဘိတာနံ၊ ဝိပဿနာဖြင့် ထောက်ပံ့ခိုင်မာသော အားရှိသည်ဖြစ်၍ရင်း။ တဿ၊ ၏။ ကိလေသာနံ၊ တို့အား။ သမုဒါစာရံ၊ ကောင်းစွာကင်းပြတ်သော အကျင့်ရှိသည်။ အပဿတော၊ မသိမမြင်ပါဘဲလျက်။ ဝါ-မဟုတ်ပါဘဲ၊ အဟံ၊ ငါကား။ သောတာပန္နောဘိဝါ၊ သောတာပန်ဟူ၍ရင်း။ သကဒါဂါမိနောစာတိဝါ၊ သကဒါဂါမ်ဟူ၍ရင်း။ အဓိမာနော၊ ရနိုးသည်ဟုထင်မှတ်ခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်၏။

ဤနေရာ၌ အဓိမာနအရာသည် အင်မတန် ပေါ်လွင်လှသည်ဖြစ်၍ ပုထုဇဉ်အနွယ်ကိုမှ မဖြတ်သေးဘဲ ဂေါတြဘုအရာ၌ နိဗ္ဗာန်ကို ပြသောအမှတ်ဖြင့် မထင်ပါမူ၍ သမထအား ဝိပဿနာအားဖြင့် ခိုင်လုံလှသော အဓိမာနပုဂ္ဂိုလ်အရှင်တို့သည် လေးပါးသောသစ္စာတို့ကို တပြိုင်နက် ထိုးထွင်း၍ သိခြင်းငှါ ခဲယဉ်းတော်မူလှ၍ တပြိုင်နက် ပြိုင်ပုံကို ထိုးထွင်း၍ သိခြင်းငှါ သဂါထာဝဂ္ဂ ကထာအရာ၌ ဘွင့်ပြတော်မူရသည်မှာ—

ဒုက္ခသစ္စံ ပရိဇာနန္တော သမုဒယသစ္စံ ပဇဟန္တော နိရောဓသစ္စံ သစ္ဆိကရောန္တော မဂ္ဂသစ္စံ ဘာဝနာဝသေန အပ္ပနာဝီထိံ ဩတရတိ။

ဟု ဤကဲ့သို့ လာသဖြင့် ယောဇနာရမည်မှာ -

ဒုက္ခသစ္စံ၊ ကို။ ပရိဇာနန္တော၊ ပိုင်းခြားလျက် သိဆဲဖြစ်၍ရင်း။ သမုဒယသစ္စံ၊ ကို။ ပဇဟန္တော၊ ပယ်ဆဲဖြစ်၍ရင်း။ နိရောဓသစ္စံ၊ ကို။ သစ္ဆိကရောန္တော၊ မျက်မှောက်ပြုဆဲဖြစ်၍ရင်း။မဂ္ဂသစ္စံ၊ ကို။ ဘာဝနာဝသေန၊ ပွားဆဲဖြင့်။ အပ္ပနာဝီထိံ၊ သို့။ ဩတရတိ၊ ၏။

ဤကဲ့သို့ ဒေသနာအရ သစ္စာလေးချက် တပြိုင်နက် ကိုက်ညီရမည်မှာ အပ္ပနာဝီထိသို့ မဆိုက်ရောက်ပါက အဘယ်မှာလျှင် ဈာန်အင်္ဂါတရားတို့နှင့် အာဒိကမ္မိကအရာ၌ လေ့လာမှုမရှိပါက အာဒိလဒ္ဓပုဂ္ဂိုလ်အဖြစ်ဖြင့် သစ္စာလေးရပ်ကို တပြိုင်နက် ထိုးထွင်း၍ သိနိုင်ပါအံ့နည်း၊မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ရောက်တော်မူကြကုန်သော အရိယာအရှင်မြတ်များသည် နောက်အတိတ်ဘဝက ဘုရားထိုထိုတို့၏ ရှေ့မျက်နှာတော်အောက်မှ ရောက်ခဲ့ပါမှ ထိုဘုရားရှင်တို့၏ ရှေ့တော်တွင် ဒါနအစရှိသော မဟာကုသိုလ် သတ္တမဇော ဗျာဒိတ်ရှင် ဖြစ်ခဲ့ပါမှသာလျှင် သစ္စာလေးပါး မဂ်တရားသို့ ရောက်နိုင်ကြပေမည်၊ ဤကဲ့သို့ မဟာကုသိုလ် သတ္တမဇော ဗျာဒိတ်ရှင်များသည် ဘုရားရှင်၏ ရှေ့တော်မှောက်သို့ အမှန်ရောက်ခဲ့သော အရိယာတို့၏ နိယတဗျာဒိတ် ခပ်နှိပ်သော တံဆိပ်ကို မဟာပဓာနဋီကာ ဘွင့်ပြတော်မူသည်မှာ—

သတ္ထာရဒဿနန္တိ သတ္ထုသမ္မုခီဘာဝေါ ဓရမာနကဿေဝ ဟိ ဗုဒ္ဓဿ သန္တိကေ ပတ္တေန္တော သမိဇ္ဈန္တိ။

ဟု ဘွင့်ပြသည်ကို လာတော်မူ၍ ယောဇနာအံ့သောငှါကား-

သတ္တာရဒဿနန္တိ၊ ဟူသည်ကား။ သတ္တူ၊ သစ္စာလေးပါး မြတ်တရားကို ထိုးထွင်း၍ သိတော်မူသော ဘုရားရှင်၏။ သမ္မုခိဘာဝေါ၊ ရှေ့တော်မှောက်၏ အဖြစ်တည်း။ ဓရမာနကဿေဝ၊ သက်တော်ဝိညာဉ် အရှင်ရှိစဉ်ပင်လျှင်။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သန္တိကေ၊ ရှေ့တော်မှောက်၌။ ပဋ္ဌေန္တော၊ နိဗ္ဗာန် မဂ်ဖိုလ်ကို တောင့်တကြကုန်သော သူတို့သည်။ သမိဇ္ဈန္တိ၊ ပြည့်စုံနိုင်ကြ ကုန်၏။

ဤကဲ့သို့ လာသည်ကို ထောက်တော်မူကြပါသဖြင့် အဓိမာနအရှင် ဖြစ်တော်မူသော သူတော်ကောင်း လောင်းလျာတို့သည် သမထအား ဝိပဿနာအားဖြင့် အလွန်ထက်သန်ပါလျက်နှင့်လည်း အပ္ပနာအားအစဉ်ကို ကိုက်ညီမှု မပြုပြင်ပါက မိမိအထင်နှင့်အတွေး ဆရာ့ထံသို့ မမေး မရောက်သေးပါက အဘယ်မှာလျှင် သစ္စာလေးရပ် ပရမတ်ကို မုချဆတ်ဆတ် အပ္ပနာ ပြတ်နိုင်ပါအံ့နည်း။ အပ္ပနာပြတ်ရမည် ဆိုသည်မှာ ခရီးညွှန်ကင်းသော သူတို့မည်သည်ကား လမ်းအမှန်ကို မမြင်ဘိသကဲ့သို့ လမ်းအစဉ်နှင့်လျှော်အောင် သွားဘူး ရောက်ဘူးသော သူမှသာလျှင် အချိန်ကာလ အခိုက် ခရီးအမှန်သို့ ရောက်ဘိ သကဲ့သို့ ထို့အတူ အပ္ပနာလမ်းအစဉ်ကို အမှန်လှေ့လာသော သက်တော် ဝိညာဉ် အရှင်ဖြစ်တော်မူသော နောက်ကပြခဲ့သော ဗုဒ္ဓထံသို့ ရောက်မှသာ လျှင် အပ္ပနာလမ်းအစဉ်နှင့် ပြည့်စုံကြပေမည်၊ ဉာဏ်နက်နဲတော် မူကြပါကုန်။

အပ္ပနာအစဉ် လမ်းမှား အဓိမာနအဖြစ်နှင့် ဆရာကင်းသူများသည် ဆိတ် ကွယ်ရာသို့ကပ်လျက် စေတီ ပုထိုးထံသို့ရင်း၊ ကိုယ်စားတော်စား ပညတ်တော် ရုပ်ပွားတော်များ ထံသို့ရင်း၊ အနုဿတိ ဂုဏ်တော်ကို ဆောင်လျက် နေ့, လ, ရက်များစွာ ကြာပါသော်လည်း မရနိုင်သည်ကို အဓိမာနအနေဖြင့် မနေကြ ပါကုန်မူ၍ သက်တော်ဝိညာဉ် အရှင်ဖြစ်တော်မူကြကုန်သော သာဝကဗုဒ္ဓများ ထံသို့ ချဉ်းကပ်လျက် သတိရှိစေလိုကြ၍ ဆင်ခြင်တော်မူကြပါကုန်၊ တိုက်တွန်း လိုက်ပါ၏။

သက်တော်ဝိညာဉ် အရှင်နှင့်ကင်းလျက် ဝိဝေကမြိုင်ရပ်သို့ ကပ်ကြကုန် လျက် စေတီပုထိုးတို့ဖြင့် ဆည်းကပ် အာရုံယူကြ၍ လေ့လာကြကုန်သော

အရှင်များတို့သည် ကာလကြာပါသော်လည်း မပြည့်စုံကြသည်ကို ပြလို၍ မဟာပဓာနဋီကာ ဆရာက ဝါကျတံဆိပ် ခပ်နှိပ်၍ ဘွင့်ပြတော်မူသည်မှာ—

> ပရိနိဗ္ဗုတော ပန ဘဂဝတိ စေတိယဿ သန္တိကေ ဝါ ဗောဓိမူလေ ဝါ ပဋိမာယ ဝါ ပတ္ထေန္တော န သမိဇ္ဈန္တိ။

ဟု ဘွင့်ပြတော်မူသည်ကို ထောက်တော်မူကြပါသဖြင့် ယောဇနာအံ့သော ငှါကား—

ပန၊ မပြည့်စုံသည်ကို ပြဦးအံ့။ ဘဂဝတိ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတေ၊ ပရိနိဗ္ဗာန် စံတော်မူပြီးသည် ရှိသော်။ စေတိယဿ၊ စေတီ၏။ သန္တိကေ ဝါ၊ အထံ၌သော်၎င်း။ ဗောဓိမူလေ ဝါ၊ ပင်ညောင်ပင်ရင်း၌သော်၎င်း။ ပဋိမာယ၊ ရုပ်ပွားဆင်းတုတော်၏။ သန္တိကေ ပါ၊ အထံ၌သော်၎င်း။ ပတ္ထေန္တော၊ တောင့်တကြကုန်သောသူတို့သည်။ န သမိဇ္ဈန္တိ၊ မပြည့်စုံနိုင်ကြလေကုန်။

ဤကဲ့သို့ ဝါကျတံဆိပ်ကို ထောက်တော်မူကြ၍ ထင်ရှားပါလျက်နှင့်လည်း သုတဖြင့်သော်၎င်း၊ မုတဖြင့်သော်၎င်း ချွတ်ချော်တိမ်းပါး၍ ကိုယ်ထင်ရာကို ဖြစ်လိမ့်လတံ့ဟူသော အယူဖြင့် မစွန့်ပါဘဲလျက် မဟာပရိနိဗ္ဗာနသုတ်၌ လာသော ဗုဒ္ဓရှင်တို့၏ စကားတော်တို့မည်သည်မှာ ချို့ယွင်းသည်မည်သည် မရှိဟု ဤကဲ့သို့ ပရိယတ္တိဓမ္မအနေဖြင့် သုတမယဉာဏ် ဆင်ခြင်လျက် နေကြကုန်သောသူများလည်း ရှိတတ်ပေသေး၏၊ တွေ့ဘူးခဲ့ပေရကား မှန်၏။ ထိုမဟာပရိနိဗ္ဗာနသုတ် အလာ ဒေသနာရှာပါက အာနန္ဒာညီဘွား ဗုဒ္ဓမြတ်စွာ မှာထားတော်မူခဲ့သည်မှာ ပြလို၍—

> ကတပုညော တွံ အာနန္ဒ ပဓာန မနုယုဉ္ဇန္တေ ခိပ္ပံ ဟောဟိသိ အနာသဝေါ။

ဟု ပရိနိဗ္ဗာန် ခံယူရာ ညောင်စောင်းက အပ္ပမာဒ ရွေနှုတ်တော်ဟသဖြင့် မိန့်မြွက်တော်မူခဲ့သည်မှာ အာနန္ဒ ဂုဏ်ရည်မဂ္ဂင် သီလအမည်နှင့် ညီပါက ဝစနာစကား မှာတမ်းတော် ထားခဲ့သည်များကို အပ္ပနာအရ အာဒိကမ္မိက ပမာဒလေခဟန် တူလှ၍ မိမိတို့၏ ဝါသနာစရိုက် မစူးစိုက်ကြဘဲ စရိယပိဋကဦးခိုက်၍ ထိုက်သလောက်အပိုဒ်ဖြင့် ဘွင့်လိုက်သည့်အရာဝယ်—

ကတသုဘဇနတန္တိ ပုရိမဗုဒ္ဓါနံ သန္တိကေ ကတပုညဇသမ္ဘောဟံ။
ဤကဲ့သို့ စရိယပိဋကတ် အဋ္ဌကထာ လာသည်ကို ယောဇနာရမည်မှာ–

ကတသုဘဇနတန္တိ၊ ဟူသည်ကား။ ပုရိမဗုဒ္ဓါနံ၊ ရှေးရှေးသောဘုရားရှင်တို့၏။ သန္တိကေ၊ အထံတော်၌ ကတပုညဇသမ္ဘောဟံ၊ ဖြည့်ဆည်းပူးခဲ့သော အဆောက်အဦ သမ္ဘာရ ပြည့်စုံကြကုန်သောသူတို့သည်။

ဤကဲ့သို့ အင်မတန် နက်နဲစွာလှသော သစ္စာလေးပါး မြတ်တရားကိုကား ရခြင်းငှါ ခဲယဉ်းလှပေ၏ဟူ၊ မလွယ်သည်သာတည်း၊ ဤကဲ့သို့ နောက်ဘဝ ရာထောင်က ပုညိဒ္ဓိအရှင်များ ဖြစ်ခဲ့ပါသော်လည်း ယခုဘဝ၌ မဟာဝိပါက် ဉာဏသမ္ပယုတ် ကမ္မဇဉာဏ်ပညာရှင် တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်မျိုးမှသာလျှင် သစ္စာလေးပါး မဂ်တရားကို တပ်အပ်ထင်ထင် ထိုးထွင်း၍ သိမြင်နိုင်ကြပေမည်၊ သို့သော် ဤနေရာ၌ တိဟိတ် ဖြစ်ပင်ဖြစ်ပါသော်လည်း–

၁ အစ္ဆန္ဒတိဟိတ်၊
၂ ဘဝင်ပညာနုံ့သောတိဟိတ်၊
၃ ကံငါးပါးနှင့် မကင်းသောတိဟိတ်၊

ထိုပုဂ္ဂိုလ်များသည် မရနိုင်ကြောင်း ဒေသနာ ထင်ရှား၏၊ "အစ္ဆန္ဒိကာတိ ကတ္တုကမျတာ ဆန္ဒဝိရဟိတာ" ဟူ၍ရင်း။

"ဒုပ္ပညာတိဘဝံပညာယဆန္ဒပရိဟိနာ" ဟူ၍ရင်း၊ ဒုပ္ပညတိဟိတ် အစ္ဆန္ဒ တိဟိတ် ကျမ်းဂန်၌ ထင်ရှား၍ မဂ်မျိုးဖိုလ်မျိုး သစ္စာမျိုးတို့ကို မရနိုင် ဟူလို။

ပုဂ္ဂိုလ်မျိုးတို့မည်သည်မှာ–

၁ ဥဂ္ဃဋိတညူပုဂ္ဂိုလ်၊
၂ ဝိပဉ္စိတညူပုဂ္ဂိုလ်၊
၃ နေယျပုဂ္ဂိုလ်၊
၄ ပဒပရမပုဂ္ဂိုလ်၊

ဟူ၍ လေးပါးပြား၏၊ ထိုလေးပါးသော ပုဂ္ဂိုလ်တို့တွင် တိဟိတ်ပုဂ္ဂိုလ်ချည်းသာတည်း၊ တိဟိတ်ဖြစ်ပင် ဖြစ်ပါသော်လည်း ပဒပရမပုဂ္ဂိုလ်များသည် ဘဝရော

ထောင်က သတ္တမဇောစေတနာ မပါခဲ့လေခြင်းကြောင့် ယခု ပစ္စက္ခဘဝဝယ် ပဌမဇောစေတနာနှင့် အနန္တရပစ္စည်းဆက် ကင်းခြင်းကြောင့် သစ္စာလေးပါးကို တပြိုင်နက် ထိုးထွင်း၍ သိနိုင်ခဲ့စွ။

ထိုပဒပရမပုဂ္ဂိုလ်သည် ယခု သာသနာတွင်းဝယ် သပ္ပုရိသူပနိဿယ ဆရာကောင်းနှင့် တွေ့ပါမှ တွေ့ခဲ့သည်ရှိသော် အဓိကာရဂုဏ်ဖြင့် ဆောင်လျက် မဟာကုသိုလ် သတ္တမဇော စေတနာ ပါရမီအဆောက်အဦမှု ပြုမှသာလျှင် နောင်လာလတံ့သော ဒုတိယဘဝဝယ် မဂ်ဉာဏ်ဖိုလ်ဉာဏ်သို့ ဆိုက်ရောက်နိုင်ကြောင်း ခိုင်လုံလှပေ၏။

နေယျပုဂ္ဂိုလ်တို့မည်သည်မှာ ဝီရိယအားထား၍ ကြိုးစားပါက အပ္ပနာလမ်း အစဉ်နှင့်တကွ အရိယာ သခင်များအထံသို့ သာသနာ့အလယ် ရောက်ပါက ရချိမ့်မည်မှာ မလွဲတော့ပါ၊ အားထားကြစေလို၏။

ယခု သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားသော ဆရာတော်တို့၏ ပရိယတ္တိ အစဉ်နှင့် သင်အံလေ့ကျက်၍ လာခဲ့သော ပရိယတ္တိစဉ်ဆက် ဆရာဖြစ်တော်မူခဲ့သော မာန်လည်ဆရာတော်ဘုရားကြီး ရေးစပ်တော်မူခဲ့သည်မှာ—

> လမ်းမှန်ဥဿဟ၊ လုပ်ကမဖြစ်၊ ခေတ်ဟိတ်ဆရာချ၊ ပဟိတတ္တ၊ လောကင စုံလင်၊ ရာလျှင်ငါးဆယ်၊ ဖြစ်ဘွယ်သေချာ၊ မဟာသိဝ၊ နှစ်သုံးဆယ်ရ၊ မချို့မေဓာ၊ လာဘ်နောက်ပါ၍၊ ပညာရွှေအိုး၊ မသူတော်ခိုး ဟု—

ဤကဲ့သို့ ဝစနာလင်္ကာရစာတမ်းကို ထောက်ပါသဖြင့် ဉာဏ်အဝင်အထွက်ကို ဆင်ခြင်တော်မူကြ၍ ပါရမီကလဲ ပြည့်စုံမယ် ဝီရိယနှင့်လဲ ကြိုးစားမယ် ဆရာကလဲ သပ္ပုရိသူပမှန်မယ် မဇ္ဈိမပဋိပဒါလဲ လမ်းကျမယ်ဆိုလျှင် သာသနာ့အလယ်၌ မုချဘွယ်ရာ ဟောသူတယောက် ပါရဂူဖြင့် မြောက်လောက်ပေ၏ ဟု ဤကဲ့သို့ ဝစနာလင်္ကာရ အာဘော်ဖြင့် ဉာဏ်စိတ်ဖြင့် ရိပ်မိကြ၍ နေယျအရှင်များသော်မှလည်း ပြည့်စုံတော်မူသည်ကို ထောက်ပါသဖြင့် ဥဃ္ဃဋိတညူပုဂ္ဂိုလ်နှင့် ဝိပဉ္စိတညူ ပုဂ္ဂိုလ်များမှာကား အတိုင်းထက်အလွန် တံခွန်နှင့်ဘုရားပေပဟူလို၏။

သို့ပါမူ၍ အကြောင်းကြောင်းကို ထောက်တော်မူကြပါသဖြင့် လေ့လာအပ်သော အပ္ပနာဇောမှ မပြည့်စုံပါမူ လောက၌ ပညတ်အနေအားဖြင့် ဝေဘန်အပ်ကုန်သော ခေတ်လေးပါး ခေတ်ရှစ်ပါးတို့ဖြင့် အမှန်ဆုံးဖြတ်၍ ခေတ်တလုံးအရာ၌ အဓိမာနဉာဏ် အမြင်သန်သဖြင့် မုချဆတ်ဆတ် ပရမတ်ဟူ၍ ပစ္စက္ခသိဒ္ဓိဉာဏ် မပေါက်ပါဘဲ အာရဒ္ဓ ဝီရိယပဂ္ဂိုလ်ဟု သဘောထားနှင့် အပြောနှင့် ဝေဘန်ကာမျှဖြင့် ထင်လျက် တဒင်္ဂပဟာန်ဖြင့် အနုမာနသိဒ္ဓိဉာဏ် အဓိမာန-သဘောအရ ဆုံးဖြတ်တော်မူကြကုန်သော နိကန္တိအရှင် ဝိပဿနာဉာဏ် ထင်သဖြင့် ဆင်ခြင်ကြကုန်သော လောက၌နေသူ လူအများတို့သည် နိဒ္ဒေသအဋ္ဌကထာ ညွှန်ပြတော်မူသည်ကို ထောက်တော်မူကြပါသဖြင့် ဘွင့်ထုတ်ရမည်မှာ—

ဝိပဿနာ ဟိ တဒင်္ဂဝသေန သဒ္ဓိံ ခန္ဓာဘိသင်္ခါရေဟိ စ ကိလေသေ ပရိစ္စဇတိ။

ဟု လာတော်မူသည်ကို သမ္ဗန်ရမည်မှာကား—

ဝိပဿနာဟိ၊ လောကီဝိပဿနာဉာဏ်ဖြင့် အမြင်သန်ကြကုန်သော သူတို့သည်။ တဒင်္ဂဝသေန၊ ထိုအနိစ္စာနုပဿနာ စသောအကြောင်း၏ အစွမ်းအားဖြင့်။ ခန္ဓာဘိသင်္ခါရေဟိ၊ ခန္ဓာကိုယ်၌ ဖြစ်စေတတ်သော အဘိသင်္ခါရတို့နှင့်။ သဒ္ဓိံ၊ တကွ။ ကိလေသေ၊ ကိလေသာတို့ကို။ ပရိစ္စဇတိ စ၊ စွန့်လည်းစွန့်တတ်၏။

ဤနေရာ၌ အနိစ္စအစရှိသော ဝိပဿနာဉာဏ်၏ အစွမ်းဖြင့် ခန္ဓာနှင့်စပ်သော ကိလေသာတို့ကို သစ္စာလေးရပ်ဖြင့် တပြိုင်ထဲ မဖြတ်ပါဘဲလျက် ပြတ်သည်ဟူ၍ အဓိမာန ဖြစ်တတ်ကြ၏။

ဤကဲ့သို့ အဓိမာန မဖြစ်ကြစေခြင်းအကျိုးငှါ သာသနာတော်၌ ရှုမြော်၍ သတိပေးခြင်းငှါ ရေးထုတ်လိုက်ရ၏၊ သစ္စာလေးရပ်နှင့် တပြိုင်တည်း ဖြတ်မှသာလျှင် ခန္ဓာနှင့်စပ်သော ကိလေသာတို့သည် အမှန်ပြတ်ပေတော့၏၊ သို့ပါမူ၍ ဘုရားထိုထိုတို့၏ သဗ္ဗညုတဉာဏ်တော်သည် ဆရာမကူ သယမ္ဘူဉာဏ်ဖြင့် မိမိအလိုလို ထိုးထွင်း၍ သိတော်မူသော အရဟတ္တမဂ် ထားသန်လျက်ဖြင့် ဖြတ်တော်

မှုသည်ကို ချီးကျူးကြကုန်သော ဝေနာစာတမ်းသည် သစ္စာလေးပါးသာတည်း ဟူ၏။

ထို့ကြောင့် မဂ်လေးပါးတို့မည်သည်ကား သစ္စာလေးပါးကိုသာ ဆိုလို၏၊ သို့ပါ၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရားကို လိုလားကြကုန်သော အရိယာလောင်းလျာတို့သည် မဂ်တရားဆိုသည်မှာ အဘယ်တရားကို ခေါ်ပါလိမ့်မည်နည်း၊ ဖိုလ်တရားဆိုတာ အဘယ်တရားကို ခေါ်ပါလိမ့်မည်နည်း၊ နိဗ္ဗာန်တရားဆိုတာ အဘယ်တရားကို ခေါ်ပါလိမ့်မည်နည်း-ဟု သံသယ ဖြစ်တတ်ကြ၏။

ကိလေသာကုန်တာလဲ မဂ်မဟုတ်ပါ၊ ချမ်းသာတာလဲ မဂ်မဟုတ်ပါ၊ မဂ်မှ မဟုတ်ပါဘဲနှင့် ဖိုလ်လဲမဟုတ်ခဲ့ချေ၊ နိဗ္ဗာန်လဲ မဟုတ်ခဲ့ချေတကား၊ သို့သော် တရားကို အားထုတ်ကြကုန်သော ယောဂီအပေါင်းတို့သည် ပရမတ္ထတရားတို့ ဝိသုဒ္ဓိဖြစ်ခိုက်၌–

"အာကာသဆိုက်ခြင်း၊ အာလောကသညာ ထင်ခြင်း၊ ဗလဝဆိုက်ခြင်း၊ ပညိန္ဒြေပွင့်ခြင်း၊ ဣန္ဒြေနိုးချပ်ခြင်း" ဤကဲ့သို့ အကြောင်း အရာများသည် ဖြစ်တတ်ကြ၏၊ သို့သော် မဂ်မဟုတ်ချေသေး။ မဂ်မဟုတ်ပါသော်လည်း လူသာမန် နတ်သာမန်တို့ ဖြစ်ခြင်းငှါ ခဲယဉ်းစွ၊ သို့သော် ပဘဿရ ဓာတ်ထူး ဓာတ်မြတ်တော်ကြီးပင်တည်း။

ထိုပဘဿရ ဓာတ်ထူး ဓာတ်မြတ်တော်ကြီးကိုပင်လျှင် ပရိစယပြုဘူးကြသော ယောဂီအပေါင်းတို့သည် အမှန်ဖြစ်ဘူးသည်ကို ယုံကြည်စွာ တွေ့ဘူးကြ၏၊ သို့သော် ဖြစ်ဘူးသော သူမှသာလျှင် ယုံကြည်ကြပေမည်၊ စင်စစ်မှာမူ ရုပ်, ဝေဒနာ, သညာ, သင်္ခါရ, ဝိညာဉ်တို့၏ ချုပ်ငြိမ်းဖြစ်ပျက်ဟန်ကို အတန်တန် မြင်လိုက်ရလေခြင်းကြောင့် ရှင်တော်မြတ်ဘုရားသည် သတ္တဝါအပေါင်းတို့အား သံသရာနယ်မှ ထုတ်ဆောင်တော်မူလို၍–

> ဝိညာဏံ အနိဒဿနံ အနန္တံ သဗ္ဗတော ပဘန္တိ သင်္ခါရပရိက္ခေပေန နိဗ္ဗာနံ ဒဿိတံ။

ဟု နိပ္ပရိယာယ ဓမ္မဖြင့် သံယုတ်အဋ္ဌကထာ၌ လာတော်မူသည်ကို ယောဇနာရမည်မှာကား နောက်က အနက်ယောဇနာပြီးပြီ။ ဤသည်ပင်လျှင် အမှန်

မျက်မှောက် ပြုလိုက်ရသော သစ္စိကာတဗ္ဗဓာတ် နိရောဓသစ္စာကား နိဗ္ဗာန် အမှန် ဖြစ်ချေ၏ ဟူလို။

ဤနိရောဓသစ္စာ နိဗ္ဗာန်ကို ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် အဖန်ဖန် ဝင်စား၍ အရိယာ သခင် အရှင်မြတ်တို့သည် ထိုနိဗ္ဗာန် အဝတ္ထာဘုံ၌ ခိုလှုံတိုင်း ခိုလှုံတိုင်း အခိုက် အခါကာလ ချမ်းသာသော အကျိုးတရားသည်ကား ဖိုလ်တရား ဟူလို၏။ သိတော်မူကြကုန်လော၊ အရိယာအရှင်ကောင်းတို့။

ဤနေရာ၌ နိဗ္ဗာန်တရား ဖိုလ်တရား ထင်ရှားတော်မူကြပါ၍ ချမ်းသာ-တာက ဖိုလ်တရား ဖိုလ်တရားသိတဲ့ဉာဏ်က ဖိုလ်ဉာဏ် သစ္စာလေးပါးဖြတ်တော့ ခန္ဓာနှင့်တကွ စပ်လျက် အကြွင်းမဲ့ အကုန်ပြတ်၏၊ သစ္စာဖြတ်၍ ပြတ်သည်ကို မဂ်ဖြတ်သည်ဟု ခေါ်ဆိုအပ်၏။ သို့ပါမူ၍ သစ္စာလေးပါးကား မဂ်တရား, သစ္စာလေးပါး သိတဲ့ဉာဏ်က မဂ်ဉာဏ် ဤနေရာ၌ မဂ်တရား ဖိုလ်တရား နိဗ္ဗာန် တရား သစ္စာလေးပါး တရားများကို ပေါ်လွင်အောင် ဘွင့်ထုတ်၍ ရေးသား အပ်ခဲ့သော သံသာရမဂ္ဂ ပါရဂူစာတမ်းဖြင့် ဖတ်ရှုလျက် ရှိတော်မူကြကုန်သော ယောဂီအပေါင်း သူတော်ကောင်းတို့သည် အကျင့်နှင့် အမှန်ပြည့်စုံပြီးပါက ငါသည် ပုထုဇဉ်အဖြစ်မှ အရိယာဘုံသို့ သက်သည်ဟူ၍ ဉာဏ်ရှိသော ယောဂီ များသည် သိထိုက်လှပေ၏။ သို့ပါမူ၍ သစ္စာလေးပါး အရာ၌ မဂ်တရားမည် သည်ကို ပြလို၍ သစ္စဝိဘင်း အဋ္ဌကထာ၌ လာတော်မူသည်ကို ပြရသော်—

သော ဧဝံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။

ယောဇနာကား နောက်က သမ္ဗန်ခဲ့လေပြီ။ ဤသည်ကား အောင်ဗောဓိ အေးမွှာရုံတော်ကြီးဝယ် သစ္စာလေးပါး မဂ်တရား ဖိုလ်တရား နိဗ္ဗာန်တရား ဟူ၍ ကဏ္ဍကြီးလေးရပ်တို့ဖြင့် ဝေဘန်အပ်သော အပိုင်းသည်ကား နောက်ဆုံး သစ္စာလေးပါးဖြင့် ဝေဘန်အပ်သော အခဏ်းသည် ဤတွင် ပြီးဆုံးတော့ပေပြီ။

၁၃၂၉-ခု တော်သလင်းလဆန်း ၁၄-ရက် တနင်္ဂနွေနေ့ နံနက် ၈-နာ အချိန်တိတိ သစ္စာကဏ္ဍ ရေးသားပြီးပါကြောင်း။

နိဗ္ဗာနကဏ္ဍ ပြီး၏။

# ဖလသမင်္ဂိကထာ

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

ဤနေရာ၌ ဖလသမင်္ဂီပုဂ္ဂိုလ်တို့၏ အရာ၌ ဝေဘန်အပ်ရမည့်မှာကား -

ဖလသမင်္ဂီဟူသည် ဖိုလ်လက်ရှိ ပုဂ္ဂိုလ်များပင်တည်း၊ ဖိုလ်လက်ရှိဆိုသည်ကား ဖလဋ္ဌာန်ပုဂ္ဂိုလ် လေးယောက်တို့ကို ဆိုလို၏၊ ထိုဖလဋ္ဌာန် ပုဂ္ဂိုလ်များသည် သူ့မဂ်နှင့် သူ့အရာ မဂ်ကိစ္စ တဆယ့်ခြောက်ချက်နှင့်တကွ—

၁ - အာကာရ" ၂ - ဘာဝ။ ၃ - လက္ခဏ။ ၄ - သတ္တိ။ ၅ - လဟု။ ၆ - ဒဿန - ဟု ဆိုအပ်သော မဂ်ဂုဏ်ရောင် ၆-ပါးနှင့်တကွ ပြည့်စုံတော်မူခဲ့၍သာ ဖိုလ်တရား၌ တည်တော်မူသည်ဖြစ်လျက် ခန္ဓာတော်ခေတ်၏ ဝိပါက်ကဋတ္တာ ကမ္မဇရုပ်တော်သည် အတိတ်ဘဝက ပုညိဒ္ဓိအရှိန်ကြောင့် မဂ်စိတ္တက္ခဏ တကြိမ်နောင်မှ အစဉ်မပြတ် စပ်လျက် ဒန္ဓာဘိညပုဂ္ဂိုလ်အား ဖိုလ်ဇောနှစ်ကြိမ် ခိပ္ပါဘိညပုဂ္ဂိုလ်အား ဖိုလ်ဇောသုံးကြိမ် ထို့နောင်မှ ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၍ ဖလသမာပတ်မှ ထတော်မူသော ပုဂ္ဂိုလ်ကိုသာလျှင် ဖိုလ်ပုဂ္ဂိုလ်ဟု ခေါ်ဆိုအပ်ထိုက်ပေ၏။

ထိုပုဂ္ဂိုလ်များသည် သုပ္ပဋိပန္နတာ အစရှိသော ၉-ပါးသော သံဃဂုဏ်တော်နှင့် ပြည့်စုံတော်မူကြ၍ ဗုဒ္ဓဘာသာအယူ လူမျိုးတို့၏ ကိုးကွယ်ရာတဆူ ဖြစ်တော်မူသော သုံးပါးသော ရတနာတို့တွင် တပါးအပါအဝင် ဖြစ်တော်မူလျက် အရိယာ သံဃာတော်၏ ဘဝသို့ ပညတ်မှ အသိဒ်းထုတ်အပ်သော ပရမတ္ထသံဃာ မည်တော်မူပေ၏။ လူသာမန်တို့သည် ထိုကဲ့သို့သော အရိယာပုဂ္ဂိုလ်ကို သိနိုင်ခြင်းငှါ ခဲယဉ်းစွ၊ အမြင်ဉာဏ်နှင့် ပြည့်စုံသော ပါရမီပညာရှင်များမှ သာလျှင် သိခြင်းငှါ တတ်နိုင်တော့ပေ၏။

ဤကဲ့သို့ အရိယာဖြစ်တော်မူသော ပရမတ္ထ သံဃာတော်များကို ကိုးကွယ်ဆည်းကပ်နိုင်ပါက လောက၌ မြတ်သောအလှူကို ခံတော်မူထိုက်သော အရိယာပုဂ္ဂိုလ်ကို လှူကြရကုန်သော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့မှာ အင်္ဂဒက္ခိဏေယျ ဂုဏ်နှင့် ပြည့်စုံကြောင်းကို ဖြေရှင်းနိုင်သော ပုဂ္ဂိုလ်ဟူ၍ ပညာဘာဝနာ အဋ္ဌကထာဆရာက ဘွင့်ပြတော်မူရသည်မှာကား -

ဥပစာ မပါဘဲရယ်နှင့်၊ နုလုံလဲဘော်မကူ၊ ဂေါတြဘု ငဲ့သာချည်း။ အရိယာ၊ မြတ်ဘုန်းမို ဗိုလ်မဟာတို့၊ မဂ်သောတာ အောင်မြေနင်းကြတယ်၊ (ကွယ်) သင်း ဘယ်သို့တုံး။

ဤနေရာ၌ အထင်သေး အမေးရှိစွ—

ရေမင့် ဖြေပုံပေးရမှာဖြင့်၊ နှေးမဖင့်လွယ်ကူ။ သိသာရုံ ကျယ်မချဲ့ပါဘူး၊ တကယ်ဘဲ မြမှတ်တော်မူ။

ဤ၌ ဥပစာမပါ အနုလုံဘော်မကူပါက အဘယ်မှာ ဂေါတြဘု ဖြစ်နိုင်ပါအံ့ နည်း၊ ထိုအရိယာ ပုဂ္ဂိုလ်၏ သန္တာန်ဝယ် မဂ္ဂသမင်္ဂီအရာ အခါကာလက ပုထုဇ္ဇနဂေါတြဘု အနွယလျော်စွာကသာ ရခဲ့ပါ၍ ယခု ဖလသမင်္ဂီသန္တာန် တော်ဝယ် အလွန်ကြည်လင်လှစွာသော ပတ္တမြားကို ဘယ်အခါကမှ အရောင် မမှိန် မြူတိမ်မီးခိုး အပြစ်မျိုးတို့မှ ကင်းသော ပတ္တမြားကဲ့သို့ အရိယာပုဂ္ဂိုလ်တို ၏ အရာဝယ် အကျိုးဖြစ်သော ဖိုလ်ဇောသည်ကား အမြဲကမ်းတည်လျက် ရှိ၍ ဂေါတြဘုအရာ၌တည်သော ဝေါဒါန်အရ ကိစ္စဖြင့် ပြတော်မူလို၍ သင်္ခါရနှင့် မကင်း ဝေါဒါန်အဖြစ်ဖြင့် ရှင်းပြတော်မူရာဝယ် မဟာဋီကာဆရာ မိန့်မှာ တော်မူခဲ့သည်မှာ -

သင်္ခါရာရမ္မဏဂေါတြဘုဉာဏန္တိရန္တိ သင်္ခါရာရမ္မဏာသ ဝေါဒါနန္တိ လဒ္ဓနာမဿ ဂေါတြဘုဉာဏဿ အနန္တရံ။

ဟု ဖြေကြားတော်မူသည်ကို နားဆင်တော်မူကြစေလို၍ ယောဇနာ သည်မှာကား—

သင်္ခါရာရမ္မဏဂေါတြဘု ဉာဏန္တရန္တိ၊ ဟူသည်ကား။ သင်္ခါရာရမ္မဏဿ၊ သင်္ခါရလျှင် အာရုံရှိသော။ ဉာဏဿ၊ ဉာဏ်၏။ အနန္တရံ၊ အခြားမဲ့၌။ လဒ္ဓနာမဿ၊ ရအပ်သော အမည်ရှိသော။ ဂေါတြဘု၊ ဂေါတြဘုကို။ ဝေါဒါနန္တိ၊ ဝေါဒါန်ဟူ၍။ ပဝုစ္စတိ၊ အပ်၏။

ဤကဲ့သို့ သတပဒိကအမေး မဟာဋီကာအဖြေ ဒွိခါပထဖြင့် ကင်းဝေးစေ ကြ၍ ဖလသမင်္ဂီပုဂ္ဂိုလ်တို့၏ဘဝ ပဝတ္တိခန္ဓာတော်ဝယ် လက်ရှိ ဟတ္ထမုဋ္ဌိနည်းဖြင့်

ထိုက်တော်မူ၍ လောက၌ ပြီးမြောက် ပါရဂူမြောက်လျက် ဟောသူလို့ လက်ညှိုး ထောက်လောက်သူကို ပညာရှိတယောက် ပြဆိုလောက်ပါ၍—

တသ္မာ ပညဝါတိ ဧတ္ထ ဟေဋ္ဌိမကောဋိယာ သောတာပန္နော ဥပရိ မကောဋိယာ ခီဏာသဝေါ တသ္မာ ပညဝါတိ နိဒ္ဒိဋ္ဌော။

ဟု သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ ချီးကျူးတော်မူသည်မှာ ယောဇနာတော်မူလို၍–

တသ္မာပညာဝါတိဧတ္ထ၊ ၌။ ဟေဋ္ဌိမကောဋိယာ၊ အောက်အဘို့အားဖြင့်။ သောတာပန္နော၊ ငင်း။ ဥပရိမကောဋိယာ၊ အထက်အဘို့အားဖြင့်။ ခီဏာသဝေါ၊ ငင်း။ တသ္မာပညဝါတိ၊ ဟူ၍ နိဒ္ဒိဋ္ဌော၊ ညွှန်ပြအပ်၏။

ဤကဲ့သို့ သမ္မောဟဝိနောဒနီ အဋ္ဌကထာအရ ပညာ့အရာ၌ ဝေဘန်ရမည်မှာ အောက်အဘို့အားဖြင့် သောတာပန်ပုဂ္ဂိုလ် အထက်အဘို့အားဖြင့် အရဟန္တပုဂ္ဂိုလ် ဤကဲ့သို့သော အရိယာ အရှင်များမှသာလျှင် မဂ်ပညာဖြင့် သမ္မာဒိဋ္ဌိဉာဏ် ပေါက်၍ ပညာမဂ္ဂင်နှင့် ပြည့်စုံတော်မူကြကုန်သော အရိယာများမှသာလျှင် ပညာ့ရှင် မည်ပေ၏။ သို့ပါမူ၍ လောကုတ္တရာအရာ၌—

"လောကတော ဥတ္တိဏ္ဏောတိ လောကုတ္တရော" ဟု ဝိဂ္ဂဟ်ဝစန မူသည်ကို လောကမှ လွန်မြောက်လေသောကြောင့် လောကုတ္တရာပညာရှိ မည်ပေ၏။

လောကီပညာရှိတို့မှာကား လောက၌ အင်း, အိုင်, ခလှဲ, လက်ဖွဲ့, မန္တန်, ဗေဒင် ဟူးရား, ဝိဇ္ဇာ, ဇော်ဂီ, တပသီ အစရှိသော လောက၌မူ ပညတ်ဟူက ပညာရှိယူမှု အဝိဇ္ဇာထုနှင့်သော တည်ကြကုန်သော သူတို့ကား ပညတ်နယ် တလျှောက် ပရမတ်နယ်သို့ မပေါက်ကြကုန်သော သူများ၏ အရာသာ တည်၏။

သို့ပါမူ၍ ဖလသမင်္ဂီအရာ၌ ပုဂ္ဂိုလ်၏အမြင်ဖြင့် အထင်သေးကြပါလျက် ဝင်စား၍ နေတော်မူသည့်အချက် ရှေ့စဉ်လာ စကားဆက်ဖြင့် သတပဒိက အချက် စရဏမဂ်သက်ဖြင့် စိတ္တက္ခဏတချက်ကို ပရိယတ္တိဉာဏ်ချက်ဖြင့် ရွတ်ဆို၍ ထွက်တော်မူသည်မှာ—

ဤကဲ့သို့ ဝဋ္ဋဒုက္ခအားဖြင့် ပြည့်စုံတော် မူကြကုန်သော အရိယာအရှင်တို့သည် ရှေးမဂ် ရှေးဖိုလ်ကို အားကိုးစွာ မြှော်ထောက်တော်မူသည်ဖြစ်၍ ကာလကြာ၍ နေပါသော်လည်း ဝဋ္ဋဒုက္ခ အားရှိတော်မူသည်ကို ပြလို၍ ဤဝဋ္ဋဒုက္ခ အရာ၌ အားလုံးသော ပရိစယဖြင့် ပြုကြကုန်သော ယောဂီအပေါင်းတို့သည် အကြားအမြင် နည်းလျက် ဆရာကောင်းနှင့် မကွေမကွာ သဟာဓမ္မိက ဘောဇနယထာရဟာ ဓမ္မပရိယောသာန အနုသာသနနှင့် ပြည့်စုံမှသာလျှင် ဝဋ္ဋဒုက္ခ အကြောင်း ကောင်းကောင်းကြီး ဉာဏ်မှီနိုင်ကြပေလိမ့်မည်၊ သို့ပါမူ၍ မဟာနိဒ္ဒေသဋီကာ၌ ထုတ်ဆောင်၍ ဘွင့်ပြတော်မူသည်မှာ—

ဝေဋ္ဌကတွာ သေက္ခာ အတ္တနော ဖလသမာပတ္တိဝဋ္ဋဒုက္ခတ္ထာယ ဥဒယဗ္ဗယာဒိဝသေန သင်္ခါရေ သမ္မသန္တာ ဝိပဿနာ ဉာဏာနုပုဗ္ဗိယာ ဖလမေဝ ဥပ္ပဇ္ဇတိ။

ဤကဲ့သို့ လာတော်မူသည်ကို ယောဇနာရမည်မှာ—

သေက္ခာ၊ သေက္ခဖလဋ္ဌာန် ပုဂ္ဂိုလ်အား။ အတ္တနော၊ မိမိ၏။ ဖလသမာပတ္တိဝဋ္ဋဒုက္ခတ္ထာယ၊ ဖလသမာပတ်ကို ကာလခြား၍ ဝင်စားခြင်းအကျိုးငှါ။ ဝေဋ္ဌ၊ ဤသို့လျှင်လည်း။ ကတွာ၊ ပြု၍။ ဥဒယဗ္ဗယာဒိဝသေန၊ ဥဒယဗ္ဗယဉာဏ် အစရှိသည်တို့၏အစွမ်းဖြင့်။ သင်္ခါရေ၊ သင်္ခါရတရားတို့ကို။ သမ္မသန္တာ၊ သုံးသပ် ဆင်ခြင်သော သေက္ခပုဂ္ဂိုလ်အား။ ဝိပဿနာ ဉာဏာနုပုဗ္ဗိယာ၊ ရှေး၌ ဖြစ်ခဲ့ဘူးသော ဝိပဿနာဉာဏ်အစဉ်ဖြင့်။ ဖလမေဝ၊ ဖိုလ်သည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤသည်ကား ဝဋ္ဋဒုက္ခဖိုလ်တို့သည် အလွန်ပေါ် လွင်လျက် ထင်ရှားတော်မူလှ၍ ကစ္စာယနသဒ္ဒ နည်းနယကဲ့သို့ မိဂပဒဝဋ္ဋဒုက္ခနည်းတူ ကျောက်ဖျာထက်မူ ခြေရာမထင်ဟူ အလားကဲ့သို့ ရှေ့ကြောင်း နောက်ကြောင်းစပ်၍ ပေါင်းက သိနိုင်ဘိမူ ပရိယတ္တိပညာရှင်တို့ ဆိုရိုးစကား ဆုံးမသည့် အလားကဲ့သို့ ဝဋ္ဋဒုက္ခ ဖိုလ်ဖြင့် ဝင်စားနိုင်သော သောတာပန်စသော · အရိယာ ပညာရှင်များသည် ငါးတန်သော ဝသီဘော်အားကို ဆောင်တော်မူလျက် ပညာတံဇူ တံခွန်ထူ

နှင့်သာ နေရသော ဂေါပါလ န္ဒွားကျောင်းသား မိလက္ခု လူရိုင်းတို့ အလား ကဲ့သို့ သံသရာ၌ ကျင်လည်၍သာ နေကြရဦးတော့မည်မှာ မလွဲသာ။

သို့ပါမူ၍ ဤငါးတန်သော ဝသီဘော်ဖြင့် လေ့လာဘန်များ၍ ရင့်ကျက်တော်မူကြကုန်သော အရိယာသခင် အရှင်မြတ်များသည် လောကကိစ္စနှင့် ဒိဝါသေယျ၊ သဟသေယျ၊ ကုဋိကာရ သေနာသန ဝတ္တသီသ အချိန်ကာလ များနှင့် နေ့ကုန်၍ နေငြားပါသော်လည်း အရိယာတို့၏သဘော ဥပမာတခုဖြင့် ပြောရမည်ဆိုသော်-

န္ဒွားသားငယ်ဖြင့် စောင့်ရှောက်အပ်သော န္ဒွားမိခင်သည် အစာ အာဟာရ ဖြင့် ရှာဖွေကာ စားသောက်၍ နေပါသော်လည်း န္ဒွားသားငယ်၏ ထံသို့ အာရုံမျက်စောင်း အကြောင်းမကင်းသကဲ့သို့ ထိုနှင့်ပုံယူ အလားတူ ဝတ္တသီသ ကျောင်းအာရာမ လေးဝပစ္စည်း သိုမှီးရေးဖြင့် အကြောင်းရင်းမကင်း ကာလ ရှည်ကြာ ငြားပါသော်လည်း အမြဲတမ်းအားဖြင့် ခမ္မသံဝေဂအနေ အာရုံမူစေ၍ ဝတ္တသီသအရာ၌ တည်သည်ကို ပြတော်မူရမည်မှာ—

ဝတ္တသီသေ ဌတွာ ကရောန္တဿ သာ ဇဝနာ မဂ္ဂဖလာနံ ပဒဋ္ဌာနံ န ဟောတီတိ န ဝတ္တဗ္ဗာ။

ဟု ဣတိဝုတ် အဋ္ဌကထာ လာသည်ကို ထောက်တော်မူပါသဖြင့် အရိယာ ပုဂ္ဂိုလ်တို့သည် လောကကိစ္စနှင့် အချိန်ကုန်၍ နေပင် နေပါငြားသော်လည်း ဆိုအပ်ခဲ့ပြီးသော ဝသီဘော်နှင့်တကွ ဝဋ္ဋဒုက္ခနအားကို ဆောင်တော်မူလျက် အရာရာသော ကိစ္စတို့သည်လည်း ဝဋ္ဋဒုက္ခနအားဖြင့် အနုသာသနီ ပြည့်စုံတော် မူသည်ကို ယောဇနာလို၍—

ဝတ္တသီသေ၊ ပြုပြင်ကိစ္စ လုပ်မှုအထူး ဝတ်အဦး၌။ ဌတွာ၊ တန့်ရပ်၍။ ကရောန္တဿ၊ တိုင်းထွာပြုလုပ် ကိစ္စစီစဉ် အရိယာအရှင်၏။ သာ ဇဝနာ၊ ထို ကဲ့သို့ အစီအစဉ် ပြုပြင်မှု အလျဉ်သည်။ မဂ္ဂဖလာနံ၊ မဂ်ဖိုလ်တို့၏။ ပဒဋ္ဌာနံ၊ နီးစွာသောအကြောင်းသည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ န ဝတ္တဗ္ဗာ၊ မဆိုအပ်ပေ။

ဟု နိဒ္ဒေသ အဋ္ဌကထာ၌ ဉာဏ်အမြင်နှင့် ပြည့်စုံတော်မူကြကုန်သော ပညာရှင်အပေါင်းတို့အား ယုံကြည်လောက်သော အထောက်အထားဖြင့် သဒ္ဒါရွှေထားလျက် ဖွင့်ပြတော်မူလိုက်ရသည်မှာကား ယောဇနာပါအံ့ -

သေက္ခဿ၊ သေက္ခဖလဋ္ဌာန် ပုဂ္ဂိုလ်အား။ အတ္တနော၊ မိမိလက်၌ရှိသော ဖိုလ်၏။ ဖလံ၊ အကျိုးကို။ သမာပဇ္ဇိတ္တိ၊ ဝင်စားနိုင်ကုန်၏။ ဣတိ၊ ဤသို့ကား။ မဂ္ဂေါ၊ မဂ်သည်၊ န၊ မဟုတ်။

ဤနေရာ၌ကား ဖိုလ်ပုဂ္ဂိုလ်တို့မည်သည်မှာ မိမိ၏ လက်၌ရှိသော ဖလသမာပတ်တော်ကို ဝင်စားမြဲတံထွာ ဓမ္မတာဖြစ်လေသောကြောင့် ဝသီတော်ငါးတန်နှင့်တကွ လေ့လာမြဲတံထွာ ဓမ္မတာပင်တည်း၊ အဘယ့်ကြောင့် ဝင်စားမြဲတံထွာ ဓမ္မတာ ဖြစ်ပါလိမ့်မည်နည်းဟု မေးလိုကြ၏၊ ဖြေကြားတော်မူရမည်မှာကား -

ရှေ့မဂ် ရှေ့ဖိုလ်သို့ အားသစ်တော်မူလှ၍ ဝင်စားကြရပေကုန်၏၊ ဤကဲ့သို့ အလေ့အလာ မရှိပါက ဝီရိယမဂ္ဂင်အား နုံ့နဲ့ပါ၍ ဝသီတော်ကျဆင်းလျက် ဝီရိယဖိုလ် အားမရှိပါက သို့ပါသောကြောင့် ဝသီတော် တိုးပွားစေခြင်း အကျိုးငှါ လေ့လာအပ်သော ငါးပါးသော ဝသီတော်ကို ဘွင့်ထုတ်၍ပြပါအံ့ -

၁ အာဝဇ္ဇနဝသီတော်၊
၂ သမာပဇ္ဇနဝသီတော်၊
၃ ပစ္စဝေက္ခဏဝသီတော်၊
၄ အဓိဋ္ဌာနဝသီတော်၊
၅ ဝုဋ္ဌာနဝသီတော်—

ဟု ဤငါးတန်သောအင်္ဂါနှင့် ကိုက်ညီပါမှ ရှေ့မဂ် ရှေ့ဖိုလ်သို့ အင်အား ပြည့်တင်းရာသို့ ရောက်တော်မူ၍ ငဋ္ဌဥနအား ဖြစ်နိုင်ကြပေမည်၊ ဤကဲ့သို့ ဝသီတော် ငါးတန်နှင့်တကွ ဝဋ္ဌဥနဖိုလ်ကို မဝင်စားနိုင်ပါမူ ထိုသောတာပန် အရိယာပုဂ္ဂိုလ်သည် ရွှေတောင်ကြီးကိုမြင်ပါလျက်နှင့်ပင် ဝင်၍ မနားနိုင်သော အဝေးကသာနေ၍ မှိုင်ကာငေးလျက် နေရသော ကျီး လင်းတ ငှက်အိုကြီးကဲ့သို့ ကာလရှည်ကြာ၍ အချိန်မကုန်နိုင်ဘဲ ခန္ဓာကိုယ်ကိုစောင့်ထိန်း၍ကျွေးမွေးလျက်

မူလျက် ဝိပါက် ကဋတ္တာ ကမ္မဇရုပ် ခန္ဓာတော်ကို ဖိုလ်၌တည်သော ပုဂ္ဂိုလ်ဟု သာသနာတော်၌ အရိယာ ထင်ရှားစွာ ရှိတော်မူပေ၏။

ထိုကဲ့သို့သော လေးပါးသော ဖိုလ်၌ တည်ရှိတော်မူသော ပုဂ္ဂိုလ်တို့တွင် သောတာပန်အဖြစ်သို့ ရောက်တော်မူကြကုန်သော ပဌမ သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်ကို ဝေဘန်ရမည်မှာ သံသရာတည်းဟူသော အလျဉ်သို့ ရှေးဦးစွာ ဆန်တက်တော်မူသောကြောင့် လေးပါးသော ဖိုလ်တို့တွင် ပဌမအစ အဦး အမှူးပြုသည်မှာ—

သောတံ အာဒိတော ပဇ္ဇိံသု ပါပုဏိံသုတိ သောတာပန္နော။

ဟု အဘိဓမ္မာအဋ္ဌကထာ၌ လာတော်မူသည်၊ ဤကဲ့သို့ ဝိဂ္ဂိုဟ် ဝစနတ္ထကို ထောက်တော်မူကြပါသဖြင့်- အာဒိတော၊ အစစွာ။ သောတံ၊ သံသရာတည်း ဟူသော အလျဉ်သို့။ ပဇ္ဇိံသု ပါပုဏိံသု၊ ရောက်ကြကုန်ပြီ။ ဣတိ-တသ္မာ၊ ကြောင့်။ သောတာပန္နော၊ မည်၏။

သို့ပါမူ၍ လေးပါးသော ဖိုလ်တို့တွင် အစစွာ သံသရာတည်းဟူသော အလျဉ်သို့ ဆန်တက်တော် မူလေသောကြောင့် သောတာပန် အရိယာပုဂ္ဂိုလ် မည်ပေ၏-ဟု သိပါစွ။

ထိုသောတာပန် ပုဂ္ဂိုလ်များသည် အရိယာအဖြစ်နှင့် သာသနာ ၅၀၀၀-တည်ရှိသမျှ ကာလပတ်လုံး မကွယ်မဆိတ်သုဉ်းပါမူ၍ "သံဃာသာသနာအစ ကောဏ္ဍည, ဓမ္မစကြာအစ မိဂဒါဝုန်က ဒါယကာတွင်အစ တပုဿ ဘလ္လိက ဒါယိကာမတွင်အစ ကာဠီက" ဤမှအစပြု၍ ယခုအချိန်အထိ ဤမှလားသော် သာသနာ ၅၀၀၀-ကုန်ဆုံးသည်တိုင်အောင် အဂ္ဂါရမုနိ အနဂ္ဂါရမုနိ နှစ်ထွေနှစ်ဝ ဣတ္ထိ-ပုရိသအစုံ အရိယာဂုဏ်တို့နှင့် ပြည့်စုံတော်မူကြကုန်သော ရဟန်း ရှင် လူ ခပ်သိမ်းသောသူတို့သည် ဒိဋ္ဌ သုတ မုတ ပစ္စက္ခ ဓမ္မန္ဒယအားလျော်စွာ ထင်ရှား တော်မူကြပါ၍ ဖလသမာပတ်တော်နှင့်တကွ တည်ရှိတော်မူကြသည်ကို ပြတော် မူလို၍ -

သေက္ခာသာ အတ္တနော ဖလံ သမာပဇ္ဇန္တီတိ နမဂ္ဂေါ။

အထင်နှင့် အမှား တရားသော ဒါနဟူ၍။ အဂ္ဂံ အင်္ဂေါ်၊အထူးသဖြင့်မြတ်သည်။ ဟောတိ၊ ဖြစ်၏။

အဲ-ဤကဲ့သို့ ဤသို့သော ဒါနပါရမီရှင်များသည် ဤကဲ့သို့သော ပုဂ္ဂိုလ်များကို လှူဒါန်းရမှာဘာလျှင် ဤကဲ့သို့သော အကျိုး ဤကဲ့သို့ ဖွံ့ဖြိုးနိုင်ပေလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် သဗ္ဗဒါနဟူရာ အလုံးစုံသော ဒါနထက် ဓမ္မဒါန အမြတ်ဆုံးဟူ၍ ပုဂ္ဂလပညတ် ဝါကျတံဆိပ် ခပ်နှိပ်တော်မူသည်ကို ဝစနာလင်္ကာရအရ ဝေါဟာရဟူ၍ရင်း၊ အဋ္ဌကထာဟူ၍ရင်း ဘွင့်ဆိုရမည်မှာ—

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

ဟု ဘွင့်ဆိုတော်မူသည်မှာ ယောဇနာကား-

သဗ္ဗဒါနံ၊ အလုံးစုံသော ဒါနမျိုးတို့ထက်။ ဓမ္မဒါနံ၊ တရားတည်းဟူသော ဒါနသည်။ ဝါ- အရိယာပုဂ္ဂိုလ်ကို အရိယာပုဂ္ဂိုလ်ဟု သိ၍ လှူအပ်သော ဒါနသည်။ ဝါ- အဂါရမုနိ အနဂါရမုနိ နှစ်ပါးရှိ၍ သိ၍ လှူရသောဒါနသည်။ ဇိနာတိ၊ မြတ်၏။

အဲ- ဤကဲ့သို့ ဒါနမျိုးဖြစ်စေလို၍ အကယ်၍ကား ဖြစ်ခဲ့သော် ဤနေရာ၌ ဤဒေသနာ ဤရွှေကျမ်းစာက ဖွင့်ထုတ်၍ စာတမ်းလိုက်ရပေတော့သတည်း။ သို့ပါမူ၍ ဤဖလသမင်္ဂီကဏ္ဍ၌ ဖိုလ်တရားတို့သည်—

၁ သောတာပတ္တိ ဖိုလ်ဟူ၍ရင်း၊

၂ သကဒါဂါမိ ဖိုလ်ဟူ၍ရင်း၊

၃ အနာဂါမိ ဖိုလ်ဟူ၍ရင်း၊

၄ အရဟတ္တ ဖိုလ်ဟူ၍ရင်း၊

လေးမျိုး လေးစား လေးပါး ပြားပြန်၏။ ထိုလေးပါးတို့တွင် သောတာပတ္တိ ဖိုလ်ကို ရှေးဦးစွာ ပဌမကဏ္ဍဖြင့် ဝေဘန်ပိုင်းခြား ရမည်မှာ မဂ်၌တည်သော ပုဂ္ဂိုလ်လေးယောက် ဖိုလ်၌တည်သော ပုဂ္ဂိုလ်လေးယောက် ဤသည်တွင် အရိယာပုဂ္ဂိုလ် ရှစ်ယောက်ဟူရာ၌ လေးပါးသော မဂ်ကိစ္စ တကြိမ်စီ လွန်ပြီး၍ ပ္ပ့မဂ်နှင့်သူ အကြောင်းအားလျော်စွာ အကျိုးဖြစ်သော ဖိုလ်၌တည်တော်

ဖလက္ခဏေ ဝိဇ္ဇဋ္ဌိတဇဗ္ဗော သဒေဝကဿ လောကဿ အဂ္ဂဒက္ခိဏေယျော။

ဟု ဤမဟာ အဋ္ဌကထာ၌ လာသည်ကို ယောဇနာရမည်မှာ—

ဖလက္ခဏေ၊ ဖိုလ်ခဏ၌။ ဝိဇ္ဇဋ္ဌိတဇဗ္ဗော-ဝိဇ္ဇဋ္ဌိတဇဗ္ဗော ဝေ၊ ဖြေရှင်းနိုင်သော ပုဂ္ဂိုလ်မှသာလျှင်။ သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ လောက၌ နေသူ အားလုံးသော သတ္တဝါအပေါင်း၏။ အဂ္ဂဒက္ခိဏေယျော၊ မြတ်သော အလှူကို ခံတော်မူထိုက်သည်။ ဟောတိ၊ ဖြစ်၏။

အဲ ဤကဲ့သို့ ဖလက္ခဏအရာ၌ ဝေဘန်ဖြေရှင်း၍ ဟောပြော ပြသတော်မူနိုင်သော အဂ္ဂဒက္ခိဏေယျ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော အရိယာပုဂ္ဂိုလ် အရှင်မြတ်များကို လှူဒါန်းပူဇော်ကြရသော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် မိမိတို့၏ ပါရမီနှင့်စပ်လျက် အလှူပေး အလှူခံ နှစ်တန်သော ပုဂ္ဂိုလ် တို့၏ ကံ-ဓမ္မကို အမှီပြုရမှု ကောင်းစွာ ဖွံ့ဖြိုး အကျိုးကြီးစွာ ပေးနိုင်၍ သို့ပါကမှ တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ်ဇော ဖြစ်နိုင်ကြပေလိမ့်မည်၊ မဟာကုသိုလ်ဇော ဖြစ်မှသာလျှင် ဉာဏသမ္ပယုတ် ပညိန္ဒြေနှင့်ယှဉ်လျက် အင်္ဂုတ္တိုရ် အဋ္ဌကထာ၌ လာတော်မူသည်ကို ဘွင့်ပြတော်မူလို၍—

ယော သီလဝါ သီလဝန္တေသု သဒ္ဓါတိ ဒါနံ ဓမ္မော လဒ္ဓံ သုပသန္န-
စိတ္တော အဘိသဒ္ဓါဟံ ဥဠာရံ ကမ္မဖလံ တံ ဝေ ဒါနံ အာမိသဒါနတ္တိ အဂ္ဂံ။
ဟု လာတော်မူသည်ကို ယောဇနာလို၍ -

ယော၊ အကြင်အရိယာ ပုဂ္ဂိုလ်သည်။ သီလဝါ၊ သီလနှင့် ပြည့်စုံ၏။ သီလဝန္တေသု၊ သီလနှင့် ပြည့်စုံကြကုန်သော အရိယာပုဂ္ဂိုလ်တို့၌။ သုပ-သန္နစိတ္တော၊ ကောင်းစွာ ကြည်ညိုသော စိတ်ရှိကြကုန်သည် ဖြစ်၍ငင်း။ အဘိသဒ္ဓါဟံ၊ အလွန်ယုံကြည်သော သဒ္ဓါရှိကြကုန်သည် ဖြစ်၍ငင်း။ ဥဠာရံ၊ မြတ်သော။ ကမ္မဖလံ၊ ကံ၏အကျိုးသည်။ သဒ္ဓါတိဒါနံ၊ သဒ္ဓါကိဒါနဟူ၍။ ဓမ္မောလဒ္ဓံ၊ တရားသဖြင့် ရအပ်သော ဒါနတည်း။ ဣတိ၊ သို့။ ဝေ၊ စင်စစ်။ တံဒါနံ၊ ထိုဒါနသည်။ အာမိသဒါနတ္တိ၊ အာမိသဒါနဟူ၍။ ဝါ-အသိနှင့်အမြင်

ဆောင်တော်မူလျက် သင်္ခါရလျှင် အာရုံရှိသော ဝေါဒါန်ဟူသော အမည်ဖြင့် ရအပ်သော ဂေါတြဘုကိစ္စဂုဏ်ဖြင့် အမြဲတမ်း လွှမ်းခြုံလျက် ခန္ဓာတော်၏ ပစ်ချအပ်သော ကံအဟုန် မကုန်သေးသမျှ ကာလပတ်လုံး အနုပါဒိသေသ နိဗ္ဗာနဓာတ်နန်းသို့ စိတ်တော်ဖြင့် အမြဲတမ်း အာရုံညွတ်လျက် သမာပတ်တော်ကို အရင်းထား၍ ခန္ဓာတော် ကိန်းသည်တိုင်အောင် အငြိမ်းကြီး ငြိမ်းစေတော်မူလျက်။

သမာပတ္တိံ တာဝ ပဒ္ဓွာနံ ကတွာ ဝိပဿနံ ဝဍ္ဎေတွာန အရဟတ္တံ ဂဏှန္တော ဝိယ ဘိက္ခု နာဝံ ဝါ ဥဠုမ္ပာဒိနိ ဝါ နိဿာယ မဟောဃံ တရိတွာ ပါရံ ဂစ္ဆန္တော ဝိယ န ကိလမတိ။

ဟု အာနန္ဒ သပ္ပါယသုတ် အဋ္ဌကထာ၌ လာတော်မူသည်ကို အားကိုးတော်မူ၍ ယခု သံသာရမဟာဝဋ်ဆင်းရဲကမ်းတမ်းဖြင့် ရေးထုတ်၍ ဘွင့်အပ်သော ဆရာတော်သည်ကား ရှာတော်မူခဲ့သော ဟတ္ထမုဋ္ဌိနည်းကို ဆောင်တော်မူလျက် အားလုံးသော သိက္ခာကာမ လဇ္ဇီပေသလ သီလဝန္တ ယောဂီပညာရှင်တို့အား အသိဉာဏ်ဖြင့် အာဘောဂထားလျက် အကြောင်းကြောင်းတို့ဖြင့် ငဲ့ပါသဖြင့် ယောဇနာတော်မူသည်မှာ –

သမာပတ္တိံ၊ သမာပတ်ကို။ တာဝ၊ ရှေးဦးစွာ။ ပဒဋ္ဌာနံကတွာ၊ နီးစွာသော အကြောင်းပြု၍။ ဝိပဿနံ၊ ဝိပဿနာကို။ ဝဍ္ဎေတွာန၊ ပွား၍။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ဂဏှန္တော၊ ယူလိုသော။ ဘိက္ခု၊ သံသရာဘေးလေးသောဝန်ကို ရှုလေ့ရှိသသူသည်။ နာဝံ ဝါ၊ လှေကိုလည်းကောင်း။ ဥဠုမ္ပာဒိနိ ဝါ၊ ဖောင်အစရှိသည်တို့ကိုရင်း။ နိဿာယ၊ အမှီတံကဲ သဟဲပြု၍။ မဟောဃံ၊ ကြီးကျယ်စွာသော သံသရာကြီးကို။ တရိတွာ၊ ကူးခပ်၍။ ပါရံ၊ ကမ်းတဖက်သို့။ ဂစ္ဆန္တောဝိယ၊ ရောက်သောသူကဲ့သို့။ န ကိလမတိ၊ မပင်မပန်း။

အဲ ဤကဲ့သို့ ဤဒေသနာတော်အရ ဝေဘန်ရမည်မှာ သုံးရပ်သော သာသနာတော်၏ ဂုဏ်တော်ကို ဆောင်တော်မူလျက် သုတမယဉာဏ် စိန္တာမယဉာဏ် ဘာဝနာမယဉာဏ် ဟု ဆိုအပ်သော သုံးပါးသော ဉာဏ်ဓာတ်ဖြင့် အနုပါဒိသေသနိဗ္ဗာနဓာတ် တိုင်အောင် လေ့ကျက်အပ်သော ဇလန္ဓြေတော်ဖြင့်

ကေဗိဇ ဟတ္ထမင္ဒ္ဓိ နည်းလက်ရှိနှင့် ရှေးမဂ် ရှေးဖိုလ်သို့ အမြန်လိုလား အားတက်တော်မူကြကုန်သော သောတာပန်အရှင်မြတ်တို့၏ ပစ္စက္ခဘဝ ကရဇကာယ ဝိပါက်ကဋတ္တာ ခန္ဓာရုပ်တော် အာဘောဂအနေတော်ဖြင့် ဂရုဟာဂုဏ် နိဂ္ဂဟာဂုဏ်တို့ဖြင့် ပယ်သုဉ်း၍ နေတော်မူပါသဖြင့် အမြင်အားဖြင့် ပဂ္ဂဟ ပသန္န သဒ္ဓါ အာဘောဂ ဆန္ဒအရာဖြင့် ကြည်လင်တော် မူကြကုန်သော အရှင်မြတ်တို့၏ မဂ်အစဉ် ဖိုလ်အစဉ်အားလျော်စွာ ဘဝတဖန် ဂဗ္ဘသေယျ ပဋိသန္ဓေ မစွဲမနေလိုတော်မူ၍ ခရီးတလျှောက် ဘဝအစဉ်သို့ မရောက်သည်ကို ပြလို၍ အင်္ဂုတ္တရ အဋ္ဌကထာ မေတ္တာသုတ်အလာကို ဘွင့်ထုတ်၍ ပြရမည်မှာ–

ဒိဋ္ဌိဥ္စ အနုပဂ္ဂမ္မ သီလဝါ ဒဿနေန သမ္ပန္နော။
ကာမေသု ဝိနေယျ ဂေဓံ၊ န ဟိ ဇာတု ဂဗ္ဘသေယျ ပုနရေတိ။

ဟု လာချေတော်မူသည်ကို အထောက်အထားပြု၍ သမ္ဗန်ရမည်မှာ–

ဒိဋ္ဌိဥ္စ၊ မှားသောအားဖြင့် မြင်တော်မူသည် ဖြစ်၍လည်း။ အနုပဂ္ဂမ္မ၊ နောက်ထပ်တဖန် မလား မရောက်တော်မူလို၍။ သီလ ဝါ၊ သီလနှင့်ပြည့်စုံတော်မူသော သောတာပန်အရိယာပုဂ္ဂိုလ်သည်။ ဒဿနေန၊ မြင်အပ်ပြီးသော မဂ်ဉာဏ်နှင့်။ သမ္ပန္နော၊ ကောင်းစွာပြည့်စုံတော် မူသည်ဖြစ်၍။ ကာမေသု၊ ဝတ္ထု ကိလေ နှစ်ထွေအာရုံ ကာမဂုဏ်တို့ကို။ ဂေဓံ၊ ပြင်းပြလှစွာ။ ဝိနေယျ၊ ပယ်ဖျောက်တော်မူရာ၏။ သော၊ ထိုသောတာပန် အရိယာသည်။ ဝါ-ကေဗိဇသောတာပန်ပုဂ္ဂိုလ်သည်။ ပုန၊ နောက်ထပ်တဖန်။ ဂဗ္ဘသေယျံ၊ ပဋိသန္ဓေနေခြင်းကို။ ဇာတု၊ အကယ်မလွဲသဖြင့်။ နဟိ ဧတိ-နဟိ ဧတိ ဧဝ၊ မရောက်တော့သည် သာလျှင်တည်း။

သို့ပါသောကြောင့် ဤဒေသနာတော်၏ အထောက်အကူအားဖြင့် သောတာပန် အရိယာ တို့မည်သည်မှာ နောက်ထပ်တဖန် ပဋိသန္ဓေ မနေလိုသောဟူရာ၌ မှန်ပေ၏၊ နေလိုခဲ့စေ။ သို့ပါမူ၍ နေလိုလက်သော် ဟူရာဝယ် ဝိသေသ အထောက်အကူဖြင့် ပြရမည်ဆိုသော် ကေဗိဇမျိုးဖြင့် ဆိုလိုအပ်သည် မဟုတ်ပေ၊ သတ္တက္ခတ္တုပရမမျိုး ကောလံ ကောလမျိုးတို့မှာကား သုဂတိ ဘဝဝယ် ကျင်လည်နိုင်ကုန်သေး၏၊ ကျင်လည်လိုသော အာလယ ရှိတော်မူကြကုန်သေး

၏၊ ကျင်လည်လဲ ကျင်လည်ကြကုန်၏ ဟူလို။ ကျင်လည်ကြောင်းကိုလည်း ဝိသေသဒဋ္ဌိပုဒ်ဖြင့် ပညာဘာဝနာ အဋ္ဌကထာ၌ ဘွင့်ပြတော်မူသည်မှာ—

ဝိသေသတော ပနေတ္ထ ပဌမ မဂ္ဂပညာ တာဝ ဘာဝေတွာ မန္ဒာယ ဝိပဿနာယ အာဂတော မုဒိန္ဒြိယောပိ သတ္တက္ခတ္တုပရမောနာမ ဟောတိ။

ဟု ဝိသေသဒဋ္ဌိပုဒ်ဖြင့် ယောဇနာရမည်မှာ—

ပန၊ ဘဝ၌ ကျင်လည်လိုအထူး ပြဆိုဦးအံ့။ ဧတ္ထ၊ ဤသောတာပန်ဒႀ ရာ၌။ ပဌမမဂ္ဂပညာ၊ ပဌမခဂ်နှင့်ယှဉ်သော ပညိန္ဒြေခေါ် ပညာတော်သည်။ ဝိသေ-သတော၊ အထူးအားဖြင့်။ တာဝ၊ အဦးပြုစွာ။ မန္ဒာယ၊ နုံ့ညံ့သော။ ဝိပဿနာယ၊ ဝိပဿနာအနေအားဖြင့်။ ဘာဝေတွာ၊ ပွားလျက်။ အာဂတော၊ လာသော။ မုဒိန္ဒြိယောပိ၊ နူးညံ့သော ဣန္ဒြေရှိပါသော်လည်း။ သတ္တက္ခတ္တု ပရမသောတာပန္နောနာမ၊ သတ္တက္ခတ္တုပရမ သောတာပန်မျှသာ မည်တော့ သည်။ ဟောတိ၊ ဖြစ်တန်သေးတော့၏။

ဤနေရာ၌ သောတာပန်အရာရာ ဝေဘန်ရမည်မှာ အင်မတန် ခက်ခဲလှစွာ သော သောတာပန်တို့၏ ဂုဏ်ပုဒ်တော်ဖြင့် ဆောင်လျက် မြင့်မြတ်ပင် မြင့်မြတ်ငြားပါသော်လည်း သံသရာ၌ လွတ်ကာမျှ အပါယဂမနီယ ဝဋ်ကြွေး ကြေလောက်ခါမျှဖြင့်သာ သေးသိမ်လှစွာသော ဝိပဿနာဉာဏ်ရှိန်ကလေးဖြင့် ပြသသွန်သင် ဆုံးမအပ်သော ဆရာကိုသော်မှလည်း အဝေးကသာ စိတ်အာရုံ ကြည်လျက် မမေ့မလျော့အပ်သော ဂုဏ်ဖြင့် တခါတခါမှ အမှတ်ရစွာဖြင့် မိမိ၏ သီလအထူးကို ဝိပဿနာဉာဏ်ဖြင့် ထပ်ခါထပ်ခါ ကူးပါသော်လည်း "မကူးရကူး ကူးရကူးနှင့် မကူးနိုင်တော့ဘဲသာ" ကာလအရေးနှင့် ရွာအရေး ထူထောင်မှု မှားယွင်းခဲ့သော နောက်ကြောင်းဖြင့် မအေးပါ၍ သာဝတ္ထိ ရွှေပြည်တော်ကြီးမှာ ငါးကုဋေကျော်မျှသော အရိယာအထွေး, အထွေးကလေး တို့၏ ကလေးယယ်မှု ပုံနှုန်းယူ၍ လောက၏ငွေ့မှ မကျွတ်ကြကုန်ဘဲသာ သုဂတိ ဘဝ၌ ကျင်လည်ရသော ဒုက္ခမငြိမ်းနိုင်ဘဲ လောကထည်း၌သာ ပြုမြဲတံထွာ ဓမ္မတာဖြင့် နိဒ္ဒေသအဋ္ဌကထာ ဘွင့်ပြတော်မူသည်မှာ—

သတ္တာ သုဂတိဘဝေ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ။

ဟု ထုတ်ပြတော်မူရာဝယ် ယောဇနာလိုသည်မှာ -

သတ္တာ၊ ခုနစ်ကြိမ်။ သုဂတိဘဝေ၊ လူ့ပြည်, နတ်ပြည် အရောအားဖြင့် ကာမသုဂတိဘဝ၌။ သံသရိတွာ၊ ကျင်လည်၍။ ဒုက္ခဿ၊ လောဘက္ခန္ဓ၏။ အန္တံ၊ အဆုံးကို။ ကရောတိ၊ ပြု၏။

အဲ ဤကဲ့သို့ ဤနေရာ၌ ဤဒေသနာတော်အရ ဖြေရှင်းချက် ထုတ်ရမည်မှာ အင်မတန် ရခဲလှစွာသော သံသရာတည်းဟူသော အလျဉ်သို့ ဆန်တက်တော်မူရပါသဖြင့် မဟာသောတာပန် အဖြစ်သို့ ရောက်တော်မူပင် ရောက်ပါသော်လည်း သတ္တက္ခတ္တုပရမ သောတာပန် အရှင်များသည် အပါယ်မကျကာမျှဖြင့် အာသေဝန ပစ္စည်းအရာ၌ အမြဲတမ်း မတည်နိုင်ပါ၍ တုန်လှုပ်သော ဂေါပါလ ယောကျ်ားကဲ့သို့ ဘဝကို ငဲ့ရှုတော်မူရကုန်သေး၏၊ ဒုက္ခက္ခန္ဓ၏ အဆုံးသို့ ရောက်တော်မူရာ၌လည်း အပါယဂမနီယ ဖြစ်သော ဒုက္ခကိုသာ လွန်နိုင်ကုန် သေး၏၊ ကြွင်းကျန်သေးသော ဘဝ ၇-တန်၏ ခန္ဓာကို မလွန်နိုင်သေးပေ၊ သောတာပတ္တိမဂ်ဉာဏ် တကြိမ်ဖြင့် နိဗ္ဗာန်သို့ အမှန်မျက်မှောက် ပြုရာ၌လည်း မှန်ပေစွ၊ အာသေဝန ဂုဏ်တော်ဖြင့် မဆောင်နိုင်သေးပါမူ၍ တုန်လှုပ်သော အရာကို ပြရမည်ဆိုသော် မဟာနိဒ္ဒေသ အဋ္ဌကထာ၌ -

ကောရမ္မဏေ ပန အလဒ္ဓါသေဝနတာယ ဝေဓမာနော သော ပုရိသော ဝိယ န တာဝ သုပ္ပတိဋ္ဌိတော ဟောတိ။

ဟု ကာရဏူပစာရ ဝါကျတံဆိပ်ဖြင့် ဘွင့်ပြတော်မူသည်ကို ယောဇနာလို၍-

ပန၊ မှတ်ဘွယ်အထူး ပြဆိုဦးအံ့။ ကောရမ္မဏေ၊ သောတာပတ္တိ မဂ်ဉာဏ် ဖြင့် နိဗ္ဗာန်ကို တကြိမ်အာရုံပြုရာ၌။ အလဒ္ဓါသေဝနတာယ၊ အာသေဝန ပစ္စည်း မတပ်သည်၏ အဖြစ်ကြောင့်။ ဝေဓမာနော၊ တုန်လှုပ်လျက်။ သော ပုရိသော ဝိယ၊ ထိုယောကျ်ားကဲ့သို့။ သုပ္ပတိဋ္ဌိတော၊ ကောင်းစွာတည်သည်။ န တာဝ ဟောတိ၊ မဖြစ်သေးတော့။

ဤကဲ့သို့ ဘဝတဏှာ မကုန်ပါသေးမူ၍ ကိလေသာ အပါယ်မျိုးတို့၏ရန်ကို အကြောင်းကံ မငြိမ်း၍ ထိန်းသိမ်း၍ နေရငြားပါသော်လည်း ပုထုဇဉ်အနွယ်ကို ဖြတ်လိုက်သော ဂေါတြဘုကိစ္စမှ နိဗ္ဗာန်ဖြင့် အမှတ်ပြုလိုက်ရသည်ကား–

ဂေါတြဘုဉာဏံ သစ္စပဋိစ္ဆာဒကံ ကိလေသတမံ ဝိနောဒေတုံ သက္ကောတိ၊ နိဗ္ဗာနမာရမ္မဏံ ကာတုံ သက္ကောတိ။

ဟု လာတော်မူသည်ကို ယောဇနာရမည်မှာ–

ဂေါတြဘုဉာဏံ၊ ဂေါတြဘုဉာဏ်သည်။ သစ္စ ပဋိစ္ဆာဒကံ၊ သစ္စာကိုဖုံးလွှမ်းတတ်သော။ ကိလေသတမံ၊ ကိလေသာတည်းဟူသော အမိုက်တိုက်ကို။ ဝိနောဒေတုံ၊ ပယ်ဖျောက်ခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ နိဗ္ဗာနမာရမ္မဏံကာတုံ၊ နိဗ္ဗာန်ကို အာရုံပြုခြင်းငှါသာ။ သက္ကောတိ၊ တတ်နိုင်၏တဲ့။

ဤကဲ့သို့ နိဗ္ဗာန်မြင်ဘိ စိတ်ကောင်းရှိရကား သောတာပန်ဟူရာ၌ ပါရဂူ မြောက်၍ နိဗ္ဗာန်သို့ အာရုံရောက်ပုံ ယထာရဟ ပုဂ္ဂိုလ်တို့၏အရမှာ အမျိုး၏ ခြားနားကွဲပြားပုံများလည်း ရှိတတ်သေး၏။

လိုရင်းမှာကား အယုတ် အလတ် အမြတ်အားဖြင့် အမျိုးအစားတို့သည်ကား သဝိတက္ကသဝိစာရမျိုး အဝိတက္ကအဝိစာရမျိုးတို့ဟူ၍ ကွဲပြားခြားနား သဗ္ဗညုတ ရွှေဉာဏ်တော် ထားတော်မူခဲ့သည်မှကား မုချနည်းအဟုတ် ဒဋ္ဌီပုဒ် ထုတ်တော်မူရာဝယ် သုတ္တန္တ မဟာအဋ္ဌကထာ သက္ကပဉှကဏ္ဍအရာ လာတော်မူရာဝယ်–

သဝိတက္က သဝိစာရမဂ္ဂေါပိ အဝိတက္က အဝိစာရမဂ္ဂေါ ယေဝ ပဏီတ- တရော ဝါ ဘဂဝတော ပုရတောယေဝ သက္ကော စဝိတွာ တရုဏသက္ကော ယေဝ ဟုတွာ သောတာပတ္တိဖလံ ပါပုဏာတိ။

ဟု လာသည်ကို ယောဇနာရမည်မှာကား–

သဝိတက္က သဝိစာရမဂ္ဂေါပိ၊ သဝိတက္က သဝိစာရ မဂ်ထက်လည်း။ အဝိတက္က အဝိစာရမဂ္ဂေါယေဝ၊ အဝိတက္ကအဝိစာရ မဂ်ကသာလျှင်။ ပဏီတတရော ဝါ၊ ဆထက်လွန်ကြူး အထူးသဖြင့်လည်း မြတ်၏။ ဒေသနာပရိယောသာနေ၊

ဒေသနာတော်၏ အဆုံး၌။ (ထည့်) ဘဂဝတော၊ မြတ်စွာဘုရား၏။ ပုရတော ယော၊ ရှေ့တော်မှောက်၌ပင်လျှင်။ သင်္ကော၊ သိကြားသည်။ စဝိတွာ၊ စုတေ ခဲ့၍။ တရုဏသင်္ကော ယော၊ သိကြားပျိုကလေးသည်။ ဟုတွာ၊ ဖြစ်တည့်၍။ သောတာပတ္တိဖလံ၊ သောတာပတ္တိဖိုလ်သို့။ ပါပုဏာတိ၊ ရောက်၏။

ဤကဲ့သို့ ပြဆိုတော်မူရာဝယ် သောတာပန်ဘဝ၌ တည်တော်မူကြကုန်သော အာဂါရ အနာဂါရ ယောဂီအရှင်များတို့သည် ကိုယ့်ကိုယ်ကို စဉ်းစားဆင် ခြင်ကြ၍ ငါသည်ကား သဝိတက္ကသဝိစာရ အရှင်လေလော, အဝိတက္ကအဝိ စာရ အရှင်လေလောဟု စဉ်းစားထိုက်သည့် အရာဝယ် ဤဒေသနာတော်ဖြင့် ထောက်ရှုပါက အဓိမောက္ခဂုဏ်ဖြင့် အမှန် ဆုံးဖြတ်နိုင်ကြပေကုန်မည်။

ဤနေရာ၌ အပျင်းပြေစေခြင်း အကျိုးငှါ ဆုံးဖြတ်ကြရာဝယ် စာတစ္စေ အနေနှင့် ဖြေကြစေလို၍—

ရေပြင်မှာ တုတ်ကလေးနဲ့၊ အရုပ်ရေးတဲ့သူ။ ကိုယ့်ဟာကို ကိုယ်တွေး တော့၊ စာရေးကလေးနှင့်တူ။

ဆိုတာလို ကိုယ့်ဟာကိုယ်သာ တွေးကြပေတော့ တွေးနိုင်ကြပေလိမ့်မည်။ လိုရင်းမှာတော့ ပုထုဇဉ်ဘဝမှ အရိယာတို့၏ဘဝ အသိဉာဏ် အဖြစ်သို့ ရောက် တော်မူကြကုန်သော အရှင်မြတ်များသည် နောက်က ပါလာခဲ့သော စရိုက် ကံအဟုန် မကုန်သေးပါမူ၍ နိဗ္ဗာန်ကို အာရုံပြုနိုင်ငြားပါသော်လည်း ပဒဋ္ဌ စေတနာ ပြစ်မှားသောအရာဖြင့် သတိသမ္မောဟ ရံခါကာလ ကာယကံမှု ဝစီကံမှု ဒိဝါသေယျ သဟာသေယျ လောကဝဇ္ဇ ပဏ္ဏတ္တိဝဇ္ဇ ကုဋိကာရ စသော အခိုက်အတန့် ကြုံကြိုက်ပင် ကြုံကြိုက်ငြားပါသော်လည်း အပါယဂမနီယ မဂ္ဂက္ခ ဏမှ အချည်းနှီး အလဟဿ ဖြစ်ခဲ့ပါ၍ စရိုက်မျှဖြင့်သာ ယထာရဟအား လျော်စွာ အင်္ဂုတ္တရ သုတ္တန္တ မဟာမင်္ဂလာအရာ လာရှိတော်မူသည်မှာ ရတနာ ရွှေနှုတ်တော်ဖြင့် ထုတ်ဘွင့်ရမည်မှာကား—

ကိဉ္စာပိသော ကမ္မကရောတိပါပကံ၊ကာယေန ဝါစာ ဥဒ စေတသာဝါ။
အဘဗ္ဗ သော တဿ ပဋိစ္ဆဒါယ၊ အဘဗ္ဗတာ ဒိဋ္ဌ ပဒဿ ဝုတ္တာ။

ဟု ယောဇနာအံ့သောငှါ—

သော၊ ထိုသောတာပန် အရိယာပုဂ္ဂိုလ်သည်။ ကာယေန ဝါ၊ ကိုယ်ကြောင့်ရင်း။ ဝါစာ-ဝါစာယ ဝါ၊ နှုတ်ကြောင့်ရင်း။ ပါပကံကမ္မံ၊ မကောင်းမှုအပြုအကုသိုလ်စုကို။ ကိဉ္စာပိ ကရောတိ၊ အကယ်၍ကား ရံခါပြုမိငြားအံ့။ ဥဒ၊ ထိုသို့မဟုတ်။ စေတသာဝါ၊ စိတ်ကြောင့်လည်း။ သော၊ ထိုသောတာပန်ပုဂ္ဂိုလ်သည်။ တဿ၊ ထိုမကောင်းမှုကံကို။ ပဋိစ္ဆဒါယ၊ ဖုံးလွှမ်းခြင်းငှါ။ အဘဗ္ဗော၊ မထိုက်ပြီ။ ကသ္မာ၊ အကြောင်းအသို့နည်း။ ဒိဋ္ဌပဒဿ၊ မြင်အပ်ပြီးသော မဂ်ဉာဏ်ရှိသော သောတာပန်ပုဂ္ဂိုလ်အား။ အဘဗ္ဗတာ၊ သတိသမ္မောဟအရာ အကုသိုလ်ကံတို့၏ မထိုက်ခြင်းကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ခဲ့လေပြီ။

အဲ ဤကဲ့သို့ ဤအရာ၌ သောတာပန်ပုဂ္ဂိုလ်တို့သည် ဒေသနာအရ ခိုင်လုံလှပါ၍ ဝိပဿနာဉာဏ်ဖြင့် နှံ့ညံ့ကြကုန်သော သဝိတက္က သဝိစာရအရှင်ပင်ဖြစ်ပါသော်လည်း သတ္တက္ခတ္တုပရမမျှဖြင့် စိတ်အမော သက်သာကြရလှလေပြီ၊ ပါရမီမပြည့်ကြ၍ ဤဘဝ ကျွတ်ပွဲတွင် တခါတည်း မပါကြကုန်သေးသော သောတာပန် အနုကလေးတွေသည် စခန်းထောက်ကူးတို့ခံ အဆင့်ဆင့်အကြံနှင့် အံခဲ၍သာ နေရစ်ရရှာသော ခေတ္တရာအစ ဗုဒ္ဓဘာသာတို့၏ ရာဇဌာနီ တိုင်းဒဂုံပြည်၌ အမြဲမှီ၍ နေကြရကုန်သော ယောဂီဒါယကာ ဒါယိကာမတို့ကဲ့သို့ ပါရမီသိန်ဖျင်း ဘဝအကြွင်းနှင့်သာ နေကြရကုန်သည်ဖြစ်၍ အနုပါဒိသေသ နိဗ္ဗာနစာတ်ပွဲသို့ မနှဲနိုင်ကြဘဲသာ သံသရာအလယ်၌ တပျော်ထဲပျော်၍သာ နေကြလျက် သောတာပတ္တိမဂ် ဂုဏ်ရောင် ၆-စုံနှင့် အချိန်ကုန်၍သာ ဝဋ္ဋဒုက္ခအားနှင့် ပြည့်စုံစွာ ဆောင်လျက် သတိသမ္မောဟအရာ သိလျက်နှင့်သာ သမ္မာသတိမဂ္ဂင်ဖြင့် ဆင်ခြင်ကြကုန်၍ ကုဋေ ၅၀၀၀-မျှ ပမာဏသာရှိသော သာဝတ္ထိပြည် အရိယာ သာကီမျိုးတို့ကဲ့သို့ အိုးအိမ်ရာတန်းလမ်း အချိန်ကုန်ကာလကုန်ဖြင့် ပြွမ်းလျက် ဝိဇ္ဇူပမာ ဝဇိရူပမာမဂ် ဤနှစ်ချက်တို့တွင် ဓမ္မသင်္ဂဏီအဆက် ဒုကပါဠိတော်ထွက်သည့် ဝိဇ္ဇူပမာဏ အောက်အောက်သော မဂ်ခဏ၌ လျှပ်စစ်ပမာဏ ပညာတော်ပြသဖြင့် အမြဲတမ်း အဆင်သင့်ပြင်လျက်နှင့်သာ နေတော်မူကြရရှာသည်ကို—

"အဘူတံဝတ၊ ဩဇာ် ငါသည် မဖြစ်ဘူး မြဲဖြစ်ပါပေစွတကား" ဟု သတိဖြင့် ရှင်စေလျက် အနုဗောဓဉာဏ်တည်းဟူသော လောကီအာရုံ ဝေဒယိတ သုခ ဂုဏ်တို့ဖြင့်သာ ခံစားလျက် နေတော်မူကြကုန်သေး၏။

ဤကား သတ္တက္ခတ္တုပရမမျိုးတို့၏ အကြောင်းကို အရာရာဖြင့် မိမိနှင့်ပုံယူ ပမာမူ၍ ဤသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ဖတ်ရှုကြကုန်သော ရဟန်းရှင်လူ ခပ်သိမ်းသူတို့သည် ထင်ရှားလှသည်ကို သိတော်မူကြ၍ ထိုမှတဖန် ကောလံ ကောလ အရိယာဘာဝ ပြဆိုတော်မူရာဝယ် အမျိုးအနွယ်ဖြင့် သိလိုတော်မူကြ၍ ပညာဘာဝနာ အဋ္ဌကထာ၌ လာတော်မူသည်မှာကား -

မဇ္ဈိမာယ ဝိပဿနာယ အာဂတော မဇ္ဈိမိန္ဒြိယော ကောလံကောလော နာမ ဟောတိ။

ဟု ဘွင့်ပြတော်မူရာ ယောဇနာရမည်မှာ—

မဇ္ဈိမာယ၊ ဖြစ်သော။ ဝိပဿနာယ၊ ဖြင့်။ မဇ္ဈိမိန္ဒြိယော၊ တို့သည်။ အာဂတော၊ လာသည်ရှိသော်။ ကောလံကောလောနာမ၊ မည်သည်။ ဟောတိ ၏။

ဤကဲ့သို့ လာတော်မူသည်ကို ထင်ရှားတော်မူလှ၍ ဣန္ဒြေတော်နှင့်တကွ စောင့်စည်း ပိတ်ဆို့အပ်သော လျင်တခုတ် ယုတ်ချည်းစသော လျပ်စစ်နွယ် ရောင်ကဲ့သို့သော ဝိဇ္ဇုပမာဉာဏ မဂ်ဉာဏ်၌ ရအပ်သော ပညာတော်ဖြင့် သိမ်း ဆည်းတော်မူသည်ကို စက္ခုနှင့်ရူပါရုံ ပေါင်းဆုံ၍ ကိုယ်တွေ့ဒိဋ္ဌ ပစ္စက္ခသိဒ္ဓိဉာဏ် ဖြင့် သာသနာ့နယ်အတွင်းမှာ ရှိတော်မူကြကုန်သော ကောလံကောလ ရုပ် ဇီဝိတ နာမ်ဇီဝိတနှင့်တကွ ခန္ဓာ၏ဘာဝ အဆက် ဉာဏ်သက်၍ သိခြင်းငှါ ပညာဘာဝနာ အဋ္ဌကထာ ပြဆိုရာဝယ်—

ဒွေ ဝါ တီဏိ ဝါ ကုလာနိ သန္ဓာဝိတွာ သံသရိတွာ ဒုက္ခဿန္တံ ကရောတိ။

ဟု လာတော်မူ၏၊ သိရန်အချက် အနက်ဖြင့် ပြအပ်ရာဝယ်—

သော၊ ထိုကောလံကောလအရိယာသည်။ ဒွေ ဝါ၊ နှစ်ကြိမ်သော်၎င်း။ တီဏိ ဝါ၊ သုံးကြိမ်သော်၎င်း။ ကုလာနိ၊ အမျိုးတို့သို့။ သန္ဓာဝိတွာ၊ ပြေးဝင်၍။

သံသရိတွာ၊ ကျင်လည်၍။ ဒုက္ခံ၊ ဥပါဒါနက္ခန္ဓာသခ်ါရ ဒုက္ခခန္ဓာ၏။ အန္တံ၊ အဆုံးကို။ ကရောတိ၊ ပြု၏။

ဤကဲ့သို့ အရာရာသော ကျမ်းတို့၌ ဖွေရှာ ရွေးထုတ် အကုန်နုတ်၍ "သဗ္ဗဝိတ္ထာရတော ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော" ဟူ၍သာ ဤနေရာ၌ ကဏ္ဍတရပ်ဖြင့် သတ်လျက် နောက်ကပြခဲ့သော တိက္ခဉာဏ် ဇဝနဉာဏ်ဖြင့် ထက်မြက်လှစွာသော ဧကဗီဇမျိုးမှသာ အထူးအဦး အမှူးပြု၍ ဝဇီရူပမာ မင်္ဂ၌ယှဉ်သော ပညာတော်ဖြင့် ဆောင်တော်မူလျက် သဗ္ဗညုတဉာဏ် အရှင်ဖြစ်တော်မူသော ဘုရား ပစ္စေကဗုဒ္ဓါတို့၏ မဟာပရိနိဗ္ဗာန ဓာတ်နန်းသို့ မှိုင်မြမ်းလျက် ဝေဒဂူတို့၏ တည်ရာ အသခ်ါတနဂရာဟု ခေမာပြည်နန်း အံ့မခန်းသို့ ထူးဆန်းသလောက် တရားပေါက်၍ နာရောက်ပြန့်ကြား မှတ်သားနာယူ လူမူသာမန် တရားသံကို မတန်သက်သက် နှစ်သက်ခေါင်လျှိုး ဝိစိအိုးသို့ ထိုးကျသူငါ နတ်ခြောက်ရွာသို့ အမျှရေစက် သွန်ချပက်၍ ရမ္မက်ဃရာ ညွန်တဏှာဝယ် များစွာလိုလား လူမတရားတို့ လားလားမှမထိုက် မဟာဓနသေဋ္ဌိပုတ္တ သူဌေးသားသော်မှလည်း တောင်းဆုနှင့် ဝေးကြလျက်သည်ကို–

ဤစာတမ်းအချက် ဆက်သ, သသူ ပါရဂူမြောက် အမှန်ပေါက်၍မို့ လက်ညှိုးဖြင့် ထောက်လောက် ဟောသူတယောက်ဟု သာသနာ့ရွှေကျမ်း၌ စာတမ်းတော်မူရမည်ကဲ့သို့ ဤနေရာ၌ သောတာပန်တို့၏ အင်္ဂါကို အပြာပြာခွဲစိပ်ဝေဘန်၍ ပြအပ်ခဲ့သည့် အကြောင်းကား ဥပမာတရပ် ပုံဟပ်ရမည်မှာ သတိရှိတော်မူကြစေလို၍ –

> ကာယိန္ဒြေ ကြီးကြီးထား၊
> စကား နည်းနည်းပါးပါးပြော၊
> မနောကကြံတိုင်း နှုတ်မထွက်နှင့်၊
> ထွက်လျှင်မြဲစေ၊ သူတော်ကောင်းကြက်သရေ။

သို့ပါကမှ သောတာပန်ဘဝသို့ ရောက်ပင်ရောက်ငြားပါသော်လည်း ခေတ်ကာလအလျောက် အပြောနှင့်အနေကို သိမ်းဆည်းနိုင်ပါမှ လောက၏ မျက်

စောင်း အကြောင်း ၃-ပါးအဖြစ်ဖြင့် မရှိငြားပါက သိမ်းဆည်းကြသည့် အရာဝယ် အာဂါရလမ်းအစဉ် လူ့ဒလာကအပြင်ဝယ် အရိယာမောင်မယ်စုံတို့၏ ပုံယူရာဝယ် သာဝတ္ထိပြည် ဝိသာခါ အနာထပိဏ်တို့ကဲ့သို့ အကြောင်းကိုမြှော် ထောက်လျက် ဗျာကိဏ္ဏဒေါသ အနာဂတ်ကာလ၌ အရိယာတို့၏ သဘာဝ လမ်းအစဉ်ဖြင့် အပြောမသန် အနေမှန်လျက် သူနှင့်ငါမူ တမူမခြား ကိုယ် ပေါင်း၍ စိတ်ခွါသဖြင့် အရိယာပုဂ္ဂိုလ်တို့၏ လောကဓမ္မတာ စားဝတ်နေရေး ခေတ်ကာလအရေးတို့ကို ရှုဆင်ခြင်လျက် မိမိ၏သီလတော်ဖြင့် သိမ်းဆည်းပါ၍ ချွတ်ချော်မှုမရှိစေခြင်းငှါ ပုထုဇဉ်တို့၏ လမ်းအစဉ်ကို ဖျက်သိမ်း၍ သူတော် ကောင်းတို့၏ ဘဝ၌ ကိန်းနိုင်ကြပေမည်။

သို့ပါမူ၍ သီလကို မထိန်းသိမ်း ပျက်စီးမှု မငြိမ်းခဲ့သော် ပုထုဇဉ်တို့၏အမြင် ဉာဏ်တိမ်းလျက် သီလကို မသိမ်းဆည်းနိုင်ပါက "တောင်းမှာအကွပ် လူမှာ အဝတ်" ဆိုသလို သီလတော်ဖြင့် တန်ဆာဆင်ကြစေလို၍ နိဒ္ဒေသအဋ္ဌကထာ ဘွင့်ပြတော်မူလိုက်သည်မှာ—

ယာနိ ရက္ခတိ သီလာနိ၊ တေသံ မူလနိကန္တနံ။
ကောဓံ နာမုပဋ္ဌာလေသိ၊ ကော တယာ သဒိသော ဇဋ္ဌော။

ဤကဲ့သို့ လာတော်မူသည်ကို ယောဇနာရမည်မှာ—

ဘော၊ တို့။ ယာနိသီလာနိ၊ အကြင်သီလတို့ကို။ ရက္ခတိ၊ စောင့်ရှောက်၏။ တေသံ သီလာနံ၊ ထိုသီလတို့၏။ မူလနိကန္တနံ၊ အမြစ်အရင်းဖြင့်ဖြတ်လှီးအပ်သည် ကို။ ကတွာ၊ ပြုသည်ရှိသော်။ သော၊ ထိုသူသည်။ ကောဓံ နာမ၊ အမျက်မည် သည်ကို။ ဥပဋ္ဌာလေသိ၊ မိမိအား စမွယ်စေ၏။ တယာ၊ သင်နှင့်။ သဒိသော၊ တူသော၊ ဇဋ္ဌော၊ ယုတ်သောသူသည်။ ကော၊ အဘယ်သူ ရှိသေးပါသနည်း။

အဲ- ဤကဲ့သို့ သောတာပန် ဖြစ်ကုန်ပြီးသော အရိယာ သူတော်ကောင်းတို့ သည် မိမိရပြီးသော မဂ္ဂင်နှင့်လျော်သော ပညာတော်တည်းဟူသော သီလ တို့ကို တန်ဆာဆင်လျက် မကျိုး မပေါက်ကြပါကုန်မူ၍ အစဉ်တစိုက်အားဖြင့် စောင့်ရှောက်တော်မူကြ၍ အနုပါဒိသေသ နိဗ္ဗာနဓာတ်တိုင်အောင် ကြွင်းကျန်

သော ခန္ဓာတော်ကို နေ့စဉ်နှင့်အမျှ စောင့်ရှောက် ထိန်းသိမ်းတော်မူကြ၍ ယထာရဟ ယထာသန္တောသ ရှိရှိသမျှနှင့်သာ ဝိညတ်ရုပ်တော်ကို ထိန်းအုပ်လျက် သီလတော်၏ ကြည်စေခြင်းအကျိုးငှါ သုတ္တန္တအဋ္ဌကထာ ဘွင့်ထုတ်တော်မူသည်မှာ—

အပ္ပိစ္ဆတာ သန္တုဋ္ဌိတာ၊
သလ္လေခတာတိ အာဒိနံ။
ဥပ္ပတ္တိယာ ပျခဏ္ဍာနိ၊
ဝေါဒါနန္တိ ပဝုစ္စတိ။

ဟု နိကာယအဋ္ဌကထာ လာသည်ကို ယောဇနာရမည်မှာ—

အပ္ပိစ္ဆတာ၊ နည်းသောအလိုရှိခြင်းငှင်း။ သန္တုဋ္ဌိတာ၊ ရောင့်ရဲလွယ်နိုင်ခြင်းငှင်း။ သလ္လေခတာ၊ ခေါင်းပါးစွာကျင့်ကြံနိုင်ခြင်းငှင်း။ ဣတိအာဒိနံ၊ ဤသို့အစရှိသည်တို့၏။ ဥပ္ပတ္တိယာ၊ ပြည့်စုံခဲ့သည်ရှိသော်။ သီလာနိ၊ သိက္ခာသုံးမည် မင်္ဂ၌တည်၍ စာဂီမလေ့ ကျင့်သီလတို့သည်။ အခဏ္ဍာနိ၊ ကျိုးသည့်,ပြတ်သည့်, မရှိသည်မည်သည်။ ဟုတွာပိ၊ ဖြစ်၍လည်း။ ဝေါဒါနန္တိ၊ ဖြူစင်ကုန်၏ဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် သိအပ်၏။

သို့မှသာလျှင် အရိယာပုဂ္ဂိုလ်တို့၏ သီလတော်သည် ဖြူစင်လျက် ဤကဲ့သို့ ဖြူစင်မှသာလျှင် ရွှေမင်္ဂရွှေဖိုလ်သို့ တက်လှမ်းတော်မူနိုင်ကြခပေလိမ့်မည်။ အဲ-ဤကဲ့သို့ ဤအရာ၌ သီလအားကို မဆောင်နိုင်ပါဘဲ သာဝတ္ထိ ရာဇဂြိုဟ်တို့မှာ ကျန်ရစ်ခဲ့ကြကုန်သော အိုး အိမ်ထောင် အရိယာ မောင်မယ်စုံတို့သည် ဓမ္မသံဝေဂဖြင့် အမြဲတမ်း သတိရှိကြ၍ ယခု ပစ္စက္ခဘဝဝယ် လွန်ကျူးမှုနယ်မှ လွတ်အောင် မဖယ်နိုင်ကြပါ၍ ဘဝ၏ရုန်းကန်မှု အကြောင်းအစုစုတို့ဖြင့် ထုံမွမ်း၍ နေကြရသည်ကို ပြတော်မူလို၍—

သာဝတ္ထိယံ ပဉ္စ ကောဋိမတ္တာယ အရိယသာဝကော တေ သဗ္ဗေပိ ဂိဟီယေဝ၊ န ပဗ္ဗဇိတာ။

ဟု မိလိန္ဒပဉှာ လာသည်ကို ယောဇနာလိုမူ၍—

သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ ပဉ္စကောဋ္ဌိမတ္တာယ၊ ငါးကုဋေမျှလောက်သော အရိယသာဝကာ၊ အရိယာ သာဝကတို့သည်။ အတ္ထိ သန္တိ၊ ရှိကြကုန်၏။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေ၊ ထိုအရိယာပုဂ္ဂိုလ်တို့သည်။ ဂိဟိယေဝ၊ လူတို့သည်သာလျှင်တည်း။ န ပဗ္ဗဇိတာ၊ ရဟန်းတို့မဟုတ်ကြကုန်။

ဤကဲ့သို့သော သာသနာ့အဦး ရှေးပကတူးကသော်မှလည်း ယခုလောက၌ နေသူ လူတို့ကဲ့သို့ မထူးမခြား တသားတည်း တူသည်ကို သိစေလိုလတ်၍ ရှေးပုဗ္ဗအထူး ကျမ်းဂန်ဖြင့် ချီးကျူးတော်မူသည်ကို ထိုမှတလီ ရာဇဂြိုဟ် ပြည်ကြီးမှာတော့ကော ယခုကာလ အရိယာဖြစ်ကြသော သူများနှင့် အဘယ် မှာလျှင် ထူးပါအံ့နည်းဟု တဖန် ပြရမည်မှာ—

ရာဇဂဟေ ပဉ္စသတသဟဿာနိ အရိယသာဝကာ ဥပါသက ဥပါသိကာယော။

ဟူသော ဒေသနာရှိသည်များကို ယောဇနာရမည်မှာ—

ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ ပဉ္စသတသဟဿာနိ၊ ငါးသန်းတို့ သည်။ အတ္ထိ သန္တိ၊ ရှိကုန်၏။ တေ၊ ထိုအရိယာတို့သည်။ ဥပါသက ဥပါသိကာ ယော၊ ဥပါသကာယောကျ်ား ဥပါသိကာ မိန်းမတို့ချည်းသာတည်း။ ဝါ- တို့သည်။ အရိယသာဝကာ၊ အရိယာတို့ချည်းသာ ဖြစ်ကြကုန်၏။

ဤကဲ့သို့ သာဝတ္ထိ ရာဇဂြိုဟ်၌ ရှိကြကုန်သော အရိယာတို့ကဲ့သို့ ယခုအခါ ဗုဒ္ဓဘာသာခေတ် ထွန်းရာကာလဝယ် သာသနာနှစ်ဦးအစ အရိယာတို့နှင့် ပုံမခြား ယခုကာလ ငါတို့ ဗုဒ္ဓဘာသာ သာသနာမှာလဲဘဲ ရှေးပုံနှင့်မခြား တသားတည်းတူသည်ကို သတ္တက္ခတ္တုပရမအရာ၌ ထင်ရှားတော်မူလှ၍ ဖလ သမာပတ် အတန်တန်နှင့် ဧကမိဇ္ဈာဏ်သို့ တက်ဆန်တော် မူကြရလေအောင် နည်းနာ နိသျ နယဂ္ဂါဟ လဒ္ဓေါပဒေသ သဒ္ဓိဝိဟာရိက ဆရာမွန် ဆရာမြတ်တို့ ထံ၌ အတန်တန် ချဉ်းကပ်တော် မူကြ၍ အလွန်တရာ ခက်ခဲနက်နဲလှစွာသော သစ္စာလေးပါးကို ထိုးထွင်း၍ သိမှသာလျှင် သောတာပတ္တိမဂ္ဂဉာဏ်၌ လေးတန် သော သစ္စာကို တပြိုင်နက် တချက်ထည်း ထိုးထွင်း၍ သိပြီးမှ ဖိုလ်သို့ရောက်နိုင် ၏၊ ထိုဖိုလ်ပုဂ္ဂိုလ်၏ ဘဝသို့ ရောက်တော်မူရသည်မှာကား ခဲယဉ်းပုံကိုပြရသော်

ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသော မြေအပြင်မှ ဘောက်ထွင်း၍ ရရှိအပ်သော ခရေကဲ့သို့ရင်း၊ မြင်းမိုရ်တောင်ဖြင့် ဖုံးဖိ၍ထားအပ်သော မုန်ညင်းစေ့ကဲ့သို့ရင်း၊ သားမြီးဖျားကို အစိတ်တရာဖြင့် စိတ်အပ်သည်ရှိသော် တစိတ်၏ အစွန်အဖျားကို တစိတ်ကို ယှဉ်စေသကဲ့သို့ရင်း ဤကဲ့သို့ မဂ်က ကျင့်လိုရာဌာန ခဲယဉ်းသည်ကို ပြလိုသော မဟာပဓာန အဋ္ဌကထာ ဘုင့်ပြတော်မူရာဝယ်--

အယဉ္စ ဓမ္မော ပထဝီသဏ္ဍာရက ဥဒကက္ခန္ဓေ ဝိယ ဂမ္ဘီရော ပဗ္ဗတေန
ပဋိစ္ဆာဒေတွာ ဌပိတော သာသပေါ ဝိယ ဒုဒ္ဒသော သတဓာ ဘိန္နဿ
ဝါဠဿ ကောဋိယာ ကောဋိံ ပဋိပါဒနံ ဝိယ ဒုရနုဗောဓော နနု မယာပိ
ဣမံ ဓမ္မံ ပဋိဝိဇ္ဈိတုံ ဝါယမန္တေန။
ဟု ဘုင့်ပြတော်မူ၏။

အနက်ကား အယဉ္စ ဓမ္မော၊ ဤသစ္စာလေးပါး မဂ်တရားသည်လည်း။ ပထဝီသဏ္ဍာရက ဥဒကက္ခန္ဓေ ဝိယ၊ ယူဇနာ နှစ်သိန်းလေးသောင်းအထုရှိသော မြေကိုခံတတ်သော ရေကဲ့သို့။ ဂမ္ဘီရော၊ နက်နဲခက်ခဲလှပေ၏။ ပဗ္ဗတေန၊ မြင်းမိုရ်တောင်မင်းသည်။ ပဋိစ္ဆာဒေတွာ၊ ဖုံးလွှမ်း၍။ ထပိတော၊ ထားအပ်သော။ သာသပေါ ဝိယ၊ မုန်ညင်းစေ့ကဲ့သို့။ ဒုဒ္ဒသော၊ မြင်နိုင်ခဲ၏။ သတဓာ၊ အစိတ်တရာ။ ဘိန္နဿ၊ ခွဲခြမ်းစိတ်ဖြာ၍ ထားအပ်သော။ ဝါဠဿ၊ သားမြီး ဖျားလေးကို။ ကောဋိယာ၊ တခုသော အစွန်းဖြင့်။ ကောဋိံ၊ တခုသော အစွန်းကို။ ပဋိပါဒနံ ဝိယ၊ အစဉ်အားဖြင့် ဆက်စပ်၍ ထားအပ်သကဲ့သို့။ ဒုရနုဗောဓော၊ သိခြင်းငှါခဲယဉ်း၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမံဓမ္မံ၊ ဤသစ္စာလေးပါးမဂ်တရားကို။ ဝါယမန္တေန၊ အားထုတ်၍လာသော။ မယာပိ၊ ငါဘုရားပင်သော်မှလည်း။ ပဋိဝိဇ္ဈိတုံ နနု၊ ထိုးထွင်း၍ သိနိုင်လေတော့၏ တကား။

အဲ ဤကဲ့သို့ ဤနေရာ၌ သစ္စာလေးပါး မြတ်တရား၏ ခဲယဉ်းပုံကို ထောက်တော်မူကြပါသဖြင့် ပြဆိုအပ်ခဲ့ပြီးသော ဝါကျအနက်ကို ရှုမြော်တော်မူကြပါ၍ မြတ်စွာဘုရားပင်သော်မှလည်း ခဲယဉ်းတော်မူသည်ကို ပြဆိုတော်မူရာဝယ် လောက၌ ရှာ၌နေသူ လူအများတို့မှာကား ဤသစ္စာလေးပါး မဂ်တရား

ကို ထိုးထွင်း၍ သိခြင်းငှါ မြတ်စွာဘုရား၏ အာဘော်ကို ထောက်ချင့်ကြပါ သော် ခဲယဉ်းသည်မှာ မလွဲပါ၍-

ဣတိ မာဒိသေနာပိ တိက္ခဉာဏေန ကိစ္ဆေနေဝ အယံဓမ္မော ပဋိဝိဒ္ဓေါ၊ တံ လောကိယမဟာဇနာ ကထံ ပဋိဝိဇ္ဈိဿန္တိ။

ဟု ခဲယဉ်းကြောင်းဖြင့် သဟံပတိသုတ္တန္တ ပါဠိတော်အရာ ဒေသနာ လာတော်မူသည်မှာ—

အနက်ကား ဣတိ၊ ဤသို့။ တိက္ခဉာဏေန၊ ထက်မြက်သော ဉာဏ်တော်ရှိ တော်မူသော။ မာဒိသေနာပိ၊ ငါကဲ့သို့သော ဘုရားရှင်သော်မှလည်း။ ကိစ္ဆေ- နေဝ၊ ငြိုငြိုငြင်ငြင် ခဲခဲယဉ်းယဉ်းဖြင့်သာလျှင်။ အယံဓမ္မော၊ ဤသစ္စာလေး ရပ် ပရမတ်မှည့်ခေါ် မဂ်တရားတော်သည်။ (အဋ္ဌကထာငှ) ပဋိဝိဒ္ဓေါနနု၊ ခဲယဉ်းစွာသိလေရ၏တကား။ တံ၊ ထိုကဲ့သို့ ခဲယဉ်းစွာသိရသော တရားကို။ လောကိယမဟာဇနာ၊ လောက၌နေသူ လူအများတို့သည်။ ကထံ ပဋိဝိဇ္ဈိဿန္တိ၊ အဘယ်မှာလျှင် ထိုးထွင်း၍သိနိုင်ပါလိမ့်လတံ့နည်း။

အဲ ဤကဲ့သို့ ငါဘုရားပင်သော်မှလည်း ခဲယဉ်းတော်မူခဲ့ကုန်သေး၏။ ချစ် သားတို့ ငါဘုရားကိုယ်တော်မြတ်သည် ခဲယဉ်းပင် ခဲယဉ်းပါသော်လည်း ရှေး နှောင်းတော်ဝ နှောင်းတော်ဘုရားတို့၏ ရှေ့လက်ထက်တော်က ပါရမီအစဉ်နှင့် လာခဲ့သော သတ္တမဇောရှင်များသည် ငါဘုရား၏ သာသနာတော်တွင်း၌ ကြုံကြိုက်ပါက ငါဘုရားမှ အစပြု၍ မဟာဓမ္မစကြာပွဲတော်၏ မိဂဒါဝုန် ဒေသနာ အကြုံတွင် ကောဏ္ဍည မဟာနာမ်မှ အစပြု၍ မဟာပရိနိဗ္ဗာနခေတ် ပွဲ၏အဆုံး သုဘဒ်ပရိဗိုဇ် ဆုံးမသည်တိုင်အောင် အပ္ပမာဒမှအစ မှာတမ်းတော်ပြုခဲ့ပါ၍ ချစ်သားတို့ ငါဘုရားပရိနိဗ္ဗာန် စံယူပြီးသည့်နောက် ညီတော်အာနန္ဒာ၏ အနာဂတ် ဆုံးမအပ်သည့်အရာဝယ်-

ကတပုညောသိ တွံ အာနန္ဒ ပဓာန မနုယုဉ္ဇဿု ခိပ္ပံ ဟောဟိသိ အနာသဝေါ။

ဟု အနာဂတံသဉာဏ်ဖြင့် ရည်လျက် မဟာပရိနိဗ္ဗာန အဋ္ဌကထာ ဒေသနာ များကို ထောက်ပါသဖြင့် ယောဇနာရမည်မှာ—

အာနန္ဒ၊ ငါမရှိသည့်နောက် သုံးလကျော်မြောက် ဝေဒဂူတဒေယာက်ဟု ထွန်းပေါက်ပေါ်ငြား ညီဘွားအာနန္ဒာ။ ကတပုညော ဟိ၊ ရှေးကပြုဘူး ပါရမီ အထူးတို့ကြောင့်။ ပဓာနံ၊ ကျင့်စဉ်လမ်းရိုး မဂ်ဉာဏ်မျိုးကို အနုယုဉ္ဇဿု၊ အစဉ်မပြတ် ယှဉ်တွဲ မှီဝဲခဲ့သည်ရှိသော်။ ခိပ္ပံ၊ မကြာမတင် လျင်မြန်စွာသာ။ အနာသဝေါ၊ အာသဝကင်းပြတ် ရဟန္တာမြတ်သည်။ ဟောဟိသိ၊ ဖြစ်ရစ်လိမ့်လတ့်။

အဲ ဤကဲ့သို့ မြတ်စွာဘုရားတို့၏ စကားတော်မည်သည်မှာကား ချို့ယွင်းသည်မရှိ၊ ဤသည်ကို ထောက်ပါသဖြင့် အဘယ်မှာလျှင် ယခုအခါ၌ ရဟန္တာမဖြစ်ဘဲ ရှိချေတော့အံ့နည်း၊ အောက် သေက္ခအရာ၌ကား လွယ်လှချေ၏၊ မှန်ပေစွ၊ သို့ပါမူ၍ ခိုင်လုံလှသည်ကို နောက်ကပြခဲ့သော ပါရမီအစဉ်ကို ထောက်ပါသဖြင့် ပဏ္ဏာသအဋ္ဌကထာက လွယ်သည်မှာတဝ ထုတ်ဘော်၍ ပြရသည်မှာ-

အာနာပါနဿတိံ တိ အဿာသပဿာသေ ပရိဂ္ဂဟေတွာ အရဟတ္တံ ဂဏှာတီတိ ဒဿေတိ။

ဟု ပြတော်မူခဲ့ပေ၏၊ ယောဇနာရမည်မှာကား—

နောက်ကပြခဲ့လေပြီ၊ လွယ်လှပေ၏၊ သို့ပါမူ၍ ဤနေရာ ဤကထာ၌ သောတာပတ္တိဖလသမာပတ္တိ ပုဂ္ဂိုလ်တို့သည် မုချအားဖြင့် ပုဂ္ဂိုလ်အနေနှင့် ခန္ဓာတော်တည်ဆဲကို လူသာမန် နတ်သာမန်တို့ သိခြင်းငှါ ခဲယဉ်းပေ၏။

ဤကဲ့သို့ ကိုယ်တွေ့ဒိဋ္ဌ ရှိငြားပါသော်လည်း အသိဉာဏ်တိမ်လှ၍ "ဝါးနားပင်း ရေသွင်းသည့်နှယ်"ရှုပါရုံနှင့် စက္ခုပသာဒရုပ်တို့ တိုက်ဆိုင်ငြားပါသော်လည်း သူနှင့်ငါမူ အတူတူ ပုံကိုသာယူ၍ အချည်းနှီး နိရတ္ထက ကာလနှင့်သာ ကုန်ဆုံးကြပေတော့၏။

ရှာမှီးလိုမူ သိမြင်လိုမူ တောင့်တမူ ကင်းလျက်နှင့်သာ အချိန်မကုန်ကြစေဘဲ နောက်ကပါလာခဲ့သော ပါရမီ အားအဆင့်ဖြင့် သတိနှင့်ယှဉ်စေလျက် ဗုဒ္ဓုပ္ပါဒ နဝမခေတ်တော်ကြီး၌ ကြုံကြိုက်ကြကုန်သော အရိယာလောင်းလျာရှင်တို့သည် သာသနာတော်တွင်း၌ တည်ရှိလျက် နေတော်မူသော အရိယာ အရှင်မြတ်တို့ကို မေးမြန်း ထောက်ချင့် စုံစမ်း၍"သွားပါများ ခရီးရောက် မေး

ပါများ စကားရ"ဆိုဘိသော ဥပမာကဲ့သို့ မရမနေ မတွေ့ရင် ငါမနားဟု အားပေး၍ ရှာပါက တနေ့သောအခါ တွေ့ရမည်မှာ မလွဲသာပေ၊ အမှန်မုချ တွေ့နိုင်လိမ့်လတံ့၊ မုချ ဟူလို။

ဤကဲ့သို့ တိုက်တွန်းချက်အရ ပါရမီရှင်များ လိုလားတောင့်တကြကုန် သော သူတို့သည် နောက်ကပါခဲ့သော ပါရမီ အားအခံ ရှိတော်မူလှ၍ ငါတို့၏ ရှင်တော်မြတ်ဘုရား၏ သာသနာတော်မြတ်အတွင်းဝယ် ရဟန္တာအရှင်မြတ် တို့နှင့်တကွ သေက္ခအရာ များစွာ ရှိတော်မူကြသည်ကို အင်္ဂုတ္တရပါဠိတော် ရတနသုတ် ဒေသနာတော်ဝယ် ဘွင့်ထုတ်၍ ပြပါတော့အံ့။

ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန၊
နိက္ကာမိနော ဂေါတမသာသနမှိ။
တေ ပတ္တိ ပတ္တာ အမတံ ဝိဂယှ၊
လဒ္ဓါ မုဓာ နိဗ္ဗုတိ ဘုဉ္ဇမာနာ။

ဟု လာတော်မူသည်ကို ထောက်ပါသဖြင့် ယောဇနာသည်မှာကား -

ဘော၊ တို့။ ဂေါတမသာသနမှိ၊ ဂေါတမမြတ်စွာ ယခုရောက်ရာ ဤ သာသနာတော်ကြီး၌။ ယေ၊ အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ ဒဠှေန၊ မြဲစွာ။ မနသာ၊ စိတ်ဖြင့်။ သုပ္ပယုတ္တာ၊ ကောင်းစွာ ယှဉ်စေတော်မူကြကုန် လျက်။ နိက္ကာမိနော၊ ကိလေသာအပူသိမ်း၍ ငြိမ်းအေးတော်မူကြလေကုန်ပြီ။ တေ၊ ထိုရဟန္တာအရှင်မြတ်တို့သည်။ လဒ္ဓါ၊ ရအပ်ပြီးသော ကိလေသာတို့မှ။ မုဓာ၊ ကင်းဝေးစေတော်မူကြကုန်လျက်။ အမတံ၊ အမြိုက်နိဗ္ဗာန်သို့။ ဝိဂယှ၊ အာရုံပြုင့်ယူကြကုန်၍။ နိဗ္ဗုတိံ၊ အရဟတ္တဖိုလ်ကျွန်းသို့။ ဘုဉ္ဇမာနာ ဘုဉ္ဇမာနာဧင၊ ခံစားတော်မူကြကုန်လျက်ပင်လျှင်။ ပတ္တိ၊ လက်တော်သို့ ရောက် ပြီးသော အရဟတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်တော်မူကြလေကုန်ပြီ။

အဲ-ဤကဲ့သို့ ဤဒေသနာတော်အရ ဤသာသနာတော် မြတ်ကြီး၏ အတွင်းဝယ် အရဟတ္တဖိုလ်ကို မျက်မှောက်ပြုပြီးသော အသေက္ခအရာ တည်တံ့ ခိုင်မြဲလှသည်ကို သာသနာတော်၌ ထင်ရှားတော်မူလှ၍ အောက်အောက်၌

ဖြစ်သော ဝေဘက္ခအရာတို့မှာကား အဘယ်မှာလျှင် ပြောဆိုဘွယ်ရာ ရှိပါတော့အံ့နည်း။ ထို့ထက်အလွန် ထင်ရှားစေလို၍ ကျမ်းခိုင်ကျမ်းမြတ် အဌကထာကြီး ၅-လက်တို့မှာကား တိုက်ရိုက် ရှိကြကုန်သေး၏၊ ရှာဖွေတော်မူကြပါကုန်လော့။

## အဌကထာကြီး ၅-ကျမ်း

၁ သီလက္ခန္ဓ အဌကထာ၊
၂ စူဠဝါ အဌကထာ၊
၃ နိဒ္ဒေသ အဌကထာ၊
၄ ပဋိသမ္ဘိဒါမဂ္ဂ အဌကထာ၊
၅ ဣတိဝုတ္တအဌကထာ-

ဤ အဌကထာကြီး ၅-ကျမ်းတို့၌ ရှိကြကုန်ပေသေး၏။

ပဋိသမ္ဘိဒါခေတ် ဆဠဘိညာခေတ် တေဝိဇ္ဇခေတ် သုက္ခဝိပဿကခေတ် သမသီသီအရာများ၌သည်း ထင်ရှားစွာ ရှိပေသေး၏၊ ယုံကြည်ထိုက်လှပေစွ။ သို့ပါ၍ ကံဟောင်းအဟုန် မကုန်သေးသမျှ ကာလပတ်လုံး ကင်းသောရာဂစိတ်ဖြင့် ထိုကဲ့သို့သော ရဟန္တာအရှင်မြတ်များသည် မီးတောက်မီးလျှံငြိမ်းဘိသကဲ့သို့ ငြိမ်းအေးတော်မူကြသည်ကို အတုယူ၍ သိထိုက်လှသည်ကို အောက်အောက်၌ ဖြစ်သော သေက္ခအရာတို့ကား အနုမောဉာဏ် သက်စေခြင်းငှါ အင်္ဂုတ္တရ နိကာယ ရတနသုတ္တန္တ ဘွင့်ထုတ်၍ ပြတော်မူရမှာကား—

ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အဝိရုဠှိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။

ဟု မုချ ဘွင့်ထုတ်တော်မူသည်မှာကား—

**အနက်ကား** ယေ၊ အကြင် ရဟန္တာ ပုဂ္ဂိုလ်တို့သည်။ အာယတိကေ၊ လာလတ္တံ့သော။ ဘဝသ္မိံ၊ တဖန်ဘဝသစ်၌။ ဝိရတ္တစိတ္တာ၊ တပ်ခြင်းကင်းသော

ရာဂစိတ် ရှိတော်မူကြကုန်သည်ဖြစ်၍။ ပုရာဏံ၊ အဟောင်းဖြစ်သော ကံတော်သည်။ ခီဏံ၊ ကုန်ချေပြီ။ သမ္ဘဝံ၊ မိဘနှစ်ပါးတို့၏ သုက်သွေးမှ။ နဝံ၊ အသစ်ဖြစ်သော ဘဝသည်။ နတ္ထိ၊ မရှိတော့ပြီ။ တေ၊ ထိုရဟန္တာသခင် အရှင်မြတ်တို့သည်။ ခီဏဗီဇာ၊ ကုန်ပြီးသော မျိုးစေ့လည်း ရှိတော်မူကြကုန်သည်ဖြစ်၍၎င်း။ အဝိရုဠှိဆန္ဒာ၊ တပ်ခြင်းကင်းသော ဆန္ဒ ရှိတော်မူကြကုန်သည် ဖြစ်၍၎င်း။ အယံ ပဒီပေါ၊ ဤဆီမီးသည်။ နိဗ္ဗာတိ ယထာ၊ ငြိမ်းလေကုန်ဘိ သကဲ့သို့။ ဧဝံ၊ ဤအတူ။ ဓီရာ၊ မြဲမြံခိုင်ခံ့ တည်တံ့သော သမာဓိလည်းရှိတော်မူကြကုန်သော။ တေ၊ ထိုရဟန္တာ အရှင်မြတ်တို့သည်။ နိဗ္ဗန္တိ၊ ကိလေသာအပူ သိမ်း၍ ငြိမ်းအေးတော်မူကြလေကုန်၏။

အဲ-ဤကဲ့သို့ သာသနာတော်၏ အထောက်အထား ဤရွှေကျမ်းစကား၌ မုချမသွေ ယုံကြည်ကြစေလို၍—

ဤသံသာရမဂ္ဂပါရဂူ စာတမ်းဖြင့် ရေးသား၍ ထုတ်ဘော်အပ်သော ထေရုတိဿ ငါသည်ကား ဟတ္ထမုဋ္ဌိ နည်းနှင့်တကွ ယထာဘူတ နည်းနယတို့ဖြင့် ဉာဏသာဂရ ဇလသာဂရ အစရှိသော သာဂရ လေးသွယ်တို့၏ ကျယ်ဝန်း လှပါသဖြင့် ခွဲထွင်သုမ်သင်ခြင်းငှါ ဉာဏ်အားအဟုန်ဖြင့် မလှစ်လိုပါ၍ ဤနေရာ၌ သိမ်းဆည်းလျက်နှင့်သာ အောက်အောက်သော သေက္ခအဆက် ဆက်တို့ဖြင့် ခက်ခဲသည် နက်နဲသည်ဟူ၍ မရ မရှိကြစေခြင်းငှါ ပါရမီဖြင့် အပြည့်ပါလာသော လောင်းလျာတို့အား အဘယ်မှာလျှင် ခက်ခဲနိုင်ပါအံ့ နည်းဟု သုတဂုဏ်, မုတဂုဏ် တွေ့ကြုံပုံအမှန်တို့ဖြင့် ထင်ရှားတော်မူခဲ့ပါ၍ ဤနေရာ၌ ဒဋ္ဌိယပုဒ် ထုတ်တော်မူရသည်မှာ မလွဲသာပါ၍ သာသနာတော်၌ ထင်ရှားတော်မူလှစေလို၍ သုတိစ္ဆိတ သုတဝုဍ္ဎိကာရဏာ ကိုယ့်သုတဖြင့် မေတ္တာ ဓာတ် မျှတော်မူလို၍ အိပ်ခြင်းမှ ရောင့်ရဲတော်မူလျက် ရပ်ခြင်း, သွားခြင်း, လျောင်းခြင်းစသော သတိကို မလွှတ်ပါမူ၍ ဆောက်တည်လျက်ရှိသော မေတ္တာ ဓာတ်ဖြင့် ဖြန့်ချီတော်မူသည်ကို မေတ္တသုတ္တန္တ အင်္ဂုတ္တရနိကာယ ပါဠိတော် ဒေသနာက ပြဆိုတော်မူရာဝယ်-

တိဋ္ဌံ စရံ နိသိန္နောဝ၊
သယာနော ယာဝ တာဿ ဝိဂတမိဒ္ဓေါ။

တေံ သတိံ အဓိဋ္ဌေယျ၊
ဗြဟ္မမေတံ ဝိဟာရ မိဓမာဟု။

အဲ-ဤကဲ့သို့ မြတ်သော နေတော်မူခြင်းဖြင့် ထင်ရှားတော်မူစေလိုလှ၍ ယောဇနာရမည်မှာ—

ဘိက္ခဝေ၊ တို့။ ယာဝ ယတ္တကံ ကာလံ၊ အကြင်မျှလောက်သော ကာလ ပတ်လုံး။ ဝိဂတမိဒ္ဓေါ၊ ကင်းသောရာဂစိတ်ဖြင့် အိပ်ခြင်းရှိတော်မူသည်။ အဿ ဘဝေယျ၊ ဖြစ်ရာ၏။ တာဝ တတ္တကံ ကာလံ၊ ထိုမျှလောက်သော ကာလပတ်လုံး။ တိဋ္ဌံ ဝါ၊ တည်ဆဲသော်၎င်း။ စရံ ဝါ၊ သွားဆဲသော်၎င်း။ နိသိန္နော ဝါ၊ နေဆဲသော်၎င်း။ သယာနော ဝါ၊ လျောင်းဆဲသော်၎င်း။ ဧတံ သတိံ၊ ဤမေတ္တာစိတ်နှင့် ယှဉ်သောသတိကို။ အဓိဋ္ဌေယျ၊ အမြဲမသွေ ဆောက်တည်လေရာ၏။ ဧတံ ဝိဟာရံ၊ ဤ မေတ္တာ စိတ်နှင့် အမြဲယှဉ်၍ နေခြင်းသည်။ ဗြဟ္မံ၊ မြတ်သော။ ဝိဟာရံ ဝိဟာရံဣတိ၊ နေခြင်းဟူ၍။ ဣဓ ဣမသ္မိံ သာသနေ၊ ဥ္ဒ။ဗုဒ္ဓါ၊ မြတ်စွာဘုရားတို့သည်။ အာဟု၊ မိန့်ဆိုတော်မူခဲ့ကုန်ပြီ။

အဲ ဤကဲ့သို့ ဒေသနာတော်အရ ဤသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားသော အခါကာလ၌ ဤစာတမ်းဖြင့် ရေးသားသော ဆရာတော်သည် ဤကဲ့သို့ မေတ္တာတော်တွေကို မျှတလို၍ အမှန်ကို ဘော်ပြရခဲ့သည်မှာကား မလွဲသာပါပေ၊ သို့ပါမူ၍ သာသနာတော်၏ မျက်နှာကို ရှေးရှုတော်မူလှ၍ ဓမ္မသံဝေဂ အရာဖြင့် ကိုယ့်ကိုယ်ကို အမြဲသိမ်းဆည်းလျက် အတုယူကြစေခြင်းအကျိုးငှါ ရှေးရှေးသော ပါရမီရှင်တို့၏ အတုကို အာရုံဖြင့် သိမ်းပိုက်၍ တောတောင်ရိပ် အစဉ် နိမိတ်ဖြင့် အမြဲတမ်း အာရုံထင်၍ ဥဒါန်းတော် အတိတ် နိမိတ်ဖြင့် နေ့စဉ် အာရုံဖြင့် ဉာဏ်ဝင်၍ ရွတ်ဆိုမည်ကာလ ညသန်းခေါင် ခါသမယဝယ် သဒ္ဓိဝိဟာရိက ဓမ္မသံဝေဂ တောတောင်ရိပ်နှင့်တကွ ရွတ်ဆိုလေ့ရှိသော သဘာဝဝယ်-

ဓမ္မောသဓံ ပိဝိတွာန၊ အဇရာ အမရာ သိယုံ။
ဘာဝယိတွာ စ ပဿိတွာ၊ နိဗ္ဗုတံ ဥပဓိက္ခယေ။

ဟု စတုရာရက္ခ ဒေသနာမှာ ဖွေရှာကာ ထုတ်ပါက ဤကဲ့သို့ ရွတ်ဆိုရမည်မှာ ယောဇနာပါလျှင်–

ဓမ္မောသမံ၊ သီတာရေအလား တရားတည်းဟူသောဆေးကို။ ပိဝိတွာန၊ စိတ်ကြည်ရွှင်မြောက် သောက်ရလေသောကြောင့်။ အဇရာ၊ သက်ကြီးရွတ်ယို မအိုနိုင်ကုန်သည်။ အမရာ၊ ဇုတိပျက်ကြွေ မသေနိုင်ကုန်သည်။ သိယုံ၊ မုချ မသွေ ဖြစ်ပေကုန်ရာ၏။ ဘာဝယိတွာစ၊ အားထုတ်ကြိုးပမ်း ကမ္မဋ္ဌာန်းကို ပွား၍ ၎င်း။ ပဿိတွာစ၊ အနိစ္စခြင်းရာ ဝိပဿနာကိုရှု၍၎င်း။ နိဗ္ဗုတံ၊ အိုခြင်း နာခြင်း သေခြင်းတို့၏ ကင်းရာ ဒေမာရပ်ထံ မြတ်နိဗ္ဗာန်ကို။ ဉပဒိက္ခယေ၊ ဉာဏ်ဖြင့် သက်ဝင် ရှုဆင်ခြင်နိုင်ရာလေတော့၏။

ဤကဲ့သို့ ဉဒါန်းတော်နိမိတ်ဖြင့် ရွာရိပ်တို့ကို ဆိတ်စေတော်မူလို၍ နေ့စဉ်နှင့် အမျှ အာရုံတော်သိမ်းပိုက်လျက် ရိပ်ကြီးမှိုင်သာ တောခေါင်ရာ၌ တောင်တန်း မလေ့ တရား၌မွေ့ပါ၍ အခါခါထပ်ပွား ဉဒါန်းတော် ဒေသနာများကို စဉ်လာသော သိဿသာဝကတို့အား မှာထားသည့်အလား အတုယူမှု များကြစေလိုခြင်းငှါ နေ့စဉ်နှင့်မခြား ဉဒါန်းတော်စကားသည်ကား နိဒ္ဒေသအဋ္ဌကထာ ဗုဒ္ဓဃောသရွတ်ဆို၍ မြည်တမ်းခဲ့သည်မှာ အားလုံးသော ယောဂီများ သတိကြီးစွာဖြင့် အတုယူပုံ သတိမကင်းကြစေခြင်းငှါ ဩော် ငါတို့လဲဘဲ သည်လို ပါကဘဲဟု အမြဲ မလွှဲနိုင်ကြစေလိုဘဲသာ–

> အယံ ပနာနိသံသော အာရညိကော ဘိက္ခု အရညသညံ မနသိ ကရောန္တော ဘဗ္ဗော အလဒ္ဓံ ဝါ သမာဓိံ ပဋိလဒ္ဓုံ လဒ္ဓံ ဝါ ရက္ခိတုံ သတ္ထာပိဿ အတ္တမနော ဟောတိ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။

အဲ ဤကဲ့သို့ ဒေသနာအရှိ အတုအမြင်ဖြင့် သိကြစေလို၍ သမ္ဗန်ရမည် ဆိုသော်–

အယံ ပန၊ ဗုဒ္ဓုပ္ပါဒ နဝမခေတ်အခါ ဤအရာသည်ကား။ အာနိသံသော၊ မင်္ဂဉာဏ်ဖိုလ်ဉာဏ်မျိုး ရကြမည်အကျိုး ဂုဏ်တန်ခိုးတည်း။ အာရညိကော၊ ပဝေဲစဉ်ဆက် မပျက်ခဲ့ရာ ဓုဘင်မရွေ ဖြည့်ကျင့်လေ့ရှိသော။ ဘိက္ခု၊

သံသရာဝန်ထမ်း ရှင်ရဟန်းသည်။ အရညသည်၊ မဂ်အထပ် ဖိုလ်အစဉ် အကျင့်မြတ်ဆင်ခြင်၍ ရွာကိုရှောင်လတ် တောခတောင်ရပ်ကို။ မနသိကရောန္တော၊ အာရုံဇောစိတ် နှလုံးပိုက်လျက်။ အလဒ္ဓံ ဝါ၊ ဘယ်ခါကာလ အဘယ်ဘဝကမှ မုချဆုံးဖြတ် တထုံးသတ်၍မို့ မသုံးသပ်ခဲ့ရသေးသော။ သမာဓိံ ဝါ၊ မဂ်၌ယှဉ်ဘိ သမာဓိကိုလည်း။ ပဋိလဒ္ဓုံ၊ ရခြင်းငှါရင်း။ လဒ္ဓံ ဝါ၊ ယခုမှပင် ဉာဏ်မှာယှဉ်၍ မုချဆုံးဖြတ် သုံးသပ်၍ ရအပ်သော။ သမာဓိံ ဝါ၊ မဂ်၌ယှဉ်ဘိ သမာဓိကိုလည်း။ ရက္ခိတုံ၊ စောင့်ရှောက်ခြင်းငှါရင်း။ အဿ၊ ထိုလောကမှာပင် တရားခင်၍ ကိုယ်တိုင်ကျင့်အပ် မထေရ်မြတ်၏။ အတ္တမနော၊ တောင်တန်းမလေ့ တရားတွေ့၍ နှလုံးမွေ့လျော် စိတ်ရွှင်ပျော်သည်။ ဟုတွာ၊ ဖြစ်တော်မူ၍။ သတ္ထာပိ၊ ဗုဒ္ဓထွတ်တင် ဘုရားရှင်သော်မှလည်း။ ပသံသိတုံ၊ ချီးမွမ်းအံ့သြ ထောမနာခြင်းငှါ။ ဘဗ္ဗော၊ အလိုက်အလျော် ထိုက်တော်မူသည်။ ဟောတိ၊ မုချမသွေ ဖြစ်ရပေ၏။

အဲ ဤကဲ့သို့ ဤဒေသနာတော်အရ ဤသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ဖတ်ရှုတော်မူကြကုန်သော အရိယာလောင်းလျာ သူတော်စွာတို့သည် ဤနည်းဖြင့်မှီ၍ ဤကဲ့သို့သော လမ်းစဉ်ဖြင့် ထောက်မြော်ပါလျက် သံသရာ့အစဉ်ဖြင့် ကြွမြန်းတော် မူကြကုန်သော ခြေရာတော် အစဉ်ဖြင့် အာရုံ မျက်စောင်း အကြောင်းဖြင့် မူကြကုန်၍ သစ္စာလေးပါးနှင့်တကွ ဖလသမင်္ဂီအရာ၌ တည်တော်မူကြကုန်သော ပုဂ္ဂိုလ်အရှင်မြတ်တို့၏ လျော်ရာဌာန သပ္ပါယနှင့် မျှတသောနေရာကို ရှာမှီးတော်မူလိုသော စိတ်တော်ဖြစ်ရမည်မှာ ဓမ္မနွယ အစဉ်အဆက်အားဖြင့် ဓမ္မတာလမ်းရိုးသို့ အာဘောဂ ထားတော်မူရမည်မှာကား မလွဲသာပေ။

သို့ပါမူ၍ ရှင်တော်မြတ်ဘုရားသည် အလိုတော်သိမ်းပိုက်၍ စဉ်လာ ဓမ္မတာ ခုနစ်ဖြာသော သပ္ပါယ ပြည့်စုံရာဌာနကို နိဒ္ဒေသ အဋ္ဌကထာ ညွှန်ပြရတော်မူမည်မှာ –

အာဝါသော ဂေါစရော ဘဿံ၊ ပုဂ္ဂလော ဘောဇနံ ဥတု။
ဣရိယာပထောတိ သတ္တေ တေ၊ သပ္ပာယေသေဝ ပဏ္ဍိတော။

ဟူ၍ ဟောတော်မူပြီ ထုတ်ဘော်တော်မူသည်ကို သတိရှိကြစေလို၍ လမ်းအစဉ်သို့ လိုက်နိုင်ပါကမူ အပြောနှင့်အလုပ် အနေနှင့်အသွား အစားက တခြား အားလုံးသော သဘောတရားများ သိမ်းဆည်းနိုင်ပါမှ အလိုတော် အရ ကိုက်ညီကြပေလိမ့်မည်၊ ယောဇနာရမည်မှာကား–

ဘိက္ခဝေ၊ တို့။ အာဝါသော စ၊ တောရိပ်မြိုင်သာ ရိပ်ခမ်းဝါသို့ ကပ်ရာ အရပ်ရင်း။ ဂေါစရော စ၊ လှည့်လည်ကျက်စား လေးပါးသောအရပ်ရင်း။ ဘဿဠ၊ ဘုတ်ကြီးဘုတ်ဝ လောလုပ္ပမှ ရအပ်သော၌ာနရင်း။ ပုဂ္ဂလော စ၊ သံဃသုဠု ဖာသုဝိဟာ ပေါင်းသဟာရင်း။ ဘောဇနံ စ၊ အခါခါရှာမှီး ရလွယ် သောဘောဇဉ်ရင်း။ ဥတု စ၊ ပူ၄အေးနှစ်ထွေ (နှစ်ဖြာ) သင့်မြတ်သောနေရာရင်း။ ဣရိယာပထော စ၊ သွား ရပ် ထိုင် လျောင်း လေးပါးပေါင်းဖြစ်သော ဣရိယာ ပိုထ်ရင်း။ ဣတိ၊ ဤသို့။ ပဏ္ဍိတော၊ အရိယာဉာဏ်အမြင် ပညာရှင်သည်။ သတ္တ၊ ခုနစ်ပါးကုန်သော။ ဧတေ၊ ထိုအရပ်တို့ကို။ သပ္ပါယေသေဝ-သပ္ပါယော- ဧသောဝေ၊ ပျော်လျောက်ပတ်တော့ သည်သာလျှင်တည်း။

အဲ ဤကဲ့သို့ ဒေသနာတော်ကို ညွှန်ပြတော်မူသည်မှာ အရိယာအရှင်တို့ အစဉ်တစိုက် လိုက်တော်မူကြစေလို၍ သတိ သမ္ပဇညတရားဖြင့် သမ္မာသတိ မဂ္ဂင်ကို ဆောင်စေလျက် သာသနာတော်၏ လမ်းအစဉ်ကို ဤစာရေးသော ကျမ်းအရှင်က စေတနာ နှစ်လွန်းတင်၍ ဘုရားရှင်၏ ဉာဏ်တော်ကို ကြည်လင် တော်မူကြစေခြင်းအကျိုးငှါ ဓမ္မသံဝေဂ ဉာဏ်စခန်းဖြင့် အတ္တ ပရ ကျိုးနှစ်ဝ ရရှိတော်မူကြစေလို၍ ဥဒါန်းတော် ဒေသနာ အမြဲတမ်း ရွတ်ဆိုတော်မူသည် မှာ–

ဧကော အရညေ နိဝသံ၊ ယံ သုခံ လဘတေ ယတိ။
ရသံ တဿ န ဝိန္ဒန္တိ၊ အပိ ဒေဝါ သဗြဟ္မကာ။

ဟု ဓမ္မသံဝေဂ ဖြစ်ကြရမည်မှာ မလွဲသာ၍ နိဒ္ဒေသ အဋ္ဌကထာ ဘွင့်ပြ တော်မူသည်မှာ ယောဇနာလိုပါက–

ဧကော၊ အဘော်မယှောက် တယောက်ထီးထည်း။ အရညေ၊ လူသူမနီး တောမြိုင်ကြီး၌။ နိဝသံနိဝသန္တော၊ တရားနှင့်ပျော်မွေ့နေထိုင်လေ့ရှိသော။ ယတိ၊

ဝိဝေကစခန်းကိုယ်တိုင်မြန်း၍ တရားဖြင့်ကျင့်အပ် ရှင်ရဟန်းမြတ်သည်။ ယံသုခံ၊ အကြင်မဂ်ဉာဏ် ဖိုလ်ဉာဏ်ဟည်းဟူသော ချမ်းသာကို။ လဘတေ၊ ရပါပေ၏။ တဿ၊ ထိုချမ်းသာ၏။ ရသံ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်တည်းဟူသော အရသာကို။ သပြဟ္မကာ၊ ပြဟ္မာ အပေါင်းနှင့်တကွ ဖြစ်ကြကုန်သော။ ဒေဝတာ အပိ၊ နတ်အပေါင်းတို့သည်လည်း။ န ဝိန္ဒန္တိ၊ မရနိုင်ကြလေကုန်။

အဲ ဤကဲ့သို့သော ဒေသနာ ဥဒါန်းတော်အရာဖြင့် ဖလသမင်္ဂီအရာ၌ ထိုက်တော်မူမှသာလျှင် ရနိုင်ကြပေမည်။ သို့ပါမူ၍ ဤနေရာ၌ ပြဟ္မာမင်းနှင့် တကွသော လူသာမန် နတ်သာမန်တို့အရာကား မဟုတ်ပေ၊ နောက်ကပြတော်မူခဲ့သည့်အတိုင်း နက်နဲလှပါသဖြင့် မဟာဝိပါက် ဉာဏသမ္ပယုတ် ကိဟိတ်ပဋိသန် ကမ္မဇဉာဏ် ပညာရှင်တို့မှသာလျှင် နောက် အတိတ်ဘဝက သတ္တမဇော စေတနာဖြင့် ပုညိဒ္ဓိကံဟောင်း ထောက်မသောသူတို့၏ အရာသာတည်း။

ထိုပုဂ္ဂိုလ်တို့မှကား ဘဝက ပါလာခဲ့သော ပါရမီ အထောက်အပံ့အား လျော်စွာ မဟာကုသိုလ် ဉာဏသမ္ပယုတ် အရှင် ဖြစ်ရလေသောကြောင့် သပ္ပုရိသူပထံသို့ တိုက်ရိုက် တွေ့ကြုံကြရသော အရိယာလောင်းလျာ ရှင်တို့မှာကား လွယ်ကူလှပေ၏၊ များစွာရှိကြောင်း မနည်းလှပေ၊ ကြိမ်ခါများစွာ တွေ့ဘူးစွ၊ မြင်ဘူး၏ကဲ့သို့ ဟူ၏။

ဤနေရာ၌ ခိုင်လုံစွာ အကြောင်းပြရမည်မှာကား ပဏ္ဏာသ အဋ္ဌကထာ လာရှိတော်မူသည်မှာ -

ကောသနေ နိသိန္နော ဝ သဗ္ဗာသဝေ ခေပေတွာ အရဟတ္တံ ပါပုဏာတိ။

ဟု ဒဠှီပုဒ်တံဆိပ်ဖြင့် ထုတ်ပြတော်မူသည်မှာ နောက်က ယောဇနာ တော်မူခဲ့လှလေပြီ၊ ဤကဲ့သို့ အရိယာဓမ္မနှင့် ပြည့်စုံတော် မူကြကုန်သော အရိယာပုဂ္ဂိုလ်ရှင်တို့သည် ဓမ္မသံဝေဂကို ဆောင်မြဲတံထွာ ဓမ္မတာဖြစ်ကြလျက် လူသူမနီး တောတောင်ဖြင့် မှီးလိုသော အမြဲတမ်း စိတ်အာရုံဖြင့် ချင့်ထောက် တွေးကြံ မှန်းဆမြော်ကိုး၍ တနေ့ထက်တနေ့ ကာလဖြင့် ကြာ၍သာ ရှေးဆရာ တော်တို့သည် သီကုံးထုံးဖွဲ့အပ်သော ဝစနာသံချို ဥဒါန်းဖြင့် ဆင်ခြင်လျက် ငြီးတွားတော်မူသည်မှာ ဓမ္မသံဝေဂဉာဏ်ဖြင့် ဆောင်ကြစေလို၍—

ကာမည္ဟတ်နှောင်၊ ရှာကိုရှောင်၍၊ တောတောင်ချဉ်းကပ်၊ တရားမြတ်နှင့်၊ မပြတ်အစဉ်၊ နေလိုချင်၏၊ ယခင်ရှေးခါ၊ သုမေဓာလည်း၊ မြိုင်သာတောဖျား၊ သစ်သီးစားလျက်၊ တရားရှာဖွေ၊ နေဘူးချေ၏၊ တထွေတုံးမှန်၊ မင်းဝေသန္တရာလည်း၊ ညာစံမဒ္ဒီ၊ လှသိင်္ဂီနှင့်၊ ဇာလီကဏှာ၊ မင်းလေးဖြာတို့၊ ရသာသစ်သီး၊ ချိုချဉ်မှီးခဲ့၊ မသွေဖြောင့်တမ်း၊ ဤသည့်လမ်းကို၊ မှီငြမ်းတခု၊ သက်သေပြုလျက်၊ ယခုခါပင်၊တောသို့ဝင်၍၊ ပျော်ရှင်ကေစာ၊ တရားရှာမည်၊ သေချာဓိဋ္ဌာန် မြောက်စေသား။

ဤကဲ့သို့ အမြဲတမ်းစိတ်ဖြင့် အာတပဂုဏ် နိပကဂုဏ်တို့ဖြင့် ဖုံးအုပ်လျက် မနေအပ်ရာ တဆယ့်ရှစ်ရပ်သော နေရာမှ ထွက်ခွါလိုသော စိတ်ဆန္ဒဖြင့် ပြင်းပြပါ၍ အရိယာတို့နှင့်တော်ရာ နေမိနေရာမှ ထွက်ခွါ၍ မနေအပ်ရာကာလ ကျမ်းရွှေစာ အဋ္ဌကထာ ပြတော်မူသည်မှာ–

မဟာဝါသံ နဝါဝါသံ၊ ဇရာဝါသဉ္စ ပန္ထနိံ။
သောဏ္ဍိံ ပဏ္ဏဉ္စ ပုပ္ဖဉ္စ၊ ဖလံ ပတ္ထိတမေဝ စ။
နဂရံ ဒါရုနာ ခေတ္တံ၊ ဝိသဘာဂေန ပဋ္ဋနံ။
ပစ္စန္တသိမာ သပ္ပါယံ၊ ယတ္ထ မိတ္တော န လဗ္ဘတိ။

အဲ ဤကဲ့သို့ ဒေသနာတော်အလာဖြင့် မနေအပ်ရာ နိဂမရွာမှ ဟိရိ ဩတ္တပ္ပ ရပ်ဌာနက နေ့စဉ်နှင့်အမျှ ရွှေမျက်နှာတော်မသာလှ ညှိုးကြုံသော မျက်နှာတော် မလှသည့်နှယ် ဤကဲ့သို့ စိတ်မှာရည်ရွယ်၍ ဤဒေသနာအရ ယောဇနာရ မည်မှာ—

မဟာဝါသဉ္စ၊ ကြီးကျယ်ခမ်းနား ရဟန်းများနှင့် ပေါများပြည့်ကြွယ် မြို့ရွာလယ်ကျောင်းငှင်း။နဝါဝါသဉ္စ၊ မှုကြီးမှုငယ် ချိန်ခါအထပ်ထပ် လာဘ်ဘုန်း စပ်၍ မပြတ်ပေါကြွယ် ရပ်အလယ်ကျောင်းငှင်း။ဇရာဝါသဉ္စ၊ ဆွေးမြေ့အိုပျက် ထောက်ကူဘက်လျက် ပြုပြင်မပြီး ကျောင်းပျက်ကြီးငှင်း။ ပန္ထနိံစ၊ လမ်းဆုံ လမ်းခွလမ်းလေးမကျောင်းငှင်း။ သောဏ္ဍိံစ၊ကျောက်ရေအိုင်အနီး ရှိကျောင်း ငှင်း။ ပဏ္ဏဉ္စ၊ ဟင်းရွက်ပင်ပေါက် ညွန့်အညှောက်အနီးကျောင်းငှင်း။ ပုပ္ဖဉ္စ၊မွှေး သင်းနံ့ထုံ ပွင့်ပန်းစုံအနီးကျောင်းငှင်း။ဖလဉ္စ၊ အသီးမျိုးစုံ ရသာထုံသော အနီး

ကျောင်းရင်း။ ပတ္တိတမေဝစ၊ ခြူးပန်း ခြူးနွယ် ဆေးစုံခြယ်၍ ဆန်းကြယ်ချီးမွမ်း အံ့ဩဘနန်းသောနေရာကျောင်းရင်း။ နဂရံ စ၊ လူသူပေါယယ် သွားလာမပြတ် မြို့ရိုးဈေးစုံ တိုင်းဒဂုံရင်း။ ဒါရုနာ စ၊ အလကားသိရ်ဖျဉ်း မီးလုပ်ထင်းရှိသော အရပ်နှင့်တကွ။ ခေတ္တံ စ၊ကောက်ပင် ကောက်ရပ် လယ်လုပ်အပ်သော အရပ်ရင်း။ ဝိဘ္ဓာဘာဂေန၊ ပဋိပက္ခဆန့်ကျင်ရာ အရပ်။ ဝါ-ပြည်ကြီးပျော်ဘွယ်အရပ် နှင့်တကွ။ ပဋ္ဋနံ စ၊ ညစ်ကြေးသုတ်သင် ရေသန့်စင်သော အရပ်ရင်း။ (ရေချိုးဆိပ်ငဲ့) ပစ္စန္တသိမာသပ္ပါယံ၊ ဘုရားမကြွ ပစ္စန္တနှင့် သိမ နှစ်ပြင်စစ်ဆင်ရာဌာန မလျော်သော ကျောင်းရင်း။ ယတ္ထ၊ ဌ။ မိတ္တော၊ ကို။ န လဗ္ဘတိ၊ မရအပ်။ တံ၊ ထိုကျောင်းရင်း။

ဤသို့ကား ပညာ့အရှင်ဖြစ်တော်မူသော အရိယာပုဂ္ဂိုလ်တို့သည် ဓမ္မတာလမ်းစဉ်အတိုင်း တနေ့သောအခါ မနေအပ်ရာအရပ် တဆယ့်ရှစ်ဖြာမှ ဖဲခွါတော်မူလျက် တနေ့ထက်တနေ့ တလထက်တလ ဇီဝိတိန္ဒြေကို ဆောင်တော်မူ၍ အတိတ်က ပစ်ချအပ်သော ကံဟောင်းအဟုန် မကုန်သေးသမျှ ကာလပတ်လုံး မနေချင်သော်လည်း နေရ နေချင်သော်လည်း နေရရှာပါသဖြင့် ဤကဲ့သို့သော ဤပါရမီအထူးရှင်တို့သည် မနေချင်နေ နေချင်နေ ဟူ၍သာ နေတော်မူရှာသဖြင့် မိမိရှာမှီး၍ ရအပ်သော ပရိစယတော်ဖြင့် ဆင်ခြင်လျက် အကြောင်း မဂ်တရား အကျိုးဖိုလ်တရား လက်ရှိနှင့်သာ ထပ်ခါထပ်ခါ ဖလသမာပတ်တော်ဖြင့် နိဗ္ဗာန်သို့ အာရုံညွတ်တော်မူ၍ ဘဝတော်၏ ခန္ဓာဓာတ်သိမ်းပုံကို ပြလို၍ ငါတို့၏ အရှင်သခင်ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည် စုတိစိတ်တော်၏အဆုံး အာရုံတော် သုံးပုံမှာကား နိဗ္ဗာန်ကို အာရုံဖြင့် လွှတ်လျက် ချုပ်ငြိမ်းတော်မူသည်ကို ပြလို၍ မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာငယ် ဘွင့်ထုတ်၍ ပြတော်မူလိုက်သည်မှာကား—

နာဟု အဿာသပဿာသာ၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိ မာရဗ္ဘ၊ ယံ ကာလ မကရီ မုနိ။

အဲ ဤကဲ့သို့ လာတော်မူသည်ကို အရိယာပုဂ္ဂိုလ်ရှင်တို့ အတုယူစေလို၍ ယောဇနာတော် မူရမည်မှာကား -

ဘော၊ တို့။ အနေဇော၊ သုံးဆယ့်တဘုံမှ လွန်မြောက်တော် မူပြီးသော မြတ်စွာဘုရားသခင်သည်။ သန္တိံ၊ သန္တိ သုခဂုဏ်ဖြင့် ထင်ရှားရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာရဗ္ဘ၊ အာရုံငဲ့စောင်း အကြောင်းပြု၍။ ယံမုနိ၊ အကြင်မြတ်စွာ ဘုရားသခင်သည်။ ကာလံ၊ စုတိမနေ ပရိနိဗ္ဗာန် စံယူတော်မူခြင်းကို။ အကရိ၊ ပြုရှာတော်မူလေပြီ။ ဌိတစိတ္တဿ၊ တည်ကြည်ငြိမ်သက် အရှိန်မပျက်သော စိတ်ရှိသော။ တာဒိနော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ အဿ၊ ထိုမြတ်စွာ ဘုရားအား။ အဿာသ ပဿာသော၊ ထွက်သက် ဝင်သက် လေနှစ်ချက်တို့သည်။ န အာသဟု၊ ရှိတော်မမူကုန်ပြီ။

အဲ ဤကဲ့သို့ ဤနေရာ၌ အရိယာ ဖြစ်တော်မူကြကုန်သော ပညာရှင်တို့သည် ဤဒေသနာကို ထောက်တော်မူကြသဖြင့် သဗ္ဗညုရွှေဉာဏ်တော်မြတ်၏ လမ်းစဉ်ကို အတုလိုက်၍ နိဗ္ဗာန်ဖြင့် အာရုံပြုအပ်သော ဝိထိမုတ်စိတ်ဖြင့် အာရုံတော်မူသည်ကို ပြလိုသော် ဘဝင်္ဂဟောင်းက ပစ်ချလိုက်သော ပုညိဒ္ဓိအရှိန်ဖြင့် ကမ္မ ကမ္မနိမိတ် ဂတိနိမိတ်တို့ လားရာ ဖြစ်သော ထိုလားရာ အခါကာလကား စုတိစိတ်ဘော်၏ အဆုံး ဘင်္ဂက္ခယသာ ဟူရာဝယ် ထိုဘင်္ဂက္ခယသည်ကား အဝတ္ထ အရာသာတည်း၊ ထိုကဲ့သို့ ကံ နိမိတ် နာမ်စိတ်တော်၏ ချုပ်ဆုံးရာဝယ် သင်္ဂဟ အဋ္ဌကထာနယ်က ပြည့်နှန်တော်မူသည်မှာကား –

ဝိထိမုတ္တာနံ ပန ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တဝသေန တိဝိဓာ ဟောတိ ဝိသယပ္ပဝတ္တိ။

ဟု အနုရုဒ္ဓါထေရ်ရှင် မိန့်မြွက်၍ ဘွင့်ခဲ့တော်မူသည်မှာ ထင်ရှားစေလို၍ ယောဇနာပါအံ့ –

ပန၊ နိဗ္ဗာန်၌ အာရုံမူအထူး ပြဆိုဦးအံ့။ ဝိထိဝိဇ္ဇာနံ၊ ဝိထိမုတ်စိတ် တခု ယုတ်နှစ်ဆယ်တို့၏။ အာရမ္မဏ၊ အာရုံတော်သည်။ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တ ဝသေန၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့၏ အစွမ်းအားဖြင့်။ ဝိသယပ္ပဝတ္တိ၊ အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည်။ တိဝိဓာ၊ သုံးပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ထိုကဲ့သို့ အရောကား သင့်လှပေ၏၊ စုတိစိတ်တော်မှာ ယထာရဟအရ ဝိထိမုတ်စိတ် တခုယုတ်နှစ်ဆယ်သာတည်း။ ဝိထိမုတ်စိတ်ဟူကလည်း ကံ ကမ္မနိမိတ် ဂတိနိမိတ်အားဖြင့် အာရုံတော်မူသည်မှာ မုချသာတည်း၊ ထိုသုံးပါးမှ အသီးအခြား အာရုံတပါး မရှိဟူလို။

ဤနေရာ၌ ဤအရာသာ ခိုင်လုံလှပေ၏၊ဘုရားအရိယာရှင်နှင့်တကွ အားလုံးသော သတ္တဝါအပေါင်းတို့သည် ထိုဝိထိမုတ် ဘဝင်စိတ်ဖြင့်သာ အဗျာကတ ဒုက္ခသစ္စာနှင့်သာ အစပြုလျက် စုတေမ‌ေန ပရိနိဗ္ဗာန်လားရာသို့ မဟာပရိနိဗ္ဗာန အဋ္ဌကထာကို အကိုးပြု၍ ဤနေရာ၌ ဤစာတမ်းဖြင့် ရေးအပ်သော ထေရ် ‌ရှင်သည်ကား ဟတ္ထမုဋ္ဌိ နည်းတော်ဖြင့် သဘောတော်သိမ်းပိုက်၍ ကိန်းဆိုက်ပုံကို ဘွင့်ထုတ်တော်မူသည်မှာ –

ယေကေစိ ဗုဒ္ဓါ ဝါ ပစ္စေကဗုဒ္ဓါ ဝါ အရိယသာဝကာ ဝါ အန္တမသော ကုန္ထကိပိလ္လိကံ ဥပါဒါယ သဗ္ဗေ ဘဝင်္ဂစိတ္တေနေဝ အဗျာကတေန ဒုက္ခ-သစ္စေန ကာလံ ကရောန္တိ။

ဟု ဤကဲ့သို့ လာရှိသည်ကို ထောက်တော်မူပါသဖြင့် ယောဇနာတော်မူသည်မှာကား –

ယေကေစိ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ ဝါ၊ ဘုရားရှင်တို့သည်ရင်း။ ပစ္စေက-ဗုဒ္ဓါ ဝါ၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တို့သည်ရင်း။ အရိယသာဝကာ ဝါ၊ အရိယာ အရှင်မြတ်တို့သည်ရင်း။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ ကုန္ထကိပိလ္လိကံ၊ ပိုးရွခြပုန်းကို။ ဥပါဒါယ၊ အစပြု၍။ အဗျာကတေန၊ အဗျာကတဖြစ်သော။ ဒုက္ခသစ္စေန၊ ဒုက္ခသစ္စာတရားဖြင့်။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့သည်။ ဘဝင်္ဂစိတ္တေနေဝ၊ ဘဝင်စိတ်ဖြင့်သာလျှင်။ ကာလံ၊ စုတိမနေ သေရခြင်းကို။ ကရောန္တိ၊ ပြုကြကုန်၏။

ဤကဲ့သို့ ဤနေရာ၌ အထောက်အထား လုံလောက်တော်မူပါ၍ သံယုတ် အဋ္ဌကထာ၌ရင်း ဤကဲ့သို့ နည်းအတိုင်းသာ တူညီ‌ခတော်မူကြပါ၍ ဤသံသာရ မဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားအပ်သော ဆရာတော်သည်ပင်လျှင် ဤကဲ့သို့

သော သဘောဖြင့် မျှတတော်မူ၍ အလိုတော်သိမ်းပိုက်၍ ကြိုက်နှစ်သက်တော်မူသည်ကို အခြားအရာ၌ကား အရှင်ပညာရှင်အပေါင်းတို့၏ သဘောဖြင့် ကြိုက်နှစ်သက်ရာကို ဖြည့်သွင်း၍ ညှိနှိုင်းတော်မူကြပါစေကုန်လော။

ဤနေရာ၌ ဘွင့်ထုတ်အပ်သော ဘဝင်စိတ်တော်သည်ကား စုတိစိတ်တော်၏ နောက်ဆုံးသာဖြစ်၍ သဗ္ဗသာခါရနိမိတ် ဘဝင် စုတိစိတ်တော် ဖြစ်တော်မူရမည်မှာ ဘာဂ်က္ခယ၏ စုတိစိတ် အဆုံးကို ပြလို၍-

ယသ္မာ ဘဝင်္ဂစိတ္တံ သဗ္ဗပစ္ဆိမံ တတော ဘဝတော စုတီတိ ဝုစ္စတိ။

ဟု ဤကဲ့သို့ လာရှိသည်ကို ထောက်တော်မူပါသဖြင့် ဘွင့်ပြတော်မူသည်မှာ--

အနက်ကား ယသ္မာဘဝင်္ဂစိတ္တံ၊ အကြင်ဘဝင်စိတ်သည်။ သဗ္ဗပစ္ဆိမံ၊အလုံးစုံတို့၏ နောက်ဆုံးစိတ်ဖြစ်၏။ တတောဘဝတော၊ ထိုဘဝမှ။ စုတီတိ၊ စုတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အဲ ဤကဲ့သို့ ဘုရားအရိယာသာဝကတို့၏ စုတိစိတ်တော်သည် ဝီထိမုတ်စိတ် ဘဝင်စိတ် စုတိစိတ် ပဋိသန္ဓေစိတ် အတူတူချည်းသာတည်း။ ဤကဲ့သို့ သုတ်မဟာဝါ အဋ္ဌကထာ ဋီကာမှ လာတော်မူသည်ကို ထောက်ရှုတော်မူလိုကြ၍ ဘုရား အရိယာ သူတော်စဉ်တို့၏ နောက်ဆုံး စုတိစိတ်တော်သည် ထိုဘဝင်စိတ်မှ ပြန်၍ ဆင်ခြင်အပ်သည်ရှိသော် ပဝတ္တိ ပစ္စုပ္ပန်ဘဝ၏ ပဝတ္တိကာလ အရိယာပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်မှအပ ကာလတခြားမရှိ၊ စုတိစိတ်တော်သည် သာလျှင်တည်း။

အားလုံးသော ကုသိုလ်ဇောဝီထိမှ ထတော်မူခဲ့သော ဝုဋ္ဌောစိတ် ဘဝင်စိတ် တဒါရုံစိတ် ဟူ၍လည်း ပဓာန အဋ္ဌကထာ၌ မုချအားဖြင့် ဘွင့်ပြတော်မူသည်ကို ထောက်ပါသဖြင့်-

ဝုဋ္ဌာနန္တိ တေဘူမကဝိပါကံ တေ ဟိ ကုသလဇဝနဝီထိတော ဝုဋ္ဌဟန္တိ၊ တသ္မာ ဝုဋ္ဌာနန္တိ ဝုစ္စတိ၊ တံ ဒုဝိဓံ ဟောတိ တဒါရမ္မဏံ ဘဝင်္ဂဉ္စ။

ဤကဲ့သို့ မုချအမှန် ဘွင့်ပြသည်ကို ထောက်ပါသဖြင့် ကုသိုလ်ဇောဝီထိမှ ထတော်မူသော ဝုဋ္ဌော တဒါရုံ ဘဝင်သည်ပင်လျှင် စုတိ ပဋိသန္ဓေ ဘဝင်

မခြား တသားထည်းသာဟူ၍ ရှေးဆရာတော်တို့ ဝုဋ္ဌော တဒါရုံ ဘဝင်ကြုံမှ စုတိပဋိသန္ဓေ နိမိတ်သုံးပါး အာရုံမပြား တသားတည်းကိုသာ ပိုးရွခြပုန်းမှအစ ဤသို့သာပြ၍ "အန္တမသော ဥပါဒါယ"ဟူ၍ စုတိစိတ်တော်၏အဆုံး ယူဆပုံ ဓမ္မသတ် ဖြတ်ထုံးတရပ် ဝေဘန်တော်မူအပ်သည်မှာ -

အနက်ကား ဝုဋ္ဌာနန္တိ၊ ဟူသည်ကား။ တေဘူမကဝိပါကံ၊ ဘုံသုံးပါး၌ ဖြစ်သောဝိပါက်စိတ်တည်း။ ဟိ ယသ္မာ၊ အကြင့်ကြောင့်။ တေ၊ ထိုဘုံသုံးပါး၌ဖြစ်သော ဝိပါက်စိတ်တို့သည်။ ကုသလဇဝန ဝီထိတော၊ ကုသိုလ်ဇောဝီထိမှ။ ဝုဋ္ဌဟန္တိ၊ ထကုန်၏။ တသ္မာ၊ ထိုသို့ ထလေသောကြောင့်။ ဝုဋ္ဌာနန္တိ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။ တံ၊ ထိုကုသိုလ်ဇောဝီထိမှထသော ဝုဋ္ဌာနဟုဆိုအပ်သော ဝိပါက်စိတ်သည်။ တဒါရမ္မဏဉ္စ၊ ဟူ၍၎င်း။ ဘဝင်္ဂဉ္စ၊ ဟူ၍၎င်း။ ဒုဝိဓံ၊ နှစ်ပါး ပြားသည်။ ဟောတိ၊ ၏။

ဤနေရာ၌ကား သတ္တဝါတို့၏ အကြောင်းအားလျော်စွာ ကမ္မဖလနှင့် ထိုက်သည်ကိုသာ မုချ ဥပစာ နှစ်ပါးဖြင့် သဘောတော် မျှတော်မူကြသည့် အတိုင်း သင်္ဂဟအဋ္ဌကထာ အလိုအားဖြင့်—

ပုဂ္ဂလကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စုပဋ္ဌာတိ။

ဟု လာတော်မူသည်ကို မုချအားဖြင့် ထောက်ရမည်မှာ ဝေဘန်တော်မူကြ စေခြင်းငှါ ယောဇနာလို၍—

ပုဂ္ဂလကမ္မဗလေန၊ ပုဂ္ဂိုလ်၏ ကံအားလျော်စွာ။ ဆန္နံ၊ ခြောက်ပါးကုန်သော။ ဒွါရာနံ၊ ဒွါရတို့တွင်။ အညတရသ္မိံ၊ အမှတ်မထား တပါးပါးသော ဒွါရ၌။ ပစ္စုပဋ္ဌာတိ၊ ၏။

ဤသည်ပင်လျှင် ကံ နိမိတ် ဉာဏ်ရိပ်မှီရမည်မှာ သိလောက်တော်မူကြပါ၍ သပ္ပုရိသူပနိဿယ စက်ဖြင့် တိုက်ဆိုင်မိကြကုန်သော အရိယာသခင် မြတ် အရှင်တို့သည် သဗ္ဗညုရွှေဉာဏ်မြတ်၏ အနုပါဒိသေသ နိဗ္ဗာနဓာတ်မြတ်တော် ဖြင့် အာရုံတော် သိမ်းပိုက်တော်မူသည်ကို သဘောအားဖြင့် သဘာဝအလိုက် ဉာဏ်ကြည့်၍ အတုလိုက်ကြရမည်မှာ မလွဲသာပါ၍ မဟာပရိနိဗ္ဗာန အဋ္ဌကထာ ခေတ်စခန်းဆိုက်ပုံကို သဗ္ဗညုရှင်တော်မြတ်၏ သမ္ဗုဒ္ဓါနနေ့မှ အစ ပရိနိဗ္ဗာန်

လားရာ ညောင်စောင်းတော်က အပ္ပမာဒ လေတော်ဖြင့် မခံသည်မှာ ဝစနာ ဥဒါန ကျူးရင့်တော်မူသည်မှာ—

နိဗ္ဗာနပုရံ ပဝိသန္တော ပန ဘဂဝါ ဓမ္မသာမိ သဗ္ဗာပိ စတုဝီသတိ ကောဋိသတသဟဿသင်္ချာ သမာပတ္တိယော ပဝိသိတွာ။

ဟူ၍ မရဏာဂေလည အာဗာဓတော်တို့ကို ဖျောက်ဖျက်လျက် ကျူးရင့်တော်မူအပ်သည်ကို ယောဇနာလိုပါ၍—

ပန၊ သာဝကတို့၏ အတုလိုက်ယူအထူး ဗုဒ္ဓမိန့်ကျူး ပြတော်မူဦးအံ့။ နိဗ္ဗာနပုရံ၊ နိဗ္ဗာန်ပြည်မြတ်သို့၊ ပဝိသန္တော၊ ဝင်စံတော်မူလိုသော။ ဓမ္မသာမိ၊ တရားအာပေါင်းကို အစိုးရတော်မူသော။ ဘဂဝါ၊ ဘုန်းကော်ခြောက်စုံ ဘာဂျာနှင့် ပြည့်စုံတော်မူသော။ ဗုဒ္ဓေါ၊ သစ္စာသိမြင် ဘုရားရှင်သည်။ သဗ္ဗာပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ စတုဝီသတိ ကောဋိသတသဟဿသင်္ချာ၊ ကုဋေ နှစ်သန်းလေးသိန်း အရေအတွက်ရှိကုန်သော။ သမာပတ္တိယော၊ ဖလသမာပတ်တော်တို့ကို။ ပဝိသိတွာ၊ ဝင်စားတော်မူ၍။

အဲ ဤနေရာ၌ ခြေသံ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည်ကား ပရိနိဗ္ဗာန်စံယူရာ ညောင်စောင်းက နောက်ဆုံးဖြစ်သော ပစ္ဆိမဗုဒ္ဓဝစန အပ္ပမာဒ ဒေသနာတော်ဖြင့် ကျူးရင့်တော်မူသည်ကို ထောက်ပါသဖြင့် ယခု သာသနာ တော်ကြီးအတွင်းဝယ် အရိယာဘိဘဝသို့ အမှန်ရောက်တော် မူကြကုန်သော ငါတို့၏ အရိယာတွေနှင့်တကွ ယခု ငါလဲဘဲ ဤကဲ့သို့ အတုယူရမည်မှာ နိဗ္ဗာန်ကို အာရုံငဲ့စောင်း အကြောင်းပြုလျက် အရိယာတို့၏ စုတိစိတ်တံထွာ ဓမ္မတာအတိုင်း—

"ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တဝသေန ဝိသယပ္ပဝတ္တိ"ဟု နောက်ကပြတော်မူခဲ့ သည့်အတိုင်း စိတ်တို့၌ အာရုံတို့၏ ဖြစ်ခြင်းမှာ နိဗ္ဗာန်အာရုံ ပဟသည်းဟု အရိယာတံထွာ ဓမ္မတာလမ်းရိုးအတိုင်း ဤနေရာ၌ ပုထုဇဉ်တို့မှာကား နိဗ္ဗာန်ကို ပစ္စက္ခသိဒ္ဓိဉာဏ်အားဖြင့် သစ္ဆိကာတဗ္ဗဂုဏ်မှ မလွှမ်းခြုံနိုင်ပါဘဲ အဘယ်မှာလျှင် လောကုတ္တရာ အာရုံမှုနိုင်ပါအံ့နည်း။

ကံ ကမ္မနိမိတ် ဂတိနိမိတ် ဟူရာ၌လည်း လောကီဥ်ဖြစ်သော ကံ-နိမိတ် ဂတိနိမိတ်ကိုသာ အာရုံမှုကြကုန်၏။ ပုထုဇဉ်တို့၏ ဓမ္မတာနွယအလိုက် အမိ ဝမ်းရေ ငရဲအိုး ငရဲမီးလျှံ ခွေးနက်ကြီး အစရှိသည်တို့ဖြင့်သော်၎င်း၊ သုဂတိဘုံ သို့ အာရုံမှုပါက ဥယျာဉ် ရေကန် ကျောင်း ဘုရား စေတီ ဆွမ်း သင်္ကန်း ပန်းမာလ် နတ်သမီးဗိမာန် စသည်တို့ဖြင့်သော်၎င်း၊ ဝိသယပဝတ္တိ သဘာဝအရ မုချအားဖြင့် သင်္ဂဟအဋ္ဌကထာအရ ဘွင့်ပြတော် မူသည်ကို လေ့လာပါက အရိယာနှင့် ပုထုဇဉ် ဤကဲ့သို့သော အမြင်တို့ဖြင့်သာ ကွဲပြားကြသည်မှာ မလွဲသာတော့ပေ။

ဤနေရာ၌ သဗ္ဗညုရွှေဉာဏ်တော်၏ ပရိနိဗ္ဗာန် စံယူရာ ညောင်စောင်းမှ ဥဒါန်အရ အနုသန္ဓေပြန်၍ စပ်ရမည်မှာ သက်တော် - ၈၀၊ ဝါတော် ၄၅-ဝါ ရှည်ကြာတော်မူခဲ့ပါက ဘယ်တုံးအခါကမှ ကုဋေနှစ်သန်း လေးသိန်းအရေ အတွက်ရှိသော သမာပတ်တော်တို့ကို ဝင်စားတော်မမူခဲ့ချေ၊ ယခု မဟာပရိ နိဗ္ဗာနအခါ ကြုံကာမှ ဘဝသံသရာက ဆည်းပူးတော်မူအပ်ခဲ့သော ပါရမီ တော်တို့နှင့် လဲလှယ်၍ ရတော်မူခဲ့သော တရားအပေါင်းကို ချစ်မြတ်နိုးတော်မူ လှ၍ မစွန့်လိုအပ်ခြင်းမှ ကင်းသော အလောဘ စေတနာဖြင့် မသမြောသော် မူငြားသော်လည်း လောက၌ သမြောဘိအလားကဲ့သို့ အနုပ္ပါဒိသေသ နိဗ္ဗာန ခတ်သို့ ခွဲခွါတော်မမူမီ လောက၌ လူတို့သည် အရပ်တပါးသို့ သွားလိုကြ ပါက သားချင်း ဆွေမျိုးတို့ကို ခွဲခွါ၍ သွားဘိအလားကဲ့သို့ လက်ဆွဲနှုတ်ဆက် ၍ သွားပုံနှင့်မခြား အလားတူ သဗ္ဗညု ရှင်ဘော်မြတ်ဘုရားသည်လည်း ဝေနေယျ အပေါင်းတို့နှင့် တရားအပေါင်းတို့အား ကိုယ်တော်မြတ်နှင့် မခြား ဥပမာ ပုံယူ သည့် အလားကဲ့သို့ အတုယူကြစေလို၍ မဟာပရိနိဗ္ဗာနသုတ် ထုတ်ဘွင့်၍ ပြတော်မူသည်မှာ -

ဝိဒေသံ ဂစ္ဆန္တော ဉာတိဇနံ အာလိင်္ဂေတွာ ဂတောဝိယ သဗ္ဗသမာ ပတ္တိသုခံ အနုဘဝိတွာ။

ဟု ဘွင့်ပြတော်မူသည်ကို ယောဇနာရမည်မှာ -

ဝိဒေသံ၊အရပ်တပါးသို့။ ဂစ္ဆန္တော၊ သွားသောသူသည်။ ဉာတိဇနံ၊ ဆွေမျိုးအပေါင်းကို။ အာလိင်္ဂေတွာ၊ လက်ဆွဲနှုတ်ဆက်၍။ ဂစ္ဆတောဝိယ၊ သွားသောသူကဲ့သို့။ ဘဂဝါ၊မြတ်စွာဘုရားသည်။ သဗ္ဗသမာပတ္တိသုခံ၊ အလုံးစုံသောသမာပတ်ချမ်းသာကို။ အနုဘဝိတွာ၊ ဝင်စားတော်မူ၍။

အဲ ဤကဲ့သို့ အတုယူကြစေလို၍ ဩဝဒ်ပြီး မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကုဋေနှစ်သန်း လေးသိန်းသော သမာပတ်တော်တို့ကို ဘယ်အခါတုံးကမှ ဝင်စားတော်မမူခဲ့ပါဘဲ မဟာပရိနိဗ္ဗာန အခါ ကြုံရာဝယ် အဘယ့်ကြောင့် ဝင်စားတော်မူပါလိမ့်မည်နည်းဟု တွေးတောကြပေလိမ့်မည်။ ဝင်စားတော်မူသည်မှာကား ရွှေပန်းထိမ်သည် မောင်စုန္ဒ၏ ဝက်ပျိုသားပြွမ်းဆွမ်း ဘုဉ်းပေးရလေသောကြောင့် အားအစွမ်းတော်သည် ဆင်ပြောင်ဆယ်စီးအားသော်မှလည်း ဆောင်နိုင်သည်သာမက အားတော်ပြည့်လှပါ၍ ထိုဆွမ်း၏အာမိသဒါနကြောင့်သာ ပါဝါပြည်မှ အရှေ့သို့သွား၍ မြောက်သို့ စဉ်းငယ်ကွေ့လျက် ကုသိနာရုံ မဟာရွှေဘုံသို့ ကြွရာလမ်းခရီး အားတော်ဖြင့် ပြည့်ဖြိုးတော်မူ၍သာ ကြွမြန်းတော်မူနိုင်ရာ၏။

ဤနေ့၌ကား ကုဋေနှစ်သန်းလေးသိန်းကုန်သော သမာပတ်တော်တို့ကို ဝင်စားတော်မူနိုင်ခြင်းကား ဩဇာနှင့်ပြည့်စုံသော ဤသားပြွမ်းဆွမ်း၏ အာမိသကြောင့်သာ ဝင်စားနိုင်ကုန်၏။ ထိုနေ့၌ လှူအပ်သော ဆွမ်းသည်ကား မဟာပ္ဖလဂုဏ်နှင့် ပြည့်စုံကြောင်းကို သိကြစေလို၍ မဟာပရိနိဗ္ဗာနကာလမှ မိန့်မြွက်တော်မူခဲ့ကြောင်း။

သို့သော် မဟာပရိနိဗ္ဗာနနေ့မှအပ အတိတ်ကာလက သမ္ဗုဒ္ဓနေ့ သူဋ္ဌေးသမီး သုဇာတာ ကပ်လှူအပ်သော နို့ဃနာဆွမ်းဖြင့် လေးဆယ့်ကိုးလုပ် ဘုဉ်းပေးတော်မူရာ အခါကလည်း ကုဋေနှစ်သန်းလေးသိန်းသော သမာပတ်တော်တို့ကို ဝင်စားတော်မူခဲ့ဘူးပေ၏။ ထိုစဉ်အခါကလည်း ထိုဆွမ်းအာမိသကြောင့် ဝင်စားတော်မူခဲ့ဘူးပေ၏။ ထိုကဲ့သို့ ဝင်စားတော်မူသောနေ့၌ လှူအပ်သော ဆွမ်းသည် မဟာပ္ဖလဂုဏ်နှင့် ပြည့်စုံကြောင်းကို သိကြစေလို၏။ ထိုဆွမ်း၏ ဩဇာအားကို ဆောင်တော်မူ၍သာလျှင် ကုဋေ နှစ်သန်း လေးသိန်းသော

သမာပတ်တော်တို့ကို ဝင်စားနိုင်တော်မူခဲ့ပေ၏၊ အခြားအခြားသော ဆွမ်းတို့သည်ကား ဩဇာအားဖြင့်ကား ဤကဲ့သို့ ရှိသည်ဟု ကျမ်းဂန်၌ မလာပေ၊ ဤအရာတို့ကို ရှေ့နောက် အကြောင်းကြောင်းကို ထောက်မြှော်ပါသဖြင့် သိထိုက်လှပေပြီ။

ယခုအခါ သာသနာတော်ငယ် အရိယာ ဖြစ်တော်မူကြကုန်သော ပါရမီရှင် အပေါင်းတို့သည် သမာပတ်တော်ကို ထပ်ခါထပ်ခါ ဝင်စားတော်မူကြ၍ ထိုဝင်စားသောနေ့၌ ဒါယကာ ဒါယိကာမတို့ လှူအပ်သော ဘောဇဉ် အာဟာရတို့ကို ဘုဉ်းပေး သုံးဆောင်ကြရာဝယ် ထိုနေ့ဖြင့် ဆက်ကပ် လှူဒါန်းအပ်သော ဒါယကာ ဒါယိကာမတို့သည် ယထာရဟအားလျော်စွာ မဟပ္ဖလ ဂုဏ်နှင့် ပြည့်စုံပုံကို အတုယူကြ၍ ကျေးဇူးများပုံကို ထောက်ရသော် "ညောင်ပင်ကြီးလောက်လှူလျှင် ညောင်စေ့လောက် ရ၊ ညောင်စေ့လောက် လှူလျှင် ညောင်ပင်ကြီးလောက် ရ" ဆိုတာလို လောကဥပမာကို ဆောင်လျက် ဆရာ ဒါယကာ နှစ်ဦးသားတို့၏ ကျေးဇူးများပုံကို ဝိသုဒ္ဓိမဂ်အဋ္ဌကထာရှင်က–

အပ္ပကာပိ ကတာကာရာ၊ သီလဝန္တေ မဟပ္ဖလာ။
ဟောန္တီတိ သီလဝါ ဟောတိ၊ ပူဇာသက္ကာရဘာဇနံ။

ဟု လာတော်မူသည်ကို ထောက်ပါသဖြင့် ယောဇနာရမည်မှာ–

သီလဝန္တေ၊ တို့ကို။ ကတာကာရာ၊ တို့သည်။ အပ္ပကာပိ၊ သော်လည်း။ မဟပ္ဖလာ၊ များသောအကျိုး ရှိကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ သီလဝါ၊ သည်။ ပူဇာသက္ကာရဘာဇနံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော တည်ရာမည်သည်။ ဟောတိ၊ ၏။

သို့ပါ၍ ဤနေရာ၌ ရှင်တော်မြတ်ဘုရား၏ ဉာဏ်တော်ကို အတုယူရမည်မှာကား အတုလ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကိုကား သာဝကတို့၏ ဉာဏ်အားဖြင့် အတုယူခြင်းငှါ အဘယ်မှာ ထိုက်ပါအံ့နည်း၊ သို့သော် တစိတ်တဒေသအားဖြင့် ဉာဏ်အစွမ်းဖြင့်သာ ဆင်ခြင်တော်မူကြစေလို၍ ပုဂ္ဂိုလ်၏ ကံအားလျော်စွာ ဉာဏ်ဖြင့် တင်စားလျက်–

ပုဂ္ဂလကမ္မဗလေန ဆန္နံ့ ဒွါရာနံ အညတရသ္မိံ ပစ္စုပ္ပဌာတိ။

ဟု သင်္ဂဟအဋ္ဌကထာ၌ လာသည်ကို ထောက်တော်မူကြပါသဖြင့် ဉာဏ်ယှဉ်၍သာ သမ္ဘန်ကြစေလို၏ ဟူလို။ သို့မှသာလျှင် ဤဖလသမင်္ဂီအရာ၌ သာသနာတော်၏ မဟာမဏ္ဍလအပြင်ဝယ် အရိယာပုဂ္ဂိုလ်တို့၏ ဂုဏ်သိက္ခာကို ထိန်းအုပ်လျက် စတုပါရိသုဒ္ဓိသီလဖြင့် အဇ္ဈတ္တ ဗဟိဒ္ဓ နှစ်တန်တို့တွင် သေက္ခာစာရအားလျော်စွာ—

၁ ကိစ္စမများ၊
၂ စကားနည်းစေ၊
၃ အိပ်နေမကြီး၊
၄ အပေါင်းမပျော်၊
၅ ဣန္ဒြေချိုး၊
၆ အတိုင်းအရှည်၊
၇ လူနှင့်မရော၊
၈ ကာမဇော၊

ဤကဲ့သို့ ရှစ်ဝသော သေက္ခာစာရဂုဏ်ကို ထိန်းအုပ်လျက် သုံးတန်သော ကာလတို့တွင် အလိုတော်ကျ ပစ္စုပ္ပန်ကာလမျှနှင့်သာ ဇာတ်အဋ္ဌကထာလာသည်ကို အတိတ်ဖြင့် ဆောင်တော်မူလို၍ အထောက်အထား ဘွင့်ပြရာဝယ်—

အတီတံ နာနုသောစာမိ၊ ပဋိကင်္ခါမိ နာဂတံ။
ပစ္စုပ္ပန္နေန ယာပေမိ၊ တေန ဝဏ္ဏော ပသီဒတိ။

ဟု ဤကဲ့သို့ ဘုရားရှင်၏ အလိုတော်ကို မသွေမတိမ်း စောင့်ထိန်းတော်မူကြ၍ ပစ္စုပ္ပန်ကာလဖြင့်သာ ရောင့်ရဲတော်မူအပ်သည်ကို ဝတ္ထုဇဖြင့် သိမ်းပိုက်တော်မူကြစေလို၍ ယောဇနာအံ့သောငှါ-

အတီတံ၊ အတိတ်ကာလ နောက်နောင်အခါကို။ နာနုသောစာမိ၊ စိုးရိမ်မှုဖြင့် ကင်းခဲ့စေရာ၏။ အနာဂတံ၊လာလတံ့သော အခါကာလကို။နာနုပဋိကင်္ခါမိ၊ တောင့်တမှုမရှိရလေ။ ပစ္စုပ္ပန္နေန၊ ယထာရဟ ပစ္စုပ္ပန်ကာလဖြင့်။ ယာပေမိ၊

မျှတစေ၏။ တေန၊ ထိုပစ္စုပ္ပန်ပစ္စည်းဖြင့် မျှတခြင်းသည်။ တသာ၊ အတိတ်ကို မကြောင့်ကြ အနာဂတ်ကို မတောင့်တတဲ ပစ္စုပ္ပန်ဖြင့်သာ မျှတသော ထိုပုဂ္ဂိုလ်၏။ ဝဏ္ဏော၊ အဆင်းသည်။ ပသီဒတိ၊ ကြည်လင်၏။

ဤကဲ့သို့ ဇာတကအဋ္ဌကထာ ဆုံးမတော်မူရာဝယ် သိက္ခာသုံးပါးနှင့် ပြည့်စုံတော်မူကြကုန်သော အရိယာ အရှင်မြတ်တို့၏ အာဘောဂဖြင့် စိုးရိမ်တောင့်တမှု ကင်းကြပါကုန်လျက် ပစ္စုပ္ပန်ကာလဖြင့် လျော်ထိုက်လှသည်ကို အာဝဇ္ဇနဖြင့် ဆင်ခြင်တော်မူကြလျက် ဘုရား အရိယာ သူတော်စင်တို့၏ လမ်းအစဉ်ကို မြော်ထောက်၍ ရှုကြရသော ငါတို့၏ အရှင်သခင် ဖြစ်တော်မူသော ဗုဒ္ဓထွတ်တင် ဘုရားရှင်တို့သော်မှလည်း အာမိသအရာ ဆင်ခြင်တော် မမူခဲ့ပါက သံယုတ်အဋ္ဌကထာ၌ ဘွင့်ပြတော်မူသည်မှာ—

ဗုဒ္ဓါနံ ဟိ အသုကဋ္ဌာနေ ဘတ္တံ လဘိဿာမာတိ အာဝဇ္ဇနံ အနနုစ္ဆဝိကံ။

ဟူ၍ ဟောတော်မူခဲ့ကြောင်းကို ထောက်ရသော် သမ္မန်ကြစေလို၍—

ဟိ၊ ဆင်ခြင်ပုံအထူး ပြဆိုဦးအံ့။ ဗုဒ္ဓါနံ၊ ဘုရားရှင်တို့အား။ အသုကဋ္ဌာနေ၊ ဤမည်သောအရပ်၌။ ဘတ္တံ၊ ဆွမ်းကို။ လဘိဿာမ၊ ရပါအံ့နည်း။ ဣတိ၊ ဤသို့။ အာဝဇ္ဇနံ၊ ဆင်ခြင်တော်မူခြင်းသည်။ အနနုစ္ဆဝိကံ၊ မလျောက်ပတ်။

အဲ-ဤကဲ့သို့ ဘုရားရှင်၏ အလိုတော်နှင့် ကိုက်ညီစွာ သာသနာတော် အတွင်း၌ သိက္ခာသုံးရပ်နှင့် ပြည့်စုံတော်မူကြကုန်သော အရိယာသခင် အရှင်မြတ်တို့သည် ဤကဲ့သို့ မိန့်မြွက်တော်မူခဲ့သည်ကို ထောက်ပါသဖြင့် ဉာဏ်နား၌ ပညာဖြင့် ဆင်ခြင်၍ နောက်ကပြခဲ့ပြီးသော ပါရမီအစဉ် စကားအစဉ်တို့ကို ဆင်ခြင်တော်မူကြပါ၍ သံသရာမှစပ်ခဲ့သည်ကို တနေ့ထက်တနေ့ နေ့ကုန် လကုန် ဘဝကုဋာ လွှမ်းခြုံလျက် နောက်က ပစ်ချအပ်သော ကံ အဟုန် မကုန်သေးသမျှ ကာလပတ်လုံး မနေချင်သော်လည်းနေရ နေချင်သော်လည်း နေတော်မူရရှာ သဖြင့် လောက၌ မဟာမဏ္ဍလ သာသနာ့အပြင်ဝယ် မနေချင်နေ နေချင်နေ ဟူ၍သာ သံသရာ၏ အကန့်အကွက် အဆက်ဖြတ်၍ ထွက်ကြရပုံကို သင်္ဂဟ အဋ္ဌကထာ၌ အားကိုးပြု၍ ပြတော်မူရမည်မှာ-

ပဋိသမ္ဘိဒါယ ပနေတ မဒ္ဒုဝံ၊ အဓိဂန္တွာ ပဒမစ္စုတံ ဗုဓာ။
သုသမုစ္ဆိန္န သံကိလေသ ဗန္ဓနာ၊ သမမေဿန္တိ စိရာယ သုဗ္ဗတာ။

အနက်ကား ပန၊ သံသရာ၌ ဖြတ်ပုံအထူး ပြဆိုဦးအံ့။ ဗုဓာ၊ သိက္ခာသုံးရပ် ပြည့်စုံအပ်သော အရိယာဉာဏ်မြင် ပညာရှင်တို့သည်။ အဒ္ဒုဝံ၊ မြဲခြင်းသဘော မရှိသော။ ဧတံ၊ ဤသံသရာဝဋ်ကို။ ပဋိသမ္ဘိဒါယ၊ ပညာဖြင့် ဆင်ခြင်တော်မူကြ၍။ စိရာယ-စိရံကာလံ၊ ကြာမြင့်စွာသော ကာလပတ်လုံး။ သုဗ္ဗတာ၊ ကောင်းသောမဂ်အကျင့်နှင့် ပြည့်စုံတော် မူကြကုန်သည်ဖြစ်၍ရှင်း။ သုသမုစ္ဆိန္နသံကိလေသ ဗန္ဓနာ၊ ကောင်းစွာမဂ်ဖြင့် ဖြတ်အပ်ပြီးသော ချစ်ခြင်း နှောင်ဖွဲ့ခြင်း ရှိတော်မူကြကုန်သည် ဖြစ်၍ရှင်း။ အစ္စုတံ၊ စုတိခြင်းမရှိသော။ ပဒံ၊ အသင်္ခတဓာတ် မြတ်နိဗ္ဗာန်ကို။ အဓိဂန္တွာ၊ လားတော်မူကြကုန်၍။ သမံ၊ ဘေးအပေါင်းတို့၏ ကင်းရာ အမတနန်း အံ့မခန်းသို့။ ဧဿန္တိ၊ ရောက်တော် မူကြကုန်လိမ့်လတံ့။

အဲ ဤကဲ့သို့ သင်္ဂဟအဋ္ဌကထာအရ ဖလသမာပတ္တိပုဂ္ဂိုလ်တို့သည် ဖလက္ခဏ အရာ၌ လေးပါးသောဖိုလ်တို့တွင် အတူတူချည်းသာတည်းဟု ပြလို၍ ဤ နေရာ၌ အဘယ့်ကြောင့်ဟူငြားအံ့၊ သိလိုကြပေလိမ့်မည်၊ အကျိုးဖြစ်သော ဖိုလ် ဆိုသည်ကား နိဗ္ဗာန်၌ အာရုံပြုမြဲတံထွာ ဓမ္မတာပင်တည်း၊ ဓမ္မတာဟူရာ၌ ခန္ဓာလက်ရှိနှင့် သဉပါဒိသေသ နိဗ္ဗာနဓာတ်ပင်တည်း၊ သို့ပါမူ၍ မဟာဋီကာ အရာ၌ ဒဋ္ဌိပုဒ် ထုတ်တော်မူသည်မှာ –

သောတာပတ္တိ ဖလသမာပတ္တိတ္ထာယာတိ အာဒိနာ ပန စတူသုပိ ဖလေသု ကေသဒိသံ ဒေသနာယ အာဂတတ္တာ သောတာပန္န သကဒါဂါမိ နောပိ အတ္တနော ဖလံ သမာပဇ္ဇန္တီတိ ဝိညာယတိ။

ဟု မုချအားဖြင့် ရ၏၊ ဤကဲ့သို့ ခိုင်လုံလှစွာသော နိပ္ပရိယာယ ဓမ္မတို့ မည်သည်မှာ သေက္ခအရာတိုင်းတို့၌ အပရေဆရာတို့၏ ဗျာကိဏ္ဏဒေါသကို ဆန့်ကျင်ဘက် မဖြစ်စေတော်မူလို၍ နိပ္ပရိယာယ သဘောသက်သက်ဖြင့် ယောဇနာရမည်မှာ –

သောတာပတ္တိ ဖလသမာပတ္တိတ္ထာယာတိ အာဒိနာ ပန၊ ဤသို့ အစရှိသည်ကား။ စတူသုပိ၊ လေးပါးလည်းဖြစ်ကုန်သော။ ဖလေသု၊ ဖိုလ်တို့တွင်။

ကောသဒိသံ၊ တပါးပါးနှင့် တူသည်ကို။ ဒေသနာယ၊ ဒေသနာတော်၏။ အာဂတတ္တာ၊ လာတော်မူသည်၏ အဖြစ်ကြောင့်။ သောတာပန္နသကဒါဂါမိ နောပိ၊ သောတာပန် သကဒါဂါမ် အစရှိသော ပုဂ္ဂိုလ်အပေါင်းတို့သည်လည်း။ အတ္တနော၊ မိမိ၏။ ဖလံ၊ ဖိုလ်ကို။ သမာပဇ္ဇိတ္တိ၊ ဝင်စားနိုင်ကုန်၏။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။

ဤကဲ့သို့ ဤဒေသနာတော်အရ ခိုင်လုံလှပါ၍ အောက်အောက်သော သေက္ခအရာတို့သည်ကား ရောက်ရာ ရောက်ရာ၌ ရအပ်သော မိမိတို့၏ အကျိုးဖြစ်သော ဖိုလ်ကို ဓမ္မနွယအားလျော်စွာ အချိန်မရွေး ဝင်စားလိုလတ်က ဝသီဘော် ငါးတန်နှင့် ပြည့်စုံကြပါမူ ဝင်စားနိုင်၏ ဟူလို။

သို့ပါမူ၍ ဖလသမင်္ဂီအရာ၌ လေးပါးသောဖိုလ်တို့တွင် သောတာပတ္တိမဂ်ကဏ္ဍအရာဝယ် သောတာပန်ပုဂ္ဂိုလ်တို့၏ ကိစ္စ၌ ဝေဘန်အပ်ခဲ့ပြီးသော အကြောင်းကြောင်းတို့ဖြင့် ထုတ်ဘော်၍ ဘွင့်ဘော်၍ ပြအပ်ခဲ့ပြီးသော နည်းနယတို့ကို ဤသံသာရမဂ္ဂပါရဂူစာတမ်းမြတ်ဖြင့် ဖတ်ရှုအပ်ကုန်သော ယောဂီ အရိယာ ပညာရှင်တို့၏ စိတ်တော်ငယ် အထူးကိုက်ညီစွာ သတိဖြင့် ဆောင်ကြကုန်လျက် ဘဝကုန်ဆုံးပုံ၏ စုတိစိတ်တော်၏ နောက်ဆုံး ဘဝင်ပဋိသန္ဓေ စိတ်တို့၏ တည်ရာမှ—

"ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိသင်္ခါတံ"

ဟု ဆိုအပ်သော ဒေသနာတော်အရ သင်္ဂဟာအဋ္ဌကထာအရဖြင့် ပြအပ်သော အဗ္ဗောစ္ဆိန္နဖြင့် ဆင်ခြင်လျက် စုတိစိတ်တော် ဝိညာဉ်၏ ကံအားလျော်စွာ နိဗ္ဗာန်သို့ ညာဏ်ညွတ်လျက် ထွက်သက် ဝင်သက်၏ လွတ်လိုက်ပုံကို လက်ရှိဖြင့် ရအပ်သော ဖိုလ်ဇောတော်ဖြင့် အစောကြီးစောလျက် ထွက်သက် ဝင်သက် လေနှစ်ချက်တို့ဖြင့် ဝိညာဉ်တော် ရပ်တော်မူသည်မှာ ငြိမ်းအေးစွာ သာယာကလေးနှင့် သာသာကလေးတည်လျက် သာဘာဝဇောဖြင့် မနောတော်အာဝဇ္ဇန်း စောတော်မူလိုက်သည်ကို **သာဓု- သာဓု- သာဓု** ဟူ၍ ဖတ်ရှုသူတွေ နာမငြောင်းရအောင် ဤသည်လျှင် ကဏ္ဍတရပ်ဖြင့် တခဏ်းရပ်၍ သိမ်းလိုက်ပုံကို ကိန်းဆိုက်တော်မူလိုက်ရပေသတည်း။

သို့ပါမူ၍ ရှင်တော်မြတ်ဘုရား၏ ဥဒါန်းတော်ဖြင့် အားတက်တော်မူကြစေခြင်းအကျိုးငှါ ပုဗ္ဗဏှသမယ သုတ္တန္တဒေသနာ ဖွေရှာ၍ ပြခဲ့သည်မှာ—

ပဒက္ခိဏာနိ ကတွာန၊ လဘန္တတ္ထေ ပဒက္ခိဏေ။
တေ အတ္ထလဒ္ဓါ သုခိတာ၊ ဝိရုဠှာ ဗုဒ္ဓသာသနေ။
အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

ဟု အားတက်ဘွယ်တို့၏ အကြောင်း ယောဂီအပေါင်းတို့အား ထပ်လောင်း၍ ဝိသဇ္ဇနာ ပြောင်းလိုက်ရသည်မှာ သမ္မန်ကြလို၍ ဘွင့်ပြတော်မူရသည်မှာကား နောက်က ယောဇနာတော် မူခဲ့ကြောင်း သိအပ်လှပေ၏ ဟူလိုကြောင်း။

သောတာပတ္တိဖိုလ်ကဏ္ဍ ဝေဘန်အပ်ရာဝယ် ဤနေရာ၌ သခေ်ပအနေအားဖြင့် စကားတရပ် အပြီးသတ်လိုက်ရလေသတည်း။

## သကဒါဂါမိ ဖိုလ်ပြခြင်း

သကဒါဂါမိ ဖိုလ်ကဏ္ဍကို ပြပေအံ့။

အားလုံးသော ယောဂီအပေါင်းတို့ မဂ်တရားဆိုသည်ကား သစ္စာလေးပါးသာတည်း။ သစ္စာလေးပါး ဟူရာ၌ နောက်က ပြခဲ့လှလေပြီ၊ သစ္စာလေးပါးကား နှစ်မျိုးမရှိ တမျိုးဘည်းသာတည်း။ သကဒါဂါမိမဂ် ဆိုသည်မှာလည်း သစ္စာလေးပါးသာတည်း။ လိုရင်းမှာ ပြဆိုအပ်ခဲ့ပြီးသော သောတာပတ္တိမဂ်မှ တပြိုင်နက် တချက်ထည်း ထိုးထွင်း၍ သိခဲ့သော ကိစ္စသာတည်း။

ကိစ္စဟူသည်မှာလည်း သောတာပတ္တိမဂ်ကိစ္စနှင့် မခြား တသားတည်းသာတည်း၊ သစ္စာလေးပါးလည်း ဤလေးပါးသာ ရှိ၏၊ အသီးအခြား အမျိုးမကွဲပါ၊ မဂ်တရားချင်းတော့ အတူတူချည်းသာတည်း၊ ပယ်စဉ်သာ ကွာခြားပါ၏၊ သို့ပါမူ၍ အမျိုးမကွဲပုံကို ပြလို၍ အဋ္ဌသာလိနီ အဋ္ဌကထာ၌ လာတော်မူသည်မှာကား—

ဣမေသု စတူသု မဂ္ဂေသု သောတာပတ္တိမဂ္ဂေန စတ္တာရိ သစ္စာနိ ပဋိဝိဇ္ဈတိ၊ ဥပရိမဂ္ဂတ္တယံ ဒိဋ္ဌကမေဝ ပဿတိ။

ဟု ဤကဲ့သို့ လာတော်မူသည်ကို ထင်ရှားတော်မူလှ၍ ယောဇနာတော်မူရမည်မှာ–

ဣမေသု စတူသု မဂ္ဂေသု၊ ဤလေးပါးသော မဂ်တို့တွင်။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်သည်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ သစ္စာတရားတို့ကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိတော်မူ၏။ ဥပရိမဂ္ဂတ္တယံ၊ အထက်၌ဖြစ်သော မဂ်သုံးခုအပေါင်းသည်။ ဒိဋ္ဌကမေဝ၊ သောတာပတ္တိမဂ်က မြင်ခဲ့ပြီးသော သစ္စာလေးပါးကိုသာလျှင်။ ပဿတိ၊ မြင်ပြန်တော်မူ၏။

ဤကဲ့သို့ ထင်ရှားတော်မူသည်မှာ မဂ်တရား ဟူရာ၌လည်း အထက်ဖြစ်သော မဂ်သုံးခု အပေါင်းသည် အောက်အောက်၌ဖြစ်သော မဂ်နှင့် အတူတူချည်းသာတည်း၊ မထူးပါ၊ သစ္စာလေးပါး ချည်းသာတည်း။ ကိစ္စဟူသည်မှာလည်း တကိစ္စတည်းသာတည်း၊ နှစ်ကိစ္စမရှိပါ၊ မဂ်ဉာဏ်အဆင့်ဆင့်ဖြင့် ရောက်တော်မူကြကုန်သော အရိယာပုဂ္ဂိုလ်တို့မှသာ သိခြင်းငှါ စွမ်းနိုင်တော်မူ၏။ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည်ကား ဉာဏ်သက်နိုင်ခြင်းငှါ ခဲယဉ်းကြပေလိမ့်မည်။

ဤနေရာ၌ ပုထုဇဉ်ပုဂ္ဂိုလ်တို့နှင့် စကားဆက်စပ်ခြင်းငှါ မသင့်ပေ၊ သို့ပါမူ၍ ဤနေရာ၌ "မပြောလျှင်မပြီး မတီးလျှင်မမြည်""မပေးချင်လျှင် မပြနှင့်၊ မပြောချင်လျှင် မစနှင့်"ဆိုတာလို စမိပြန်တော့လဲ ပြောမှဘဲ ပြီးတော့မှာမို့ မရှောင်သာတော့ မနေသာမှုမျိုး ဖြစ်လေတော့ မဂ်၎ဆင့်ဆင့်တို့ မည့်သည်မှာ ပယ်စဉ်ကတော့ ထူးလှပေ၏၊ အရိယာဘဝသို့ ရောက်တော်မူကြကုန်သော ပုဂ္ဂိုလ်တို့၏ ဉာဏ်စဉ်သာ သိတော်မူနိုင်ကြပေလိမ့်မည်၊ ဟုတ်လှပေ၏၊ မှန်ပေစွ၊ အခြားသောသူတို့ သိခြင်းငှါ ခဲယဉ်းလှပေ၏၊ ရောက်သောသူတို့ အဘို့မှာကား ဆရာဖြစ်သူက ဒေသနာတော်နှင့် တိုက်ဆိုင်၍ ဆိုဆုံးမခဲ့သော် ဒေသနာတော်၏အဆုံးဝယ် ဝဒန္တပုဂ္ဂိုလ်နှင့် သုဏန္တပုဂ္ဂိုလ်တို့ သဒ္ဒါရုံဖြင့် သောတခေါတ် တိုက်ဆိုင်ခဲ့သော် တရားတော်၏အသံကို နာကြားရပါက လွယ်လွယ်ကလေး နှင့်သာ ပညာဉာဏ်ဖြင့် သိမ်းပိုက်တော်မူလိုက်၏။

သို့ပါသော် ပါရမီရှင်တို့ကိုသာ ဆိုလို၏၊ ကေဗိဇမျိုးတို့မှာကား အဆန်းတကြယ် ဝန်လေးဘွယ် မရှိတော့ချေ၊ ဘဝဖြင့် တပ်လိုကြကုန်သော ကောလံ

ကောလမျိုး သတ္တကွတ္တုပရမမျိုးတို့မှာကား "မြင်ရုံသာမြင်ရ မကြင်ရရှိဆိုသည့် စကားနှယ် အမြင်သာနီး၍ ခရီးမရောက်တောင်" ဟု ဆိုသည့်အလားကဲ့သို့ ကြီးလှစွာသော တောင်ထွဋ် တောင်ကြီးတို့ဟူရာ အဝေးက မြင်ပါသော်လည်း သွားခြင်းငှါ မတတ်နိုင်ချေရကား မြင်ပင်မြင်ပါသော်လည်း တောင်ကြီးကို မရောက်နိုင်သကဲ့သို့ ဘဝဖြင့် တပ်နှစ်သက်လိုကြကုန်သေးသော သတ္တကွတ္တု ပရမမျိုးတို့မှာကား အနုပါဒိသေသ နိဗ္ဗာနဓာတ် အမတရွှေဘုံ ဇေယျခုံကြီးကို မြင်ပင်မြင်ပါသော်လည်း အဝေးခရီးနှင့်တူသော ဘဝခုနစ်တန်တို့၏ ဤမှာဘက် သံသရာမှ ထိုမှာဘက်ဖြစ်သော အမတနန်းအငူကို မြှော်ငေးလျက်နှင့်သာ "နင်နေ့ ငါနေ့"ဟု ငြီးတွားလျက် သောတာပတ္တိဖလက္ခဏနှင့်သာ ဝိသာခါ အနာထပိဏ်တို့ကဲ့သို့ အဖြေထုတ်လျက် အချိန်တိုင်လျှင် ရွာပြည်သို့သာ အိုးအိမ် ရာရှိရာသို့ ဘဝငုပ်လျက် ခန္ဓာ၏အလုပ်ကိုသာ လုပ်ရလေတော့၏။

သို့သော် တမဂ်နှင့်တမဂ် အကူးအဆက်တို့ မည်သည်မှာ ဆရာ၏ဩဝါဒ ဉာဏ်အချက် မကူမဘက်ပါဘဲနှင့် ကူးတက်နိုင်ခြင်းငှါ ခဲယဉ်း၏၊ သို့သော် မကူးမတက်ဟုတော့ မဆိုသာချေ၊ပါရမီဉာဏ်အချက် ဓမ္မဆက် ပညာတက်ပါက သဝန အချက်ဖြင့် ဝုဋ္ဌာစိတ် ဖြည့်စွက်နိုင်ပါမူ မုချတက်နိုင်မည်သာတည်း၊ တက်နိုင်တော်မူကြပုံ ဟူရာဝယ် ရှေးဆရာတော်မြတ်တို့ ဝစနာလင်္ကာရ မူခဲ့ သည်မှာ နည်းမှီးကြလိုပါက သင့်ထိုက်လှပေ၏။

ပရိယတ်ကျွမ်းကျင် ပေါက်ရောက်လျှင် အထင်ဟောတတ်၏၊
ပဋိပတ် ကျွမ်းကျင် ပေါက်ဆောက်လျှင် အမြင်ဟောတတ်၏။

ဤနေရာ၌ ပရိယတ်အရှင်နှင့် ပဋိပတ်အရှင်တို့သည်ကား သမဂ္ဂ သမောဓာန ပရိဟာရ ပရိပုစ္ဆန ပဋိသန္ဓာရ ညှိနှိုင်း၍ တိုက်ဆိုင် တိုင်ပင်ကြလိုပါက ယောနိသော မနသိကာရ ပြည့်စုံလှလောက်ကြထိုက်ကြပေ၏၊ သို့သော် "နှစ်ဘက်သန့်ဟူ၍ရှင်း၊တဘက်သန့်ဟူ၍ရှင်း၊ ဝိဝါဒ ကလဟ ငြင်းခုန်မှုကိုတော့ ကင်းကြမည် မဟုတ်ကြပေ"၊အယူသီလ တူမျှပါက ကိုက်ညီတတ်ပေစွ၊ နှစ်ဘက် စွယ်စုံ ဖြစ်ကြပါမှ အယူသီလ တူမျှကြပေမည်၊ သို့သော် ခဲ၏ နက်နဲ၏ ခဲ၏ လှလေစွ၊ သို့သော် အကူးအဆက် ဒေသနာအချက်ဖြင့် ထည့်စွက်လိုက်သည်မှာ

> သန္တမေတံ ပဏီတ မေ့တန္တိ အပ္ပေတ္တာန နိသိန္နဿ ဒိဝသမ္ပိ စိတ္တုပ္ပါဒေါ
> သန္တမေတံ ပဏီတ မေတန္တိ ဥပ္ပဇ္ဇတိ။

ဟူ၍ သုတ္တန္တနိကာယ အဋ္ဌကထာ၌ လာတော်မူသည်ကို ယောဇနာတော်မူလိုက်သည်မှာ–

သန္တမေတံ ပဏီတမေတန္တိ၊ ဟူသည်ကား။ အပ္ပေတ္တာန၊ နိဗ္ဗာန်၌ အာရုံကို ဖြစ်စေ၍။ ဒိဝသမ္ပိ၊ တနေ့လုံးသော်လည်း။ နိသိန္နဿ၊ နေတော်မူလေ့ရှိသော ဖလဋ္ဌာန်ပုဂ္ဂိုလ်အား။ စိတ္တုပ္ပါဒေါ၊ ဖိုလ်စိတ်၏ ဖြစ်ခြင်းသည်။ သန္တမေတံ ပဏီတမေဘန္တိ၊ ဟူ၍။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

အဲ ဤကဲ့သို့ ဤနေရာ၌ ဟတ္ထမုဋ္ဌိ နည်းလက်ရှိနှင့် ပြည့်စုံတော်မူကြကုန်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည်ကား ဖလသမာပတ် အရာတော်၌ ရှေ့မဂ် ရှေ့ဖိုလ်သို့ တက်လိုလတ်သော် နိဗ္ဗာန်၌ အာရုံညွတ်၍ နိန္န ပေါဏ ပဗ္ဘာရဟု ဆိုအပ်ကုန်သော ဉာဏ်တော်ဖြင့် ညွတ်ကိုင်း ရှိုင်းဝှမ်းလျက် တနေ့တာလုံးသော်ငင်း၊ အခါကာလအားဖြင့် ပိုင်းခြား၍သော်ငင်း ထားလိုသရွေ့ ထားနိုင်ပါမူ ပုဂ္ဂိုလ်၏ ယထာရဟာအနေဖြင့်–

ဩော်....ငါ၏တရားသည်ကား ငြိမ်သက်လှပေ၏၊ မွန်မြတ်လှပါပေ၏ ဟု အထက်အထက်ဖြစ်သော ဓမ္မသဘာဝအားလျော်စွာ ဆရာသမား၏ အာဘောဂ ဉာဏ်တော်ကို ဆောင်လျက် မိမိ၏ အလိုအားဖြင့် လုံးဝစိတ်၌ နိကန္တိဖြင့် မချွတ်ပါဘဲလျက် သောတာပတ္တိမဂ်၏ အာလယကို ဖြတ်တောက်တော်မူ၍ သောတာပတ္တိဖိုလ်ကို ဝင်စားလျက် ရုပ်ရိပ် နာမ်ရိပ် သင်္ခါရရိပ်တို့ကို သုံးသပ်ဆင်ခြင်အပ်သော လာလတ့်သော ရှေး၌ အာရုံဖြင့် ညွတ်စေလျက် အာဝဇ္ဇန်းဖြင့် ဆင်ခြင်အပ်သော ကိစ္စ ဝုဋ္ဌာန ဟု ဆိုအပ်သော မနောဒွါရ၏ ဆင်ခြင်တော်မူပုံကို အာလယအလိုက် နိဒ္ဒေသအဋ္ဌကထာ၌ နိပ္ပရိယာယပုဒ် အမှန်ထုတ်ပြအပ်လိုသော်–

> တယောဝံ သမ္မသန္တဿ ဝုတ္တနယေနေဝ သင်္ခါရုပေက္ခာဝံသာနေ ကောဝဇ္ဇနေန အနုလောမဉာဏေသု ဥပ္ပန္နေသု ဂေါတြဘုအနန္တရံ သက-ဒါဂါမိမဂ္ဂေါ ဥပ္ပဇ္ဇတိ။
>
> သုဓမ္မဝတီ (က ၁၈၁) ၃၆

ဟု ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ယောဇနာကား-

ဇဝံ၊ ဤသို့။ သမ္မသန္တဿ၊ သုံးသပ် ဆင်ခြင်လေ့ရှိသော။ တဿ၊ ထိုသောတာပတ္တိဖလဋ္ဌာန် ပုဂ္ဂိုလ်အား။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်သာလျှင်။ သင်္ခါရုပေက္ခာဝသာနေ၊ သင်္ခါရုပေက္ခာဉာဏ်၏ အဆုံး၌။ ဧကာဝဇ္ဇနေန၊ တခုသော အာဝဇ္ဇန်းဖြင့် ဆင်ခြင်အပ်သည်ဖြစ်၍။ (တခုသော အာဝဇ္ဇန်း ဆိုသည်ကား နည်းမရက နက်နဲလှ၏။) အနုလောမဉာဏေသု၊ အနုလောမ ဉာဏ်၏အဆုံး၌။ ဥပ္ပန္နေသု၊ ရောက်လတ်သည်ရှိသော်။ ဂေါတြဘု အနန္တရံ၊ သင်္ခါရလျှင် အာရုံရှိသော ဝေါဒါန်ဟူသော အမည်ဖြင့် ရအပ်သော ဂေါတြဘုဉာဏ်၏ အခြားမဲ့၌။ (ဤကား လောကုတ္တရာအရာ ဖြစ်၏၊ ဝေါဒါန် ကိစ္စသာတည်း ) သကဒါဂါမိမဂ္ဂေါ၊ သကဒါဂါမိ မဂ်သို့သာလျှင်။ ဥပ္ပဇ္ဇတိ၊ ရောက်တော့၏။

ဤအရာ၌ကား သကဒါဂါမိ မဂ်ခဏ၌ သစ္စာလေးပါးကို တပြိုင်နက် တချက်ထည်း ထိုးထွင်း၍ တကိစ္စ၌သာ သောတာပတ္တိ ဖိုလ်ပုဂ္ဂိုလ်၏ ပညာတော်ဖြင့် ယူဆောင်ခဲ့သော၊ ပါ-ရခဲ့သော မဂ်တရား သစ္စာလေးပါးနှင့် မခြား တသားထည်း တူသည်သာလျှင်တည်း။

သို့သော် သစ္စာက လေးပါး ကိစ္စက တကိစ္စ, လေးပါးသစ္စာ တကိစ္စသာ သိကြစေလို၍ သကဒါဂါမိမဂ်မှနောက် ကျအပ်သော ဖိုလ်ဇောသည်ကား တိက္ခ မန္ဒအလိုက် သဗ္ဗသင်္ခါရ နိမိတ်တို့ကို တဖေါင်းတည်းပြုလျက် သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်၏ အဖြစ်မှ ဇောအဆုံးတွင် ဘဝင်ဖြစ်ထိုက်သရွေ့ ဖြစ်၍ ယထာ ရဟာအားလျော်စွာ သကဒါဂါမိ ဖိုလ်ပုဂ္ဂိုလ်၏ အဖြစ်သို့ ရောက်တော်မူကြောင်းကို ပရိယတ္တိဓမ္မအရှင်တို့၏ ဉာဏ်တော်ဖြင့် သိမ်းပိုက်၍ အကျင့်ကျွမ်းကျင်သော ပဋိပတ်အရှင် ဖြစ်တော်မူသော သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်တို့၏ ဉာဏ်ဝ၌ ပစ္စက္ခသိဒ္ဓိဉာဏ်တော်ဖြင့် နိန္န ပေါဏ ပဗ္ဘာရဂုဏ်တို့ဖြင့် ညွတ်ကိုင်းရှိုင်းဝှမ်းတော်မူပုံကို အဇ္ဈာသယဉာဏ်ဖြင့် နေလုလင်နှင့် ဦးတိုက်လိုက်ရာဘိ သကဲ့သို့ ပုံယူမခြား အမှန်အားဖြင့် သိတော်မူရသည်ကား ဖလူပစာရအားဖြင့် ထင်ရှားတော်မူလို၏ ဟူလိုသော်။

ဤသကဒါဂါမ် ပုဂ္ဂိုလ်၏ အလို အာသာ အာသယကိန်းတော် မူဟန်ကား ယခုအခါ သာသနာတော်၌ ဟတ္ထမုဒ္ဒိ နည်းလက်ရှိနှင့် ပြည့်စုံတော်မူကြကုန်သော သကဒါဂါမ် ပုဂ္ဂိုလ်တို့မှသာ သိအပ် သိသင့် သိထိုက်သော အရာတော်ပေတည်း။

ရွှေဉာဏ်တော်ရှင်မှ တပါး ပဋိသမ္ဘိဒါ အရှင်မျှားသော်မှလည်း အာဝဇ္ဇန်းဖြင့် ဆင်ခြင်တော်မူပါက အယူသီလ တူမျှပါ၍ သို့မှသာလျှင် သိနိုင်ကြပေမည်၊ အာဝဇ္ဇန်းဖြင့် ကင်းပါက အဘယ်မှာလျှင် သိခြင်းငှါ စွမ်းနိုင်ပါတော့အံ့နည်း။

ဤနေရာ၌ ဤကဲ့သို့သော အရာ သိခြင်းငှါ အာဝဇ္ဇန်းဖြင့် ဆင်ခြင်တော်မူပါက ဉာဏ်သွားဝရဇိန် ငင့်ချိန်ပြတ်သား ဖြေပိုင်းခြားသည်ကို ဉာဏ်အား မလျှော့ သိကြလေတော့လောဟု မဟာဋီကာ ကျမ်းရွှေစာ ဒေသနာတော်ဖြင့် ဘွင့်ထုတ်တော်မူရသည်မှာ—

> တတ္ထ ဒွိဟိ ကာရဏေဟိ တနုဘာဝေါ အဓိပစ္စုပ္ပတ္တိယာ ပရိယုဋ္ဌာန-မန္ဒတာယ စ သကဒါဂါမိဿ ဟိ ဝဋ္ဋာနုသာရိ မဟာဇနဿ ဝိယ ကိလေသာ အဘိဏှံ န ဥပ္ပဇ္ဇန္တိ။

ဤကဲ့သို့ လာရှိတော်မူသည်ကို ခိုင်လုံစွာ အထောက်တော်ပြုပါ၍ ဟတ္ထမုဒ္ဒိ နည်းလက်နှုံဖြင့် ဤစာဖြင့် ရေးသားသော နေရာက ယောဇနာတော် မူလိုက်သည်မှာကား–

တတ္ထ ဒွိဟိ ကာရဏေဟိ၊ ထိုနှစ်ပါးသော အကြောင်းတို့ကြောင့်။ အဓိ-ပစ္စုပ္ပတ္တိယာ စ၊ ရံခါ ကြိုးကြားဖြစ်၍ ဟူ၍ရင်း။ ပရိယုဋ္ဌာန မန္ဒတာယ စ၊ နုံ့ညံ့ ကြပါး အားသေးသည်ဖြစ်၍ရင်း။ သော၊ ထိုသကဒါဂါမိဖိုလ်ပုဂ္ဂိုလ်သည်။ (ထည့်) တနုဘာဝေါ၊ ကိလေသာ၏ဖြစ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဟိ၊ ဖြစ်ပုံအထူး ပြဆိုဦးအံ့။ သကဒါဂါမိဿ၊ သကဒါဂါမ်ပုဂ္ဂိုလ်အား။ ဝဋ္ဋာနုသာရိမဟာဇနဿဝိယ၊ ဝဋ်သို့အစဉ်လျှောက်၍ လိုက်သော ရွာသူတို့ကဲ့သို့။ ကိလေသာ၊ ကိလေသာတို့သည်။ အဘိဏှံ၊ မပြတ်။ န ဥပ္ပဇ္ဇန္တိ၊ မဖြစ်ကုန်သည်ကား။ န၊ မဟုတ်ကုန်။ ဥပ္ပဇ္ဇန္တိ ဧဝ၊ ဖြစ်တော့ကုန်သေးသည်သာလျှင်တည်း။

ဤကဲ့သို့ ဤနေရာ၌ ဤဒေသနာတော်အရ သကဒါဂါမ် ပုဂ္ဂိုလ်တို့၏ တနုကရ ကိလေသာတို့မည်သည်မှာ ရှာသူတို့ကဲ့သို့ ကာလမရွေး အချိန်မရွေးဘဲ မဖြစ်လိုပါ၊ ဖြစ်သကဲ့သို့ ဟု ဆိုရာဝယ် ဖြစ်ကာမျှမတ္တ ရံခါမှ ဓမ္မနယအား လျော်စွာ ကာလအားဖြင့် နှံ့ညံ့ကြပါး အားသေးလျက်နှင့်သာ၊ ဖြစ်တော့ သေးပေ၏။

သို့သော် လောကမိန္ဒင့် မတွေ့ကြုံငြားပါက နှစ်ဦးနှစ်ဝ ကာမဂုဏ် မကြုံခဲ့ သော် အာလယဖြင့် ဆိတ်သုဉ်း (လျက်)ခဲ့သော် အနာဂါမ်ပုဂ္ဂိုလ်ရှင်များ နေ တော်မူဘိသကဲ့သို့ နေတော်မူလေ့ရှိ၏၊ ရံခါအားဖြင့် ဘဝက ထုံမွမ်းခဲ့မိသော တဘက်စွပ်စွဲချက်မကင်း ညင်းဖယ်ကာ ကံအကြွင်း ရှိပါသေးက ဤကဲ့သို့ အဋ္ဌ ကထာ ပြဆိုတော်မူခဲ့သည်မှာ -

> ကဒါစိ ကဒါစိ ဝိရဠ္ဌာကာရာ ဟုတွာ ဥပ္ပဇ္ဇန္တိ၊ တတ္ထ ဥပ္ပဇ္ဇန္တာပိ မဒ္ဒန္တာ ဆာဒေန္တာ အန္ဓကာရံ ကရောန္တာ န ဥပ္ပဇ္ဇန္တိ။

ဤကဲ့သို့ မိန့်မြွက်တော်မူသည်ကို အမှန်အားဖြင့် သိထိုက်လှပေပြီ၊ ရံခါ ရံခါအားဖြင့် အမိုက်တိုက်ကို ဖုံးလွှမ်းတော်မူလျက် ဖြစ်ခြင်းသို့ မရောက်တော့ ပေ။ ယောဇနာတော်မူလိုရမည်မှာ -

ကဒါစိ ကဒါစိ၊ ရံခါရံခါ။ ဝါ-ကြိုးကြား ကြိုးကြား အခါခြားလျက်။ ဝိရဠ္ဌာကာရာ၊ ကြဲကြဲပါးပါး နဲနဲနည်းနည်း။ ဟုတွာ၊ မကင်းပါ၍။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တတ်ကုန်သေး၏။ တတ္ထ ဥပ္ပဇ္ဇန္တာပိ၊ ထိုသို့ကြဲကြဲပါးပါး နည်းနည်းမျှဖြစ် ကုန်သော်လည်း။မဒ္ဒန္တာ၊နှိပ်လျက်။ ဆာဒေန္တာ၊ ဖုံးလွှမ်းလျက်။ (အမောဟင့်) အန္ဓကာရံ၊ မိုက်မဲစွာ။ ကရောန္တာ၊ ပြုလျက်။ န ဥပ္ပဇ္ဇန္တိ၊ ဖြစ်တော်မမူကုန်။

ဤနေရာ၌ ဤအကြောင်းတို့ကို ထောက်ရှုတော်မူကြ၍ လက်ရှိရပြီးသော ဖိုလ်ပုဂ္ဂိုလ်တို့ အရာမှသာလျှင် သိနိုင်ကြပေလိမ့်မည်၊အခြားသောသူတို့ သိခြင်း ငှါ ခဲယဉ်းပေစွ၊ ဝေမတိက ရှိကြပါက ဟတ္ထမဂ္ဂနည်းကို ရအောင် ဆရာနည်း ရှာပါက ဤဝေမတိကအရိပ် အမှန် ကင်းဆိတ်ကြပါလိမ့်မည်၊ "ကိုယ်နှင့်တိုင်း မရိုင်းဘူး" ဟူရာသကဲ့သို့တည်း။

သူပြောတော့ ငါယုံ၊ ငါကြုံတော့·ငါသိ၊ စသိ ငါသိ နှစ်ဌာနရှိ၊
သူများက ပြောတော့ ဘာလိုလို။ ကိုယ်တွေ့တော့ ဟုတ်သကို-

ဤကဲ့သို့ ဥပမာလို သတိရှိတော်မူကြစေလို၍ ဤကဲ့သို့ သကဒါဂါမိဖိုလ်စိတ် ဉာဏ်အာရုံ သိမ်းပိုက်ကြ၍ အရိယာဖိုလ်သို့ ဆိုက်တော်မူကြကုန်သော လေးပါးသော လောကုတ္တရာမဂ်တို့တွင် သကဒါဂါမိမဂ်သို့ ဆိုက်ရောက်တော်မူကြကုန်သော အရိယာပုဂ္ဂိုလ်တို့၏ ကိလေသာပါးပုံ ပယ်ပုံကို ဉာဏဒဿနဝိသုဒ္ဓိဋီကာရှင်က ဒဋ္ဌိပုဒ် ထုတ်တော်မူလိုက်သည်မှာကား-

ဒွိဟိ ပန မဂ္ဂေဟိ ပဟီနတ္တာ မန္ဒမန္ဒာ တနုကာရာ ဟုတွာ ဥပ္ပဇ္ဇန္တိ။
ဟု ဝိသုဒ္ဓိ ထုတ်လိုက်သည်မှာ ယောဇနာသို့၍-

ပန၊ ကိလေသာတို့ဖြင့် မဂ်ပယ်ပုံအထူး ပြဆိုဦးအံ့။ ဒွိဟိ၊ နှစ်ပါးကုန်သော။ မဂ္ဂေဟိ၊ သကဒါဂါမိမဂ်တို့ဖြင့်။ ပဟီနတ္တာ၊ ပယ်အပ်သည်၏ အဖြစ်ကြောင့်။ မန္ဒမန္ဒာ၊ နုံ့နုံ့နဲ့နဲ့။ တနုကာရာ၊ မဖြစ်ချင်ဖြစ်ချင်။ ဝါ-အာလယမရ မဖြစ်လိုလှ။ ဟုတွာ၊ တိုက်ဆိုင်ပါက။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်တတ်ကုန်စွ။

ဤကဲ့သို့ ဤအရာ၌ ပြဆိုတော်မူရမည်မှာကား သောတာပတ္တိမဂ်မှ အထက်မဂ်သို့ တက်လိုကြကုန်သော အရိယာအရှင်တို့သည် ပြဆိုအပ်ခဲ့ပြီးသော နည်းနယတို့ဖြင့် သိမ်းပိုက်တော်မူခဲ့၍ အစစ္စာဖြစ်သော ပဌမ သောတာပတ္တိမဂ်သည် ဒဿနဘူမိ ဒဿနသစ္စိကိရိယ သမ္မသနခေတ်ဖြင့် ဆင်ခြင်သုံးသပ်အပ်သော မဂ်တည်း။

အထက်မဂ် သုံးတန်သည်ကား ဘာဝနာ သစ္စိကိရိယတည်း၊ ပွားများအပ်သောမဂ် သရဇ္ဈာယ်အပ်သောမဂ် ကြိမ်ဘန်များစွာ ပွားများဘန်များမှ ထုံဘန် မှုန်ဘန်များမှ မိုးယ်ကြိုး ပွဲတင်သံကဲ့သို့ရင်း၊ နေလုလင်ဖြင့် ဦးတိုက်လိုက်ရဘိသကဲ့သို့ရင်း၊ စိန်တုံး, မြသား ကြည်လင်လှစွာသော ပဘဿရ ခေတ်ရောင်ကဲ့သို့ရင်း၊ ပညာရောင် မဂ်ဂုဏ်ရောင် နိုရောခေတ်ရောင်၏ အလယ်၌ ရွှေဆင်းတု မြရုပ်တော်ကို အဘိုးဖြင့် ထိုက်တန်လှစွာသော ရတနာရောင်တို့၏ အလယ်၌ တည်ရှိဘိသကဲ့သို့ရင်း၊ ပွားများ သရဇ္ဈာယ်အပ်သော သောတာပတ္တိ

ဖလသမင်္ဂီ ပုဂ္ဂိုလ်သည် ဘာဝနာဂုဏ်ဖြင့် သိမ်းဆည်းလျက် နိဒ္ဒေသအရာ အင်္ဂကထာစကားတရပ် အလာ ပွားများအပ်သည်မှ ဘွင့်ထုတ်တော်မူလို၍-

ပဌမ မဂ္ဂက္ခဏေ ပန နိဗ္ဗာနဒဿနံ ဒဿနသစ္ဆိကိရိယာတိ သေသ-မဂ္ဂက္ခဏေသု ဘာဝနာ သစ္ဆိကိရိယာတိ။

ဟု လာတော်မူသည်ကို ယောဇနာရမည်မှာ—

ပန၊ အောက်မင် အောက်ဖိုလ်မှတပါး အထက်မဂ် အထက်ဖိုလ်ကို ဆိုဦးအံ့။ ပဌမ မဂ္ဂက္ခဏေ၊ ပဌမ သောတာပတ္တိမဂ်၌။ နိဗ္ဗာနဒဿနံ၊ နိဗ္ဗာန်ကို မြင်ခြင်းသည်။ ဒဿနသစ္ဆိကိရိယာတိ၊ ဆင်ခြင်၍ မျက်မှောက် ပြုခြင်းသာ တည်း။ ဝါ- ယောနိသော မနသိကာရအားဖြင့် နှလုံးသွင်းခြင်းသာတည်း။ သေသမဂ္ဂက္ခဏေသု၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော အထက်မဂ်သုံးတန်တို့၌။ ဘာဝနာသစ္ဆိကိရိယာတိ၊ ပွားများ သရဇ္ဈာယ်အပ်သည် ဖြစ်၍ မျက်မှောက် ပြုခြင်းသာတည်း။ ဝါ- သဒ္ဒ သဝန နှစ်ပါးတို့၏ အကြောင်းတို့ သာတည်း။

ဤကဲ့သို့ ရွတ်ဆိုပုံ ပွားများပုံတို့ဖြင့် ဒေသနာအရ ပြဆိုတော် မူသည်မှာ ခိုင်လုံလှသည်ကို ထောက်တော်မူကြပါသဖြင့် လေ့လာမှုမရှိ ပရိစယမပြုဘူးပါက ယုံကြည်မည့်သူအဘို့မှာ ခဲယဉ်းကြပေလိမ့်မည်။ ဥပစာရ အရာမျှနှင့်သာ အချိန်ကာလ ကြာကြ၍ ပါရမီရှိကြသော လောင်းလျာတို့အဘို့မှာကား မုချ အားဖြင့် နိဒ္ဒေသအင်္ဂကထာ ဒေသနာအလာ ပြရမည်မှာ—

ဝစသာ သဇ္ဈာယော ဟိ မနသာ သဇ္ဈာယဿ ပစ္စယော ဟောတိ၊ မနသာ သဇ္ဈာယော လက္ခဏပဋိဝေဓဿ ပစ္စယော ဟောတိ။

ဤကဲ့သို့ ဒေသနာလာတော်မူသည်ကို ထောက်ပါသဖြင့် ရှေးမင် ရှေးဖိုလ်သို့ တက်လိုကြကုန်သော အရိယာသူတော်စင်တို့သည် ဤနေရာ၌ ပြဆိုအပ်သော နှုတ်သံတွတ်တွတ် မရွတ်ပါမူ၍ ကာလ၏ နိရတ္ထက အချည်းနှီးနှင့်သာ ပါရမီ ကျဆုံးရှာကြသည်မှာ မဟာခနသူဌေးသား ပမာထား၍မို့ နိယတဗျာဒိတ် နှင့်သာ သဗ္ဗညုဘုရားရှင်သော်မှလည်း ရွှေမျက်နှာတော် လွှဲတော်မူရကုန်သေး ၏၊ အနိယတမျိုးတို့မှာကား သာသနာနောက်ကာလ အထောက်အထား ရကြ

ရသည်မှာ သပ္ပုရိသံသကို အတွေ့ရှာပါက နည်းနာနယနှင့်တကွ ဆရာ၏ အာဘောဂ ခိုင်းစေတော်မူပါက နှုတ်သံတွတ်တွတ် ရွတ်ဆို၍ ရှိပါက စိတ်အလို အရ အကြံတော် လှရမည်မှာ ယောဇနာတော်မူလိုပါက—

ဟိ၊ မဂ်တက်စဉ်အထူး ပြဆိုဦးအံ့။ ဝစသာသဇ္ဈာယော၊ နှုတ်သံတွတ်ကွတ် ရွတ်ဆိုသရဇ္ဈာယ် ဝါစာစကား နားမှာကြားက။ မနသာသဇ္ဈာယသာ၊ စိတ် အာရုံပြုတ် ကောင်းစွာကပ်လျက် မုချထင်ထင် ကိုယ်တွေ့မြင်၍။ ပစ္စယော၊ အကြောင်း အထောက်အပံ့ အခြေခံရသည်။ ဟောတိ၊ ဖြစ်၏။ မနသာသဇ္ဈာ ယော၊ စိတ်အာရုံပြုက် ကောင်းစွာကပ်လျက် ဉာဏ်ဖြင့်အာရုံ ထင်လာကုန်၍။ လက္ခဏပဋိဝေဓေသ၊ မှန်သောလက္ခဏာ ထိုးထွင်းပါ၍ ဉာဏ်ဖြင့်အာရုံ ထင်လာ ကုန်သည်။ ဟုတွာ၊ ဖြစ်၍။ (ထည့်) ပစ္စယော၊ ကျိုးကြောင်းနှစ်ဖြာ ထောက်ပံ့ လာသည်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့ ဤနေရာ၌ နှုတ်သံဟွတ်တွတ် ရွတ်ဆိုပွားများအပ်သော ဘာဝနာ ဂုဏ်တို့ဖြင့် လွှမ်းခြုံ၍ ရှေ့မဂ် ရှေ့ဖိုလ်သို့ လိုလားအပ်သော ယောနိသော မနသိကာရအလိုက် သကဒါဂါမိမဂ်၌ ဒေသနာပရိယောသာန ဆိုက်တော်မူကြ ပါက ပညာတော်ဖြင့် သိမ်းပိုက်လျက် အထက်အထက်၌ရှိသော ဖိုလ်၏အလိုက် ပညာဖြင့် သိမ်းပိုက်တော်မူကြသည်ကို ဘာဝသံသရာ၌ ကိလေသာ ရေအယဉ် အလိုက် ပညိန္ဒြေဟု ဆိုအပ်သော အမောဟဉာဏ်ဖြင့် တိုက်လိုက်တော်မူသည် မှာ ပြဆိုတော်မူလို၍ –

ယာနိ သောတာနိ လောကသ္မိံ၊ သတိ တေသံ နိဝါရဏံ။
တာသံ သံဝရံ ဗြူမိ၊ ပညာယေတေ ပိဓိယရေ။

ဟု ပဋိ ႏ မ္ဘိဒါ မဂ်အဋ္ဌကထာ၌ လာတော်မူသည်မှာ သတိတည်းဟူသော မဂ္ဂင်ဖြင့် တားမြစ်ပါသော်လည်း ထိန်းအုပ်ကာမျှနှင့်သာ အချိန်ကြာလျက် ပညာဖြင့် ထိန်းချုပ်မှသာလျှင် ကိန်းဆိုက်မည့်အရေး ဝေဘန်တော် မူရသေး သည်မှာ—

**အနက်ကား** လောကသ္မိံ၊ သူရောင်ါပါ သတ္တဝါခပင်း မကျန်ကြွင်းနိုင်တဲ့ အဖန်ဖန်မြုပ်မျော မဟုတ်သော လောကကြီး၌။ ယာနိ သောတာနိ၊ အကြင်

လောဘမိစ္ဆာ အဝိဇ္ဇာနှင့် ပိတ်ကာမှေးယှဉ် ကိလေသာတည်းဟူသော ရေအယဉ်တို့သည်။ သန္တိ၊ မည်သူမည်ဝါ ရော်ကာရည်မှန်း ခန္ဓာနှမ်းလျက် မဆုံးသတ်နိုင်ဘဲ ရှိကုန်မြဲ၏။ သတိ၊ ခန္ဓာဦးထား သတိတရားသည်။ တေသံ၊ ထိုလောဘမိစ္ဆာ အဝိဇ္ဇာနှင့် ပိတ်ကာမှေးယှဉ် ကိလေသာတည်းဟူသော ရေအယဉ်တို့ကို။ နိဝါရဏံ၊ အကြောင်းအားလျော်စွာ ဟန့်တားခြင်းသာတည်း။ သောတာနံ၊ လောဘမိစ္ဆာ အဝိဇ္ဇာနှင့် ပိတ်ကာမှေးယှဉ် ကိလေသာတည်းဟူသော ရေအယဉ်တို့ကို။ သံဝရံ၊ အခါအားလျော်စွာ သမုစ္ဆေဒအရာဖြင့် ဖြတ်တောက်ပိတ်ပင်ခြင်းကို။ အဟံ၊ ငါဘုရားသည်။ ဗြူမိ၊ ဟောတော်မူ၏။ ဧတေ သောတာ၊ ထိုလောဘမိစ္ဆာ အဝိဇ္ဇာနှင့် ပိတ်ကာမှေးယှဉ် ကိလေသာတည်းဟူသော ရေအယဉ်တို့ကို။ ပညာယ ပညာယ ဧဝ၊ ပဋိဝေဓဉာဏ်ယှဉ် မဂ်ပညာဖြင့်သာလျှင်။ အပိဓိယရေ၊ လုံးဝဆုံးတိုင် ပိတ်ဆို့နိုင်ရာ၏။

အဲ ဤကဲ့သို့ ဤနေရာ၌ အထက် အထက်ဖြစ်သော မဂ်ဖိုလ်တို့မည်သည်မှာ ရာဂအစရှိသော ဆယ်ပါးသော ကိလေသာတို့ကို ပညာအရာ၌ သိမ်းဆည်းတော်မူမှသာလျှင် ရောက်တော်မူနိုင်ကြောင်း၊ ထိုရာဂအစရှိသော ဆယ်ပါးသော ကိလေသာတို့သည် မဂ္ဂက္ခဏ၌ အကြွင်းမဲ့ ဖြတ်တောက်လျက် ဖလသမင်္ဂီပုဂ္ဂိုလ်၏ အရာ၌ကား ပညာဖြင့် ဆင်ခြင်တော်မူလိုလတ်ပါက ဆင်ခြင်နိုင်ခြင်းငှါ စွမ်းနိုင်၏၊ မဂ္ဂက္ခဏစဉ်ပင်အခါက နိပ္ပရိယာယအားဖြင့် မပြတ်ခဲ့ပါသော် ပညာတော်ဖြင့် သိမ်းဆည်းပင် သိမ်းဆည်းပါသော်လည်း ဤခန္ဓာလည်းမရ ဝန်လည်းမချ၊ ကျီးကြည့် ကြောင်ကြည့် ခဲယဉ်းဘိ၏။

မဂ္ဂက္ခဏတို့ မည်သည်မှာ ရာဂအစရှိသော ကိလေသာတို့သည် အကြွင်းမဲ့ ပြတ်တော်မူပုံကို ဘွင့်ထုတ်တော်မူရလိုသည်မှာကား ဝိဘာဝနီ ဋီကာ၏ အရ–

အရိယမဂ္ဂဿ စ တံ ကိလေသသမုစ္ဆေဒကဘာဝတော နိပ္ပရိယာယတော လဗ္ဘတိ။

ဟု သံဋ္ဌာနာ၌ ထင်ရှားစွာ ရှိ၏။

အရိယမဂ္ဂဿ စ၊ လေးပါးသော အရိယာ မဂ်၏လည်း။ ကိလေသသမုစ္ဆေဒက ဘာဝတော၊ ရာဂအစရှိသော ကိလေသာတို့ကို ပယ်ခြင်းကြောင့်။

တံ ကိလေသဝိဒ္ဒံသနံ၊ ထို ရာဂ အစရှိသော ဆယ်ပါးသော ကိလေသာကို ပယ်ခြင်းကို။ နိပ္ပရိယာယတော၊ မှချအားဖြင့်။ လဗ္ဘတိ၊ ရအပ်၏။

ဤကဲ့သို့ မဂ္ဂက္ခဏ၌စဉ်ပင်လျှင် ရာဂအစရှိသော ဆယ်ပါးသော ကိလေသာတို့ကို မှချအားဖြင့် အကြွင်းမဲ့ ပြတ်သည်ကို ထောက်ပါသဖြင့် သင့်စွ၊ ဤနေရာ၌ အချို့သော အဘင့် သံဝဏ္ဏနာ ကျမ်းတို့တွင် အကြွင်းမဲ့ မကုန် ဟူ၍ ကုန်ဆဲဖြစ်၍သာလျှင် ကုန်၏ဟု ဗာလာဝတာအရှင် ဘင့်ထုတ်တော်မူ သည်မှာ—

မဂ္ဂက္ခဏေ ပန ကိလေသာနံ န ခီယျတိ ခိယျတိမေဝ ခိယျတိ။

ဟု ဘင့်ပြတော်မူသည်မှာ ယောဇနာလို၍ -

မဂ္ဂက္ခဏေ ပန၊ မဂ်ခဏ၌ကား။ ကိလေသာနံ၊ ကိလေသာတို့အား။ န ခီယျတိ၊ မကုန်။ ခီယျတိမေဝ၊ ကုန်ဆဲဖြစ်၍သာလျှင်။ ခီယျတိ၊ ကုန်၏။ -

ဤနေရာ၌ အဘယ့်ကြောင့်နည်းဟု ဆိုသော် ဖလသမင်္ဂီ၏ ကရဇကာယ ကို ငဲ့သောအားဖြင့် ဟူလို။ သို့သော် ဟတ္ထမုဋ္ဌိနည်းဖြင့် ဆောင်တော်မူကြ ကုန်သော အရိယာအရှင်တို့၏ အဘို့မှာကား မနေ့တော် ခတ်အတိုင်းသာ ယထာရဟ ပြုတော်မူကြပါကုန်။ ပရိယတ္တိ ဓမ္မအရှင်တို့မှာကား ဤနေရာ၌ သဘောကြည်စွာသာ အတိုင်းသာလျှင်တည်း။ သို့ပါ၍ အနုသန္ဓေဖြင့် ပြန်၍ စပ်ရသော် အရာရာသော ဖိုလ်တို့တွင်လည်း နောက်က ပြခဲ့ပြီးသော ပညာ တော်ဖြင့် သိမ်းပိုက်တော်မူကြ၍ ကိန်းဆိုက်တော်မူကြသည်မှာ ဤနေရာ၌—

သကဒါဂါမိမဂ်နှင့် အကြောင်းအားလျော်စွာ အကျိုးဖြစ်သော သကဒါ- ဂါမိဖိုလ် ပုဂ္ဂိုလ်အရာ၌ တနုကရ ကိလေသာတို့ဖြင့် ပညာတော် သိမ်းပိုက် တော်မူသည်ကို သာသနာတော်၏ အတွင်းဝယ် ဉာဏ္ဍေတော်ဖြင့် စောင့်စည်းအပ် သော ကရဇကာယတော်ဖြင့် တည်ငြိမ်လျက် ပုဂ္ဂိုလ်၏ အနေအားဖြင့် ၃၁-ဘုံ အတွင်းဝယ် သုပ္ပဋိပန္နတာ အစရှိသော ဂုဏ်တော်ဖြင့် ၉-တန်သော သံဃဂုဏ် တော်ကို ဆောင်တော်မူ၍ တည်ရှိတော်မူသည်မှာ လောက၌ နတ်ပြဟ္မာ အပေါင်းနှင့်တကွ အားလုံးသော လောက၌ နေသူ လူအများတို့သည် ဤကဲ့သို့ တည်တော်မူလျက် ရှိသော ဖလသမင်္ဂီ ပုဂ္ဂိုလ် အရှင်မြတ်အား

"အိပ်လျှင်မှိုခိုး နိုးလျှင်ပူဇော် နေ့စဉ်နှင့်မခြား မေးပါများ စကားရ" ဆိုသလို အားကိုးစွာ ရှာကြပါက တွေ့ကြရမည်မှာ မလွဲသာတည်းဟု ဒေသနာအရ ဘွင့်ပြတော်မူလိုက်သည်မှာ –

ဖလက္ခဏော ဝိဇ္ဇဋ္ဌိတဇ္ဈော သဒေဝကဿ လောကဿ အဂ္ဂဒက္ခိဏေယျော။

ဟု နိဒ္ဒေသ အဋ္ဌကထာအရ ယောဇနာရမည်မှာ –

ဖလက္ခဏော၊ ဖိုလ်ခဏ၌။ ဝိဇ္ဇဋ္ဌိတဇ္ဈော ဝိဇ္ဇဋ္ဌိတဇ္ဈော ဧဝ၊ မြေရှင်းပိုင်ပိုင် ဟောပြနိုင်သော ပုဂ္ဂိုလ်မှသာလျှင်။ သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ လူအပေါင်းအား။ အဂ္ဂဒက္ခိဏေယျော၊ မြတ်သောအလှူကို ခံတော်မူထိုက်သည်။ ဟောတိ၊ ဖြစ်၏။

အဲ ဤကဲ့သို့ အဂ္ဂဒက္ခိဏေယျ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော ပုဂ္ဂိုလ် အပေါင်းတို့အား နည်းများမဆို လှူဒါန်းလိုအပ်သော ဒါယကာ ဒါယိကာမ အပေါင်းတို့မှာကား ကျေးဇူးဥပကာရဂုဏ်ဖြင့် ပြည့်စုံကြကုန်၍ အတိုင်းထက် အလွန် တံခွန်နှင့်ဘုရား ဆိုဘာလို "ညောင်ပင်ကြီးလောက်လှူလျှင် ညောင်စေ့ လောက်ရ, ညောင်စေ့လောက်လှူလျှင် ညောင်ပင်ကြီးလောက်ရ" ဤကဲ့သို့ ပေါ်ရာဏစကားအရ ဥဒါန်းတော် ပြုကြသည်မှာ ရွှေကိုယ်တော်ဘွင့်ထုတ်၍ ငုပ်မြုပ်နေသော ဒေသနာအလာ နိဒ္ဒေသ အဋ္ဌကထာမှာ -

အပ္ပကာပိ ကတာကာရာ၊ သီလဝန္တေ မဟပ္ဖလာ။
ဟောန္တီတိ သီလဝါ ဟောတိ၊ ပူဇာသက္ကာရဘာဇနံ။

ဤဒေသနာအရ ယောဇနာတော်မူရမည်မှာ—

သီလဝန္တေ၊ သီလရှိကုန်သောသူတို့ကို။ ကတာကာရာ၊ ပြုလုပ်လှူဒါန်းကြကုန်သောသူတို့သည်။ အပ္ပကာပိ၊ အနည်းငယ်ပင် လှူရငြားပါသော်လည်း။ မဟပ္ဖလာ၊ များစွာဖွံ့ဖြိုး များစွာ အကျိုးပေးကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ ဣတိ၊ ကြောင့်။ သီလဝါ၊ သီလရှိသောသူသည်။ ပူဇာသက္ကာရဘာဇနံ၊ ပူဇော်အထူးကို ခံတော်မူထိုက်သော တည်ရာမည်သည်။ ဟောတိ၊ ဖြစ်၏။

အဲ ဤကဲ့သို့ ဤကဲ့သို့သော ပုဂ္ဂိုလ်နှင့်တွေ့အောင် ရှာကြပါက နည်းများ မဆို အလှူပေး အလှူခံ နှစ်တန်သော ကံ မမ္မကို အမှီပြုကြရလျှင် ကောင်းစွာ ဖွံ့ဖြိုး အကျိုးကြီးစွာ ပေးနိုင်ကြောင်း ယုံကြည်တော်မူကြစေလို၍ သို့မှ သာလျှင် ကာမာဝစရဘာဝနာအရ တိဟိတ်ဥက္ကဋ္ဌ မဟာကုသိုလ် ဉာဏသမ္ပယုတ် ဖြစ်ကြပါကုန်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ပဋ္ဌမဇောစေတနာ ဉာဏ်အစဉ်အား လျော်စွာ ပဋ္ဌမစျာန်စိတ် ကောဒသ စေတသိက်ဆတ္တိံသ တရားကိုယ် မုချ အရတွင် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ အမှန်ရနိုင်ကြောင်းဖြင့် သံယုတ်ဒေသနာ အဋ္ဌကထာ အလာတွင် အားကိုးပြ၍မို့ -

ဉာဏသမ္ပယုတ္တစိတ္တေန ကတာကုသလကမ္မံ တဿ ပုဂ္ဂလဿ ပဋိရူပ ဒေသဝါသံ ဟောတိ၊ သပ္ပုရိသံသံ ပဌ္ဌာပေတိ၊ သော ဧဝ ပုဂ္ဂလော အတ္တာနံ သမ္မာ ဌပေတိ။

ဤကဲ့သို့ ဒေသနာအလာ မုချယောဇနာတော်မူရမည်မှာ—

ဉာဏသမ္ပယုတ္တ စိတ္တေန၊ ဉာဏသမ္ပယုတ်ဖြစ်သော စိတ်ဖြင့်။ ကတကုသလ ကမ္မံ၊ ထိုပြုအပ်သော၊ ကုသိုလ်ကံသည်။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ပဋိရူပဒေသဝါသံ၊သင့်တင့်လျောက်ပတ်သောအရပ်၌ နေရခြင်းသည်။ဟောတိ၊ ဖြစ်၏။ သပ္ပုရိသံသံ၊ သူတော်ကောင်းတို့၏ ထံ၌။ ပဌ္ဌာပေတိ၊ ဖြစ်စေ၏။ သောဧဝ ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ အတ္တာနံ၊ ကိုယ်ကို။ သမ္မာဌပေတိ၊ ကောင်းစွာ ထားစေ၏။

ဤကဲ့သို့ အရာ၌ ဤနေရာကား အရိယာပုဂ္ဂိုလ်တို့၏ ဘုံဘဝသို့ ရောက်နိုင် ကြောင်း မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောတို့၏ သဘာဝကား အရိယာပုဂ္ဂိုလ် တို့နှင့် အမှန်တွေ့နိုင်တတ်၏၊ တွေ့ခဲ့ပါသော်လည်း အတ္တသမ္မာပဏိဓိဂုဏ်နှင့် မပြည့်စုံပါက အဟောသိကံ ဖြစ်ရသေး၏၊ နိရတ္ထကမျှသာတည်း၊ ဒါန ကုသိုလ် ဇောတို့မည်သည်မှာ မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ အမှန်ရောက်နိုင်၏၊ ရောက်နိုင် ကြောင်းဖြင့် ပြရမည်မှာ—

တတော နိဗ္ဗာနသုခဥ္စ၊ သဗ္ဗဒါနေန လဗ္ဘတိ။

ဟု အင်္ဂုတ္တရနိကာယ် အဋ္ဌကထာဝယ် ဘွင့်ပြတော်မူရာဝယ် ဤသည်ကား ခိုင်လုံလှပါ၍ နိပ္ပရိယာယမ္မဖြင့် သိမ်းပိုက်တော်မူသည်မှာ မဂ်သည် အကြောင်း ဖိုလ်သည် အကျိုးဟု ဆိုအပ်သော သကဒါဂါမိဖိုလ်အရာ၌ တနုကရ ကိလေသာ ကို အရာရာသော ကျမ်းဂန်နှင့် ဘွင့်ထုတ်ညှိနှိုင်း၍ ပညာမဂ္ဂင်နှင့် ပြည့်စုံအပ် သော ကဏ္ဍတရပ်အနေဖြင့် ဤသည်ကား ခိုင်လုံလှစွာဖြင့် ဤစာတမ်းဖြင့် ဖတ်ရှုအပ်ကြကုန်သော ယောဂီအပေါင်းတို့ ဆင်ခြင်ရာ ဆင်ခြင်ကြောင်း ဖြစ်သော ပညာဉာဏ်ဖြင့် ယှဉ်ကြစေလို၍ ဤနေရာတွင် ကဏ္ဍတရပ် အဆုံး သတ်လိုက်တော့လေသတည်း။

အပ္ပမာဒေန သမ္ပာဒေထ။

---

## အနာဂါမိဖိုလ်ကို ပြခြင်း

အနာဂါမိဖိုလ်ကို ပြပေအံ့။

ဤနေရာ၌ အရိယာကဏ္ဍတို့တွင် သောတာပတ္တိမဂ် သကဒါဂါမိမဂ် သူ့မဂ် နှင့်သူ့ဖိုလ် အကျိုးအကြောင်းနှင့် စပ်တော်မူပြီး၍ အနာဂါမိမဂ်ကဏ္ဍမှ ဖိုလ်ကဏ္ဍအရာဖြင့် ဘွင့်ထုတ်လိုက်ပါဦးအံ့။

အနာဂါမ် ပုဂ္ဂိုလ်တို့၏ အရာ၌ကား ပုဂ္ဂိုလ်၏အရ ဓမ္မသံဝေဂကို ဆောင် တော်မူ၍ ဥဒါန်းတော်အနေဖြင့် ကျူးရင့်တော်မူလျက် အခြေခံကိစ္စ အမှုဘွင့် ထုတ်၍ ပြတော်မူရမည်မှာ -

မယာ သမာ နဝါ ဝုဍ္ဎာ၊ တဒါဝုဓေဟိ တေ မတာ။
တထာဟမ္ပိ မရိဿာမိ၊ လေဘံ ပုညံ မေ ကတံ။

ဤသို့ ဥဒါန်းအဋ္ဌကထာပါဠိ လာရှိတော်မူသည်မှာ သံဝေဂယူတော်မူ၍ နိဗ္ဗိဒါစေတ ယောဇနာအပ်သည်မှာ -

မယာ၊ ငါနှင့်။ သမာ၊ တူသောသူတို့သည်ရင်း။ မယာ၊ ငါ့အောက်။ နဝါ၊ ငယ်သောသူတို့သည်ရင်း။ မယာ၊ ငါ့ထက်။ ဝုဍ္ဎာ၊ ကြီးသောသူတို့သည်ရင်း။ တေ၊ ထိုသူတို့သည်။ တဒါဝုဓေဟိ၊ သေမင်းရဲမက် စစ်လက်နက်တို့ဖြင့်။ မတာ၊ စုတေမနေ သေလွန်ကြလေကုန်ပြီ။ အဟမ္ပိ၊ ငါသည်လည်း။ တထာပိ တထာ

ဧဝ၊ ထိုသူတို့နှင့်မခြား အလားတူသာလျှင်။ မရိယာဒမိ၊ စုတေမနေ သေရချေ ဦးတော့အံ့။ မေ- မယာ၊ ငါသည်။ ကတံ၊ မသေမီက ယခုဆည်းပူး၍ပြုအပ်သော။ ပုညံဝ-ပုညံ ဧဝ၊ ဒါနအစ ပြုသမျှအကြောင်း ကုသိုလ်ကောင်းသည်သာလျှင်။ လေဏံ၊ နောင်ရေးမချွတ် ထောင်ဘေးငြိမ်းမှ အေးကျွတ်လွယ်ကာ ကိုးကွယ်ရာသည်။ ဘဝိဿာမိ၊ ဖြစ်ရချေဦးတော့အံ့။

အဲ ဤကဲ့သို့ အထက်ဖြစ်သော အနာဂါမိမဂ်သို့ တက်လှမ်းလိုကြကုန်သော ဟတ္ထမုဋ္ဌိ နည်းလက်ရှိနှင့် မေ့မပဋိက္ကူလဟက ဖလသမင်္ဂီ ပုဂ္ဂိုလ်တို့မည်သည်မှာ ပညာဉာဏ်ဖြင့် သိမ်းပိုက်တော်မူကြ၍ ရုပ်အစဉ် နာမ်အစဉ်နှင့်တကွ နောက်က ပြဆိုအပ်ခဲ့ပြီးသော ဥဒယဗ္ဗယဉာဏ်မှ အစပြု၍ သင်္ခါရနိမိတ် အစဉ်အားလျော်စွာ သင်္ခါရုပေက္ခာဉာဏ်မှ အနုလောမဉာဏ်တိုင်အောင် ဝေါဒါန်ကိစ္စဖြင့် သင်္ခါရဖြင့် ဆင်ခြင်လျက် အနာဂါမိမဂ်ဟုပြဋ္ဌာန်းအပ်သော အောက်အောက်၌ မဂ်အခါကာလ၌ သစ္စာလေးချက်ကို တပြိုင်နက် တကိစ္စထည်း၌ ထိုးထွင်း၍ သိမ်းဆည်း၍ သိလိုက်ပုံကို ပိုင်နိုင်တော်မူခဲ့ပါ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဒေသနာ တနေရာ ဖွေရှာ၍ ဘော်ထုတ်လိုက်သည်မှာ သတိမူကြစေလိုပါ၍ -

တဿေဝံ သမ္မသန္တဿ ဝုတ္တနယေနေဝ သင်္ခါရုပေက္ခာဝသာနေ ကောဝဇ္ဇနေန အနုလောမဉာဏေသု ဥပ္ပန္နေသု ဂေါတြဘုအနန္တရံ အနာဂါမိမဂ္ဂေါဝ ဥပ္ပဇ္ဇတိ။

ဤကဲ့သို့ လာတော်မူသည်ကို အထောက်အထားပြု၍ ယောဇနာတော်မူသည်မှာ -

ဧဝံ၊ ဤသို့။ သမ္မသန္တဿ၊ အနာဂါမ်ဖြစ်လို၍ သုံးသပ်ဆင်ခြင်လေ့ရှိသော။ တဿ၊ ထိုအောက်၌ဖြစ်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်အား။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်းဖြင့် သာလျှင်။ သင်္ခါရုပေက္ခာဝသာနေ၊ ပြုပြင်စီရင်အပ်သော သင်္ခါရုပေက္ခာ ဉာဏ်၏အဆုံး၌။ ကောဝဇ္ဇနေန၊ တခုသော အာဝဇ္ဇန်းဖြင့် ဆင်ခြင်အပ်သည်ဖြစ်၍။ အနုလောမဉာဏေသု၊ အနုလောမ

ဉာဏ်တို့သည်။ ဥပ္ပန္နေသု၊ ရောက်ကုန်လတ်သည်ရှိသော်။ ဂေါတြဘုအနန္တရာံ၊ ၌။ အနာဂါမိမဂ္ဂေ ါဝ၊ သည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ၏။

ဤကဲ့သို့ ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့၏ အရာကား အထက်ဖြစ်သော ဖိုလ်သို့ တက်လှမ်းလိုလတ်သော် ဆိုအပ်ခဲ့ပြီးသော သခ်ါရလျှင် အာရုံရှိသော ဝေါဒါန် ဟု အမည်ဖြင့် ရအပ်သော ဂေါတြဘုဉာဏ်၏ အခြားမဲ့၌ ဆင်ခြင်လျက် တခု သော အာဝဇ္ဇန်းဖြင့် ဆင်ခြင်ခဲ့သည်ရှိသော် သခ်ါရနယ်၏အဆုံး ဘင်္ဂသို့ မဆုတ်မနစ်သောလုံ့လဖြင့် အာရဒ္ဓဝီရိယပုဂ္ဂိုလ် အရှင်တို့မည်သည်မှာ နည်း ကောင်းဖြင့် ပန်ဆင်ရပါက မခဲလေစွ။ ဤကဲ့သို့ မခဲလေသည်မှာ အခင်း ဘယ်သို့ ဖြစ်ဘို့လွယ်ရ ဖြစ်တို့စွ-ဟု သိချင်လေစွတကား။

သို့ပါ၍ ဉာဏ်သွားဝရဇိန် ဝင့်ချိန်ပြတ်သား ဖြေဆိုပိုင်းခြားရမည်မှာကား– သကဒါဂါမိမဂ် အောက်အချက်က ဖြစ်ပုံရှာနည်း ဝိသုဒ္ဓိအရာ နိဒ္ဒေသ အဋ္ဌ ကထာမှာ နည်းနာနယ ပြည့်စုံပါက သာသာလေးပါ တကားဟု သိကြရ မည်မှာ -

ယေ ပန ဝဒန္တိ သောတာပန္နော ဖလသမာပတ္တိံ သမာပဇ္ဇိဿာမိတိ ဝိပဿနံ ပဋ္ဌပေတွာ သကဒါဂါမိမဂ္ဂေါ ဥပ္ပဇ္ဇတိ။

ဟု အထောက်တော်ပါဋ္ဌိ မှချရှိသည်ကို သတိတော် ထောက်ပါက ဤ သာသနာတော်ဘွင်းသို့ မှချရောက်နိုင်ကြပေတော့မည်။ ဤနေရာ၌ ယောဇနာ လိုက်သည်မှာ -

ပန၊ အထက်မဂ်သို့ အကူး ပြဆိုဦးအံ့။ ယေ၊ အကြင်သို့ သဘောရှိတော် မူကြကုန်သော။ သောတာပန္နော၊ သောတာပန် ပုဂ္ဂိုလ်သည်။ ဖလသမာ- ပတ္တိံ၊ ဖလသမာပတ်ကို။ သမာပဇ္ဇိဿာမိ၊ ဝင်စားနိုင်၏။ ဣတိ၊ ဤသို့ဝင်စား နိုင်ခဲ့သည်ရှိသော်။ ဝိပဿနံ၊ ဝိပဿနာကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ ဝါ-ဖြစ်ခဲ့ သည်ရှိသော်။ သကဒါဂါမိမဂ္ဂေါ၊ သကဒါဂါမိ မဂ်သည်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တော့၏။ ဣတိ၊ ဤသို့။ အာစရိယာ၊ ရှေးအဋ္ဌကထာ အရိယာဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

အဲ ဤကဲ့သို့ အဋ္ဌကထာ ဆရာတို့၏ စကားတော်ကို ထောက်ပါသဖြင့် သာသနာတော်၏ မဟာမဏ္ဍလအပြင်ဝယ် ဗုဒ္ဓမတညာအရာဖြင့် လယ်ပြင်တွင် ဆင်သွားဘိ၏ကဲ့သို့ ပါရမီရှင်တို့မှာ ဟတ္ထမုဋ္ဌိနည်းဖြင့် တင်စား၍ ပြနိုင်ကြောင်း၊ လောကဥ္စနေသူ လူအပေါင်းတို့မှာကား အဘယ်မှာလျှင် ယုံစားနိုင်ကြအံ့နည်း။

အရိယာဘုံနယ် အသွယ်သွယ်သော ပရိယတ္တိဓမ္မ သုတမယဉာဏ်နယ်မှ စိန္တာမယ ဟု ဆိုအပ်သော ပဋိပတ္တိတည်းဟူသော အလယ်၌ အရိယာဘုံဘဝသို့ ဆိုက်ရောက်တော် မူကြကုန်သော ပုဂ္ဂိုလ်အရှင်တို့မှာ ဟတ္ထမုဋ္ဌိ ပစ္စက္ခသိဒ္ဓိနည်း ဖြင့် ဆောင်တော်မူလျက် နောက်ကပြခဲ့သော ဉာဏသမ္ပယုတ်စိတ်ဖြင့် အနာဂါမိ မဂ်ဉာဏ်သို့ ရောက်ကြောင်း ဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသ အဋ္ဌကထာ ပြတော် မူသည်မှာ—

တေန သမ္ပယုတ္တံ ဉာဏံ အနာဂါမိမဂ္ဂေ ဉာဏန္တိ။

ဟု လာသည်ကို ယောဇနာလိုက်သည်မှာ—

တေန၊ ထိုမဂ်စိတ်နှင့်။ သမ္ပယုတ္တံ၊ သမ္ပယုတ်ဖြစ်သော။ ဉာဏံ၊ ဉာဏ်သည်။ အနာဂါမိမဂ္ဂေ ဉာဏံ၊ မည်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

အဲ ဤကဲ့သို့ အနာဂါမိမဂ်၌ တည်သည်ကို သမ္ပယုတ္တဓမ္မနှင့် ယှဉ်မှသာလျှင် အဇ္ဈတ္တ အာလယဖြစ်ပုံကို ပစ္စက္ခသိဒ္ဓိဉာဏ် ဆိုက်တော်မူကြကုန်သော အနာဂါမ် ပုဂ္ဂိုလ်တို့၏ သဘောအရ ငြိုးတွားတော်မူသည်မှာကား ဩော်....ငါ့အား "သုလဒ္ဓံဝတ-အရတော်ပေစွ၊ အဗ္ဘုတံဝတ-မဖြစ်ဘူးမြဲ ဩော်....အဘယ်လိုဖြစ်ပါ စွတကား" ဟု နှလုံးတော်၌ ထိန်းသိမ်းလျက် ဘတိတာနန္တရ ဓမ္မနယအားဖြင့် ကောက်ချက်ကို ရှာပါသော် ဝိသုဒ္ဓိမဂ်ဒေသနာ အခါခါ ရှာဖွေပါက မဟာ နာမ်သာကီဝင်အား ဘုရားရှင်ဟောမိန့်တော်မူသည်ကို တရေးရေး တွေးမိပါက မိမိ၏အာရုံ ဉာဏ်စိတ်ဖြင့် ဣန္ဒြေသိပ်သည်းသည်ကို ဉာဏ်အနေစိတ်ဖြင့် ရိပ်မိ ပါက ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ခပ်နှိပ်တော်မူသည်မှာ—

မဟာနာမော ဘဂဝန္တံ ပုစ္ဆိ ကောသုနာမ မေ ဓမ္မော အဇ္ဈတ္တံ အပ္ပဟီ နော ယေန မေ ဧကဒါ လောဘဓမ္မာပိ စိတ္တံ ပရိယာဒါယ တိဋ္ဌန္တီတိ။

အဲ ဤကဲ့သို့ ဒေသနာ လာတော်မူပါသဖြင့် အနာဂါမ်တို့၏ ဂုဏ်တော်ကို မဟာနာမ် သာကီဝင်နှင့် ဥပမာဟပ်ပါက သိထိုက်သည်ကို ယောဇနာတော်မူလို၍ -

မဟာနာမော၊ မဟာနာမ်သာကီဝင်သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ပုစ္ဆိ၊ မေးလျှောက်၏။ ကိံ ပုစ္ဆိ၊ နည်း။ ဘန္တေ၊ မြတ်စွာဘုရား။ ယေန၊ အကြင်ပယ်အပ်ပြီးသော ကိလေသာဖြင့်။ မေ-မမ၊ တပည့်တော်၏။ စိတ္တံ၊ စိတ်ကို။ ကဒါ၊ တခါတရံ။ လောဘဓမ္မာပိ၊ လောဘတည်းဟူသော ကိလေသာတရားတို့သည်လည်း။ ပရိယာဒါယ၊ ကုန်ခန်းစေ၍။ တိဋ္ဌန္တိ၊ တည်ပါကုန်၏ ဘုရား။ မေ-မမ၊ တပည့်တော်၏။ အဇ္ဈတ္တံ၊ ခန္ဓာကိုယ်အတွင်း၌ ဖြစ်သော။ အပ္ပဟီနော၊ မပယ်အပ်သေးသော။ သော ဓမ္မော၊ ထိုလောဘတည်းဟူသော ကိလေသာတရားသည်။ ကောသုနာမော၊ အဘယ်မည်သော ကိလေသာတရားပါနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးလျှောက်၏။

အဲ ဤကဲ့သို့ မဟာနာမ် သာကီဝင်သည် မိမိ၏ ပယ်အပ်ပြီးသော ကိလေသာတို့ကိုငင်း၊ မပယ်အပ်သေးသော ကိလေသာတို့ကိုငင်း၊ အဇ္ဈတ္တသန္တာန်၌ ဖြစ်ပုံကို ချင့်ချိန်၍ လောဘအစရှိသော ကိလေသာမှုမေး ဤ ဧရေးတို့ကိုသာ တွေးလျက် မိမိ၏ဖြစ်ပုံကို မလိုလားအပ်သည်မှအပ အခြားကို မတွေးတတ်လှ၍ အဘယ်သော အခါကမှ အိပ်မက်တွင်မှ မမြင်ဘူးရပါဘဲ ဖြစ်ပုံ၏ အခြင်းအရာကို ပစ္စက္ခသိဒ္ဓိ ကိုယ်တွေ့၏ အဖြစ်ဖြင့် ရှင်တော်မြတ်ဘုရား၏ ထံတော်သို့ လျှောက်ထားပါက ထိုကဲ့သို့ လျှောက်ချက် ရှင်တော်မြတ်ဘုရား၏ ဓမ္မစက်တော်ကို ပဋိသောတဉာဏ်ချက်ဖြင့် သဗ္ဗဝိတ္ထာရအဆက် ကိုယ်တော်မြတ် မိန့်မြွက်တော်မူခဲ့သည်မှာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာဖြင့် ဉာဏ်သက်ကြစေလို၍ -

သဗ္ဗဝိတ္ထာရတော ဝုတ္တနယေနေဝ ဝေဒိတဗ္ဗော။

ဟူ၍သာ ကိုယ်တော်မြတ် မိန့်မြွက်တော်မူခဲ့ကြောင်း၊ ယောဂီတို့၏ဉာဏ်ဖြင့် ဆင့်လောင်း၍ သိကြစေလိုကြောင်း။

အနက်ကား သဗ္ဗဝိတ္ထာရတော၊ အလုံးစုံသော သုတ်အပေါင်းမှ။ ဝုတ္တနယေနေဝ၊ ဟောတော်မူအပ်သော နည်းအတိုင်းဖြင့် သာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်လှကြပေတော့၏။

ဤနေရာ၌ မဟာနာမ် သၓကီဝင်အချက် မိန့်မြွက်တော်မူခဲ့သည်ကို ထောက်ကြပါသဖြင့် နက်နဲလှ၏၊ ခက်ခဲစွ။

အားလုံးကုန်သော ယောဂီအပေါင်းတို့ ဤနေရာ၌ ဝိပဿနာဉာဏ်ရင့်မှသာလျှင် ဆွေးနွေးဘန်များမှ ထုံဘန်များမှ ပညာတော်တိုးဆင့်၍ ပွင့်မှသာလျှင် ဓမ္မပဋိဂ္ဂါဟကပုဂ္ဂိုလ်၏ သန္တာန်၌ သံသရာဝန်ကို ထုတ်ဆောင်လိုကြသော စိတ်ဖြင့် ဗဟုသုတ အကြားအမြင် ဇၓတုခိုး အမြင်ခိုး မိမိ၏ ပယ်ပုံအစဉ်နှင့် တကွ တိုင်းတာချင့်ချိန်၍ ဥပမာအားဖြင့် တင်စား၍ ပြရသော် နုထွတ်လှသော သစ်ပင်ငယ်ကလေးတို့၏ အမြစ်ကို ဖြတ်လျက် ပင်စည်သန်ခြင်းငှါ အားထုတ်ပင် အားထုတ်ပါသော်လည်း ကၓလပင်ကြာသော်လည်း သီး ကင်း ပွင့် ဖူးတို့သည် ကင်းမဲ့သည်၏ အလားကဲ့သို့ ပင်စည် ခက် ရွက်တို့ဖြင့် အားရှိပါသော်လည်း အခြားသောအမျိုးတူ သီးပင်တို့ကဲ့သို့ ပွင့် ဖူး သီးကင်း ဖြစ်ထွန်းခြင်းငှါ မရပါက ဆွံ့အ၍သာ နေသည်ကဲ့သို့ ထိုကဲ့သို့သော မဟာနာမ် သၓကီဝင်၏အကြောင်းကား သဗ္ဗဝိတ္ထာရတော ဂုဏ်ဖြင့်သာ သိမ်းအုပ်၍ ဘွင့်ထုတ်တော်မူရာ ဤဒေသနာတော်အရ ထိုကဲ့သို့ ဥပမာမခြား တသားတည်း သိစေတော်မူလို၍ မဟာနိဒ္ဒေသဋ္ဌကထာ ဝစနာတော်မူလိုက်သည်မှာ—

ဧဝမေဝ ါတိ ယထာ အဇာတဖလေ တရုဏရုက္ခမူလေ ဆိန္နေ အသတိ ဆေဒနေ အာယတိံ ဥပ္ပဇ္ဇနာရဟာနိ ဆေဒနပစ္စယာ အနုပ္ပဇ္ဇမာနာနိ ဝိနဋ္ဌာနိနာမ ဟောန္တိ၊ ဧဝမေဝ မဂ္ဂဘာဝနာယ အသတိ ဥပ္ပဇ္ဇနာရဟာ ကိလေသာ မဂ္ဂဘာဝနာယ အနုပ္ပဇ္ဇမာနာ ပဟီနာတိ ဝုစ္စန္တိ။

**အနက်ကား** ဧဝမေဝါတိဣတ္ထ၊ ဟူသော ဤပါဌ်၌။ အဇာတဖလေ၊ အသီးဖြင့် မသီးသေးသော။ တရုဏရုက္ခေ၊ သစ်ပင်နုကလေးကို။ မူလေ၊ အမြစ်ရင်း၌။ ဆေဒနေ၊ ဖြတ်ခြင်းသည်။ အသတိ၊ မရှိခဲ့သော်။ (ဗျတိရေကင့်) ဝါ-ဖြတ်ခဲ့သည်ရှိသော်။ အာယတိံ၊ နောင်အခါ၌။ ဥပ္ပဇ္ဇနာရဟာနိ၊ ဖြစ်ခြင်းငှါထိုက်ကုန်သော အသီးတို့သည်။ ဆေဒနပစ္စယာ၊ ဖြတ်ခြင်းတည်းဟူသော အကြောင်းကြောင့်။ အနုပ္ပဇ္ဇမာနာနိ၊ မဖြစ်လတံ့သော အသီးတို့သည်။ ဝိနဋ္ဌာနိနာမ၊ ပျက်စီးသည် မည်ကုန်သည်။ ဟောန္တိယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူ

သာလျှင်။ မဂ္ဂဘာဝနာယ၊ မဂ္ဂဘာဝနာကို ပွားများခြင်းသည်။ အသတိယာ၊ မရှိခဲ့သော်။ ဥပ္ပဇ္ဇနာရဟာ၊ ဖြစ်ခြင်းငှါ ထိုက်ကုန်သော။ ကိလေသာ၊ ကိလေသာတို့သည်။ မဂ္ဂဘာဝနာယ၊ မဂ္ဂဘာဝနာကိုပွားခြင်းကြောင့်။ အနုပ္ပဇ္ဇမာနာ၊ မဖြစ်ကုန်သည်ရှိသော်။ ပဟီနာတိ၊ ပဟီနာဟူ၍။ ဝုစ္စန္တိ၊ မိန့်အပ်ကုန်၏။

အဲ ဤကဲ့သို့ ဤဒေသနာတော်ကို ထောက်ပါသဖြင့် နုပျိုငယ်သော သစ်ပင်ငယ်ကလေးနှင့် ပုံဟပ်လျက် ထပ်၍ သိစေလိုကြသည်မှာ အနာဂါမ်ပုဂ္ဂိုလ်တို့မည်သည်ကား အဇ္ဈတ္တသန္တာန်၌ ဖြစ်ခြင်းငှါ ထိုက်ကုန်သော ကိလေသာအမှန်ရှိပင် ရှိပါကုန်သော်လည်း ရှိသည်ကားမှန်၏၊သို့သော် မဂ္ဂဘာဝနာကို ပွားခြင်းကြောင့် ပွားခဲ့သော် အနုသယခာတ် ကိန်း၍ ငြိမ်းလျက်သာ ပရိယုဋ္ဌာန မဖြစ်ဘဲ အနုသယသဘော အတိုင်းသာ တည်မြဲတိုင်းသာ တည်လေစွ၊ ဝီတိက္ကမ နိုင်ငံသို့ မသက်လို၊ သို့သော် သက်လိုသတ်က သက်နိုင်သော အားရှိသေး၏၊ မဂ္ဂဘာဝနာဖြင့်သာ ထိန်းချုပ်လျက် သိမ်မွေ့သော ဒေါသဖြင့် ငြိမ်၍နေသည်မှာကား ထင်ရှားလှ၏။

အမြစ်ကိုဖြတ်၍ နုပျိုသော သစ်ပင်ငယ်ကလေးမှာ အခြားသော သစ်ပင်တို့ကဲ့သို့ သီးလိုလတ်က သီးနိုင်သေးသော သဘောကား ရှိ၏။ ထိုသီးနိုင်သော သဘောကား ရှိပါလျက်နှင့် အဘယ့်ကြောင့် မသီးပါသနည်း၊ အမြစ်အားနည်း၍ မသီးနိုင်ဘဲ နေရရှာသလို ဤအတူ အနာဂါမ် ပုဂ္ဂိုလ်တို့မည်သည်မှာ သိမ်မွေ့လှစွာသော ကိလေသာအားက နုံ့နဲ နည်းပါးလှပါ၍ မဂ္ဂဘာဝနာအားက များ၍သာ အုပ်စိုးနိုင်၍သာ ထိန်းချုပ်နိုင်၍သာ ကြွင်းကျန်သေးသော ကိလေသာအားသည် ဖြစ်ခွင့်မရဘဲလျက် သတိ သမ္ပဇဉ်ပဗ္ဗတည်းဟူသော ဘာဝနာအားဖြင့် ဆောင်တော်မူသည်ကို အနာဂါမိမဂ်၌ ယှဉ်သော ပညာတော်ဖြင့် သိမ်းဆည်းနိုင်၍ ကမ္မဗလ ပညာအားဖြင့် ပုဂ္ဂိုလ်၏ ဓမ္မန္တယ အားလျော်စွာ အနာဂါမ် ပုဂ္ဂိုလ်တို့၏ ကိလေသာပယ်ပုံကား ရှိမှန်းသိလျက်နှင့်ပင် မဟာနာမ် သာကီဝင် လျှောက်ထားအပ်သော အကြောင်းဖြင့် စပ်လျက် မုချဟု မဆိုငြားသော်လည်း ဤနေရာ၌ သင့်သည်ဟု ထင်ပါက အသင်ပညာရှိတို့၏ ဉာဏ်ဖြင့် ယှဉ်၍သာ သုံသင် ရှင်းလင်းတော် မူကြပါက

သဘောမျှအတိုင်းဖြင့် ပယ်ပုံအထူး ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ကျူးရင့်တော်မူသည်မှာ—

> တေန ဟိ အဇာတံ ပဇဟတိ၊ အနိဗ္ဗတ္တံ ပဇဟတိ၊ အနုပ္ပန္နံ ပဇဟတိ၊ အပါတုဘူတံ ပဇဟတိ၊ အနာဂတံ ယံ နတ္ထိ။

ဟု ဤကဲ့သို့ လာတော်မူသည်ကို ဆင်ခြင်တော် မူရမည်မှာကား ယောဇနာပါအံ့။

ဟိ၊ ပယ်ပုံအထူး ပြဆိုဦးအံ့။ တေန တသ္မိံ ပဟာနေ၊ ထိုအနာဂါမ်ပုဂ္ဂိုလ်တို့၏ ကိလေသာ ပယ်ခြင်းသည်။ သတိ၊ ရှိခဲ့သော်။ အဇာတံ၊ မဖြစ်သေးသော ကိလေသာကို။ ပဇဟတိ၊ ပယ်သည်မည်၏။ အနိဗ္ဗတ္တံ၊ မရောက်သေးသော ကိလေသာကို။ ပဇဟတိ၊ ပယ်သည်မည်၏။ အနုပ္ပန္နံ၊ ခဏတ္တယသို့ မရောက်သေးသော ကိလေသာကို။ (မဖြစ်သေးသော ကိလေသာကို။) ပဇဟတိ၊ ပယ်သည်မည်၏။ အပါတုဘူတံ၊ ထင်ရှားမဖြစ်သေးသော ကိလေသာကို။ ပဇဟတိ၊ ပယ်သည်မည်၏။ အနာဂတံ၊ အနာဂတ်၌ဖြစ်သော။ ယံ ကိလေသံ၊ အကြင်ကိလေသာသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုကိလေသာသည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ပဟီယတိ၊ ပယ်၏။

ကောင်းစွ၊ လျော်လှစွာ၏။ ဤဒေသနာတော်ကို ထောက်ရှုတော်မူကြပါသဖြင့် မိမိ၏ အဇ္ဈတ္တသန္တာန်၌ ဘဝသံသရာက ပါလာခဲ့သော ကိလေသာတို့၏ ဆက်စပ်ဟန်ကို ကြွင်းကျန်သည်ဟူ၍ရင်း၊ ရော့နည်းသည်ဟူ၍ရင်း၊ ပယ်ပုံ၏အစဉ်ကို ထောက်ချင့်တော် မူကြပါသဖြင့် သာကီဝင် မဟာနာမ် လျှောက်ထားအပ်သော ဒေသနာစကားကို ရွှေဉာဏ်တော်ဖြင့် ဘွင့်ထုတ်အပ်သော တရားတော် ဂုဏ်တော်ကို ဆောင်လျက် ဆင်ခြင်အပ်ကြရာဝယ် သိထိုက်စွာလှသော သဘောသတ္တိအား လျော်စွာ အနာဂါမ် ပုဂ္ဂိုလ်တို့၏ သန္တာန်၌ မပယ်အပ်သေးသော ကြွင်းကျန်သော ကိလေသာတို့ကို ခြေ်ငါသည်ကား အနာဂါမ်ဖြစ်၏၊ မဖြစ်၏ဟူရာ၌ နည်းမှီးကြကုန်လျက် အနာဂါမိမဂ်ခဏက သစ္စာလေးပါးကို တပြိုင်နက် တချက်ထည်း ထိုးထွင်း၍ သိအပ်သော ကိစ္စဖြင့် ဉာဏ်အားလျော်စွာ မုချဧကန်မှန်းကျင်လျက် အောက်မဂ်

အောက်ဖိုလ်မှ အစပြု၍ အကြောင်းကို ရှုမြော်သော ဩြော်-အနာဂါမ်ပုဂ္ဂိုလ်တို့ မည်သည်မှာကား ဤကဲ့သို့ပါကလားဟူ၍ မိမိကိုယ်ကို မိမိဆုံးဖြတ်နိုင်ကြပေလိမ့်မည်၊ အခြားသော သူတို့သည်ကား သိခြင်းငှါ ခဲယဉ်းစွ။

ဤနေရာ၌ကား - ကိစ္စဉာဏ်, ကတဉာဏ်, သစ္စဉာဏ်ဟူ၍ သုံးပါးပြားပြန်၏။

ထို သုံးပါးတို့တွင် သောတာပတ္တိ မဂ်ဉာဏ်သည်ကား ဒဿနဘူမိ ဒဿနကိစ္စသာတည်း၊ ရှုဆင်ခြင်အပ်သည်ကို ဆိုလိုသည်။

အထက်မဂ် သုံးတန်သည်ကား ဘာဝနာသစ္စာကိစ္စကိုရိယ လေ့လာမှုပြုလုပ်၍ အားထုတ်ရမည်သာတည်း။ သကဒါဂါမိမဂ်ကား ကတဉာဏ်ဟူရာ၌ ပွားများသရစ္ဈာယ်အပ်သည်ကို ဆိုလိုသည်။ ပွားများအပ်သည် ဟူရာ၌ကား- ငါ၏ကိလေသာသည် ငြိမ်သက်လှပေ၏၊ ငါ၏ ကိလေသာသည် မွန်မြတ်လှပေ၏။

ဤနေရာ၌ ဒေသနာကို ဘင်္ဂ့ထုတ်ရမည်ဆိုသော် သင်္ဂဟအဋ္ဌကထာ၌ သော်ငှငး၊ ဝိဘာဝနီ ဋီကာ၌သော်ငှငး၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌သော်ငှငး၊ တပါးသောစျာန်မှ တပါးသော စျာန်သို့ တက်လိုလတ်သော် ရှေ့နောက်ဖြစ်သော ဉာဏ်ဖြင့် ချိန်တော်မူကြ၍ သတိဖြင့်ယှဉ်စေလျက် ကောက်နုတ်ချက်ကို ပြရသော် -

သန္တံ မေတံ ပဏီတမေတန္တိ အပ္ပေတွာ နိသိန္နဿ ဒိဝသမ္ပိ စိတ္တုပ္ပါဒေါ။

ဟူ၍ မုချအားဖြင့် လာတော်မူသည်ကို ထောက်ပါသဖြင့် သစ္စဉာဏ်ဟူရာ၌ လေးပါးသော သစ္စာကို တပြိုင်နက် တချက်ထည်း ထိုးထွင်း၍ သိတော်မူပုံကား အနာဂါမိမဂ္ဂက္ခဏကာလ၌ သောတာပတ္တိမဂ်က ဟတ္ထမုဋ္ဌိနည်းဖြင့် ရတော်မူခဲ့သော နယဂ္ဂါဟ လဒ္ဓေါပဒေသ မုချအားဖြင့် ပစ္စက္ခသိဒ္ဓိဉာဏ်ကို ဆောင်လျက် ဤသစ္စာလေးပါးကိုသာလျှင် ပညာဖြင့် သိမ်းဆည်းအပ်သော ဉာဏ်အားလျော်စွာ ထိုးထွင်း၍ သိတော်မူရမည်မှာ မလွဲသာတည်း။ သို့ပါ၍ ဉာဏဒဿနဝိသုဒ္ဓိ နိဒ္ဒေသအဋ္ဌကထာမှာ—

တံ ဧကေန ဉာဏေန ပဋိဝိဇ္ဈတီတိ စတ္တာရိ သစ္စာနိ ဧကပဋိဝေဓေနီတိ။

ဟူ၍ လာရှိသည်ကို ထောက်ပါသဖြင့် ယောဇနာလိုက်ရသည်မှာကား -

တံ ဧကေန ဉာဏေန ပဋိဝိဇ္ဈတီတိ၊ ဟူသည်ကား။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ သစ္စာတရားတို့ကို။ ဧကပဋိဝေဓေန၊ တပြိုင်တည်း ထိုးထွင်း၍ သိကုန်၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ သည်။ အာဟ၊ ၏။

ဤနေရာ၌ အနာဂါမ် ဖြစ်လိုလတ်၍ ပွားများအပ်ကုန်သော အောက်အောက်သော ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို အာရုံငဲ့စောင်း အကြောင်းမူလိုလတ်က သစ္စာလေးပါးကို တပြိုင်နက် တချက်ထည်း တလုံးတစည်းတည်း ထိုးထွင်း၍ သိတော်မူကြ၍ နိရောဓသစ္စာ နိဗ္ဗာန် အာရုံတော်၌ပင်လျှင်၊ ဝါ- အာရုံအတွင်း၌ပင်လျှင် ကျန်သစ္စာ သုံးချက်တို့သည် တပြိုင်နက် တချက်ထည်း တကိစ္စဖြင့် ပြီးစေ၍ ဧကကိစ္စ ဧကနိရောဓ ပညာဉာဏ်ဖြင့် သိမ်းဆည်း၍ အင်္ဂုတ္တရ အဋ္ဌကထာ၌ကား--

နိဗ္ဗာန မေတံ ပဏ္ဍိတ မေတန္တိ အပ္ပေတွာ နိသိန္နဿ ဒိဝသမ္ပိ စိတ္တုပ္ပါ-
ဒေါ၊ နိဗ္ဗာနမေတံ ပဏ္ဍိတမေတန္တိ ဝုစ္စတိ။

ဟူ၍ ဘွင့်ထုတ်တော်မူအပ်သည်ကို ထောက်တော်မူကြပါသဖြင့် ယောဇနာရမည်မှာ—

မေ၊ ငါ၏။ ဧတံ၊ ဤတရားသည်။ နိဗ္ဗာနံ၊ သန္တိသုခဂုဏ်နှင့် ပြည့်စုံပါပေ၏။ မေ၊ ငါ၏။ ဧတံ၊ ဤသန္တိသုခဂုဏ်နှင့် ပြည့်စုံသောတရားသည်။ ပဏ္ဍိတံ၊ မှန်မြတ်လှပါပေ၏။ ဣတိ၊ ဤသို့။ အပ္ပေတွာန၊ နိဗ္ဗာန်၌ အာရုံကို ဖြစ်စေ၍။ ဒိဝသမ္ပိ၊ တနေ့လုံးသော်လည်း။ စိတ္တုပ္ပါဒေါ၊ ဖိုလ်စိတ်၏ ဖြစ်ခြင်းသည်။ နိဗ္ဗာနမေတံ ပဏ္ဍိတမေတန္တိ၊ မေတံဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤနေရာ၌ နိဗ္ဗာန်အာရုံကို ရှေးရှု၍ တနေ့လုံးသော်ငြင်း အခါကာလအားလျော်စွာ ဖိုလ်ဇောဖြင့် စောလျက် ထားလိုသရွေ့ ထားနိုင်ကြပါမူကား လိုလားအပ်သော ဖိုလ်ဖြင့် အကြောင်းနှင့်အကျိုး ဆိုက်ရောက်တော်မူကြပါလျက် ဤစာတမ်းဖြင့် ရေးအပ်သော ငါတို့၏ ကျေးဇူးရှင် ရွှေသိမ်တော်တောရ ဆရာတော်ဘုရားကြီး၏ အလိုအာဘောဂဖြင့် သဘောတော် ကြိုက်နှစ်သက်ပါက ဉာဏ်ခရီးရောက် ပညာဖြင့် ပေါက်ရောက်တော် မူကြကုန်သော အရိယာအရှင်ကောင်းတို့မှာကား သင့်ထိုက်လှ၏ဟု ထင်ပါက ဆင်ခြင်၍ ယူတော်မူကြ

စေလို၍၊ အယူတော် မညီမျှပါလျှင် ဗျာကိဏ္ဏဒေါသကို ဆင်ခြင်တော်မူကြစေ လို၍ -

“ဝဏ္ဏာဝရဟာဿ ဝဏ္ဏံ ဘာသိတံ ဟောတိ အဝဏ္ဏာရဟာဿ အဝဏ္ဏံ ဘာသိတံ”

ဟူသော ပညာရှင်တို့၏ သဘောဘွယ်ရာသာတည်း၊ ဤသံသာရမဂ္ဂပါရဂူ စာတမ်းဖြင့် ရေးသားအပ်သော အရှင်ထေရတိဿ ဆရာတော်အားကား ခါဏုကာဝိယ စသည်တို့ကဲ့သို့ မတိမ် မကော မမြုပ် မမျော မကွယ် မပျောက် ရသော ဟတ္ထမုဋ္ဌိ စရဏလမ်းရိုး ပါရမီရှင် အမျိုးတို့အားငှါကား စရဏအဆက် အတိမ်အနက်တို့ကို မပျက်မကွက် ဆက်ကြရစေခြင်းအကျိုးငှါ ရွှေမျက်နှာ တော်၏ ဂုဏ်တော်ကို ဆောင်တော်မူလျက် အာလယအချက်မြှော်လင့်ငဲ့ပါ၍ -

လဒ္ဓေါပဒေသ ဟတ္ထမုဋ္ဌိ နယဂ္ဂါဟ နယူပဒေသ ပစ္စက္ခသိဒ္ဓိ အာရုံဉာဏ်ဖြင့် ထုံကြစေကုန်၍ မဟာနာမ်သာကီဝင်၏ လျှောက်ထားချက်ကို ဂန္ထန္တရ ပါဠိ ပါဠိ သုတ် ပုဒ် အစုံတို့ဖြင့် ရရာစုံစိ ကောက်နုတ်ဘိ၍ ဝေဘန်ပိုင်းခြားအပ်သော အနာဂါမိမဂ် အနာဂါမိဖိုလ်ဖြင့် အကျိုးနှင့်အကြောင်း စပ်၍ ပိုင်းဖြတ်အပ် သော ကဏ္ဍတော်တရပ် ဤနေရာ၌ပင်လျှင် အနာဂါမ်ပုဂ္ဂိုလ်တို့၏အရ ဟတ္ထမုဋ္ဌိ နည်းနှင့်တကွ ဝေဘန်အပ်သော ကဏ္ဍတည်း။

---

## အရဟတ္တဖိုလ်ကို ပြခြင်း

အရဟတ္တဖိုလ်ကို ပြပေအံ့။

ဤနေရာ၌ကား အောက်အောက်သော မဂ်ဖြင့် ပြီးဆုံးတော်မူခဲ့၍ သောတာ ပတ္တိမဂ်မှ ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် လေးပါးသောသစ္စာတို့တွင် တပြိုင်နက် တချက် ထည်း တကိစ္စထည်းဖြင့် ထိုးထွင်း၍ သိတော်မူအပ်ခဲ့ပြီးသော “ဝုတ္တာနယေ နေဝ ဝေဒိတဗ္ဗော” ဟု ဟောတော်မူခဲ့သည်ကို ပညာဉာဏ်ဖြင့် သိမ်းဆည်းတော် မူလျက် အောက်အောက်သော မဂ်အစဉ် ဖိုလ်အစဉ်အားလျော်စွာ အရဟတ္တ မဂ်ဉာဏ်ဖြင့် ဆိုက်ရောက်တော်မူပုံကား ပြဆိုတော်မူအပ်ရာဝယ် သောတာပတ္တိ မဂ်မှ ဟတ္ထမုဋ္ဌိနည်းဖြင့် ရတော်မူခဲ့သော သစ္စာလေးပါး တရားတော်သည်ပင်

လျှင် အရဟတ္တမဂ်ဉာဏ်ဖြင့် ရဟန္တာအရှင်မြတ်တို့၏ ခန္ဓာတော်ကို ပြတ်တော်မူသည်ကား—

သောတာပတ္တိဖိုလ်ပုဂ္ဂိုလ်၏ ခန္ဓာစသည်မှ ပြတ်တော်မူခဲ့သည်ကား သစ္စာလေးပါးသာတည်း၊ ထိုသစ္စာလေးပါးသည်ပင်လျှင် အရိယာအရှင်မြတ်တို့၏ ခန္ဓာအစဉ်ကို ပြတ်တော်မူသည်ကား သစ္စာလေးပါး နှစ်မျိုးမရှိ၊ တမျိုးထည်းသာတည်း။

သို့ပါ၍ မဂ်လေးဆင့်ဖြင့် အရိယာပုဂ္ဂိုလ်တို့၏ ခန္ဓာပြတ်တော်မူခဲ့သည်မှာ သစ္စာလေးပါး ဖြတ်၍သာ ပြတ်တော်မူခဲ့၏၊ ဘုရားအရိယာ သူတော်စဉ်တို့မှာကား ပုဂ္ဂိုလ်၏ ပါရမီသာ ကွာခြားကြ၏၊ သစ္စာအားဖြင့် အမျိုးမကွဲပြား ခြားနားခြင်းမရှိ တပါးတည်းသာတည်း။

သောတာပန်ပုဂ္ဂိုလ်၏ မဂ်တရားသည်ကား ဤသစ္စာလေးပါးသာတည်း။

သကဒါဂါမ်ပုဂ္ဂိုလ်၏ မဂ်တရားသည်ကား သောတာပတ္တိမဂ်၌ ရရှိခဲ့သော သစ္စာလေးပါးသာတည်း။

အနာဂါမ်ပုဂ္ဂိုလ်၏ မဂ်တရားကား ထူးတော့သည်မဟုတ်ပါ။

ရဟန္တာပုဂ္ဂိုလ်၏ မဂ်တရားကား ၎င်းနည်းအတိုင်း ဟူလို၏၊ သစ္စာလေးပါး သာတည်း။

သဗ္ဗညုဘုရားရှင်တို့၏ ကိလေသာဖြင့် ပယ်ဖြတ်အပ်သော အရဟတ္တမဂ် ဉာဏ်သည်ကား သစ္စာလေးပါးသာတည်း။

ကြွင်းကျန်၍ပြတ်သည်နှင့် အကြွင်းအကျန်မရှိ ပြတ်သည်ကိုသာ ပုဂ္ဂိုလ်၏ အနေအားဖြင့်သာ ထူး၏၊ မဂ်တရားတို့မည်သည်မှာ သစ္စာလေးပါးချည်းသာ တည်း။

သစ္စာလေးပါးတို့မည်သည်မှာ မျိုးမကွဲပါ၊ ကေတ္တနည်းအားဖြင့် တမျိုး တည်းသာတည်း၊ နာနတ္တနည်းမရှိ၊ သို့သော် ပုဂ္ဂိုလ်၏ ကမ္မဗလအားလျော်စွာ ပယ်စဉ်သာ ထူး၏၊ မဂ်လေးပါး၌ကား ရာဂအစရှိသော ဆယ်ပါးသော ကိလေ သာတို့မည်သည်မှာ နိဗ္ဗရိယာယဂုဏ်ကို ဆောင်တော်မူလျက် အကြွင်းမဲ့ ပြတ်

သည်ချည်းသာတည်း၊ သို့ပါမူ၍ နောင်က ပြခဲ့ပြီးသော ကဏ္ဍဖြင့် အဘိဓမ္မတ္ထ အဋ္ဌကထာဝယ် ပြတော်မူလို၍–

အရိယမဂ္ဂဿ စ တံကိလေသသမုစ္ဆေဒကဘာဝတော နိပ္ပရိယာယတော လဗ္ဘတိ။

**အနက်ကား** အရိယမဂ္ဂဿ စ၊ လေးပါးသော အရိယာမဂ်၏လည်း။ ကိလေသ သမုစ္ဆေဒက ဘာဝတော၊ ထိုရာဂအစရှိသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ခြင်းကြောင့်။ တံကိလေသဝိဒ္ဓံသနံ၊ ထိုရာဂအစရှိသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ခြင်းကို။ နိပ္ပရိယာယတော၊ အားဖြင့်။ လဗ္ဘတိ၊ ၏။

ဤဒေသနာတော်အရကား မဂ်ဓာတ်မည်သည်မှာ ရာဂအစရှိသော ဆယ်ပါးသော ကိလေသာတို့ကို မချအားဖြင့် ပယ်တော်မူ၏၊ ပယ်၏ဟုဆိုသော် ဒေသနာတရပ် ဋီကာဝှာပ်၍ ဒေသနာမျက်စောင်း အကြောင်းရိပ်တော်မူသည် မှာ "နခိယျတိ"ဟု ခိယျသဒ္ဒါဖြင့် ထုတ်ဘွင့်၍ ပြတော်မူရာ၌ မှန်ပေစွ၊ မှန်ပါပြေသော်လည်း အောက်မဂ်သုံးတန်အရာ၌ ဖလသမင်္ဂီ ဖိုလ်လက်ရှိနှင့် တည်တော်မူကြကုန်သော အရှင်မြတ်တို့၏ သန္တာန်တော်ဝယ် အကြွင်းမဲ့ ပြတ်တော်မမူသည်ကိုပင်လျှင် နခိယျတိ သဒ္ဒါဖြင့် အရိယာ အရှင်မြတ်တို့၏ ဉာဏ်ရိပ်ကို အာရုံတော်ဖြင့် တနုကရ နုံ့ညံ့ကိန်းဟန် သိမ်မွေ့သော အဒေါသ သတ္တိ ပရမတ်ဉာဏ်ဖြင့် သိအပ်ရန် ဘွင့်ဆိုတော်မူသည်မှာ–

မဂ္ဂက္ခဏေ ပန ကိလေသော န ခိယျတိ ခိယျတိမေဝ ခိယျတိ။

ဟု ဘွင့်ပြတော်မူသော အကြောင်း ယောဇနာရမည်မှာကား–

မဂ္ဂက္ခဏေ ပန၊ အောက်အောက်၌ ဖြစ်သော မဂ်ခဏ၌ကား။ ကိလေသော၊ ကိလေသာသည်။ န ခိယျတိ၊ မကုန်။ ခိယျတိမေဝ၊ ကုန်ဆဲဖြစ်၍သာလျှင်။ ခိယျတိ၊ ကုန်၏။

ဤကဲ့သို့ ဤနေရာ၌ကား အောက်ဖြစ်သော ဖလဋ္ဌာန် ပုဂ္ဂိုလ်တို့၏ သန္တာန်ကိုင်၍ အကြောင်းဖြင့် မှုအပ်သော ဗျတိရေကနည်းကို သိတော်မူ၍ ယူတော်မူကြရမည်မှာ သိအပ်ရာသော အကြောင်းတို့တည်း။

ဤသည်ကား ဝေဘာန်တော်မူခဲ့သည်ကို ထောက်တော် မူကြပါသဖြင့် အထက်အထက်ဖြစ်သော မဂ်တို့မည်သည်မှာကား သောတာပတ္တိမဂ်က ရတော်မူခဲ့ပြီးသော သစ္စာလေးပါးကိုသာလျှင် မုချနည်းဖြင့် အဘိမေ့တ္တ အဋ္ဌသာလိနီ၌ ပြဆိုတော်မူခဲ့ရာဝယ်—

ဣမေသု စတူသု မဂ္ဂေသု ပဌမမဂ္ဂေန စတ္တာရိ သစ္စာနိ ပဋိဝိဇ္ဈတိ၊ ဥပရိမဂ္ဂတ္တယံ ဒိဋ္ဌကမေဝ ပဿတိ။

ဟု ဘွင့်ပြတော်မူရာ ယောဇနာရမည်မှာ—

ဣမေသု စတူသု မဂ္ဂေသု၊ ဤလေးပါးသော မဂ်တို့တွင်။ ပဌမ မဂ္ဂေန၊ ပဌမ သောတာပတ္တိမဂ်သည်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ သစ္စာ တရားတို့ကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍သိ၏။ ဥပရိမဂ္ဂတ္တယံ၊ အထက်ဖြစ်သော မဂ်သုံးခု အပေါင်းသည်။ ဒိဋ္ဌကမေဝ၊ သောတာပတ္တိမဂ်က မြင်အပ်ပြီးသော သစ္စာလေးပါးကိုသာလျှင်။ ပဿတိ၊ မြင်၏။

ဤအရာ၌ မဂ်တရားတို့မည်သည်မှာ ကွဲပြားခြင်းမရှိ သစ္စာလေးပါးသာ တည်း၊ ပယ်စဉ်ဖြင့်သာ ထူး၏၊ ပုဂ္ဂိုလ်၏ အနေအားဖြင့် ကတာဓိကာရဂုဏ်ဖြင့် ဆည်းပူးတော်မူအပ်ခဲ့သော ပါရမီအစဉ်နှင့်တကွ တိက္ခ-မန္ဒပုဂ္ဂိုလ်တို့၏ ကံအား လျော်စွာသာ ကွဲပြားကြ၏၊ သို့ပါသော် မဂ်လေးပါး၌ မဂ်ခဏချင်း တူပင်တူပါ ငြားသော်လည်း မဂ်လေးပါးမှ တူသည်သာမဟုတ်၊ ဖိုလ်လေးပါးမှာလည်း ဖလက္ခဏချင်း တူသည်သာတည်း၊ဖိုလ်ပုဂ္ဂိုလ်တို့၏ ပါရမီအားလျော်စွာ နိဗ္ဗာန်၌ အာရုံပြုတော်မူသည်မှာ ဖိုလ်ဇောအကြိမ် အနည်းအများကိုသာ ဉာဏ်အား လျော်စွာ ထူးတော်မူကြ၏။

လေးပါးသော ဖလက္ခဏအရာမှာကား ကေတ္တနည်းအားဖြင့် အခြားမရှိ တသားတည်းသာတည်း။ သို့ပါ၍ နိဒ္ဒေသအရာ မဟာဋီကာ ဘွင့်ပြတော်မူသည်မှာ -

စတ္တာရိ ဖလာနိ ကေသဒိသတ္တာ။

သုစန္ဒဝတီ (က—၁၁၁) ၃၉

ဟု ဤကဲ့သို့ လာတော်မူသည်မှာ လဒ္ဓဂုဏ်ဟိတ် တစိတ်ဝါကျ ထုတ်ဘွင့်တော်မူရာဝယ် အတ္ထဖြင့်တသွယ် ယောဇနာစွက်ဘက် မြန်မာအနက် သက်လိုက်သည်ဆိုရာဝယ် -

စတ္တာရိဖလာနိ၊ လေးပါးသော ဖိုလ်တို့သည်။ ကေသဒိသတ္တာ၊ တပါးတပါးနှင့်တူသည်ဖြစ်၍။ ဒေသနာယ၊ ဟောဘွင့်၍ မိန့်တော်မူအပ်သော ဒေသနာတော်၏။ အာဂတတ္တာ၊ လာတော်မူသည်၏ အဖြစ်ကြောင့်တည်း။

ဟု ဝိညာယတိပုဒ် ထုတ်ဘွင့်တော်မူသည်ဟု ဂန္ထဂရုဒေါသ မရှိတော်မူကြစေလို၍ ပြည့်နှံတော်မူသည်ကို တကယ်ပင် ပညာရှိတော်မူကြကုန်သော အရှင်မြတ်တို့၏ နား သောတဝိညာဏ်တော်ဖြင့် ဤစာကို ရေးလိုက်သော အရှင်အားညဏ်ဖြင့် မြင်စေ၍ ပန်ကြားအပ်သည်ကို ထုတ်ဆင့်၍ သံတော်တင်လိုက်ရခြင်းသည်ကား သီလက္ခန်အဋ္ဌကထာတွင် အမူးပြု၍ ပတ္ထနာလိုက်ရမည်မှာ -

ကေန္တပဏ္ဍိတာ ပန ကထံ သုတွာ သုကထိတံ ပသံသန္တိ၊ ဒုက္ကထိတေ
ပါဠိပဒအတ္ထဗျဥ္စနေသု ယံယံ ဝိရဇ္ဈတိ တံတံ ဥဇုံကတွာ ဒေန္တိ။

ဤကဲ့သို့ လာရှိသည်ကို အားကိုးပြု၍ ယောဇနာရမည်မှာကား -

ဇေ န္တပဏ္ဍိတာ ပန၊ တကယ်ပင် ပညာနှင့် ပြည့်စုံတော် မူကြကုန်သော အရှင်ကောင်းတို့သည်။ ကထံ၊ ရေးထုတ်၍ လျှောက်အပ်သော စကားကို။ သုတွာ၊ ကြားခဲ့သည်ရှိသော်။ သုကထိတံ၊ ကောင်းသောစကားကို။ ပသံသန္တိ၊ ချီးမွမ်းတော်မူကြကုန်၏။ ဒုက္ကထိတေ၊ မကောင်းသောစကားကို ဆိုမိသောအခါ၌။ ဝါ-သတိသမ္မောဟကာလ၌။ ပါဠိပဒအတ္ထဗျဥ္စနေသု၊ ပါဠိ ပုဒ် အနက်အက္ခရာ သဒ္ဒါတို့တွင်။ ယံယံ၊ အကြင် အကြင်သို့သော စကားသည်။ ဝိရဇ္ဈတိ၊ ချို့တဲ့၏။ တံတံ၊ ထိုထိုချို့တဲ့သောစကားကို။ ဥဇုံ၊ ဖြောင့်စွာ။ ကတွာ၊ ပြု၍။ ဒေန္တိ၊ ပေးယူတတ်ကြကုန်၏။

ဤကဲ့သို့ ဤဒေသနာတော်ဖြင့် ချို့တိမ်းပါက ပန်ကြားအပ်သည်ကို အရှင်ပညာရှိတို့၏ ညဏ်၌ ပြင်ဆင်ဖြည့်စွက်ပါ၍ ဤစာတမ်းဖြင့် ရေးထုတ်အပ်သော တပည့်ရှင်အား ခါဏ္ဍကာဝိယ စသည်ဖြင့် ဒယာဂုဏ်ကို ဆောင်တော်မူကြပါ၍—

"ဝဏ္ဏာရဟဿ ဝဏ္ဏံ ဘာသိတံ ဟောတိ၊အဝဏ္ဏာရဟ အဝဏ္ဏံ အဘာသိတ" ဖြစ်တော်မမူကြစေခြင်းငှါ ရစနာသဘာဝ အရှင်ပညာရှိတို့၏ နားသောတ ဘွယ်ရာ ဓမ္မတာအားဖြင့် နမာမိ ဟု ဤနေရာက စကားဟာရပ်ဖြင့် ကဏ္ဍပိုက် လိုက်ရပေတော့သတည်း။

သို့ပါသောကြောင့် သေက္ခ အသေက္ခ နှစ်ရပ်တို့တွင် အထက်၌ ဖြစ်သော အသေက္ခအာရုံသို့ ရွှေဘုံအံ့မခန်း အနုပါဒိသေသ နိဗ္ဗာနဓာတ်နန်းဝယ် အကျင့် ဖြင့် ကျွမ်းကျင်အပ်သော သစ္စာအနက် ၁၆-ချက်တို့ဖြင့် တပြိုင်နက် တချက် ထည်း တကိစ္စ မဂ်အထပ် ဖိုလ်အစဉ်ဖြင့် ကေပဋိဝေဓဉာဏ် ဓာတ်တော်ကို သံသရာမှ ထုတ်ဆောင်တော်မူ၍ လောကုတ္တရာ အဝတ္ထာဘုံ သက်သက်ဖြင့် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဓမ္မစက်ဖြင့် ဘွင့်ထုတ်တော်မူသည်မှာ—

ပဋိဝေဓဉာဏံ လောကုတ္တရံ နိရောဓမာရမ္မဏံ ကတ္ဘာ ကိစ္စတော စတ္တာရိ သစ္စာနိ ပဋိဝိဇ္ဈတိ။

ဤကဲ့သို့ အဝတ္ထအရာ၌ ပဋိဝေဓဉာဏ်အရှင် အသေက္ခပုဂ္ဂိုလ်တို့မည်သည်မှာ အားထုတ်အပ်သော အာရဒ္ဓဝီရိယဂုဏ်ဖြင့် ဟတ္ထမဋ္ဌိနည်းကို ဆောင်တော် မူလျက် ဒေသနာအချက် ဝေဘန်တော်မူလိုက်သည်မှာ ယောဇနာပါအံ့။

ပဋိဝေဓဉာဏံ၊ ပဋိဝေဓဉာဏ်သည်။ လောကုတ္တရံ၊ လောကုတ္တရာဖြစ်၍ ဖြစ် သော။ နိရောဓံ၊ နိရောဓသစ္စာနိဗ္ဗာန်ကို။ အာရမ္မဏံကတ္ဘာ၊ အာရုံပြု၍။ ကိစ္စတော၊ ကိစ္စအာ ဖြင့်။ဝါ-ယထာရဟအားဖြင့်။စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ သစ္စာတရားတို့ကို။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။

ဤကဲ့သို့ ယောဇနာအပ်သော ပဋိဝေဓဉာဏ်ကို တောင့်တအပ်ကုန်သော အသေက္ခလောင်းလျာတို့သည်ကား ပဋိသမ္ဘိ ကမ္မဇရုပ်တော်ဖြင့် ဘာဝနာသစ္စိ ကိရိယ ဂုဏ်တော်ကို ဆောင်လျက် အာစရိယဖြစ်တော်မူသော ဆရာတော်၏ ပဋိဝေဓဉာဏ် အရှင်အထံတော်၌ ပရိညာကိစ္စ လေးရပ်သော သစ္စာကိစ္စနှင့် ပြည့်စုံတော်မူသော အသေက္ခအရှင်၏ ရွှေတော်မှောက်သို့ သဒ္ဓိဝိဟာရိက အဖြစ်ဖြင့်—

ဥက္ကဋ္ဌိကာယ နိဿိဒိတွာ အဥ္စလိံ ပဂ္ဂဟေတွာ၀ ဘဂ္ဂေ သံသာရ၀ဋ္ဋ ဒုက္ခတော မောစနတ္ထာယ ကေပဗ္ဗဇ္ဇ၀ေစံ ယာစာမိတိ။

ဟု ဥပတိဿ အဿဇိထေရ်ကဲ့သို့ ပုံနှိုန်းတမူ အတုယူတော်မူကြ၍ တောင်း ပန်တိုးလျှိုး ရှိခိုးလျှောက်ထားပါက သံသရာမှ ပဋ္ဌိသန္ဓေကစခဲ့၍ စုတိစိတ် တော်အဆုံးသို့ သွန်သင်ဆုံးမ ပြသတော်မူသည့်တိုင်အောင် လျှောက်ထားတံထွာ ဓမ္မတာ သဘောအတိုင်း ပဋ္ဌိသန္ဓာရ လျှောက်ထားဘွယ်ရာ စဉ်လာသို့ရောက် ပါက အာစရိယပရံပရ သိဿာနုသိဿ သာသနာ့စဉ်ဆက် (၅၀၀၀) ရှည်စေ လျက်ဟု မြွက်ဆိုပ ထောက်ချင့် နာယကဂုဏ်ဖြင့် ပြည့်စုံတော်မူအပ်သော အရဟန္တ အရှင်မြတ်တို့၏ ပရိညာကိစ္စတို့နှင့်တကွ အာရုံဖြင့် ရှုဆင်ခြင်လိုက် သော် အမိပတေယျ ဂုဏ်တော်နှင့် ပြည့်စုံတော်မူသော ဣဿရိယ အရှင်မြတ် တို့၏ ဉာဏ်တော်ဖြင့် ထင်တော်မူအပ်လျက် ဣန္ဒြေရင့် မရင့် ထောက်ချင့် ပိုင်ပိုင် သိစွမ်းနိုင်သော သေက္ခတို့၏ ကံနိမိတ် ဉာဏ်ရိပ်တော်မူသည်ကို ဝိသုဒ္ဓိ စိတ် အနေအားဖြင့် အလိုအာသာ အာလယကိန်းဟန်ဖြင့် ဝေနေယျဇ္ဈာသယ တစိတ်တဒေသ ဆင်ခြင်တော်မူအပ်ရာဝယ် အင်္ဂုတ္တရ နိကာယအချက် ဘွင့်စွက် ၍ ဒေသနာအချက် ထုတ်ဘွင့်အပ်ရာဝယ်-

နိဗ္ဗာနမေတံ ပဏ္ဍိတမေတန္တိ အပ္ပေတွာ နိသိန္နဿ ဒိဝသမ္ပိ စိတ္တုပ္ပါ- ဒေါ နိဗ္ဗာနမေတံ ပဏ္ဍိတမေတန္တိ ၀ုစ္စတိ။

ဟူ၍ ဒေသနာကျမ်းအထွက် ဝေနေယျ ဉာဏ်အချက်ဖြင့် တိုက်ဆိုင်ခဲ့သော် ဘာ၀နာဓာတ် သစ္စိကာတဗ္ဗ ဓာတ်တို့ဖြင့် ပညာဂုဏ် အနန္တအထက် အောက်မင် အချက်က သက် မသက် မဖြည့်စွက်နိုင်ပါက ၇-ရက်ထက် ရွှေ့သို့မတက် လက်ရှိ မင်နှင့်သာ တည်ကြသည်များကို ဖြစ်နိုင်လိုက ဖြစ်ကြသေးသည်ကိုသာ ပဏ္ဏာသ ၁၄ ငှကာထာ ဘွင့်ပြတော်မူသည်မှာကား--

ယောကောစိ ဘိက္ခဝေ ဣမေ စတ္တာရော သတိပဋ္ဌာနေ ဧဝံ ဘာဝေယျ သတ္တာဟံ တဿ ဒွိန္နံ ဖလာနံ အညတရံ ဖလံ ပါဋ္ဌိကာခံ ဒိဋ္ဌေဝဓမ္မေ အညာ သတိ ဝါ ဥပါဒိသေသေ အနာဂါမိတာ။

ဟူ၍ ပဏ္ဏာသဒေသနာအလိုတော် ယောဇနာရမည်မှာကား- ဝေဘန်လို၍ အသေက္ခအရာသို့ တက်လှမ်းလိုတော် မူကြကုန်သော လောင်းလျာ အရှင်မြတ်တို့သည် ကိစ္စပြီးမြောက်၍ ရောက်တော်မူပါက ရောက်တော်မူနိုင်ကြောင်း၊ သို့ပါသော် ပညာအားအရှိန် နုံ့နဲ့၍ ဆောင်တော်မူနိုင်ခြင်းငှါ မစွမ်းနိုင်ပါက အောက်၌ဖြစ်သော သေက္ခအရာသို့ လျှောကျသဖြင့် စိတ်မောဇောနုံ့လျက် တည်စေတော်မူကြောင်း။

ဘိက္ခဝေ၊ တို့။ ယောကောစိ၊ အမှတ်မထား တပါးပါးလည်းဖြစ်သော အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ်သည်။ သတ္တာဟံ၊ ၇-ရက်ပတ်လုံး။ ဣမေ စတ္တာရော၊ ဤလေးပါးကုန်သော။ သတိပဋ္ဌာနေ၊ သတိပဋ္ဌာန် တရားတို့ကို။ ဧဝံ၊ ဤ ငါဘုရား ဟောတော်မူသည့်အတိုင်း။ ဘာဝေယျ၊ ပွားများအားထုတ်ရာ၏။ တဿ၊ ထို ပွားများအားထုတ်သော ဖလဋ္ဌာန်ပုဂ္ဂိုလ်အား။ ဒိဋ္ဌေဝ-ဓမ္မေ၊ ယခုလောက ဤပစ္စက္ခဘဝ၌။ အညာ ဝါ၊ အရဟတ္တဖိုလ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လိမ့်လတ့်။ ဥပါဒိသေသေ၊ အရဟတ္တဖိုလ်သို့မယှဉ်း ခန္ဓာကြွင်း ခဲ့သည်ရှိသော်။ အနာဂါမိတာ ဝါ၊ အနာဂါမိဖိုလ်သည်လည်း။ ဘဝိဿတိ၊ ဖြစ်လိမ့်လတ့်။ ဣတိ၊ ဤသို့။ ဒွိန္နံဖလာနံ၊ နှစ်ပါးကုန်သော ဖိုလ်တို့တွင်။ အညတရံဖလံ၊ တပါးပါးသောဖိုလ်ကို။ ပါဋိကင်္ခံ - ပါဋိကင်္ခိတဗ္ဗံ၊ ရအပ်၏။

အဲ-ဤဒေသနာတော်ကို ထောက်ပါသဖြင့် အားလုံးသော အရိယာပုဂ္ဂိုလ် အပေါင်းတို့သည် ရွှေကိုယ်တော်မြတ်၏ အတုလဂုဏ်အင်က မြှင့်တင်မြဲသာ မြှင့်တင်တော်မူလျက် ရာဟုလာဘွား အသွင်မခြားဘဲ တသားထည်းသာ မဟာကရုဏာဂုဏ်ဖြင့် ရွှေညဏ်တော်ကွန့်မြူးလျက် ဝေနေယျ၏ လက်ရှိဂုဏ်ပုဒ် အဟုတ် ဘွင့်တုတ်လိုက်သည်ကား–

ရေးကြီးခွင့်ကျယ် အောက်သေက္ခနယ်မှာ သုံးအင်သော မဂ်တို့၏ အလယ်၌ ခွင့်ကျယ်ကာ ဖွံ့ဖြိုး၍ အဗ္ဘုတံဝတ-ဟုသာ ဩြော်....မဖြစ်ဘူးမြဲ ဖြစ်ပါပေစွ တကား ဟု ညောင်ပင်ကြီးလောက် လိုပါသော်လည်း သေးငယ်လှစွာသော ညောင်စေ့သည်ကား အခြားသော ညောင်စေ့အရာရာ တို့ထက်သာ ဘိုးအနဂ္ဃ ဇမ္ဗူရစ်ရွှေအလားကဲ့သို့ ကြက်ဥလောက်ပင် ငယ်ပါငြားသော်လည်း ပိဿာနှင့်

လားပါက အများကြီး ကွာခြားသည်များကို သံသရာ့အလယ်၌ ရွှေစင်ဖြင့်ပြီး သောမြရုပ်တော်အလားကဲ့သို့ ထင်ရှားတော်မူစေလို၍ နိယာဘရွှေဗျာဒိတ် ခပ်နိုပ် တော်မူခဲ့သည်ကို ခိုင်လုံလှပေကြောင်း။

သို့ပါသောကြောင့် ဤဌာန ဤကာလက ရွှေညဏ်သို့ တနေ့တရက် သက်ရ သည်မှာ မလွဲသာပါ၍ လွဲဖယ်လို့မှမရ အာရဒ္ဓဝီရိယ ဝိပဿကပုဂ္ဂိုလ်တို့၏ ဂုဏ်ဖြင့်ဆောင်လျက် ပဋိဘာန္ဓေ၏အချက် အရဟတ္တမဂ်ညဏ်သို့ စွက်ဘက်၍ တက်ရသည်မှာ ဟဒယာတ္ထုရုပ်သာတည်း။ ထိုဟဒယဝတ္ထုရုပ်၏ ပတ်ဝန်းကျင် ဖြင့် ပိုင်းခြားအပ်သော ပရိညာဆိုသည်မှာကား ဟဒယဝတ္ထုရုပ်သာ ဆိုလို၏။ ထိုဟဒယဝတ္ထုရုပ်သည် အဘယ်ကဲ့သို့သော ကြီးကျယ်ခမ်းနား သိုက်မြိုက် သည်ဆိုရာ စခန်း၌ကား သာမန်လူတို့အား ညဏ်မှီနိုင်ခဲစွ၊ ခဲယဉ်းလှ၏၊ လူသာမန်, နတ်သာမန်တို့သည် ထိုက်တန်ခြင်းငှါ မတတ်နိုင်ပေ။ အဘယ်ကဲ့ သို့သော သူများမှ ထိုက်တန်ပါသနည်း ဟု မေးလိုအား ရှိကြ၏၊ ဘုန်းရှိသော သူတို့မှသာ ထိုက်တန်လှ၏ဟူ။ အဘယ့်ကြောင့်ဆိုသော် သံဝဏ္ဏောတဗ္ဗ ဝိနယဂ္ဂါဟ သာရတ္ထဋီကာဝယ် ရတနာဟူ၍ပင် ခေါ်ဆိုသမုတ်အပ်၏ ဟု ဘွင့်ထုတ်၍ ပြတော်မူရသည်မှာ—

စိတ္တီဂတံ မဟဂ္ဃဉ္စ၊ အတုလံ ဒုလ္လဘဒဿနံ။
အနောမသတ္တံ ပရိဘောဂံ၊ ရတနံ တေန ဝုစ္စတိ။

ဟု ဘွင့်ပြတော်မူ၏။ ဤကဲ့သို့ ဟဒယာတ္ထုဇဖြင့် ရုပ်တော်ကို ရတနာ ဟူ၍ ခေါ်ဆိုရခြင်းသည် ယုံနိုင်ခြင်းငှါ ခဲယဉ်းစွ၊ သို့သော် အပြစ်တင်ခြင်းငှါ မစောကြပါရန် ပညာရှင် အခပေါင်းတို့အား ရတနာတို့တွင် ဘိုးအနဂ္ဃတန်စွာနှင့် ဘွင့်ပြပါမယ်၊ ယောဇနာပါအံ့—

စိတ္တီဂတဉ္စ၊ အရိုအသေလည်း ပြုအပ်ပါပေ၏။ မဟဂ္ဃဉ္စ၊ အဘိုးများစွာ လည်းထိုက်ပါပေ၏။ အတုလဉ္စ၊ အတုမရှိလည်းမြတ်ပါပေ၏။ ဒုလ္လဘဒဿနဉ္စ၊ သိမြင်ခြင်းငှါလည်း ခဲယဉ်းပါပေ၏။ အနောမသတ္တပရိဘောဂဉ္စ၊ ဘုန်းရှိသော သူတို့အားသာလျှင် ခံစားခြင်းငှါ ထိုက်တော်မူ၏။ တေန၊ ထို့ကြောင့်။ ရတနံ၊ ရတနာဟူ၍။ ဝုစ္စတိ၊ ဆိုအပ်ပါပေ၏။

ဤကဲ့သို့ သာရတ္ထဒေသနာ ဟဒယင္တ္ထာရုပ်အရာ ရတနာ မှာစကားသည် ကား ဟုတ်၏ မြတ်၏ဟူရာ၌လည်း မှန်၏။ ဘုန်းရှိသော ပါရမီနှင့် ပြည့်စုံတော် မူခဲ့သော နိယတဗျာဒိတ်ရှင်များမှသာ ခံစားခြင်းငှါ ထိုက်၏ဟူရာ နိဒ္ဒေသ ဋီကာ ကျမ်းမဟာ ဒေသနာအရာက ဘွင့်ပြတော်မူသည်မှာ–

ရူပိနော ဓမ္မာတိ ဟဒယဝတ္ထုံ သန္ဓာယ အာဟ၊ တတ္ထ ယဒိပိ ပုဗ္ဗေ သြက္ကန္တိက္ခဏေ နာမရူပန္တိ ပဝုစ္စတိ။

ဟု သံဝဏ္ဏေတဗ္ဗ ဒင္ဒီပုဒ်ဖြင့် ထုတ်ပြတော်မူလိုက်သည်မှာကား ဟုတ်ပါစ္စ။

အနက်ကား ရူပိနောဓမ္မာတိ၊ ဟူသည်ကား။ ဟဒယဝတ္ထုံ၊ ဟဒယဝတ္ထု ရုပ်ကို။ သန္ဓာယ၊ ရည်၍။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော် မူ၏။ တတ္ထ၊ ထိုဟောတော်မူရာ အခါကာလ၌။ ယဒိပိ၊ အကယ်၍လည်း။ ပုဗ္ဗေ၊ ရှေး၌။ သြက္ကန္တိက္ခဏေ၊ သက်သည်ရှိသော်။ နာမရူပန္တိ၊ နာမ်ရုပ်ဟူ၍။ ပဝုစ္စတိ၊ အပြားအားဖြင့် မိန့်အပ်၏။

အဲ ဤကဲ့သို့ ရုပ်တရား နာမ်တရားတို့၏ ဖြစ်မှု ပျက်မှု ထောက်တည်မှုတို့ မည်သည်မှာ ဟဒယင္တ္ထာမှ အစပြု၍ သတ္တဝါတို့၏ ပဝတ္တိဘဝဝယ် စိတ်တို့၏ အစဉ်သည်ကား—

ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိ သခ်ါတံ မာနသံ အဗ္ဗောစ္ဆိန္နံ နဒီသောတောဝိယ ပဝတ္တတိ။

ဟု သင်္ဂဟအဋ္ဌကထာ လာသည်ကို ထောက်တော်မူပါသဖြင့် ပဋိသန္ဓေမှ အစ စုတိစိတ် ဆုံးသည်တိုင်အောင် မပြတ် စပ်၍ဖြစ်သော စိတ်အစဉ်သည်ကား စုတိစိတ်မှ အတိတ်ဖြစ်သော ပဋိသန္ဓေသို့ ဘဝင်စိတ် အစဉ်တို့၏ တုံ့ခေါက် ဖန်ခါ ထပ်ခါ ပြန်သည်ကို ယောဇနာလို၍ -

ဘဝဿ၊ ဘဝ၏။ အင်္ဂဘာဝေန၊ အကြောင်း၏ အဖြစ်ဖြင့်။ ဘဝင်္ဂသန္တတိ သခ်ါတံ၊ ဘဝင် အစဉ်ဟု ဆိုအပ်သော။ မာနသံ၊ စိတ်သည်။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်စပ်လျက်။ နဒီသောတောဝိယ၊ မြစ်ရေအယဉ်ကဲ့သို့၊ ပဝတ္တတိ၊ ဖြစ်၏။

ဤကဲ့သို့ အရဟတ္တမဂ်ဉာဏ်သို့ တက်လှမ်းလိုကြကုန်သော အောက်သေက္ခ ဖလဋ္ဌာန် အရှင်မြတ်တို့သည် မိမိဘဝ၏ စိတ်အစဉ်ကို ဆင်ခြင်လျက် စုတိစိတ်

တော်မှ ပဋိသန္ဓေစိတ်တော်သို့ အတိတ်အာရုံဖြင့် ယူတော်မူကြ၍ ပစ္စုပ္ပန် စုတိစိတ်တော်သို့ ဘဝဖြင့် ပစ်ချအပ်သော ကံဟောင်း၏ ပဋိသန္ဓေစိတ်တော်သည်ကား အတိတ်ဘဝမှ လာတော်မူခဲ့သော ပဋိသန္ဓေ ဝိညာဏ်ဖြင့် ဆင်ခြင်တော်မူလျက် ယခုဘဝ၏ ပဋိသန္ဓေအသစ် ဝိညာဏ်တော်သို့ ရောက်သည်တိုင်အောင် ဆက်စပ်ဟန်ကို ဆင်ခြင်တော်မူခဲ့သော် အတိတာနန္တရဘဝမှ ယခုဘဝ၏ ပဋိသန္ဓေသို့ အရောက်တွင် ဝိဘာဝနီဋီကာ ဘွင့်ပြတော်မူသည်မှာ –

ဘဝန္တရပဋိသန္ဓိဝသေနာတိ ပုရိမဘဝန္တရဿ ပစ္ဆိမဘဝန္တရဿ စ အညမညံ ကေဗဒ္ဓိဝိယ ပဋိသန္ဓာနဝသေန ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ။

ဟု ဤကဲ့သို့ အတိတ်ဘဝမှ ယခုဘဝသို့တိုင်အောင် ပဋိသန္ဓေ၏ စိတ်အစဉ်ကို အတိတ်ဘဝဟောင်းမှ ယခု ပဋိသန္ဓေဝိညာဉ်သစ်သို့ အာရုံမူလျက် ဝေဘန်တော်မူသည့် အချက်ကား -

အနက်ကား ဘဝန္တရ ပဋိသန္ဓိဝသေနာတိ၊ ဟူသည်ကား။ ပုရိမဘဝန္တရဿ စ၊ ရှေ့ဘဝအထူးမှငင်း။ ပစ္ဆိမဘဝန္တရဿ စ၊ နောက်ဘဝ အထူးသို့ငင်း။ အညမညံ၊ အချင်းချင်း။ ကေဗဒ္ဓိ ဝိယ၊ တစပ်ထည်းမပြတ် စပ်သကဲ့သို့။ ပဋိသန္ဓာနဝသေန၊ ပဋိသန္ဓေ၏ အစွမ်းဖြင့်။ ဥပ္ပဇ္ဇမာနမေဝ၊ ဖြစ်သော်သာလျှင်။ ပဋိသန္ဓိဝိညာဏံ၊ ပဋိသန္ဓေဝိညာဉ်စိတ်သည်။ ဘဝန္တရေ၊ ဘဝသစ်၌။ ပတိဋ္ဌာတိ၊ တည်လာ၏။

ဟု ဤကဲ့သို့ ဝိဘာဝနီဋီကာရှင် မိန့်မှာတော်မူသည့်အရ အရဟတ္တမဂ်ဉာဏ်သို့ တက်လှမ်းလိုကြကုန်သော သေက္ခပုဂ္ဂိုလ်တို့သည်ကား အားကိုးပြု၍ နည်းနယ၏ သာဂရကျယ်လွန်းလှပါက ယုန်သားငယ် ထောက်တည်ရာ မရသည့် အလား ဇလသာဂရ ပမာပြု၍ ဉာဏ်ဖြင့်ဖွဲ့စည်းအပ်သော သာဂရနည်းတို့ဖြင့် ဟဒယဝတ္ထု၏ ကြီးကျယ်မှုအာရုံ မနောဝိညာဏ်စိတ်၏ ဖြစ်ရမှုအစုသည်ကား ရုပ်တရား နာမ်တရားတို့၏ တည်ရာအစ ဟဒယဝတ္ထုမှအပ အခြား၌ ကာလမရှိရသည်ကား သင်္ဂဟအဋ္ဌကထာမှာ အရိယာအစ ဟဒယဝတ္ထုကဟု ဆိုရှိ စကားရေးစပ်၍ထားသည်မှာ ပေါရာဏဝါစာ ပြည်ကြီးသားတို့၏ အင်္ဂါဖြင့် ဓမ္မသာကစ္ဆာစကား ကြားဘူးသူများ တွေ့ခဲ့ပါပြီးက—

သို့ပါမူ၍ သင်္ဂဟအဋ္ဌကထာ အရှင်အနုရုဒ္ဓါ ဝစနာစဉ်စကား ပုဒ်ထုတ်၍ ရေးစပ်ထားသည်မှာ မနောဝိညာဏ ဓာတ်အရဖြင့် စိတ်သုံးဆယ် ဝိညာဉ်ဟဒယ နှင့် ယှဉ်၏ဟု မှီရာ အခြားတပါးမရှိ ဘွင့်ပြတော်မူသည်မှာ–

> သန္တိရဏ မဟာဝိပါက ပဋိဃဒွယ ပဌမမဂ္ဂ ဟသန ရူပါဝစရဝသေန ဟဒယံ နိဿာယေဝ ပဝတ္တန္တိ။

ဟု ဘွင့်ထုတ်တော်မူသည်မှာကား -

အရိယာအစ ဟဒယက ဟု ကောက်ချက်ပုဒ်အရ မှန်သည်ကို ပြရမည်မှာ သို့သော် သုံးဆယ်သော စိတ်အရတို့တွင် အရိယာအစ သောတာပတ္တိ ပဌမ မဂ်၏ ဝိသေသအတွက် ကောက်ချက်ချက သောတာပတ္တိ မဂ်ခဏသည် ကား ဟဒယဝတ္ထုကို အမှီပြုရမှသာလျှင် သောတာပန်ဘဝသို့ တက်လှမ်းနိုင် ခဲ့ကြောင်း၊ သို့ပါမူ၍ သင်္ဂဟအဋ္ဌကထာအရ ဋီကာမျက်စောင်း အတ္ထဖွဲ့လောင်း လိုက်သည်မှာ ဟဒယဝတ္ထုရုပ်၏ ပဋိသန္ဓေက စခဲ့ကြောင်း သာမန်သူတို့အား ပဋိသန္ဓေနှင့် ဟဒယဝတ္ထုရုပ် စပ်နိုင်မည့် အကြောင်းအားကား ဉာဏ်လောင်း နိုင်ခြင်းငှါ ခဲယဉ်းစွ။

သို့သော် ဒေသနာအရပ်ရပ်နှင့် ယထာဘူတအစပ် အားထုတ်အပ်သော အလုပ်နှင့် ထပ်၍ ပြရမည်မှာ သတိကြီးစွာဖြင့် တဖြည်းဖြည်း နားဆင်ကြရာ ဝယ် သို့ပါမူ၍ ဟဒယံ သားမြွတ် နှစ်ခုတို့၏အလယ် ကိုယ်အတွင်း ရင်အချိုင့် အညှိုနှစ်ခုတို့၏အကြား တွဲရရွဲ ဦးစောက်တည်လျက် ပညာရှိအား စဉ်းငယ် ပွင့်သော် ပညာမဲ့အား စုံ့သော အပေါ်ဖတ်ခွါလျက် ပဒုမ္မာကြာငုံတမျှ အပကား သန့်ရှင်းပြေပြစ် အတွင်း၌ သပ္ပတ်ခါးအူသဘွယ် အလယ်၌ ပုံးညက် စေ့ခန့် ပမာဏမျှ စရိုက်နှင့်လျော်စွာ "နီမြန်း ရာဂ၊ ဒေါသ မည်းငြား၊သားဆေး ရေ မောဟ၊ တဏှာ ဂါရည်၊ ဝါသည် သဒ္ဓါ၊ ပညာ ပြိုးပျက်" ဇောတမျက်သွင် အရောင်ထင်သော မနောဓာတ် မနောဝိညာဏ ဓာတ်တို့၏တည်ရာ စိတ် စေတသိက် စိတ္တဇရုပ်ဟို၏ မှီရာဖြစ်သော ဟဒယဝတ္ထုရုပ် တည်းဟူသော တလက်ဘက်ခွဲမျှလောက်သော နှလုံးသွေးဟု ဆိုအပ်သော ဟဒယဝတ္ထုရုပ် နှလုံးသားအပြင်ရင်း။

ဤကဲ့သို့ ဤနေရာ၌ နှလုံးသားဟု ဆိုအပ်သော တလက်ဘက်ခွဲမျှလောက် သေး၏အလယ်၌ တည့်တည့် မတ်မတ် ကြည်လင်လှစွာသော အင်မတန် နက်နဲလှသော သတ္တဝါတို့၏ ပဌမ ဖြစ်သော သတ္တိထူးဟု ဆိုအပ်သော သေးငယ်ပေါက် ကလေးသည်ကား လူသာမန် နတ်သာမန်တို့၏ ဉာဏ်မှာ ထင်မြင်နိုင်ခြင်းငှါ ခဲယဉ်းပါစွ၊ မျက်မြင်ဟုတ်ခြင်းငှါ မထိုက်တော့ပေ၊ နက်နဲသော အကျင့်နှင့် ပြည့်စုံတော်မူသော သပ္ပုရိသံသ ထက်မြက်လှစွာသော ဉာဏ်အရှင်တို့မှသာလျှင် ဉာဏ်ဖြင့်ထင်ခြင်းငှါ ထိုက်၏။ ထိုကဲ့သို့ သေးငယ်လှစွာသော သေးငယ်၏ သတ္တိသည်ကား ပဋိသန္ဓေအစက ပါခဲ့၏ဟူလို။

ဤကဲ့သို့ ပဋိသန္ဓေက ပါခဲ့သည်ဟုဆိုသော် ယုံကြည်ခြင်းငှါ ခဲယဉ်းလေစွ။ သို့သော် သတိကြီးစွာဖြင့် ကျမ်းဂန်အမျိုးမျိုးနှင့် အားထုတ်သော အလုပ်၏ ဂုဏ်ကို တိုက်ဆိုင်၍ ပြခဲ့မည်၊ သတိကြီးစွာဖြင့် ဉာဏ်နှိုက်၍ ဆင်ခြင်တော်မူကြပါ၊ နက်နဲလေစွ။

ဤနေရာ၌ ယခု သံသာရမဂ္ဂပါရဂူ စာတမ်းဖြင့် ရေးသားသော ဆရာတော်သည်ကား နည်းနယ အပြာပြာ ဆရာအဆူဆူ ဒေသနာဉာဏ် တံချူတို့နှင့် ကျမ်းအဆူဆူတွင် တိုက်ဆိုင်၍ ဖွေရှာပါက ဟတ္ထမုဋ္ဌိနည်းဖြင့် နယ ဒေသ နယဂ္ဂါဟတို့ဖြင့် ညှိနှိုင်း၍ ပြခဲ့မည်၊ သတိရှိစေတော်မူလိုကြ၏။ ဉာဏ်နှိုက်၍ ဆင်ခြင်တော်မူကြပါကုန်လော။

ဆွေးနွေးကြရာဝယ် မာန် မာန ဖယ်ကြပါက ဟတ္ထမုဋ္ဌိနည်း အရဖြင့် မှီးခဲ့သော် ဥဒ္ဒသိဒ္ဓိပေါက်၍ ဤသာသနာတော်၌ ပါရဂူမြောက်ရမည်မှာ မလွဲသာတည်း။ သို့ပါမူ၍ "အဝိဇ္ဇာအစ နှလုံးသားက, ပဋိသန္ဓေအစ ဟဒယ ဝတ္ထုက, သတ္တဝါအစ မနောဝိညာဏ်က, နာမ်ရုပ်အစ ဟဒယဝတ္ထုက" ဤကဲ့သို့ အလာ (အရာ) ဤကဲ့သို့ အရာဆိုသည်ကား အတူတူချည်းသာတည်း။

ဟဒယဝတ္ထုရုပ် ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ် ဒွါရဝိမုတ်စိတ် ဤသည်တို့ကား သဘောမခြားပါ၊ အတူတူချည်းသာ မှတ်ကြလေ။

သို့ပါမူ၍ ကိလေသာအစ နှလုံးရင်ကဟု ဆိုရာ သားငယ် သမီးငယ် မြေးငယ် ကလေးငယ်တို့ကို ချစ်စနိုးသည်ဟု ဆိုရာမှာ ဒေသနာစကား ရေးထုတ်၍

ဘွင့်ထားသည်မှာ ကစ္စာယနကျမ်းမြတ်က ဝိသေသဂုဏ်ပုဒ်ဖြင့် ထုတ်၍ ပြသည့် အရာမှာကား—

မာတာပိတူနံ ဟာဒယံ ပူရေတီတိ ပုတ္တော။

ဟု ယောဇနာရမည်မှာ—

မာတာပိတူနံ၊ မိဘနှစ်ပါးတို့၏။ ဟာဒယံ၊ နှလုံးကို။ ပူရေတိ၊ ပြည့်စေတတ်၏။ (ဆောင်စေတတ်၏ လည်းဟူ) ဣတိတသ္မာ၊ ထို့ကြောင့်။ ပုတ္တော၊ ပုတ္တမည်၏။ (ဤကား တရပ်)

တနည်းအားဖြင့် "သြရသံ ဇာတော ပုတ္တော" ဟု နိပ္ဖန္နပုဒ် သဒ္ဒရုပ် မချ ထုတ်ပြသည်မှာ ပဗ္ဗဇ္ဇဒါယာဒ ဒါနဘွယ်ရာ အမျိုးရေစက် သွန်းချပက်၍ မဟာထေရ်များ၏ ဓမ္မစက်တော်ကို ထောက်ပါသဖြင့် ယုံကြည်လောက်ရာ မလွဲပါ၍ "ကိလေသာအစ ဟာဒယဝတ္ထုရုပ်က" ဟူရာ ဓမ္မပဒဒေသနာ လာသည်ကို ထောက်ရပါသော်—

အဒဿံ ကာမ တေ မူလံ၊ သင်္ကပ္ပံ ကာမ ဇာယတိ။
နာဟံ သင်္ကပ္ပယိဿာမိ၊ ဧဝံ ကာမေ န ဟေဟိသိ။

ဤကဲ့သို့ လာတော်မူသည်ကို ယောဇနာလိုက်သည်မှာ—

ကာမ၊ မကောင်းစုတ်ချာ ယုတ်မာလှစွ ဟဲ့ ကာမ။ တေ၊ သင်ကာမ၏။ မူလံ၊ အစကို။ အဒဿံ၊ ငါမြင်ပြီ။ ဤနေရာ၌ မြင်ဆိုသည်ကား အာရဒ္ဓဝိပဿကပုဂ္ဂိုလ်၏ သန္တာန်၌ ထွက်သက် ဝင်သက် ရပ်ဘူးသောသူများကို ဆိုလို၏၊ ထွက်သက်ဝင်သက်မှ မရပ်ဘူးပါမူ ယုံကြည်လက်ခံခြင်းငှါ အဘယ်မှာ လျှင် ဖြစ်အံ့နည်း၊ အစောင်စောင်သော ကျမ်းခိုင် ကျမ်းမြတ်တို့၌ကား ဖွေရှာပါက တွေ့နိုင်၏။ ဟု—

"အဿာသပဿာသေ ပရိဂ္ဂဟေတွာ အရဟတ္တံ ဂဏှာတီတိ ဒဿေတိ"

ဟု နောက်ကလဲ ပြခဲ့လေပြီ။

ပြန်၍ ယောဇနာလိုက်ပါဦးအံ့။

ကာမ၊ ဟဲ့ ကာမ။ တေ၊ သင်ကာမ၏။ မူလံ၊ အစကို။ အဒဿံ၊ ငါမြင်ပြီ။ ကာမ၊ ဟဲ့ ကာမ။ တေ၊ သင်ကာမ၏။ သင်္ကပ္ပံ၊ ကြံစည်ခြင်းကို။ ဇာယတိ၊ ငါသိ၏။ ကာမ၊ ဟဲ့ ကာမ။ အဟံ၊ ငါသည်။ တံ၊ သင့်ကို။ န သင်္ကပ္ပယိဿာမိ၊ မကြံစည်တော့အံ့။ ဧဝံ၊ ဤသို့ သင့်ကို ငါမကြံစည်ခဲ့သည်ရှိသော်။ ကာမေ၊ ကာမဂုဏ်၌။ တွံ၊ သင်ကာမသည်။ န ဟေဟိသိ၊ မဖြစ်တော့လအံ့။ (လတ့ံ)

ဤကဲ့သို့ အဝိဇ္ဇာတို့မည်သည်မှာ ကြံစည် စိတ်ကူးမှုသာလျှင် ဖြစ်သော တရားစုသာတည်း၊ မကြံစည်ပါက ဖြစ်သော တရားမျိုးမဟုတ်၊ အကယ်၍ အာလယရှိပါ၍ ကြံစည်ခဲ့ပါမူ မနောဝိညာဏ်စိတ်ဖြင့်သာ ကြံစည်နိုင်၏၊ ထိုမနောဝိညာဏ်စိတ် တည်ရာသည်ကား ပဋိသန္ဓေ ကမ္မဇရုပ်ဖြစ်သော ဟဒယ ဝတ္ထုရုပ်သာတည်း။

ထိုဟဒယဝတ္ထုရုပ်သည် တလက်ဘက်မျှသော နှလုံးသွေး၏ အလယ်၌ အလွန်ကြည်လင်လှစွာသော ယင်ငယ်သည် သောက်လောက်ရုံမျှ အင်မတန် သေးငယ်လှစွာ သာမန်လူအား မမြင်အပ်ရာ အစိတ်များစွာ ကောက်ချက်ချပါက အဏုမြူမရ တဇ္ဇာရီမြူမျှဖြင့် သုံးဆယ့်ခြောက်စိတ် စိတ်ပါက တစိတ်မျှ သော နာနာက္ခဏိက သတ္တိတူးဝယ် ကမ္မဇကလာပ် ၉-စည်းနှင့်တကွ ဘာဝရုပ် ဖြည့်စွက်ပါက ဝတ္ထုဒသကဟု ဆိုအပ်သော ပဋိသန္ဓေကမ္မဇရုပ်ဝယ် အနုသယ သတ္တိဖြင့် စိတ်ကူးမှုသာလျှင် အဝိဇ္ဇာအစ ဖြစ်ရာဌာနကို ပညာဖြင့် ကြီးမြတ် တော်မူသော အသေက္ခအရာ၌ ဟတ္ထာမုဋ္ဌိနည်းကို ဆောင်တော်မူလျက် ပစ္စက္ခသိဒ္ဓိ ဉာဏ်ဖြင့် ပေါက်ရောက်တော်မူကြကုန်သော အရှင်မြတ်တို့အားသာ သိမြင် တော်မူနိုင်ကြောင်း။

ဤနေရာ၌ ဆရာအရှင်မြတ်တို့၏ အထံတော်သို့ သဒ္ဓိဝိဟာရိက အရာ ချဉ်းကပ်ကြပါက ဟတ္ထာမုဋ္ဌိနည်း အသွယ်သွယ်တို့ဖြင့် ဆုံးမတော်မူရာဝယ် နှလုံးသည်းပွတ်၏ အလယ်၌ တလက်ဘက်မျှလောက်သော သွေးငယ်၏ ပသာဒ မဏ္ဍိုဝယ် ကိုယ်ဖြင့် စောင့်အပ်သော ဥသ္မတေဇောဓာတ် အစာဖြင့် ကျေစေ တတ်သော ပါစကတေဇောဓာတ် ဤမီးနှစ်ရပ်ဖြင့် ဆုံးမချယ်လယ်အပ်သော စကားရပ်ကို အသက်ဟူ၍ရင်း၊ ဝိညာဏ်ဟူ၍ရင်း၊ ဇီဝိတဟူ၍ရင်း၊ အဘိဓမ္မာ ကျမ်းတရပ် သံယုတ်အဋ္ဌကထာဖြင့် မှတ်အပ်သော ပါဌ်ပါဠိ အာဂုံဝယ် -

အာယူတိ တေသု ဒွိသု အင်္ဂသု ဇီဝိတမေဝ ပဝုစ္စတိ။

ဟု ဤသို့ ပရမတ္ထဒီပနီ တရပ်၌ မုချဖြင့် ဝေဘန်အပ်သည်ကို ယောဇနာလို၍ –

အာယူတိ၊ ဟူသည်ကား။ တေသု ဒွိသု အင်္ဂသု၊ ထိုဥသ္မတေဇောမီး ပါစကတေဇောမီးနှစ်ပါးတို့တွင်။ ပတိဋ္ဌိတံ၊ တည်သောရုပ်ကို။ ဝါ-စိတ် စေတသိက်စိတ္တဇရုပ်ကို။ ဇီဝိတမေဝ၊ ဇီဝိတရုပ်ဟူ၍သာလျှင်။ ပဝုစ္စတိ၊ အပြားအားဖြင့်မိန့်အပ်၏။

ဤကဲ့သို့ ဤဒေသနာတော်အရ ဤနေရာ၌ပင်လျှင် စိတ် စေတသိက်စိတ္တဇရုပ်ဝိညာဏ် ပဋိသန္ဓေ ကမ္မဇရုပ်တို့ဖြင့် ပိုင်းခြားတော်မူကြ၍ သတ္တဝါအစ ပဋိသန္ဓေက ဝိညာဏ်အစ ပဋိသန္ဓေက, ဇီဝိတအစ ပဋိသန္ဓေက, ကိလေသာအစ ပဋိသန္ဓေဝိညာဏ်က" ဤနေရာ၌ ပိုင်းခြားအပ်သော ပရိညာကိစ္စတရပ်ဖြင့် ဘာဝနာ သစ္စိကိရိယဖြင့် ဆောင်တော်မူကြကုန်သော အသေက္ခအရာတော်၌ကား သံယုတ်အဋ္ဌကထာ ဒေသနာမှာ ဘွင့်ပြတော်မူလိုရကား–

အာယု ဥသ္မာ စ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိ မံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ။

(ဇဟန္တိမေ) ဟူ၍လည်း ရှိတတ်၏။

ဤကဲ့သို့ အဋ္ဌကထာလာ ဒေသနာအရှိကို ယောဇနာလိုက်သည်မှာ–

ဥသ္မာဝိညာဏာစ၊ ဥသ္မဝိညာဏ်စိတ်သည် လည်းကောင်း။ ပါစကဝိညာဏာစ၊ ပါစကဝိညာဏ်စိတ်သည် လည်းကောင်း။ အာယု၊ အသက်တည်း။

ဥသ္မဝိညာဏ်စိတ်သည် အသက်ဟူ၍၎င်း၊ ဝိညာဏ်ဟူ၍၎င်း၊ စိတ်ဟူ၍၎င်း၊ လိုရင်းမှာကား ပူသဘောသာတည်း၊ ထိုပူသဘောကား တေဇောဟူ၍လည်း သိထိုက်လှပေပြီ၊ ထိုဥသ္မတေဇော ပါစကတေဇော အပူသည်ဟဒယဝတ္ထုရုပ်မှအစ တကိုယ်လုံး ပြန့်နှံ့၍ တည်၏ဟူလို။ ခန္ဓာကိုယ်၌ တည်သော အသက်ဝိညာဏ် စိတ်သာတည်း၊ ပေါ်လွင်လှလေပြီ၊ သိထိုက်တော့၏။

ပြန်၍ ယောဇနာလိုက်ဦးမည်မှာ –

ဥဿမ္မာဝိညာဏဋ္ဌိ ရင်း။ ပါစကဝိညာဏဋ္ဌိ ရင်း။ အာယု၊ အသက်တည်း။ တံအာယု၊ ထိုအသက်သည်။ ယဒါ၊ အကြင်အခါ၌။ ဣမံ ကာယံ၊ ဤကိုယ်ကို။ ဇဟန္တိ၊ စွန့်ကုန်၏။ တဒါ၊ ထိုသို့စွန့်သောအခါ၌။ ကလိင်္ဂရံဣဝ၊ ထင်းဖွဲ့ကဲ့သို့။ နိရတ္ထံဝ၊ အချည်းနှီးဖြစ်၍သာလျှင်။ အပဝိဒ္ဓေါ ဝိယ၊ စွန့်ပစ်ပယ်အပ်သော အမှိုက်သရိုက်ကဲ့သို့။ သေတိ၊ ဖြစ်ရတော့၏တကား။

ဤကဲ့သို့ ကျမ်းဂန်ဖြင့် ဝေဘန်၍ ဟတ္ထမုဋ္ဌိနည်းဖြင့် အလုပ်ဂုဏ်ပုဒ်ဖြင့် ဘွင့်ထုတ်၍ ပြရမည်မှာ ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ် ဒွါရဝိမုတ်စိတ် ဟူရာ၌ကား ဇာတိပင် ဟူလို၏၊ မှီရာ တခြားတပါးမရှိ၊ ဖြစ်ရာလည်း ဇာတိ၊ ချုပ်ရာလည်း ဇာတိ၊ ပဝတ္တိမှာလည်း ဇာတိ၊ လွတ်ရာမှာလည်း ဇာတိ၊ သို့ပါမူ၍ ဤနေရာ၌ ဝေဘန်ရသော် အသေက္ခအရာ၌ တည်တော်မူကြကုန်သော ဗုဒ္ဓမတညူ အဘိဓမ္မတ္ထ ဋီကာရှင်ကြီးတို့ မှာတမ်းတော် ရှိသည်မှာ –

ရုပ်တရား နာမ်တရားတို့ မည်သည်မှာ ဖြစ်ရာအရပ်ကိုလဲ မချုပ်ဆုံးပါ၊ တဆံချည်ဖျားမျှဖြင့်လည်း ရွေ့ပြောင်း၍ မချုပ်ဆုံးပါ၊ ချုပ်တော့လည်း ချုပ်ပါ၏၊ ဖြစ်မှာလည်း မဟူ၊ အခြားမှာလည်း မယူ၊ ဉာဏ်ဖြင့် နက်နဲတော်မူလှ၏။

လိုရင်းမှာကား ပဋိသန္ဓေ ဘဝင် စုတိကို ပြလို၍ ပဋိသန္ဓေအခါမှာ ဇာတိ၊ သေပြန်တော့လဲ ဇာတိပါဘဲ၊ ပဝတ္တိမှာတော့လဲ ဘဝင်စိတ်သာ ရှိ၏၊ လိုရင်းမှာ ဇာတိသာ ရှိပါ၏၊ စုတိဟု ဆိုရာဝယ် ထိုဇာတိသာဘဲဟု ကျမ်းဂန်ရှင်တို့ မှာတမ်းတော်ရှိသည်မှာ -

ရူပါရူပဓမ္မာနံ ဥပ္ပါဒဒေသေ အနိရုဇ္ဈိတွာ ကေသဂ္ဂမတ္တမ္ပိ သင်္ကမနံ နာမ န စ အတ္ထိ။

ဤကဲ့သို့ လာတော်မူသည်ကို ယောဇနာတော်မူလို၍ –

ရူပါရူပဓမ္မာနံ၊ ရုပ်တရား, နာမ်တရားတို့၏။ ဥပ္ပါဒဒေသေ၊ ဖြစ်ရာ ဖြစ်ရာအရပ်၌။ အနိရုဇ္ဈိတွာ၊ မချုပ်မူ၍။ ကေသဂ္ဂမတ္တမ္ပိ၊ တဆံချည်ဖျားမျှဖြင့်လည်း။ သင်္ကမနံ နာမ၊ ပြောင်းရွေ့သည်မည်သည်။ န စ အတ္ထိ၊ ရှိလည်းမရှိ။ နိရုဇ္ဈတိ ဧဝ၊ ချုပ်တော့သည် သာလျှင်တည်း။

ဤကဲ့သို့ ပဋိသန္ဓေ ဘဝင် စုတိတို့ မည်သည်မှာ ဒေသနာတော်ဖြင့် ယောဇနာတော်မူလိုသည့်အတိုင်း ချုပ်တော့လည်း ချုပ်ပါ၏၊ ဖြစ်ရာအရပ်ကိုလည်း မချုပ်ပါ၊ အခြားသို့လည်း တဆံချည်ဖျား မျှဖြင့်လည်း မပြောင်းမရွေ့၊ အရိယာဉာဏ် အရှင်ကြီးတို့သော်မှလည်း သဝနဂုဏ်ဖြင့် မပြည့်စုံပါက အင်မတန် နက်နဲလေစွ၊ ပညာဖြင့် သိမ်းပိုက်၍ ဆင်ခြင်တော်မူကြပါကုန်။

လိုရင်းမှာကား ပဋိသန္ဓေစိတ်နှင့် စုတိတော်စိတ်တို့၏ သဘာဝသာတည်း၊ ဉာဏ်နက်နဲ လှပေ၏၊ ခဲယဉ်းစွ။

သို့ပါမူ၍ ပဋိသန္ဓေအရာ ဉာဏ်ထောက်နိုင် စေခြင်းငှါ ရှေ့သို့ တိုးဆင့်၍ ပြရမည်မှာကား ကျယ်ဝန်းလှပေ၏။ သို့ကျယ်ဝန်း ပါသော်လည်း ပါချမီရှင်တို့၏ အရာမှာ အပွေါ်သုက္က ကြောင့်ကြမဲ့ဖြင့် မနေသာပါမူ၍ သံယုတ်အဋ္ဌကထာ လာတော်မူသည်မှာကား-

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ၊ အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော၊ တတော ပသာခါ ဇာယန္တိ ကေသာ လောမာ နခါပိ စ။

ဟု ဤကဲ့သို့ ပဋိသန္ဓေအရာ နက်နဲလှစွာဖြင့် သတ္တာဟ ခုနစ်ဖြာ နဝနဝါ ဟာယန တွက်စစ် လေးဆယ် ကိုးရက်အဖြစ် တွက်ဆအကြုံ သတ္တာဟအစုံဝယ် မိန့်မှာတော် ဥဒါန်း ယောဇနာအခဏ်းဖြင့် ပြတော်မူရာဝယ်-

ပဌမံ၊ ရှေးဦးအစ ရက်သတ္တာဟ၌။ ကလလံ၊ ကြည်လင်လှစွာအရေမျှသည်သာ။ ဟောတိ၊ ဖြစ်ရပေတော့၏။ ကလလာ၊ အရေကြည်ဖြစ်ပြီးသည်မှ။ ဒုတိယံ၊ ဒုတိယအကျ ရက်သတ္တာဟ၌။ အဗ္ဗုဒံ၊ အရေကြည် အမြှုပ်ခဲသည်။ ဟောတိ၊ ဖြစ်ပေတော့၏။ အဗ္ဗုဒါ၊ အမြှုပ်ခဲဖြစ်ပြီးသည်မှနောက်။ တတိယံ၊ သုံး သတ္တာဟ ခုနစ်ရက်အကျ၌။ ပေသိ၊ ကြက်ဥသဘွယ် ငယ်ငယ်တုံးကလေးသည်။ ဇာယတေ၊ ဖြစ်ပေတော့၏။ ပေသိ၊ သားတစ်ဖြစ်ပြီးသော စတုတ္ထသတ္တာဟအရောက် လေးကြိမ်မြောက်၌။ ဃနော၊ တခဲနက်သော အစိုင်အခဲသည်။ နိဗ္ဗတ္တတေ၊ဖြစ်၏။ တတော၊ ထိုတခဲနက် အစိုင်အခဲဖြစ်ပြီးသည်မှ။ ပရံ၊ နောက်ဖြစ်သောသတ္တာဟ၌။ ပသာခါ၊ အင်္ဂါခြေလက် ခက်မ ငါးဖြာတို့သည်။

ဇာယန္တိ၊ဖြစ်ကြကုန်၏။ ကေသာ လောမာ နခါပိစ၊ သုံးဆယ့်နှစ်ဖြာဒွတ္တိံသာဒ္ဒ ကေသာ မွေးညှင်းစသော ကောဋ္ဌာသအစဉ်တို့သည်လည်း။ ဇာယန္တိ၊ ပုဂ္ဂိုလ်၏ အကြောင်းကံ ကောင်းဆိုးနှစ်တန် ဝေဘန်ပိုင်းခြား ဓမ္မတာသဘောအတိုင်း သာ ဖြစ်ကုန်သည်သာလျှင်တည်း။

ဤကဲ့သို့ ပဋိသန္ဓေနေမှု၏အစဉ် ဟဒယဝတ္ထုရုပ်သို့ သညာထင်သည်မှာ "ပဋိသန္ဓေအစ ဟဒယဝတ္ထုက, ဇာတိအစ ပဋိသန္ဓေက, အဝိဇ္ဇာအစ ဟဒယ ဝတ္ထုက" ဤအရာ၌ကား ဤစကားရပ်တို့တွင် စေ့စေ့စဉ်းစားပါက တလက် ဘက်မျှလောက်သော ဟဒယဝတ္ထု၏အလယ် နှလုံးသည်းပွတ်ဝယ် ဉာဏ်ဖြင့် ခွဲစိတ်၍ ကြည့်ပါက ကြည်လင်လှစွာသော ပဋိသန္ဓေ သွေးငယ်ကလေးသည်။

ထိုပုဂ္ဂိုလ်၏ ပရိမဏ္ဍလ ရင်အလယ်၌ မိဘနှစ်ပါး၏ အဝိဇ္ဇာအကြားက သုက်သွေးတို့၏ အလယ် ပဌမသတ္တာဟ အရေကြည်ကလေးမျှ ဤကာလကပါ လာခဲ့သော ခုနစ်သတ္တာဟ အမိအဘတို့၏ ဉဿုတေဇောဓာတ် ပါစကတေဇော ဓာတ်မီး၏ အငွေ့ကြောင့်သာ အာဟာရသမုဒယ ရုပ်တို့၏ ဥပတ္ထမ္ဘက သမုဒယ တို့၏ ဖြစ်စဉ်အားလျော်စွာ ရုပ်ကလာပ်အစဉ်တို့၏ တိုးပွားအပ်သော ကောဋ္ဌာ-သဘာဝ သတ္တဝါကောင်ကလေးမျှသည်ကား ၉-လကအကျော် ၁၀-လသို့ အရောက် ၃၂၄-ရက် အရောက် (မြောက်)ဝယ် မိဘနှစ်ပါးတို့၏ ဉဿုတေဇော ဓာတ်မီးရှိန် ပါစကဓာတ်မီးရှိန်တို့ဖြင့် အခေါ်ဂမလေသည် တွန်းကန်အပ်သော ဗဟိဒ္ဓ ကရဇကာယ၏ သန္တာန်ဝယ် အာဟာရသမုဒယ အားအစဉ်ဖြင့် ရူပ-သမုဒယ တိုးဆင့်၍ အားပေးအပ်သော ရသာ အာဟာရ ဘောဇဉ်တို့သည် ဘုတ်အဆက်ဆက်အား ထောက်ကူလျက် ယခု သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ဖတ်ရှုအပ်ကြကုန်သော ယောဂီ အရှင်တို့သည်ပင်လျှင် ကိုယ့်ဘဝ ဇာတိအစဉ်ကို ဆင်ခြင်လျက်—

ဤသည်ကား စာတမ်းဖြင့် ရှုအပ်သော ငါသည်ပင်လျှင် ဤကဲ့သို့ ဉာဏ် အမြင်ဖြင့် ဆင်ခြင်လျက် ထောက်ရှုလိုက်သော် ပရိညာကာရဂုဏ်ဖြင့် တိက္ခ ဇဝန အရှင်တို့မှာကား မုချ အမှန်မြင်ကြ၍ အာရဒ္ဓဝိပဿကပုဂ္ဂိုလ် အရှင် တို့သည်ပင်လျှင် ဟတ္ထမုဋ္ဌိ နည်းလက်ရှိနှင့် နောက်က ပရိစယပြုခဲ့ဘူးသော

ပါရမီအားလျော်စွာ မြင်တော်မူကြမည်မှာ မလွဲသာတည်း၊ ပါရမီနုံ့နေး အမြင်သေးသောသူတို့မှာကား ခဲယဉ်းလေစွ။

သို့ပါမူ၍ "ဇာတိအစ ပဋိသန္ဓေက" ဟူရာဝယ် ထိုပဋိသန္ဓေ သွေးကလေးသည် မိဘနှစ်ပါးတို့၏ အဝိဇ္ဇာအညစ်အကြေး အဝိဇ္ဇာသွေး၏ အလယ်ကပါလာခဲ့သော မဟော်ရာဇ္ဇာနမှ ငါ၏ ဇာတိဖြစ်ရာအစ ပဋိသန္ဓေ စိတ္တဇ အနုသယနှင့်တကွ ကြက်ဥငယ်မျှ၏ အလယ်၌ တည်လျက်ရှိသော ဝဏ္ဏဓာတ်ဖြင့် ဆောင်အပ်သော နီ-ဝါသော အရေပမာဏမျှသည် ဖြူသော အရည်၏အလယ်၌ တည်လျက် ထိုနီ-ဝါရေသည် ကြက်သူငယ်၏ ရင်အလယ်သို့ ရောက်ပါက မျက်မြင်အခိုက် ခွဲစိတ်လိုက် ဉာဏ်ငုံ၍ရှုလိုက်သော် ဖြူသောအရည်သည် အရိုး သွေးသား ဗဟိဒ္ဓ အတောင်ဖျားသို့တိုင်အောင် ပြန့်နှံ့၍ တည်သကဲ့သို့ နီဝါသောအရည်သည်ကား ကြက်သူငယ်၏ ရင်လယ်၌ တည်တိရ အလားကဲ့သို့ ထိုနှင့်ပုံယူ ပမာတူ ပုဂ္ဂိုလ်သတ္တဝါတိုင်းတို့၌ ပဋိသန္ဓေအစ ဇာတိသွေးက ဟူရာဝယ် ပဌမ ဇာတိ စိတ္တဇသွေးငယ်သည် သတ္တဝါတိုင်းတို့၏ ကရဇကာယ အလယ် ဟဒယ ဝတ္ထုရုပ်ဖြင့် မှီလျက် စိတ်စေတသိက် စိတ္တဇရုပ် ဝိညာဏ်တို့၏ ဖြစ်စ ဟဒယဝတ္ထုရုပ်၏ အလယ်က-ဟု ယူရာ မှန်ပေစွ။

သို့ပါသောကြောင့် အရဟတ္တမဂ်ဉာဏ်သို့ တက်လှမ်းလိုကြကုန်သော အောက်အောက်၌ဖြစ်သော သေက္ခပုဂ္ဂိုလ်တို့သည် ပဋိသန္ဓေအစက ပါလာခဲ့သော ဇာတိရုပ် ဝိညာဏ်စိတ်ကလေးကို အရဟတ္တမဂ်ဉာဏ်နှင့် ဖြတ်မှသာလျှင် ဇာတိပြတ်နိုင်ကြောင်း၊ ဇာတိကို စွန့်လွှတ်ရမည်မှာ မလွဲသာပေ၊ သို့ပါ၍ ပညာရှင်တို့ ဆိုရိုးစကား ဥဒါန်းထားသည်မှာ—

"ဇာတိရူပမေဝ ပရိစ္စဇတိ"ဟု ဆုံးမလေ့ ရှိခဲ့၏၊ သို့ပါ၍ အရဟတ္တမဂ်ဉာဏ်ဖြင့် မဖြတ်ပါက ဇာတိမပြတ်ပါ၊ ဇာတိမပြတ်ပါက အရဟတ္တမဂ်ဉာဏ်ကို မရပါ၊ ဇာတိပြတ်၏ဟု ဆိုသော် ပဋိသန္ဓေနောက် ဆက်၍မဖြစ်တော့ပါ၊ ဘဝကိုလဲ တပ်ခြင်းကင်းတော့ပေ၏၊ ကံဟောင်း မကုန်သေးပါက ဝိပါက်ကဋတ္တာရုပ်တော်ကို ဇီဝိတိန္ဒြေ စောင့်ရှောက်လျက် ရှိသေး၏၊ ထိုဇီဝိတိန္ဒြေ စောင့်ခြင်းကြောင့် အရဟတ္တမဂ် အရှင်တို့မှာကား ဇာတိရုပ် ပဋိသန္ဓေ စိတ္တဇရုပ် စုတိစိတ်

တော်ကိုလဲ မြင်တော့၏ ထိုဇာတိရုပ်၌ အမြဲတမ်း စောင့်ရှောက်လျက်ရှိသော ဥဿုဝိညာဏ် ပါစကဝိညာဏ် မိမိကံဟောင်း၏ စိတ်အစဉ်ကို ဝိညာဏဓာတ်ဖြင့် ဆောင်လျက် မြင်မြဲတံထွာ ဓမ္မတာဘည်း။

ထိုဝိညာဏဓာတ်ကို ပိုင်တော်မူလျက် ကျူးရင့်အပ်သော ဥဒါန်းတော်သည်ကား–

ဝိညာဏေ ပရိညာတေ နတ္ထိ ကိဉ္စိ ဥတ္တရိ ကရဏီယန္တိ။

ဟု သံယုတ်အဋ္ဌကထာ လာသည်ကို ထောက်မြော်ရသော် ယောဇနာ ပါအံ့။

ဝိညာဏေ၊ ဝိညာဏ်ကို။ ပရိညာတေ၊ ပိုင်ခဲ့သည်ရှိသော်။ ဥတ္တရိ၊ ထို့ထက် အလွန်။ ကိဉ္စိ၊ စိုးစဉ်းမျှ။ ကရဏီယံ၊ ပြုဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိတော့ပြီ။ ဣတိ၊ သို့။ ဘဂဝါ၊ သည်။ အာဟ၊ ၏။

အဲ ဤကဲ့သို့ ပဋိသန္ဓေစိတ် စိတ္တဇရုပ် ဝိညာဏဓာတ်ကို အရဟတ္တမဂ်ဉာဏ် ဖြင့် ဖြတ်ပါက အဘယ်မှာလျှင် နောက်ထပ် ကျင့်ကြံဘွယ် ရှိပါတော့အံ့နည်း။

အဲ ဤနေရာ၌ ဤသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားသောဆရာတော် သည် ဤကဲ့သို့သော ကျင့်နည်း ကြံနည်းဖြင့် ပေးတော်မူလိုက်သော မြတ်စေ ညီနောင် ဝိဟာရ ယာပထလေးလီ အမြဲမှီလျက် အရှင်ဓမ္မေသီ ထေရ်အမည် ထံတော်၌ ဤနည်းဖြင့် လဒ္ဓေါပဒေသ သဒ္ဓိဝိဟာရိကဂုဏ်ဖြင့် ဆောင်လျက် ဤကဲ့သို့သော နယ နည်းအရာ အဖြာဖြာတို့ကို ရခဲ့ပါကမှ ဤစာတမ်းဖြင့် ရေး သားသော အရှင်မဟာထေရတိဿ ဆရာတော်သည်ကား သံသရာ၌ အဝါး ဝသည်ကို ဘွင့်ထုတ်လျက် သံသရာ၌ ကူးခပ်ရာ ကူးခပ်ကြောင်း လွှတ်မြောက်ရာ လွှတ်မြောက်ကြောင်းဖြစ်သော သံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ဘွင့်ထုတ်၍ ရေးလိုက်ရသည်ကား မှန်သည်၏ အကြောင်းကို ဒဋ္ဌိဂုဏ်ပုဒ်ဖြင့် ထုတ်ဘွင့် လိုက်သည်မှာ—

ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ–

အနတ္တလက္ခဏသုတ်။

ဤကဲ့သို့ လာသည်များကို ယထာဘူတ အမှန်ကျ၍ မို့ ယောဇနာ ရမည်မှာ—

ယထာဘူတံ၊ မဘောက်မပြန် ဟုတ်တိုင်းမှန်စွာ။ ဝါ-အမှန်အဟုတ်။ သမ္မပ္ပညာယ၊ ကောင်းစွာအပြားအားဖြင့် သိတတ်သော ပညာဖြင့်။ ဒဋ္ဌဗ္ဗံ၊ မြင်အပ်၏။ ဝါ-မြင်လို့သာ။ ယထာဘူတံ၊ စွာ။သမ္မပ္ပညာယ၊ ဖြင့်။ ဒိသွာ၊ မြင်ပြီး၍။

ဤကဲ့သို့ ဒေသနာ ထင်ရှားသည်ကို ပရိယတ်နှင့် ပဋိပတ် ထပ်မံပါက ပုဂ္ဂိုလ်၏အရ နည်းမှန်ကို ရခဲ့ပါက ဝိညာဏခေတ် စိတ်ဝိညာဏ် ပဋိသန္ဓေ ဇာတိ အမှန်ပြတ် နောက်ထပ်၍တဖန် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်မျှ နည်း အမှန်ရကြအောင် သိဿာနုသိဿ အဆက်ဆက်သို့ ကျပါက မပျက်မကွက် ရအောင် အနုတ္တလက္ခဏာ ဘွင့်ထုတ်၍ ပြသည်မှာ—

ဝိညာဏခေတုယာ နိဗ္ဗိန္ဒတိ ဝိညာဏခေတုယာ ဝိရာဇေတိ ဝိရာဂါ ဝိမုစ္စတိ၊ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။

ဤကဲ့သို့ လာအရှိ ပါဠိပါဠိ ဒေသနာ အနုတ္တသုတ်အရာ ကျမ်းအရှိ ယော ဇနာလိုက်သည်မှာ ဉာဏ်ယှဉ်၍သာ ဆင်ခြင်တော်မူကြစေလို၍ -

အနက်ကား ဝိညာဏခေတုယာ၊ ဝိညာဏခေတ်၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ ဝိညာဏခေတုယာ၊ ဝိညာဏခေတ်၌။ဝိရာဇေတိ၊ တပ်ခြင်းကင်းတော့၏။ဝိရာဂါ၊ တပ်ခြင်းကင်းခြင်းကြောင့်။ ဝိမုစ္စတိ၊ ဖိုလ်သို့ရောက်တော့၏။ ဝိမုတ္တသ္မိံ၊ ဖိုလ်သို့ ရောက်သည်၌။ ဝိမုတ္တံ၊ လွတ်သည်။ အမှို၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဉာဏံ၊ ပစ္စဝေက္ခဏာဉာဏ်သည်။ ဟောတိ၊ ဖြစ်၏။ ဇာတိ၊ နောင်တဖန် ပဋိသန္ဓေ နေခြင်းသည်။ ခီဏာ၊ ကုန်ပြီ။ ဗြဟ္မစရိယံ၊ မြတ်သောအကျင့်ကို။ ဝုသိတံ၊ ကျင့်သုံး၍ပြီးပြီ။ ကရဏီယံ၊ နောက်ထပ်ပြုဘွယ်ကိစ္စကို။ ကတံ၊ ပြု၍ပြီးပြီ။ ဣတ္ထတ္တာယ၊ ဤမဂ်၏ (အကျိုးငှါ။) အလို့ငှါ။ အပရံ၊ တပါးသော ပြုဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိတော့ပြီ။ ဣတိ ဣဒံ ပရိသမာပနံ၊ ဤသို့အကျင့်၏ ပြီးဆုံးခြင်းကို။ ပဇာနာတိ၊ သိ၏။

ဤနေရာ၌ ဤဒေသနာတော်အရ အကျင့်၏ ပြီးဆုံးခြင်းဟူရာကား အညာ မာရပုဂ္ဂိုလ်တို့၏ အရာဝယ် သေက္ခပုဂ္ဂိုလ်တို့ကို ရည်၍ ရှင်တော်မြတ်ဘုရား သည် ဟောတော်မူခဲ့ကြောင်း၊ ဝိရာဂါ ဝိမုစ္စတိ-ဟူသော ပါဠိအရာ၌ကား အရဟတ္တဖိုလ်သို့ ရောက်သည်ဟုဆိုသော် နတ္ထိ ကိဉ္စိ ဥတ္တရိကရဏီယံ ဟူသော ကျမ်းဂန်တဆူနှင့် တဆူတို့၏ ပရိယတ္တိအရိပ် သုတမယဉာဏ်ရှိနိုင်သည် ကျင့်ကြံ အပ်သော ပဋိပတ္တိအစဉ်တို့၏ အာရုံ၌ ဟတ္ထမုဒ္ဒါနည်း အရှင်တို့၏ အာရုံ အာရမ္မဏိက တရားမျှသာ ဖြစ်ချေ၏။

သို့သော် မဂ်ခဏ၌ကား ခန္ဓာပြတ်ဘူးသော အရာမျှသာလျှင် "စတ္တာရိ သစ္စာနိ ကေကိစ္စံ"ဟု သာတည်း။ ဤသို့ မဂ္ဂက္ခဏ ကေကိစ္စ အဆင့်ဆင့်သို့ တက်လှမ်းသော ပုဂ္ဂိုလ်တို့မှသာလျှင် ပစ္စက္ခသိဒ္ဓိဉာဏ်ဖြင့် ဟတ္ထမုဒ္ဒါနည်းကို ဆောင်တော်မူလျက် သိအပ်သော အရာတော်တို့ပေတည်း။ သေးနုလှစွာသော အောက်အောက်၌ ဖြစ်သော သေက္ခတို့အရာကား သိခြင်းငှါ ခဲယဉ်းလေစွ။ သို့သော် သောတာပတ္တိ ဖလဋ္ဌာန်ပုဂ္ဂိုလ်တို့သည်ကား သောတာပတ္တိမဂ်ခဏ အခါ၌ စဉ်ပင်လျှင် ရာဂအစရှိသော ဆယ်ပါးသော ကိလေသာ ပြတ်ပုံကို ကရဇကာယ ချုပ်ငြိမ်းစဉ်အခါက အကြွင်းမဲ့အနေအားဖြင့် အနတ္တ အာရုံ တော်တည်းဟူသော နိရောဓသစ္စာဂုဏ်ပုဒ်ဖြင့် ဆောင်လျက် အထက်အထက် ဖြစ်သော မဂ်တို့တွင် အနုမာနသိဒ္ဓိဖြင့် ပညိန္ဒြေ ဉာဏ်ယှဉ်၍ ပညိဒ္ဓိအရာ၌ သိဒ္ဓိဂုဏ်ကို ဆောင်လျက် ပြီးစေနိုင်၏ဟူလို။

ဤကဲ့သို့ ဝေဘန်ပိုင်းခြားအပ်ခဲ့ပြီးသော "နတ္ထိကိဉ္စိ ဥတ္တရိကရဏီယံ"ဟူရာ ဝယ် ဝိညာဏဓာတ်ကို ပိုင်ဆိုင်တော်မူကြကုန်သော ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ် ကို ဖြတ်လျက် စုတိစိတ်တော်သို့တိုင်အောင် ပစ္စက္ခသိဒ္ဓိပေါက်သော အရှင် မြတ်တို့၏ အရာကို မှချအားဖြင့် အတီတာနန္တရဘဝမှ ပါလာတော်မူခဲ့သော ကံအကြောင်းကို မနောဒွါရဖြင့် ပဝတ္တိဘဝ၏ စုတိစိတ် ချုပ်သည်တိုင်အောင် မြင်တော်မူကြ၍သာ ဤအရာ၌ ဝေဘန်ထုတ်ဘွင့်၍ ပြအပ်သော ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ် ဒွါရဝိမုတ်စိတ် ဟု ဆိုအပ်သော ပဋိစ္စသမုပ္ပါဒ် ဆက်စပ် ဟန်ကို သင်္ဂဟအဋ္ဌကထာ အနုရုဒ္ဓါထေရ်အရှင် ထုတ်ဘွင့်၍ ပြတော်မူသည် တွင်-ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော ဒွါရဝိမုတ်အရာဝယ်–

ဒွါရဝိမုတ္တာနဉ္စ ပဋိသန္ဓိ ဘဝင်္ဂ စုတိ သင်္ခါတာနံ ဆဗ္ဗိဓမ္မိ ယထာသမ္ဘဝံ ယေဘုယျေန ဘဝန္တရေ ဆဒွါရဂ္ဂဟိတံ ပစ္စုပ္ပန္နမတီတံ ပညတ္တိဘူတံ ဝါ ကမ္မ ကမ္မနိမိတ္တ ဂတိနိမိတ္တသမ္မတံ အာရမ္မဏံ ဟောတိ။

ဟု ပဝတ္တိဘဝမှာ အတီတာနန္တရဘဝက ပါလာခဲ့သော ပုဂ္ဂိုလ်တို့၏ စိတ်အစဉ်သည်ကား အတိတ်ပဝတ္တိကို ပစ္စုပ္ပန်ပြုလျက် ယခုသာသနာတော်၏ အလယ်၌ ရောက်ဆဲဖြစ်သော ပစ္စုပ္ပန်ကာလမှ နောက်သို့ ပြန်၍ အတီတာနန္တရဘဝ အတိတ်ပညတ်ဖြင့် ထင်တော်မူလျက် အဟောင်းဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သည်ကို ယခု ပစ္စုပ္ပန် ပဝတ္တိဘဝ၌ စုတိစိတ်တော်သို့ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့၏ သဘောဘူယ်ရာဖြင့် ပညာတော် သိမ်းပိုက်၍ ကိန်းဆိုက်တော်မူသည်များကို ယောဇနာအံ့သော်ငှါ—

ပဋိသန္ဓိဘဝင်္ဂစုတိသင်္ခါတာနံ၊ ပဋိသန္ဓေ ဘဝင် စုတိဟု ဆိုအပ်ကုန်သော။ ဒွါရဝိမုတ္တာနံ၊ စိတ်တို့၏။ အာရမ္မဏဉ္စ၊ အာရုံသည်လည်း။ ယေဘုယျေန၊ များသောအားဖြင့်။ ဘဝန္တရေ၊ အတီတာနန္တရဘဝ၌။ ဆဒွါရဂ္ဂဟိတံ၊ ခြောက်ဒွါရဖြင့်ယူအပ်သော။ ဝါ-မရဏာသန္နဇောသည် ယူအပ်သော။ ပစ္စုပ္ပန္နံ ဝါ၊ ပစ္စုပ္ပန်ဖြစ်၍ရင်း။ အတီတံ ဝါ၊ ရင်း။ ပညတ္တိဘူတံ ဝါ၊ ရင်း။ ကမ္မကမ္မနိမိတ္တဂတိနိမိတ္တသမ္မတံ၊ ကံ ကမ္မနိမိတ် ဂတိနိမိတ်ဟု သမုတ်အပ်သော။ ဆဗ္ဗိဓမ္မိ၊ ခြောက်ပါးအပြားရှိသော အာရုံသည်လည်း။ ယထာသမ္ဘဝံ၊ စွာ။ ဟောတိ၊ ၏။

ဤကဲ့သို့ ပစ္ဆိမဘဝိက အရှင်တို့သည် ပဋိသန္ဓိ ဘဝင် စုတိစိတ်တော်တို့၏ မကွဲမပြားတသားတည်း အာရုံညဏ်ဖြင့် မြင်တော်မူကြ၍ ထိုပဋိသန္ဓေစိတ်သည် ပင်လျှင် ဝိထိစိတ်မဖြစ်ပါက ဘဝင်ကိစ္စသို့သာ သက်လျက် ခန္ဓာအားကုန်၍ နောက်ဆုံး စုတိစိတ်တော်သို့ ရောက်တော်မူသည်ကား ပညာဉာဏ်တော်ဖြင့် မြင်တော်မူကြ၍—

ယသ္မာ ဘဝင်္ဂစိတ္တံ သဗ္ဗပစ္ဆိမံ တတော ဘဝတော စုတိတိ ဝုစ္စတိ။

ဟု နောက်ကပြခဲ့ပါ၍ ယောဇနာတော်မူရမည်မှာ—

ယသ္မာ၊ အကြင့်ကြောင့်။ ဘဝဂ်စိတ္တံ၊ ဘဝင်စိတ်သည်။ သဗ္ဗပစ္ဆိမံ၊ အလုံးစုံတို့၏ နောက်ဆုံးစိတ်ဖြစ်၏။ တတော၊ ထိုနောက်ဆုံးစိတ်သည်။ ဘဝတော၊ ဖြစ်ရာဘဝမှ။ စုတီတိ၊ စုတိဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကဲ့သို့ ကျမ်းဂန်၌ ပါဌ်ပါဠိ လာအရှိ အာရဒ္ဓ ဝိပဿက ပုဂ္ဂိုလ်များသည် ဟတ္ထမုဋ္ဌိနည်းဘော်ဖြင့် သိတော်မူကြ၍ အာနာပါနဿတိ - ထွက်သက်ဝင်သက် ဘဝင်စက်မှ တချက်နှင့်တချက် ဝင်လေထွက်လေ တဖြေးဖြေး ဘဝင်သို့ မသက်သည်ကိုသာ သာသာကလေးနှင့် အဝင်အထွက် လေနှစ်ချက် မဆက်သည်ကို ပြလို၍ သဗ္ဗညုတဉာဏ်အရှင် ပါရမီအစဉ်နှင့် သွန်သင်၍ ဆုံးမတော်မူခဲ့သည်မှာ မဟာပရိနိဗ္ဗာန အဋ္ဌကထာ ဋီကာပါ ရောစွက်၍ ဘွင့်ပြခဲ့သည့် အချက်တော်ကား –

နာဟု အဿာသပဿာသော၊ ဌိတစိတ္တဿ တာဒိနော။
အနေဇော သန္တိ မာရဗ္ဘ၊ ယံ ကာလ မကရီ မုနိ။

ဤကဲ့သို့ ဒေသနာအလာ ယောဇနာရမည်မှာ–

အနေဇော၊ သုံးဆယ့်တဘုံမှ လွန်မြောက်တော်မူပြီးသော။ ယံမုနိ၊ အကြင်မြတ်စွာဘုရားသခင်သည်။ သန္တိံ၊ ထင်ရှားရှိသော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။အာရဗ္ဘ၊ အာရုံပြု၍။ကာလံ၊စုတိမနေပရိနိဗ္ဗာန်စံယူတော်မူခြင်းသို့။ အကရိ၊ကြွမြန်းတော်မူရှာလေပြီ။ ဌိတစိတ္တဿ၊ တည်ကြည်ငြိမ်သက် အရှိန်မပျက်သောစိတ်ရှိတော်မူသော။ တာဒိနော၊ တာဒိဂုဏ်နှင့် ပြည့်စုံတော်မူသော။ အဿ၊ ထိုမြတ်စွာဘုရား သခင်ကိုယ်တော်မြတ်ကြီးအား။ အဿာသပဿာသာ၊ ထွက်သက်, ဝင်သက် လေနှစ်ချက်တို့သည်။ န အာဟု၊ မရှိတော့ကုန်ပြီ။

အဲ ဤကဲ့သို့ ဒေသနာအလာ အတုယူကြမည်မှာ ပစ္ဆိမဘဝိက ပုဂ္ဂိုလ်များနှင့်သာ ဘိုးအနုဋ္ဌ ထိုက်တန်လှပါ၍ ဆင်ခြင်တော် မူထိုက်ရာငယ် နောက်ကဝေဘန်တော်မူခဲ့သော ဝိညာဏခေတ် အရှင်များမှသာ ပဋိဝေဓဉာဏ်ဖြင့် ဆင်ခြင်လျက် ပစ်ချအပ်သော ဘဝကံအဟုန် မကုန်သေးသမျှ ကာလ ပတ်လုံး မနေချင်နေ နေချင်နေရရှာတော်မူလျက်နှင့်သာ ခန္ဓာတော်ကို

စောင့်ထိန်း၍ ပစ္ဆိမဘာဝိက အရှင်မြတ်တို့၏ ဟတ္ထမုဋ္ဌိ နည်းလက်ရှိ နိဿယည်း တို့ကို တွေ့သိမြင်၍ ဉာဏ်ခရီးရောက် အဆိုက်ကြီး ဆိုက်ရောက်တော်မူပုံကား— ဣတိဝုတ် အဋ္ဌကထာ ပါဠိပါဠိအလာ ဒေသနာတော်မှာဘွင့်ပြတော်မူလိုပါ၍—

ဣမ ဘိက္ခဝေ အရဟာ ဟောတိ ခီဏာသဝေါ ဝုသိတဝါ ကတကရဏီ ယော ဩဟိတဘာရော အနုပ္ပတ္တ သဒတ္ထော ပရိက္ခီဏဘဝသံယောဇနော။

ဟု ဤအရာ၌ ရှေ့ကိုယ်တော် ဘွင့်ထုတ်တော်မူခဲ့ကြောင်း ဝေနေယျ အပေါင်းတို့အား ယောဇနာရမည့် အကြောင်းကား—

ဘိက္ခဝေ၊ တို့။ ဣမ ဣမသ္မိံ သာသနေ၊ ၌။ ခီဏာသဝေါ၊ ကုန်အပ်ပြီးသော ကိလေသာ ရှိတော်မူသည် ဖြစ်၍ရင်း။ ဝုသိတ ဝါ၊ ကျင့်သုံးအပ်ပြီးသော အရဟတ္တမဂ်ဉာဏ် ရှိတော်မူသည် ဖြစ်၍ရင်း။ ကတကရဏီယော၊ ပြုအပ်ပြီး သော မဂ်ကိစ္စ တဆယ့်ခြောက်ချက် ရှိတော်မူသည်ဖြစ်၍ရင်း။ ဩဟိတ- ဘာရော၊ သွန်ချအပ်ပြီးသော ကိလေသာဝန်ရှိသည် ဖြစ်၍ရင်း။ အနုပ္ပတ္တ- သဒတ္ထော၊ အစဉ်အားဖြင့် ရောက်အပ်သော အရဟတ္တဖိုလ်ဉာဏ် ရှိသည်ဖြစ် ၍ရင်း။ ပရိက္ခီဏဘဝသံယောဇနော၊ ကုန်ခန်းအပ်ပြီးသော ကိလေသာဟူ သော ဘဝသံယောဇဉ် ရှိတော်မူသည် ဖြစ်၍ရင်း။ သမ္မဒညာဝိမုတ္တော၊ အစဉ်အားဖြင့် ကောင်းစွာ လွတ်မြောက်အပ်သော ကိလေသာဖြင့် မြင်တော် မူသည်ဖြစ်၍ရင်း။ သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ အရဟာ၊ လူ, နတ် ဦးခိုက် ပူဇော်အထူးကို ခံတော်မူထိုက်သည်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့ ဒေသနာ လာတော်မူသည့် ယောဇနာအချက်ကား ဤစာတမ်း ဖြင့် ဖတ်ရှုတော်မူကြကုန်သော ဉာဏ်အရှင်တို့သည် အလို အတိုး အပို အလျှော့ဖြင့် ဆင်ခြင်တော်မူလျက်သာ ယူထိုက်သည်ကိုယူ ပူဇော်ထိုက်သည်ကို ပူဇော်ပါက နိဂ္ဂဟ ပဂ္ဂဟ မဇ္ဈိမပဋိပဒါအရ အယူနှစ်ခု မျှတကြရလေအောင် မှန်မှားနှစ်ဖြာ ဝေဘန်ကြပါ၍ ထိုကဲ့သို့သော ဒေသနာအရ အရိယာမြတ်ဓမ္မ (အန္တိမဘာဝရှင်) ပစ္ဆိမဘာဝိက အရှင်တို့၏ ဖြစ်စဉ်ကို ဣန္ဒြေတော်ဖြင့် ဧရိုက် တော်နှင့် ဆင်ခြင်တော်မူရာဝယ် ဣတိဝုတ် ဒေသနာအလာ ထောက်ချင့်၍ သိတော်မူကြရမည်မှာ—

တဿ တိဋ္ဌန္တေဝ ပဉ္စိန္ဒြိယာနိ ယေသံ ဘာဝိတတ္တာ မနာပါမနာပံ ပစ္စနုဘောသိ သုခဒုက္ခံ ပဋိဝေဒယာမိ။

ဤကဲ့သို့ ကျမ်းအရှိ ဒေသနာယုတ္တိနှင့် ညှိနှိုင်း၍ ကြည့်လိုက်ကြပါက သိထိုက်လှလေပြီ၊ ဤသို့သော ဒေသနာအနက် ယောဇနာ စွက်ဘက်လိုက်သည်မှာ—

တဿ၊ ထိုရဟန္တာ ပုဂ္ဂိုလ်၏။ ပဉ္စိန္ဒြိယာနိ၊ စက္ခုအစရှိသော ငါးပါးသော ပသာဒိန္ဒြေတို့သည်။ တိဋ္ဌန္တေဝ၊ ဘဝင်္ဂအဟုန် မကုန်သေးသမျှ ကာလပတ်လုံး တည်ရှိကုန်သေးသည် သာလျှင်တည်း။ ယေသံ၊ အကြင် ရဟန္တာ ပုဂ္ဂိုလ်တို့၏။ ဘာဝိတတ္တာ၊ ဝိပါကကဋတ္တာ ကမ္မဇရုပ် ရှိသေးသည်၏ အဖြစ်ကြောင့်။ မနာပါမနာပံ၊ စိတ်နှလုံးကို ပွားစေတတ်သော ဣဋ္ဌာရုံ စိတ်နှလုံးကို မပွားစေတတ်သော အနိဋ္ဌာရုံကို။ ပစ္စနုဘောသိ၊ ခံစားတော် မူကြကုန်သေး၏။ သုခဥ္စ၊ ချမ်းသာသော သုခဝေဒနာကိုလည်းကောင်း။ ဒုက္ခဥ္စ၊ ဆင်းရဲသော ဒုက္ခဝေဒနာကိုလည်းကောင်း။ ပဋိဝေဒယာမိ၊ ခံစားတော်မူသေး၏။

အဲ ဤကဲ့သို့ ဒေသနာအရပ်ရပ်ကို ထောက်တော်မူသဖြင့် အားလုံးသော ယောဂီအပေါင်းတို့သည် အကျင့်ဖြင့်ဆင်ခြင်၍ ပစ္ဆိမဘဝိက အရှင်မြတ်တို့နှင့် ဒုလ္လဘအခိုက် ကြုံကြိုက်ကြပါသော်လည်း မိမိ၏ ဉာဏ်မမှီပါက သိခြင်းငှါ ခဲယဉ်းစွ၊ သာသနာ့ခေတ်ဦး ပေါရာဏ ရှေးပကတူးကသော်မှလည်း ဝေါဟာရ စကားအထူး ပြောဆိုကြဘူးသည့် ပမာကို ဟိုရှေးယခင် မဟာဂါမရွာဦး၌ အရှင်မဟာကဿပ ထေရ်မှူးသည် တောတောင်ရပ်အထူး၌ သပ္ပါယထိုက်ရာ သိုက်မြိုက်စွာဖြင့် ရိပ်ကြီးဂနိုင် တောတောင်မြိုင်၌ ရုက္ခမူလ ဝိဟာရဝယ် ယာပထလေးလီ မျှတညီ၍ ဘောဇဉ် အာဟာရ ဆွမ်းခံကြွတော်မူရာ ရပ်ရွာ၏ အလယ် ကလေးသူငယ်တွေက ကောလာဟလ သူငယ်တို့သဘာဝ ပြောဆိုကြရာ ရဟန္တာကြီး ကြွလာပါသည်ဟု အော်ဟစ်ကြရာဝယ် ဆွမ်းခံရွာအပြန် လမ်းခရီး အတန်တန်မှာ သိလိုရေးမေးပါက အရှင်မဟာကဿပ ထေရ်ဆရာက နောက်က ပါလာသည့် ဒါယကာအား ရှေ့နှင့်နောက်မခြား ပြောဆိုသည့်စကားမှာ ရှိသည်ကွဲ့ဟု ဆိုရာ အတူပင်နေငြားပါက မသိသည့်အလားကဲ့သို့—

ထိုကဲ့သို့ မေးသောဒါယကာက အတူပင် နေကြွားက မသိသည်များမှာ အခြားသောသူများအား ဤကဲ့သို့ နှံ့ညွှန်ပါကလားဟု ထိုကဲ့သို့သောစကားကို ထောက်ပါသဖြင့်ဤစာတမ်းဖြင့်ဖတ်ရှုကြကုန်သောသူတို့အား အဘယ်မှာလျှင် ပစ္စိမဘဝိက အရှင်အား သိနိုင်ကြွားပါအံ့နည်း။ မိဂဒါဝုန် ဓမ္မစကြာ ရွှေဘုံသို့ သဗ္ဗညုဉာဏ်တော် ဂုဏ်သို့သော်မှလည်း ငါးဦးဝဂ္ဂီ လက်အုပ်ချီမှု ငတ္တရားမပြု သည်များကို ရှင်တော်မြတ်ဘုရားပင်သော်မှလည်း သိဿအမှူး မိန့်ချက်တော် မထူးပါက ဤကဲ့သို့ အရာ ထောက်ထားတော်မူကြပါသဖြင့် ရွှေလက်ထက် ဌာနီမှအစ ယခုနောက်ပိုင်းသို့ ကာလအကြာဝယ် အဘယ်မှာလျှင် ယေဘုယျ နယ်, တလျှောက် သိနိုင်လောက်ပါအံ့နည်း၊ ခဲစွ။

သို့ပါမူ၍ အနုသယဓာတ်ဖြင့် ပဋိသန္ဓေ ဇနကကံသည် ဖြတ်အပ်သော ပစ္စိမဘဝိက အရှင်မြတ်တို့၏ ကိလေသာကုန်အပ်သည်ကား ကုန်ပြီးသော ကိလေသာရှိသော ရဟန္တာအရှင်မြတ်တို့သည် ကာမဂုဏ်ကို ခံစားတတ်သော တဏှာ ထိုတဏှာနှင့် သဟဇာတ်ဖြစ်သော ပသာဒရုပ် ရှိကြွားပါသော်လည်း ထိုတပ်ခြင်းတဏှာတို့၏ တည်ရာဖြစ်သော ဘာဝရုပ်အစုံတို့သည် ပုံမပျက်ဘဲ တည်မြဲတိုင်းသာ တည်တော်မူကြကုန်သည်ဖြစ်၍ ပဝတ္တိ ခန္ဓာတော်သည်ကား အနီ အရွှေ ဖြူသည် မဲသည် တိုသည် ရှည်သည်ကား ဘာဝ၏ ကံအားလျော်စွာ ခန္ဓာတော်တည်လျက် ထိုခန္ဓာ၏ တာဝန်ကား သာသနာ့အစဉ် ဆုံးသည်တိုင် အောင် ခန္ဓာ၏ အပြစ်ကို နေ့ညမပြတ် ဆင်ခြင်လျက် ယူဇနာရှစ်သောင်း လေးထောင် နှစ်ပြန်ဆောင်သော မဟာသမုဒ္ဒရာ မြင်းမိုရ်တောင်မင်းကို ထမ်းဆောင်သည်ပိုး၍ ထားရဘိသကဲ့သို့ ဓမ္မသံဝေဂဖြင့် ငြီးတွားတော်မူလျက် ဥဒါန်းတော် ကျူးရင့်သည်မှာကား–

ဘာဝေ သာတံ န ဝန္ဒာမိ၊ ဒယှန္တော တီဟိ အဂ္ဂိဟိ။

ဘာရိတော ရာဂဘာရေန၊ နေရုံ ဥဒ္ဓရိတော ယထာ။

အဲ ဤဒေသနာ ဥဒါန်းအချက် ယောဇနာအနက်ဖြင့် သမ္ဗန်ချက် ထွက်သည်မှာ–

တီဟိဒအဂ္ဂိဟိ၊ ရာဂ ဒေါသ မောဟ ဟူ‌ပြား မီးသုံးပါးတို့သည်။ ဒယှန္တော၊ တောက်လောင်အပ်သည်ဖြစ်၍။ ဘဝေ၊ ဘဝများစွာ သံသရာက။ အဟံ၊ မိဘနှစ်ပါး မွေးကျွေးသုတ်သင် ငါအရှင်သည်။ သတ္တံ၊ သက်သာရာအစု ဘာဘာခုကမှ။ န ဝိန္ဒာမိ၊ မရခဲ့လေတကား။ ရာဂဘာရေန၊ ရာဂတည်းဟူသော ခန္ဓာဝန်ထုပ်ကြီးသည်။ ဘာရိတော၊ ဝန်လေးလှချေ၏။ ကိမိဝ၊ အဘယ်ကဲ့သို့ ဝန်လေးပါသနည်း။ နေရုံ၊ မြင်းမိုရ် တောင်ကြီးကို။ ဥဒ္ဓရိတော ယထာ၊ ထမ်းဆောင်၍ ထားရဘိသလို။ ဘာရိတော၊ ဝန်လေးလှချေ၏။

အဲ-ဤကဲ့သို့ ဝန်လေးလှသည်များကို နေ့စဉ်နှင့်အမျှ ငြီးတွားလျက်နှင့်သာ နေတော်မူကြရရှာသည်များမှာ သာသနာ့အလယ်၌ တင့်တယ်ဘွယ်ရာ ရှိသည်မှာကား မှုချအားဖြင့် ထုတ်ပြလိုက်၏။ တွေ့ဘူးသူ များကြလှလေပြီ။ သို့ပါမူ၍ ဥပမာ ပြရမည်ဆိုသော် နားသောတ ဆင်အပ်ကြရာဝယ် မဟာသမုဒ္ဒရာ၏ အလယ်၌ နက်နဲ ကျယ်ဝန်း လှစွာသော ရေအပြင်ဝယ် မဟာသမုဒ္ဒရာ၏ ကြက်သရေကို ဆောင်မြဲတံထွာ ဓမ္မတာဖြစ်သော လှိုင်းကြီးလှိုင်းငယ် ဝဲကြက်ခွပ် အသွယ်သွယ်နှင့်တကွ တိမိရငါး, တိမိင်္ဂလငါး အစရှိသော ငါးကြီးရှစ်စင်းနှင့်တကွ ခုနစ်ပါးသော ရတနာတို့ဖြင့် တန်ဆာဆင်အပ်သော သမုဒ္ဒရာ၏ ကြက်သရေကို ဆောင်သော တန်ဆာအလားကဲ့သို့ ရှစ်ပါးသော အင်္ဂါနှင့် ပြည့်စုံတော်မူသော သာသနာတော်ကြီးဝယ် ၉-ပါးသော သံဃာ့ဂုဏ်နှင့် ပြည့်စုံတော်မူကြလျက် ပရမတ္ထအစစ် ဖြစ်ကြီးဖြစ်လျက် မဂ်လေးတန် ဖိုလ်လေးပါး ဤကဲ့သို့ သာသနာတော်၌ကား ထင်ရှားရှိသည်များကို ပစ္ဆိမဘဝိက ပုဂ္ဂိုလ်တို့၏ သိအပ်ရာ သိထိုက်ကြောင်း ရှင်တော်မြတ်ဘုရား၏ ပဝေဏီထုံးဟောင်း ကျမ်းအပေါင်းဖြင့် စုဆောင်းလျက် ပစ္ဆိမဘဝိက အရှင်မြတ်တို့က ရှိကြောင်း ပဋိသမ္ဘိဒါကျမ်းဟောင်း ပေတကောပဒေသ အဓိကာရပုဒ်အပေါင်းတို့အား ပုဂ္ဂိုလ်အနေဖြင့် အကြောင်း ရှေးဉာဏ်တော် မိန့်တော်မူခဲ့ကြောင်း ဆင့်လောင်း၍ ဘွင့်ခဲ့သည်အကြောင်း—

ကောသံ ဟိ ဝိသယော ဩ၊ ပတိဋ္ဌ ကေ လဘိဿရေ။
ဝိနာ ကမ္မသမာဒါန၊ ဉာဏသာမိ မဟေသိနာ။

ဤကဲ့သို့ အလာ ဒေသနာစကားဖြင့် ဟောကြားတော်မူခဲ့သည်မှာ ယော ဇနာလိုရကား—

ကမ္မသမာဒါနဉာဏသာမိမဟောသိနာ၊ ကမ္မသမာဒါန ဉာဏသာမိဉာဏ်ကို အစိုးရတော်မူသော မြတ်စွာဘုရားသခင်ကို။ ဝိနာ၊ ကြဉ်၍။ သေ၊ ဤသာဝက တို့၏ ပစ္ဆိမဘဝိက ပရိစ္ဆေဒကို ပိုင်းခြား၍ သိနိုင်ခြင်းသည်။ ကေသံ၊ အဘယ် အမည်ရှိသော သူတို့၏။ ဝိသယော ဒေသော၊ အရာ ဟုတ်ချေတော့အံ့နည်း။ ဧတ္ထ၊ ဤပစ္ဆိမ ဘဝိကအရာ၌။ ကော၊ အဘယ်အမည်ရှိသော သူတို့သည်။ ပတိဋ္ဌံ၊ ထောက်တည်ရာကို။ လဘိဿရေ၊ ရနိုင်ပါအံ့နည်း။

ဤကဲ့သို့ ဒေသနာအရပ်ရပ်ဖြင့် ကျမ်းအပေါင်းတို့နှင့် ညီသောက်၍ ပစ္ဆိမ ဘဝိကသို့ ရောက်တော်မူကြကုန်သော အရှင်မြတ်တို့၏ ဂုဏ်တော်အပေါင်းတို့ သည်ကား တင့်တယ်တော်မူကြ၍ သာသနာတော်ကြီး၏ ကြက်သရေအရောင် တို့သည် တိုးတက်၍ ဆောင်တော်မူကြကုန်သော ပုဂ္ဂိုလ်အပေါင်းတို့တွင် အနိဝတ္တန အဘဗ္ဗ ပုဂ္ဂိုလ်များမှအပ အစုံအစုံသော ဠတ္ထိဘာဝ ပုရိသဘာဝ ထင်ရှားစွာ ရှိတော်မူကြပါလျက်—

ယမိုက်ကျမ်း အကောက် ထန်းတပင်ဆရာတော် ဘုရားကြီး မိန့်မြွက်၍ ဆုံးမတော်မူသောစကား သောတဇန အပေါင်းတို့အား ဘွင့်ဟ၍ ဝေဘန် တော်မူသော စကားအရကား သာသနာတော်၏အလယ် ကြက်သရေဆောင် ခဲ့သည်မှာကား ပစ္ဆိမဘဝိက ပုရိသ ပုဂ္ဂိုလ်တွင်သာမက ဠတ္ထိဘာဝ အမျိုး ဒါယိကာမများသော်မှလည်း ဆောင်နိုင်ကြသည်များကို ဆိုဆုံးမစကား ရှိတော်မူကြသည်မှာကား -

ထိုစကားအရ သတပဒိကပုဏ္ဏာ အရှင်များက သော်မှလည်း သိလိုသော အားဖြင့် ကျမ်းအစောင်စောင်၌ ရှိငြားပါက တွေ့ရှိသော အရှင်မြတ်များ ဘော်ထားတော်မူပါဘုရား ဟု ဝစနာစကား လျှောက်ထားတော် မူသည်မှာ- သို့သော် သဘာပဒိကပုဏ္ဏာ အရှင်များက မိမိ၏ ဂုဏ်လဒ္ဓ ထုတ်ပြအပ်ဝစနာ ရေးခြစ်၍ စီထားခဲ့သည်မှာ- တေစတ္တာလီသ ကထေတုကမျတာအရ—

ကွင်းမချန်၊ အနက်ဉာဏ် အကုန်လှပေတဲ့၊ သုတဘုရား။ တကယ်မှန်၊ ဝိသာခါချိန်တန်လို့၊ လိုင်ပြန်မည် သည်ပါဠိကို၊ ဘုန်းသိငဲ့လား။ ဟူရာ၌—

ကြည့်ရှုဟန်၊ မြတ်ကျမ်းဂန် အတန်ပေါက်ပြီဟု၊ ထင်ရောက်မိခြင်း။ တကယ်မှန်၊ ဝိသာခါချိန်တန်လို့၊ လိုင်ပြန်မည်သည်ပါဠိ၊ ဘုန်းသတိကင်း။ (မရှိ။)

ဤအရာ၌ ထန်းတပင်ဆရာတော်ဘုရားကြီး မိန့်မြွက်တော်မူသည်မှာ ပစ္ဆိမဘဝိက မာတုဂါမတို့မည်သည်ကား အကုသလကမ္မပထ မိစ္ဆာစာရကြောင့်သာ လိင်အပြ မရရှိပါက သဥပါဒိသေသမှ အနုပါဒိသေသအကျဝယ် လိင်ပြန်မှ သာလျှင် နိရောဓအကုသလခန္ဓာမှ သဘာဝအရ လိင်ပြန်တော်မူမည်မှာ မလွဲသာတည်း။

ဤကဲ့သို့ ထန်းတပင်ဆရာတော် ဆိုဆုံးမစကား ဣတ္ထိ ပုရိသမခြား ပစ္ဆိမဘဝိက ပုဂ္ဂိုလ်နှစ်ပါးကား တသားတည်း တူသည်များကို တဆင့်စကား အထောက်အထားဖြင့် ဤသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးသားအပ်သော ဆရာတော်ဘုရားအားကား တနေရာအားဖြင့် အထောက်အထားပြုသည်မှာ ကထာဝတ္ထုမှာစကား အဋ္ဌကထာများက ဘွင့်ထားခဲ့သည်မှာ ဉာဏ်နက်စွာ ယှဉ်ကြစေလို၍ -

ပုဗ္ဗေ အတ္ထိ အရဟတော ဝိမတိတိ ဣတ္ထိပုရိသာနံ နာမဂေါတ္တာဒိသု သန္နိဋ္ဌာနဘာဝံ သန္ဓာယ ပဋိဇာနာတိ။

ဟု မုချရှိသည်ကို ယောဇနာလိုသည်မှာ--

ပုဗ္ဗေအတ္ထိအရဟတောဝိမတိတိ၊ ဟူသည်ကား။ ဣတ္ထိပုရိသာနံ၊ မိန်းမယောကျ်ားတို့၏။ နာမဂေါတ္တာဒိသု၊ အနွယ် အစရှိသည်တို့တွင်။ အဝိသေသတော၊ အထူးမပြုသည်ဖြစ်၍။ ဝါ-အထူးမဟောခဲ့သည်ဖြစ်၍။ သန္နိဋ္ဌာနဘာဝံ၊ ဆုံးဖြတ်ခြင်းကို။ သန္ဓာယ၊ ရည်၍။ ပဋိဇာနာတိ၊ သိထိုက်၏။

ဤကဲ့သို့ ဒေသနာ၌ မုချရှိ၍မို့ ပစ္ဆိမဘဝိက မာတုဂါမတို့ ပရိနိဗ္ဗာန်အကျ လိင်ကျခဲ့သည်များကို ထန်းတပင်ဆရာတော် ဆိုဆုံးမသည့်စကားအရ သတပဒိ-

ကပုဏ္ဏားရှင်က ကျမ်းဂန်တွင် တွေ့သိ၍ မြင်ပါက ဘော်ထွင်၍ ပြစေချင် စိတ်အစဉ် ညွတ်ပျောင်းလျက် ဘော်ထွင်လိုကြောင်း ထပ်ခါဖြင့် စာတောင်းခဲ့ သည်မှာ -

စာကျမ်းဂန်၊ ကြည့်ရှုပြန်၊ အတန်ပေါက်ပြီဟု၊ ထင်မိရောက်မှန်း။ ဝိသာခါ၊ လိင်ပြန်မည်သည်ပါဠိ၊ ဉာဏ်ကင်း၍မသိချေ၊ ဝိသာခါလိင်ပြန်မည့် ပါဠိ၊ တွေ့သိလျှင် တကယ်ရှိ၊ ထုတ်ပြခဲ့လေဘိ။

ဤကဲ့သို့ သတပဒိကပုဏ္ဏားအရှင် "လိုလားအင် စိတ်တွင်အရှိ၊ သံသာရပါရဂူ တက်လှမ်းလျှင် အစဉ်ရှိ ရေးထုတ်အင်ဘိ"ဟု ပစ္ဆိမဘာဝိက ပုဗ္ဗာဝတွင်မဟာ ဏ္ဏတ္ထိရှင် ရှိကြမျှားသည်ကိုပင် ပါဠိနှင့်တင်၍ ပုဂ္ဂိုလ်တွင် ထင်ရှားငြား စဉ်စကား မပျက် ဆုံးမချက်နှင့် စွက်ဖက်၍ပြသည်မှာ -

နိရုတ္တိမဉ္ဇူသာ၊ သဒ္ဒပဒ်ကျမ်းမူမှာ၊ ဋီကာဟုဆိုထား။ ဤကဲ့သို့ အရှိ သား၊ တွေ့သိအောင် ရှာကြငြားပါက၊ ပစ္ဆိမဏ္ဏတ္ထိသား၊ ဘာဝိက အထင် အလျား၊ ပါဠ်ပါဠိဒေသနာ မှာထားတော်မူလိုက်သည်ကား—

န ဟိ တာသံ သမ္ဗာသံ တသ္မိံ ဘဝေ ပဝတ္တော ပုရိသိန္ဒြိယံ န ဥပ္ပဇ္ဇိဿတိ လိင်္ဂပရိဝတ္တနသမ္ဘဝါ။

ဤကဲ့သို့အရာ ယောဇနာလိုက်သည်မှာ—

ဟိ၊ နေယျတ္ထမှတပါး နီတတ္ထကိုဆိုဦးအံ့။ သမ္ဗာသံ၊ ခပ်သိမ်းကုန်သော။ တာသံဏ္ဏတ္ထိနံ၊ ထိုပစ္ဆိမဘာဝိက မာတုဂါမတို့အား။ တသ္မိံ ဘဝေ၊ ထိုအဆုံး ဘဝ နောက်ကာလ၌။ ပဝတ္တော၊ ရောက်လတ်သည်။ သတိ၊ ရှိသော်။ ပုရိသိန္ဒြိယံ၊ ယောကျာ်း၏ အဖြစ်သည်။ န ဥပ္ပဇ္ဇိဿတိ၊ မဖြစ်သည်လတ္တံ့ကား။ န၊ မဟုတ်။ ဥပ္ပဇ္ဇိဿတိဝေ၊ ဖြစ်တော့သည်သာလျှင်တည်း။ ကသ္မာ၊ အဘယ့်ကြောင့် နည်း။ လိင်္ဂပရိဝတ္တနသမ္ဘဝါ၊ လိင်ဘောက်ပြန်ခြင်းငှါ ထင်ရှားသည်၏ အဖြစ် ကြောင့်တည်း။

ဤကဲ့သို့ ဒေသနာတော်ဝယ် ယမိုက်ကျမ်းအကောက် ရေးထုတ် စီစဉ်၍ ဖွင့်ထုတ်အပ်သော ထန်းတပင်ဆရာတော်ဘုရားကြီး ဆိုဆုံးမတော်မူအပ်ရာဝယ်

သောတုဇနု သိဿာနုသိဿ ပရံပရ အဆက်ဆက်က လာခဲ့သော သုတဆိုစကား အရ ဝေဘန်ကြသည်မှာကား ပုရိသပုဂ္ဂိုလ်ကို ဝေမတိက မထားပါဘဲ ပစ္စိမ ဘဝိက မာတုဂါမအဘို့ကိုသာ ဝိမုတ္တိရသ အရဟတ္တမဂ်သို့ ကျပါက ပုရိသလိင် အသွင် ပြရမည်မှာ မလွဲပါ၍ ဣတ္ထိဘာဝ ပုရိသ လိင်နှစ်ဝတ္ထုမှာ အနုပါဒိသေသ သို့ သဘာဝနွယ သို့ပါကမှ ပရိနိဗ္ဗုတ ရကြမည်မှာ မလွဲသာတည်း ဟူရာ၌—

သို့ပါ၍ ထန်းတပင် ဆရာတော်ဘုရားကြီး၏ ဆိုဆုံးမသောစကား ထင်ရှား စွာ သာခက သမာနုသံဝဏ္ဏေတဗ္ဗ နိရုတ္တိမဥ္ဇူသာ ဒေသနာအလာ ဖွေရှာ၍ ကြည့်ပါက "န ဟိ တာသံ သဗ္ဗာသံ ။လ။ လိင်္ဂပရိဝတ္တနသမ္ဘဝါ" ဟု နောက်က ယောဇနာခဲ့သည်မှာ ကြိုက်ရာကိုသာ ပညာရှိတို့အရာသဘောတထွ ဓမ္မတာဖြင့် ညှိနိုင်းစေရာ ယထာရဟ အနေကိုသာတည်း၊ သို့ပါ၍ ဤအရာ၌ သဗ္ဗညုမြတ် အရှင် နိက္ခမရွှေစင်ဖြင့် ဖိုး အနဂ္ဃ ထိုက်တန်လှသော ရွှေမေတ္တာ ဝစနာစကား မိန့်မှာထားခဲ့သည်မှာ—

မိန်းမ ယောကျ်ား နှစ်ဦးသားတို့သည် ဝိသေသတရား နှစ်မျိုးနှစ်စား မကွဲ မပြား ပါရမီ ပုဂ္ဂလ ကမ္မဗလအားလျော်စွာ အသေက္ခအရာတော်များမှာ အဝိသေသမထား တသားတည်း တူသည်များကို နိပ္ပရိယာယအားဖြင့် ထုတ်ဘွင့် ၍ပြသည်မှာ—

ပုဗ္ဗော အတ္ထိ အရဟတော ဝိမတ္တိ ဣတ္ထိ ပုရိသာနံ နာမဂေါတ္တာဒိသု သန္နိဋ္ဌာနဘာဝံ သန္ဓာယ။

ဟု ဝစနာရွှေနှုတ်တော်ဖြင့် ဝတ္ထုစကား ဟောကြားတော်မူခဲ့သည်ကား ထင်ရှားလှ၍ နောက်က ယောဇနာတော်မူခဲ့သည်ကို သတိကြီးစွာဖြင့် ဉာဏ် အထောက်အထား ပြုတော်မူကြစေကုန်ရာသည်။

ဤကား ဤနေရာ၌ ဝေဘန်အပ်ခဲ့ရာဝယ် ပစ္စိမဘဝိက ဣတ္ထိဘာဝတို့ ပရိနိဗ္ဗာနအကျ လိင်ပြန်၍ပြသည်မှာ အချို့သောကျမ်းဆရာတို့၏ အယူမတူ စာမူမမျှကြသည်မှာ နိရုတ္တိမဥ္ဇူသာနှင့်တကွ မူလဋီကာတို့၏ ယူဆပုံ ဝေမတိက ဖြစ်ကြသည်မှာ—

တာသံသဗ္ဗာသံ အစရှိသော စကားကို ပြဆိုရာဝယ် အလိုတော် အာဘော် ဟုတ်မှန်စွာ မသိကြ၍ ဆုံးဖြတ်ပြောဆိုအပ်သော စကားအရ အဋ္ဌကထာနှင့် မကိုက်ညီပါ၍ အချို့သောကျမ်းဆရာတို့ မယူကြရာ စင်စစ်မှာမူ လိုအပ်သည်ကိုသာ ယူကြပါက သင့်မြတ်သည်ကိုသာ သဘောမျှတကြပါ၍ ဣန္ဒြိယယမိုက် ထုတ်ဘွင့်၍ ပြအပ်ရာဝယ်—

ယဿ ဃာဏိန္ဒြိယံ ဥပ္ပဇ္ဇတိ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ ဃာဏိန္ဒြိယံ ပစ္ဆိမဘဝိကာနံ ဥပပဇ္ဇန္တိနံ ယာဝစ ဃာဏိယော ဧတေနေဝ ဘာဝေန ကတိစိဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ။

ဟု ဘွင့်ပြသည်ကို ထောက်ပါသဖြင့် အကြင်ပညာရှိ အပေါင်းတို့အား ဓမ္မပ္ပဋိဂ္ဂါဟက ပုဂ္ဂိုလ်ကို စုံစမ်းပါက ကျမ်းဂန်နှင့် ညီ မညီ အမှန်ဖြင့် သိကြရမည်မှာ ကာလအားလျော်စွာ လောကအနေအားဖြင့် ပါဠိတော်ဓမ္မနှင့် ညီမညီကို လက်တွေ့စုံစမ်းပါက ထင်ရှားကြသည်ကို သည်သဘောတော် အလိုအားဖြင့် ညှိနှိုင်း၍ ယူတော်မူကြပါက သင့်မြတ်၏ဟူလို။

သို့သော် အရှင်ပညာရှိများ ကြိုက်ရာကိုသာ ကျမ်းညှိ၍ ယူတော်မူကြပါကုန်။

ဤကဲ့သို့ အကြောင်းအရပ်ရပ် အထပ်ထပ်ဖြင့် သိလိုအပ်ကြကုန်သော အမေးပုစ္ဆာ အထွေထွေ အဖြေဖြင့် ပေးရမည်ဆိုသော် ဃာဏ ပုရိသ သဘာဝ တို့၏ တည်ရာ အာသဝ အာလယတို့၏ ရှိ မရှိ ပုစ္ဆတုအရကား ပရိဟာရ အဖြေကိုရှာ ဒေသနာအနေမှာ—

အတ္တ တဿ အာသယောတိ ဥစ္စာရပဿာဝံ ဝါ ပတိဋ္ဌာနောကာသော အတ္တဝိယ တဿ သုက္ကဿ ပတိဋ္ဌာနောကာသော အတ္တီတိ ပုစ္ဆတိ။

ဤကဲ့သို့ ဒေသနာအရှိ အဋ္ဌကထာကို ဘွေ့ရှာ၍ ကြည့်ပါက ပဋ္ဌပကရဏအဘွင့် အမကောက် ထောက်တည်မှုပြု အပြီးသို့ရောက်တော်မူပါက အာဘော် အကျ ပြရမည်ဆိုပါက ဤကဲ့သို့ ကျမ်းအရှိ ယောဇနာမူလိုဘိခဲ့သော်-

အတ္တိတဿ အာသယောတိ၊ ဟူသည်ကား။ တဿပုဂ္ဂလဿ၊ ထိုအသေက္ခပုဂ္ဂိုလ်၏။ ဥစ္စာရံ ဝါ၊ ကျင်ကြီးသည်ရင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်သည်ရင်း။

ပတိဋ္ဌာနေ့ာကာသော၊ တည်ရာအခွင့်အရေးသည်။ အတ္ထိဝိယ၊ ရှိဘိသကဲ့သို့။ အတ္ထိ၊ ရှိရသေး၏။ (ထည့်) ဝေါ၊ ဤအတူ။ တဿ၊ ထိုအသေက္ခပုဂ္ဂိုလ်ဟု ဆိုအပ်သော။ သုက္ကဿ၊ သုက်အား။ ဝါ- သုက်သွေးအား။ ပတိဋ္ဌာနော-ကာသော၊ တည်ရာအခွင့်အရေးသည်။ အတ္ထိ၊ ရှိ၏လော့။ ဣတိ၊ ဤသို့။ ပုစ္ဆတိ၊ မေး၏။ ဝေဝံသတိ၊ ဤသို့မေးခဲ့သည်ရှိသော် -

ဤကဲ့သို့ ပုစ္ဆကဝါကျ ကျမ်းဒေသနာ၏ အမှန်အရ အမေးဖြင့် မုချရှိပါက တနေရာ တဌာနက ဖြေရမည်မှာ မလွဲပါ၍ ဝိသဇ္ဇနာ ကျမ်းဒေသနာ မခဲစွာဖြင့် ဘွေ့ရှာရမည်မှာကား သဘာဝအကျ မြမ္မနွယ အရဟန္တကာလ ခုမကြာဘင့်ထုတ် ၍ ပြသည်မှာ -

သဒ္ဓမ္မကုသလဿာတိ အတ္တာနော အရဟတ္တဓမ္မမတ္တံ ယောဝ သန္ဓာယ ဝုတ္တံ။

ဟု ကျမ်းကထာငတ္ထု သံဏ္ဌာနာ အဋ္ဌကထာပုဒ် ဒဠှိဝုစ်ထုတ်၍ ယောဇနာ တော်မူလိုက်သည်မှာ -

သဒ္ဓမ္မကုသလဿာတိ၊ ဟူသည်ကား-အတ္တာနော၊ မိမိ၏။ အရဟတ္တဓမ္မမတ္တံ-ယောဝ၊ ရဟန္တာပုဂ္ဂိုလ်၏ မြေတာသဘော ဖွယ်ရာမျှကိုသာလျှင်။ သန္ဓာယ၊ ရည်၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူလေ၏။

ဤသည်ကား ဤကဲ့သို့ ဝေဘန်အပ်ခဲ့ပြီးသော အရာရာတို့ဖြင့် ကျမ်း အစောင်စောင် ဒေသနာအရပ်ရပ်တို့၌ ဘွင့်ထုတ်လုံလောက်ပါ၍ ဉာဏ်ခရီးဖြင့် ဆိုက်ရောက်တော်မူကြကုန်သော ပညာတော် အရှင်မြတ်တို့အားကား မိမိ၏ အဇ္ဈတ္တ ဟတ္ထမုဋ္ဌိနည်းဖြင့် ချင့်ချိန်၍ ထောက်တည်ရာတခု အားကိုးပြုကြ ပါ၍ ပဋိသန္ဓေ ဘဝင် ဝိညာဏဓာတ် ဖြတ်ပါ၍ အားထုတ်အပ်ပြီးသော မနော ဒွါရ ဟဒယဝတ္ထုဇဖြင့် ပညာထင်လျက် မဂ်အစဉ်ဖိုလ်အစဉ်ဖြင့် ဖြတ်ခဲ့သော အနုပ္ပတ္တိ သဒ္ဒတ္ထဂုဏ်တော်ဖြင့် ဆင်ခြင်တော်မူခဲ့သော် မိမိ၏ ဟဒယဝတ္ထု ဘဝင် စိတ်ဖြင့် ပဋိသန္ဓေက ပါလာခဲ့သော ယယ်လျစွာသော သွေးယယ်ပေါက်၏ ဥသ္မ-တေဇော ပါစကဝိညာဉ် စိတ်အစဉ်ဖြင့် ဖြတ်တော်မူအပ်သော မဂ်တည်းဟူသော ပညာဉာဏ်တော်ဖြင့် တင်စား၍ ဆင်ခြင်တော်မူဆဲဝယ် မိဘနှစ်ပါးတို့၏

အညစ်အကြေးဟုဆိုအပ်သော အဝိဇ္ဇာတို့၏ ကာလအကြားမှ တေဇောခုတ် ရှိန်တို့ဖြင့် တိုးပွားလျက် ၆-လအကျော် ၁၀-လသို့အရောက် ယခု ပဝတ္တိဘဝ ပစ္စုပ္ပန် ကာလ၌ အမောဟ တည်းဟူသော ပညာဉာဏ်ဖြင့် သုံးသပ် ဆင်ခြင်၍ မဇ္ဈိမ ပဋိပဒါ အစဉ်အားလျော်စွာ လေးပါးသော သစ္စာတို့ကို တပြိုင်နက် တချက်ထည်း ထိုးထွင်း၍ သိလိုက်ခဲ့သော် အမောဟဉာဏ်ဖြင့် ဆင်ခြင်၍ အတိုက်လိုက် ကိလေသာ တည်းဟူသော ဇောအမြုက် ကုသိုလ်ဇော ပါရမီအလိုက် ချိုက်ခနဲ ပညာတော် အဆိုက်တွင် လက္ခဏာ ရသ ပစ္စုပဋ္ဌာန် ပဒဋ္ဌာန်နှင့်တကွ နီးစွာသောအကြောင်း ဆိုက်ပါက အနတ္တလက္ခဏာ သုတ္တန္တ ပါဠိတော်အလာ ထွတ်ဘုန်းတော် မြွက်ကြားတော်မူခဲ့သည်မှာ ပါဠိပါဌ် မာဂဓ အရာမှ ပါဒမျှမပါ ဝေါဟာရ စကားအရာ သူ့ဌာနနှင့် သူ့ဘာသာ ငါးဦး သော ဝဂ္ဂီတို့အား သဘောမျှ စကား ပြောကြား၍ ဟောသည်မှာ—

ဣမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသု။

ဤကဲ့သို့ အနတ္တလက္ခဏာ ဖွေ့ရာ၍ ကြည့်ပါက ငါးဦးသော ဝဂ္ဂီတို့အား အသေက္ခအရာတော်သို့ မူချရောက်တော်မူကြသည်ကို ဒေသနာစကားအလာ ဝေါဟာရသညာဖြင့် မြန်မာစကား သဘောသွားအနေ ပြောဆိုလိုက်သည် မှာကား ဤသို့ ပါဠိမဘက် ဝေယျာကရဏအချက် ဘာသာစကားဆက်ဖြင့် ရှင်တော်မြတ် ပြောကြားခဲ့သည်ရှိသော် ငါးပါးသော ပဉ္စဝဂ္ဂီရဟန်းတို့အား တဏှာဒိဋ္ဌိတို့သည် မစွဲလမ်းပါမူ၍ အာသဝေါတရားတို့မှ စိတ်တို့သည် လွတ် မြောက်၍ သွားကုန်ပြီတဲ့။

ဤကဲ့သို့ အနတ္တလက္ခဏာ ဒေသနာတော်၌ ပဉ္စဝဂ္ဂီငါးဦးတို့သည် အရဟတ္တ မဂ် အရဟတ္တဖိုလ်သို့ ပေါက်တော်မူကြ၍ ယခု ပစ္စုပ္ပန်ဘဝ ပဝတ္တိကာလဝယ် ပဋိသန္ဓေ ဝိညာဏ်ဖြင့် သိမ်းဆည်းနိုင်ကြကုန်သော ဝိမုတ္တိအရှင်မြတ်တို့သည် ထိုပဋိသန္ဓေစိတ်မှ စုတိစိတ်တော်သို့ အရောက် ဘင်္ဂက္ခယ၏အဆုံး၌ ဥသ္မတေဇော ခုတ်ရှိန် ပါစကတေဇောခုတ်ရှိန် အကြောင်းနှစ်ပါးတို့ကြောင့် ပူသဘော သတ္တိမျှကလေးကို သစ္စာလေးပါး အရဟတ္တမဂ်တရား ကိစ္စဖြင့် ဖြတ်လိုက်ခြား

ပါက မဂ်ကိစ္စပြတ်လျက်သာ ဆက်ခါဆက်ခါ အဿာသပဿာသ ဖိုလ်ဇော အကျ ဇီဝိတိန္ဒြေမျှသာ စောင့်စည်းလျက် ခန္ဓာတော်တည်ရာငယ် စုတိစိတ်တော်မှ အတိတ်ပဋိသန္ဓေသို့ အာရုံတော်ဖြင့် စောင့်စည်းလျက် ပဋိသန္ဓေနှင့်စုတိ ပဝတ္တိဖြင့် စပ်၍ တထပ်ထည်း စပ်သည်ကို ပြလို၍—

ယထာသမ္ဘဝံ ဘဝင်္ဂန္တရိတာ ယာဝတာယုက မဗ္ဗောစ္ဆိန္နံ ပဝတ္တတိ။

ဟု အဋ္ဌကထာရှိ၍မို့ အသေက္ခအရာ ခန္ဓာတော်တည်သမျှ ကာလပတ်လုံး ဇီဝိတိန္ဒြေဖြင့် စောင့်စည်းတော်မူသည်မှာ ယောဇနာတော်မူလို၍—

ယထာသမ္ဘဝံ၊ သုက်သွေး ကံကြွင်း မကင်းဖြစ်သင့်ထိုက်သည်ဖြင့် အသေက္ခ ဉာဏ် အရှင်အားလျော်စွာ။ ဘဝင်္ဂန္တရိတာ၊ လောကအတွင်း ဘဝင်နှင့်မကင်း သည်တိုင်အောင်။ ဝါ-၍။ ယာဝတာယုကံ၊ ခန္ဓာတော်မကိန်း၍ အနုပါဒိ သေသခေတ်သို့ မငြိမ်းသမျှ ကာလပတ်လုံး။ အဗ္ဗောစ္ဆိန္နံ၊ မပြတ်စပ်လျက်။ ပဝတ္တတိ၊ ဖြစ်၏သော်သာ။

ဤကဲ့သို့ ယောဇနာတော် မူလိုက်သည်မှာကား ဟတ္ထမုဒ္ဒ နည်းရှင်တို့၏ ဒိဋ္ဌဓမ္မသုခဝိဟာရ ပစ္စက္ခသိဒ္ဓိအရ ပဋိသန္ဓေစိတ်နှင့် စုတိစိတ်တော်ငယ် အရဟတ္တမဂ် အရဟတ္တဖိုလ်တို့၏ ဉာဏသာဂရနယ်မှာ အင်မတန် ကျယ်လွန်းလှပါ၍ ဟတ္ထမုဒ္ဒ နည်းအသွယ်သွယ်တို့ဖြင့် ပညာဉာဏ် ကျယ်တော်မူကြကုန်သော အသေက္ခဉာဏ်စိတ်ဖြင့် ပစ္ဆိမဘဝိက စိတ် ရိပ်သော ပုဂ္ဂိုလ်တို့မှသာလျှင် ဘဝင်ဉာဏ်စိတ်ဖြင့် ဒွါရဝိမုတ်စိတ် ခပ်နှိပ်နိုင်ကြပေမည်၊ သို့ပါသောကြောင့် နောက်ကပြခဲ့ပြီးသော ဘဝင်စိတ်တော်သည် သတ္တဝါတို့၏ နောက်ဆုံးစိတ် ဖြစ်တော်မူသည်မှာ-

ယသ္မာ ဘဝင်္ဂစိတ္တံ သဗ္ဗပစ္ဆိမံ တတော ဘဝတော စုတိတိ ပုစ္စတိ။

ဟူ၍ နောက်က ပြတော်မူခဲ့သောအချက် ဤအနက်ဖြင့်သာ ရောစွက် တော်မူခဲ့၍ သိထိုက်လှပေတော့၏၊ ပစ္ဆိမဘဝိက ဉာဏ်မရိပ်တော်မူပါက ခဲယဉ်း ဘော်မူကြပေစွ၊ ဤနေရာ၌ ပေါရာဏဝစနာလင်္ကာစကား ကြားဘူးခဲ့သည် မှာကား-

ပရိယတ်ကျမ်းကျင် ပေါက်ရောက်လျှင် အထင်ဟောတတ်၏။
ပဋိပတ်ကျမ်းကျင် ပေါက်ရောက်လျှင် အမြင်ဟောတတ်၏။

သို့သော် ဤနေရာ၌ ပရိယတ္တိနှင့် ပဋိပတ် ရောစပ်၍ ယူတတ်ကြပါက ပဋိဝေဓ ဆိုက်နိုင်တော်မူကြကြောင်း ထုံးဟောင်းသက်သေ ပုံနှုန်းမသေွ ရှာဖွေ တော်မူကြစေလို၍ သုတ မုတ အာစရိယပရံပရ သိဿာနုသိဿ ဆက်ဘော် မူကြသည်မှာ စုံစမ်းမေးမြန်း ကြည့်ရှုဆင်ခြင် ဉာဏ်အမြင်နှင့် ပြည့်စုံသော ဆရာအရှင် အဘယ်လိုရှာရလျှင် အဘယ်ကဲ့သို့ တွေ့မြင်ပါက မျက်စိမြင်နှင့် နားကြား ဒေသနာ ထားတော်မူခဲ့သည်မှာကား -

တပါးသောသူက ပြောပါက ကြားသည်မှ ဆောတလျှင် တောက်တပို ထိုခဏ သွား၍သာကြည့်ပါက မြင်မှုနဲ့ကိစ္စ ထိုဆရာ၏သိပ္ပအရာ မုတဟုထင်လာ က ဒေသနာ ရွှေပေလွှာ အဖြေကိုရှာပါက ဘွင့်ပြသည့် ဋီကာမှာ -

ပရတော သုတွာ ပဋိလဘတိတိ ဧတ္ထ ကမ္မာယတနာဒီနိ ပရေန ကိရိယ မာနာနိ ဝါ ကတာနိ ဝါ ဒိသွာပိ ယဿကဿစိ ကထယမာနဿ ဝစနံ သုတွာပိ အာစရိယဿ သန္တိကေ ဥဂ္ဂဟေတွာပိ ပဋိလဒ္ဓါ။

ဤကဲ့သို့ လာသည်မှာ သမ္မောဟအဋ္ဌကထာ ရှာတော်မူကြပါက မုချတွေ့ရှိ ရမည်မှာ နောက်က ယောဇနာခဲ့ပါ၍ ဤ၌သာ သိထိုက်ရာဝယ် သဒ္ဓိဝိဟာရိက အရာဖြင့် ကိုက်ညီပါက ဘာသာအလိုက် သာသနာဖြင့် လျှော်ထိုက်သည်မှာ—

သဗ္ဗာ ပတ္တော သုတွာယေဝ ဥဂ္ဂဟေတွာပိ ပဋိလဒ္ဓါ။

ဟူ၍ နိဒ္ဒါရဏဒေသနာ အဋ္ဌကထာအရာ ကာလများစွာကြပါက ပို၍သာ ဥပကာရ ပညာဉာဏ်ပြည့်ဖြိုး၍ ခေနပွားတိုး သာသနာမှာ အားကိုးဖွံ့ဖြိုး၍ လောကအလယ်မှာ အံ့ချီးသူဘယောက် ပါရဂူဖြင့် မြောက်လောက်သူကား ဟူ၍ အတိုင်းထက်အလွန် တံခွန်နှင့်ဘုရား ဆိုရိုးရှိသည့် စကားကဲ့သို့ သို့ပါ သောကြောင့် ဝိညာဏခေတ်ကို သိမ်းဆည်းရာဝယ် အရဟတ္တမဂ်ဉာဏ် ဖြတ်ပါက ဝိညာဏခေတ် ပြတ်တော်မူ၍ ဇီဝိတိန္ဒြေမျှသာ စောင့်စည်း၍ ပြတ်ဘူးသော သူမှသာလျှင် သိထိုက်ရမည်မှာကား—

ဆရာသမား ဟောပြောသည့်ဓမ္မအချက် နားသောတ ပညာတော် သက်ခဲ့သော် ကြောင့် – ငါသည်ကား သောတာပတ္တိ မဂ်ခဏကပင် ရာဂအစရှိသော ဆယ်ပါးသော ကိလေသာနှင့်တကွ စိတ်ဝိညာဏ် ပြတ်ခဲ့သည်မှာကား နိပ္ပရိယာယဉာဏ်အား အဆက်ဆက် သောတာပတ္တိ မဂ်ခဏမှ ပစ္ဆိမဘဝိက ဖိုလ်ခဏသို့တိုင်အောင် ပစ္စဝေက္ခဏာဉာဏ်အမြင် အနုဗောဓဉာဏ် အမြင်ဖြင့် ဆင်ခြင်ခဲ့သော် ပညာဉာဏ်ဖြင့် မြင်တော်မူ၍ လေးပါးသောမဂ်, လေးပါးသောဖိုလ်တို့တွင် ပယ်စဉ်ဖြင့်သာ ကွဲပြား၍ လေးပါးသော မဂ်၏အရ သစ္စာလေးပါးချည်းသာ သဘောတူမျှ၍ ကေတ္တနယ ကေပဋိဝေဓ သဘာဝအကြောင်းအရ အကျိုးဖလ လေးပါးသော ဖိုလ်ခဏ၌ သဒိသူပစာရ သဘောတူမျှသည်မှာ ဒေသနာအရ မုချရှာပါက ဘွင့်ပြတော်မူရမည်မှာ –

သောတာပန္န ဖလသမာပတ္တိတ္ထာယာတိ အာဒိနာ ပန စတုသုပိ ဖလေသု ကေသဒိသံ ဒေသနာယ အာဂတတ္တာ သောတာပန္နသကဒါဂါမိနောပိ အတ္တနော ဖလံ သမာပဇ္ဇန္တီတိ ဝိညာယတိ။

ဟု မဟာဋီကာ မုချရှိသည်မှာ အကျိုးတို့၏ ဖိုလ်အလာ သန္တိသုခ နိဗ္ဗာန်ကို ဓမ္မတာအလိုတော်အရ သဒိသူပစာ ယောဇနာတော်မူလိုသည်မှာ –

ပန၊ ဖလက္ခဏ အကျိုးထူး ပြဆိုဦးအံ့။ သောတာပန္နဖလသမာပတ္တိတ္ထာယာတိ အာဒိနာ၊ ဤသို့ အစရှိသည်ကို။ စတုသုပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဖလေသု၊ ဖိုလ်တို့တွင်။ ကေသဒိသံ၊ တပါးတပါးနှင့် တူသည်ဖြစ်၍။ ဒေသနာယ၊ ဒေသနာတော်၏။ အာဂတတ္တာ၊ လာတော်မူသည်၏ အဖြစ်ကြောင့်။ သောတာပန္နသကဒါဂါမိနောပိ၊ သောတာပန် သကဒါဂါမ်အစရှိသည်တို့သည်လည်း။ အတ္တနော၊ မိမိ၏။ ဖလံ၊ ဖိုလ်ကို။ သမာပဇ္ဇန္တိ၊ ဝင်စားနိုင်ကုန်၏။ ဣတိ၊ ဤသို့။ ဝိညာယတိ၊ သိအပ်၏။

အဲ ဤကဲ့သို့ မဂ်သည်အကြောင်း ဖိုလ်သည်အကျိုး သဒိသူပစာအားဖြင့် တူသည်ဟု ဝေဘန်ပိုင်းခြားသည်များကို အတ္တဘာဝ အာဝိဘာဝနာကာရ အရှင်တို့အားကား မုချအားဖြင့် ပစ္စက္ခသိဒ္ဓိဂုဏ် ပေါက်တော်မူကြကုန်၍ ယုံကြည်ခြင်း အားရှိတော်မူကြလေကုန်၏။ သို့ပါ၍ မဂ်လေးပါးသည်ကား

သစ္စာလေးပါးချည်းသာတည်း။ သစ္စာလေးပါးကား နှစ်မျိုးမရှိ၊ တမျိုးတည်းသာ ဟူလို။

သတ္တဝါအပေါင်းတို့သည် ဤ သစ္စာလေးပါးကို တပြိုင်နက် ထိုးထွင်း၍ သိမှသာလျှင် အရိယာ ဖြစ်တော်မူကြပေကုန်၏။ ဤ သစ္စာလေးပါးကို တပြိုင်နက် တချက်ထည်း တကိစ္စထည်း အတွင်း၌ ထိုးထွင်း၍ မသိပါက အရိယာမဖြစ်ကြပေကုန်၊ သာသနာတော်၏အတွင်းဝယ် ကြုံကြိုက်ကြကုန်သော သာဝကမျိုးတို့၏ အရာသာ ဝေဘန်လိုက်၏၊ ရွှေညာဏ်တော် အရာ၌ကား ဝေဘန်ပိုင်းခြားခြင်းငှါ မဝံ့ပေ။

အကျိုးဖြစ်သော လေးပါးသော ဖိုလ်၌ကား သဒိသူပစာရအားဖြင့် ဝေဘန်ခဲ့သော အရာတော်ဝယ် ဟုတ်ပေစွ၊ သို့သော် ပုဂ္ဂိုလ်တို့၏ ကမ္မဗလအား လျော်စွာ ယထာရဟဂုဏ်ကို ဆောင်လျက် ဖလက္ခဏတို့၏ သဘောကို သိစေရမည်မှာ ဝိဘာဝနီဋီကာဒအရ -

ဒွေတိဏိ ဖလစိတ္တာနိ ပဝတ္တိတွာတိ မဂ္ဂုပ္ပတ္တိယာ အနန္တရပတော ဒွေဝါ တီဏိဝါ ဖလစိတ္တာနိ အပနိတဂ္ဂိမှိ ဌာနေ ဥဏှတ္တာနိဗ္ဗာပနတ္ထာယ ဃဋ္ဋေဟိ အဘိသိဉ္စမာနမုဒကံ ဝိယ။

ဤကဲ့သို့ အရ ယောဇနာရမည်မှာ -

ဒွေတိဏိဖလစိတ္တာနိပဝတ္တိတွာ ·တိ၊ ဟူသည်ကား။ မဂ္ဂုပ္ပတ္တိယာ၊ မဂ်အား လျော်စွာ။ အနန္တရပတော၊ အစဉ်အားဖြင့်။ ဒွေ ဝါ၊ နှစ်ကြိမ်ရင်း။ တီဏိ ဝါ၊ သုံးကြိမ်ရင်း။ ဖလစိတ္တာနိ၊ ဖိုလ်စိတ်တို့သည်။ အပနိတဂ္ဂိမှိ၊ ငြိမ်းပြီးသောမီးရှိသော။ ဌာနေ၊ တည်ရာ၌။ ဥဏှတ္တာနိဗ္ဗာပနတ္ထာယ၊ အပူကိုငြိမ်းစေခြင်းအကျိုးငှါ။ ဃဋ္ဋေဟိ၊ အိုးတို့ဖြင့်။ အဘိသိဉ္စမာနမုဒကံဝိယ၊ သွန်းလောင်းအပ်သောရေကဲ့သို့။

ဤကဲ့သို့ ဒေသနာ ယောဇနာတော် မူလိုသည်မှာ ပုဂ္ဂိုလ်တို့၏ တိက္ခ မန္ဒအားလျော်စွာ ဘဝင်နှောင်မှထ၍ သဗ္ဗသင်္ခါရနိမိတ် ဘဝင်စိတ်မှ ဖလသမာပတ်မှ ထတော်မူကြသည်မှာ အရိယာသခင် အရှင်မြတ်တို့သည် အပူကို ငြိမ်းစေ

လို၍ အိုးတို့ဖြင့် သွန်းလောင်းအပ်သော ရေကဲ့သို့ ပုံနှုန်းမခြား ဖိုလ်တရားများသည် သဒိသူပစာ ဤနေရာ၌ ဝေဘန်ပိုင်းခြားတော်မူသည်မှာ မလွဲသာတည်းဟူလို။

ဤကဲ့သို့ အရာဝယ် အကျိုးဖြစ်သော လေးပါးသော ဖိုလ်တရားတို့တွင် နိရောဓသစ္စာ သန္တိသုခဂုဏ်ကိုသာ အာရုံမူလျက် သဒိသူပစာချင်းသာ တူသည်ကို ကေတ္တနည်းအရ သို့ပါမူ၍ မဂ်လေးပါးတို့ မည်သည်မှာကား သစ္စာလေးပါးချည်းသာ၊ ဖိုလ်လေးပါးတို့မည်သည်မှာကား နိရောဓသစ္စာ နိဗ္ဗာန်ချည်းသာ၊ သန္တိသုခဓာတ် မုချဆတ်ဆတ် ပရမတ်ဟူလို။

သို့ပါမူ၍ မဂ်သည်အကြောင်း ဖိုလ်သည်အကျိုး ဝေနေယျသာဝကသည် ဘယ်လောက်ပင် များပင်များပါသော်လည်း ဤသည်ကားမဂ် ဤသည်ကား ဖိုလ် အကျိုးနှင့်အကြောင်း အနိမိတ္တ အပ္ပဏိဟိတ သုညတသို့ အနုပါဒိသေသ ဓာတ်မြတ်တော်ကြီးသို့တိုင်အောင်။

သုညတံ အနိမိတ္တံ အပ္ပဏိဟိတဉ္စေတိ တိဝိဓံ ဟောတိ အာကာရ ဘေဒေန။

ဟု သင်္ဂဟ အဋ္ဌကထာ ယောဇနာတော်မူရမည်မှာ—

သုညတဉ္စ၊ ရာဂ, ဒေါသ, မောဟတို့မှဆိတ်သည်၏ အဖြစ်ကြောင့် သုညတဟူ၍၎င်း။ အနိမိတ္တဉ္စ၊ ရာဂ, ဒေါသ-စသည်အကြောင်းနိမိတ် ကင်းဆိတ်သည်၏ အဖြစ်ကြောင့် အနိမိတ္တဟူ၍၎င်း။ အပ္ပဏိဟိတဉ္စ၊ တဏှာတည်းဟူသောရာဂ၏ တောင့်တခြင်းကင်းသည်၏ အဖြစ်ကြောင့် အပ္ပဏိဟိတဟူ၍၎င်း။ ဣတိ၊ဤသို့။ အာကာရဘေဒေန၊ အခြင်းအရာ၏ အပြားအားဖြင့်။တိဝိဓံ၊သုံးပါးပြားသည်။ ဟောတိ၊ ၏။

ဤသို့ အကျိုးဖြစ်သော လေးပါးသော ဖိုလ်တို့တွင် သဒိသူပစာအားဖြင့် အခြင်းအရာချည်းသာ မကွဲမပြား သုညတနိဗ္ဗာန်သို့၎င်း၊ အနိမိတ္တနိဗ္ဗာန်သို့၎င်း၊ အပ္ပဏိဟိတနိဗ္ဗာန်သို့၎င်း သန္တိသုခဂုဏ်ဖြင့် ဆောင်လျက် အတ္တာဘာဝ အာဝိဘာဂနာကာရနည်းဖြင့် အနုပါဒိသေသ နိဗ္ဗာနဓာတ်မြတ်တော်ကြီးသို့

ပရိနိဗ္ဗုတ ပုဂ္ဂိုလ်၏ အဖြစ်ဖြင့် ပဋိသန္ဓေ ဘဝင်စိတ်ဟုဆိုအပ်သော စုတိစိတ်တော်၏ ဘင်္ဂက္ခဏ၏ အဆုံးသို့ အကျတွင် အသေက္ခအရှင်မြတ်တို့၏ တိက္ခဇဝနဉာဏ်တော်ဖြင့် ထင်မြင်တော်မူမြဲ တံတွာ ဓမ္မတာသဘောအတိုင်းသာ အောက်အောက်သော သောတာပတ္တိမဂ္ဂက္ခဏမှအစ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိဉာဏ်အစဉ်ဖြင့် ပရတောဃောသ ဒေသနာပရိယောသာနသို့ ဆိုက်ရောက်တော်မူခဲ့ပါ၍ ပညာတော်ဖြင့် သိမ်းဆည်းလျက် သောတာပတ္တိဖလက္ခဏမှ အထက်ဖြစ်သော ဉာဏ်တော်ကို အာရုံဖြင့် ထင်မြင်အောင် ဆောင်တော်မူ၍ သောတာပတ္တိမဂ္ဂက္ခဏမှ ဓမ္မရသဂုဏ်ဖြင့် ဆောင်လျက် သဒိသူပစာရ သဘောတူမျှသည့်အရ ဤမှာဘက်မှ တစက်မျှသော ရေဥပမာကဲ့သို့ ထိုမှာဘက်သို့ သဘောအစဉ်ပညာတော်မြင်ပါက ကထာဝတ္ထု အဋ္ဌကထာ ဒေသနာတော်လာသည်မှာ—

သမုဒ္ဒတော ဧကဗိန္ဒုဿ ရသေ ပဋိဝိဒ္ဓေ သေသဉဒကပဋိဝိဒ္ဓေါ ဟောတိ ဝိယ။

စသည်ကဲ့သို့ ဥပမာအရ ယောဇနာမူရမည်မှာ—

သမုဒ္ဒတော၊ သမုဒ္ဒရာမှ။ ဧကဗိန္ဒုဿ၊ တခုသောရေပေါက်၏။ ရသေ၊ အရသာတို့ကို။ ပဋိဝိဒ္ဓေ၊ ထိုးထွင်း၍သိခဲ့သည်ရှိသော်။ သေသဉဒကဿ၊ ကြွင်းကျန်သောရေပေါက်၏။ ရသေ၊ တို့ကို။ ပဋိဝိဒ္ဓေါ၊ ထိုးထွင်း၍သိသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့တည်း။

ဤကဲ့သို့ ယထာဘူတ ဥပမာအရဖြင့် သိကြပါကုန်၍ ယောဇနာအနက်အတွင်း ဝေမတိကဂုဏ်ဖြင့် ကင်းပါ၍ ပါရမီအစဉ်နှင့်တကွ ကတာဓိကာရဂုဏ်ဖြင့် ထုံမွမ်းတော်မူခဲ့သော အနန္တရှင်တို့၏ စကားတော်မည်သည်မှာ ချို့ယွင်းသည်မည်သည်မှာ မရှိပါက မဟာပရိနိဗ္ဗာန ပဋိညာကာရအခါဝယ် အာနန္ဒာညီဘွားမှာထားသည့်အရာကား မဟာဝဂ္ဂအဋ္ဌကထာရှိသည်မှာ ဘွင့်ပြဲးပါက—

ကတပုညောသိ တွံ အာနန္ဒ ပဓာန မနုယုဉ္ဇော ခိပ္ပံ ဟောဟိသိ အနာသဝေါ။

ဟု မှာထားတော်မူခဲ့သည့်စကား နောက်က ဝေဘန်ခဲ့သည့်ဒေသနာ ရှိသည်များကို ဖွေရှာကာ ဖော်ထုတ်လျက် ဝေမတိကအရှုပ် စိတ်သုဒ္ဓိဟုတ်ထိုက်ပေစွဟု

သို့ပါမူ၍ ပညာတော်သိမ်းပိုက်၍ သောတာပတ္တိမဂ်၌ ကိန်းဆိုက်တော်မူကြသည်မှာ ရှေ့မဂ်သို့အလိုက် ပညာတော်အခိုက်တွင် ဥဒကဗိန္ဒုရသော၊ ရေ-အလိုက် ကြွင်းကျန်သော ဥဒကအလိုက်ကဲ့သို့ တခုသော တရားကိုထိုက်ပါက ကြွင်းကျန်သော တရားတို့၏အလိုက် ဟတ္ထမုဋ္ဌိနည်း ရရှိပါက ဓမ္မန္ဒယအလိုက် ကထာဝတ္ထု အဋ္ဌကထာ ဒေသနာနှင့် ဘွင့်ပြသည့်အလိုက် ပြဆိုထိုက်သည်မှာ–

ကေစဓမ္မေ အနိစ္စာဒိတော ပဋိဝိဒ္ဓေ သဗ္ဗေပိ ဓမ္မာ ပဋိဝိဒ္ဓါ ဟောန္တိ။

ဤကဲ့သို့ ဒေသနာအနက်ဖြင့် သမ္ဗန်ရမည်မှာ—

ကေစဓမ္မေ၊ တခုသော တရားသည်။ အနိစ္စာဒိတော၊ အနိစ္စအစရှိသောအားဖြင့်။ ပဋိဝိဒ္ဓေ၊ ထိုးထွင်း၍ သိခဲ့သည်ရှိသော်။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ပဋိဝိဒ္ဓါ၊ ထိုးထွင်း၍ သိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤကဲ့သို့ ဒေသနာ အဋ္ဌကထာစကား အာနန္ဒာညီတော်၏ အလားကဲ့သို့ ပမာဖြင့် ထောက်လိုက်သော် ကတာဓိကာရ နိယတဗျာဒိတ်ဖြင့် လာတော်မူခဲ့သော အရှင်မြတ်တို့ပင်သော် ကော်ရေခ်နိမ်ချိုး ဂုဏ်အရှင်တော် တိုးလျက်အဘယ်မှာလျှင် ဣဒ္ဓိဂုဏ် ညှိုးနိုင်ပါအံ့နည်း၊ ဤကဲ့သို့ မဂ်သည်အကြောင်းဖိုလ်သည်အကျိုး အသေက္ခ အရာမျိုးတို့မှာကား ပစ္စိမဘဝိက သခ်ါရ သဘာဝပြုပြင်မှုအားနည်းက တနေ့ထက်တနေ့ ခန္ဓာကိုယ် ညှိုးနွမ်းပါက အာယုပရိစ္ဆေဒအဿာသပဿာသအရာ ဒေသနာဖွေရှာ၍အရ ဝိသုဒ္ဓိမဂ်အလာ ဗုဒ္ဓဃောသမဟာ မှာထားသည့် ဝစနာ ဤကဲ့သို့ အခါဝယ်—

အာနာပါနဿတိံ တိ ဘာဝေတွာ အရဟတ္တံ ပတ္တဿ အာယုအန္တရံ ပရိစ္ဆိန္နမေဝ ဟောတိ။

ဤကဲ့သို့ ဒေသနာ မှာထားသည့်ဝစနာ ယောဇနာရမည်မှာ—

အာနာပါနဿတိံ တိ၊ ဿတိံ ဟူသည်ကား။ ဘာဝေတွာ၊ ပွားများလျက်။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ပတ္တဿ၊ ရောက်သောပုဂ္ဂိုလ်အား။ အာယုအန္တရံ၊ အသက်၏ အပိုင်းအခြားသို့။ (ဝိညာဏ်သို့ငဲ့) ပရိစ္ဆိန္နမေဝ၊ ဖြတ်သည်သာလျှင်။ ဝါ-ပြတ်အပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ဤကဲ့သို့ ဒေသနာတော်အရာဝယ် အသေက္ခမှုနှိ အရှင်မြတ်တို့၏ စုတိစိတ် ဘင်္ဂက္ခယ ဆုံးတော်မူသည်မှ လာလတံ့သော ဘဝ အာလယ ရှိတော်မမူပါ၍ အဟောင်းဖြစ်သော ကံကြွင်းဖြင့် စွန့်လျက် မိဘနှစ်ပါးတို့၏ အသစ်ဖြစ်သော ပဋိသန္ဓေ သုက်သွေးမှ ရရှိခဲ့သော အာလယမှ ကင်းပါ၍ အနာဂတ်ဘဝသို့ ပဋိသန္ဓေ ဝိညာဏ်စိတ်တော် မဖြစ်ပါမူ၍ ဇာတိပြတ်တော်မူကြောင်း ဇာတ် သိမ်းပုံ ဒေသနာ အင်္ဂုတ္တိုရ်ပါဠိတော် ရတနသုတ္တန်တော်ဝယ် -

ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊ ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ ။
တေ ခီဏဗီဇာ အဝိရုဠ္ဟိဆန္ဒာ၊ နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။

ဟု ဤကဲ့သို့ ဒေသနာအရှိ ဒဋ္ဌဂုဏ်ပုဒ် အာဂုံဖြင့် ထုတ်တော်မူသည်မှာ—

**အနက်ကား** တေ၊ ထိုရဟန္တာသခင် အရှင်မြတ်တို့သည်။ အာယတိကေ၊ လာလတံ့သော။ ဘဝသ္မိံ၊ တဖန်ဘဝသစ်၌။ ဝိရတ္တစိတ္တာ၊ ကင်းသောရာဂစိတ် အာလယ ရှိတော်မူကြကုန်သည် ဖြစ်၍။ ပုရာဏံ၊ အဟောင်းဖြစ်သော ကံတော် သည်။ ခီဏံ၊ ကုန်ချေပြီ။ သမ္ဘဝံ၊ မိဘနှစ်ပါးတို့၏ သုက်သွေးမှ။ နဝံ၊ အသစ် ဖြစ်သော ကံတော်သည်။ နတ္ထိ၊ မရှိတော့ပြီ။ တေ၊ ထိုရဟန္တာသခင် အရှင်မြတ် တို့သည်။ ခီဏဗီဇာ၊ ကုန်ပြီးသော မျိုးစေ့ ရှိတော်မူကြကုန်သည် ဖြစ်၍ငင်း။ အဝိရုဠ္ဟိဆန္ဒာ၊ တပ်ခြင်းကင်းသော ဆန္ဒရာဂ ရှိတော် မူကြကုန်သည်ဖြစ်၍ငင်း။ အယံပဒီပေါ၊ ဤဆီမီးသည်။ နိဗ္ဗာတိ ယထာ၊ ငြိမ်းလေဘိသကဲ့သို့။ ဓီရာ၊ မြဲမြံခိုင်ခံ့ တည်တံ့သော သမာဓိလည်း ရှိတော်မူကြကုန်သော။တေ၊ ထိုရဟန္တာ သခင် အရှင်မြတ်တို့သည်။ နိဗ္ဗန္တိ၊ ကိလေသာအပူသိမ်း၍ ခန္ဓာဇာတ်ငြိမ်း တော်မူလျက် အနုပါဒိသေသ နိဗ္ဗာနဓာတ်သို့ ကိန်းတော်မူကြလေကုန်၏။

ဤသည်ကား -

သုဂတံ သုဂတံ သေဋ္ဌံ၊ ကုသလံ ကုသလံ ဇဟံ။
အမတံ အမတံ သန္တံ၊ အသမံ အသမံ ဒဒံ။
သရဏံ သရဏံ လောကံ၊ အရဏံ အရဏံ ကရံ။
အဘယံ အဘယံ ဌာနံ၊ နာယကံ နာယကံ နမေ။

ဤသည်ကား အရှင်မဟာဗုဒ္ဓဃောသ ထေရ်မြတ်သိုက် ဖွဲ့ရှာတော်မူသည့်အလိုက် ဗုဒ္ဓဘာသာ မြန်မာပြည် သာသနာအထိုက် ကဏ္ဍတရပ်ဖြင့် ပိုက်လိုက်ရပေသတည်း၊ဤသည်ကား အရဟတ္တမဂ်ဉာဏ်အလိုက် အရဟတ္တဖိုလ်ဆိုက်တော်မူပုံကား နိဂုံးတရပ် အဆုံးသတ်လိုက်ရပေတော့၏။

အရဟတ္တဖိုလ် ပြီး၏။

ဤသည်တွင် မဂ်လေးပါး ဖိုလ်လေးပါး ပြီးပါပြီ။

၁၃၂၉-ခု၊ တပို့တွဲလဆန်း ၁၀-ရက် ကြာသပတေးနေ့ နံနက် ၈-နာရီ မိနစ် ၂၀-တွင် အနာဂတ်သာသနာ ၂၄၇၉-နှစ်အတွက် ဖြစ်ပါစေသတည်း။

ပဋိပတ္တိသာသနာ ထွန်းလင်းတောက်ပ၍ ဝိပဿနာကို အားထုတ်ကြပါစေကုန်သတည်း။

ဖလသမင်္ဂီကဏ္ဍ ပြီး၏။

# အဓေတွဓေတွကထာ

## ၁

### ယောဂီပုဂ္ဂိုလ်တို့၏ အနုပဗ္ဗဉာဏ် အလင်းရောင်စာတမ်း

အားလုံးသော တရားအားထုတ်ပြီးသော ယောဂီအပေါင်းတို့ သတိရှိကြစေရန် အို-ယောဂီအပေါင်း သူတော်ကောင်းတို့ -

အသင်တို့သည် ဝိမုတ္တိခေတ်အားလျော်စွာ သာသနာ ငါးထောင် ထက်ဝက်အကျော်တွင် ဝိပဿနာ တရားများကို အားထုတ်ကြပါကုန်၏၊ အားထုတ်ကြသည့်အားလျော်စွာ မဂ်စကား ဖိုလ်စကား နိဗ္ဗာန်စကား ဤကဲ့သို့ အကြောင်းတရားများကို ယောဂီအချင်းချင်း ပုဂ္ဂိုလ်တို့၏ အနေအားဖြင့် ဓမ္မသဝန ဓမ္မသာကစ္ဆာ အဖြစ်ဖြင့် ဆွေးနွေး တိုင်ပင် ပြောဆို၍ ရှိကြပေကုန်၏။

သို့သော် အသင်ယောဂီအပေါင်းတို့သည် မဂ်တရားများကို ရကြပါကုန်၏လော၊ ဖိုလ်တရားများကို ရကြပါကုန်၏လော၊ နိရောဓသစ္စာ နိဗ္ဗာန်ကို မျက်မှောက် ပြုကြရပါကုန်၏လော ဟု တဦးဦးသော သူတို့က မေးမြန်းကြကုန်သည်ရှိသော် ဘယ်လိုများ ဖြေဆိုကြပါမည်တုံး။

ဤကဲ့သို့ မေးခဲ့သည်ရှိသော် မေးသူကလဲ မေးကောင်းပါ၏၊ ဖြေသူကလဲ ဖြေကောင်းပါ၏၊ ရလျှင် ရသည်၊ မရလျှင် မရဘူးဟု ဖြေရမှာလည်း မခက်ပါ၊ ရလျှင်ရသည်၊ မရလျှင် မရဘူးဟု ဖြေဆိုရခြင်းသည် အကုသိုလ် မဖြစ်ပါဘူး၊ သာသနာ့ဝန်ထမ်း ရှင်ရဟန်းတော်တို့ မည်သည်မှာ သိက္ခာပုဒ်တော်ကို ငဲ့သောအားဖြင့် "သုညာဂါရေ န အဘိရမာမီတိ" ဟု ငါသည်ကား တောထဲနေသည် ဟု ဆိုကာမျှ မတ္တဖြင့်သော်မှလည်း ပညတ်တော်မူအပ်သော သိက္ခာပုဒ်တော်ကို ငဲ့သောအားဖြင့် တုဏှိ ဘဝိတဗ္ဗံ-ဟု ယောနိသော မနသိကာရဂုဏ်ဖြင့် မိန့်တော်မူအပ်ခဲ့ပေ၏။

သို့သော် ရဟန်းရှင်တို့မည်သည်မှာ အာဏာတော် ပြဋ္ဌာန်းခဲ့သည်ကို သိစေလို၍သာ အသင်ယောဂီ အပေါင်းတို့အား စေတနာနှင့် မေးသဘော ဖြေသဘော အချေအတင်အားဖြင့် ဤ အနုပဗ္ဗ ဉာဏ်ရောင်စာတမ်း ဖြင့် မဇ္ဈိမ

ပဋ္ဌိပဒါအရ ၎င်းထေတုကမျှတာအနေ အမေးနှင့် အဖြေ ထုတ်ဘွင့်၍ ဉာဏ်အမြင် သန့်ကြစေခြင်းငှါ လောကီစကားစကားဖြင့် ပညာသိမ်းစေကြလို၍ ပါဠိဘာသာမဘက် လောကီစကား သက်သက်ဖြင့် အနုဗောဓဉာဏ်တို့မည်သည်မှာ လောကီပါကလားဟု သိကြစေရာ ဒေသနာမျက်စောင်းဖြင့် နိဒ္ဒေသ အကြောင်းကလေးကား–

အနုဗောဓဉာဏံ လောကိယံ၊ အနုဿဝါဒိဝသေန မဂ္ဂေ စ နိရောဓေ စ ဥပ္ပဇ္ဇတိ။

ဟု မြန်မာစကားပြေ အဖြေဖြင့် ပေးရသော်-

အနုဗောဓဉာဏ်သည်ကား ပါဠိဘာသာမဘက် လောကီဉာဏ် သက်သက်သာ ဖြစ်၏။ နာကြားလိုသော ပုဂ္ဂိုလ်၏ အစွမ်းဖြင့် မဂ်၌သော်၎င်း၊ နိရောဓသစ္စာ နိဗ္ဗာန်၌သော်၎င်း ဖြစ်ရသည်ကား ထင်ရှား၏။

ဤကဲ့သို့ အနုဗောဓဉာဏ် အချက်ဖြင့် စကားဆက်၍ မေးရသည်ရှိသော် အသင် ယောဂီအပေါင်းတို့သည် အဘယ်မည်သော နေ့က အဘယ်လို လုပ်ခဲ့၍ အဘယ်လိုများ ဖြစ်၍ အဘယ်လို မဂ်တရားများ ရခဲ့ပါသတုံး ဟူ၍ အမေးရှိခဲ့ပါက–

သို့သော် ယခု မရသေးပါက အဘယ်တော့အခါကျမှ ရပါမည်တဲ့တုံး၊ အဘယ်အချိန်အခါကိုများ ရမည်ဟူ၍ မှန်းထားမိကြပါပြီလား၊ မည်သူ့ကိုများ အားကိုး၍ နေကြပါသတဲ့တုံး၊ သည်လိုနဲ့ဘဲ အချိန်ကုန်၍ နေကြတော့မှာလား၊ အရောင်းအဝယ်ဖြစ်တဲ့ တရားမျိုးလဲမဟုတ် "ဂုဏဝန္တေပဿန္တိဇနာ" ဟု ဆိုရိုးစကား ရှိသော်လည်း ဂုဏ်ရှိသော်လည်း ဂုဏ်ရှိလို့လဲ ရတာမျိုးမဟုတ်၊ ကုဋေရှစ်ဆယ် ကြွယ်လို့လဲ ရတာမျိုးမဟုတ်၊ မဟာဓနသူဌေးသားသော်မှလည်း နိယတဗျာဒိတ်တော်ကြီး အချည်းနှီး ဖြစ်ရသေး၏၊ အနိယတမျိုးတို့မှာကား အဘယ်မှာလျှင် ထောက်တည်ရာ ရနိုင်ပါအံ့နည်း စဉ်းစားကြပါကုန်လော၊ ရကြပါမည်ဆိုလျှင်လဲ ဤကဲ့သို့ မေးခြင်းများကို သည်းခံကြစေလိုပါ၏။

ဤနေရာ၌ ဤကဲ့သို့ ရေးရခြင်းသည် တရားအားထုတ်သော သူများ၏ အဘို့ ညဏ်မရှင်းပါက မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ မဖြစ်သော သူများအဘို့ကို သာ ရည်ရွယ်၍ ရေးရခြင်းဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် မိမိသည် ဆရာ ထံက အားထုတ်၍ ပြီးသည့် အချိန်အခါက အစ မိမိ သိသလောက်နှင့် ကိုယ်ရသည့်တရားကို ကိုယ်သိသလောက်နှင့်သာ အဓိမာနဖြစ်ပြီး သူများကိုလဲ အထင်သေးတတ်ကြပေ၏။

ငါတို့၏ တရားမှ မှန်သည်၊ ငါတို့၏ ဆရာမှ တရားမှန်အောင် ပြတတ်သည် ဟူ၍ ဆရာစွဲလည်း ရှိတတ်ကြပါသည်၊ အယူစွဲလည်း ရှိတတ်ကြပါသည်၊ ပုဂ္ဂိုလ် စွဲလည်းရှိတတ်ကြပါသည်၊ ဂိုဏ်းဂဏစွဲလည်း ရှိတတ်ကြပါသည်၊ ထိုကဲ့သို့ စွဲသောသူများသည် မှန်သည် မမှန်သည်ကိုတော့ မစဉ်းစားကြပါ၊ သို့သော် နည်းမှန်, ကံမရွေးဘူး ဟူသောစကားကဲ့သို့ နည်းမှန်ကန်ဘို့ အလွန်အရေးကြီးပါ သည်၊ သာသနာတော်ကြီးမှာ အရိယာပုဂ္ဂိုလ်ပေါင်း များစွာရှိ၏ဟူ၍ ဉာဏ်ထဲ မှာ သိထားစေချင်ပါသည်၊ သူများကိုလည်း အထင်သေးစွာနှင့် "ငါတို့ဂိုဏ်းမှ မှန်သည်၊ ငါတို့အလုပ်မှ ဟုတ်သည်" ဟူ၍ ယူဆတတ်ကြပါသည်။

· မိမိ၏ ဆရာက ဘယ်သဘောသို့ သက်၍ မိမိကလည်း အဘယ်သဘောသို့ ရောက်ရှိ၍ နေသည်ကိုလည်း သိကြပါ၏လော၊ ငါသည် အဘယ်မည်သော နေ့က သောတာပန်ဖြစ်ခဲ့တယ်၊ ငါသည် အဘယ်မည်သောရက်က အဘယ်လို ကျင့်ခဲ့ရတယ်၊ သောတာပန် တကယ်ဖြစ်ပါက သကဒါဂါမ် ဘယ်လိုဖြစ်အောင် ကျင့်ရမယ်။

သကဒါဂါမ် အကျင့်ကို ကျင့်ပြီး၍ သကဒါဂါမ် ဖြစ်ပြီဟူ၍လည်း သိကြ ပါ၏လော၊ အဘယ်နေ့က အဘယ်လိုကျင့်၍ အဘယ်ကျမ်းဂန်အရ အဘယ်လို လုပ်၍ အဘယ်ဆရာက ပြခဲ့သော အဘယ်လိုဖြစ်ပြီဟု အဘယ်လို ဆုံးမ၍ အဘယ်လို သိကြပါသတုံး၊ မဂ်တရားဆိုသည်မှာကား အဘယ်လိုဟာကိုများ ခေါ်ပါသတဲ့တုံးလို့ ဤကဲ့သို့ မေးခဲ့သော် ဖြေရမည့်အကြောင်းကား စဉ်းစား မိကြပါ၏လော။

ဖိုလ်တရားဆိုတာ—

၁ မုစ္စနဂုဏ်၊

၂ ပဿဒ္ဓိဂုဏ်၊

၃ သစ္စိကိရိယဂုဏ်—

ဟူ၍ သုံးပါးသောဂုဏ်နှင့် ပြည့်စုံမှသာလျှင် ဖိုလ်ဟု ခေါ်ဆိုနိုင်ပါသည်။ မဂ်တရားဆိုသည်မှာကား မဂ်ဂုဏ်ရောင် ၆-ပါးနှင့် ပြည့်စုံမှသာလျှင် မဂ်ဟု ခေါ်ဆိုနိုင်ပါသည်၊ မဂ်ဂုဏ်ရောင် ၆-ပါးသည်ကား ပြပါဦးအံ့–

၁ အာကာရ။ ၂ ဘာဝ။ ၃ လက္ခဏ။

၄ သတ္တိ။ ၅ လဟု။ ၆ ဒဿန။

ဤကား အခြင်းအရာ၏ သဘောလက္ခဏာ သတ္တိကို လျင်စွာမြင်နိုင်ပါက မဂ်ဟုခေါ်ဆိုအပ်ပါ၏။ သို့သော် မဂ်ဆိုသည်ကား အကြောင်းတရား ဖိုလ်ဆိုသည်ကား အကျိုးတရား ဤလို စာတွေ့ရှိနှင့်ဘဲ ပြီးပါရောတဲ့လား၊ စဉ်စားကြပါလေ၊ စာကို ကြည့်ပြီးတော့ ဝေဘန်ရုံနှင့်ဘဲ ပြီးသည်ဟူ၍ ထင်မှတ်၍ မနေကြပါနှင့်၊ ဆရာ့စကား နားထောင်၍ ပြောတိုင်းကြားရ နာတိုင်းကြားရ အားနာသောအားဖြင့် ကြားနာရုံနှင့်ဘဲ ပြီးပါသတဲ့လား။

သာသနာတော်နောက်ပိုင်းမှာ ငါသည် ဥဂ္ဃဋိတညူပုဂ္ဂိုလ်လို့များ ထင်၍ နေကြတာလား၊ အကျင့်ကို မကျင့်ပါဘဲနှင့် စဉ်းစားနေရုံနှင့် ဖြစ်မှာတဲ့လား။ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး၏ ဒီပနီတခု၏ ကျမ်းစာအရဆိုလျှင် ဥဂ္ဃဋိတညူ ပုဂ္ဂိုလ် မရှိ-ဟု ရေးထားတာ တွေ့ဘူးပါ၏။ သို့သော် ၎င်းပညာရှင် ဉာဏ်တော်ကြီးတို့၏ အယူတော်သည်ကား အပြစ်တင်ခြင်းငှါ မဝံ့ပေ၊ သို့ပါမူ၍ အကယ်၍ကား ဥဂ္ဃဋိတညူပုဂ္ဂိုလ် ဖြစ်ခဲ့ပါက တရားနာရုံနှင့်ဘဲ ဂါထာတထောင်ကို တန်ဆာဆင်လျက် အရှင်သာရိပုတ္တရာ၏ အလောင်းတော် ဥပတိဿ ပရိဗိုဇ်ရသေ့သော်မှလည်း အရှင်အဿဇိထေရ်ငယ်မြတ် ရှေ့တော်မှောက်ထံတွင်—

ယေ ဓမ္မာ ဟေတုပ္ပဘဝါ၊ တေသံ ဟေတုံ တထာဂတော။

ဟု သမုဒယ ဒုက္ခ အကြောင်း အကျိုးနှင့် စပ်သော ဒေသနာတော်ကို နာရပါသဖြင့် အရိယာ ဘုံဘဝသို့ သက်တော်မူခဲ့ကြောင်းကို ထိုစဉ်အခါက ဟောပြသည့် ပုဂ္ဂိုလ်က သပ္ပုရိသံသ အရိယာ မှန်ခဲ့ပေ၏။

သို့ပါမူ၍ ပုဂ္ဂလပညတ် ပါဠိတော်အလာ အသင်ယောဂီအပေါင်းတို့အား ဤအနုဗောဓ ဉာဏ်ရောင်စာတမ်းဖြင့် ရေးသားသော အသျှင်က အပြစ်တင်ခြင်းဖြင့် ကင်းဝေးပေ၏၊ သို့သော် ထိုစဉ်အခါက ဟောတော်မူသည့် ပုဂ္ဂိုလ်က သဗ္ဗညုတ ရွှေဉာဏ်တော်လက်ထက် ရှိစဉ်အခါကပင် သာသနာကလည်း ခေတ်ဦး ပုဂ္ဂိုလ်တွေကလည်း ပါရမီအထူး အသင်ယောဂီ အပေါင်းတို့ စဉ်းစားကြမည်ဆိုသော် ဤကဲ့သို့ အကြောင်းကိုထောက်ပါသဖြင့် ယခု ရောက်ဆဲအခါ ဆရာကိုလဲ အကဲခတ်ကြပါ၊ ငါတို့ကို ပြသသော ဆရာသည်ကား သပ္ပုရိသံသ မှန်ပါ၏လော။

ရမ်းပြသည့်ဆရာလား မှန်းပြသည့်ဆရာလား စာတွေ့နဲ့ဘဲပြသည့် ဆရာလား သူများ ထိုင်နေတာကို မြင်ဘူးပါ၍ အတုယူ၍ အထိုင်ခိုင်းတာလား၊ သို့မဟုတ်ပါမူ သပ္ပုရိသံသ အဆက်ဆက်က ဟတ္ထမုဒ္ဒိနည်း လဒ္ဓေါပဒေသနည်း နယသာဂရနည်း ဉာဏသာဂရနည်းနှင့် ကိုယ်တိုင်ကိုယ်တွေ့ ကျင့်ကြံကြိုးကုတ် အားထုတ်ပြီးပါမှ ပြသသည့်ဆရာလား။

သို့ပါ၍ ဆရာအမှန်ကို ရွေးချယ်ကြပါ၊ဆရာမှားလျှင် တပည့်မှာ အကျိုးမရှိပေ၊ ဆရာမှားတော့ အိုးစရည်းငယ် မလုပ်လိုသော ဥပတိဿ ကောလိတတို့၏ ပဌမဖြင့် တွေ့ရှိရသော သိဥ္စည်းဆရာကြီးကဲ့သို့ "ကျား ကျား" ဆိုသော ဥပမာကဲ့သို့ ဒါယိကာမတို့၏ ရောဂါကိုသာ ပုံချပြီး အလားကဲ့သို့ ကပိလရဟန်းကို ကိုးကွယ်မိသော တပည့်ဒါယကာ ဆွေမျိုးများကဲ့သို့ အယူမှားပြီး လောဟကုမ္ဘီနိရဲသို့သာ ရောက်ကြရမည်မှာ မလွဲသာတည်း၊ သို့ပါ၍ ဆရာမှားနှင့် တွေ့ကြရမည်ကို ရှောင်ကွင်းကြစေလို၍ ဤအနုဗောဓဉာဏ်ရောင် စာတမ်းဖြင့် မေတ္တာရှေ့ထား၍ သတိပေး ရေးလိုက်ရပေသတည်း။

ဤစာတမ်းဖြင့် ရေးသားသော အရှင်သည်ကား မျက်စိအမြင် နားအကြားဖြင့် ပြောရမည်ဆိုလျှင် ယခုအခါမှာပင် ပရိယတ္တိကကြား ပဋိပတ္တိကအများ

ဗဟိဒ္ဓအသွားနှင့်သာ အဂတိလိုက်စား အဓမ္မမျိုးနှင့်သာ အသက်မွေးကြသော အမူ အယူ မကင်းကြသည့် အချိန်အခါမို့ -

အပြောဂိုဏ်းက ရှုပ်၊ အဟောဂိုဏ်းက မဟုတ်၊
သမုတ်ထာကလဲ အထွေထွေ၊ မဟုတ်ထာကလဲ အပြေပြေ၊
ပုဂ္ဂိုလ်တိုင်းကိုလဲ မဆိုပေ၊

ယခု စာရေးသော ဆရာကလဲ ဘယ်လိုနေ၊
သူများအကြောင်းကိုတော့ကလောင်ရှည်။

သို့ပါသောကြောင့် အမှန်တရားကို သိလိုကြကုန်သော ယောဂီအပေါင်းတို့အား သမာဓိစခန်းနှင့် အချိန်မကုန်ကြစေဘဲ သမထဟု ဆိုအပ်သော ကာမာ ဝစရနယ်မှ အလွတ်ဖယ်ကြ၍ မဟဂ္ဂုတ်အပ္ပနာနှင့် လောကုတ္တရာအပ္ပနာ နှစ်ရပ် အမှန်အားဖြင့် မပြတ်ကြကုန်သေးသော ယောဂီအပေါင်းတို့သည် ဤအနုဗောဓဉာဏ်ရောင် စာတမ်းဖြင့် သပ္ပုရိသံသ အစစ်အမှန်ကို တွေ့ကြစေလိုကြောင်းဖြင့် သတိဖြင့် ဆင်ခြင်ကြလျက် မေတ္တာခေတ်ရှေ့ထား၍ မဟဂ္ဂုတ်အပ္ပနာ လောကီကိစ္စ ပြတ်ပြီးလျှင် နာမရူပပရိစ္ဆေဒဉာဏ်မှ ဝိပဿနာဉာဏ်ဆယ်တန်အဆုံး လောကုတ္တရာအပ္ပနာသို့ တက်နိုင်ကြစေခြင်း အကျိုးငှါ တိုက်တွန်း နှိုးဆော်၍ သတိပေး ရေးလိုက်ရပေသတည်း။

ဤကဲ့သို့သော အနုဗောဓဉာဏ် အကြောင်းဖြင့် အမှန် မဂ်ဉာဏ်သို့ မရောက်ကြကုန်သေးသော ယောဂီအပေါင်း သူတော်ကောင်းတို့မှာ သပ္ပုရိသံသ ဆရာကောင်း ရှာကြစေလိုပါ၍ မေးပါများစကားရ ဆိုတာလို စာထောက်၍သော်၎င်း၊ အလာအရောက်ဖြင့်သော်၎င်း အခါခါရှာပါက ရကြမည်မှာ မလွဲသာတည်း။

ဤနေရာ၌ ရောက်ရာအရပ် တွေ့ဘူးကြုံဘူးသည်မှာ ပြောပြရမည်ဆိုပါက နည်းများ ခဆိုသော ဒါန တံစိုးလက်ဆောင်ပေး၍ ရှာကြသည်မှာ နေ့စဉ်နှင့် အမျှ နေရာတကာမှာ တွေ့ရှိရသူအလား စာအနေအားဖြင့် ဝစနာထား၍ ပြပ်အံ့။

နေ့စဉ်မနေး၊ တံစိုးပေး၍၊ ချိန်ခါမပြတ်၊ ရှာကုန်အပ်၏၊ မပြတ်ထပ်ခါ၊ ရှာသောခါဝယ်၊ကြောင်ကြောင် တွေ့ငြား၊ ရှိပါသားနှင့်၊ အလေးဆောင်ပြည်တိုက်၊ ဈေးဝယ်မိုက်သို့၊ ပါရမီခုတုံး၊ ၁ပုလုံးလို၊ ခွင့်ခါကြုံကြိုက်၊ မရထိုက်—

ဆိုသည့်စကားကဲ့သို့ နေ့စဉ်နှင့်အမျှ လိုလား၍ ရှာကြပါက တံစိုးလက်ဆောင် ကုန်ကာမျှနှင့်သာ အမှန်ပင် တွေ့ရှိငြားပါသော်လည်း အလေးပြည်ဆောင်၍ ဈေးဝယ်သော ပုပုလုံးလုံး အညွန့်တုံးသောသူကဲ့သို့ ပါရမီကို ခုတုံးလုပ်လျက်နှင့်သာ ဘဝကုန်ရှာရသော မဟာခနေသူဌေးသားကဲ့သို့ နိယတမျိုးမှန်ဘိုးမတန် အနဂ္ဃ နိရတ္ထကကဲ့သို့ မဖြစ်ကြစေခြင်းငှါ သို့သော် မဂ်တရားဆိုသည်မှာကား မလွယ်လှပါ၊ ခက်လည်းမခက်ပါ၊ မှတ်သားဘွယ်ရာ ဝဲစနာလင်္ကာရပေါရာဏဆရာ စာရေး၍ ပြခဲ့သည်မှာ တွေ့ဘူးသည်ကား—

လွယ်လွယ် မထင်လိုက်နဲ့ အလွန်ခက်တဲ့ တရား။
တိမ်တိမ် မထင်လိုက်နဲ့ အလွန်နက်တဲ့ တရား။
မယုံလျှင် စမ်းကြည့်ကြတော့ စိတ်ပန်းလိမ့်မယ်။
ဆရာကိုယ်တိုင်ပြမှ နည်းကျလိမ့်မယ်။
တိမ်လျက်နက်တယ် ကျဉ်းလျက်ကျယ် ကျမ်းမှာသေချာရှိ။
လွယ်လျက် ခက်တယ် သိနိုင်ဘွယ် ဆရာရှာလေဘိ။

ဤကဲ့သို့ ရေးစပ်ခဲ့ကြသဖြင့် ဆရာကပြောပြ၍ နည်းကောင်းကို ညွှန်ပြပါက ရနိုင်ကြောင်းဖြင့် တနေ့ တနာရီ တမနက် တရက် နှစ်ရက် သုံးရက် စသည်တိုင်အောင် ၇-ရက်ထက် မလွန်ပါမူ၍ သေချာစွာ ရနိုင်ကြောင်း၊ သို့သော် ပုဂ္ဂိုလ်အပေါင်းကို မဆိုပါမူ၍ ဘုရားသော်မှလည်း မတတ်ခဲ့နိုင်ကြောင်း၊ သို့ပါသော် ပါရမီရှင်အပေါင်းတို့အား လွယ်လွယ်ကလေးနှင့် ရနိုင်ကြောင်း ဒေသနာဖြင့် ညွှက်ပြောင်းလိုက်သည်မှာ—

ကောသနေ နိသိန္နောဝ သဗ္ဗာသဝေ ခေပေတွာ အရဟတ္တံ ပါပုဏာတိ။

ဟု ပဏ္ဏာသအဋ္ဌကထာမှာ ရှိကြောင်း ရွှေကိုယ်တော်လက်သုံး ပုံနှုန်းတော်ရှိသည်ကို ထောက်ပါသဖြင့် အနုဗောဓဉာဏ်ရောင်ဖြင့် တင်ပြခဲ့သော သပ္ပုရိ

သံသ အမှန်ရရှိသည့်အကြောင်း ဤနေရာက စာတင်၍ တောင်းကြစေလို ကြောင်း အနုဗောဓဉာဏ်ရောင်အရှင် အခါတော်ပြင်လိုက်မည်၊ ဓမ္မသံဝေဂ ဖြစ်ကြလိုသော ယောဂီ သူတော်ကောင်း အပေါင်းတို့အား သတိပေး ရေးလိုက်ရပေသတည်း။

သို့ပါ၍ ဤနေရာ၌ စာဖတ်ပြီး ဝေဘန်ရုံနှင့် အချိန်မကုန်ကြစေခြင်း အကျိုးငှါ အလုပ်ခွင်သို့ဝင်၍ ကျင့်ကြံကြိုးကုတ် အားထုတ်ကြပါက ပယ်စဉ် နှင့်တကွ အကြုံးဝင်၍ ကြိုးစားပါက ရနိုင်ကြမည်မှာ အသင် ယောဂီ အပေါင်း တို့အား အမှန်ကို ရောက်ပါမှ မဂ်ဆိုက်နိုင်မည့်အကြောင်း သို့ပါ၍ အသင် ယောဂီတို့အား အာလောက သညာကိုဘဲ မဂ်မှတ်ကြပါသလား၊ အာကာသ ဆိုက်တာကိုဘဲ မဂ်မှတ်၍ နေကြပါသလား၊ မဂ်လို့ ထင်တတ်ကြပါသည်၊ မဂ်မှားသာတည်း။

သို့ပါ၍ အာရဒ္ဓဝိပဿက ပုဂ္ဂိုလ်တို့မည်သည်မှာ ဖြစ်မိဖြစ်ရာလည်း ဖြစ်တတ် ကြပေစွ၊ သို့သော် မဆိုးပါ၊ အမှန်နှင့် အမှားကိုသာ ဝေဘန်ရပေ၏၊ ဖြစ်တတ် လတ့်သည်ကို ပြောပြရမည်မှာကား—

ပညိန္ဒြေ ပွင့်ခြင်း၊ ဗလ၀ ဆိုက်ခြင်း၊ ပဋိဘာဂနိမိတ် ထင်ခြင်း၊ ဣန္ဒြေ၏ နိုးချုပ်ခြင်း၊ ဤကဲ့သို့သော နိမိတ်များကို ထင်တတ်ပါ၏၊ မဂ်မဟုတ်ပေ၊ ဗဟိဒ္ဓ၏ ပညတ်အာရုံသာတည်း၊ မဂ်မဟုတ်ဟူလို။

ဤနေရာ၌ အချို့သော ယောဂီများသည် ငါသည် မဂ်တရားကို ရပြီဟူ၍ တန့်ရပ်၍ နေသော ယောဂီများ တွေ့ဘူးလှလေပြီ၊ မဂ်မှားမျှသာတည်း၊ သို့သော် ပုဂ္ဂိုလ်တိုင်းကို မဆိုလိုပါ၊ ယေဘုယျအရာဖြင့် သိကြလေကုန်တော့။ မဂ်တို့မည်သည်မှာကား—

| | | |
|---|---|---|
| ၁ ဘာဝ။ | ၂ အာကာရ။ | ၃ လက္ခဏာ။ |
| ၄ သတ္တိ။ | ၅ လဟု။ | ၆ ဒဿန- |

ဟု ဆို အပ်သော မဂ်ဂုဏ်ရောင် ၆-ပါးနှင့် ပြည့်စုံမှသာလျှင် မဂ်ဟု ခေါ်ဆို အပ်လှပါသည်၊ သို့ပါ၍ အသင် ယောဂီအပေါင်းတို့သည် တစုံတယောက်သော

သူက သင်တို့သည် မဂ်ဂုဏ်ရောင် ၆-ပါးနှင့် ပြည့်စုံပါ၏လောဟု အမေးရှိပါက အဘယ်လိုများ ဖြေကြားကြမည်တဲ့တုံး၊ သတိရှိကြပါကုန်။

ဤကဲ့သို့ မေးခဲ့သည်ရှိသော် အချို့ အချို့သော ပုဂ္ဂိုလ်တို့က နားမလည်ပါလျှင် မလည်ပါဟု အဖြေမပေးဘဲ စာမတတ်ဘူးဟု၍သာ အဖြေပေးကြ၏၊ သို့ပါ၍ ဤကဲ့သို့ အဖြေမျိုးနှင့် အချိန်မကုန်ကြစေဘဲ ဆရာထံချဉ်းကပ်၍ သဒ္ဓိဝိဟာရိက အဖြစ်ဖြင့် မဂ်ပညာ ဖိုလ်ပညာတို့ကို အဖြေမှန်ရအောင် ကြိုးစား၍ လေ့လာပါက အနုဗောဓဉာဏ် ခရီးရောက်ပါ၍ အကျင့်မှန် အဖြေမှန်နှင့် ပါရဂူလွန်မြောက်ကြပေမည်၊ သို့သော် ကျင့်ကြံကြိုးကုတ် အားထုတ်ပါသော်လည်း ခရီးမရောက်ပါက ပါရဂူ မလွန်မြောက်ခဲ့သည်ရှိသော် ပြန်၍မပြောဘဲ နေတာက တော်သေး၏။

သို့သော် စာတတ်သည့်သူ တရားရတော့ အပြီအိပ်မက် မက်သည်နှင့် တူသည်တဲ့၊ စာမတတ်သည့်သူ တရားရတော့ အ-အ အိပ်မက် မက်သည်နှင့် တူသည်တဲ့၊ အ-အပင်ဖြစ်သော်လည်း မိမိမက်သော အိပ်မက်ကို လက်ဟန်ခြေဟန်ဖြင့် သူတထူးကို နားလည်အောင် ပြောတတ်သေး၏။ တရားရပါလျက်နှင့် စာမတတ်သူ ယောဂီများသည် သူများကို ပြောတတ်အောင်တော့ ဆရာ့ထံ ချဉ်းကပ်၍ လေ့လာ သင်ကြားပါ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိဖြစ်ပါမှ အပြောနှင့်အလုပ် ကိုက်ညီကြပေမည်၊ ပြောမှုဆိုမှု ကိုက်ညီအောင် အဟုတ်အဟတ် တပ်အပ်ထင်ထင် ပရမတ်မြင်အောင် ပြတတ်သော ဆရာ့ထံ ချဉ်းကပ်၍ လေ့လာကြပါကုန်၊ ဤနေရာ၌ သဘောကျလျှင် ကိုယ့်ထက် နားလည်သောသူကို ချဉ်းကပ်၍ တိုင်ပင်ပါ မေးမြန်းပါ၊ ပါရမီ အခွင့်အလမ်းကြုံ၍ပါက သင့်မြတ်နိုင်လျှင် သင့်မြတ်တတ်ပါသည်၊ ကြုံကြိုက်ရမည်မှာ မလွဲသာတည်း။

ဤသာသနာတော်ကြီးဝယ် သူ့မဂ်နှင့်သူ့ဖိုလ် ပြည့်စုံတော်မူကြကုန်သော ဖလသမင်္ဂီပုဂ္ဂိုလ် အရှင်မြတ်တို့သည် အမှန်မုချ ရှိကြပါကုန်၏၊ စာစွဲ၊ ငါစွဲ၊ အယူစွဲဖြင့် စွဲ၍နေကြကုန်သော ယောဂီအပေါင်းတို့ ပြော်-ငါသည် မဂ်တရားကို ရခဲ့သည်ရှိသော် မဂ်ဟုတ်မှ ဟုတ်ပါ၏လေလောဟု တွေးတောဒွိဟ

ဒေ့ဋ္ဌကမရှိပါက မဂ်မှန်ကြောင်း၊ မဂ်တရားတို့ မည်သည်မှာ ရဘူးသောသူ မည်သည်မရှိ၊ အရိယာပုဂ္ဂိုလ်များမှသာ ရ၏ဟူလို၊ သို့သော် မဂ္ဂါမဂ္ဂဉာဏ ဒဿနဝိသုဒ္ဓိ ကိစ္စကို ပြောပြပါဦးအံ့။

မဂ်မဟုတ်ထာကို မဂ်လို့ထင်လျှင် မဂ်မဟုတ်သေးပါ။ မဂ်ဟုတ်ထာကို မဂ်မဟုတ်ဘူးဟုထင်လျှင် မဂ်မဟုတ်သေးပါ၊ မဂ်လည်း ဟုတ်ပါမှ မဂ်ဟုတ်သည် ဟုလည်း သိပါမှ အဲဒါမှ မဂ်ဟုတ်၏ ယောဂီတို့။

ဤနေရာ၌ သတိရှိကြစေလိုပါသည်၊ အဘယ်ကို ထောက်ပါသဖြင့် ဤကဲ့သို့ ရေးရပါသနည်းဟု မေးလိုသော် ယခု စာရေးသော ဆရာဘော်သည် ပညာရှင် တဦးက အမေးလည်း ခံခဲ့ရဘူးပေ၏၊ ထိုမေးသောသူသည် ပရိယတ်ရှင်လည်း ဖြစ်ပါ၏၊ ဤကဲ့သို့ အမေးရှိခဲ့သော် ထိုစာရေးသော ဆရာတော်သည် ထိုမေး သော ခဏ၌ပင်လျှင် ဖြေကြားတော်မူလိုက်သော ဝိသဇ္ဇနာ အဋ္ဌကထာ စကား သည်ကား—

ဧဝံ မဂ္ဂဥ္စ အမဂ္ဂဥ္စ ဉာဏံ မဂ္ဂါမဂ္ဂဉာဏဒဿန ဝိသုဒ္ဓိတိ ဝုစ္စတိ။

ဟူ၍ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ စကားရပ်ဖြင့် ခိုင်လုံစွာ ဖြေလိုက်သည်ရှိသော် မှန်မှားနှစ်ဖြာ ရှင်းလင်းတော်မူကြစေလို၍ ရေးသွင်း၍ ပြလိုက်ရပေသတည်း။ ဤနေရာ၌ မှန်မှားမသိ၊ မသိ၍ရှာ၊ ရှာတော့ကာ ရ၊ ရတော့ ခံစား ဆိုတာလို အဆက်မပြတ် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ရပ်ကြစေခြင်းငှါ မဂ္ဂါမဂ္ဂဉာဏ ဒဿန ဝိသုဒ္ဓိ ဖြစ်မှသာလျှင် မဂ်မှန်ကြကြောင်း၊ ယခုအခါ အမှန်တရားသို့ မရောက်ကြကုန်သေးသော ယောဂီအပေါင်းတို့မှာ အထင်နှင့်ဘဲ အားကိုးကြရ မှာလား အမြင်နဲ့ဘဲ အားကိုးကြရမှာလား မချဟုတ်ကြပါ့ရဲလား ပညတ်ကိုဘဲ သမုတ်ကြလို့လား အပြောကောင်းလို့ သဘောကျတာလား အားလုံးက ဝိုင်းပြီး ချီးကျူးကြတာနဲ့ အထင်ကြီး၍ နေကြတာလား စဉ်းစားကြပါလေ။

ဤစာဖြင့် ရေးရခြင်းသည် မှားအစဉ် ပြင်ခဏဆိုတာလို သဒ္ဓါရှေ့ထား၍ ရေးလိုက်ထာပါ၊ ဤစာကိုဖတ်ပြီး အဟုတ် အဟာတ် ဝေဘန်ကြပါ၊ ဝေဘန်လို ပါလျှင် ပုဂ္ဂိုလ်တိုင်းကိုလဲ မဝေဘန်ပါနှင့်၊ ဇတ္တာဘာဝ အာဝီဘာဝနာကာရနည်း နှင့် ပြည့်စုံသော လဒ္ဓေါပဒေသ ဟတ္ထမုဋ္ဌိနည်းနှင့် ပြည့်စုံသော သပ္ပုရိသံသ

ပုဂ္ဂိုလ်ဖြစ်ပါစေ၊ ဟတ္ထမုဒ္ဒ နည်းလက်ရှိနှင့် ပြည့်စုံသောပုဂ္ဂိုလ် သိက္ခာသုံးရပ်နှင့် ပြည့်စုံသောပုဂ္ဂိုလ် ဖြစ်ပါစေ၊ ဤကဲ့သို့သော အင်္ဂါနှင့် ပြည့်စုံသော ပုဂ္ဂိုလ် သည်မိမိ၏ ပါရမီကလည်း ပြည့်စုံခဲ့လျှင် ၇-ရက်နှင့်ပင် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ မုချ ရနိုင် ရောက်နိုင်ပေမည်၊ သို့သော် ပုဂ္ဂိုလ်တိုင်းကိုတော့ မဆိုလိုပါ၊ နောင် အတိတ် ဒုတိယဘဝက မဟာကုသိုလ် သတ္တမဇောရှင်များကိုသာ ဆိုလိုပေ၏။

ဤကဲ့သို့ ပုဂ္ဂိုလ်များသည် အနန္တရပစ္စည်း သဟဇာတပစ္စည်း အညမည ပစ္စည်း အစရှိသော ပကတူပ ၉-ပစ္စယ သတ္တိဖြင့် ဥပကာရက အထောက်အပံ့ ပါရမီရှင်မှန်ပါက လေ့ကျင့်ရာ လေ့ကျင့်ကြောင်း အာစရိယပရံပရ သိဿာနု သိဿတို့ အစဉ်အဆက် မပျက်ဆည်းကပ်ခဲ့သောသူ ဖြစ်ပါက ဤကဲ့သို့သော ယောဂီအပေါင်းတို့အား တိုက်တွန်းရေးသား ရွှေနားတော် ပါးရခြင်းသည်ကား ယခုရေးသားသော အရှင်သည်ကား ၁၁-နှစ်အရွယ် ရှင်ငယ်ဘဝငယ်စဉ်ကလေး က အစပြု၍ သံသာရဝဋ္ဋဒုက္ခတော ပါးစပ်အပြောနှင့် အမှားတာရှည်စွာ ဆင်းရဲဒုက္ခတွေကိုသာ ခံစား၍ နေခဲ့ရ တာရှည် လ-ရက်တွေ အလီလီနှင့် နှစ်ကာလရှည်ကြာလျက် စာရေးသော အရှင်ကဲ့သို့ ဆင်းရဲဒုက္ခ တာရှည်စွာ မခံစားရစေခြင်း အကျိုးငှါ ဤစာဖြင့် ရေးသား၍ ပြရခြင်း ဖြစ်ပါသည်။

ဤစာရေးသော အရှင်သည်ကား ဆင်းရဲဒုက္ခကို ခံစားခဲ့ရသော ပင်ပန်းစွာ အချုပ် ရေးထုတ်၍ပြရသော် ပုထုဇဉ်တို့၏ နယ်အတွင်း အရာရာသော ဒုက္ခ တို့ကို ဘယ်အခါမှ မကင်းခဲ့ အကျယ်ကိုချဲ့ပါက ပြီးနိုင်ဘွယ်ရာမရှိ သိလောက် ကြ၏ဟု ဒုက္ခဘုံတွင်းမှ ထွတ်အတင်းထွက်လို၍ သရာရှာပုံတော်နည်း အစဉ်မီး၍ ပြလိုက်မည်။

"မေးပါများ စကားရ၊ သွားပါများ ခရီးရောက်" မောင်ပေါက်ကျိုင်း စကားပုံအထောက် ရောက်တတ်ရာရာ မေးမြန်းရာဝယ် ဒေသနာကျမ်း ရှယ်ကာမှန်းပါက ဝိသုဒ္ဓိမဂ်စကား နားယောတ အသံဖြင့် လွှမ်းလိုက်ပါက -

ပရတော သုတွာ ပဋိလဘတိတိ ဃောသော ကမ္မာယတနာဒီနိ ပနေန ကိရိယ မာနာနိ ဝါ ကတာနိ ဝါ ဒိသွာပိ ယဿ ကဿစိ ကထယမာနဿ ဝေစန သုတွာပိ အာစရိယဿ သန္တိကေ ဥဂ္ဂဟေတွာပိ ပဋိလဒ္ဓါ။

ဟု ဆရာရှာပုံအထူး မြန်မာအနက်ဖြင့် ကျူးရသည်မှာ -

ပရတောသုတွာ ပဋိလာဘတိတိဇ္ဈေ၊ ဟူသော ဤပါဌ်၌။ ကမ္မာယတနာဒီနိ၊ ပြုလုပ်ခြင်း ကံအစရှိသည်တို့ကို။ ပရေန၊ တပါးသောသူသည်။ ကိရိယမာနာနိ ဝါ၊ ကျင့်ကြံ၍ နေသည်ဖြစ်၍ရှင်း။ ကတာနိ ဝါ၊ ကျင့်ကြံ၍ ပြီးသည်ဖြစ်၍ ရှင်း။ ဒိသွာပိ စ၊ မြင်ခဲ့၍သော်ရှင်း။ ယဿ ကဿစိ၊ အမှတ်မထား တပါးပါး သော။ ကထယမာနဿ၊ ပြောဆိုသောသူ၏။ ဝစနံ၊ စကားကို။ သုတွာပိ၊ ကြားခဲ့၍သော်လည်း။ အာစရိယဿ၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို အမှန်ပြတတ်သော အရိယာဆရာ၏။ သန္တိကေ၊ အထံ၌။ ဥဂ္ဂဟေတွာပိ၊ သင်ယူခဲ့၍လည်း။ ပဋိလဒ္ဓါ၊ ရခဲ့၏။

ဤကဲ့သို့ ဒေသနာ အနက်ရှိ မြန်မာလိုပြန်ဘိ၍ အမြင်နှင့်အကြား ဆရာ၏ ထံတော်ပါးသို့ အခေါက်ခေါက် ရောက်ရှိပါက သူများမှာရ ငါကားမရ အကြောင်းကို ရှာလိုက်ပါက စိတ်ဆန္ဒ သဘာဝ သောကတွေက အဝဝနှင့် ငိုမျက်ရည် ကိုယ်မှာကျကာမှ ဆင်းရဲလှတဲ့ စေတနာ ကိုယ့်ကိုယ်မှာ ရှာပါက သြော်....နောက်နောင်က ကံအဆက် ဤဘဝမှ မတက်နိုင်ပါက ဓမ္မချက် အဘယ်မှာ ကောင်းနိုင်ပဟု -

သို့ပါသောကြောင့် ¦မိမိ၏ခန္ဓာအစဉ် ဆရာရှင်နှင့် သုံးနှစ်လောက်အကြာ တွင် ငါမရာ နေရာကမထ-ဟု စိတ်ဆန္ဒပြင်းပြ၍ ခုနစ်ရက် နှစ်ခါ ၁၄-ရက် ကြာကာမှ ရုပ်ရိုပ်ဖြစ် နာမ်အစဉ် မှန်ရိပ်လို တကယ်ထင်ကာမှ "လျှော့လျှင် မိစ္ဆာ သာလျှင်ဒိဋ္ဌိ" သိကြပါလေ၊ ဉာဏ်ကဝေ ဟု ဖြတ်ထုံးခမ္မသတ် တပ်အပ် သိကာမှ ဝဋ္ဋာနုဂါမိနို မဂ်ဉာဏ်သို့ ရိပ်မိကြောင်း။

သို့သော် အမိမာန သဘာဝအရ စာကိုယ်အရ သိကြစေလိုက ဤနေရာမှ နားသောဘ ကြားကြစေလိုကြောင်း အသင်ယောဂီအပေါင်းတို့၊ သို့ပါ၍ ဤစာဖြင့် ရေးသား၍ ပြဆိုအပ်သော စာတမ်းကို စဉ်းစားကြပါရန် ပေါရာ ဏစကားဝယ် စာနှင့်သာ ဖလှယ်၍ ပရိယာယ်ကြွယ်သည်မှာ လိုရင်းအဓိပ္ပါယ် သိလွယ်အောင် ချယ်လှယ်ကြပေတော့၊ (သတိ)

ပရိယတ် ကျွမ်း ကျင် ပေါက် ရောက် လျှင် အထင် ဟောတတ်၏၊
ပဋိပတ်ကျွမ်းကျင် ပေါက်ရောက်လျှင် အမြင်ဟောတတ်၏။

သို့ပါ၍ ဤနေရာ၌ လိုရင်းမှာကား စာကျွမ်းကျင်တာနှင့် အကျင့်ကျွမ်းကျင်တာကို ဆိုလိုသည်၊ စဉ်းစားကြပါလေ၊ ပရိယတ်သည် သုတမယဉာဏ် ဖြစ်ပါ၏၊ ပဋိပတ်သည် စိန္တာမယဉာဏ် ဖြစ်ပါ၏။ ထိုပရိယတ်နှင့် ပဋိပတ် ထပ်မိပါမှ ပဋိဝေဓဉာဏ်သို့ ဆိုက်နိုင်ပေ၏၊ ထိုပဋိဝေဓဉာဏ်သို့ ဆိုက်ပါမှ လောကုတ္တရာနယ်သို့ ရောက်တော်မူကြပေ၏၊ လောကုတ္တရာ ဆိုသည်ကား မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်တစ်ပါး နိဗ္ဗာန်ဟူလို။

သို့ပါ၍ ပရိယတ် ပဋိပတ် ပဋိဝေဓ ဟု ဆိုအပ်သော သုံးရပ်သော သာသနာတို့ဝယ် ဇ္ဈာန ရှိယ ဓမ္မ ယသ သိရီ ကာမ ပယတ္တမည် ဘုန်းခြောက်လီနှင့် ပြည့်စုံတော်မူသော သဗ္ဗညုတ ရှင်တော်မြတ်တို့သော်မှလည်း ပဋိဝေဓ ဆိုက်တော်မူနိုင်ကြောင်း၊ သို့ပါသောကြောင့် ပရိယတ်နှင့် အချိန်မကုန်ကြစေ ပါမူ၍ ထိုပဋိပတ် အကျင့် ကျွမ်းကျင်တော်မူကြ၍ ထိုပဋိပတ်၏ အာရုံ အာရမ္မဏိက ရှိပါမှ စိန္တာမယဉာဏ်ဖြင့် ပဋိဝေဓဉာဏ်သို့ ဆိုက်နိုင်ကြောင်း ထုံးဟောင်းပုံနှုန်း နိဂုံးဖြင့် ချုံးရသော်—

ပဋိဝေဓဉာဏံ လောကုတ္တရံ နိဗ္ဗာနမာရမ္မဏံ ကတွာ ကိစ္စတော စတ္တာရိပိ ပဋိဝိဇ္ဈတိ။

ဟု သမ္မောအဋ္ဌကထာမှာ ရှိ၍မို့ ဘုရား အရိယာ သူတော်စဉ်တို့၏ ပျော်ရာ အဝတ္ထာဘုံဟု ဆိုအပ်သော ပဋိဝေဓ အောင်ခန်းသို့ သိလိုတော်မူကြကုန်သော ပါရမီအရှင်တို့အား သို့ပါ၍ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ရေးစပ်ခဲ့သော ကေပိုဒ်စာတမ်းဖြင့် ထောက်ချင့်ရသော်-

ထုံးဟောင်းတန္တိ၊ ကျမ်းအညီနှင့်၊ ဂမ္ဘီရဓာတ်၊ ပရမတ်ကို၊ အဘာပ်ဆွေးတော၊ မဟောပြောနှင့်၊ သဘောသကာ၊ မိမိဉာဏ်နှင့်၊ မတန်မရာ၊ နက်နဲစွာကို၊ အရာမသိ၊ မရိပ်မိဘဲ၊ ဟုတ်လိနိုးနိုး၊ ဆင်ကာဏ်းတိုးသို့၊ ကြိုးကြိုးပမ်းပမ်း၊ ပရမ်းပတာ၊ စိတ်သညာဖြင့်၊ ထင်ယောင်ထင်မိ၊ မှား ခေါင်ထိ၍၊ ဒိဋ္ဌိ ဒိမြစ်၊ စုံးစုံးနစ်သည်၊ လူဖြစ်ဤတွင် ရှုံးလိမ့်သော်—

ဟု ဆိုသည်ကို ထောက်တော်မူကြပါသဖြင့် ဤသာသနာတော်ကြီးမှာ ဘဝဖြင့် မဆုံးရှုံးကြလိုသော ယောဂီအပေါင်းတို့အား မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို တကယ်လိုလားကြပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ရောက်အောင် တကယ်ဆုံးမ သွန်သင် ပြသတတ်သော အရိယာပုဂ္ဂိုလ်များသည် အများချည်းရှိတော်မူကြပါ၍ မိမိတို့၏ ထင်သလိုသဘောနှင့် ဝေဘန်၍ မနေကြပါနှင့် စဉ်းစား၍ မနေကြပါနှင့် အချိန်ကုန်အောင် ပြော၍ မနေကြပါနှင့်၊ သို့သော် ဓမ္မသဝန ဓမ္မသာကစ္ဆာ အလိုတော့ ကိုက်ညီပါ၏။

ဤနေရာ၌ ဘာ့ကြောင့် ဤကဲ့သို့ သတိပေး ရေးရပါသနည်းဟု ဆိုသော်—

မသင် မပြော၊ မဟော မပြန်၊ မကျင့်ကြံ၊ သာသနာကွယ်ကြောင်းငါး။
သင်သင် ပြောပြော၊ ဟောဟော ပြန်ပြန်၊ ကျင့်လဲကြံ၊ ပွင့်ရန်သာသနာ။

အဲ ဤကဲ့သို့ ဝစနာထောက်ပါသဖြင့် ယခု သာသနာတော်တွင်း၌ အမှန် မဂ်တရားကို ရကြ၍ ဖလသမာပတ် အရှင် ဖြစ်တော်မူကြပေလိမ့်မည်၊ မဂ်သိလို လျှင် ဖိုလ်နဲ့မေး ဆိုတာလို ထင်ရှားတော်မူလှပေ၏၊ သို့ပါ၍ -

အတ္တနော အတ္တနော ယော ဖလံ သမာပဇ္ဇန္တိတိ ဣဒမေတ္ထ သန္နိဋ္ဌာနံ။
ဟူ၍ နိဒ္ဒေသ အဋ္ဌကထာ ရှိသည်ကို သမ္ဗန်လိုရသော်—

အတ္တနော အတ္တနော ယော၊ မိမိ မိမိ၏သာဒလျှင်။ ဖလံ၊ ဖိုလ်ကို။ သမာ-ပဇ္ဇန္တိ၊ ဝင်စားနိုင်ကုန်၏။ ဣတိ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဧတ္ထ၊ ဤဖလသမာပတ်အရာ၌။ သန္နိဋ္ဌာနံ၊ ဆုံးဖြတ်ခြင်းတည်း။

ဤကဲ့သို့ ပါဠိပါဠိအရ ဒေသနာမှာ ထင်ရှားစွာရှိပါက မယုံမရှိကြပါရန် အယုံတော်ကင်းကြမည်မှာ ထင်ရှားစေလို၍ အဘယဂီရိတိုင်းသား ကေစိဝါဒီ များကဲ့သို့ မယူသင့်သည်များကို ဖယ်ရှား၍ ဤနေရာ အဓိပ္ပါယ်ကျဖြင့် အကြင် ပညာရှိအပေါင်းတို့အား ၎င်းဖလသမာပတ် ဝင်စားတော်မူပုံကို အယူမညီ ကေစိ ဆရာတို့၏ဝါဒီကို နိဒ္ဒေသအဋ္ဌကထာ ပယ်လိုက်သည့်အရာ ပြဆိုရမည်မှာ—

တသ္မာ န ကိဉ္စိ ပါဠိဝသေနေဝ ပဋိက္ခိပိတ ဗ္ဗန္တိပိ န ဂဧဟ.တဗ္ဗံ၊ ဣဒဝေ စ ပန ဂဟေတဗ္ဗံ။

ဟူ၍ အဋ္ဌကထာ ပယ်သည်ကို ထောက်ကြစေလိုပါ၍ ဤနေရာ၌ အတ္တဝဏ္ဏနာ သမွန်ရမည်မှာ—

တသ္မာ၊ ထိုသို့အဘယဂီရိကေစိဝါဒီတို့၏ အယူကို ပယ်လိုသည်၏ အဖြစ်ကြောင့်။ ကိဉ္စိ၊ မိမိဖိုလ်မှတပါး အခြားသောအကျိုးသည်။ န စ အတ္ထိ၊ ရှိလည်းမရှိ။ ပါဠိဝသေနေဝ၊ဒသဂေါတြဘုဓမ္မာဝိပဿနာ ဥပ္ပဇ္ဇန္တိ-အစရှိသော ပါဠိတော်၏ အစွမ်းဖြင့်။ ပဋိက္ခိပိတဗ္ဗံ၊ ပယ်အပ်၏။ ဣတိပိ၊ ဤကေစိဆရာတို့၏ အယူကိုလည်း။ န ဂဟေတဗ္ဗံ၊ မယူအပ်။ ပန၊ ယူအပ်သော်ကား။ ဣဒမေဝ၊ ဤမြတ်စွာဘုရား၏ အယူတော်ကိုသာလျှင်။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

အဲ ဤကဲ့သို့ ပါဠိ ပါဠိအရာ အယူတော်မှာ အလွန်ထင်ရှားတော်မူလှပါ၍ ဒေသနာရှိပါလျက်နှင့် အားလုံးသော ယောဂီအပေါင်းတို့သည် ဖလသမာပတ် ဝင်စားနိုင်ကြောင်း ယောဂီတို့၏ ဉာဏ်အရောင်လင်းပြီး ဝင်စားသူပေါင်းဒိဋ္ဌဓမ္မ ပစ္စက္ခတွေ့လိုကြောင်း စိတ်တွင်းမှာ ဉာဏ်ပြောင်းပြီး ဒိဋ္ဌတွေ့လို သိလို မြင်လိုကြခြင်း၏ အကြောင်း မှချအားဖြင့် ပြောရမည်ဆိုပါလျှင်—

“ဥဇုံကာယံ ကတွာ အာသနံ ပရိမုခံ သတိံ ပလ္လင်္ကံ အာဘုဇိတွာ စက္ခုမို ဥမ္မိလိတွာ” စာမှာပင် ရှိငြားသော်လည်း အချိုးကျစွာ နေထိုင်ရုံမျှနှင့် နေထိုင်ငြားပါသော်လည်း မဟုတ်သေးပါဘူးတဲ့၊ သို့ပါ၍ ဟုတ်သည်ကို ပြရမည်ဆိုလျှင် ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ် အနုလောမဉာဏ် အဆုံး ဂေါတြဘု ကိစ္စဖြတ်ပြီးမှ ဖိုလ်ဇော နှစ်ကြိမ် သုံးကြိမ်နောင် ဓမ္မဝိဟာရဂုဏ်ဖြင့် ဝင်စားလိုသောစိတ် ဝေဒါန်ကိစ္စတပ်လျက် ရုပ်နာမ်တို့၏ ချုပ်ငြိမ်းသည်ကို နိဗ္ဗာန်ကို အာရုံပြုပြီးလျှင် လောကုတ္တရာ သုခဖြင့် ချမ်းသာစွာ ဝသီတော် ငါးတန်နှင့် တကွ နိုင်နင်းသည်ဖြစ်၍ ဖိုလ်ဇောများစွာ ကျလျက်—

“နိသိန္နဿ ဒိဝသမ္ပိ စိတ္တုပ္ပါဒေါ”ဟု အဂ်ုတ္တရကျမ်း အဟောအလာ နိဗ္ဗာန်ကို အာရုံပြု၍ တခနေ့လုံးသော်လည်း ဖိုလ်ဇောများစွာ ဖြစ်လျက် သဘာဝနှင့် ကိုက်ညီစွာ ဖလသမာပတ် ဝင်စားနိုင်သော သူမှသာလျှင် အရိယာအောင်နိဗ္ဗူ ဤကဲ့သို့အဆူ အရိယာသူတယောက် နိဗ္ဗာန်ဖြင့် ပေါက်လောက်သူကို ယောဂီ

တို့၏ ရှေ့မှောက် သံသရာနယ်တလျှောက် လက်ဆွဲ၍ ကောက်လောက်သူဟူ၍ ဒေသနာအလာ ပြရမည်ဆိုပါက –

> ကသ္မာ သမာပဇ္ဇန္တီတိ သခ်ါရာနံ ပဝတ္တိဘေဒေ ဥက္ကဏ္ဍိတွာ ဒိဋ္ဌေဝ ဓမ္မေ အစိတ္တကာ ဟုတွာ နိရောဓံ နိဗ္ဗာနံ သုခံ ပတွာ ဝိဟရိဿာမာတိ သမာပဇ္ဇန္တိ။

ဟု နိဒ္ဒေသအဋ္ဌကထာ ထောက်ပြသည်မှာ ဖလသမာပတ် ဝင်စားနိုင်ကြောင်း၊ သို့ပါမူ၍ ဤကဲ့သို့သော ဓမ္မနွယ ပစ္စက္ခ သိဒ္ဓိဉာဏ်သို့ ပေါက်ရောက်မှသာလျှင် နိဗ္ဗာန သစ္ဆိကိရိယဂုဏ်နှင့် ကိုက်ညီကြပေမည်၊ သို့မှသာလျှင် အရိယာဘုံသို့ သက်ရောက်တော်မူကြ၍ အနုမာနဉာဏ်ဖြင့် အပြောနှင့်စကား ကြွယ်၍ နေကြကုန်သော သူတို့သည် မဂ်မှန်သို့ မရောက်ကြကုန်သေးပါ၍ ကလျာဏနယ်၌သာ ဖြစ်ကြကုန်သေး၏။

သို့သော် အတိုနှင့်တိုင်းလျှင်တော့ နည်းနည်းတော့ ပိုရှည်ကြမှာပ၊ စာနှင့် အချိန်မကုန်ကြပါမူ၍ ပေါရာဏစာတမ်းအလို ဘွင့်ထုတ်၍ ဆိုသည်မှာ –

> စာအရှိ၊ ငါသိလို့ တကယ်ထင်။ မဂ်ဖိုလ်ကို တက်လိုလို့ လှမ်းကြလျှင်၊ (ကွယ်) လမ်းစမမြင်။

ဤကဲ့သို့ စသည်ဖြင့် ဆိုတာလို အို စာနှင့်ဝေဘန်၍ နေကြကုန်သော ဦးရှေ့စာတို့၊အို ...စာနှင့်အချိန်ကုန်၍နေကြကုန်သောဦးရှေ့ကုန်တို့၊အို....အပြော နှင့် အချိန်ကုန်၍ နေကြကုန်သော ဦးရှေ့ပြောတို့၊ ဤနေရာ၌ စရဏဂုဏ်ဖြင့် ယုံကြည်စေလိုကြ၍ ရေးရခြင်း ဖြစ်ပေ၏။ ပရိယတ္တိ သာသနာကိုတော့ဖြင့် ချီးကျူးပါ၏၊ ထိုပရိယတ္တိ သာသနာမှ ထုတ်နုတ်၍ ပဋိပတ္တိနယ်သို့ ရောက်အောင် ကျင့်စေလို၍သာ ရေးလိုက်ရ၏ ဟူလို။

ဤကဲ့သို့ ရေးရခြင်းကား ယခုစာရေးသော အရှင်သည် စာအရှိနှင့်ဖြင့် ကာလကြာခဲ့ပါပြီ၊ အဘယ်ကဲ့သို့မှ စဉ်းစားလို့ မရခဲ့ပါ၊ ပုတီးအကုံးကုံး စိပ်၍ အပတ်ပေါင်းသည်း များစွာ ပတ်ခဲ့ပါပြီ၊ တအင့်အင့် တအောင့်အောင့်နှင့် အောင့်ပေါင်း အင့်ပေါင်းလဲ များခဲ့ပါပြီ၊ ဘာမှလဲ မဖြစ်ခဲ့ပါ၊ ကိုယ့်ထက်

ငယ် ကိုယ့်အထက်လျှင် အရှယ်တူ အနိုင်သာ ယူခဲ့ပေ၏၊ ကိုယ့်မှာ ဘာမှမရှိသည်များတော့ အသိခဲ့သားဘဲ။

သို့ပါမူ၍ စဉ်းစားခဲ့ရသည်မှာ—

စာသိ ငါသိ၊ နှစ်ဌာနရှိ၊ သူများကပြောတော့၊ နားကယောင်၊ ကိုယ့်သဘောနဲ့တော့လဲ၊ ဘာမှ မဖြစ်ခဲ့ပေါင်။

သို့ပါ၍ စာရေးရသော အရှင်သည်ကား သပ္ပုရိသံသထံ ဟတ္ထမုဋ္ဌိနည်း လဒ္ဓေါပဒေသနည်း ရခဲ့ပါကမှ ရိပ်မိရာ ရိပ်မိကြောင်း သင့်သလောက်ဖြင့်သာ ဟူရာဝယ် သို့ပါသောကြောင့် ဖိုလ်ဇောတို့မည်သည်မှာ များစွာစောနိုင်ကြောင်း နောက်ကပြခဲ့ပြီးသည့်အကြောင်း သိစေလို၍ ဉာဏ်မျက်စောင်း ညွတ်ငြောင်း လိုက်သည်မှာ—

သတ္တက္ခတ္တုံ ပရိတ္တာနိ၊ မဂ္ဂဘိညာ သကိံ မတာ။
အဝသေသာနိ လဗ္ဘန္တိ၊ ဇဝနာနိ ဗဟူနိပိ။

ဤကဲ့သို့ လက်သန်းအဋ္ဌကထာမှာ ရှိ၍မို့ ဤနေရာက ဤစာကို ပြခဲ့သည်၊ သို့ပါမူ၍ အသင်ယောဂီ အပေါင်းတို့အား အမှားရှိပါက အမှန်ဖြစ်ကြစေခြင်း အကျိုးငှါ အသင်ယောဂီ အပေါင်းတို့ကို အဘယ်နေ့က အဘယ်မဂ်တရားများကို ရခဲ့ပါသတုံးလို့ အမေးရှိခဲ့ပေသည်။

မဂ်တရားဆိုတာ အဘယ်ကို ခေါ်ပါသလဲ၊အဘယ်အာရုံပေါ်တာကို မဂ်လို့ခေါ်ပါသလဲ၊ နီတာဟာ မဂ်လား၊ ဖြူတာဟာ မဂ်လား၊ စိမ်းတာဟာ မဂ်လား၊ တိုတာလား ရှည်တာလား မိမိထင်တာကိုဘဲ မဂ်ဆိုပါသလား၊ မဂ်ဆိုတာ နောက်နောက်ကဘဲ ကိုယ့်ဟာကိုယ် သိခဲ့ပါသလား၊ ရှေ့ကိုကျတော့လဲ ကိုယ့်ဟာကိုယ်ဘဲ သိအုံးမှာတဲ့လား၊ ဒိဋ္ဌိကိလေသာ ဝိစိကိစ္ဆာ ကိလေသာ မကင်းပါဘဲနှင့် မဂ်ဟုတ်အုံးမှာတဲ့လား၊ ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာကင်းလျှင် သောတာပန်ဖြစ်ပြီဟု စာထည်းမှာ တွေ့ရှိနှင့်သာ မဂ်တရားကို ရပြီလို့ ဆိုချင်ကြဘာလား၊ စဉ်းစားကြပါလေ၊ အားလုံးသော ယောဂီအပေါင်းတို့။

ဟုတ်ခဲ့လျှင်ဖြင့် တော်ပါသေး၏၊ မဟုတ်ခဲ့ပါလျှင် မစားရဘဲနှင့် အပါယ်ကျခံရလိမ့်အုံးမည်၊ ငါမဟုတ်သေးပါဘူး ဆိုလျှင်လဲ နားထောင်ကြပါ၊

ပြောပြပါမည်၊ ပြောပြတာကိုလည်း သိချင်ကြပေလိမ့်မည်၊ ပုဂ္ဂိုလ်တိုင်းကိုလဲ မဆိုပါ၊ လိုလားသော ပုဂ္ဂိုလ်ကိုသာ ဆိုလိုပေ၏၊ သံသရာ့အကြိုအကြားဌ် (ယောင်တောင်တောင်ယောင်) ယောင်တီးယောင်တောင်နှင့် ယောင်၍နေသော အဲဒီ သူယောင်ကိုတော့ ထည့်၍မစဉ်းစားပါ။

သို့သော် မဂ်အကြောင်းကို ပြောပြရမည်ဆိုလျှင် ကိလေသာကုန်တာလဲ မဂ်မဟုတ်ပါ၊ ခန္ဓာကုန်တာလဲ မဂ်မဟုတ်ပါ၊ ရုပ်နာမ်နှစ်ပါး ချုပ်ငြိမ်းတာလဲ မဂ်မဟုတ်ပါ၊ အချို့မှာ ရဟန်းအသွင်ယောင်ကိုလဲ မြင်လိုက်ရ၏၊ မြတ်စွာဘုရား အသွင်တော်ကိုလဲ ဖူးမျှော်လိုက်ရ၏၊ အဲတာလဲ မဂ်မဟုတ်သေးပါ။

သို့သော် ဖြစ်ခဲ့စဉ် တွေ့ခဲ့စဉ် ပဋိကမ္မဘာဝနာ၏ အစွမ်းအားဖြင့် သမာဓိအရှိန်ကြောင့်သာ ဖြစ်လေ့ရှိသော ပဋိဘာဂနိမိတ် ခေါ်ဆို၏ဟူလို၊ အကုသိုလ်တော့ မဖြစ်ပါ၊ ၎င်းသမာဓိသည် ရနဲ၏၊ ဤကဲ့သို့သော နိမိတ်ကို သာယာ၍ နေပါက ဝိပဿနာ၏ ညစ်ညြူးကြောင်းဖြစ်သော အန္တရာယ်၏ အတွင်းမှာသာ နစ်၍နေတတ်ကြ၏၊ ဤကဲ့သို့သော ယောဂီများ တွေ့ဘူးလှလေပြီ၊ သတိထားကြစေလို၏၊ သို့ပါသောကြောင့် မဂ်ကိစ္စအကြောင်းကို ရိပ်မိကြစေရန် အနည်းငယ် တော်ပြလိုက်သည်မှာ-

သိပယ်ဆိုက်ပွား၊ လေးပါးကိစ္စ၊ အပိုင်ရ၊ မဂ်၏ကိစ္စသာ။

ဟု ဆိုရိုးစကားအရ မဂ်ဟု ခေါ်ဆိုအပ်ရာဝယ် ယောဂီအပေါင်းတို့အား သိလိုပါငြားက အဘယ်သို့သော အကြောင်းကို ထောက်ရပါသဖြင့် မဂ်ဟု ဆိုအပ်ရာဝယ် သစ္စာလေးပါးသာတည်း၊ ထိုသစ္စာလေးပါးကိုပင်လျှင် မဂ်ဟု ခေါ်ဆိုနိုင်ကြောင်းသိစေလို့၍ ပြဦးတော့အံ့၊ရှေ့ဉာဏ်တော်ခုတ် ဒဲလိုကပ်၍ သမ္မောဟအဋ္ဌကထာ သစ္စာတော်ဝိဘင်္ဂ ဖြတ်တော်မူလိုက်သည်မှာ-

သော ဧဝံ ကမ္မံ ကရောန္တော စတ္တာရိ သစ္စာနိ ဧကေန ပဋိဝေဓေန ပဋိဝိဇ္ဈတိ။

ဟု လာတော်မူသည်ကို ထောက်ပါသဖြင့် မဂ်ဆိုသည်မှာ သစ္စာလေးပါးကိုသာ မှတ်တော်မူကြပါကုန်လော၊ သို့ပါမူ၍ အဆူဆူသော ရှေ့ဉာဏ်တော်တို့၏

လက်ထက်တော်က အစပြု၍ ယခုအချိန်အထိ လေးပါးသော သစ္စာကိုသာ မဂ်မှန်ကြောင်းဖြင့် ဤနေရာက အနက် အဓိပ္ပါယ် သဒ္ဒါအသွား အများနား လည်ကြစေခြင်း အကျိုးငှါ ယောဇနာတော်မူလိုက်သည်မှာ -

သော၊ ထိုမဂ်တရားကိုရသော။ ပဂ္ဂလော၊ ပုဂ္ဂိုလ်သည်။ ဧဝံ၊ ဤသို့။ ကမ္မံ၊ မဂ်နှင့်စပ်သော အမှုကို။ ကရောန္တော၊ အာရုံပြုသည်ရှိသော်။ စတ္တာရိ၊ လေးပါးကုန်သော။ သစ္စာနိ၊ သစ္စာတရားတို့ကို။ ဧကေန၊ တပေါင်းတည်း။ ဝါ-တပြိုင်နက်။ ပဋိဝေဓေန၊ ထိုးထွင်း၍ သိသဖြင့်။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိ၏။

ဟု သမ္မောဟ ရွှေကျမ်းစာတဆူက သာသနာ့အောင်မြေငူသို့ မြတ်ဖေါင် တော်အထူး ကူးတို့ဦးဖြင့် ဒေသနာ ကျူးလိုက်ရပေတော့သတည်း၊ သို့ပါမူ၍ လေးပါးသော သစ္စာကိုသာ မဂ်ဟု ခေါ်ဆိုတော်မူကြပါမည့်အကြောင်း အသင်ယောဂီအပေါင်းတို့အား နားသောတ စိုက်ကြစေလိုကြောင်း ဤနေရာ ကဤဒေသနာ၏အကြောင်း ကောင်းကောင်းကြီး မှတ်ကြစေလိုကြောင်းဖြင့်—

အို....ယောဂီအပေါင်းတို့ ရာဂအစရှိသော ဆယ်ပါးသော ကိလေသာတို့ မည်သည်မှာ မဂ်ဖြတ်မှ ပြတ်သည့် တရားမျိုးပါကလားလို့ သိကြပေကုန်၊ ကိလေသာကုန်မှုဆိုသည်မှာ ရှေးရှေး၌ ဖြစ်ပေါ်ခဲ့ပြီးသော ကိလေသာတို့သည် ကွယ်ပျောက်ချုပ်ငြိမ်းကုန်ပြီး၍ နောင်ဖြစ်ပေါ်စေရန် အကြောင်းကံ အဖြစ်ဖြင့် ကိန်း၍နေ၏၊ ထိုကိန်း၍နေသော သတ္တိကို အနုသယသတ္တိဟု ခေါ်သည်။

ထိုအနုသယသတ္တိကို မဂ်ဖြင့်ပယ်သတ်ရသည်၊ မဂ်ဖြင့်ပယ်သတ်မှ ပြတ်သည်၊ မဂ်ဖြင့် ပယ်သတ်၍ ပြတ်ပြီဆိုမှဖြင့် အတိတ်က ဖြစ်ပေါ်ခဲ့ပြီးသော ကိလေသာ တို့သည် မျိုးမကျန်ဘဲ ကွယ်ပျောက်ချုပ်ငြိမ်းလေတော့၏၊နောင်ဖြစ်ပေါ်စေရန် အကြောင်းကံမျိုး မကျန်လေခြင်းကြောင့် အဘယ်အခါမှ ဖြစ်တော့လိမ့်မည် မဟုတ်၊ ဖြစ်ပေါ်လိမ့်ဦးမည်လို့ မမှတ်ထင်လင့်ကြပေနှင့်တော့၊ ဟယ်....အေးပေ ခပေါ့ ငြိမ်းပေပေါ့ ချမ်းသာပေပေါ့၊ ဩော်....ငါ့မှာဖြင့် ကိလေသာအတွက် ငြိမ်းပေပေါ့လို့ ဟိန်းသာ ချလိုက်ပေတော့။

သို့ပါ၍ ပြဆိုအပ်ခဲ့ပြီးသော ကိလေသာတို့သည် မဂ်ဖြင့်ပယ်သတ်မှ ပြတ်သည့် တရားမျိုးဖြစ်၍ ပဟာတဗ္ဗ တရားမျိုးပေတည်း၊ ခန္ဓာနှင့်စပ်မှသာလျှင် ဖြစ်နိုင်သည့် တရားမျိုးပါကလားဟု မှတ်ကြ။

ဆယ်ပါးသော ကိလေသာကုန်မှု ဆိုသည်မှာ မရှိခြင်းတည်းဟူသော အဘာဝမျှသာတည်း၊ သို့ပါမူ၍ နာမသညီ မြတ်ယောဂီတို့ မဂ်တရားဆိုသည်မှာ လောကီဘုံမှ စွန့်လွှတ်လိုက်၍ ဂေါတြဘုဉာဏ်၏ အခြားမဲ့၌ ရောက်အပ်သော လေးပါးသော သစ္စာတို့ကို တပြိုင်နက် တချက်ထည်း ထိုးထွင်း၍ ကိစ္စ၏ အတွင်း၌ လေးသစ္စာ ပြိုင်လိုက်မှသာလျှင် မဂ်ဆိုနိုင်ကြောင်းဟု နိပ္ပရိယာယ ဂုဏ်ဖြင့် ဆုံးဖြတ်လိုက်သည်ကို မဂ်ခဏ၌ အကြွင်းမဲ့ ဖြတ်လိုက်သည်ကို ပြလို၍—

အရိယမဂ္ဂဿ စ တံ ကိလေသသမုစ္ဆေဒကာဘာဝတော နိပ္ပရိယာယတော လဗ္ဘတိ။

ဟု ဝိဘာဝနီဋီကာမှာ ရှိ၍မို့ သမ္ဘန်၍ ထုတ်လိုက်သည်ရှိသော်- မဂ်ခဏ၌ကား ရာဂအစရှိသော ဆယ်ပါးသော ကိလေသာတို့ကို အကြွင်းမဲ့ ပယ်ခြင်းကို မုချအားဖြင့် ပြတ်၍ သိဒ္ဓိမြောက်သော ပုဂ္ဂိုလ်ကိုပင်လျှင် မဂ်ပုဂ္ဂိုလ်၏ သန္တာန်၌ ကိလေသာ အလျဉ်းမရှိ ပြတ်သည်ဖြစ်၍ မဂ်ဟု ခေါ်ဆိုထိုက်ကြောင်း၊ ထိုမဂ်သည် သစ္စာလေးပါးကို တပြိုင်နက် ထိုးထွင်း၍ သိသည်ကိုသာ မဂ်ဟု မှတ်တော်မူကြပါကုန် အသင်ယောဂီအပေါင်းတို့။

ဤနေရာ၌ အမှားပါက ဖြည့်စွက်၍သာ ယူတော်မူကြပါကုန်။

သို့ပါ၍ ပရိယတ္တိသာသနာ ပဋိပတ္တိသာသနာ ပဋိဝေဓသာသနာ သုံးပါးသော သာသနာတို့သည် မပြတ်စပ်လျက် ပညတ်မှ အသီးထုတ်အပ်သော ပရမတ်တရားတို့သည် ထွန်းလင်း တောက်ပကြစေကုန်သတည်း။

အနုပဗ္ဗောဓဉာဏ်ရောင် အထွေထွေကဏ္ဍ ၁-ပြီး၏။

# အတွေ့တွေ့ကဏ္ဍ

## ၂

### ကဏ္ဍတရပ်အနေဖြင့် ဓမ္မချက် မဂ်ဖြတ်တော်

ကိုယ်ကာယတွင်၊ ကိုယ်တွေ့မြင်ဘို့၊ ကိုယ်တွင်ကိုယ်သာ၊ ကိုယ့်ဆရာဟု၊ ကိုယ်မှာဖြစ်မှု၊ ကိုယ်ထောက်ရှုလော၊ ကိုယ်ပြုမိငြား၊ ကိုယ့်အမှားကို၊ ကိုယ်ကားသုမ်သင်၊ ကိုယ်ကနှင်လျှင်၊ ကိုယ်ပင်ကောင်းမှု ကိုယ်ရေးတည်း။

ဤကဲ့သို့ ဆင်ခြင်ပါ၍ ရွှေစိတ်တော် ဤအရာမှာ ဝိစိကိစ္ဆာတရား လွန်ဖြစ်ပွား၍ ဝိစာရဓမ္မ အဓိမောက္ခ အခြေခံ ဝေဘန်ပိုင်းခြား ကေဂ္ဂတာထားလိုက်သော် ဟယ်- ငါမရှိပါကလားလို့ စိတ်အမြင်ဖြင့် သန့်ရှင်းလျက် ယုံမှားခြင်းတည်းဟူသော ဝိစိကိစ္ဆာနှင့်တကွ သက္ကာယဒိဋ္ဌိ အရင်းမရှိ ကင်းကွာ၍ သွားပေတော့၏။

ထိတ်လန့်ခြင်းတည်းဟူသော ပရိတဿန ပြန်လည်စွဲလမ်းခြင်း တည်းဟူသော ဥပါဒါနတို့ မဖြစ်တော့ပြီ၊ ရုပ်တရား နာမ်တရားတို့မည်သည်မှာ သက်သက်သော အကြောင်းကြောင့်သာ ဖြစ်၍နေသော သု့ဘသဘောနှင့် သု့ဘသဘာဝ သတ္တဝါနှင့် ကိုယ်ငါမစပ် သုဒ္ဓဓာတု သုဒ္ဓသင်္ခါရဓမ္မ သုဒ္ဓဒုက္ခပုဉ္ဇန အနေဖြင့်သာ ဖြစ်၍ နေလျက်နှင့်သာ တည်လေတော့၏။

ဤကဲ့သို့ ပစ္စုပ္ပန်ကာလ၌သာ ဖြစ်သော ရုပ်တရား နာမ်တရားတို့ကို မြင်ပါသဖြင့် အတိတ်၌ဖြစ်သော ရုပ်တရား နာမ်တရားတို့ကိုငှင်း၊ အနာဂတ်၌ဖြစ်သော ရုပ်တရား နာမ်တရားတို့ကိုငှင်း၊ မိမိရုပ်နာမ်မှအပ ဗဟိဒ္ဓသန္တာန်၌ဖြစ်သော ရုပ်နာမ်တရားတို့ကိုငှင်း ဓမ္မန္ဝယအားလျော်စွာ အားလုံးကုန်သော ရုပ်နာမ်တရားတို့ကို ဩကာသ လောကအတွင်း၌ ပညာဖြင့် သိမ်းဆည်းလျက် အကုန်လုံး ထင်မြင်၍ တည်လေတော့၏။

ဤကဲ့သို့ တိလက္ခဏာကို ထင်မြင်၍ ဆင်ခြင်သော ပုဂ္ဂိုလ်သည် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာနှစ်ပါး ကင်းကွာ၍ ဤကဲ့သို့သောသူသည် လိုရင်းမှာတော့ ပညာမြင်သိ အရိယသစ္စာ ဝိဇ္ဇာဉာဏ်ပေါက်လို့ ရောက်သောသူမှာ ပရိညာ-

ပဟာန သစ္စိကရဏ ဘာဝနာကိစ္စ ပရမခမ္မ လေးဌာနနှင့် ချ၍ ကြည့်က မရှိ မရ သက်သက်မျှ မဆိုင်မစပ်သော ပညတ်မျှသာ စိတ်သညာအသိ မျက်လှည့်ပမာ လှူ့ချမ်းသာ နတ်ချမ်းသာမှာ သစ္စာမမည် အချည်းနှီးပါကလားလို့ သတိရှိကြ လို၍ ကိုယ် အရေ ဒြပ် အဖတ်ပုံပဟန် သဏ္ဌာန် နိမိတ် အတို အရှည် အဖို အမ တတို တစမှ ရှာမရတော့ဘဲ သက္ကာယဒိဋ္ဌိ အရင်းမရှိ မငြိ မခံရပါကလားလို့ ဆိုမှဖြင့် ပဋိဝေဓ သစ္စိကရဏကိစ္စ လက္ခဏာနှင့်တကွ မုချ မျက်မှောက်ဖြစ်သော ပစ္စက္ခသိဒ္ဓိဉာဏ်ပေါက်၍ မြင်တော်မူရသည်ကား—

စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗန္တိ အရိယပုဂ္ဂလာနံ နိဗ္ဗာနဿ ပစ္စက္ခ-
သိဒ္ဓိတံ ဒဿေတိ။

ဝိဘာဝနီအယူ ဗိုလ်လူအများတို့အား သူရောင်ပါပါ သတ္တဝါခပင်း မကျန် ကြွင်းဘဲ သာသနာတော်အတွင်းဝယ် ကြုံကြိုက်ကြကုန်သော ယောဂီအပေါင်း တို့အား သင်္ခါရနယ်အတွင်း လိုရင်းမှာတော့ စင်စစ် ဖြစ်ပေါ်မှုလက္ခဏာ ရှိသော ဇာတိဘေးမှ ကင်းလွတ်၍ လွန်မြောက်ခြင်းသို့ ရောက်မှသာလျှင် ကျိုး ကြောင်းတရား နှစ်ပါးမှ ကင်းလွတ်၍ အဇ္ဈတ္တဉာဏ်ရှိန် အရိယာတို့၏ ဂုဏ်ခြွေဖြင့် သိမ်းဆည်းတော်မူလျက် ကာလ၏ အရိပ်ကို မြော်လိုက်သော် ဝိညတ်ရုပ်ဂုဏ်ခြွေ ဓမ္မသတ်အခြေ ဂန္ထန္တရအနေနှင့် ဝါဒီဝါကျ ဝါစကောပဒေသ ဝါကျဆောက လဒ္ဓေါပဒေသ ဟတ္ထမုဋ္ဌိ နည်းလက်ရှိလျက် ဓမ္မပရိယာယ် နည်းအသွယ်သွယ်ကို သိကျွမ်းနားလည် ဌာနာဌာန ကောသလ္လဉာဏ် မှီ၍မို ပဝေဏီစဉ်ဆက် ကျင့်ထုံး တံထွာ ဓမ္မတာ သိဿာနုသိဿ သပ္ပုရိသံသေဝ ဝေနေယျဇ္ဈာသယ စခန်း ဓမ္မရိပ်လွှမ်းနိုင်မှ ပဋိဝေဓအောင်ခန်းသို့ ရွှေနိဗ္ဗူသောင်ခွင်မှန်းပြီးတော့ ထေရာ အပဒါန် ဒေသနာစခန်းက စာတမ်းလိုက်ရသည်မှာ—

ဒိဋ္ဌိဗန္ဓနဗန္ဓာ တေ၊ တဏှာသောတေန ဝုယှရေ။
တဏှာသောတေန ဝုယှန္တာ၊ န တေ ဒုက္ခာ ပမုစ္စရေ။

ဤကဲ့သို့ ဒေသနာ လာတော်မူသည်ကို ယောဇနာတော်မူလို၍-

ယေ နရာ၊ အကြင်သူတို့သည်။ ဒိဋ္ဌိဗန္ဓနဗန္ဓာ၊ ငါဘဲ သူဘဲ အယူလွဲ၍ဖွဲ့ချည် စွဲလမ်း၍ နေကြကုန်သောသူတို့သည်။ တဏှာသောတေန၊ တဏှာတည်းဟူ

ဟောတိုင်း ဟောတိုင်း ဟောသည့် ပုဂ္ဂိုလ်ရော နာသည့် ပုဂ္ဂိုလ်ရော ပြီးပလားလို့ဆိုမှုဖြင့် ထ၍ ထ၍သာ သွားကြသည်များကို တွေ့ရပါ၏၊ တရား ထူးရသည့် ပုဂ္ဂိုလ်များ မတွေ့ရဘူးပါဘုရား၊ ဤကဲ့သို့ ဒါယကာ ငပျော့က လျှောက်ထားရာဝယ် ထိုအခါ အံ့အားသင့်စွာဖြင့် သင်္ဃာဆရာတော် ဘုရား ကြီးက ထိုခဏ၌ပင်လျှင် တခ်ဏုပ္ပတ္တိဉာဏ် ဥပမာဝစနာလင်္ကာရ ကြွယ်သည့် အရ မိန့်ကြားတော်မူသည်မှာ -

ဟဲ့ ဒါယကာ ငပျော့ရဲ့ ရှေးအခါက ဆေးဆရာဆန်းထူးလို့ ယမ်းပူးဆိုသော စကားလိုပကွယ်ဟု မိန့်တော်မူရာဝယ် အားလုံးသော တရားနာသူ လူအပေါင်း တို့က ယမ်းပူး၏ အကြောင်းစကား ကောင်းကောင်း မသိကြငြားပါသဖြင့် နောက်ထပ်၍ သိလိုကြောင်း လျှောက်ထားကြပြန်ရာဝယ် -

ဟဲ့ ဒါယကာတို့ ရှေးအခါကာလက အင်းဝမြို့ ကောင်းစားစဉ် အခါကာလ ဝယ် သမားတော်ကြီးတဦး ရှိသတဲ့ကွဲ့၊ ထိုသမားတော်ကြီးသည် လေးညှင်း ဇာတိပ္ပိုလ် ကုက္ကရာ ဖာလာ စသည်တို့ဖြင့် ဇာတိလင်္ဂဆေး၊ သွေးဆေး၊ လေဆေး၊ ငန်းဆေး စသည်တို့ကို စုဆောင်း ထုထောင်း၍ ပူးအပေါင်းတို့ဖြင့် ထည့်၍ ထိုကဲ့သို့ စုဆောင်း ပူးအပေါင်းတို့ဖြင့် အမည်နာမ တံဆိပ်ကပ်၍ လွယ်အိတ်ဖြင့် ထည့်သွင်း ပုခုံးမှာ လွယ်ထမ်း၍ နန်းတွင်းသို့ ဝင်လေရာ တံခါး စောင့် တံခါးမှူး တံခါးဗိုလ် ရာထူးပိုင်စိုးသည့် တံခါးမှူးက -

သင်ကား အဘယ်သို့ သွားပါအံ့နည်း ဟု မေးလေရာ သင်၏အိတ်ကြီး သိမှီး သောဝတ္ထု အစုစု အဘယ်နည်းဟု မေးမြန်းသည့်အခါ ထိုအခါ သမားတော် ဆရာကြီးက ငါ၏အိတ်ထည်းမှာ ယမ်းပူးတွေပါသည်ဟု ပြောလေက ထိုအခါ တံခါးစောင့် မင်းချင်းသူတို့က အမှုထွေထူး ရာဇဝတ်ပေါက်ကျူးသည့် ဤသည့် ဆရာယောင် ယမ်းပူးကို ဆောင်သောသူအား ကျစ်လစ်စွာကြိုးတို့ဖြင့် တုပ် နှောင်ကာ ဖွဲ့စည်းလျက် ရာဇဝတ်ကောင်ကို လွှတ်တော်သို့ ပို့ဆောင်ကြလေ သတည်း။

ထိုအခါ လွှတ်တော်ဝန် မင်းကြီးတို့က သင်ကား အဘယ်အတတ်ဖြင့် အသက် မွေးသနည်းဟု မေးမြန်းစစ်ဆေး၍ သင်၏ အိတ်ကြီးပြစမ်းဟု ဆိုလျှင် ကိုယ်တိုင်

သင်္ဂဇာဆရာတော်ဘုရားကြီးအား ဒါယကာ မောင်ပျော့ဆိုသူ တယောက်က လက်မြှောက်ဝပ်တွား၍ သနားခံ လျှောက်ကြားသည်မှာ -

သံဃာတော် အရှင်မြတ်တို့ဘုရား ရဟန်း သံဃာတော် အပေါင်းတို့သည် ဒါယကာ ကြီးငယ်မဟူတို့က တရားနာလိုကြပါ၍ နည်းများမဟူ ဒါန သီလ စသည်တို့ဖြင့် ပေးကမ်း လှူဒါန်း၍ လျှောက်ထား တောင်းပန်ကြရာဝယ် တောင်းပန်တိုင်း တောင်းပန်တိုင်း လျှောက်ထားတိုင်း လျှောက်ထားတိုင်း ဓမ္မဒေသနာ အမြိုက်ဆေး တိုက်ကျွေး ဟောကြားတော် မူကြပါသည် အရှင်ဘုရား၊ ဟောတော်မူသော တရားတော်များသည် သုတ္တန်တရားတော် ဝိနည်းတရားတော် အဘိဓမ္မာတရားတော်များ ဖြစ်ကြပါ၏၊ ထိုကဲ့သို့ ဟောတော်မူသော တရားတော်များသည် အင်မတန်လည်း နက်နဲလှပါ၏။

ထိုကဲ့သို့ အရှင်ဘုရားတို့ ဟောတော်မူသော်လည်း မည်သူ တစုံ တဦး တယောက်မျှ သုတ်တရားကို အားထုတ်သည်ဟူ၍လည်း မရှိ၊ ဝိနည်းတရားကို အားထုတ်သည်ဟူ၍လည်း မရှိ၊ အဘိဓမ္မာတရားကို အားထုတ်သည်ဟူ၍လည်း မရှိ၊ အရှင်ဘုရားတို့ သံဃာတော်များ ထည်းကလည်း အားများ ထုတ်ကြပါ၏လော၊ သို့သော် အရှင်ဘုရားတို့ ဟောသော တရားတော်ကို နာကြရ၍ အဘယ်သူသည် သောတာပန် ဖြစ်ပါ၏လော၊ အဘယ်သူသည် သကဒါဂါမ် ဖြစ်ပါ၏လော၊ အဘယ်သူသည် အနာဂါမ် ဖြစ်ပါ၏လော၊ အဘယ်သူသည် ရဟန္တာ ဖြစ်ပါ၏လော ဟု ဘုရားတပည့်တော် မကြားစဘူးပါ ဘုရား။

ရှေး အခါကာလက သဗ္ဗညုမြတ်စွာဘုရား ရှိတော်မူစဉ်အခါ တရားတော်ကို နာရ၍ မည်မျှွေမည်မျှသော သတ္တဝါအများတို့သည် အကျွတ်တရားကို ရကြသည်ဖြစ်ပါ၍ သောတာပန် သကဒါဂါမ် အနာဂါမ် ရဟန္တာ အစရှိသည်တို့ဖြင့် ဖြစ်ကြသည်ဟူသော အနေကို စာပေကျမ်းဂန်များ၌ ထင်ရှားစွာ တွေ့ရှိပါသည်၊ အရှင်ဘုရားများလည်း ရှေးအခါက အစပြု၍ ယခုအချိန်အထိ ဤကဲ့သို့ မင်္ဂဖိုလ်နိဗ္ဗာန် ရဘို့ရန်အခွင့် ဟောသင့် ဟောထိုက်ပါ၍ ဟောတော်မူကြပါသည်၊ ယခု လူအပေါင်းတို့မှာ အရှင်ဘုရားတို့ ဟောတော်မူတိုင်း ဟောတော်မူတိုင်း ဆုတောင်းကြကုန်၊ ဆုတောင်းကြကုန် ဆို၍သာ ဟောတော်မူကြ၏။

# အဓိဋ္ဌာန် ကထာ

## ၄

ဤကဲ့သို့ သုံးပါးသော ကာလတို့တွင် ပစ္စုပ္ပန်ကာလဝယ် မနုဿတ္တဘာဝ ဒုလ္လဘ ပဝတ္တိဘဝ၏ နိရုတ္တက အချည်းနှီးသို့ မဖြစ်ကြစေရန် မှတ်သားဘွယ်ရာ အကြောင်း ကောင်း မကောင်းတို့ဖြင့် ဆိုး-ကောင်းနှစ်ဖြာ ကောင်းသည်ကိုသာ နည်းယူကြရန် အကြောင်း အဌာနအရာ၌ အချိန်မကုန်ကြပါဘဲ အတိုး အလို အပို အလျှော့ မရှိကြရလေအောင် ထုံးဟောင်းတရပ် တင်ပြအပ်သည် မှာကား-

ဥပမာသမ္မုဟဂိရက္ကမကျမ်းအလာ ပဌမ သံဂါယနာတင် မင်းလက်ထက် တော်က သင်္ဃာဆရာတော် မိန့်ကြား၍ ဥပမာတရပ် ဆက်ခဲ့သည်မှာ ယခု ကာလ ကျင့်ကြံအားထုတ်သော ယောဂီတို့၏ အနေ ဉာဏ်အချက်ဖြင့် နှစ်ဘက် နှစ်ဝ ပုံချ၍ကြည့်ပါက ဟိုဘက်နှင့် သည်ဘက်မှာ အတိုးနှင့်အပို အလိုနှင့် အလျှော့ ယမ်းဗူးနှင့်ပမာဘက် ဆန်းထူးသည့် လျှောက်ချက်ကို ဒါယကာအား မိန့်မြွက်တော်မူသည်မှာ—

သင်္ဃာဆရာတော်ဘုရားကြီး လက်ထက်တော်က ဇေယျာပူရဌာနီ ရန်ကြို့ အမည် စစ်ကိုင်းမြို့ဌာနီသို့ လောကမှန်ကင်း ချောင်အတွင်းဝယ် အရညကင် ဓုတင် ကျင့်လမ်းစဉ်နှင့်တကွ ကမ္မဋ္ဌာန်းခွင်သို့ ရှင်ပျော်မြန်းစဉ် သီတင်းသုံး၍ နေတော်မူစဉ် အခါကာလမှ ပစ္စာသမဏ နောက်ပါနောက်လိုက် တပည့်တပန်း နှစ်ရာခန့်တို့နှင့်တကွ ယာပထလေးလီ မျှတ၍နေသည်တွင်—

ထိုအခါကာလ ပိုးတန်းရပ်က ဆွမ်းကပ်ရန် လျှောက်ထားပါသဖြင့် ဆွမ်း ဘုဉ်းပေးကြွတော်မူသောအခါ ရသ ဘောဇဉ် ချိုချဉ်ခဲဘွယ်တို့ဖြင့် ဆက်ကပ် လှူဒါန်း၍ ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးသည့်အခါတွင် ပဋိသန္ထာရ အစရှိသော ကာလနှင့်လျော်စွာ ဆရာ ဒါယကာ နှစ်ဦးသားတို့၏ မိန့်ကြားလျှောက်ထား ရာဝယ်-

တခွက် ပေးဘူးကာမျှနှင့် ကျေးဇူးဂုဏ်အနန္တ ကျေနိုင်ပါ့မည်လားဟု မကျေမှဲ့ အတူတူ ချမြန်မြန်သာယူခဲ့ စားလို့သာပစ်လိုက်လို့ ဆိုသတဲ့ ဒါယကာတော်ရှဲ။

ဤကဲ့သို့ အတူတူ ယခု ဒါယကာမင်းမြတ်မှာလဲ တရားတော်ခက်ခဲလို့ မနာနိုင်ပါသဖြင့် ကျင့်ကြံနာယူမှု မပြုပါက ပန်းအိုင်သား ငြိမ်းလို ရှောင်တိမ်း၍ ပြောဆိုပါသလားဟု မိန့်တော်မူရာဝယ်–

မင်းတရားကြီးနှင့်တကွ ရှိရှိသမျှသော ပရိသတ်တို့သည် မရပ်မနား ရယ်မောကြသည်ကို ထောက်ပါသဖြင့် ယခုအချိန်ကာလ၌လည်း ထိုဥပမာကို ပုံထား၍ ဆရာ ဒါယကာ နှစ်ဦးသား အားလုံးတို့မှာ ခမ္မသဘင်ပွဲ ရယ်မော၍သာ အချိန်မကုန်ကြစေဘဲ ဝိမုတ္တိခေတ်ကာလ သာသနာတော်ကြီး၏ ဗုဒ္ဓုပ္ပါဒ နဝမခေတ်တော်ဝယ် ပဏ္ဍာသ အဋ္ဌကထာ ရာဟုလောဝါဒ ကဏ္ဍ အလယ်၌—

> အာနာပါနဿတိံ တိ အဿာသပဿာသေ ပရိဂ္ဂဟေတွာ အရဟတ္တံ ဂဏှာတီတိ ဒဿေတိ။

ဟု လာရှိတော်မူသည်ကို ထောက်ပါသဖြင့် အားလုံးသော ယောဂီ အပေါင်းတို့အား ရယ်မော၍သာ အချိန်မကုန်ကြစေဘဲ သပ္ပုရိသံသထံသို့ ဟတ္ထမုဒ္ဒိနည်း နယဂ္ဂါဟ နယူဒေသဂုဏ်ဖြင့် ဆောင်နိုင်ကြစေခြင်းအကျိုးငှါ သတိဖြင့် ရှိစေလိုကြ၍ ဤနေရာက ကဏ္ဍတရပ်အနေဖြင့် မေတ္တာခေတ်ရွှေထား၍ ပတ္တနာလိုက်ရပါကြောင်း။

အထွေထွေ ကဏ္ဍ ၃-ပြီး၏။

စည်းကမ်းအရ မကျင့်နိုင် မကြံနိုင်ခြင်းကြောင့် စိတ်ပျက်၍သာ သွားပါတော့သည်ဘုရား။

သို့ပါသောကြောင့် ဆရာတော်ဘုရားများ ဟောကြားတော်မူသည့်အတိုင်း ဒါယကာမင်းမြတ် ကျင့်နိုင်မည်ဆိုပါက တကာတော်သည် နိဗ္ဗာန်သို့ ရောက်သင့်ပြီ ဟု လျှောက်ထားလေရာ သို့ပါ၍ အားလုံးသော ဆရာတော်ကြီးများက ပြုံး၍သာ နေတော်မူကြပြီးလျှင်—

သို့စဉ်အခါ သင်္ဂဇာ ဆရာတော်ဘုရားကြီးက မိန့်ပြန်တော်မူသည်မှာ—

ဆရာ ဒါယကာ နှစ်ဦးသားတို့၏ နှစ်ဘက် အလို အပိုမကျ လိုသလောက် သက္ကစ္စတရားဖြင့် မနသိကာရ အာနိသင်အကျိုးမျှကို တဘာဝထက် တဘာဝအားဖြင့် ဆင့်ပွားရင့်သန် တိုးပွားစေခြင်းအကျိုးငှါ သဘာဝတ္တ မနသိကာရအရ ဤကဲ့သို့မှ မပြုပါက အဘယ်အခါ အဘယ်ဘဝကျတော့မှ ကျင့်နိုင် ကြံနိုင်တော့မည် မဟုတ်လေစွ-ဟု ဘဝရှင်မင်းတရားကြီးအား သင်္ဂဇာ ဆရာတော်ဘုရားက "ပန်းအိုင်သား ငြိမ်းက မိန်းမစကားအနေ ပြောပြ၍နေချေပြီ"ဟု မိန့်တော်မူလေရာ—

ထိုအခါ ဘဝရှင်မင်းတရားကြီးက ပန်းအိုင်သား ငြိမ်းစကား ကြားလိုသော စေတနာ ထားကာ မင်းပရိသတ်တို့နှင့်တကွ လျှောက်ထားပြန်လေရာ ထိုအခါ သင်္ဂဇာ ဆရာတော်ဘုရားက မိန့်ကြားတော်မူသည်မှာ—

ဒါယကာမင်းမြတ် ပန်းအိုင်ရွာက ဒါယကာ ငြိမ်းဆိုသောသူက အိမ်၌ ကြက်သားဟင်းချက်၍ စားမိလေရာ မယားဖြစ်သူ မိအဝှါက မိဘများအဦး အမှူးပြု၍ ခူးခပ်ကာ ဟင်းတခွက်ထားလေရာ ဤသို့ခပ်ထား အဘယ်သို့သော ဟင်းခွက်ပါလား-ဟု မယားအား ငြိမ်းက မေးလေရာ–

ဤသို့ခပ်ထား ကျေးဇူးရှင် မိဘများ အဦးစားပါလေလားဟု မိအဝှါ မယားက ပြောပြလေရာ သဘော မကျသူ ဒါယကာ ငြိမ်းက ကိန်းတကြီး ခမ်းတကျယ် ပြုလုပ်၍ ပြောပြန်သည်ဝယ် ဟဲ့-မိအဝှါရဲ့ မြင်းမိုရ်တောင်ဦး မက ကြူးသည့် ကျေးဇူးတွေအနန္တ ရှိကြသည်မှာ ဤကဲ့သို့ မိဘများ ကြက်သားဟင်း

# အခင်တွေ့တွေ ကည္လာ

# ၄

ဤနေရာ၌ အထွေထွေ ကဏ္ဍတရပ် စကားဖြင့် စပ်-မစပ် စဉ်းစားရန်တရပ် ဥပမာဟပ်၍ ပြရမည်မှာ ဓမ္မဒေသနာတရပ် ဟောပြောမှု စပ်-မစပ်တွင် နာကြားကြသူ အထပ်ထပ် ဓမ္မသဝန ဓမ္မဒေသနာ တေဘန်၍ မှတ်ကြအပ်သည်မှာ- နေယျတ္တ ကဏ္ဍတရပ်ဖြင့် ပမာဟပ်ခဲ့သည်မှာ ရတနာပုံ မန္တလေးနေပြည်တော် ပဉ္စမသံဂါယနာတင် ဘဒ္ဒရှင်မင်းတရား လျှောက်ထားတော်မူခဲ့သည်မှာ သင်္ဂဇာဆရာတော်ဘုရားကြီးနှင့်တကွ အသီးသီးသော လေးပြင်ရှိ တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများကို ပင့်ဘိတ်၍ သင့်တင့်မွန်မြတ် လျှောက်ပတ်တင့်တယ်သော ဘောဇဉ်ခဲဘွယ် အာဟာရတို့ကို လှူဒါန်း ဆက်ကပ်ပြီးလျှင် ရာဇဝလ္လဘ တံဆိပ်တော်ရ ဆရာတော်ဘုရားကြီးများက ဒါနကထာ သီလကထာ အစရှိသော ပဋိသန္ထာရ ဓမ္မသဝန ဓမ္မဒေသနာ ဖြစ်စေခြင်းအကျိုးငှါ မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားတော်မူရာဝယ် သာသနာ့ဒါယကာ ဘဝရှင်မင်းတရားကြီးက—

အရှင်ဘုရားတို့ ဘုရားတပည့်တော်သည် လှူအပ်သော ဆွမ်း ခဲဘွယ် ဘောဇဉ်နှင့်တကွ လေးပါးသော ပစ္စည်းတို့ကို လှူရသည့်အကျိုး အမျိုးမျိုးသော ကုသိုလ်အထူးတို့ကြောင့် ဆရာတော်ဘုရားတို့သည် ဟောတော်မူအပ်သော မဂ္ဂင်ရှစ်ပါး နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဘုရားတပည့်တော်နှင့်တကွ မင်းပရိသတ်အပေါင်းတို့အား နာကြားရပါသဖြင့် သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ အစရှိသော မဂ္ဂင်ရှစ်ပါး တရားတော်များသည် အင်မတန် အံ့သြဘနန်း ချီးမွမ်း၍ မကုန်နိုင်အောင် နာကြားရသူများမှာ ပီတိသမ္ဘဿနှင့်တကွ မနောဝိညာဏ ခေတ်ဝယ် ဘုရားတပည့်တော် ဒါယကာမင်းမြတ်အား ပုဗ္ဗ မုဋ္ဌ အပရစေတနာ အလွန်ထက်သန်လှပါ၍ ကောင်းခြင်းကြီးဝတ ကောင်းသည်ထက် ကောင်းလှပါတော့သည်ဘုရား။

သို့ရာတွင် ဘုရားတပည့်တော် ဒါယကာမင်းမြတ်အား တရားတော်၏ နက်နဲ ခက်ခဲခြင်းကြောင့် ဘုရားတပည့်တော် နှလုံးမသွင်းနိုင်ပါ၍ တရား၏

ဤကဲ့သို့ ဒေသနာကို ထောက်တော်မူကြပါသဖြင့် အမှန် မုချ အားဖြင့် မိမိ၏ အပြစ်သည် မိမိ၏ အပေါ်သို့ မကျရောက်ရလေအောင် သံသရာတည်း ဟူသော ရေအယဉ်မှ ထွက်မြောက်တော် မူကြပါလို၍ ကလျာဏ မိတ်ကောင်း မိတ်မြတ် သူတော်ကောင်းတို့နှင့် ဆက်ဆံမိပါက ကောင်းမြတ်ရာ ကောင်းမြတ် ကြောင်း။ သို့တည်တံ့နိုင်ရာဌာန ခြောက်ပါးသော အရပ်သို့ ယှဉ်နိုင်ကြမည့် အကြောင်း ကမ္မဋ္ဌာနာနုယောဂ အဋ္ဌကထာ အကြောင်းဖြင့် သွန်းလောင်းလိုက် ရသည်မှာ –

ပိယော ဂရု ဘာဝနိယော၊ ဝတ္တာ စ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နောစ ဋ္ဌာနေ ဝိယောဇယေ။

ဟု မိတ္တခြောက်သွယ် ကလျာဏနယ်သို့ ထုတ်ဘွင့်၍ ရည်ရွယ်သည်မှာ –

**အနက်ကား** ပိယော စ၊ ချစ်နှစ်သက်ဘွယ် စကားလှယ် အသွယ်သွယ်သော ပရိယာယ်ရှင်း။ ဂရု စ၊ လောကပရိယာယ် စကားကြွယ်လျက် လေးနက်အချက် သစ္စာဘက်သော အနက်ရှင်း။ ဘာဝနိယော စ၊ ဆင့်ကာတိုးပွား အကျိုးများ သော စကားရှင်း။ ဝတ္တာ စ၊ နှစ်လိုသဘွယ် စကားလှယ်ဖြင့် ဘော်ထုတ်ယူ ဆောင် ထင်အောင်ပြုသော စကားရှင်း။ ဝစနက္ခမော စ၊ စကားအစဉ် ဉာဏ်ဉ္ဘယှဉ်၍ မင်စဉ်ဖိုလ်တရား ဆိုသော စကားရှင်း။ ဂမ္ဘီရဉ္စ၊ နက်နဲပရမတ် ဉာဏ်နှင့်စပ်၍။ ကထံ၊ ပြောလွယ်ဆိုငြား နိဗ္ဗာန်စကားကို။ ကတ္တာ၊ ဘယ်ခါ မရွေး အခါပြုသည့် အရေးကိုရှင်း။ သော၊ ထိုသူသည်။ အဋ္ဌာနေ၊ အရာမဟုတ် သည်၌။ နော စ ဝိယောဇယေ၊ မယှဉ်စေရာသာတည်း။ ဣတိ၊ ဤသည်လျှင် စကားတရပ် အပြီးသတ်သတည်း။

အဲ ဤကဲ့သို့ ဒေသနာအရ ပိယ ဂရုဘာဝနိယဂုဏ်နှင့် ပြည့်စုံတော်မူသော စကားအစဉ်ဖြင့် ဆိုဆုံးမတတ်သော ကလျာဏမိတ္တ သင်္ဂဟ အပေါင်း အဘော် တို့ကို အမှီပြုကြ၍ ဒေသနာဖြင့် ဉာဏ်ထောက်နိုင်ကြကုန်သော ယောဂီ အပေါင်းတို့သည် အပဒါန်ဒေသနာ ကောက်ကြ၍ ကလျာဏမိတ္တသို့ ရောက်ကြ ပါကုန်သောဟု ပတ္ထနာလိုက်ရကြောင်း။

အထွေထွေ ကဏ္ဍ ၂ - ပြီး၏။

သော သံသရာရေယဉ်ကြောသို့။ ဝုယှရေ၊ ငုပ်ချီပေါ်ချီစုန်ဆန်သွားလာ၍လှည့်လည်ကာမျောပါနေကြလေကုန်၏။ တဏှာသောတေန၊ တဏှာတည်းဟူသော သံသရာရေယဉ်ကြောသို့။ ဝုယှန္တာ၊ မျောပါ၍နေကြကုန်သော။ တေနရာ၊ ထိုသူတို့သည်။ ဒုက္ခာ၊ နိရဲ တိရစ္ဆာန် ပြိတ္တာ အသူရကာယ်ဟု ဆိုအပ်သော အပါယ်လေးပါးဘုံမှ။ န ပမုစ္စရေ၊ ဘယ်တော့ကမှလွတ်နိုင်ဘွယ်ရာ မရှိကြကုန်လေသေး။

အဲ ဤကဲ့သို့ ဒေသနာ တော်၌ ပြရသည်မှာ ဗုဒ္ဓုပ္ပါဒ နဝမခေတ်တော်ကြီးအတွင်းဝယ် ကုံကြိုက်ပင် ကုံကြိုက်ရငြားပါသော်လည်း ဆရာကောင်းထံ အမြင်မှန်ဖြင့် မတိုက်မိကြပါကုန်ပါ၍ သံသရာ ရေယဉ်ကြောသို့ အဆုံးတိုင် မျောကြကုန်လျက် လွတ်နိုင်ဘွယ်ရာ အကြောင်းမရှိပါက ကမ္ဘာကာတ အယူမျှနှင့်သာ ဘဇောတ်သိမ်းကြ၍ အနုပါဒိသေသခေတ် မကိန်းနိုင်ကြပါဘဲ ရွှေတောင်ကြီး၏ အနီးအပါးသို့ ရောက်ပင်ရောက်ပါသော်လည်း တနေ့ထက် တနေ့ ဝေးသောသူ အလားကဲ့သို့ နိရတ္ထကနှင့်သာ အချည်းနှီး အချိန်ကုန်ကြမည်မှာသာတည်း။

ဤကဲ့သို့အရာ ဥပမာစကား အယူဖြင့်မှားကြကုန်သော အတ္တစွဲ အများတို့မှာ "မင်းပင်ကောင်းလျက် မင်းမြှောင်ဖျက်, သံပင်ကောင်းလျက် သံချေးတက်" ဆိုသည့်အလားကဲ့သို့ သူ့အမျိုးနှင့် သူ့အစား မိမိ၏တရား မိမိအား မှားသကဲ့သို့ မဟာနိဒ္ဒေသကထာစကား ဘွင့်ပြ၍ ထားသည်မှာကား -

လောဘော ဒေါသော စ မောဟော စ၊ ပုရိသံ ပါပစေတသာ။
ဟိံသန္တိ အတ္တသမ္ဘူတာ၊ တစသာရံဝ သဖလန္တိ။

ဟု လာရှိသည့်ဒေသနာ တော်ရမည်မှာ—

အနက်ကား လောဘော စ၊ လောဘတရားသည်၎င်း။ ဒေါသော စ၊ ၎င်း။ မောဟော စ၊ ၎င်း။ ပါပစေတသာ၊ မကောင်းသော စိတ်ရှိသော။ ပုရိသံ၊ ယောကျ်ားတို့အား။ အတ္တသမ္ဘူတာ၊ ကိုယ်၌ ကျရောက်သည်ရှိသော်။ ဟိံသန္တိ၊ ညှဉ်းဆဲတတ်ကုန်၏။ ကိမိဝ၊ အဘယ်ကဲ့သို့နည်း။ သဖလံ၊ မိမိ၏ အသီးသည်။ တစသာရံဝ၊ အခွံလျှင် အနှစ်ရှိသော ပေ ဝါးကိုသာလျှင်။ ဟိံသတိ ဣဝ၊ ညှဉ်းဆဲသကဲ့သို့။ ဟိံသန္တိ၊ ညှဉ်းဆဲတတ်ကုန်၏။

သုမေ္မဓာ (က—၁၈၁) ၃၃

# နိဂမကထာ

နိဒါန်းမှအစ ပဋိညာကာရ နိဂုံးသို့ အဆုံးသတ်ရာဝယ် အငယဝစကား ရှေ့နောက်ဖြစ်သည်မှ ဝေဘန်အပ်ခဲ့ရာငယ် မဂ်လေးဝ ဖိုလ်လေးတန်တို့ဖြင့် မိမိ၏ လဒ္ဓေါပဒေသ ဟတ္ထမုဋ္ဌိနည်းဖြင့် ဉာဏ်အားလျော်စွာ တွေ့ရှိခဲ့သမျှသော ကျမ်းဂန်အရ အလွန်ကျယ်ဝန်းလှစွာသော ဓမ္မက္ခန္ဓာအပေါင်းမှ ဉာဏ်မှီသမျှ နှင့်သာ သခေ်ပအရာဖြင့် ဖွဲ့စည်း၍ ရေးစီစဉ်လိုက်ရသော ဤ **သံသာရမဂ္ဂ ပါရဂူ စာတမ်း**ဖြင့် ဉာဏ်မှီခဲ့သမျှသော ကျမ်းကိုးကျမ်းကား အားထားဘွယ်ရာ များစွာရှိက ကျယ်လွန်းလှပါ၍ ဤမျှနှင့်သာ အကျဉ်းချုံးပါလျက် နိဂုံး ခါးပတ် ဆုံးသတ်ပမာ ရေးခဲ့ပါသည်။

အာဂုံ ယုတ္တိ ဝါကျဆောက နည်းနယနှင့် ဖြတ်ထုံးမွေသတ် စကားချပ်ကို အမည်တွင်ကာ ထေရ်တိဿာသည် အာဂုံယုတ္တိ ပြီးသိဒ္ဓိနှင့် ဟတ္ထမုဋ္ဌိ နည်းလက် ရှိလျက် ဝိရဠ္ဌက နည်းပုဒ်-ပါဠ်ဖြင့် လိင် ဝုစ် နယတ် သင်္ကေတ္တကို အတ္တဗျဥ္ဇန လိင်ဝါကျမှ လဒ္ဓေါပဒေသ အာဂမနှင့် ညှိနှိုင်းစေရာ ကျမ်းဦလာ၏၊ ဂန်မှာ ဖွဲ့စည်း အနည်းနည်းဖြင့် ခိုင်ခံ့စေရာ နည်းကိုရှာသော် ငါးထောင် သာသနာ တည်စေရာဟု ထိုအသျှင်တိဿ နည်းကိုရက ထို့ပုံမခြားယောဂီများသည် ဤနှယ် သဘော တည်စေသောဟု အဖန်ဖန် သုမ်သင်၊ ကျမ်းကိုမြင်က၊ အမျိုးကောင်း သား၊သူတို့လားဟု၊ ပွားများသမှု၊ ကြည့်ရှုလေ့လာ၊ သစ္စာမြင်က၊ ဘဝနတ်ထံ၊ မြတ်နိဗ္ဗာန်ကို၊အမှန်ရောက်လို၊ နိဂုံးဆိုသော်၊ ပထျာဝတ္တာ၊ နိဂုံးအရ၊ဖွင့်ပြသို့သာ၊ ဤသို့မှာကား၊ အာသီသအရာ ပြုရမည်မှာ—

## အာသီသ ဂါထာ

၁ ထေရတိဿာဘိဝံသေန၊ ရစိတောယံ ပုနပ္ပုနံ။
ဝိသောဓေတွာန ဂန္ထော ဝါ၊ ဥဿာဟေယျာထ သာဓဝေါ။
ပထျာ ဝတ္တဂါထာ။

၂ သဗ္ဗေ သတ္တာ မယာ သမံ၊ သစ္စာ ဓမ္မာ လဘိဿတု။
ဒုက္ခာ မုစ္စတု တေ ဓမ္မာ၊ ကုလပုတ္တောဝ ဘာဝိတော။
တတိယ ဝိပုလာဂါထာ။

၁ ထေရတိဿာဘိဝံသေန၊ **ထေရတိဿာဘိဝံသ**ဟု အရိယာ်နွယ်မှ အမည်ရသော။ တေ မယာ ထိုငါသည်။ အယံဂန္ထော ဝါ၊ ဤ**သံသာရမဂ္ဂပါရဂူစာတမ်းကျမ်း**ကိုလည်း။ ပုနပ္ပုနံ၊ အခါခါအထပ်ထပ်။ ရစိတော၊ ရေးစီစဉ်အပ်သည်ရှိသော်။ ဝိသောဓေတ္ဗာန၊ သုတ်သင်ရှင်းလင်းအပ်သည်ဖြစ်၍။ သာဓဝေါ၊ သူတော်ကောင်း ဖြစ်လိုကြကုန်သော။ တုမှေ၊ ယောဂီအပေါင်း သင်သူတော်ကောင်းတို့သည်။ ဥဿာဟေယျာထ၊ ပွားများ အားထုတ်ကြကုန်ရာ၏။

၂ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သတ္တာ၊ သတ္တဝါတို့သည်။ မယာ၊ ငါနှင့်။ သမံ၊ တူစွာ။ သစ္စာဓမ္မာ၊ မဂ်ဟုခေါ်ပြြား သစ္စာလေးပါး မြတ်တရားတို့ကို။ လဘိဿတု-လဘိဿန္တု၊ ရကြပါစေကုန်သတည်း။ တေ ဓမ္မာ၊ ထိုသစ္စာလေးပါး မြတ်တရားတို့ကို။ ဘာဝိတော၊ ပွားများ အားထုတ်ကြသည်ရှိသော်။ ကုလပုတ္တာဝ၊ အမျိုးကောင်းသားသည်သာလျှင်။ ဟုတွာ၊ ဖြစ်ကြ၍။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ မုစ္စတု-မုစ္စတု ဧဝ၊ လွတ်မြောက်သည်သာလျှင် ဖြစ်ပါစေသတည်း။

**ပဋ္ဌနာကထာ**

အာရောဂျံ ပရမံ လာဘံ၊ သန္တုဋ္ဌိ ပရမံ ဓနံ။
ဝိဿာသံ ပရမံ ဉာတိ၊ နိဗ္ဗာနံ ပရမံ ဝရံ။
ပထျာဝတ္တ ဂါထာ။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ။

၁၃၂၉-ခု ဥတုဟေမန္တ မာဃမာသ ကံရာသီဘာလ ဆန်းပက္ခ တေရသ သူရဇ္ဇအကျ နံနက်အခါကာလ စက်နာရီ ၈-ချက် မိနစ်လေးဆယ် အတက် ပြီးဆုံးလျက် ဟူရသော်။

အသျှင်သေရတိဿ ဆရာတော်သည် ပြည်မြို့ ခေတ္တရာထိပ်ဦး စုက္ခရုတောင်တော်ဝယ် ဓမ္မာရုံတော်ကြီး၌ သီတင်းသုံးလျက် ယာပထလေးလီ မျှတစွာ မှီသည့်အခါဝယ် ဤစာတမ်းဖြင့် စီစဉ်၍ ပြီးပါပြီ။

## သံသာရမဂ္ဂပါရဂူစာတမ်း ပြီးပြီ။

## ရတနာပုံရိပ်သာ

# စည်းမျဉ်းဥပဒေ

၁ အမြဲတမ်း ရတနာပုံရိပ်သာကို ဆောင်ရွက်မည့် ကော်မီတီ ၁၀-ယောက် ထက်မနည်း ရှိစေရမည်။

၂ ၎င်း ကော်မီတီများသည် ၃ ပါးသော သံယောဇဉ် ပယ်ပြီးသော ပုဂ္ဂိုလ် များ ဖြစ်စေရမည်။

၃ အုပ်ချုပ်သော နာယက ဆရာတော်ဘုရားက အားထုတ်လိုသော ယောဂီ အပေါင်းအား ရတနာပုံရိပ်သာဝါဒအတိုင်း မဂ်တက်စဉ်နှင့်တကွ ဟော ပြော ပြသ သွန်သင် ဆုံးမရမည်။

၄ နာယကဆရာတော်ကြီးမှအပ အခြားသော ယောဂီရဟန်းတော်များသည် ဆောင်နိုင်သလောက် ဓုတင်ကိုဆောင်၍ အနည်းဆုံး ပိဏ္ဍပါတ်ဓုတင် ဆောင်သောပုဂ္ဂိုလ် ဖြစ်စေရမည်။

၅ ရိပ်သာအတွင်းရှိ အမြဲတမ်းယောဂီများသည် မိမိရရှိသော တရားများ ကို အချိန်မရွေး ဝင်စားလိုလတ်က ဝသီဘော် နိုင်နင်းစွာ ဝင်စားနိုင်သော ပုဂ္ဂိုလ်များ ဖြစ်စေရမည်။

၆ တရားပြမည့် ဒါယိကာမ(ယောဂီ)လဒ္ဓေါပဒေသ ဟတ္ထမုဋ္ဌိ နည်းလက်ရှိနှင့် တတ်သိလိမ္မာ ဝေနေယျဇ္ဈာသယ ဉာဏ်အရာနှင့် အမြဲတမ်း ၂-ယောက် ထက်မနည်း ရိက္ခာပြည့်စုံစွာနှင့် ရှိစေရမည်။

၇ ရိပ်သာအတွင်း၌ သာသနာကို မှီတင်း၍ နေလိုပါမူ သမုဒယသံယောဇဉ်ကို မဆိုထားဘိ ကာမရာဂ(ဗျာပါဒ)ပဋိဃသံယောဇဉ် ၂-ပါးကိုပယ်လိုသော စိတ်ထားဖြင့် အဓိဂမသီလ ပဋိဝေဓဉာဏ်အား အနုဗောဓ ရှေးသွားရှိသော ပုဂ္ဂိုလ်များ ဖြစ်စေရမည်။

၈ ယောဂီအချင်းချင်း သင်္ကိုင်မင်းများကဲ့သို့ (ဝါ) သင်္ကိုင်မင်းများလို ကျန်းမာရေးစိတ်ထား ဂိလာနပုဂ္ဂိုလ်များကို ကတညုတ ကတဝေဒီတရား များများကြီး စိတ်ထားနှင့် စောင့်ရှောက်ခြင်း စေတနာထားရမည်။

၉ ယောဂီအချင်းချင်း ဣဿာ မစ္ဆရိယ ငြူစူစောင်းမြောင်းခြင်း၊ မေးထိုးခြင်း၊ ခေါင်းငြိမ့်ခြင်း၊လည်ဂုတ်တွန့်ခြင်း၊ နှာခေါင်းရှုံ့ခြင်း ကင်းစေရမည်။

၁၀ တရားအားထုတ်လိုသော ယောဂီအနုဝါရ ညွှန်သည်ကို ရိပ်သာအတွင်းရှိ ယောဂီများက တရားသဖြင့် ဝတ်ကြီး ဝတ်ငယ်နှင့်တကွ စောင့်ရှောက်စေရမည်။

၁၁ နာယကဆရာတော်ဘုရားကြီး၏ ဝတ္တရားကို အားလုံးသော ယောဂီအပေါင်းက ဆရာတော်ဘုရားကြီးအားရင်း၊ တိုက်ရှိ သံဃာတော်များအားရင်း သပ္ပါယ ၄ ပါးနှင့်တကွ ညီညွတ်စွာ စောင့်ရှောက်စေလိုသည်။

၁၂ တဿ ဝတေန ပါပိယော မိန့်ဟောဒေသနာ ဆိုပြန်ပါ၍ ခမာဂုဏ်တရားသို့ပိုက်ထား၍ ဖြူ နီ ကြောင်ကြားဆိုသော စကားကို အတူနေငြား ဘယ်သူအားမှ တယောက်တနား မပြန့်ပွားအောင် ဝသီချိုမြွက် ပြောမိစွက်ကငါတို့ဆရာ သိခဲ့ပါသော် အမြန်မနှေး ယခုလျှင်စွာ ကားမလာက ရိပ်သာပြင်ဘက် အမြန်ထွက်လေ။

၁၃ ဤအချက်များနှင့် မပြည့်စုံခဲ့ပါလျှင် မိမိကိုယ်ကို မိမိသိမ်းဆည်း၍ အခြားသူ တာဝန် မဖြစ်စေဘဲ အကျိုးအကြောင်းကို လျှောက်ထား၍ ထွက်ခွါသွားကြစေကုန်လော။

၁၄ အထက်ပါ စည်းမျဉ်းဥပဒေများကို ကျူးလွန် ဖောက်ဖျက်သည်ဖြစ်၍ ရိပ်သာအတွင်းက ထွက်ခွါခဲ့သော် မည်သည့် သာသနာ့ပစ္စည်းကိုမှ ယူဆောင်ခွင့် မရ။

ရတနာပုံဆရာတော်ဘုရားကြီးအမိန့်
၁၃၁၇-ခု၊ တပို့တွဲလပြည့်ကျော် (    )ရက်နေ့။

လွယ်ထားသော ရာဇဝတ်သား ဆေးသမားအိတ်ကြီးကို ထုတ်ဖွင့်၍ပြရလေတော့၏၊ ထိုအခါ လွှတ်တော်ဝန်မင်းကြီးတို့က အသီးသီးသော ဗူးကြီးဗူးငယ် အသွယ်သွယ်တို့ကို ဖွင့်ထုတ်၍ ကြည့်လေရာ ဆေးတို့ကိုသာလျှင် တွေ့ရှိပါ၍ မိမိ၏ အသက်မွေးမှု ဆေးကု၍ စားသည်ဆိုပါက သာသာနှင့်ပင် ပြီးပါရော့၊ ရိုးတိုးယားတား အသင်ဆရာကြီးက ဆန်းထူးသည့်စကား ယမ်းဗူး၏ ဥပမာထား၍ အဘယ့်ကြောင့် ပြောပါသနည်းဟု မေးလေရာ-

ဆေးဆရာကြီးက ဟုတ်မှန်သည်ကို ပြောရပါက အမောင်မင်းတို့ ဆရာကြီး၏ ဆေးသည်ကား ပျောက်သည်လည်းရှိ၏၊ မပျောက်သည်လည်းရှိ၏၊ စိတ်ထဲကထင်တာကို ရမ်း၍သာ ကြံမိပါက ယမ်းဗူးလို ပမာအရ ဤကဲ့သို့ ပြောမိပါက ဆရာတို့သဘာဝ ဤကဲ့သို့ သာဓကဖြင့် လွှတ်တော်ဝန် နာယကတို့ကို သမားက ပြောကြားသည်ကို သတိမူကြ၍ ဓမ္မသဝန ဓမ္မဒေသနာ အရာရာတို့မှာ မုချနှင့် ဥပစာ လဒ္ဓေါပဒေသနည်းကို ရမှသာ ဟောသူ၏ကိစ္စ နာသူ၏ဘဝ ဝေဘန်၍ ကြည့်ပါက ဤကဲ့သို့သော ဥပမာအချက် မုချဖြင့် လဒ္ဓဂုဏ် စွက်ဘက်ရလေသော်-

ဗုဒ္ဓုပ္ပါဒ နဝမခေတ် သာသနာတော်ကြီး၏ အလယ် ဝိမုတ္တိယုဂနယ်မှာ မဂ်ဉာဏ်ဖိုလ်ဉာဏ်ကို အလိုရှိကြပါက သင်္ဂဇာဆရာတော်ဘုရား၏ ယမ်းဗူး ဥပမာ ပြသည်မှာ သည်လိုနှင့်သာ သံသရာနယ်မှာ တွယ်တာမှုမရပါက အချည်းနှီးဖြစ်ကြရာဝယ် ပါရမီအစဉ်နှင့်လာခဲ့သော ငါကဲ့သို့သောသူမှာကား မနုဿတ္တဒုလ္လဘအလယ် လူတို့၏ နယ်မှာ ဒေသနာဖွေရှာ၍ ရရှိသော ဆရာကို တွေ့ပါက သဒ္ဓိဝိဟာရိက အနီးနေ တပည့်ဖြစ်ပါက သင်္ဂဟအဋ္ဌကထာလာ ဒေသနာကို ချင့်ထောက်၍ လျှောက်ခလေပါက-

ယာ သိခါပတ္တာ သာ သာနုလောမာ သခ်ါရုပေက္ခာ ဝုဋ္ဌာနဂါမိနိ ဝိပဿနာတိ စ ပဝုစ္စတိ။

ဟု ဤဒေသနာအရ သပ္ပုရိသူပ အရှင်မှန်ပါက မုချ မိန့်မြွက်တော်မူရမည်မှာ မလွဲသာပါ၍ ဝိသဇ္ဇနာတော် မူသည်ကား-

ယာ၊ အကြင် သင်္ခါရုပေက္ခာဉာဏ်သည်။ သိခါပတ္တာ၊ ဝိပဿနာ၏ အထွဋ်အထိပ်သို့ ရောက်၏။ သာနုလောမာ၊ ထိုသစ္စာနုလောမဉာဏ်နှင့်တကွဖြစ်သော။ သာသင်္ခါရုပေက္ခာ၊ ထိုသင်္ခါရုပေက္ခာဉာဏ်သည်။ ဝုဋ္ဌာနဂါမိနီ ဝိပဿနာတိစ၊ ဝုဋ္ဌာနဂါမိနီဝိပဿနာဉာဏ်ဟူ၍၎င်း။ ဝါ-အပါယ်မှ လွတ်သောဉာဏ်ဟူ၍၎င်း။ ဝါ-အပါယ်မှလွတ်၍ နိဗ္ဗာန်သို့ရောက်သောဉာဏ်ဟူ၍၎င်း။ ဝါ-သင်္ခါရနိမိတ်မှ လွတ်၍ မဂ်ဉာဏ်သို့ ရောက်သောဉာဏ်ဟူ၍၎င်း။ ပဝုစ္စတိ၊ အပြားအားဖြင့် မိန့်အပ်၏။

ဤကဲ့သို့ ဒေသနာလာအရှိ သပ္ပုရိသံသဆရာက ဝိသဇ္ဇနာ၏အရ သဒ္ဒိဝိဟာရိက တပည့်၏ နားဝမှာ ကြားရပါက အားအဆင့်တိုးတက် လျှောက်ထားရသည့်အချက် အဆက်ဆက်သော နေ့ရက်ဖြင့် ချဉ်းကပ်ခါ လေ့ကျင့်ပါက စိတ်အနေသင့်လှ အကျင့်နှင့် အကြံ ဝိပဿနာဉာဏ် အချက် ရုပ်နာမ်နှင့် ဖြည့်စွက်ပါက ပုထုဇဉ်တို့၏ သဘာဝ မဇ္ဈိမပဋိပဒါ အကျတွင် ဂေါတြဘုစိတ္တက္ခဏသို့ အရ သင်္ဂဟအဋ္ဌကထာကို ဖွေရှာ၍ ဆရာက မိန့်မြွက်တော်မူပါက—

ဂေါတြဘုစိတ္တံ နိဗ္ဗာနမာလမ္ဗိတွာ ပုထုဇ္ဇနဂေါတ္တံ အဘိဘဝန္တံ အရိယဂေါတ္တံ အဘိသမ္ဘောန္တဉ္စ ပဝတ္တတိ။

ဤကဲ့သို့ ဒေသနာ လာအရှိ ဆရာက မိန့်မြွက်တော်မူပါက လျှောက်ထားသူ ငယ်တပည့် အဘယ်မှာလျှင် အရိယာနယ်သို့ မရောက်ဘဲ ရှိပါအံ့နည်း။ ဤဒေသနာအရှိ အနက်ဖြင့် ဝေဘန်ဘိသော်—

ဂေါတြဘုစိတ္တံ၊ ဂေါတြဘုစိတ်သည်။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ အာလမ္ဗိတွာ၊ အာရုံပြု၍။ (အချို့ ရှေးစာကိုယ်၌ အာလမ္ဗဏံကတွာ-ဟု ရှိသည်။) ပုထုဇ္ဇနဂေါတ္တံ၊ ပုထုဇဉ်၏ အနွယ်ကို။ အဘိဘဝန္တဉ္စ၊ လွှမ်းမိုးနှိပ်စက်သည် ဖြစ်၍၎င်း။ အရိယဂေါတ္တံ၊ အရိယာ၏ အနွယ်သို့။ အဘိသမ္ဘောန္တဉ္စ၊ ရောက်သည် ဖြစ်၍၎င်း။ ပဝတ္တတိ၊ ဖြစ်၏။

ဤကဲ့သို့ ဒေသနာ လာရှိသည့်အတိုင်း ဆရာ့စကား နားထောင်ပါက နာမရူပပရိစ္ဆေဒ ဉာဏ်မှအစ တီရဏပရိညာ စခန်းသို့တိုင်အောင် သမ္မသန

ဉာဏ်ဟုဆိုအပ်သော သင်္ခါရုပေက္ခာဉာဏ်သို့ ရောက်သည်ရှိသော် မဟာကုသိုလ် ဉာဏသမ္ပယုတ် ဇောအရှိန်ဖြင့် ပရိကံဟု ဆိုအပ်သော ဥပစာရ အနုလောမ ဉာဏ်သို့ မဂ်၏အနီးဖြင့် ချဉ်းကပ်လျက် နိဗ္ဗိဒါဓာတ် ပက္ခန္ဒနဓာတ် အစဉ်ဖြင့် ဩက္ကမဓာတ်သို့ မဟာပစ္စဝေက္ခဏာဉာဏ်မှ တိုးပွားအပ်သော ဝိပဿနာဉာဏ် ဓာတ်သို့ အစဉ်အားဖြင့် သက်ခဲ့သည်ရှိသော် ဂေါတြဘုဟု ဆိုအပ်သော ပုထုဇဉ်တို့၏ အနွယ်ကို ဖြတ်တည့်၍ ရုပ်ရိပ်နာမ်ရိပ် သင်္ခါရနိမိတ်တို့၏ ကင်းရာ ငြိမ်းရာ သစ္စာလေးပါး တည်းဟူသော မဂ်ဉာဏ်ရိပ်ဖြင့် ဖြတ်လိုက်သည်ရှိသော်—

ဒွေတီဏိ ဖလစိတ္တာနိ ပဝတ္တိတွာ ဘဝင်္ဂပါတောဝ ဟောတိ။

ဟု ဒေသနာ ပေါ်ရာဏ သင်္ဂဟအဋ္ဌကထာအရ နှစ်ကြိမ်သုံးကြိမ်သော ဖိုလ်သို့ ရောက်ရှိ၍ ရပါက ဘဝင်မှုထခဲ့သော် ပြောင်-ငါသည်ကား အဗ္ဗုတံဝတ၊ ဝမ်းမြောက်စွာ မဖြစ်ဘူးသည်မှ ဖြစ်ရပါက အိပ်မက်တွင်မှ အဘယ်အခါကမှ မဖြစ်ဘူးပါက ပစ္စက္ခသိဒ္ဓိဉာဏ် အကျတွင် မဂ်ဉာဏ် ဖိုလ်ဉာဏ် ဆိုသည်မှာကား သည်သို့ဟာပါလားဟု ဒေသနာလာအရှိ ဥဒါန်းဖြင့် ကျူးရမည်မှာ—

မဂ္ဂံ ဖလဉ္စ နိဗ္ဗာနံ၊ ပစ္စဝေက္ခတိ ပဏ္ဍိတော။
ဟီနေ ကိလေသေ သေသေ စ၊ ပစ္စဝေက္ခတိ ဝါ နဝါ။

ဤကဲ့သို့ ဥဒါန်းဖြင့် ကျူးရင့်မိသည်မှာ ဝမ်းသာလို့မဆုံး တပြုံးပြုံးနှင့် ဆွမ်းဒါယကာ မောင်ပျော့၏အမေး သင်္ဇာဆရာတော်၏အဖြေ စကားဆန်း ထူး၍ ယမ်းဗူးနှင့် မနေကြပါဘဲ ငါကဲ့သို့သော သူအနေ ဖွေရှာပါက အများ ချည်းသာဟု ရှေးစကားလာအရ ရေးသား၍ ပြခဲ့ရသည်မှာ—

"ငါ့ထက်သာ လူတရာ၊ ငါ့ထက်နဲလျှင်လဲ တရာဘဲ၊ ငါလိုလူတွေ အသခြေ- ဟု အဲ ဤစာတစ္ဆေအရ ငါလိုလူတွေမှာ ငါလိုသာ ဖွေရှာပါက ငါလိုသာ ရကြမည်မှာ မလွဲကြပေသော ဒေသနာအရ သမ္မန်ရမည်မှာ—

ပဏ္ဍိတော၊ အရိယာဉာဏ်မြင် ဟောဒီစာလို ပညာရှင်သည်။ ဝါ-ဝမ်း မြောက်လိုငြား ပညာအားဖြင့် စာသွားပြသ ရေးသားရခြင်းသည်။ မဂ္ဂဉ္စ၊ မဂ်ကိုရင်း။ ဖလဉ္စ၊ ဖိုလ်ကိုရင်း။ နိဗ္ဗာနဉ္စ၊ နိဗ္ဗာန်ကိုရင်း။ ပစ္စဝေက္ခတိ၊ ဆင်ခြင်၏။ ပဟီနေ၊ ပယ်အပ်ကုန်ပြီးသော။ ကိလေသေ စ၊ ကိလေသာတို့

ကိုဂုဏ်း။သေသေ၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော။ကိလေသေ စ၊ ကိလေသာ တို့ကိုဂုဏ်း။ ပစ္စဝေက္ခတိ ဝါ၊ ဆင်ခြင်မိသည်လည်း ရှိ၏။ န ဝါ ပစ္စဝေက္ခတိ၊ မဆင်ခြင်မိသည်လည်း ရှိ၏။

အဲ ဤကဲ့သို့ ဤစာတမ်းဖြင့် ဖတ်ရှုကြကုန်သော ယောဂီပညာရှင် အပေါင်း တို့သည် ဤကဲ့သို့သော အရိယာဘဝသို့ အမှန်ရောက်ရှိပါက မဂ်ဉာဏ် ဖိုလ်ဉာဏ် ကို ပစ္စက္ခသိဒ္ဓိဉာဏ် ပေါက်၍ ရောက်ကြလေကုန်သောကြောင့် ဤကဲ့သို့သော အရိယာ အပေါင်းတို့မှာ ဤစာတမ်းကို အကြောင်းရင်း ထားကြပါ၍ ပယ်အပ် ပြီးသော ကိလေသာတို့ကိုဂုဏ်း၊ မပယ်အပ်သေးသော ကိလေသာတို့ကိုဂုဏ်း၊ ပစ္စဝေက္ခဏာ ဉာဏ်တော်ဖြင့် သိမ်းဆည်းတော်မူကြ၍ အရိယာပုဂ္ဂိုလ်တို့၏ ဉာဏ်တော်သည် ငြိမ်းထိုက်ရာ ငြိမ်းဆိုက်ကြောင်း အားလုံးသော ယောဂီ အပေါင်းတို့အား စရဏဂုဏ်နှင့် ပြည့်စုံတော်မူကြပါ၍ သဉပါဒိသေသ နိဗ္ဗာန ဓာတ်မှ အနုပါဒိသေသ နိဗ္ဗာန ဓာတ်မြတ်တော်ကြီးသို့ တိုင်အောင် အနုဗောဓ ဉာဏ်ဖြင့် ဆောင်နိုင်တော်မူ ကြပါစေကုန်သတည်း။

အထွေထွေကဏ္ဍ ၄ ပြီး၏။

# အထွေထွေ ကဏ္ဍ

## ၅

ဤနေရာ၌ ဝေဘန်မှုတခု ပြုရမည်မှာ “ဘယ်သူမပြု မိမိမှု”ဟု ကိုယ့်အမှု ကိုယ်သာရှုကြဘို့ သူနှင့်ငါမှု အယူတူမျှ တိုင်းထွာမှု မပြုကြပါကမှ သူများ အပြစ်ကိုမရှု ကိုယ့်အပြစ် ကိုယ်သာ ရှုမှသာလျှင် ကိုယ်ကောင်းဘို့ ကိုယ့်အရေး ကိုယ်၌သာတွေးကြဘို့ ရှေးစဉ်လာ စကားကလေး ရေးသား၍သာ တွေးလိုက်ကြပါအံ့။

ကိုယ်ကောင်းလျှင် ခေါင်းဘယ်မရွှေ၊ ပုံဟောင်းတွေအညီ၊ သိန်းကုဋေ
လူ့ဒုဿီ၊ နှုတ်ပလီခံတွင်း။ ကဲ့ရဲ့လို့ပြစ်တင်လျှင်၊ မြူဆံပင် စိုးပါနှင့်မင်း။

အဲ ဤကဲ့သို့ ကာယကံမှု ဝစီကံမှု ရှောင်ရှား၍ ရှေးစဉ်လာ ကျင့်ထုံး အရိယာတို့၏ ဓမ္မပုံနှုန်း ထုံးတမ်းစဉ်မပျက် သူတော်ကောင်းတို့၏ ဉာဏ်အချက်ဖြင့် ရှေးစဉ်လာမပျက် ပဝေဏီဖြင့် ဆက်နိုင်ကြပေမည်။

သို့ပါမူ၍ သူများအပြစ်က နှမ်းစေ့ပမာ ကိုယ့်အပြစ်က အုန်းသီးခန့်အလာ နှမ်းစေ့ကလေးကိုတော့ အပြစ်မြင်ကြရာ အုန်းသီးကြီး၏ အပြစ်ကိုတော့ မထင်ကြပါ၊ အဘယ်မှာလျှင် ယောဂီ အရိယာတို့၏ ဉာဏ်မြင်ကြရသည်မှာ အမှားကသာ သာကြ၍ အမှန်နှင့်အမှား အမှားကိုဖယ် မှန်သည်ကိုသာ ဉာဏ်ရွယ်၏၊ လောကီတရားတဲ့ လောကုတ္တရာ တရားတဲ့၊ နှစ်ပါးခွဲခြား၍ ပြရမည်မှာ လောကီတရား ဆိုသည်ကား ကမ္မဿကတ ကာမာဝစရ ကုသိုလ်နယ်မှာ ကာယကံမှု ဝစီကံမှုတို့ကို ဆိုလိုသည် ဟူလို၏၊ လောကုတ္တရာတရား ဆိုသည်ကား မနောကံမှုကိုသာ ဆိုလိုသည် ဟူလို၏။

ဤကဲ့သို့ လောကီ လောကုတ် မယုတ်တိုးပွား အကျိုးများကြသည်မှာကား အကောင်းချည်းသာ ဖြစ်တော့၏၊ သို့သော် ကောင်းပင်ကောင်းပါသော်လည်း ကုသိုလ်သောမနဿနှင့် အကုသိုလ် သောမနဿတို့ မည်သည်မှာ ကောင်းတော့ ကောင်းပါ၏တဲ့၊ ပုဂ္ဂိုလ်တို့၏အရ ဆိုရမည်မှာကား အကောင်းချည်းသာတည်း၊-
မုချအားဖြင့် အယုတ် အလတ် အမြတ်ကို ခွဲ၍ကြည့်ပါက ကာယကံမှု ဝစီကံမှု-

ဖြင့် လွန်ကြူးမှုအရာ ဝိညတ်ရုပ် အနေအားဖြင့် မကောင်းသည်မှအပ ကမ္မသ ကတနယ်မှာ ကုသိုလ်အရာ ကောင်းခြင်းကိုသာ ဆိုရမည်မှာ မကောင်းသည်မှ အပ ကောင်းသည့်အရ ပြရသည်မှာ -

"သုန္ဒရံ မနော သုမနော"ဟု ဤကဲ့သို့ ဝစနအရ အကောင်းချည်းသာ မှတ်ရ မည်ဟူ၏၊ သို့သော် အအေးကောင်း အပူကောင်းတို့ဖြင့်သာ ကွာခြားကြ၏၊ လောကီကောင်း လောကုတ္တရာကောင်း နှစ်ရပ်တို့မှာ လောကီမှာ ဝေဒယိတ သုခတဲ့၊ လောကုတ္တရာမှာ သန္တိသုခတဲ့၊ ဤကဲ့သို့ ကွာခြားကြပေ၏၊ သို့သော် ကောင်းသော အမှုကိစ္စတို့မည်သည်မှာ ကာယကံမှု ဝစီကံမှု မနောကံမှု သုံးမျိုး သုံးစား ကွဲပြား၏။

ထိုသုံးပါးတို့တွင် ကာမာဝစရ ကုသိုလ်တို့မည်သည်မှာ ကာယကံမှု ဝစီကံမှု တို့ဖြင့်သာ ပြုလုပ်ကြရ၏၊ အကြောင်းကို ဖော်ပြရသော် ကုသိုလ်ကမ္မပထ တရား ၁၀-ပါးတို့သာတည်း၊ ဤဒွိကား အကောင်းချည်းသာတည်း၊ ဝေဒယိတ သုခဂုဏ်နှင့် ပြည့်စုံကြပါပေ၏၊ ဂရဟိတ ကင်းသောအလုပ် ဟူ၏၊ လောကုတ္တရာ ကုသိုလ်တို့ မည်သည်မှာ မနောကံသာတည်း၊ အပ္ပနာသို့ ဆိုက်ရောက်နိုင်၏၊ ဤကဲ့သို့ အပ္ပနာသို့ ဆိုက်ရောက်မှသာလျှင် လောကုတ္တရာ ကုသိုလ်ဖြစ်ထိုက်၏၊ အပ္ပနာသို့ ဆိုက်ပင် ဆိုက်ငြားပါသော်လည်း မဟဂ္ဂုတ်အပ္ပနာကို ဆိုင်းငံ့၍ မနေပါမူ၍ လောကုတ္တရာ အပ္ပနာသို့ ရောက်မှသာလျှင် မဂ်အပ္ပနာထိုက်လေ တော့၏။

လောကုတ္တရာတရား ၉-ပါးဟုမည်သည်မှာ သစ္စာလေးပါးကို တပြိုင်နက် တချက်ထည်း ထိုးထွင်း၍ သိပိုင်လျက် ကိစ္စပြီးတော့၏၊ သို့မှသာလျှင် သန္တိသုခ ဂုဏ်နှင့်လည်း ပြည့်စုံ ကိုက်ညီပေ၏၊ နောက်ကပြခဲ့သော ကာယကံမှု ဝစီကံမှု တို့တွင် ကာမာဝစရ ကုသိုလ်ကံအရ ကာယကံမှု ဝစီကံမှုတို့ကို ကြဉ်ထား၍ အပ္ပနာသို့ သက်နိုင်ခြင်းငှါ မနောကံမှသာလျှင် စိတ္တုပ္ပါဒ် ပြဋ္ဌာန်းလျက် အပ္ပနာသို့ သက်နိုင်မည်၊ အပ္ပနာအလုပ်တို့ မည်သည်မှာ ကာယကံမှု ဝစီကံမှု နှင့် မဆိုင်ပါ၊ မနောကံသက်သက်ဖြင့်သာ စိတ္တုပ္ပါဒ် ပြဋ္ဌာန်းလျက် ဝိဝေကရော အားထုတ်၍ လုပ်ပုံလုပ်ထုံး သင်္ဂဟအဋ္ဌကထာ ဘွင့်ထုတ်၍ ပြတော်မူသည်မှာ သတိရှိကြပါစေလို၍—

ရူပါဝစရကုသလံ ပန မနောကမ္မမေဝ၊ တဉ္စ ဘာဝနာမယံ အပ္ပနာပတ္တံ၊ ဈာနင်္ဂဘေဒေန ပဉ္စဝိဓံ ဟောတိ။

ဤကဲ့သို့ လာသည်ကို ယောဇနာလို၍—

ရူပါဝစရကုသလံ ပန၊ သည်ကား။ မနောကမ္မမေဝ၊ သာတည်း။ တဉ္စ၊ သည်လည်း။ ဘာဝနာမယံ၊ ပြီး၏။ အပ္ပနာပတ္တံ၊ သို့ရောက်၏။ ဈာနင်္ဂဘေဒေန၊ ဖြင့်။ ပဉ္စဝိဓံ၊ သည်။ ဟောတိ၊ ၏။

ဤကဲ့သို့ မနောကံဖြင့် ပြီးသော ဈာန်အင်္ဂါတို့နှင့် ယှဉ်မှသာလျှင် အပ္ပနာသို့ သက်နိုင်၏ ဟူလို။

ဤကဲ့သို့ အပ္ပနာဈာန်သို့ မသက်နိုင်ပါက အဘယ်မှာလျှင် လောကုတ္တရာ ကုသိုလ် သန္တိသုခဓမ္မအရ မဂ်ကုသိုလ် ဖိုလ်စိတ် ဖြစ်နိုင်ပါအံ့နည်း၊ ဤကား သန္တိသုခအရာ ဟူလို။ ဝေဒယိတ သုခအရာကား သိနိုင်လောက်ကြပေပြီ။

ဤနေရာ၌ မဟဂ္ဂုတ်အပ္ပနာနှင့် လောကုတ္တရာ အပ္ပနာနှစ်ရပ် စပ်တတ်ပါမှ သခ်တနယ်နှင့် အသခ်တနယ်အစပ် ကူးခတ်နိုင်ကြပေမည်၊သို့မှသာလျှင် လောကီ၏အပြစ်ကိုမြင်၍ လောကုတ္တရာ၏ သန္တိသုခအစစ်ကို ပရမတ်အနှစ် ခဲတ်အစစ် တွေ့နိုင်ကြပေမည်၊ ဤကဲ့သို့ တွေ့နိုင်ကြကြောင်း သခ်တနယ်၏အပြစ် လောကုတ္တရာ၏ အစစ်ကို ပြလို၍—

> သခ်တ ဒေါသ ဒဿနေန စ တဗ္ဗိပရိတေ နိဗ္ဗာနေ တန္နိန္နတာယ ပက္ခန္ဒတိ။

ဟု နိဒ္ဒေသအဋ္ဌကထာမှာ ရှိ၍မို့ ဤကဲ့သို့ သဘော ယောဇနာတော်မူရသည်မှာ -

သခ်တ ဒေါသ ဒဿနေန စ၊ ပူပြင်စီရင်အပ်သော လောကီ၌ဖြစ်သော သခ်တဒေါသတို့၏ အပြစ်ကို မြင်သဖြင့်လည်း။ တဗ္ဗိပရိတေ၊ မဖြစ်မပျက်သော သဘောလက္ခဏာရှိသော သခ်တဒေါသမှပြန်သော။ နိဗ္ဗာနေ၊ နိဗ္ဗာန်၌။ တန္နိန္နတာယ၊ ကြောင့်။ ပက္ခန္ဒတိ၊ ပြေးဝင်၏။

ငြင်းဖယ်မှု မသိကြရသည်မှာ ဆက်ဆံမှုပြေလည်ကြရ၍ ခမ္မသံဝေဂရကြစေခြင်း အကျိုးငှါ ဤစာ၏အာ့ကြောင်းကို နှစ်ဘက်နှစ်ဝ သွေမစောင်းကြရလေအောင် ဓမ္မံစရတိ ဓမ္မစာရီ သိကြစေလိုကြောင်း ကဗျာတရပ်အနေဖြင့် ဝေဘန်လိုက်သည့်အကြောင်း ပတ္တနာလိုက်ရပါကြောင်း။

အထွေထွေ ကဗျာ ၅-ပြီး၏။

# အထွေထွေ ကဏ္ဍ

## ၆

ဤနေရာ၌ အထွေထွေကဏ္ဍအနေဖြင့် ဝေဘန်အပ်ရာငယ် ဥဒါန်းတော် ပဋိညာဉ်ကာရက အစပြု၍ နိဂုံးသို့ ဆုံးသည်တိုင်အောင် မြတ်စွာဘုရား၏ သာသနာတော်၌ လျော်သော ဝိနည်းတရားတော်နှင့်ညီစွာ ငါးပါး ရှစ်ပါး ဆယ်ပါးမချို့ ကျင့်အပ်သိက္ခာ ဓမ္မသတ် အနေအားဖြင့်သာ ရဟန်း ရှင် လူ ခပ်သိမ်းသူတို့သည် ဘာသာတရားအလိုက် အထိုက်အလျောက် ယထာရဟ အပို အလို မရှိကြပါမူ၍ ကဲ့ရဲ့ချီးမွမ်း ထုတ်ခြင်းသော ပဋိပဒါအစဉ်နှင့်တကွ ဝိနည်းပါဠိ တော် ပရိဝါကျမ်းဂန်အရ အနုဝိဇ္ဇကအင်္ဂါနှင့် ညီမျှစွာ ဖြစ်ကြရလိုသည်မှာ ကား -

အနုဝိဇ္ဇကေန ပဋိပဇ္ဇိတဗ္ဗန္တိ ယေန ဓမ္မေန ယေန ဝိနယေန ယေန သတ္ထုသာသနေန တံ အဓိကရဏံ ဝူပသမေတဗ္ဗံ။

ဝိနယပရိဝါ ပါဠိတော်။

ဤကဲ့သို့ ဒေသနာအရ ရှင်တော်မြတ်ဘုရားသည် ထုတ်ဘွင့်၍ မိန့်တော်မူခဲ့ သည်မှာ သုံးရပ်သော သာသနာတော်ဝယ် ဓမ္မက္ခန်အရ ဝိဝါဒ ကလဟ ယူဆမှု တခု စောဒကနှင့် စုတိဒက နှစ်ဘက်နှစ်ဝ ကံတခုကို ငြင်းခုန်မှုပြုပါက ပညာရှိ ဓမ္မတာ နှစ်ဦးသောသူတို့၏ အလယ်မှာ အနုဝိဇ္ဇကအင်္ဂါနှင့် ညီစွာ နှစ်ဘက်နှစ်ဝ သော အရာဝယ် ပညာအရာဖြင့်သာ ပရိယတ္တိဓမ္မ သုတမယ ရှာပါ၍ ပြဆိုအပ် ခဲ့ပြီးသော ပါဠိတော်အလာ ယောဇနာရမည်မှာ—

အနုဝိဇ္ဇကေန ပဋိ၊ ဇ္ဇိတဗ္ဗန္တိ၊ ဟူသည်ကား။ ယေန ဓမ္မေန၊ အကြင်မြတ်စွာ ဘုရား တရားနှင့်လျော်စွာ။ ယေန ဝိနယေန၊ အကြင်မြတ်စွာဘုရား ဝိနည်းနှင့် လျော်စွာ။ ယေန သတ္ထုသာသနေန၊ အကြင်မြတ်စွာဘုရား သာသနာနှင့်လျော် စွာ။ တံ အဓိကရဏံ၊ ထိုအဓိ ၊ ရုဏ်းကို။ သော၊ ထိုအနုဝိဇ္ဇ ၊ ပုဂ္ဂိုလ်သည်။ (ထည့်) ဝူပသမေတဗ္ဗံ၊ ငြိမ်းစေအပ်၏။

အဲ ဤကဲ့သို့ အနုဝိဇ္ဇာက အင်္ဂါနှင့်ညီစွာ ဤနေရာ၌ ပညာနှင့် ပြည့်စုံတော်မူကြကုန်သော အရှင်မြတ်တို့အား အထူးအားဖြင့် ပန်ကြားအပ်ရမည်မှာ ဤသံသာရမဂ္ဂပါရဂူစာတမ်းဖြင့် ရေးထုတ်အပ်သော ကျမ်းသည်ကား အစောင်စောင်သော ကျမ်းတို့မှ သဒ္ဒါဘာသွား လာ စာနေ စာထား ပုဒ်နေပါဌ်ထား ပဒဗျဉ္ဇန သမ္ဗန္ဓ ပုဒ်စပ်နှင့်တကွ ပရိယတ္တိဓမ္မမှ သုတမယဉာဏ် အာဂုံ ယုတ္တိ သုဒေသိဘ သုဏန္တ ဝုဍ္ဎိကရဏတို့ဖြင့် ဆရာ့ထံမှ သဒ္ဒိဝိဟာရိက လဒ္ဓေါပဒေသ ဟတ္ထမုဒ္ဒ နည်းတို့ဖြင့် ဆောင်လျက် ပဋိပတ္တိ အာစာရဓမ္မတို့ကို နေ့ရက်များစွာ အသက်ခန္ဓာ မငဲ့ညှာဘဲ အရိုးကြေကျမ်း အရေပင်ခန်းစေတော့အံ့ဟု ဝိပဿနာကမ္မဋ္ဌာန်း အကျင့်ကျွမ်းကျင် ယခုစာဖြင့် ရေးစဉ်မှ မဂ်လမ်းစဉ်ဖြင့် ရောက်သည်အထိ ပဋိပတ်လမ်းစဉ်ဖြင့် လှမ်းလင့်ခဲ့လေရာ—

ယခု ဤသံသာရမဂ္ဂပါရဂူစာဘမ်းဖြင့် ပရိယတ် ပဋိပတ် အကျင့်နှင့်ထပ်၍ အာရုံ အာရမ္မဏိက ပရိကမ္မဘာဝနာအရာ အမြင်ဉာဏ်ဖြင့် ပေါက်ပါ၍ အထင်ရောက်ခဲ့လေရာ ထိုကဲ့သို့ အကျင့်ကျွမ်းကျင်ခဲ့ရာမှ မိမိသည် ဖြစ်ခဲ့သမျှသော ပရိကမ္မဘာဝနာ အရာရာတို့ကို ဖေါ်ထုတ်ခါ အမှူးပြု၍ ပရိစယ ပြုကြလိုသော ယောဂီအပေါင်းတို့အားကား—

ဤလိုနေ ဤလိုထိုင် ဤလိုပြု ဤလိုရှု ဤကဲ့သို့သော အကျင့်အစုစုဘို့ကို မိမိသည် ရရှိ၍ သိအပ်ခဲ့သော ပရိယတ္တိဓမ္မတို့နှင့် တိုက်ဆိုင်၍ ဤကား ဥပစာရသမာဓိ၊ ဤကား မဟာကုသိုလ်ဇောဖြစ်ပုံ၊ ဤကား ကာမာဝစရဘာဝနာဖြစ်ပုံ၊ ဤကား ဒါနမယကုသိုလ်၊ ဤကား ကာမဂေါတြဘု၊ ဤကား အပ္ပနာသမာဓိ၊ ဤကား အာဒိကမ္မိကပဌမစျာန်အရာ၊ ဤကား စတုတ္ထစျာန်သို့တိုင်အောင် ဤကဲ့သို့ စျာန်အစဉ်နှင့်တကွ ဤမှ နာမရူပပရိစ္ဆေဒဉာဏ်သို့ ညာတပရိညာဆုံးသည်တိုင်အောင် သမ္မသနဉာဏ်မှ ပရိကံဇောကို အစပြုလျက် ဥပစာဇော အနုလောမဉာဏ်အဆုံး ဂေါတြဘုသို့တိုင်အောင် ဤကား မဂ် ဤကား ဖိုလ် ဤကား နိဗ္ဗာန် မဂ်အစဉ် ဖိုလ်အစဉ်နှင့်တကွ အနုပါဒိသေသ နိဗ္ဗာနဓာတ်မြတ်တော်ကြီးသို့ ပဋိသန္ဓေမှအစ စုတိစိတ်ဆုံးသည်တိုင်အောင် နိရောဓဓာတ်ဆိုက်လျက် အနုဝိဇ္ဇာကအင်္ဂါအရ ဒေသနာပရိယောသာနအဆုံး သိကုံး ရေးထုတ်၍ ဘွင့်စီရင်အပ်သော—

ဤသံသာရမဂ္ဂပါရဂူစာတမ်းတော်သည်ကား ကြည့်ရှု ဆင်ခြင်၍ ဝေဘန်အပ်သော ပညာရှင်အပေါင်းတို့သည် မပြည့်မစုံ လို၍နေပါက ဖြည့်စွက်တော်မူကြပါ၍ အပိုရှိခဲ့သော် နုတ်ပယ်လိုပါက နုတ်ပယ်တော်မူကြ၍ အရှင်ပညာရှင်တို့၏ သဘောတံထွာအရ ယူလိုတော်မူကြပါက သင့်လျော်ရမည်မှာ ယခု စာတမ်းဖြင့် ရေးသားသော အရှင်က အဖြာဖြာဖြင့် ပတ္ထနာပြုလိုက်ပါကြောင်း၊ ပတ္ထနာအပ်သော ဤ သံသာရမဂ္ဂပါရဂူ စာတမ်းဖြင့် ဖတ်ရှုကြကုန်သော စာဖတ်ပရိသတ် ယောဂီအပေါင်းတို့သည် မှာတမ်းအစဉ်နှင့်တကွ နိဒါန်းအစ နိဂုံးအဆုံး အကျင့်နှင့်ကိုက်ညီစွာ ကျင့်ကြပါက မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ရကြမည်မှာ မလွဲသာတည်း။

ဤစာတမ်းအနေဖြင့် အကျင့်နှင့်ပြည့်စုံခဲ့သော် မိမိဖြစ်စဉ်ကို ဤကျမ်းဂန်အရ လေ့လာပါက နေ့ရက်များစွာ လေ့လာဖန်များလတ်သော် သဘောမကျပါက ဤကျမ်းဂန်အရ လေ့လာဘူးသော သူများကို အတွေ့ရှာ၍ လေ့လာစုံစမ်းမေးမြန်းပါ၊ ဤကျမ်းဂန်အရ လေ့လာဘူးသောသူများသည် အရာအထောင်မက များပြောင်စွာ ရှိလှပါပြီ၊ ဤလောက် များပြောင်စွာသောသူ ရှိပါလျက်နှင့်အတွေ့ရှာ၍ မေးမြန်းမှု မပြုပါက မလိုလားအပ်သော သူတို့၏အဘို့ တာဝန်သာတည်း။

အဟုတ်လိုလားပါ၍ တာဝန်ကျေအောင် ပြုပါလျက်နှင့် ပြည့်စုံအောင် မဆောင်နိုင်ပါက ဤကျမ်းစာအတွင်း၌ လေ့လာဘူးသောသူများ၏ တာဝန်သာတည်း၊ သို့သော် ဤကျမ်းအရ လေ့လာဘူးသူမှအပ အခြားအခြားသော ကျမ်းအရသော်၎င်း၊ အခြားအခြားသော ဆရာထံမှ ရခဲ့သော သူများထံသို့သော်၎င်း ရှိကြပါလိမ့်ဦးမည်၊ သို့ရာတွင် ဤသံသာရမဂ္ဂပါရဂူ စာတမ်း၏ အတွင်း၌ လေ့လာဘူးသောသူများသည် အာဂါရအရှင် အနာဂါရအရှင်များ ဖြစ်ကြ၏၊ အာဂါရအရှင်များသည် အာဂါရအနေအလိုက် စောင့်စည်းရမည့် ကိစ္စမှာ လောကခံနှင့် ဆန့်ကျင်မှု မရှိကြစေလိုပါ၊ လိုရင်းမှာကား ဆက်ဆံမှုကို ဆိုလို၏၊ ထိုအာဂါရအရှင်များသည် လောက၌နေသူ ရွာသူတို့သာတည်း၊ ဝတ်ကြောင် ဟူလို။

ထို့ပြင် အနာဂါရအရှင်များသည် အနာဂါရစည်းကမ်းနှင့် ညီပါစေ၊မညီပါက လွန်ကြူးရာရောက်ကြချေမည်၊ အနာဂါရ အရှင်ဆိုသည်ကား ဤကျမ်းဂန်အတွင်း၌ ကျင့်ကြကုန်သော မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို လိုလားပါသော ပုထုဇဉ်အဖြစ်နှင့် မနေလိုသော သံသရာမှထွက်လိုသော အိုးအိမ်မှခွါလိုသော သမ္မုတိသံယောဇဉ်ကို အဟုတ်အဟတ် ခွါလိုသော အရိယာ ရဟန်းတော်များကိုသာ ဆိုလို၏။

ထိုအရိယာ ရဟန်းတော်များသည် ဤသံသာရမဂ္ဂပါရဂူစာတမ်း၏ အတွင်း၌ ကျင့်ကြ၍ပြီးပါက မုချအားဖြင့် အရိယာဖြစ်ခဲ့သော် သာသနာတော်ထမ်း ရှင်ရဟန်း မှန်ခဲ့သော် အရိယာတို့၏ အကျင့်မြတ်နှင့် ကိုက်ညီ၍ ဝိနည်းတော် သိက္ခာပုဒ်ကို လုံခြုံစွာ စောင့်ထိန်းလျက် အကပ္ပိယဝတ္ထုကို ကိုင်ခံသာယာမှု နိဿဂ္ဂိယပစ္စည်း သန္နိဓိဖြစ်သော ဘောဇဉ် အာဟာရ ကပ္ပိယကာရက ဒုရူပစိဏ္ဏ ဒုဂ္ဂဟိကတ သမာနသံဝါသ သံဃသဋ္ဌု သံဃဖာသု ထေရ နဝ ထေရာသန အနေအားဖြင့် ထေရာဝါဒအားလျော်စွာ ရဟန်းမြတ်တို့သည် ကျင့်အပ်သော ၂၂၇-သွယ်သော သိက္ခာပုဒ်တော်အရ ကုဋေကိုးထောင်ကျော် တရာ့ရှစ်ဆယ် မကသော ထုလ္လစ္စယ ဒုက္ကဋ ဒုဗ္ဘာသီတို့ဖြင့် သိမ်းဆည်းရမည်မှာ လိုရင်းအသွား ဆိုရိုးစကားဝယ်—

ဆယ်ဝါရခြင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်ရုပ်ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင်ငါးအင်္ဂါ။

ဟူသည့်အရ ကျောင်းထိုင်မှုအင်္ဂါ ညီကြရမည်မှာ ဆယ်ဝါလည်းရပါမှ၊ ဒွေမာတိကာလည်း သိပါမှ၊ဥတ္တိကံ ကမ္မဝါစာကိုလည်း ဗျဉ္ဇနဗုဒ္ဓိနှင့် ကိုက်ညီပါမှ၊ စူဠဝါ မဟာဝါ ခန္ဓကင်္ဂကိုလဲ ကျမ်းကျင်ပါမှ၊ခန္ဓာ အာယတန ဓာတ် သစ္စာကို လည်း လေ့လာဘူးပါမှ၊ သို့မှသာလျှင် နိဿယည်းဆရာနှင့် ညှဉ့်ကင်း၍ နေထိုက် သည်မှာ ခုဒ္ဒသိက္ခာအလာ ဒေသနာ ဘွင့်၍ပြပါက -

ဗျတ္တဿ ပဉ္စဝဿဿ၊ နတ္ထိ နိဿယ ကာရိယံ။
ယာဝဇီဝမ္ပိ အဗျတ္တော၊ နိဿိတောယေဝ ဇီဝတိ။

ဟု ခုဒ္ဒသိက္ခာ လာအရှိ ဤကဲ့သို့ ပါဠိပါဠိအရ ဝေဘန်ရမည်မှာ ၅-ဝါမှမရ သိမ်ကသော် ဆင်း၍လာပါက ဤသံသာရမဂ္ဂပါရဂူ စာတမ်းအတွင်းက သမဏ

တို့မှာ ကျောင်းထိုင်မှု ပြုကြပါက ရယ်ဘွယ်ရာသာ ရှိကြ၊ အချို့မှာ ဥပဇ္ဈာယ် ပြု၍ တပည့်ရှာကြ၊ မိမိမှာတော့ ၅-ပါးသောအင်္ဂါ ဘယ်မှာမှ မရ၊ သာမဏေကို သော်မှ ခိုင်းစေမှုမရ၊ ပြုရမည့်ဝတ် နိရတ္ထကအဖြစ်နှင့် နေရသည်မှာ ဝိနယာ လင်္ကာရကျမ်းဂန်၏အရ ထုတ်ဘွင့်၍ ပြရသည်မှာ—

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ ဥပသမ္ပာဒေတဗ္ဗံ၊
နိဿယော ဒါတဗ္ဗော သာမဏေရော ဥပဋ္ဌာပေတဗ္ဗော။

ဟု မိန့်ဟောဒေသနာ ထုတ်၍ယောဇနာပါအံ့။

ဘိက္ခဝေ၊ တို့။ ပဉ္စဟိ၊ ကုန်သော။ အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတေန၊ သော။ ဘိက္ခုနာ၊ သည်။ ဥပသမ္ပာဒေတဗ္ဗံ၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံအပ်၏။ နိဿယော၊ နိဿယည်းကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ သာမဏေရော၊ သာမဏေကို။ ဥပဋ္ဌာပေ တဗ္ဗော၊ လုပ်ကျွေးစေအပ်၏။

ဤကဲ့သို့ အင်္ဂါနှင့် ပြည့်စုံမှသာလျှင် ဥပဇ္ဈာယ်ဆရာ ပြုထိုက်၏။ သာမဏေ တို့၏ အလုပ်အကျွေးကိုလည်း ခံထိုက်၏။ ဤကဲ့သို့ ဒေသနာအလာ ရှင်တော် မြတ်ဘုရား မိန့်တော်မူခဲ့သည်မှာ သာကီဝင်မင်းသား ရဟန်းများတို့အား သာသနာ ငါးထောင် အတွင်းပယ် ဝိနည်း သိက္ခာပုဒ်တော်ကို တည်စေလို၍ သာသနာစဉ်ဆက် မပျက်စေရာ ဤကဲ့သို့သော ၅-အင်္ဂါကို ဝိနည်းပါဠိတော် အလာ ထုတ်ဘွင့်၍ ဝိသဇ္ဇနာ အဘယ်ကဲ့သို့ သိစေလိုတော်မူခဲ့သည်မှာ—

ကိံ ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ယော ဘိက္ခု အာပတ္တိံ ဇာနာတိ အနာပတ္တိံ ဇာနာတိ ဂရုကာပတ္တိံ ဇာနာတိ လဟုကာပတ္တိံ ဇာနာတိ ဒသဝဿော ဝါ ဟောတိ။

အဲ ဤကဲ့သို့ အင်္ဂါ ၅-ပါးနှင့် အရိယာဘဝသို့ ဖြစ်ကြပါက ပြည့်စုံကြရ မည်မှာ လောကအားဖြင့် မလွဲမရှောင်သာ ကာယကံ လွန်ကြူးမှုဖြင့်သာ ဒိဝါသေယျ သဟသေယျ ကုဋိကာရ လောကဝဇ္ဇ စသည်တို့ကဲ့သို့သာ ရှင်တော် မြတ်ဘုရားသည် အရိယာဘဝသို့ သက်ညှာစွာ မိန့်မြွက်တော်မူခဲ့သည်မှာ ရာဟုလာ ပမာထား၍ ကရုဏာတော်အား ပဂ္ဂဟဖြင့် ရှုစားတော့်မူသည်မှာ—

ဒွေ ပုဂ္ဂလာ အာဘဗ္ဗာ သဥ္ဆိစ္စ အာပတ္တိံ အာပဇ္ဇိတုံ
ဘိက္ခု စ ဘိက္ခုနိယော စ အရိယပုဂ္ဂလာ။
ရှုဋ္ဌဝါ၂ါဋ္ဌတော်။

မုချအားဖြင့် ရွှေမျက်နှာ ငုံ့တော်မူခဲ့သည်မှာ ယောဇနာလို၍—

ဒွေ၊ နှစ်ပါးကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ အရိယပုဂ္ဂလာ၊ အရိယာ ဖြစ်ကြကုန်ပြီးသော။ ဘိက္ခု စ၊ ရဟန်းယောကျ်ား တို့သည်လည်း ကောင်း။ ဘိက္ခုနိယော စ၊ ရဟန်းမိန်းမတို့သည် လည်းကောင်း။ သဥ္စိစ္စ၊ စေတနာရှိသော်လည်း။ အာပတ္တိံ၊ အာပတ်သို့။ အာပဇ္ဇိတုံ၊ ရောက်ခြင်းငှါ။ အာဘဗ္ဗာ၊ မထိုက်ကုန်။

ဤကဲ့သို့သော ဒေသနာတော်အရ ရှင်တော်မြတ်ဘုရားသည် အရိယာ ဘဝသို့ ရောက်တော်မူကြကုန်သော ရဟန်း ရှင် လူ ခပ်သိမ်းသော ယောဂီ အပေါင်းတို့အား သေးငယ်လှသော လောကဝဇ္ဇ အစရှိသည်တို့ကို ဝိသေသ ထားတော်မူခဲ့၍ သိက္ခာပုဒ်တော်၏ အပြစ် စေတနာဖြင့် လွန်ကြူးသော အာပတ်ဖြင့် နစ်စေလို၍ သာသနာတော်ကြီး၏ အတွင်းဝယ် သမဂ္ဂ သမော ဓာနအဖြစ်ဖြင့် ကင်းစင်စေကြ၍ အရိယာဘုံသူတွေ အရိယာဘုံသားတွေ အဖြစ်နှင့် ဩဘာ-ငါတို့သည်ကား နောက်ထပ် ဘုရားတဆူ မြှော်စရာမလိုပါဘဲ ဝမ်းသာတော်မူကြလျက် ဘဝ၏အဆုံး နိဂုံးသို့ အုပ်ကြရာဝယ် ဤသံသာရမဂ္ဂ ပါရဂူစာတမ်းဖြင့် ဖတ်ရှု တွေးတော ချင့်ချိန်လျက် ဤကျမ်းဖြင့် ထွက်သော အရိယာအချက်သည်ကား အစောင်စောင်သော ကျမ်းတို့ဖြင့် ကိုက်ညီအောင် ဖြည့်စွက်လျက် ထုတ်နုတ်၍ ညှိနှိုင်းအပ်သည်မှာ ကဏ္ဍတရပ်အနေဖြင့် ဤသည် ကား နိဂုံးတရပ် သတ်လိုက်ရပေတော့သတည်း။

အထွေထွေ ကဏ္ဍ ၆-ပြီး၏။

# အထွေထွေ ကဏ္ဍ

## ၇

ဤသံသာရမဂ္ဂပါရဂူစာတမ်း၌ မာတိကာအစဉ်နှင့်တကွ ယခု ဝေဘန်အပ်သော ၇-ကဏ္ဍဝယ် အစ အလယ် အဆုံး သုံးပါးလုံးတို့၏ ဇာတိ ပဋိသန္ဓေ ခန္ဓာ နာမ်ရုပ်နှင့်တကွ ပဝတ္တိဘဝ၏အဆုံး စုတိကိစ္စသို့ ကျသည့်တိုင်အောင် ဘဝင်အလျဉ်နှင့်တကွ စိတ် စေတသိက် စိတ္တဇရုပ်တို့၏ မပြတ်ဖြစ်ရာ ခန္ဓာ အာယတန ဓာတ်တို့၏ သစ္စာအဆုံး နိရောဓဓာတ် ချုပ်ဆုံးသည့်တိုင်အောင် အမျိုးမျိုးသော ကဏ္ဍအရပ်ရပ်တို့ဖြင့် ပြအပ်ခဲ့ပြီးပါ၍ ယခု သစ္စာ သတ္တဝါ ပဋိသန္ဓေ ပဋိစ္စသမုပ္ပါဒ် အရာဝယ် သမ္မောဟအဋ္ဌကထာ ဆရာသည် မိန့်မြွက်၍ ထုတ်ဘွင့်တော်မူခဲ့သည်မှာ—

သစ္စာ သတ္တော ပဋိသန္ဓိ၊ ပစ္စယာကာရမေဝ စ။
ဒုဒ္ဒသာ စတုရော ဓမ္မာ၊ ဒေသေတုဉ္စ သုဒုက္ကရာ။

သမ္မောဟအဋ္ဌကထာ။

**အနက်ကား** သစ္စာ စ၊ သစ္စာလေးပါးကိုသိခြင်းရှင်း။ သတ္တော စ၊ သတ္တဝါတို့၏ ဖြစ်ခြင်းရှင်း။ ပဋိသန္ဓိ စ၊ ပဋိသန္ဓေနေခြင်းရှင်း။ ပစ္စယာကာရမေဝ စ၊ ပဋိစ္စသမုပ္ပါဒ် ကြောင်းကျိုး ဆက်စပ်ခြင်းရာ အလှည့် ကာလနှင့် ဝဋ်မူလ အဖြစ်ရှင်း။ ဣတိ၊ ဤသို့။ စတုရောဓမ္မာ၊ လေးပါးသောတရားတို့သည်။ ဒုဒ္ဒသာ၊ မြင်နိုင်ခဲကုန်၏။ ဒေသေတုဉ္စ၊ ဟောခြင်းငှါလည်း။ သုဒုက္ကရာ၊ အလွန်ခဲယဉ်းကုန်၏။

ဤကဲ့သို့ ဒေသနာ လာရှိသည့်အားလျော်စွာ အလွန်နက်နဲ ခက်ခဲလှစွာသော သစ္စာလေးပါးနှင့်တကွ သတ္တဝါတို့၏ ဖြစ်ဟန် ပဋိသန္ဓေတည်နေဟန်တို့ကို နောက်နောက်က ပြခဲ့ပြီးသော ကဏ္ဍတို့၌ ယထာရဟ အလိုက်အားလျော်စွာ ပရိယတ် ပဋိပတ် ပဋိဝေဓ သုံးရပ်သော သာသနာတို့တွင် ကျမ်းအလာ အစဉ်နှင့်တကွ ဟတ္ထမုဒ္ဒိနည်းအရ အကျင့်ဖြင့် ကျွမ်းကျင်ခဲ့ပုံကို ပစ္စက္ခသိဒ္ဓိအရာဖြင့်—

သုကရမေဝ စသည်ကဲ့သို့ လွယ်ကူစွာဖြင့် ပြသခဲ့လေပြီး၍ ဤသို့သော လေးပါးသော တရားတို့တွင် ပြဆိုအပ်ခဲ့ပြီးသော သမ္မောဟအဋ္ဌကထာအရ သစ္စာ သတ္တဝါ ပဋိသန္ဓေအရာဖြင့် ပြီးစီးအပ်ခဲ့ပြီးသော ကဏ္ဍအထွေထွေဖြင့်

လေ့လာခဲ့ပါ၍ ယခု ပစ္စယာကာရမေဝ အရ ပဋိစ္စသမုပ္ပါဒ်အရာ ထုတ်ဘွင့်၍ ဝေဘန်အပ်ရမည်မှာ ရှင်တော်မြတ်ဘုရားသော်မှလည်း အလွန့်အလွန် ခဲယဉ်း လှပါ၍ ဥဒါန်းတော်အလာ ငြီးတွားတော်မူခဲ့သည်မှာ–

ဂမ္ဘီရော စာယံ အာနန္ဒ ပဋိစ္စသမုပ္ပါဒေါ ဂမ္ဘီရာဝဘာသော စ။ ...

ဂ္လတိ မာဒိသေနာပိ တိက္ခဉာဏေန ကိစ္ဆေနေဝ အယမ္ပိ မေမွာ ပဋိဝိဇ္ဈတိ၊ တံ လောကိယမဟာဇနော ကထံ ပဋိဝိဇ္ဈိဿတိ။

ဟု မဟာပဓာနဋ္ဌီကာ လာရှိတော်မူသည်မှာ ယောဇနာလိုအပ်ပါ၍ –

ဂ္လတိ၊ ဤသို့။ တိက္ခဉာဏေန၊ ထက်မြက်သော ဉာဏ်တော်ရှိသော။ မာဒိသေနာပိ၊ ငါဘုရားပင်သော်မှလည်း။ ကိစ္ဆေနေဝ၊ ငြိုငြိုငြင်ငြင် ခဲခဲယဉ်း ယဉ်းဖြင့်သာလျှင်။ အယမ္ပိ မေမွာ၊ ဤပဋိစ္စသမုပ္ပါဒ်တရားတော်မြတ်ကိုလည်း။ ပဋိဝိဇ္ဈတိ၊ ထိုးထွင်း၍ သိတော်မူအပ်၏။ တံ၊ ထိုပဋိစ္စသမုပ္ပါဒ်တရားတော်မြတ် ကို။ လောကိယမဟာဇနော၊ လောကဥ္စနေသူ လူအများတို့သည်။ ကထံ ပဋိဝိဇ္ဈိ- ဿတိ၊ အဘယ်မှာလျှင် ထိုးထွင်း၍ သိနိုင်ပါကုန်အံ့နည်း။

ဤကဲ့သို့ ဒေသနာတော်ကို ထောက်ပါသဖြင့် မြတ်စွာဘုရားပင်သော်မှ လည်း သိခြင်းငှါ ခဲယဉ်းပုံကို ဟောတော်မူခဲ့ပါ၍ လောကဥ္စနေသူ လူအပေါင်း တို့မှာကား အဘယ်မှာလျှင် မခဲယဉ်းဘဲ ရှိပါအံ့နည်း။

သို့ပါမူ၍ ခဲယဉ်းသည်မှာကား သားတို့အား ဘေးမဲ့ပေးရာအစုံ မိဂဒါဝုန် ဓမ္မစကြာ ဂုဏ်အထူး အမှူးပြုတော်မူကြကုန်သော ကောဏ္ဍညအစရှိသော ဝဂ္ဂီ ၅-ဦးတို့သည် အာသဠှီနက္ခတ်နှင့် ယှဉ်သော ဓမ္မစကြာ မဟာဝါဆိုလပြည့် နေ့၌ သောတာပတ္တိမဂ်ဖြင့် အစဉ်အစဉ်သော ရက်အားလျော်စွာ တပါးစီ တပါးစီ ဖြစ်တော်မူကြပါ၍ အနတ္တလက္ခဏသုတ္တန် ဒေသနာတော်ဝယ်–

ဤပဋိစ္စသမုပ္ပါဒ် စက်ရဟတ်အပြတ် ဓမ္မသတ် နာကြားရပါကမှ အရဟတ္တ မဂ် တရားတော်မြတ်ကို ရတော်မူကြသည်ကို ထောက်ပါသဖြင့် ယခုလဲဘဲ ဤပဋိစ္စသမုပ္ပါဒ် တရာ မြဘ်ဖြင့် ဝေဘန်အပ်ရာဝယ် မဂ်အခံ ဖိုလ်အခံ ရှိတော်မူ ကြကုန်သော ယောဂီ အပေါင်းတို့အား ဤပဋ္ဌာနဂ္ဂီမူ အလားတူ ခိုင်းနှိုင်း၍ ယူကြ ရမည်မှာ ဥပမာပုံကံပ်၍ စပ်၍ပြရသော် မိမိ၏ဘဝ သံသရာလမ်းစဉ် အစထွင်၍

မြင်အောင် ကြည့်ကြစေလို၍ မရှောင်မလွဲသာ ပြုကြရမည့်တာဝန်မှာ ဘီလူးစည်း လူ့စည်းကိုသာ ခွဲဝေကြပါ၍ သတိရှိကြစေခြင်းငှါ ပေါရာဏစဉ်လာ စကား ဝစနာ ရွှေသွားခဲ့ရပါက -

သိမှုစေရာ၊ သိထိုက်စွာကို၊ သေချာညွှန်ပြ၊ ဆိုဆုံးမအံ့၊ သိကြတော့လား၊ အိုလူများတို့၊ သွားရာစခန်း၊ သွားရာလမ်းကို၊ သံသရာတည့်၊ ယနေ့ကပင်၊ အစထွင်၍၊ မြင်အောင်ကြည့်လော၊ ဒို့၏အကြိုက်၊ ဒို့စရိုက်ကို၊ မရှောင်သာဘူ့၊ နောင်ခါနောင်ရေး၊ နည်းမပေးဟု၊ ပြု-မပြုနှင့်၊ အနုအကြမ်း၊ နှစ်ခုလမ်းကို၊ မြှော်မှန်းစရာ၊ ပျော်ကြမှာမို့၊ ခုခါအပြီး၊ ဘီလူးစည်းနှင့်၊ လူ့စည်းကိုသာ၊ ခွဲဝေရာသည်၊ သေချာအခွင့် ကြုံခဲ့သော်။

ဤကဲ့သို့သော ပေါရာဏဝါစာ ပြည်ကြီးသားတို့၏ အင်္ဂါနှင့် ပြည့်စုံသော ဝစနာဖြင့် စာဖွဲ့၍ မှာခဲ့သည်မှာ- မင်္ဂအခံ ဖိုလ်အခံဖြင့် ရှိတော်မူကြကုန်သော အနိယာအရှင်ကောင်းတို့အားကား ဝဂ္ဂီအရှင်တို့နှင့် ပုံထား အလားယူကြ၍ အနတ္တလက္ခဏာ ဒေသနာတော်သို့ ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် အလည် ရပ်ကြစေခြင်းငှါ ယနေ့မှအစထွင်၍ သံသရာကို မြင်အောင်ကြည့်ကြပါက ဘယ်သူမပြု မိမိမှု ဟု ဆိုသောစကားကဲ့သို့ အနုအကြမ်း နှစ်ခုလမ်းကို မြှော်မှန်းကြကုန်၍ သာ ဆရာက နည်းပေး၍ ရပါက လောကီနှင့်လောကုတ် နှစ်ဖြာဖြင့် ခွဲထုတ် ကြပါက လူ့စည်းကဘယ်ဟာ ဘီလူးစည်းကဘယ်အရာ ငါတို့နေတာက ဘယ် လိုဟာ စသည်ဖြင့် အတိုင်းအထွာနှင့်တကွ ကာလ၏ အသချေ့ ဘဝ၏ အတို အရှည် ဉာဏ်ဖြင့်ထည့်သွင်း၍ ရှာဖွေခဲ့ရသော်“ပုဗ္ဗကောဋိ န ပညာယတိ၊ ပုဗ္ဗကောဋိ နနာယတိ” ဟု ဤကဲ့သို့ နိဒ္ဒေသအဋ္ဌကထာ ရွှေဘုန်းတော် ဟောတော်မူခဲ့သည် မှာ ယောဇနာရပါက -

ဘိက္ခဝေ၊ တို့။ ပုဗ္ဗကောဋိ၊ ရှေ့အစွန်း နောက်အစွန်းကို။ အဟံ၊ ငါဘုရား သည်။ န ပညာယတိ၊ မမြင်။ ဘိက္ခဝေ၊ တို့။ ပုဗ္ဗကောဋိ၊ ကို။ အဟံ၊ သည်။ န နာယတိ၊ မထင်။

အဲ ဤကဲ့သို့ ဤဒေသနာတော်အရ ရွှေဘုန်းတော် ဟောအပ်ရာဝယ် မုချမှန်လှပါက ရှေ့အစွန်း နောက်အစွန်း မရှိသည်ကား အမှန်ပေ။ ရှိလျှင်

ဟောတော်မူချေမည်၊ မရှိ၍သာ ဟောတော် မမူချေရကား စာရှုသူများ သိထိုက်အပ်ပေစွ၊ သတ္တဝါတို့၏ ဘုံဘဝဝယ် ကာလသာတည်း၊ ကာလဟုဆိုရာ ပစ္စုပ္ပန် အတိတ် အနာဂတ် ဟူလို။ သိထိုက်စွာ၏။

သို့ပါမူ၍ သတ္တဝါတို့၏ ဖြစ်ရာ ဘုံဘဝကား သုံးပါးသော ကာလသို့သာ လှည့်လည်လျက် ထိုသုံးပါးသောကာလမှ လွတ်၍ အခြားဘုံဘဝ မရှိကြပေ၊ သတ္တဝါတိုင်းတို့၏ ယူဆမှု ထင်မြင်မှုတို့မှာကား ဘဝ ရာ ထောင် မြားမြောင် မက ရှိသည်ဟူ၍သာ ထင်မှတ်ကြပေ၏၊ မဟုတ်နိုင်ကြပေ၊ ဘဝသုံးပါးသာ ရှိ၏ဟူ၍ သိသင့်ကြပေ၏၊ ဘဝသုံးပါးမှအပ အဘယ်သောအခါကမှ ဘဝမြား မြောင် မရှိခဲ့ဘူးပေ၊ သုံးပါးသော ဘဝ ရှိသည်မှာ ထင်ရှားပေ၏။

ထိုသုံးပါးသောဘဝမှ မပိုမလွန်ခဲ့ပေ၊ ရှေ့ကိုလည်း အရှည်ကြီးမရှိတော့ပါ၊ နောက်ကလဲ အရှည်ကြီးမရှိခဲ့ပါ၊ အားလုံးသော လောကီ လူအပေါင်းတို့မှာ သတ္တဝါတိုင်းတို့၏ ဖြစ်စဉ်သည်ကား ဘယ်ကစ၍ ဘယ်ကိုဆုံးမည်ဟူ၍ အစဉ် တစိုက်ကြီး မီးခိုးမဆုံး မိုးမဆုံးကဲ့သို့ ထင်တတ်ကြပေသည် မဟုတ်ပေ၊ ဘဝ သုံးပါးသာတည်း၊ ထိုဘဝသုံးပါးသည်ကား ကာလသုံးပါး ဟူလို။ ထိုကာလသုံး ပါး၌ အကြောင်းအကျိုး စပ်၍ ဖြစ်နေသည်မှာ မှုခုအားဖြင့် ပြလို၍ သင်္ဂဟ အဋ္ဌကထာ၌ကား—

အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။
ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ။

ဟု သင်္ဂဟအဋ္ဌကထာ မိန့်မှာတော်မူခဲ့သည်မှာ မှန်ပေစွ၊ သို့ပါမူ၍ ယောဇနာဖြင့် ပြတော်မူရသည်မှာ—

အတီတေ၊ ရှေးလွန်လေပြီးသော အတိတ်ဘဝ၌။ ပဉ္စ၊ ငါးပါးကုန်သော။ ဟေတဝေါ၊ အကြောင်းတို့ရင်း။ ဣဒါနိ၊ ဤယခု ပစ္စုပ္ပန်ဘဝ၌။ ဖလပဉ္စကံ၊ အကျိုးငါးပါး အပေါင်းရင်း။ ဣဒါနိ၊ ယခုပစ္စုပ္ပန်ဘဝ၌။ ပဉ္စ၊ ငါးပါးကုန် သော။ ဟေတဝေါ၊ အကြောင်းတို့ရင်း။ အာယတိံ၊ နောင်လာလတ္တံ့သော အနာဂတ် ဘဝ၌။ ဖလပဉ္စကံ၊ အကျိုးငါးပါး အပေါင်းရင်း။ ဣတိ၊ ဤသည် ကား ပဋိစ္စသမုပ္ပါဒ်၏ လေးပါးအလွှာ သုံးဖြာအစပ် စသည်တည်း။

ဤယခု ဝေဘန်၍ သမ္မန်ခဲ့ရသည်မှာ အကြောင်း ငါးပါးနှင့် အကျိုးငါးပါး သာ ဆက်စပ်လျက် သုံးပါးသော ကာလဝယ် လှည့်လည်လျက်နှင့်သာ ဖြစ်ကြ ရမည်မှာ သိသင့်ကြပါ၍ မုချအားဖြင့် ဘဝအမှန်ကို မြင်ကြရပေမည်၊ သို့ပါ၍ ပဋိစ္စသမုပ္ပါဒ် မပြတ်ဆက်စပ်၍ လည်ကြသည်မှာကား ပြဆိုအပ်ခဲ့ပြီးသော ကာလသုံးပါး၌သာ လှည့်လည်လျက် လည်၍လည်၍ နေသည်မှာကား ထင်ရှား လှပါ၍ ဥပမာတခု ထင်အောင်ပြုရမည်မှာကား—

ဇမ္ဗူဒီပါ လက်ျာတောင်ကျွန်း သူတို့၏ ဖိုခနောက် သုံးလုံးကဲ့သို့ရှင်း၊ ရေချမ်းအိုးဖြင့်သာ တင်ထားအပ်သော သုံးစင်တိုင်ကဲ့သို့ရှင်း၊ သရဝဏ်နက္ခတ် ကြယ်တာရာကဲ့သို့ရှင်း ဤကဲ့သို့ ဥပမာဖြင့် ပုံပြုအပ်သော သုံးပါးသော ကာလဝယ် တခုသော ကာလမှ တခုသော ကာလသို့ အကြောင်း အကျိုးနှင့် စပ်လျက် စပ်လျက် "အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့ ပစ္စုပ္ပန်ဘဝမှ အနာဂတ် ဘဝသို့ အနာဂတ်ဘဝမှ အတိတ်ဘဝသို့ အတိတ်ဘဝမှ ပစ္စုပ္ပန်ဘဝသို့ ပစ္စုပ္ပန် ဘဝမှ အနာဂတ်ဘဝသို့" ဤကဲ့သို့ လှည့်လည်၍ ရေးရမည်ဆိုလျှင် ပြောရမည် ဆိုလျှင် ဖြစ်ရ ဖြစ်ရ၍ နေမည်ဆိုလျှင် အဘယ်မှာလျှင် ဆုံးနိုင်ဘွယ်ရှိရာ ရှိပါ တော့အံ့နည်း၊ သူတော်ကောင်းတရားနှင့် မတွေ့မကြုံပါက တမောကြီး တမိန့် ကြီး ရင်နာ၍သာ မှိုင်ကာ ငေးကြရမည်မှာကား အဟော ဩော်....ခက်လှလေ ချည့်တကား။

ဤကဲ့သို့ လှည့်လည်လျက်နှင့်သာ ဖြစ်ရာ ဖြစ်ရာဘဝ ပစ္စုပ္ပန်သို့အကျ ထိုကာလဘဝမှ ပြီးခဲ့ပြီးခဲ့သည်ကို အတိတ်၊ လာလတံ့သည်ကို အနာဂတ်ဟူ၍ ခေါ်ဆိုမြဲတံထွာ ဓမ္မတာနှင့်သာ လှည့်လည်လျက် ဘဝများစွာ ထင်ခဲ့ကြသည် မှာ မမြင်ကြပါက အလွဲနှင့်သာ အမှားကြီးမှားလျက် သံသရာ၌လည်၍ လည်၍ နေကြသည်ကား များလှစွာ ရှိကြပေ၏တကား။

သို့ပါ၍ ထိုဘဝမှဖြတ်၍ သံသရာ ပြတ်ရသည်မှာ အရိယာပုဂ္ဂိုလ်တို့ အရ ရှေ့မဂ် ရှေ့ဖိုလ်သို့ တက်လှမ်းလိုကြသော အနုဗောဓဉာဏ်နှင့် မပြည့်စုံကြသေး သော သူတို့အားကား ဤပဋိစ္စသမုပ္ပါဒ် ဖြစ်ရာဘဝယ် စာအရှိနှင့်သာ ပရိယတ္တိ နယ်မှာ အချိန်ကြာကြ၍ ထိုပရိယတ် ပဋိပတ်ထပ်၍ ဉာဏ်မိုသော အရိယာအရှင်

မြတ်တို့၏ ရှေ့မင်္ဂလာဖိုလ်သို့ တက်လှမ်းလိုပါက ဝိမုတ္တိရသ ဓမ္မသို့ အနွယအား လျော်စွာ ဉာဏ်အရှင်မြတ်တို့၏ ဆိုဆုံးမအပ်ရာ သုဏန္တ ပုဂ္ဂိုလ်များမှသာ ပဋိသန္ဓေနှင့်တကွ ပဝတ္တိဘဝ၏ အဆုံး စုတိစိတ်တော် ချုပ်ဆုံးရာဝယ် ဘဝင် အလျဉ်နှင့်တကွ ဘဝ၏ဇာတိ ပြတ်ငြိမ်းပုံကို အမှန်မြင်ရ၍ ထိုကဲ့သို့သော စုတိ စိတ်တော်သည်ကား ပဋိသန္ဓေက ပါလာခဲ့သော ဝိညာဏ်စိတ်တော် ဟူလို။

သို့ပါမူ၍ ကာလသုံးပါး၌ အမြဲ-ပြတ် စပ်၍ဖြစ်သော ပဋိသန္ဓေစိတ်သည် ကား ဝိညာဏ်စိတ် ဘဝင်စိတ် စုတိစိတ် ဇောစိတ် အစရှိကုန်သော ယထာရဟ စိတ်အပေါင်း ဟူ၏။

ထိုစိတ်အပေါင်းသည် ဘဝမပြတ်ပါက ထိုကာလသုံးပါး၌ လှည့်လည် လျက် လှည့်၍နေသော သတ္တဝါတဦးဦး၏ စိတ်သာတည်း၊ ထိုသတ္တဝါ တဦးဦး ၏ စိတ်သည် အတိတ်နှင့် ပစ္စုပ္ပန်အကြား၌ ပဋိသန္ဓေတစပ် ပစ္စုပ္ပန်နှင့် အနာဂတ် အကြား၌ ပဋိသန္ဓေတစပ် အနာဂတ်နှင့် အတိတ်ကာလအကြား၌ ပဋိသန္ဓေ တစပ် ထိုကဲ့သို့ ကာလသုံးပါး အကြားအကြားဝယ် မပြတ်လှည့်လည်၍ ဆက်ခါဆက်ခါ စပ်၍နေသည်ကား ဓမ္မတာနွယ အမြဲတိုင်းသာ သုံးပါးရှိ ပါ၏ ဟူလို။

ထိုသုံးပါးသည်ကား အစပ်သုံးပါးဟူ၍ ခေါ်ဝေါ်၏၊သေသေချာချာ ဉာဏ် နက်၍ စဉ်းစားပါလေ၊ စဉ်းစားဉာဏ်မပေါက်ပါက ပရိညာစခန်းသို့ ဆိုက်မည် မဟုတ်ပါ၊ ပရိညာဆိုက်အောင် ဉာဏ်ခရီးရောက်ပါက ဘဝပါရဂူ မြောက်သော သူဟု ဆိုရပေမည်။ဤကဲ့သို့ ဘဝပါရဂူ မြောက်သောသူတို့၏ ဆက်စပ်ဟန်ကို တဘဝမှ တဘဝသို့ ကာလသုံးပါးဝယ် လှည့်လည်၍ နေသည်မှာကား ဝိဘာဝနိ ဋီကာအရ ဘွင့်ပြတော်မူရမည်မှာ -

ပဋိသန္ဓာနဝသေနာတိ ပုရိမဘဝန္တရဿ ပစ္ဆိမဘဝန္တရဿ စ အညမညံ ကောဗန္ဓံဝိယ ပဋိသန္ဓဟနဝသေန ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ။

ဤကဲ့သို့ လာရှိသည်ကို တဘဝမှ တဘဝသို့ ပဋိသန္ဓေဖြင့် ဆက်စပ်အပ်သော ဘဝသစ်သို့ ထောက်တည်အပ်သည်ကို ယောဇနာရပါက -

ပဋိသန္ဓာနဝသေနာတိ၊ ဟူသည်ကား။ ပုရိမဘဝန္တရဿ စ၊ ရှေး၌ဝအထူးမှ ၎င်း။ ပစ္ဆိမဘဝန္တရဿ စ၊ နောက်ဘဝ အထူးသို့၎င်း။ အညမညံ၊ အချင်းချင်း။ ဃဋေတွာ ဝိယ၊ တစပ်ထည်း စပ်သကဲ့သို့။ ပဋိသန္ဓဟနဝသေန၊ ပဋိသန္ဓေနှင့် စပ်သဖြင့်။ ဘဝန္တရေ၊ ဘဝသစ်၌။ ဥပ္ပဇ္ဇမာနမေဝ၊ ဖြစ်သော်သာလျှင်။ ပဋိသန္ဓာနဝိညာဏံ၊ ပဋိသန္ဓေဝိညာဏ်စိတ်သည်။ ပတိဋ္ဌာတိ၊ တည်လာ၏။ ဝါ- ရောက်တော့၏။

ဤကဲ့သို့ ဒေသနာအရ ပါရဂူ မြောက်သော သူတို့၏ ဘဝအစဉ် လာတော်မူသည်မှာ တဘဝမှ တဘဝသို့ တခုသော ကာလမှ တခုသော ကာလသို့ သုံးပါးသော ကာလဖြင့်သာ အကြောင်းနှင့်အကျိုး စပ်လျက်သာ သုံးပါးသောအစပ်မပြတ် လှည့်လည်လျက်ဖြင့်သာ စပ်ကြသည်မှာ ဉာဏ်အမြင်ဖြင့် ထင်တော်မူကြပါက အနတ္တလက္ခဏာ ငါးပါးသော ဝဂ္ဂိတို့မှာ ဤကဲ့သို့သော ပဋိစ္စသမုပ္ပါဒ်အရာ၌ ရုပ် ဝေဒနာ သညာ သင်္ခါရ ဝိညာဏ်ဟု ဆိုအပ်သော အကြောင်းကံအကျိုးဆက်တို့ဖြင့် ဆက်ခါဆက်ခါ တဘဝနှင့်တဘဝ ဆက်သည် ပြတ်သည်ကိုသာ အမှန်မြင်ကြပါ၍ လိုရင်းမှာကား-

နောက်ကပြခဲ့သော အတီတေ ဟေတဝေါပဉ္စ- ဒေသနာတော်အရ အတိတ်အကြောင်း ငါးပါးနှင့်တကွ ပစ္စုပ္ပန်အကျိုး ငါးပါးသည်ကား အလွှာ၏ အနေအားဖြင့် ပစ္စုပ္ပန်ဘဝမှ အကြောင်းငါးပါး အကြောင်းခံထားခဲ့သော် အနာဂတ်ဘဝ၌ အကျိုးငါးပါး အလွှာအနေအားဖြင့် အတိတ်မှ အကြောင်းငါးပါးတလွှာ၊ ပစ္စုပ္ပန်၌ အကျိုးငါးပါးတလွှာ၊ ပစ္စုပ္ပန်၌ အကြောင်းငါးပါးတလွှာ၊ အရင်းခံအရ အနာဂတ်၌ အကျိုးငါးပါး တလွှာ ငါးပါးစီ ငါးပါးစီ လေးလွှာအရ နှစ်ဆယ်ခြင်းရာ ကာလသုံးပါးသို့ဝယ် ပဝတ္တိဘဝ ပစ္စုပ္ပန်ကာလ၌ ဓမ္မဒေသနာ သုဒေသိတ ဓမ္မသဝန ဖြစ်ကြပါက အလွှာ ၄-လွှာ ခြင်းရာ နှစ်ဆယ် သုံးပါးအစပ် ဘဝသုံးသွယ် ဝဋ္ဋ်၌လယ်၍ ဆယ့်နှစ်ရပ်အင်္ဂါ နှစ်ဖြာမူလ သမုပ္ပါဒ ပဋိစ္စဟု ဝေဘန်အပ်ရာ ဝိညာဏ်မျှသာ သိလိုပါက ဤဝိညာဏ်အရာ၌ကား လိုရင်းမှာ စိတ်ကိုသာ ဆိုလိုရာဝယ်-

ဤကဲ့သို့သော စိတ်သည်ကား သဘာဝအရကို ရှာရသော် ဥသ္မတေဇောနှင့် ပါစကတေဇောမျှသာတည်း၊ ထိုနှစ်ပါးသော တေဇောတို့သည်ကား ဝိညာဏ်

စိတ်၏ အရာဖြင့် ပြအပ်ရာဝယ် "အာယု ဥသ္မ ဝိညာဏံ" ဟု အလာ သံယုတ် ဒေသနာဖြင့် နောက်ကပြခဲ့ပြီး သည်မှာ--

အာယူတိ တေသု ဒွိသု အဂ္ဂိသု ပတိဋ္ဌိတံ ဇီဝိတဓမေဝ ပဝုစ္စတိ။

ဟု နောက်က ပြခဲ့ပြီးသည်မှာ ထင်ရှားလှပါ၍ အသက် ဝိညာဏ် စိတ်တို့၏ အရာ ဆိုရမည်မှာကား သဘာဝတ္ထအနေအားဖြင့် ကောလမ္ဗဏ ကေဝတ္ထုက တူမျှပြီးသည့်သာလျှင်တည်း၊ သို့ပါ၍ အနတ္တလက္ခဏာ ဒေသနာတော်ဝယ် ၅-ဦးသော ဝဂ္ဂီအရှင်မြတ်တို့အားကား မဂခမဘက် သက်သက် သဘောအား ဖြင့် စိတ်ဝိညာဏ်အရာ ဟောပြအပ်ရာဝယ်–

ဠမသ္မိံ စ ပန ဝေယျာကရဏသ္မိံ ဘညမာနေ ပဉ္စဝဂ္ဂိယာနံ ဘိက္ခူနံ အနုပါဒါယ အာသဝေဟိ စိတ္တာနိ ဝိမုစ္စိံသူတိ။

ဟု ဤကဲ့သို့ ဂါထာမဘက် စုဏ္ဏိယ စကားအဆက်ဖြင့် သိဆိုက်သည်၊ သို့ ဟောပြောအပ်ရာဝယ်—

ချစ်သားတို့ သင်တို့သည်ကားလို့ ဆိုလျှင် ပဋိသန္ဓေမှအစ ဝိညာဏ်စိတ် ဖြစ်ကြရာဝယ် ဥသ္မတေဇောနှင့်တကွ ပါစကတေဇောရှိန်ဖြင့် မိဘနှစ်ပါးတို့၏ အဝိဇ္ဇာအကြား ပူသဘောမျှ သတ္တိဖြင့် အနုသယအနေအားဖြင့် သေးငယ်လှ စွာသော အရည်ကြည်၏ အလယ် ပူသတ္တိ သဘော အထူးသည်ကား ပဋိသန္ဓေ ဟုဆိုအပ်သော ဇာတိ ဟုခေါ်အပ်သော သတ္တိမှ ပါလာခဲ့သော စိတ်ဝိညာဏ် အရာထိုက်သော ပူသဘောမျှကလေးသည်ကား သင်တို့၏ ဟဒယဝတ္ထုရုပ်၏ အလယ်၌ အသက် ဝိညာဏ်စိတ်ဟု ပညတ်အပ်သော သဘောအားဖြင့် ငါဘုရား ဟောပြတော်မူခဲ့သည်ရှိသော် ၅-ပါးသော ဝဂ္ဂီအရှင်မြတ်တို့အား ပဋိစ္စသမုပ္ပါဒ် စက်ရဟတ် ပဋိသန္ဓေ ဇာတိ ပြတ်တော်မူကြပါ၍ အစပ် အဆက် အဆုံးကို မြင်တော်မူကြကုန်သည် ရှိသော် နောက်နောင်က စွဲလမ်းအပ်သော အစွဲဖြင့် လွန်မြောက်တော်မူကြ၍ ပစ်ချအပ်သော ဘဝကံဟောင်းအဟုန် မကုန်သေး သမျှ ကာလပတ်လုံး ပရိက္ခီဏ ဘဝသံယောဇဉ်ဖြင့် စောင့်ရှောက် ထိန်းသိမ်း လျက် လေးပါးသော အာသဝတို့မှ စိတ်တော်တို့၌ မငြိမကပ်ဘဲ အရဟတ္တဖိုလ်

ဇောဖြင့် လွှတ်မြောက်တော်မူကြပါ၍ အဇေအးကြီးအေးလျက် ဓမ္မဒေသနာတော်၏ အဆုံးဝယ် ဒဋ္ဌိဂုဏ်ပုဒ်ဖြင့် ထုတ်ပြတော်မူလို၍—

ဝိညာဏော ပရိညာတော နတ္ထိ ကိဉ္စိ ဥတ္တရိကရဏီယန္တိ။

ဤကဲ့သို့ သံယုတ်အဋ္ဌကထာ မှာထားတော်မူခဲ့သည်မှာ ပဋိစ္စသမုပ္ပါဒအရာ ဝဂ္ဂိအပေါင်းတို့မှာ နောက်ထပ် အကျင့်ဖြင့် ပြီးဆုံးအပ်ပါ၍ ရာဂအစရှိသော ဆယ်ပါးသော ကိလေသာတို့သည် အရဟတ္တမဂ် ဖြတ်၍ပြတ်ပါက နောက်ထပ်၍ ကျင့်အပ်ရာ မလိုသည်မှာကား ဝိညာဏ်စိတ်တော်ဖြင့် ပိုင်နိုင်ပါက ကျင့်အပ်သည်၏ အမှု နောက်ထပ်မပြုရသည်မှာ ယောဇနာရပါက—

ဝိညာဏော၊ ဝိညာဏ်ကို။ ပရိညာတော၊ အမြင်ဉာဏ်ဖြင့် ပိုင်နိုင်ခဲ့သည်ရှိသော်။ ဥတ္တရိ၊ ထို့ထက်အလွန်။ ကိဉ္စိ၊ စိုးစဉ်းမျှ။ ကရဏီယံ၊ ပြုဘွယ်ကိစ္စသည်။ နတ္ထိ၊ မရှိတော့ပြီ။

အဲ ဤကဲ့သို့ ဒေသနာတော်အရ ဝဂ္ဂီ ၅-ဦးတို့ကဲ့သို့သော အောက်မင် အောက်ဖိုလ် မုချလက်ရှိ အရိယာမှန်ပါက အနုပ္ပတ္တိ သဒ္ဒတ္ထဂုဏ်နှင့် ကိုက်ညီပါက ဤပဋိစ္စသမုပ္ပါဒ် ဒေသနာအလာဝယ် ဝဒန္တ သုဏန္တ သုဒေသိတဉာဏ်ဖြင့် ပညာတော်သိမ်းပိုက်လျက် မုချအားဖြင့် ကိန်းဆိုက်တော်မူကြရမည်မှာ ငါ၏အရာ ငါစွဲခဲ့သည်မှာ သုံးပါးသောငါဖြင့် တဏှာငါနှင့် မာနငါ အမှန်ကွာကြပါ၍-

တဏှာမာန၊ ငါနှစ်ဝ၊ ပယ်ကြ ဖိုလ်အရာ။

ဤကဲ့သို့ လေးပါးသောဖိုလ်ဖြင့် စီစစ်လျက် အနုဗောဓဉာဏ် သက်ကြစေ ခြင်းအကျိုးငှါ "နေတံ မမ နေသောဟမသ္မိ နမေသော အတ္တာ"ဟု ဤကဲ့သို့ ငါသုံးငါ ခွဲခွါကြပါက ယထာဘူတ သဘာဝ ကျသည် မကျသည်ကို မုချအားဖြင့် ပြရမည်မှာကား -

ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊
ယထာဘူတံ သမ္မပ္ပညာယ ဒိသွာ။

**အနက်ကား** ယထာ ဘူတံ၊ မဖောက်မပြန် ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ ထူးသောဉာဏ်ဖြင့်။ ဒဋ္ဌဗ္ဗံ၊ ရှုအပ်၏။ ယထာဘူတံ၊ စွာ။ သမ္မပ္ပညာယ၊ ဖြင့်။ ဒိသွာ၊ အမှန်မြင်ခဲ့သည်ရှိသော်-

ဤကဲ့သို့ ပဋိသန္ဓေ ဝိညာဏ်စိတ်တော်ဖြင့် ပဋိစ္စသမုပ္ပါဒ် ပြတ်၍ စုတိစိတ်တော်ကို အမှန်ရှုအပ်လျက် မှချအားဖြင့် အမှန်မြင်ခဲ့သည်ရှိသော်–

ဝိညာဏခေတုယာ နိဗ္ဗိန္ဒတိ၊ ဝိညာဏခေတုယာ ဝိရာဇေတိ ဝိရာဂါ ဝိမုစ္စတိ ဝိမုတ္တသ္မိံ ဝိမုတ္တမိတိ ဉာဏံ ဟောတိ၊ ခီဏာ ဇာတိ ဝုသိတံ ဗြဟ္မစရိယံ ကတံ ကရဏီယံ နာပရံ ဣတ္ထတ္တာယာတိ။

**အနက်ကား** နောက်က ယောဇနာခဲ့လေပြီ၊ အရဟတ္တဖိုလ်ကဏ္ဍ၌ ပြန်၍ ကြည့်တော်မူကြလေ။

ဤသည်ကား အနတ္တလက္ခဏာ ဒေသနာတော်ဖြင့် နာကြားအပ်ကုန်သော ကောဏ္ဍညအစ သုဘဒ္ဒအဆုံး နိဂုံးအနေအားဖြင့် သာဝကအပေါင်းတို့၏ အကျဉ်းချုံး၍ ပြခဲ့ရာဝယ် ယခု ရေးထုတ်၍ စီရင်အပ်သော ပဋိစ္စသမုပ္ပါဒ် တရားမြတ်ကို နာကြား ဖတ်ရှုအပ်ကြကုန်သော ယောဂီအပေါင်းတို့အား သာသနာ ငါးထောင် အတွင်းဝယ် ရှေးရှေး၌ သာသနာအစ ပကတူးက ကြွသွားတော်မူကြကုန်ပြီးသော ပရိနိဗ္ဗုတ ဘုရား အရိယာ သူတော်စာတို့၏ နော က်တော်မှ ဤ ပဋိစ္စသမုပ္ပါဒ် တရားမြတ်ဖြင့် ကျင့်ကြံလျက် ဆရာအစဉ် ခြေရာအစဉ် နောက်တခွင်က ပရိနိဗ္ဗာနခေတ်အမြိုက် အမှီလိုက်ကြဘို့လို့ ဤသည်လျှင် ပဋိစ္စသမုပ္ပါဒ် ဝေဘန်အပ်သည့်အခဏ်း နိဂုံးဖြတ်၍ အဆုံးသတ်လိုက်ရပေတော့သတည်း။

သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ၊

စိရံ တိဋ္ဌတု သဒ္ဓမ္မော။

အထွေထွေ ကဏ္ဍ ၇–ပြီး၏။